# မြန်မာနိုင်ငံ ကုမ္ပဏီများ

# ဥပဒေ မူကြမ်း

## မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (မူကြမ်း)


| | | | |
|---|---|---|---|
| အပိုင်း ၁ | စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်များ | | ၁ |
| | အခန်း (၁)။ | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်များ | ၁ |
| အပိုင်း ၂ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ရခြင်းနှင့်အခွင့်အဏာများ | | ၁၀ |
| | အခန်း (၂)။ | ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ | ၁၀ |
| | အခန်း (၃)။ | ကုမ္ပဏီ၏ အခြေခံလိုအပ်ချက်နှင့် အခွင့်အာဏာများ | ၁၀ |
| | အခန်း (၄)။ | ဤဥပဒေအရ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့်မှတ်ပုံတင်ခြင်း | ၁၂ |
| | အခန်း (၅)။ | ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | ၁၅ |
| | အခန်း (၆)။ | ကုမ္ပဏီအမည်များ | ၁၉ |
| | အခန်း (၇)။ | ကုမ္ပဏီ၏ဆက်သွယ်ဆောင်ရွက်မှုများ | ၂၂ |
| | အခန်း (၈)။ | ကုမ္ပဏီမှတ်ပုံတင်ခြင်းမပြုမီက ဆောင်ရွက်ချက်များ | ၂၄ |
| | အခန်း (၉)။ | ဤဥပဒေအရ မှတ်ပုံတင်ခွင့်ရှိသော (သို့မဟုတ်) မှတ်ပုံတင်ရမည့် အခြားကော်ပိုရေးရှင်းများ | ၂၇ |
| | အခန်း (၁၀)။ | ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း | ၃၇ |
| အပိုင်း ၃ | ကုမ္ပဏီ၏မတည်ငွေရင်းနှင့်စပ်လျဉ်းသည့် အစုရှယ်ယာများ၊ယင်းနှင့်သက်ဆိုင်သည့် အကြောင်းအရာများ | | ၄၀ |
| | အခန်း (၁၁)။ | အစုရှယ်ယာများနှင့်အခြားသော ငွေချေး သက်သေခံလက်မှတ်များ | ၄၀ |
| | အခန်း (၁၂)။ | အစုရှယ်ယာများနှင့်အခြားငွေချေး သက်သေခံလက်မှတ်များကို လွှဲပြောင်းခြင်း | ၄၈ |
| | အခန်း (၁၃)။ | မှတ်ပုံတင်စာရင်းများနှင့်ကုမ္ပဏီရှိအကျိုးခံစားခွင့်များအား မှန်ကန်ကြောင်း ထောက်ခံခြင်း | ၅၀ |
| | အခန်း (၁၄)။ | အမြတ်ဝေစုများ | ၆၀ |
| | အခန်း (၁၅)။ | အစုရှယ်ယာ မတည်ငွေရင်းကို အကျိုးသက်ရောက်စေမည့် ဆောင်ရွက်ချက်များနှင့် အကြောင်းအရာများ | ၆၂ |
| အပိုင်း ၄ | စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ခြင်း၊ အများပြည်သူသို့ ကမ်းလှမ်းခြင်း၊ ပေါင်နှံခြင်း (Mortgages) နှင့် ကြွေးမြီ တာဝန်တင်ရှိခြင်းများ(Charges)၊ ကုမ္ပဏီ၏ ငွေစာရင်းများ ကိုထိန်းသိမ်းထားရှိခြင်း | | ၇၇ |
| | အခန်း (၁၆)။ | ကုမ္ပဏီရုံးခန်းနှင့်အမည် | ၇၇ |
| | အခန်း (၁၇)။ | အစည်းအဝေးများနှင်ကုမ္ပဏီများ၏ဆောင်ရွက်မှုများ | ၇၉ |
| | အခန်း (၁၈)။ | ဒါရိုက်တာများ၊ ၎င်းတို့၏လုပ်ပိုင်ခွင့်များနှင့်တာဝန်များ | ၉၃ |
| | အခန်း (၁၉)။ | ကုမ္ပဏီတွင်ပါဝင်သူများ၏အခွင့်အရေးနှင့်ကုစားခွင့်များ | ၁၁၃ |
| | အခန်း (၂၀)။ | အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများက အစုရှယ်ယာရောင်းချရန် ကမ်းလှမ်းမှုများ နှင့်သက်ဆိုင်သည့် ကိစ္စရပ်များ | ၁၁၉ |
| | အခန်း (၂၁)။ | နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်း တည်ထောင်ထားသော ကော်ပိုရေးရှင်း များမှ ကမ်းလှမ်းသည့် အစုရှယ်ယာများ | ၁၃၇ |
| | အခန်း (၂၂)။ | ကုမ္ပဏီတစ်ခုက ပြုလုပ်နိုင်သော ပေါင်နှံခြင်း(Mortgages) နှင့် ကြွေးမြီ တာဝန်တင်ရှိခြင်းများ(Charges) | ၁၄၂ |
| | အခန်း (၂၃)။ | ပစ္စည်းလက်ခံထိန်းသိမ်းသူများကို ခန့်အပ်ခြင်း၊ စာရင်းစာအုပ်များကို ပြုစုခြင်း၊ ပြင်ပကော်ပိုရေးရှင်းများမှ ဆောင်ရွက်သော ကြွေးမြီတာဝန် တင်ရှိခြင်းများ (Charges) ကို မှတ်ပုံတင်ခြင်း | ၁၅၂ |

| | | | |
|---|---|---|---|
| | အခန်း (၂၄)။ | ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်းများ အကြောင်း | ၁၅၃ |
| | အခန်း (၂၅)။ | အနုညာတစီရင် ဆုံးဖြတ်ခြင်း၊ မြီရှင်များနှင့် ကုမ္ပဏီတွင် ပါဝင်သူများ အကြား ညှိနှိုင်းသဘောတူခြင်းနှင့် အစုရှယ်ယာများ ဝယ်ယူနိုင်သည့် အခွင့်အရေး | ၁၆၇ |
| အပိုင်း ၅ | ဖျက်သိမ်းခြင်း | | ၁၇၂ |
| | အခန်း (၂၆)။ | ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း | ၁၇၂ |
| | အခန်း (၂၇)။ | မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ | ၂၂၅ |
| အပိုင်း ၆ | မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်ရုံး၏ အခွင့်အဏာများ | | ၂၃၁ |
| | အခန်း (၂၈)။ | မှတ်ပုံတင်အရာရှိ၊ မှတ်ပုံတင်ရုံး၊ စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း၊ စစ်ဆေး ကြည့်ရှုနိုင်သည့် အခွင့်အဏာများနှင့် အခကြေးငွေများ | ၂၃၁ |
| အပိုင်း ၇ | တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းနှင့် ပြစ်မှုများ | | ၂၄၂ |
| | အခန်း (၂၉)။ | တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ | ၂၄၂ |
| | အခန်း (၃၀)။ | ပြစ်မှုများနှင့်ခုခံချေပခြင်းအကြောင်း | ၂၅၇ |
| အပိုင်း ၈ | အထွေထွေ | | ၂၆၅ |
| | အခန်း (၃၁)။ | အထွေထွေပြဋ္ဌာန်းချက်များ | ၂၆၅ |
| | အခန်း (၃၂)။ | အကျိုးသက်ရောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကူးပြောင်းခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များ | ၂၆၆ |

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ

( ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

ခုနှစ်၊ လဆန်း ရက်

( ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း (၁)

## စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်များ

**အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်များ**

**၁။ ဤဥပဒေကို ရည်ညွှန်းဖော်ပြခြင်း၊ စတင်အာဏာတည်ခြင်း နှင့် အဓိပ္ပါယ်ဖော်ပြချက်များ**

(က) ဤဥပဒေကို *မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ* ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(၁) "**သက်ဆိုင်ရာဥပဒေ**" ဆိုသည်မှာ နိုင်ငံတော်၏ အတည် ဖြစ်လျက်ရှိသော ဥပဒေများဖြစ်ပြီး သက်ဆိုင်ရာကိစ္စရပ်အပေါ်တွင် အကျိုး သက်ရောက်မှု ရှိသော ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ အမိန့် ကြော်ငြာစာ၊ ညွှန်ကြားချက် သို့မဟုတ် အခြားသောခွင့်ပြုမိန့် သို့မဟုတ် စာချုပ်စာတမ်း တစ်ရပ်ရပ်ကိုဆိုသည်။

(၂) "**တွဲဖက်လုပ်ကိုင်သူ**" ဆိုသည်မှာ

(ကက) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သည့်အခါတွင်-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(၂) ဆက်စပ်သည့်အဖွဲ့အစည်း၊

(၃) ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး နှင့်

(၄) ကုမ္ပဏီကို ထိန်းချုပ် အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို

ခံရသောပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(ခခ) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး (ကုမ္ပဏီတစ်ခု အပါအဝင်) နှင့် သက်ဆိုင်သည့် အခါတွင်-

(၁) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် ဆောင်ရွက်မည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး နှင့် အတူတကွ လုပ်ကိုင် ဆောင်ရွက်နေသူ တစ်ဦးဦး သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အခြားနည်း တစ်ရပ်ရပ်ဖြင့် တရားဝင်သော် လည်းကောင်း၊ တရားမဝင်သော် လည်းကောင်း တွဲဖက်ဆောင်ရွက်ခဲ့သည့် သို့မဟုတ် တွဲဖက် ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(၃) သက်ဆိုင်သည့်ကိစ္စရပ် နှင့် စပ်လျဉ်း၍ သတ်မှတ် ဖော်ပြထားသည့် တစ်ဦးဦးကို ဆိုသည်။

သို့သော် အောက်ပါအကြောင်းကြောင့် မျဖြင့်အပိုဒ်ခွဲငယ်(ကက) သို့မဟုတ် အပိုဒ်ခွဲငယ် (ခခ)အရ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဟု သတ်မှတ်နိုင်သည့်သူများကို မည်သည့် ကိစ္စရပ်တွင်မျှ ထည့်သွင်းခြင်းမပြုရ-

(၄) အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆက်စပ် ဆောင်ရွက်မှု တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် တာဝန်များကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသို့ အကြံပေးခြင်း သို့မဟုတ် ၎င်းကိုယ်စား ပြုလုပ်ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၅) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားအလိုက် ကုမ္ပဏီတွင်ပါဝင်သူ၏ အစည်းအဝေး၌ ပုဂ္ဂိုလ် တစ်ဦး ၏ ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စား အဖြစ် ခန့်အပ်ခံရခြင်း။

(၃) "**အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ**" ဆိုသည်မှာ ဤဥပဒေတွင်ပါရှိသော ကိစ္စရပ်အတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန်အလို့ငှာ ပြည်ပ ကော်ပိုရေးရှင်းတစ်ခုက ခန့်အပ်ထားသော နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၄) "**ဘုတ်အဖွဲ့**" သို့မဟုတ် "**ဒါရိုက်တာအဖွဲ့**" ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့အဖြစ် အတူတကွလုပ်ကိုင်ဆောင်ရွက်ကြသော ကုမ္ပဏီ၏ ဒါရိုက်တာများကိုဆိုသည်။ ဒါရိုက်တာတစ်ဦးတည်း ရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာအဖွဲ့ ဆိုသည်မှာ ထိုဒါရိုက်တာ တစ်ဦးကို ဆိုသည်။

(၅) "**ကုမ္ပဏီ**" ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် တည်ဆဲကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၆) "**ကြွေးမြီပေးဆပ်ရသူ**" ဆိုသည်မှာ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ငွေကြေးထည့်ဝင်ရန် တာဝန်ရှိသူများ အားလုံးကို ဆိုသည်။ ထို့ပြင် မည်သူများသည် ကြွေးမြီပေးဆပ်ရသူများဖြစ်သည် ဆိုသည်ကို ဆုံးဖြတ်ရန် အတွက် တရားစွဲဆို ဆောင်ရွက်မှုများနှင့် အပြီးသတ် ဆုံးဖြတ်ချက် မချမှတ်မီ တရားစွဲဆိုဆောင်ရွက်မှုများတွင် ကြွေးမြီ ပေးဆပ်ရသူတစ်ဦး ဖြစ်သည်ဟု စွပ်စွဲဖော်ပြ ခံရသူများလည်း ပါဝင်သည်။

(၇) "**ကော်ပိုရေးရှင်း**" ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤဥပဒေမှအပ အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ် အပါအဝင် အခြားဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့ အဖွဲ့အစည်း တစ်ရပ်ကို ဆိုသည်။

(၈) "**တရားရုံး**" ဆိုသည်မှာ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးကို ဆိုသည်။

(၉) "**ဒီဘင်ချာ**" ဆိုသည်မှာ ကုမ္ပဏီမှ ချေးယူထားသော ငွေအတွက် အဆိုပါ ကုမ္ပဏီ မှ ထုတ်ပေးသော သက်သေခံလက်မှတ်ကိုဆိုသည်။ ယင်းတွင် ဒီဘင်ချာ စတော့ ရှယ်ယာလည်း ပါဝင်သည်။

(၁၀) ဤဥပဒေတွင်ပါရှိသော ကိစ္စရပ်များအတွက် "**ဒါရိုက်တာ**" ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အခြား အဖွဲ့အစည်းတစ်ခု၏ -

(ကက) ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခံရသူ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခံရသူဖြစ်ပြီး အဆိုပါရာထူး နေရာ တွင် ထမ်းဆောင်နေသူ ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(ခခ) ဒါရိုက်တာ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခြင်း မခံရသော်လည်း အောက်ပါအတိုင်း ဆောင်ရွက်နေသူ တစ်ဦးဦးကိုဆိုသည်-

(၁) ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခြင်း ခံရသကဲ့သို့ ထမ်းဆောင်နေသူ၊ သို့မဟုတ်

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာများကို ၎င်း၏ ညွှန်ကြားချက် သို့မဟုတ် ဆန္ဒနှင့်အညီ လိုက်နာ ဆောင်ရွက်စေရန် သို့မဟုတ် ထိုသို့လိုက်နာ ဆောင်ရွက် စေရန် ညွှန်ကြား ချက်ပေးသူ သို့မဟုတ် ဒါရိုက်တာအဖွဲ့က ကျင့်သုံး ဆောင်ရွက် နိုင်သည့်အခွင့်အာဏာများကိုကျင့်သုံး ဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ကျင့်သုံးဆောင်ရွက်မှုအား ထိန်းချုပ်သူ။

ပုဂ္ဂိုလ်တစ်ဦး၏ အတတ်ပညာဆိုင်ရာ လုပ်ငန်းတာဝန်များကို လျော်ကန် စွာဆောင်ရွက်၍ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကြံပေးမှုကြောင့် သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ်သည် ဒါရိုက်တာများ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် စီးပွားရေး လုပ်ငန်းဆက်သွယ် ဆောင်ရွက်မှုရှိခြင်း တို့ကြောင့် ဒါရိုက်တာများက လိုက်နာ ဆောင်ရွက်သည်ဆိုသော အကြောင်းမျှဖြင့် ဤပုဒ်မခွဲ ၏ အပိုဒ်ခွဲ(ခခ) အပိုဒ်ခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်အား ကျင့်သုံးခြင်းနှင့် သက်ဆိုင်မှု မရှိစေရ။

(၁၁) "**တည်ဆဲကုမ္ပဏီ**" ဆိုသည်မှာ ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၁၂) "**ကျွမ်းကျင်သူ**"ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် အင်ဂျင်နီယာ၊ တန်ဖိုး သတ်မှတ်သူ၊ စာရင်းကိုင်နှင့် ရေးသားဖော်ပြချက်တစ်ရပ် ပြုစုရာတွင် အတတ်ပညာဆိုင်ရာ ခွင့်ပြုချက်ပေးရသူတစ်ဦးဦးကို ဆိုသည်။

(၁၃) "**ငွေကြေးအထောက်အပံ့**" ဆိုသည်တွင် ငွေချေးခြင်း၊ အာမခံလက်မှတ် ပေးခြင်း၊ အာမခံခြင်း၊ တာဝန်တစ်ရပ်ရပ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် ကြွေးမြီ သို့မဟုတ် အခြား တစ်ခုခုကို စွန့်လွှတ်ခြင်းအားဖြင့် ငွေကြေးအထောက်အပံ့ ပေးခြင်းတို့ ပါဝင်သည်။

(၁၄) "**နိုင်ငံခြားကုမ္ပဏီ**" ဆိုသည်မှာ ပြည်ပ ကော်ပိုရေးရှင်း သို့မဟုတ် အခြား နိုင်ငံခြားသား တစ်ဦးဦး သို့မဟုတ် ၎င်းတို့ ပေါင်းစည်းလျက် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ သတ်မှတ်ဖော်ပြထားသည့် ပိုင်ဆိုင်မှု ပမာဏ ထက်ပိုမိုသည့် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်တစ်ရပ်ရှိသော နိုင်ငံတော်၌ ဖွဲ့စည်း တည်ထောင်ထားသည့် ကုမ္ပဏီကိုဆိုသည်။

(၁၅) ကုမ္ပဏီ တစ်ခုနှင့် ဆက်နွယ်နေသည့် "**အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ**" ဆိုသည်မှာ ဆက်နွယ်နေသည့် လက်အောက်ခံ ကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ ၏ အစုများကို ပိုင်ဆိုင်သည့် ကုမ္ပဏီကိုဆိုသည်။

(၁၆) "**ဝန်ကြီးဌာန**" ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီးကြပ်သည့် သို့မဟုတ် ဆောင်ရွက်သည့်

ပြည်ထောင်စု ဝန်ကြီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ ဥပဒေ အရ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်။

(၁၇) "**အရာရှိ (Officer)**" ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ခုတွင် အောက်ပါတို့အား ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည် -

(ကက) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းအားလုံးကို လည်းကောင်း၊ အဓိကအပိုင်းကို လည်းကောင်း အကျိုး သက်ရောက် စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ချမှတ် ဆောင်ရွက်ရာတွင် ပါဝင်သူ၊ သို့မဟုတ်

(ခခ) ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ ခိုင်မာ တောင့်တင်းမှုကို သိသာစွာ အကျိုးသက်ရောက်စေနိုင်သည့် ရာထူး နေရာအား ရရှိထားသူ။

(၁၈) "**အော့ပ်ရှင်(option)**" ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း သဘောတူညီ ထားသည့် ဈေးနှုန်းဖြင့် အစုရှယ်ယာများ သို့မဟုတ် သက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်နိုင်သည့် အခွင့်အရေးကို ဆိုသည်။

(၁၉) "**အများအားဖြင့် နေထိုင်သူ**" ဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေအရ အမြဲတမ်း နေထိုင်ခွင့် ရရှိထားသူ သို့မဟုတ် (၁၂)လတာ ကာလတစ်ခုချင်းစီတွင် နိုင်ငံတော်အတွင်း အနည်းဆုံး ၁၈၃ ရက် နေထိုင်သူကိုဆိုသည်။ (၁၂)လတာ ကာလဆိုသည်-

(ကက) တည်ဆဲကုမ္ပဏီ သို့မဟုတ် ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် အဖွဲ့ အစည်း ဖြစ်ပါက ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စတင်ရမည်၊

( ခခ ) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖြစ်ပါက ဖွဲ့စည်းမှတ်ပုံတင်သည့် နေ့မှ စတင်ရမည်၊

(၂၀) "**သာမန်ဆုံးဖြတ်ချက်**" ဆိုသည်မှာ သာမန်ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေ အစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင် တက်ရောက်၍ ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ် တက်ရောက်၍ ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ မဲအများစုဖြင့် ချမှတ်ခဲ့ သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(၂၁) "**ပြည်ပကော်ပိုရေးရှင်း**" ဆိုသည်မှာ နိုင်ငံတော် ပြင်ပတွင် ဖွဲ့စည်းတည်ထောင် ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုကို ဆိုသည်။

(၂၂) "**ပိုင်ဆိုင်မှုအကျိုးခံစားခွင့်**" ဆိုသည်မှာ ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှရထိုက်သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အကျိုး ခံစားခွင့် တစ်ရပ်ကို ဆိုသည်။ အောက်ဖော်ပြပါ နည်းလမ်းများ အပါအဝင် ကုမ္ပဏီတစ်ခု တွင် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်များကို ရရှိနိုင်သည် -

(ကက) ဖော်ပြပါ ကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်း၊ သို့မဟုတ်

(ခခ) ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်းဖြင့် ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ ရရှိထားသည့်

အခြား ကုမ္ပဏီတစ်ခု၌ အစုရှယ်ယာများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊သို့မဟုတ်

(ဂဂ) ကုမ္ပဏီ၏ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ဆန္ဒမဲပေးနိုင်ခွင့်အတွက် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကြီးကြပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေး ရရှိသောသူအဖြစ် သဘောတူညီချက် ရှိခြင်း။

(၂၃) "**ပြစ်ဒဏ်ပမာဏ**" ဆိုသည်မှာ ပြည်ထောင်စုဝန်ကြီးမှ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် ငွေဒဏ်ပမာဏ (၁)ခုအတွက် ကျပ်ငွေဖြင့် ပေးဆောင် ရမည့်ငွေကြေး ပမာဏကိုဆိုသည်။

(၂၄) "**သတ်မှတ်ဖော်ပြထားသည့်**" ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့် စည်းမျဉ်း စည်းကမ်း၊ နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ညွှန်ကြားချက်၊ ဇယား သို့မဟုတ် ပုံစံ အရ ဖြစ်စေ၊ ယင်းတို့တွင်ဖြစ်စေ သတ်မှတ် ဖော်ပြထားသည့် အကြောင်းအရာ သို့မဟုတ် ကိစ္စရပ်များ ထုတ်ပြန်ခြင်းကို ဆိုသည်။

(၂၅) "**သတ်မှတ်ဖော်ပြထားသည့် ပိုင်ဆိုင်မှုပမာဏ**" ဆိုသည်မှာ ပြည်ထောင်စု ဝန်ကြီးမှ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် ရာခိုင်နှုန်းတစ်ရပ် အဖြစ် ဖော်ပြထားသည့် ပမာဏကို ဆိုသည်။

(၂၆) "**ယခင်ဥပဒေ**" ဆိုသည်မှာ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို ဆိုသည်။

(၂၇) "**အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ**"ဆိုသည်မှာ ဤဥပဒေအရ ဖြစ်စေ၊ ရုပ်သိမ်း ခဲ့ပြီးသော ဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ ဖွဲ့စည်းတည်ထောင်ထား သည့် ကုမ္ပဏီ တစ်ခု ကိုဆိုလိုပြီး ယင်းသည် အောက်ပါ ကန့်သတ်ချက်များကို လိုက်နာရမည်-

(ကက) ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ် ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူ ဦးရေ (၅၀) ဦးအထက် မပိုစေရ၊

(ခခ) ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ်များကို အများပြည်သူမှ ဝယ်ယူနိုင်ရန်အတွက် ကမ်းလှမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရ၊

ဤအဓိပ္ပါယ်ဖော်ပြချက်အရ လူနှစ်ဦး သို့မဟုတ် နှစ်ဦး ထက်ပိုသောသူများက ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခု သို့မဟုတ် အစုရှယ်ယာများကို ပူးတွဲ ပိုင်ဆိုင် ကြလျှင် ၎င်းတို့အား ပါဝင်သူဦးရေ တစ်ဦးအဖြစ်သာ မှတ်ယူရမည်။

(၂၈) "**ကမကထပြုသူ**" ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ခုလုံးတွင် ဖြစ်စေ၊ တစ်စိတ် တစ်ပိုင်း တွင်ဖြစ်စေမှားယွင်း တင်ပြသော သို့မဟုတ် မှန်ကန်မှုမရှိသော ရေးသား ဖော်ပြချက်များ ပြုစုဆောင်ရွက်ရာတွင် ပါရှိသောသူတစ်ဦးဦးကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင် ဆောင်ရွက်သော ပုဂ္ဂိုလ်များအတွက် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများ တွင် ပါဝင် ဆောင်ရွက်သူများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(၂၉) "**ကုမ္ပဏီ၏အလားအလာညွှန်းတမ်း**" ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများသို့မဟုတ် ဒီဘင်ချာများသို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ်များကို ပေးချေဝယ်ယူရန်အတွက် အများပြည်သူသို့ ကမ်းလှမ်း သည့် ကုမ္ပဏီ၏ အလားအလာ ဖော်ပြချက် သို့မဟုတ် အကြောင်းကြားစာ

သို့မဟုတ် ဖြန့်ဝေစာ သို့မဟုတ် ကြေညာချက် သို့မဟုတ် အခြားဖိတ်ခေါ်ချက် တစ်ရပ်ရပ်ကို ဆိုလိုသည်။ သို့သော် ယင်းတွင် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်းကို တရားဝင်ပြုစုဆောင်ရွက်ထားသည့် အကြောင်းသာ ဖော်ပြထားသော ကြေညာချက်တစ်ရပ်ရပ် ပါဝင်ခြင်း မရှိစေရ။

(၃၀) "**အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ**" ဆိုသည်မှာ ဤဥပဒေအရ ဖြစ်စေ သို့မဟုတ် ရုပ်သိမ်းခဲ့ပြီးသော ဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ ဖွဲ့စည်းထားသော အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ မဟုတ်သည့် ကုမ္ပဏီကိုဆိုသည်။

(၃၁) "**မှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များ**" ဆိုသည်မှာ အခန်း (၁၃)ပါ ပြဋ္ဌာန်းချက်များ အရ မှတ်ပုံတင်စာရင်းတစ်ခုဖြင့် ကုမ္ပဏီမှ ရေးသွင်းပြုစုထားသည့် ငွေချေး သက်သေခံလက်မှတ် တစ်ရပ်ရပ်ကို ဆိုသည်။

(၃၂) "**မှတ်ပုံတင်ထားသောရုံး**" ဆိုသည်မှာ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် စီရင်ပိုင်ခွင့် ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာ မတင်မီတစ်ဆက်တည်း ဖြစ်သော (၆)လ ကာလအတွင်းကုမ္ပဏီ၏ မှတ်ပုံတင် ထားသောရုံးအဖြစ် ကာလအကြာရှည်ဆုံးရှိသည့် နေရာကို ဆိုသည်။

(၃၃) "**မှတ်ပုံတင်အရာရှိ**" ဆိုသည်မှာ ဤဥပဒေအရ ကုမ္ပဏီများအား မှတ်ပုံတင် ဆောင်ရွက်ခြင်း တာဝန်ကို ထမ်းဆောင်ရန်နှင့် ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်သော ဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်အရာရှိသို့ အပ်နှင်း ထားသည့် အခြား လုပ်ပိုင်ခွင့်များကို ကျင့်သုံးရန်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အတွက် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်ဌာန သို့မဟုတ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၃၄) အဖွဲ့အစည်း (ကုမ္ပဏီအပါအဝင်) တစ်ခု၏ "**ဆက်စပ်သည့်အဖွဲ့အစည်း**" ဆိုသည်မှာ-

(ကက) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်

(ခခ) အဖွဲ့အစည်း၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်

(ဂဂ) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၃၅) "**ဆက်နွယ်သည့်ပုဂ္ဂိုလ်**" ဆိုသည်မှာ -

(ကက) ကုမ္ပဏီ အပါအဝင် အဖွဲ့အစည်းတစ်ခုနှင့် သက်ဆိုင်သည့်အခါ အဖွဲ့အစည်းကို ထိန်းချုပ်သည့် ပုဂ္ဂိုလ် နှင့်

(ခခ) အဖွဲ့အစည်းအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦး နှင့် သက်ဆိုင်သည့်အခါ -

(၁) ပုဂ္ဂိုလ်တစ်ဦး၏ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုမှအပ ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၊

(၂) ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၏ အိမ်ထောင်ဖက် သို့မဟုတ် မိဘ သို့မဟုတ် ကလေးတစ်ဦးဦး၊

(၃) အထက် အပိုဒ် (ကက) သို့မဟုတ် (ခခ) အပိုဒ်ခွဲငယ် (၁) နှင့် (၂) တို့တွင် ရည်ညွှန်း ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။

(၃၆) "**သတ်မှတ်စီစဉ်ထားသည့်ဘဏ်**" ဆိုသည်မှာ သက်ဆိုင်ရာ လုပ်ငန်းနှင့် ဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် ၂၀၁၆ ခုနှစ် ဘဏ်နှင့် ငွေရေးကြေး

ရေး အဖွဲ့အစည်းများ ဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရ အသိအမှတ်ပြုထားသည့် သို့မဟုတ် လုပ်ပိုင်ခွင့် ပေးထားသည့် ဘဏ်တစ်ခုခုကို ဆိုသည်။

(၃၇) "**အာမခံအကျိုးခံစားခွင့်**" ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသည့် သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ အပေါင်စာချုပ်ပေါင်နှံခြင်း သို့မဟုတ် အာမခံ အကျိုး ခံစားခွင့်ဆိုင်ရာ အခြားပုံစံ တစ်ရပ်ရပ်ကို ဆိုသည်။

(၃၈) "**အစုရှယ်ယာ**" ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာမတည်ငွေရင်းတွင် ပါဝင်သော အစုရှယ်ယာကို ဆိုလိုသည်။

(၃၉) "**ထိုးမြဲလက်မှတ်**" ဆိုသည်မှာ မှတ်ပုံတင်အရာရှိ ထံတင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့် စာရွက်စာတမ်းပေါ်တွင်မဆို အသိအမှတ်ပြု ကြောင်း သေချာစေသည့် အမှတ်အသားကို ဆိုသည်။ ယင်းသည် စာရွက်ပေါ် တွင် မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန် မလိုအပ်ဘဲ မှတ်ပုံတင်အရာရှိမှ လက်ခံသည့် နည်းလမ်းဖြင့် အီလက်ထရွန်နစ်ပုံစံပေါ်တွင် လက်မှတ်ရေးထိုး သူ၏ အမည်ပါရှိ နိုင်သည်။ ဤဥပဒေတွင်ပါရှိသော မှတ်ပုံတင်အရာရှိထံ တင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့် စာရွက်စာတမ်း ပေါ်တွင် မဆို လက်မှတ်ရေးထိုးရန် ဆိုသည်မှာ ထိုးမြဲလက်မှတ်ကို ဆိုလိုသည်။

(၄၀) **"အသေးစားကုမ္ပဏီ"** ဆိုသည်မှာ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီမှအပ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် ညီညွတ်မှုရှိသောကုမ္ပဏီကိုဆိုသည် -

(ကက) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံ ကုမ္ပဏီများတွင် (၃၀) အထက် မပိုသော ဝန်ထမ်းဦးရေရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့်ဝန်ထမ်းအရေအတွက်အောက်တွင် ရှိခြင်း၊

(ခခ) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံ ကုမ္ပဏီများတွင်ယခင်နှစ်၏ တစ်နှစ် တာဝင်ငွေစုစုပေါင်းသည်ကျပ်သန်း(၅၀)အောက်တွင်ရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏ အောက်တွင်ရှိခြင်း။

(၄၁) **"ကြွေးမြီစစ်ဆေးချက်"**ဆိုသည်မှာ အောက်ပါကိစ္စရပ် တစ်ခုစီ တွင် အဆိုပါ ကုမ္ပဏီများနှင့် သက်ဆိုင်သည့် သို့မဟုတ် အခါအားလျော်စွာ သတ်မှတ် ဖော်ပြ ထားသည့် စာရင်းကိုင်စံနှုန်းများနှင့်အညီ ဖြစ်စေရမည်-

(ကက) ကုမ္ပဏီသည် သာမန် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် ပေးချေရမည် ဖြစ်သော ကြွေးမြီများကို ပေးချေနိုင်စွမ်းရှိခြင်းနှင့်

(ခခ) ကုမ္ပဏီ၏ ပိုင်ဆိုင်သော ပစ္စည်းများသည် ယင်း၏ ပေးရန်တာဝန်ရှိမှု များထက် ပိုနေခြင်း။

(၄၂) **"အထူးဆုံးဖြတ်ချက်"**ဆိုသည်မှာအထူးဆုံးဖြတ်ချက်တစ်ရပ်အဖြစ်နည်းလမ်း တကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေး အတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ ဖြစ်စေ၊

ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံထက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(၄၃) "**လက်အောက်ခံကုမ္ပဏီ**" ဆိုသည်မှာ-

(ကက) ကုမ္ပဏီတစ်ခုသည် အောက်ပါအခြေအနေ တစ်ခုခုနှင့် ကိုက်ညီလျှင် အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်-

(၁) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ ဘုတ်အဖွဲ့ ဖွဲ့စည်းမှုအား ထိန်းချုပ်ထားခြင်း၊ သို့မဟုတ်

(၂) အခြား ကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက် အများဆုံးအနက်မှ တဝက် ထက်ပိုသည့် မဲများကိုအသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း၊ သို့မဟုတ်

(၃) အမြတ်ငွေသော် လည်းကောင်း၊ မတည်ငွေရင်းသော် လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏ ထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေး မရရှိသော အစုရှယ်ယာများ မှတစ်ပါး အဆိုပါ ကုမ္ပဏီ၏ ထုတ်ဝေထားသော အစုရှယ်ယာများ၏ တဝက်ထက်ကျော်လွန် သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီမှ ပိုင်ဆိုင်ထားခြင်း၊ သို့မဟုတ်

(၄) အမြတ်ငွေသော် လည်းကောင်း၊ မတည်ငွေရင်းသော် လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏ ထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေး မရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီမှ ထုတ်ဝေ ထားသော အစုရှယ်ယာများ အပေါ် ခွဲဝေပေးရမည့် အမြတ်ဝေ စုတိုင်း၏ ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။

(ခခ) အထက်အပိုဒ်(ကက)ပါ အခြေအနေတစ်ခုခုနှင့် ကိုက်ညီသည့် လက်အောက်ခံ ကုမ္ပဏီမှ ထပ်မံဖွဲ့စည်းသည့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီ ဖြစ်သည်။

(၄၄) **"ကူးပြောင်းကာလ"** ဆိုသည်မှာ ဤဥပဒေ စတင် အာဏာ သက်ရောက်သည့် နေ့မှ စတင်၍ (၁၂) လ ဖြစ်သောကာလကို ဆိုသည်။

(၄၅) ကုမ္ပဏီတစ်ခု နှင့် ဆက်နွယ်နေသည့် **"မူရင်း အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီ"** ဆိုသည်မှာ ဆက်နွယ်နေသော ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ တစ်ခုကို ဆိုလိုပြီး ယင်းကုမ္ပဏီ ကိုယ်တိုင် ကုမ္ပဏီတစ်ခုခု၏ လက်အောက်ခံ မဟုတ်သော ကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၄၆) **"နိုင်ငံတော်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(၄၇) **"ပြည်ထောင်စုဝန်ကြီး"** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကိုကြီးကြပ်ရန် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီး

သို့မဟုတ် ပြည်ထောင်စုဝန်ကြီး အဆင့်ရှိသူ အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၄၈) "**ရောင်းချသူ**" ဆိုသည်မှာ ပုဒ်မ ၂၀၅ တွင်ဖော်ပြပါရှိသည့် ကိစ္စရပ်များအတွက် အောက်ပါ အခြေအနေများတွင် အရောင်းအဝယ် ပဋိညာဉ် စာချုပ် တစ်ရပ်ရပ်ကို ဖြစ်စေ၊ ရွေးချယ်ဝယ်ယူခြင်း ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ကို ဖြစ်စေ ချုပ်ဆိုဆောင်ရွက်သည့် ပုဂ္ဂိုလ်အားလုံးကို ဆိုသည်-

(ကက) ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ထုတ်ဝေသည့် နေ့ရက်တွင် ကုမ္ပဏီက ရယူမည့် ပစ္စည်းတစ်စုံတစ်ရာအတွက် ပေးချေရ မည့်ငွေ ကို အပြည့်အဝ ပေးချေထားမှု မရှိသေးခြင်း၊ သို့မဟုတ်

(ခခ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေး ထည့်ဝင် စေရန် ကမ်းလှမ်း၍ ရရှိသည့်အကျိုးအမြတ်မှ ပေးချေရမည့် ငွေအား အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေထားခြင်း သို့မဟုတ် ပေးချေရန် လက်ခံထားခြင်း၊ သို့မဟုတ်

(ဂဂ) အဆိုပါ ပဋိညာဉ်စာချုပ်သည် ယင်း၏ တရားဝင်မှု သို့မဟုတ် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုတို့သည် အလားအလာ ညွှန်းတမ်း (Prospectus) ဖြင့် ကမ်းလှမ်း၍ ရရှိသည့် အကျိုးအမြတ် ရလဒ်အပေါ်တွင် တည်မှီနေခြင်း။

## အပိုင်း (၂)

## ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၊ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်း နှင့် အခွင့်အာဏာများ

### အခန်း (၂) ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ

**၂။ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်နိုင်သော ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ**

အောက်ပါ ကုမ္ပဏီများကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်နိုင်သည်-

(က) အောက်ပါ အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအမျိုးအစား နှစ်ခု အနက်မှ တစ်ခု -

(၁) ကုမ္ပဏီ၏ဝန်ထမ်းအဖြစ်ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူဦးရေ (၅၀) ဦးထက် မပိုသည့်သူများ ပါရှိနိုင်သော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ၊ သို့မဟုတ်

(၂) ကုမ္ပဏီတွင် ပါဝင်သူ ဦးရေ အကန့်အသတ်မရှိ ပါရှိနိုင်သော အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ။

(ခ) ကုမ္ပဏီတွင် ပါဝင်သူ ဦးရေ အကန့်အသတ်မရှိသည့် ခံဝန်ချက်အားဖြင့် တာဝန် ကန့်သတ်ထားသည့်ကုမ္ပဏီ။

(ဂ) ကုမ္ပဏီတွင် ပါဝင်သူ ဦးရေ အကန့်အသတ်မရှိသည့် တာဝန်ကန့်သတ် မထား သည့် ကုမ္ပဏီ။

**၃။ ဤဥပဒေအရ မှတ်ပုံတင်နိုင်သော အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းများ**

အခန်း(၉) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဤဥပဒေအရသော်လည်းကောင်း၊ အခြားသော ဥပဒေများအရ သော်လည်းကောင်း ဖွဲ့စည်းတည်ထောင်ထားသည့် အောက်ပါ အခြား ကော်ပိုရေးရှင်း အဖွဲ့အစည်းများသည် ဤဥပဒေအရ မှတ်ပုံတင်နိုင်သည်-

(က) စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့၊

(ခ) ပြည်ပကော်ပိုရေးရှင်း၊

(ဂ) ဤဥပဒေအရ သော်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ် အရသော် လည်းကောင်း ကုမ္ပဏီတစ်ခုအဖြစ် မှတ်ပုံတင်ခွင့်ရှိသည့်အခြား ကော်ပိုရေးရှင်း တစ်ရပ်ရပ်နှင့်

(ဃ) အခါအားလျော်စွာ ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အခြားသော အဖွဲ့အစည်းများ။

### အခန်း (၃) ကုမ္ပဏီများ၏ အခြေခံလိုအပ်ချက်နှင့် အခွင့်အာဏာများ

**၄။ ကုမ္ပဏီတစ်ခု၏ အခြေခံလိုအပ်ချက်များ**

(က) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသောကုမ္ပဏီသည် အောက်ပါ အချက်များရှိရမည်-

(၁) အမည်၊

(၂) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊

(၃) ထုတ်ဝေသည့်အစုရှယ်ယာအနည်းဆုံးတစ်ခုရှိခြင်း (သို့ရာတွင် ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခု တွင် အစုရှယ်ယာ မတည်ငွေရင်း ထားရှိရန် မလိုအပ်)၊

(၄) ပါဝင်သူ ဦးရေ အနည်းဆုံးတစ်ဦး၊

(၅) အပိုဒ်(၆) နှင့်အညီအနည်းဆုံး ဒါရိုက်တာတစ်ဦးရှိရမည် ဖြစ်ပြီးၑင်းသည်

နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦး၊

(၆) ကုမ္ပဏီသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါက အနည်းဆုံး ဒါရိုက်တာ(၃)ဦး ရှိရမည်ဖြစ်ပြီး ၎င်းတို့အနက်မှတစ်ဦးသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦး နှင့်

(၇) နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသည့် ရုံးခန်း လိပ်စာတစ်ခု။

(ခ) ကုမ္ပဏီတစ်ခုသည် -

(၁) ကုမ္ပဏီအတွင်းရေးမှူးတစ်ဦးကို ခန့်အပ်နိုင်သည့် အပြင် အများသုံးရုံးတံဆိပ်တစ်ခုလည်း ထားရှိနိုင်သည်။

**၅။ ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် အခွင့်အာဏာများ။**

(က) ကုမ္ပဏီသည်-

(၁) ၎င်းတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် သီးခြားဖြစ်သော ကိုယ်ပိုင်အခွင့်အရေးများရှိသည့် တရားဝင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်း မပြုသရွေ့ အခွင့်အရေးများ၊ အခွင့်အာဏာများနှင့် အကျိုးခံစားခွင့်များ အပြည့်အဝ ဆက်လက်တည်ရှိရမည်။ ၎င်းပြင်

(၂) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်တို့အရ နိုင်ငံတော် အတွင်း၌ သော်လည်းကောင်း၊ ပြင်ပ၌သော် လည်းကောင်း အောက်ပါကိစ္စ ရပ်များအား ဆောင်ရွက်နိုင်ခွင့် အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ရန်၊ လုပ်ငန်း ဆောင်ရွက်မှုများ ပြုလုပ် ရန် တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့် အပြည့်အဝရှိသည် -

(ကက) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီတွင် အစုရှယ်ယာများအဖြစ်ပြောင်းလဲနိုင်သောအခြားငွေချေး သက်သေခံလက်မှတ်များကို ထုတ်ဝေခြင်း၊

(ခခ) ကုမ္ပဏီ၌ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ ပိုင်ဆိုင်နိုင်သည့် အော့ပ်ရှင်(option)များ ပေးခြင်း၊

(ဂဂ) ကုမ္ပဏီပိုင်ပစ္စည်း တစ်ရပ်ရပ်အပေါ်တွင် အာမခံအကျိုးခံစားခွင့် တစ်ရပ်ပေးခြင်း၊

(ဃဃ) ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို ကုမ္ပဏီတွင် ပါဝင်သူများအား ပစ္စည်းအနေဖြင့် သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ခွဲဝေပေးခြင်း။

(ခ) ကုမ္ပဏီ၏လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ အခွင့်အရေးများ၊ အခွင့်အာဏာများ သို့မဟုတ် အကျိုးခံစားခွင့်များကို ကန့်သတ်ထားရှိမှုသာလျှင် ယင်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိ နိုင်သည်။

(ဂ) ကုမ္ပဏီတစ်ခုသည် အခြားကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ပြီး လက်အောက်ခံကုမ္ပဏီများစွာကို တည်ထောင်နိုင်သည့်အပြင် ယင်းတို့၏ အစုရှယ်ယာများကိုလည်း ပိုင်ဆိုင်နိုင်သည်။

**အခန်း (၄)ဤဥပဒေအရ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း**

**၆။ ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်သည့်နည်းလမ်း**

(က) တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ သင်းဖွဲ့ဆောင်ရွက်ကြသူများမှ သော်လည်းကောင်း ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ရန်နှင့် မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထား တင်ပြနိုင်သည် -

(၁) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ ဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအရ ၎င်းတို့ ထည့်ဝင်ထားသည့် အစုများအတွက် ပေးချေရန် ကျန်ငွေ တစ်စုံတစ်ရာ ရှိလျှင် ၎င်းအရေ အတွက်အထိ ကန့်သတ်ထားသည့် ကုမ္ပဏီ၊ သို့မဟုတ်

(၂) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ ဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း အရ ၎င်းကုမ္ပဏီ ဖျက်သိမ်းသည့်အခါ ၎င်းကုမ္ပဏီ၏ အခြေပစ္စည်းအဖြစ် ကူဝင် ထောက်ပံ့ရန် အသီးသီးတာဝန်ခံကြသည့် ငွေပမာဏအထိ ကန့်သတ် ထားသည့် ကုမ္ပဏီ၊ သို့မဟုတ်

(၃) တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို တစ်စုံတစ်ရာ ကန့်သတ်မထားသည့် ကုမ္ပဏီ။

(ခ) ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် တင်ပြရမည် ဖြစ်ပြီး အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(၁) အဆိုပြုတင်ပြသော ကုမ္ပဏီ၏အမည်၊

(၂) အဆိုပြုတင်ပြသော ကုမ္ပဏီအမျိုးအစား၊

(၃) လျှောက်ထားသူတစ်ဦးစီ၏ အမည်အပြည့်အစုံ နှင့် လိပ်စာ၊

(၄) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အတွင်းရေးမှူးများ၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့်လိပ်စာ၊

(၅) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့မှ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၆) အခြား အကြောင်းကြားစာဖြင့် တင်ပြခြင်းမရှိလျှင် အဆိုပြုတင်ပြသော ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊
အဆိုပါ လိပ်စာကို အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ပို့ဆောင် ဆက်သွယ်နိုင်သည့် လိပ်စာဖြစ်ရန် သတ်မှတ်ရမည်။

(၇) မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကွဲလွဲခဲ့လျှင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်သည့် နေရာလိပ်စာ၊

(၈) အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -

(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အမည်အပြည့်အစုံ နှင့် လိပ်စာ၊

(ခခ) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့ သည် ကုမ္ပဏီတွင် ပါဝင်မည့်သူအဖြစ်လည်းကောင်း၊ ၎င်းတို့ အတွက်

အချိုးကျသတ်မှတ်ပေးထားသည့် အစုရှယ်ယာများ အတွက် ငွေကြေးထည့်ဝင်ကြမည်ကို လည်းကောင်း စာဖြင့် ရေးသား ထားသည့် သဘောတူညီချက်၊

(ဂဂ) ကုမ္ပဏီတွင် ပါဝင်မည့်သူ တစ်ဦးစီသို့ ထုတ်ဝေမည့် အစုရှယ်ယာ အရေအတွက်နှင့် အမျိုးအစား၊

(ဃဃ) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဖော်ပြမည့်ငွေကြေး၊

(ငင) အစုရှယ်ယာတစ်ခုစီအတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပေးချေရန် သဘောတူညီကြသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေ ပမာဏ၊

(စစ) မှတ်ပုံတင်သည့် အချိန်တွင် အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေပြီးခြင်း ရှိမရှိ ဖော်ပြချက်၊

(ဆဆ) အဆိုပြုတင်ပြသော ကုမ္ပဏီသည် မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခု ရှိ မရှိ ဖော်ပြချက်၊

(ဇဇ) အဆိုပြုတင်ပြသောကုမ္ပဏီသည်ဖွဲ့စည်းတည်ထောင်သည့် အချိန် တွင် နိုင်ငံခြားကုမ္ပဏီတစ်ခု ဟုတ် မဟုတ် ဖော်ပြချက်။

(ဍ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီနှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -

(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အမည် အပြည့်အစုံနှင့် လိပ်စာ၊

(ခခ) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့ သည် ကုမ္ပဏီတွင် ပါဝင်မည့်သူအဖြစ်စာဖြင့် ရေးသားထား သည့် သဘောတူညီချက်၊

(ဂဂ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက သဘောတူ၍ ထည့်ဝင်မည့် အဆိုပြု တင်ပြသော အာမခံပမာဏ၊

(ဃဃ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်း ရှိခဲ့လျှင် -

(၁) ထုတ်ဝေမည့်အစုရှယ်ယာအရေအတွက်နှင့် အမျိုးအစား၊

(၂) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဖော်ပြမည့် ငွေကြေး၊

(၃) အစုရှယ်ယာ တစ်ခုစီအတွက် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦး စီက ပေးချေရန် သဘောတူညီကြသည့် ငွေပမာဏ ရှိခဲ့လျှင် ယင်းငွေပမာဏ၊

(၄) မှတ်ပုံတင်သည့် အချိန်တွင် အဆိုပါ အစုရှယ်ယာများ အတွက် အပြည့်အဝငွေပေးချေပြီးခြင်းရှိမရှိ။

(ဂ ) မှတ်ပုံတင်ဆောင်ရွက်ခြင်းအတွက် တင်ပြသည့်လျှောက်လွှာသည်-

(၁) လျှောက်ထားသူတစ်ဦးစီက လက်မှတ်ရေးထိုးပြီးဖြစ်ရမည်၊

(၂) လျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များအားလုံးသည် မှန်ကန် ကြောင်း လျှောက်ထားသူတစ်ဦးစီက တာဝန်ယူ ထုတ်ဖော် ကြေညာချက် တစ်ရပ် ပါရှိရမည်၊ ၎င်းပြင်

(၃) ဤဥပဒေပါ နောက်ဆက်တွဲများတွင်ဖေါ်ပြထားသည့် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းပုံစံနှင့်များစွာခြားနားမှုရှိသော ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း တစ်ရပ် ကို အသုံးပြုရန် ကုမ္ပဏီက တင်ပြလာသည့်အခါ အနည်းဆုံး လျှောက်ထား တင်ပြသူတစ်ဦးက မှန်ကန်ကြောင်း အတည်ပြုထားသည့် အဆိုပြုကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူတစ်စောင်အားပူးတွဲတင်ပြပါရှိရမည် သို့မဟုတ် ဤဥပဒေပါ နောက်ဆက်တွဲဇယားတွင်ဖော်ပြပါရှိသောပုံစံကိုကုမ္ပဏီက အသုံး ပြုရန်ရည်ရွယ်ကြောင်းဖော်ပြပါရှိသည့်ရေးသားဖော်ပြချက်တစ်စောင်ကို တင်ပြရမည်။

(ဃ) လျှောက်လွှာတင်သွင်းသည့်အခါတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင် အရာရှိထံသို့ ပေးသွင်းရမည်။

(င ) လျှောက်ထားသူသည် လျှောက်လွှာမူရင်းကွဲများနှင့် လျှောက်လွှာနှင့်အတူ ပူးတွဲ တင်ပြသည့် စာရွက်စာတမ်းများအားလုံးကို ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၅)၊ (၈)၊ နှင့် (၉)တို့တွင်ရည်ညွှန်းဖော်ပြထားသည့်သဘောတူညီချက်မူရင်းများနှင့်အတူသိမ်းဆည်း ထားရမည်။ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်အခါ ထိုစာရွက် စာတမ်းများအား ကုမ္ပဏီထံသို့ပေးအပ်၍ကုမ္ပဏီ၏မှတ်တမ်းများအဖြစ်ဆက်လက်ထိန်းသိမ်းထားရှိရမည်

၇။ ပုဒ်မ ၆ နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက် အလက်များအား မှားယွင်းတင်ပြခဲ့ပါက ယင်းအတွက် ပြစ်ဒဏ်ပမာဏ(၅၀)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၈။ **မှတ်ပုံတင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာဆောင်ရွက် တင်ပြလာသည့် လျှောက်လွှာတစ်စောင်အား လက်ခံရရှိသည့်အခါ လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်လျက်-

(၁) လျှောက်လွှာအား မှတ်ပုံတင်ရမည်၊ ၎င်းပြင်

(၂) အောက်ပါအချက်များကို ဖော်ပြလျက် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည် -

(ကက) ကုမ္ပဏီ၏အမည်၊

(ခခ) ကုမ္ပဏီ အမျိုးအစား၊

(ဂဂ) ကုမ္ပဏီသည် ဤဥပဒေအရ ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်း တည်ထောင်၍ မှတ်ပုံတင်ထားကြောင်း၊

(ဃဃ) မှတ်ပုံတင်သည့်နေ့၊

(ငင) သတ်မှတ်ဖော်ပြထားသည့် အခြား အကြောင်းအရာများ။

(ခ ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာအုပ်အား ထိန်းသိမ်းထားရှိ ရမည်။

(ဂ ) မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ သို့မဟုတ် ပြည်ထောင်စု ဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့်အတိုင်း လိုအပ်သော စာရွက် စာတမ်းများမှအပ အခြား စာရွက်စာတမ်းများကို တောင်းဆိုခြင်း မပြုရ။

၉။ **မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီ မှတ်ပုံ တင်သည့်နေ့ရက်မှ စတင်၍ လျှောက်လွှာတွင် အမည်စာရင်းတင်ပြခဲ့သည့် ကုမ္ပဏီတွင် ပါဝင်မည့်သူများသည် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တွင် ပါရှိသည့်

အမည်ဖြင့် သီးခြားဥပဒေဆိုင်ရာအရည်အချင်းရှိသည့် ကုမ္ပဏီတွင် ပါဝင်သူများ ဖြစ်ရမည်။ ဤဥပဒေ၏ ပုဒ်မ ၅ သို့မဟုတ် အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်က ကန့်သတ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီသည် ယင်း၏ လုပ်ငန်းတာဝန်များ အားလုံးကို လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိသည့်အပြင် အစဉ်အဆက် ဆက်ခံဆောင်ရွက်ခွင့် ရှိရမည်။

**၁၀။ ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်၏ ပြည့်စုံ ခိုင်လုံမှုရှိခြင်း**

ပုဒ်မ ၈ အရ မှတ်ပုံတင်အရာရှိမှ ထုတ်ပေးသည့် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံ လက်မှတ်သည် ဤဥပဒေအရ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ အားလုံးကို ပြည့်စုံစွာ လိုက်နာဆောင်ရွက်ပြီးဖြစ်၍ ထိုသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်သည့် နေ့မှစ၍ ကုမ္ပဏီသည် ဤဥပဒေအရ တရားဝင် မှတ်ပုံတင် ဖွဲ့စည်း တည်ထောင်ပြီး ဖြစ်ကြောင်း ပြည့်စုံခိုင်လုံသည့် သက်သေခံအထောက်အထား ဖြစ်သည်။

**အခန်း (၅)ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း**

**၁၁။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတွက် လိုအပ်ချက်များနှင့် ယင်း၏ အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီတစ်ခုစီတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု ရှိရမည် ဖြစ်ပြီး ယင်း၏ စည်းကမ်းချက်များအရ ကုမ္ပဏီနှင့် ကုမ္ပဏီတွင် ပါဝင်သူများသည် ၎င်းတို့ တစ်ဦးစီက အသီးသီး ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသကဲ့သို့ ၎င်းတို့အပေါ်တွင် စည်းနှောင်မှု ရှိသည်။ ထိုဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၌ ပါဝင်သူ တစ်ဦးစီ နှင့် ၎င်းတို့၏ ဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ စည်းကမ်းချက်များကို လိုက်နာရမည့် သဘောတူညီ ချက်တစ်ရပ် ဖြစ်သည်။

(ခ) ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ဒါရိုက်တာတစ်ဦးစီနှင့် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးစီတို့သည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤဥပဒေနှင့်အညီ ပြင်ဆင် ဖော်ပြ ထားသည်မှတစ်ပါး ဤဥပဒေတွင် ပြဋ္ဌာန်းဖော်ပြထားသည့် အခွင့်အရေးများ၊ အခွင့် အာဏာများ၊ တာဝန်များနှင့် ဝတ္တရားများရှိသည်။

(ဂ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ရန်အတွက် တင်ပြသည့် လျှောက်လွှာတွင် အမည် စာရင်း ဖော်ပြပါရှိသည့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီနှင့် နောက်ပိုင်း၌ ကုမ္ပဏီ တွင် ပါဝင်မည့်သူများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအား လိုက်နာ ဆောင်ရွက် ကြမည်ဖြစ်ကြောင်း မှတ်ယူရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရကုမ္ပဏီတွင် ပါဝင်သူများကကုမ္ပဏီသို့ပေးသွင်းရမည့် ငွေအားလုံးကို၎င်းတို့မှ ကုမ္ပဏီသို့ပေးချေရမည့်အကြွေးတစ်ရပ်ကဲ့သို့ ဖြစ်စေရမည်။

**၁၂။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိရမည့် အကြောင်းအရာများ**

(က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထည့်သွင်း ဖော်ပြရန်အတွက် ဤဥပဒေတွင် သတ်မှတ် ဖော်ပြထားသည့်ကိစ္စရပ်များနှင့် ကုမ္ပဏီမှ ထည့်သွင်းဖော်ပြလိုသော အခြားကိစ္စရပ်များ ပါရှိနိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းသည် ဤဥပဒေ နှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသော အပိုင်းများသည် အကျိုးသက် ရောက်ခြင်း ရှိမည် မဟုတ်။

(ခ) ဤဥပဒေ၏ နောက်ဆက်တွဲတွင် ဖော်ပြထားသည့် ပုံစံကို ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအဖြစ်အသုံးပြုနိုင်သည်။

(ဂ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက်ကို ကုမ္ပဏီတွင်

ပါဝင်သူများ၏ ဆန္ဒအလျောက် သတ်မှတ်နိုင်သည်။

(ဃ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းကို နိုင်ငံတော်အတွင်း၌ တည်ရှိကြောင်း ဖော်ပြရမည်။

(င ) ဤပုဒ်မ၏ ပုဒ်မခွဲ(စ)နှင့်အညီ တည်ဆဲကုမ္ပဏီတစ်ခု၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် အခြားသော ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ စာရွက်စာတမ်းများသည် ဤဥပဒေ စတင်အာဏာသက်ရောက်ပြီး နောက်ပိုင်းတွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကဲ့သို့အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းသည် ဤဥပဒေ နှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသောအပိုင်းများ သည် အကျိုးသက်ရောက်ခြင်းရှိမည် မဟုတ်။

(စ ) တည်ဆဲကုမ္ပဏီ တစ်ခု၏ ယခင်သင်းဖွဲ့စည်းမျဉ်းတွင် အတိအလင်း ဖော်ပြထား သော လုပ်ငန်းရည်ရွယ်ချက်များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းကို ပြင်ဆင်ရန် ကုမ္ပဏီတွင် ပါဝင်သူများက မဲပေးဆုံးဖြတ်၍ ပယ်ဖျက်ခြင်း မပြုခဲ့လျှင် ကူးပြောင်းကာလကုန်ဆုံးသည်အထိ ဆက်လက် အသုံးပြုနိုင်သည်။ ကုမ္ပဏီ၏ အဆိုပါရည်ရွယ်ချက်များအား ဆက်လက်ထားရှိမည် ဖြစ်သည်ဟု ကုမ္ပဏီမှ အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီးကြောင်းကို သတ်မှတ်ဖော်ပြ ထားသည့် ပုံစံဖြင့်ပြုစုထားသည့် အကြောင်းကြားစာတစ်စောင်အား မှတ်ပုံတင် အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ကုမ္ပဏီ၏ရည်ရွယ်ချက်များကို အဆိုပါကူးပြောင်း ကာလ ကုန်ဆုံးပြီးနောက်ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဤပုဒ်မခွဲသည် ပုဒ်မ ၂၉ အား ထိခိုက်စေခြင်း မရှိစေရ။

**၁၃။ တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအတွက် သီးခြား လိုအပ်ချက်များ**

အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း တွင် အောက်ပါတို့ကို ဖော်ပြရမည်-

(က) အများနှင့် မသက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီအမည်၏ နောက်ဆုံးတွင် "လီမိတက်" ဟုလည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ဖြစ်ပါက "အများ နှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်" ဟုလည်းကောင်း ဖော်ပြချက်၊

(ခ ) ကုမ္ပဏီတွင် ပါဝင်သူများ၏ တာဝန်ကို ကန့်သတ်ထားကြောင်း၊

(ဂ ) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာ အမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေကြေး၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦး ငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်း ငွေကြေးထည့်ဝင်သူများသည် အနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည် ဖြစ်ကြောင်း။

**၁၄။ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများ အတွက် သီးခြားလိုအပ်ချက်များ**

(က) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(၁) ကုမ္ပဏီအမည်ကို ယင်းအမည်၏နောက်ဆုံးတွင် "ခံဝန်ချက်အားဖြင့် တာဝန် ကန့်သတ်ထားသော" ဟု ဖော်ပြချက်၊

(၂) ကုမ္ပဏီတွင် ပါဝင်သူများ၏ တာဝန်ကို ခံဝန်ချက်ပမာဏတစ်ရပ်ဖြင့် ကန့်သတ်ထားကြောင်း၊

(၃) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူ အဖြစ် ရှိနေကြစဉ်ကာလတွင် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းသည့် အခါတွင် ငွေပမာဏများ ပေးချေရန် အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများ တွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း သို့မဟုတ် ကုမ္ပဏီ တွင် ပါဝင်ခြင်း မပြုသည့်နောက်ပိုင်း (၁) နှစ် ကာလအတွင်း၌ ကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီက ပဋိညာဉ် ပြုလုပ်ထားသော ကုမ္ပဏီ၏တာဝန်များနှင့် အကြွေးများပေးရန် တာဝန်ယူကြောင်း၊ ၎င်းပြင် စာရင်းရှင်းလင်း ဖျက်သိမ်း သည့်အခါတွင် ကုန်ကျစရိတ်များနှင့် အခွန်အခများပေးချေရန်၊ ကုမ္ပဏီတွင် ပါဝင်သူများအကြား စုပေါင်း ထည့်ဝင်ကြေးနှင့် သက်ဆိုင်သော အခွင့်အရေးများကို စာရင်းညှိနှိုင်းရန်၊ သတ်မှတ်ထားသော ငွေပမာဏထက် မကျော်လွန်သည့် အဆိုပါ ငွေပမာဏများ ပေးချေရန် အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများတွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း၊

(ခ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်း ရှိခဲ့လျှင် -

(၁) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာ အမျိုးအစားများနှင့် အဆိုပါအစုရှယ်ယာများအတွက် သတ်မှတ်သည့် ငွေ အမျိုးအစား နှင့်

(၂) ကုမ္ပဏီတွင် ငွေကြေးထည့်ဝင်သူကအနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင် ရမည် ဖြစ်ကြောင်း။

(ဂ) ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားပြီး အစုရှယ်ယာ မတည်ငွေရင်း မပါရှိသည့် အပြင် ယခင်ဥပဒေ စတင်အကျိုး သက်ရောက်သည့် နေ့ရက်နောက်ပိုင်း တွင် မှတ်ပုံတင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီမှ ခွဲဝေပေးရမည့် အကျိုးအမြတ်ကို ရထိုက်ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ်အား ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးမှအပ အခြားသူတစ်ဦးဦးအဖြစ် ပေးအပ်ရန် ရည်ရွယ်သည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ကုမ္ပဏီ၏ ဆုံးဖြတ်ချက် တစ်ရပ်ရပ်တွင် ပါရှိသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ပျက်ပြယ်သည်။

**၁၅။ တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများအတွက် သီးခြား လိုအပ်ချက်များ**

တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီများသည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် အောက်ပါ တို့ကို ဖော်ပြရမည် -

(က) ကုမ္ပဏီအမည်၊ ယင်းကုမ္ပဏီအမည်၏နောက်ဆုံးတွင် "တာဝန်ကန့်သတ်မှုမရှိသော ကုမ္ပဏီ" ဟု ပါရှိရမည်၊

(ခ) ကုမ္ပဏီတွင် ပါဝင်သူများ၏ တာဝန်ကို ကန့်သတ်ထားခြင်း မရှိကြောင်း၊

(ဂ) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာ အမျိုးအစားများ နှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေအမျိုးအစား၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦး ငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်း ငွေကြေး ထည့်ဝင်သူများသည် အနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည် ဖြစ်ကြောင်း။

**၁၆။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု၏ ဖွဲ့စည်းမှုပုံစံ**

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် -

(က) မြန်မာဘာသာဖြင့် ရေးသားပြုစုရမည်၊

(ခ) မြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့်လည်း ရေးသားပြုစုနိုင်သည်၊ ၎င်းပြင်

(ဂ) စာပိုဒ်များဖြင့် ခွဲခြားပြုစုလျက် အမှတ်စဉ်များကို တစ်ဆက်တည်း ရေးသား ဖော်ပြရမည်။

**၁၇။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း**

ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ပါရှိသော သီးခြားစည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ချမှတ်၍ ၎င်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ စည်းကမ်းချက်များကို ပြောင်းလဲ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်ပြီး ထိုသို့ပြုလုပ်သည့် ပြောင်းလ ပြင်ဆင်မှု သို့မဟုတ် ဖြည့်စွက်မှုသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် မူလကတည်းက ထည့်သွင်းပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ ကဲ့သို့ပင် အကျိုးသက်ရောက်စေရမည့်အပြင် ယခုကဲ့သို့ အထူးဆုံးဖြတ်ချက် အရ ပြောင်းလဲ ပြင်ဆင်နိုင်သည်။

**၁၈။ ပြောင်းလဲပြင်ဆင်မှုအား အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

(က) ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာကို ပြောင်းလဲ ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူ တစ်စောင်နှင့်အတူ ထိုသို့ ပြောင်းလဲ ပြင်ဆင်ရန် အထူးဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ထိုတင်ပြချက် အား မှတ်ပုံတင်ရမည်။ မှတ်ပုံတင် သက်သေခံ အထောက်အထား လက်မှတ်သည် ထိုသို့ ပြောင်းလဲ ပြင်ဆင်မှုများအတွက် ဤဥပဒေအရ လိုအပ်သည့် ပြဋ္ဌာန်းချက် များကို အပြည့်အဝ လိုက်နာ ဆောင်ရွက်ပြီးဖြစ်ကြောင်း သက်သေခံ အထောက် အထား ဖြစ်စေရမည်ဖြစ်ပြီး ထိုသို့ ပြောင်းလဲ ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ဖြစ်စေရမည်။

(ခ) တရားရုံးသည် သင့်သည်ထင်မြင်ပါက ဤပုဒ်မအရ မှတ်ပုံတင်အရာရှိထံ စာရွက် စာတမ်းများ တင်ပြရမည့်ကာလကို မည်သည့် အချိန်တွင်မဆို တိုးမြှင့်ပေးရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

**၁၉။ ပြောင်းလဲပြင်ဆင်မှုအား (၂၈) ရက်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် အကျိုး သက်ရောက်မှုများ**

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှုသည် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ တရားဝင်မှတ်ပုံတင် ဆောင်ရွက်ရခြင်း မရှိသေးလျှင် အကျိုးတစ်စုံတစ်ရာ သက်ရောက် ခြင်း မရှိစေရ။

**၂၀။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှု၏ အကျိုးသက်ရောက်မှုများ**

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက် တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိသော်လည်း ကုမ္ပဏီတွင် ပါဝင်သူများသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် ဆောင်ရွက်သည့် နေ့ရက် နောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲ ပြင်ဆင်မှုကြောင့် ပြောင်းလဲပြင်ဆင်သည့် နေ့ရက်က ၎င်းတို့လက်ဝယ်ရှိသော အစုရှယ်ယာ အရေအတွက်ထက် ပိုမိုသည့်အစုရှယ်ယာများကို ရယူရန် သို့မဟုတ် ထည့်ဝင် ရန် လိုအပ်လာလျှင် သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်း ထည့်ဝင်ရမည်တာဝန်များကို ပိုမိုဖြစ်ပေါ်လာစေခဲ့လျှင် သို့မဟုတ် ကုမ္ပဏီသို့ အခြားနည်းအားဖြင့် ငွေပေးချေရန် ရှိလာခဲ့

လျှင် ထိုသို့ပြောင်းလဲ ပြင်ဆင်မှုသည် ၎င်းတို့အပေါ်တွင် သက်ဆိုင်ခြင်း မရှိစေရ။

သို့ရာတွင် ကုမ္ပဏီတွင် ပါဝင်သူများက ပြောင်းလဲပြင်ဆင်မှုမပြုမီသော် လည်းကောင်း၊ ပြုလုပ်ပြီးသည့်အခါတွင်သော်လည်းကောင်း စာဖြင့်ရေးသားလျက် ထိုပြောင်းလဲပြင်ဆင်မှုနှင့် သက်ဆိုင်စေမည်ဖြစ်ကြောင်း သဘောတူညီကြသည်ဆိုလျှင် ဤပုဒ်မ နှင့် သက်ဆိုင် ခြင်း မရှိစေရ။

၂၁။ **ကုမ္ပဏီတွင် ပါဝင်သူများသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူများကို ပေးအပ်ရခြင်း**

ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင်ပါဝင်သူများအနက် တစ်ဦးဦးမှ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း မိတ္တူတစ်စောင်ကို တောင်းဆိုလာပါက တောင်းဆိုသည့် နေ့ရက်မှ (၁၄)ရက်အတွင်း ကုမ္ပဏီမှ သတ်မှတ်ထားသည့် သင့်လျော်သောငွေပမာဏကို သက်မှတ်ဖော်ပြထားသည့် ငွေပမာဏ မကျော်လွန်စေဘဲ ပေးဆောင်စေလျက် ပေးပို့ရမည်။

၂၂။ ကုမ္ပဏီသည် ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ပျက်ကွက် ခဲ့လျှင် ကျူးလွန်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ(၂)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင် ရမည်။

၂၃။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုပြောင်းလဲပြင်ဆင်မှုများအား မိတ္တူ အားလုံးတွင် မှတ်သား ဖော်ပြရခြင်း**

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုတစ်ရပ် ပြုလုပ်သည့်အခါတွင် ပြောင်းလဲပြင်ဆင်မှု ပြုလုပ်သည့်နေ့ရက်နောက်ပိုင်း ထုတ်ဝေသည့် အဆိုပါ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း၏ မိတ္တူအားလုံးသည် ပြောင်းလဲ ပြင်ဆင်မှုနှင့်အညီ ဖြစ်စေရမည်။

၂၄။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြီးသည့်အခါတွင် ကုမ္ပဏီသည် ပြောင်းလဲ ပြင်ဆင်မှုကို ပြုလုပ်သည့်နေ့ရက်နောက်ပိုင်း ပြောင်းလဲပြင်ဆင်မှုနှင့်အညီ မဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း၏မိတ္တူများကို ထုတ်ဝေခဲ့လျှင် ထိုသို့ထုတ်ဝေခဲ့သည့် မိတ္တူ တစ်စောင်စီအတွက် ပြစ်ဒဏ်ပမာဏ (၂)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင် ရမည်။ ထို့အပြင်အဆိုပါ ပျက်ကွက်မှုကို သိလျက်နှင့် တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ အားလုံး သို့မဟုတ် အခြားအရာရှိများသည်လည်းအလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိသည်။

**အခန်း (၆) ကုမ္ပဏီအမည်များ**

၂၅။ **ကုမ္ပဏီအမည်နှင့် အမည်ပြောင်းလဲခြင်း**

(က) ကုမ္ပဏီတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင် သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များပေါ်ပေါက်စေနိုင်သည့် အမည်ကို မှတ်ပုံတင်ထားသည့် တည်ဆဲ အဖွဲ့အစည်းတစ်ခု၏အမည်နှင့် တူညီသော အမည် ကို သော်လည်းကောင်း၊ ထိုအမည်နှင့် ဆင်တူသော အမည်ကိုသော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန်ဆောင်ရွက်နေသည့် အမည်အား အသုံးပြုနိုင် ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည့် အခါမှ တစ်ပါး မှတ်ပုံတင် ဆောင်ရွက်ခြင်း မပြုရ။

(ခ) ကုမ္ပဏီတစ်ခုသည် တမင်ကြံရွယ်ချက် သို့မဟုတ် အခြားသောအကြောင်းမရှိဘဲ အထက်တွင်ဖော်ပြထားသော သဘောတူညီချက် မပါရှိဘဲ လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်စေနိုင်သည့် ယခင်ကမှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲ အဖွဲ့အစည်း တစ်ခု၏ အမည်နှင့် တူညီသော အမည်ကိုသော် လည်းကောင်း၊

ထိုအမည်နှင့် ဆင်တူသောအမည်ကိုသော်လည်းကောင်း မှတ်ပုံတင်ခဲ့လျှင် ဖော်ပြပါ အဖွဲ့အစည်းသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်း၏ ကုမ္ပဏီ အမည်အား ပြောင်းလဲနိုင်သည်။

(ဂ) ပြည်ထောင်စုဝန်ကြီး၏ စာဖြင့်ရေးသားထားသော ကြိုတင် သဘောတူညီချက် ပါရှိသည့် ကိစ္စရပ်မှအပ မည်သည့် ကုမ္ပဏီမဆို အောက်ပါစကားရပ်များ ပါဝင်သော အမည်ဖြင့် မှတ်ပုံတင်ခြင်း မပြုရ -

(၁) "နိုင်ငံတော်အစိုးရ"၊ "နိုင်ငံတော်"၊ "ဗဟိုဘဏ်"၊ "ပြည်ထောင်စုအစိုးရ"၊ "သမ္မတ"၊ "ဝန်ကြီးဌာန" သို့မဟုတ် မြန်မာနိုင်ငံတော်အစိုးရ သို့မဟုတ် မြန်မာနိုင်ငံတော်၏ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုံးဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က အဆိုပြုသော သို့မဟုတ် ယင်းတို့က ထောက်ခံတင်ပြသော စကားရပ်တစ်ခုခု ပါဝင်သည့် အမည် သို့မဟုတ်

(၂) "စည်ပင်သာယာရေး" သို့မဟုတ် နိုင်ငံတော်အမိန့်ဖြင့်ဖွဲ့စည်းထားသောအဖွဲ့ အစည်းတစ်ရပ်ရပ် သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် လူမှုအဖွဲ့အစည်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း တစ်ရပ်ရပ် ကဲ့သို့ ယူဆ နိုင်သည့် စကားရပ်တစ်ခုခု ပါဝင်သည့် အမည်။

(ဃ) ကုမ္ပဏီတစ်ခုခုသည် အထူးဆုံးဖြတ်ချက် ချမှတ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီလိုက်နာ ဆောင်ရွက်လျက် မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထား သည့် ပုံစံဖြင့် အကြောင်းကြားစာ တင်ပြ၍ ယင်း၏အမည်အား ပြောင်းလဲ နိုင်သည်။ ကုမ္ပဏီသည် အဆိုပါ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် (၂၈) ရက် အတွင်း ထိုအကြောင်းကြားစာကို တင်ပြရမည်။

(င) ကုမ္ပဏီတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲသည့်အခါတွင် မှတ်ပုံတင်အရာရှိ အနေဖြင့် အဆိုပါအမည်သစ်သည် လက်ခံ ဆောင်ရွက်ပေးနိုင်သည့် အမည်ဖြစ်ပြီး ဤဥပဒေကိုသော်လည်းကောင်း၊ အခြားဥပဒေတစ်ရပ်ရပ်ကို သော်လည်းကောင်း ချိုးဖောက်ခြင်း မရှိကြောင်း တွေ့ရှိရလျှင် အဆိုပါအမည်သစ်ကို မှတ်ပုံတင် စာအုပ်ရှိ ယခင်အမည်၏ နေရာတွင် ထည့်သွင်းရေးသား ဖော်ပြရမည့်အပြင် ပြင်ဆင်ချက်များ နှင့် အညီဖြစ်စေသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံ လက်မှတ် တစ်ခုကို ထုတ်ပေးရမည်။ ကုမ္ပဏီအမည် ပြောင်းလဲမှုသည် အဆိုပါသက်သေခံ လက်မှတ်ကိုထုတ်ပေးသည့်အခါတွင်စတင်အကျိုး သက်ရောက်စေရမည်။

(စ) အမည်ပြောင်းလဲ ပြင်ဆင်ခြင်းသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ) နှင့် (င) ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း မရှိသေးလျှင် အဆိုပါ အမည်ပြောင်းလဲ ပြင်ဆင် ခြင်းအား တရားဝင်အသုံးပြုနိုင်ခြင်းမရှိ။ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် (၂၈) ရက်အတွင်း မှတ်ပုံတင်ခြင်းမရှိလျှင် အဆိုပါအမည်ပြောင်းလဲပြင်ဆင်မှုသည် လုံးဝ ပျက်ပြယ်သည်။

(ဆ) အမည်ပြောင်းလဲမှုသည် ကုမ္ပဏီ၏ အခွင့်အရေး သို့မဟုတ် တာဝန် တစ်စုံတစ်ရာ ကို အကျိုးသက်ရောက်ခြင်း မရှိစေရ၊ အမည်ပြောင်းလဲထားသည့် ကုမ္ပဏီသည် ၎င်းကသော်လည်းကောင်း၊ ၎င်းအပေါ်တွင်လည်းကောင်း တရားစွဲဆို ဆောင်ရွက်မှု

တစ်စုံတစ်ရာတွင် ထိခိုက်ခြင်းမရှိစေရ။ ယခင်ကုမ္ပဏီအမည်ဖြင့် ၎င်းအပေါ် ဆက်လက်ပြုလုပ်သော သို့မဟုတ် စတင်ဆောင်ရွက်သော တရားစွဲဆိုမှု တစ်စုံတစ်ရာသည် ကုမ္ပဏီ၏ အမည်သစ်ဖြင့်လည်း ဆက်လက် ဆောင်ရွက် နိုင်သည်။

**၂၆။ အမည်ပြောင်းလဲရန် ညွှန်ကြားခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခု၏ မှတ်ပုံတင်ထားခဲ့သည့် အမည်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်း မပြုသင့်ကြောင်း သင့်လျော်သည့်အကြောင်း ပြချက်များ ကို လက်ခံ ယုံကြည်လျှင် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် နေ့ရက် ၌ ကုမ္ပဏီအမည်အား ပြောင်းလဲရန် စာဖြင့်ရေးသား၍ အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိမှ ကုမ္ပဏီသို့ ပေးပို့နိုင်သည်။ သတ်မှတ်ဖော်ပြထားသည့် နေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မှ ရက်ပေါင်း (၆၀)ထက် မနည်းသည့် နေ့ရက် ဖြစ်ရမည်။

(ခ) ကုမ္ပဏီသည် ယင်း၏အမည်အား အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း ပြောင်းလဲခြင်း မပြုခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ၎င်းမှရွေးချယ်ပေးသော အမည်အသစ်တစ်ခုကို မှတ်ပုံတင်စာအုပ်တွင် ထည့်သွင်း ရေးသားဖော်ပြနိုင်ပြီး အဆိုပါအမည်အသစ်သည် ဤအပိုင်းအရ မှတ်ပုံတင်နိုင်သည့် အမည်ဖြစ်စေရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)အရ အမည်အသစ်တစ်ခုကို မှတ်ပုံတင်ပေးခဲ့လျှင် ကုမ္ပဏီ၏ အမည်အသစ်ကို မှတ်တမ်းတင်ပြီး ကုမ္ပဏီဖွဲ့စည်းတည်ထောင် ခြင်းဆိုင်ရာ သက်သေခံလက်မှတ် တစ်စောင်ကို ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်အသစ်အား မှတ်ပုံတင်ခြင်းသည် ပုဒ်မ ၂၅ အရ ပြောင်းလဲ သကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**၂၇။ ကုမ္ပဏီအမည်အား အသုံးပြုခြင်း**

ကုမ္ပဏီတစ်ခုအနေဖြင့် ယင်း၏အမည်သည် အောက်ပါကိစ္စရပ်များတွင် ရှင်းလင်းစွာ ဖော်ပြရမည် -

(က) ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ပေးပို့ဆောင်ရွက်သည့် စာဖြင့်ရေးသား ဆက်သွယ် ဆောင်ရွက်မှုများအားလုံး နှင့်

(ခ ) ကုမ္ပဏီ၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေသော သို့မဟုတ် ဖြစ်တည် စေမည့် ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများအားလုံး။

**အခန်း (၇) ကုမ္ပဏီ၏ ဆက်သွယ်ဆောင်ရွက်မှုများ**

**၂၈။ ဆောင်ရွက်ချက်များ တရားဝင်ခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ကန့်သတ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီတွင် ထိုဆောင်ရွက်ချက်အား ပြုလုပ်ရန် သို့မဟုတ် ထိုပစ္စည်းအားလွှဲပြောင်းရန် သို့မဟုတ် လက်ခံရယူရန်အတွက် လုပ်ကိုင်နိုင်စွမ်း သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခွင့်အာဏာ မရှိခဲ့သည်ဆိုသည့် အကြောင်းကြောင့် ကုမ္ပဏီ၏ ဆောင်ရွက်ချက်များ၊ ကုမ္ပဏီသို့သော်လည်းကောင်း၊ ကုမ္ပဏီမှသော်လည်းကောင်း ပစ္စည်းလွှဲပြောင်းခြင်းများတို့သည် ပျက်ပြယ်ခြင်း မရှိစေရ။

(ခ ) ဆောင်ရွက်ချက်တစ်ခုသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး

မဖြစ်သော်လည်း ထိုသို့ ဆောင်ရွက်ရန် ကုမ္ပဏီ၏ လုပ်ကိုင်နိုင်စွမ်းကို ထိခိုက်ခြင်း မရှိစေရ။

**၂၉။ ပဋိညာဉ်စာချုပ်များ နှင့် စာချုပ်စာတမ်းများ ချုပ်ဆိုဆောင်ရွက်ခြင်း**

(က) ပဋိညာဉ်စာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် သီးခြား လုပ်ထုံးလုပ်နည်း တစ်ရပ် ပါရှိသော ဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် ကုမ္ပဏီက ပဋိညာဉ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ ပြုလုပ်ခွင့်ကို ကုမ္ပဏီမှ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာ အပ်နှင်းခံရပြီး ကုမ္ပဏီ ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူ တစ်ဦးဦးက ကျင့်သုံးဆောင်ရွက်နိုင်သည်။ အဆိုပါ အခွင့်အာဏာကို ရုံးတံဆိပ်ခတ်နှိပ်ခြင်း မပြုဘဲ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) စာချုပ်စာတမ်းအား အောက်ပါပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးခဲ့လျှင် ကုမ္ပဏီသည် ရုံးတံဆိပ်ခတ်နှိပ်ရန် မလိုဘဲ စာချုပ်စာတမ်းတစ်ရပ်အား ချုပ်ဆိုနိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ (၂) ဦး၊ သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဂ) ကုမ္ပဏီတစ်ခုသည် စာချုပ်စာတမ်းတစ်ခုအား ရုံးတံဆိပ်ခတ်နှိပ်ပြီး ထိုသို့ ရုံးတံဆိပ်ခြင်းကို အောက်ပါ ပုဂ္ဂိုလ်တို့က သက်သေပြုခြင်းဖြင့် ချုပ်ဆိုဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ (၂) ဦး၊ သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဃ) ကုမ္ပဏီတစ်ခုသည် ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုကို တရားဝင် သဘောတူ စာချုပ်အဖြစ် ချုပ်ဆိုမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြပြီး ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ နှင့်အညီ ချုပ်ဆိုခြင်းဖြစ်ပါက ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုအား တရားဝင်သဘောတူ စာချုပ် တစ်ခု အဖြစ် ချုပ်ဆိုနိုင်သည်။

(င ) ဤပုဒ်မသည် ကုမ္ပဏီတစ်ခုက တရားဝင်သဘောတူစာချုပ် အပါအဝင် စာချုပ်စာတမ်း တစ်ခုကို ဤဥပဒေတွင် ဖော်ပြထားသည့် နည်းလမ်းများ အပါအဝင် စာချုပ်ချုပ်ဆို ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ကန့်သတ်ထားခြင်း မရှိစေရ။

**၃၀။ ကုမ္ပဏီတစ်ခု နှင့် အခြားပုဂ္ဂိုလ်များအကြား ဆက်သွယ်ဆောင်ရွက်ခြင်း**

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ပုဒ်မ ၃၁ တွင် ဖော်ပြမှတ်ယူခြင်းများကို အသုံးပြုနိုင်သည်။ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအား အာမခံသူတစ်ဦးဦးသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင် အဆိုပါ မှတ်ယူရမည့်အချက်များသည် မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့်မရှိစေရ။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီထံမှ ပစ္စည်းတစ်စုံတစ်ရာကို ရရှိသူ သို့မဟုတ် ရထိုက်ခွင့်ရှိသူတစ်ဦးဦးနှင့် ဆက်သွယ် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုဒ်မ ၃၁ ပါ မှတ်ယူရမည့် အချက်များကို အထောက်အထားပြု ဆောင်ရွက်နိုင်ခွင့်ရှိသည်။ ကုမ္ပဏီနှင့် အခြား ပုဂ္ဂိုလ်များသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင်အဆိုပါမှတ်ယူရမည့်အချက်များသည်မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့်မရှိစေရ။

(ဂ ) ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ

သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက လိမ်လည်လှည့်ဖြား၍ ပြုမူခဲ့ခြင်း သို့မဟုတ် စာချုပ် စာတမ်းတစ်ခုကို လိမ်လည် အတုပြုခဲ့ခြင်းများ ရှိခဲ့လျှင်ပင် အဆိုပါ မှတ်ယူရမည့် အချက်များကို ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်သူများ သည် အထောက် အထားပြုဆောင်ရွက်နိုင်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုပြုသည့်အချိန်တွင် အောက်ပါ အချက်အလက်များကို သိရှိခဲ့လျှင် သို့မဟုတ် သံသယရှိခဲ့လျှင် ၎င်းအနေဖြင့် ပုဒ်မ ၃၁ ပါ မှတ်ယူရမည့်အချက်များကို အထောက်အထားပြု ဆောင်ရွက်နိုင်မည်မဟုတ်-

(၁) မှတ်ယူရမည့်အချက်မှာ မှန်ကန်မှုမရှိကြောင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်သည် လိမ်လည် လှည့်ဖြားဆောင်ရွက်ခဲ့ကြောင်း၊ သို့မဟုတ်

(၃) သက်ဆိုင်ရာ စာရွက်စာတမ်းသည် လိမ်လည်အတုပြုထားခြင်း ဖြစ်ကြောင်း၊ သို့မဟုတ်

(၄) ဖော်ပြပါကိစ္စရပ်သည် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်လျက် ရှိခဲ့ကြောင်း။

**၃၁။ ကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင် ဆောင်ရွက်သည့် ပုဂ္ဂိုလ်များက အထောက်အထား ပြုနိုင်သည့် မှတ်ယူနိုင်သည့် အချက်များ**

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ လိုက်နာ ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်သည်။

(ခ ) ပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်စာအုပ်၌ ရေးသားဖော်ပြထားသော အချက် အလက်များတွင် ပါရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးဖြစ်သူ တစ်ဦး အပေါ် အောက်ပါအတိုင်း မှတ်ယူနိုင်သည်-

(၁) တရားဝင် ခန့်အပ်တာဝန်ပေးထားသည်ဟု၊ ၎င်းပြင်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး ရှိခဲ့လျှင် ထိုတစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာ ရှိသည်ဟု။

(ဂ ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ အရာရှိသို့မဟုတ် ကိုယ်စားလှယ် တစ်ဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူ တစ်ဦးကို အောက်ပါအတိုင်းမှတ်ယူနိုင်သည်-

(၁) တရားဝင် ခန့်အပ်တာဝန်ပေးထားသည်ဟု၊ ၎င်းပြင်

(၂) ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ကိုယ်စားလှယ်က သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များ ကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးဆောင်ရွက်ခွင့် မရှိသည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြား အရာရှိ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူ တစ်ဦးဦးသည် အဆိုပါ လုပ်ပိုင်ခွင့်အားကျင့်သုံးရန် အခွင့်အာဏာ အပ်နှင်း ထားခြင်းခံရသည်ဟု မှတ်ယူနိုင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အတွင်းရေးမှူး၊ အခြားအရာရှိများ နှင့် ကိုယ်စားလှယ်များက ကုမ္ပဏီနှင့် သက်ဆိုင်သော ၎င်းတို့၏ တာဝန်များကို လျော်ကန်စွာ ဆောင်ရွက်ကြောင်း မှတ်ယူနိုင်မည်။

(စ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ) နှင့်အညီ လက်မှတ်ရေးထိုး ဆောင်ရွက်ထားလျှင် အဆိုပါ စာချုပ်စာတမ်းအား ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို အောက်ပါအတိုင်း ဆောင်ရွက်ထားလျှင် ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည် -

(၁) ပုဒ်မ ၂၉ ပုဒ်မခွဲ(ဂ) နှင့်အညီ စာချုပ်စာတမ်းတွင် ကုမ္ပဏီ၏ ရုံးတံဆိပ်ကို ခတ်နှိပ်ထားခြင်း နှင့်

(၂) ပုဒ်မ ၂၉ ပုဒ်မခွဲ (ဂ)နှင့်အညီ ထိုသို့ ရုံးတံဆိပ် ခတ်နှိပ်ခြင်းအား သက်သေပြုခြင်း။

(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းတစ်ခုခု သို့မဟုတ် စာရွက်စာတမ်းတစ်ခုခု၏ မိတ္တူမှန်ကို ထုတ်ပေးရန် အခွင့်အာဏာ ရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးသည် အဆိုပါစာရွက်စာတမ်းမှာ အစစ်အမှန်ဖြစ်ကြောင်း သို့မဟုတ် မိတ္တူမှန်ဖြစ်ကြောင်း အာမခံနိုင်သည့် အခွင့်အာဏာလည်း ရှိသည်ဟု မှတ်ယူ နိုင်မည်။

## အခန်း (၈) ကုမ္ပဏီ မှတ်ပုံတင်ခြင်း မပြုမီက ဆောင်ရွက်ချက်များ

**၃၂။ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမတိုင်မီ ကုန်ကျစရိတ်များ**

ဤအခန်းတွင် ဖော်ပြထားသော အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအား တည်ထောင် မှတ်ပုံတင်ခြင်း မတိုင်မီ အမှန်ကုန်ကျခဲ့သည့်စရိတ်များကို ကုမ္ပဏီ၏ ပိုင်ဆိုင် ပစ္စည်းများမှ ကျခံပေးချေနိုင်သည်။

**၃၃။ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များ**

(က) ဤပုဒ်မနှင့် ပုဒ်မ ၃၄ မှ ၃၆ အထိ တို့တွင် ပါရှိသော ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်း မပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ဟူသည် အောက်ပါတို့ကို ဆိုသည်-

(၁) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ကုမ္ပဏီအနေဖြင့် ရည်ရွယ်ပြီး ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်၊ သို့မဟုတ်

(၂) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီ နှင့် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ရန် စဉ်းစားသုံးသပ်နေသည့်အချိန်တို့တွင် ကုမ္ပဏီကိုယ်စား လူတစ်ဦးက ချုပ်ဆိုသော ပဋိညာဉ်စာချုပ်။

(ခ) ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ် တစ်ရပ်ကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ပြီးနောက် သင့်လျော်သည့် ကာလအတွင်း ကုမ္ပဏီသည် အတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) အတည်ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်သည် ယင်းအား ချုပ်ဆိုစဉ်က ကုမ္ပဏီသည် စာချုပ်ဝင်တစ်ဦးဖြစ်ဘိသကဲ့သို့ တရားဝင် အကျိုးသက်ရောက်သည်။

(ဃ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ် တစ်ရပ်ကို အကျိုးသက်ရောက်စေရန်အတွက် ဒါရိုက်တာများက ဆုံးဖြတ်ချက် တစ်ရပ်ချမှတ်ခြင်း ဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၂၉ အရ ပဋိညာဉ်စာချုပ် တစ်ရပ်အား

ကုမ္ပဏီ ကိုယ်စား ချုပ်ဆိုနိုင်သည့် အခြားသောနည်းလမ်းများအတိုင်း ကုမ္ပဏီမှ အတည်ပြုနိုင်သည်။

(င) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ် ကို ထိုကုမ္ပဏီက အတည်မပြုနိုင်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၃၅ အရ တရားရုံးက တရားဝင်ကြောင်း မသတ်မှတ်ခဲ့လျှင် ကုမ္ပဏီသည် အဆိုပါပဋိညာဉ်စာချုပ်အား အတည်ပြုခြင်း သို့မဟုတ် အဆိုပါပဋိညာဉ်စာချုပ်မှ အကျိုးခံစားခွင့် တစ်စုံ တစ်ရာ ကို ရယူခံစားမပြုရ။

**၃၄။ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ သဘော သက်ရောက် သော အာမခံချက်များ**

(က) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တွင် အတိအလင်း ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှတစ်ပါး ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ် တစ်ရပ်ကို ပြုလုပ် ထားသည့် ပုဂ္ဂိုလ်က သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို အောက်ပါ အတိုင်း ထားရှိရာရောက်သည်-

(၁) ကုမ္ပဏီအား ပဋိညာဉ်စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလ တစ်ရပ်ရပ်အတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် စာချုပ် ချုပ်ဆိုပြီးနောက် သင့်လျော်သည့် ကာလအတွင်း ကုမ္ပဏီကို ဖွဲ့စည်း တည်ထောင်မည်ဟုလည်းကောင်း၊

(၂) ကုမ္ပဏီသည် ပဋိညာဉ်စာချုပ်ကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ပြီးနောက်သင့်လျော်သည့်ကာလအတွင်းအတည်ပြုဆောင်ရွက် မည်ဟုလည်းကောင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို ချိုးဖောက်ခြင်းအတွက် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်တွင် ရရှိထိုက်သော နစ်နာ ကြေး ပမာဏသည် ပဋိညာဉ်စာချုပ်အား အတည်ပြုပြီးနောက် ပယ်ဖျက်သကဲ့သို့ စာချုပ်အရ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုခဲ့သည့် အတွက် ကုမ္ပဏီ၏ ချိုးဖောက်မှုအပေါ် နစ်နာကြေးတောင်းဆိုသည့် တရားစွဲဆိုမှု တွင် ရရှိထိုက်သော နစ်နာကြေး ပမာဏအတိုင်း ဖြစ်စေရမည်။

(ဂ) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင် ပုဒ်မ ၃၃ အရ ကုမ္ပဏီမှ အတည် ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်မှတစ်ပါး ကုမ္ပဏီသည် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းမပြုမီကချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ အလားတူ စည်းကမ်း ချက်များဖြင့် သို့မဟုတ် အစားထိုးပြင်ဆင် ဖော်ပြထားသည့် စည်းကမ်းချက်များဖြင့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့လျှင် သက်ဆိုင်သော ပုဂ္ဂိုလ်၏ တာဝန်ရှိမှုသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ နစ်နာမှုအတွက် လျော်ကြေးပေးရန် တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်အရ တာဝန်ရှိမှုအပါအဝင် ကင်းလွတ် ခွင့်ပြုရမည်။

**၃၅။ အတည်ပြုရန် ပျက်ကွက်ခြင်း**

(က) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင်ကုမ္ပဏီက အတည်မပြုသော ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အပေါ် စာချုပ်ဝင်

တစ်ဦးသည် တရားရုံးသို့ တင်ပြ၍ အောက်ပါတို့နှင့် စပ်လျဉ်းသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားနိုင်သည် -

(၁) ပဋိညာဉ်စာချုပ်အရ မြေပစ္စည်းဖြစ်စေ၊ အခြားပစ္စည်းဖြစ်စေ ရရှိထားသည့် ပစ္စည်းများကို အဆိုပါစာချုပ်ဝင်ထံသို့ ပြန်ပေးစေရန် ကုမ္ပဏီသို့ ညွှန်ကြားခြင်း၊ သို့မဟုတ်

(၂) အဆိုပါပစ္စည်း သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့် သက်ဆိုင်သည့် စာချုပ်ဝင် အား ခံစားခွင့်ပြုသည့် အခြားသက်သာခွင့်များ၊ သို့မဟုတ်

(၃) ပဋိညာဉ်စာချုပ် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ အတည်ပြုခြင်း။

(ခ ) ပုဒ်မ ၃၄ ပုဒ်မခွဲ (ခ)နှင့်အညီ အမိန့်တစ်ရပ်အား ချမှတ်ပြီးသည်ဖြစ်စေ မပြီးသည် ဖြစ်စေ တရားရုံးသည် သင့်လျော်မျှတသည်ဟု ယူဆလျှင် ၎င်းမှ သင့်သည် ထင်မြင်သည့် အမိန့်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ သက်သာခွင့် တစ်ရပ်ရပ် ကို သော်လည်းကောင်း ချမှတ် ဆောင်ရွက်နိုင်သည်။

**၃၆။ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်ခြင်း**

ကုမ္ပဏီက အတည်ပြုထားသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း မပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်မှုအတွက် ကုမ္ပဏီအပေါ် ပြုလုပ်သည့် တရားစွဲဆိုမှုတွင် တရားရုံးသည် ကုမ္ပဏီ၊ တရားစွဲဆိုမှုတွင် ပါဝင်သည့် အခြား စာချုပ်ဝင်များ၏ လျှောက်ထားချက်၊ သို့မဟုတ် ၎င်းကိုယ်တိုင် တွေ့ရှိချက်များအပေါ် အခြေခံ၍ လျော်ကြေးပေးစေရန်ကို သော်လည်းကောင်း၊ တရားရုံးက သင့်သည်ထင်မြင်သည့် အခြားသက်သာ ခွင့်ပေးစေရန်ကို သော်လည်းကောင်း ချမှတ်နိုင်သည့်အပြင် ကုမ္ပဏီအပေါ်တွင် လည်းကောင်း၊ ပဋိညာဉ် စာချုပ်ချုပ် ဆိုခဲ့သည့် ပုဂ္ဂိုလ်အပေါ်တွင် လည်းကောင်း အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**အခန်း(၉)ဤဥပဒေအရ မှတ်ပုံတင်ခွင့်ရှိသော သို့မဟုတ် မှတ်ပုံတင်ရမည့် အခြားကော်ပိုရေးရှင်းများ**

**နိုင်ငံတော်အတွင်း အာဏာတည်လျက်ရှိသော အခြားသောဥပဒေများအရ ဖွဲ့စည်း တည်ထောင်ထားသည့် ကော်ပိုရေးရှင်းများ**

**၃၇။ မှတ်ပုံတင်ဆောင်ရွက်နိုင်သည့် ကော်ပိုရေးရှင်းများ**

(က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ခြွင်းချက်များနှင့် ပြဋ္ဌာန်းချက်များကို အထောက် အထားပြု၍ နိုင်ငံတော်အတွင်း အာဏာတည်သည့် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများသည် ဤ ဥပဒေ အရ တာဝန် ကန့်သတ်မထားသည့် ကုမ္ပဏီ သို့မဟုတ် အစုရှယ်ယာဖြင့် တာဝန် ကန့်သတ်ထားသည့်ကုမ္ပဏီ သို့မဟုတ် ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထား သည့်ကုမ္ပဏီတစ်ခုခုအဖြစ် မှတ်ပုံတင်နိုင်သည်။ အဆိုပါအဖွဲ့အစည်းကို ဖျက်သိမ်း ရန် ရည်ရွယ်၍ မှတ်ပုံတင်ခြင်းသည် တရားမဝင် ဖြစ်သည်ဟု မှတ်ယူခြင်း မပြုရ။

(ခ) အထူးကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယခင်ဥပဒေမတိုင်မီက အာဏာ တည်လျက် ရှိသည့် ကုမ္ပဏီအက်ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသည့် ဤဥပဒေ စတင်အာဏာ တည်သည့်နေ့အထိ တည်ရှိသော ကော်ပိုရေးရှင်းများ အားလုံးသည် အစုရှယ်ယာအားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများအဖြစ် သတ်မှတ်ဖော်ပြ ထားသည့် လိုအပ်ချက်များနှင့်အညီ ဤဥပဒေအရ မှတ်ပုံတင် ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၃၇၊ ၃၈ နှင့် ၃၉ ပါ ပြဋ္ဌာန်းချက်များသည် ပြည်ပကော်ပိုရေးရှင်းများနှင့်

သက်ဆိုင်ခြင်း မရှိစေရ။

**၃၈။ ကော်ပိုရေးရှင်း၏အမည်တွင် "လီမိတက်" စာသားအား ဖြည့်စွက်ခြင်း**

ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ တာဝန်ကန့်သတ်ထားရှိပြီး မှတ်ပုံတင်သည့်အခါ "လီမိတက်" သို့မဟုတ် "အများပိုင် ကုမ္ပဏီလီမိတက်" သို့မဟုတ် အခန်း(၆) တွင် ဖော်ပြထားသည့် အလားတူစကားရပ်များကို ကော်ပိုရေးရှင်းအမည်တွင် ထည့်သွင်းလျက် မှတ်ပုံတင်ရမည်။

**၃၉။ တည်ဆဲ ကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်**

မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပြီး သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာကြေး များကို ပေးသွင်းသည့်အခါတွင် မှတ်ပုံတင်အရာရှိသည် ကော်ပိုရေးရှင်းကို ဤဥပဒေအရ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။ ထိုသို့ဆောင်ရွက်ပြီးနောက် အဆိုပါ ကော်ပိုရေးရှင်းသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည်ဟု မှတ်ယူရမည်။ ၎င်းအပြင် အဆိုပါ ကော်ပိုရေးရှင်းသည် အစဉ်အဆက် ဆက်ခံဆောင်ရွက်ခွင့် ရှိစေရမည်ဖြစ်ပြီး လိုအပ် လျှင် ရုံးတံဆိပ်ထားရှိ နိုင်သည်။

**စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ**

**၄၀။ အသင်းအဖွဲ့များအတွက် ကန့်သတ်တားမြစ်ချက်များ**

အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို ကန့်သတ် တားမြစ်ထားခြင်းမရှိစေဘဲ ယင်းဥပဒေ နှင့် အညီ-

(က) အသင်းအဖွဲ့ကို ယင်းအသင်းအဖွဲ့ကသော်လည်းကောင်း၊ ယင်းတို့၏အဖွဲ့ဝင်များက သော်လည်းကောင်း အကျိုးအမြတ်ရယူရန် ရည်ရွယ်ချက်ဖြင့် အခြားစီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဤဥပဒေအရ ဖွဲ့စည်းခြင်း မပြုရ။

(ခ ) ဤပုဒ်မနှင့် ဆန့်ကျင်ပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သော အသင်းအဖွဲ့ တစ်ခုခုတွင် ပါဝင်သူအားလုံးသည် အဆိုပါ စီးပွားရေးလုပ်ငန်းတွင် ဆောင်ရွက် ရသည့် တာဝန်ရှိမှုများအားလုံးအတွက် တစ်ဦးချင်းအလိုက် တာဝန်ရှိသည်။

**၄၁။** ပုဒ်မ ၄၀ နှင့် ဆန့်ကျင်ပြီး ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ တစ်ခုခုတွင် ပါဝင်သူတစ်ဦးဦး သည် ပြစ်ဒဏ်ပမာဏ (၃) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၂။ စီးပွားရေးလုပ်ငန်း နှင့် အလားတူကိစ္စရပ်များအတွက် တည်ထောင်သည့် အသင်းအဖွဲ့များကို မှတ်ပုံတင်ရန် အခွင့်အာဏာ**

(က) တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်နိုင်သော အသင်း အဖွဲ့တစ်ခုသည် စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုရန် သို့မဟုတ် အခြား သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်အတွက် တည်ထောင်ခဲ့ကြောင်း သို့မဟုတ် တည်ထောင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း၏ အကျိုးအမြတ် (ရှိခဲ့လျှင်) သို့မဟုတ် ယင်း၏ရည်ရွယ်ချက်များကို မြှင့်တင်ဆောင်ရွက်ရာမှ ရရှိသော အခြား ဝင်ငွေများကို အသုံးပြုကြောင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ကြောင်းနှင့် ယင်း အဖွဲ့အစည်းတွင် ပါဝင်သူများသို့ အကျိုးအမြတ် တစ်စုံတစ်ရာ ခွဲဝေပေးခြင်းကို တားမြစ်ထားကြောင်း မှတ်ပုံတင်အရာရှိမှ ကျေနပ်လက်ခံစေရန် တင်ပြနိုင်လျှင် ယင်း၏ အမည်တွင် "တရားဝင်တည်ထောင်ထားသော" ဟူသည့်စကားရပ် ဖြည့်စွက်၍ လိုင်စင်ပေးအပ်ခြင်းဖြင့် အဆိုပါအသင်းအား မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မအရ မှတ်ပုံတင်အရာရှိသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ၎င်းက

သင့်သည် ထင်မြင်သည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် လိုင်စင်တစ်ရပ်ကို ပေးအပ်နိုင်သည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းများသည် ဖော်ပြပါ အသင်းအဖွဲ့ အပေါ်တွင် စည်းနှောင်မှုရှိပြီး မှတ်ပုံတင်အရာရှိက ညွှန်ကြားလျှင် အသင်းအဖွဲ့ ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၌ ထည့်သွင်း ဖော်ပြရမည်။

(ဂ) အသင်းအဖွဲ့သည် မှတ်ပုံတင်ပြီးနောက် ယင်း၏ အမည်တွင် "လီမိတက်" ဟူသော စကားရပ်အား ထည့်သွင်း အသုံးပြုခြင်းမှအပ တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများမှ ရရှိသောအခွင့်အရေးများ အားလုံးကို ရရှိခံစားနိုင်ပြီး ကုမ္ပဏီများ၏ တာဝန်များ အားလုံးကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ဤပုဒ်မအရ ပေးအပ်ထားသည့် လိုင်စင်တစ်ရပ်ကို မည်သည့်အခါတွင်မဆို မှတ်ပုံတင်အရာရှိက ပြန်လည်ရုပ်သိမ်းနိုင်ပြီး ထိုသို့ ရုပ်သိမ်းခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အသင်းအဖွဲ့အားမှတ်ပုံတင်စာရင်းမှပယ်ဖျက်ရမည်ဖြစ်ပြီး အသင်းအဖွဲ့သည် ဤပုဒ်မအရ ပေးအပ်ထားသည့် သက်သာခွင့်များနှင့် အခွင့်အရေးများကို ရရှိခံစားနိုင်ခြင်းမှ ရပ်စဲစေရမည်။

သို့ရာတွင် လိုင်စင်အား ထိုသို့ ရုပ်သိမ်းခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် ထိုသို့ ပြုလုပ် ဆောင်ရွက်မည်ဖြစ်ကြောင်း စာဖြင့်ရေးသား ဖော်ပြထားသည့် သင့်လျော်သည့် အကြောင်းကြားစာကို (၂၈) ရက်ထက်နောက်မကျစေဘဲ အသင်းအဖွဲ့ထံသို့ ပေးပို့ရ မည်ဖြစ်ပြီး အဆိုပါအကြောင်းကြားသည့်ကာလအတွင်း အသင်းအဖွဲ့ အနေဖြင့် ထိုသို့ရုပ်သိမ်းခြင်း မပြုထိုက်ကြောင်း တင်ပြချက်တစ်ရပ်ကို ပြုလုပ် ဆောင်ရွက်နိုင်သည့် အခွင့်အရေး ရရှိမည်ဖြစ်သည်။

(င) မှတ်ပုံတင်အရာရှိသည် -

(၁) လိုင်စင်တွင် လိုက်နာဆောင်ရွက်ရန် ဖော်ပြခဲ့သော စည်းမျဉ်း စည်းကမ်းများ ရှိခဲ့လျှင် ယင်းစည်းမျဉ်း စည်းကမ်းများအစား သို့မဟုတ် ယင်းစည်းမျဉ်း စည်းကမ်းများအပြင် မှတ်ပုံတင်အရာရှိမှ သင့်သည်ထင်မြင်သည့် စည်းမျဉ်း စည်းကမ်းများဖြင့် လိုင်စင်ကို ပြောင်းလဲပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၂) ယခင်ထုတ်ပေးခဲ့သော လိုင်စင်အစား လိုင်စင်အသစ်တစ်ရပ်ကို ထုတ်ပေး နိုင်သည်။

(စ) ပြည်ထောင်စုဝန်ကြီးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(င) အရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ဖြင့် ပြောင်းလဲပြင်ဆင်မှု သို့မဟုတ် လိုင်စင်တစ်ရပ် ထုတ်ပေးမှု သို့မဟုတ် ကျင့်သုံး ဆောင်ရွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ ညွှန်ကြားနိုင်သည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေဘဲအဆိုပါပြဋ္ဌာန်းချက်များနှင့်အညီလိုက်နာဆောင်ရွက် စေရမည်။

**ပြည်ပကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်း**

**၄၃။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်းစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း**

(က) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခုခုသည် ဤအခန်းအရ မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံတော်အတွင်း စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် ကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခုခုသည် နိုင်ငံတော်အတွင်း အောက်ပါတို့ကို ပြုလုပ် ဆောင်ရွက်ခြင်း ရှိကာမျှနှင့် နိုင်ငံတော်

အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်သည်ဟု မှတ်ယူခြင်း မရှိစေရ -

(၁) တရားစွဲဆိုမှုတစ်ရပ်တွင် အမှုသည်တစ်ဦး ဖြစ်ခြင်း သို့မဟုတ် ဖြစ်လာခြင်း၊ သို့မဟုတ် တရားစွဲဆိုမှုတစ်ရပ် သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် အငြင်းပွားမှု တစ်ရပ်ကို ဖြေရှင်းခြင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာများ သို့မဟုတ် အစုရှယ်ယာရှင်များ၏ အစည်းအဝေးများကို ကျင်းပခြင်း သို့မဟုတ် ၎င်းတို့၏ အဖွဲ့အစည်းအတွင်းပိုင်း စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၃) ဘဏ်ငွေစာရင်းတစ်ခု ဖွင့်လှစ်ထားရှိခြင်း၊ သို့မဟုတ်

(၄) သီးခြားကန်ထရိုက်တာတစ်ဦးမှ တစ်ဆင့်ပစ္စည်းများ ရောင်းချမှုကို ပြုလုပ်ခြင်း၊ သို့မဟုတ်

(၅) လုပ်ငန်းလက်ခံရရှိခြင်း တစ်ရပ်သည် နိုင်ငံတော်၏ ပြင်ပတွင် လက်ခံရရှိခဲ့မှသာလျှင် စည်းနှောင်မှုရှိသော ပဋိညာဉ်စာချုပ်တစ်ရပ် ဖြစ်လာမည့် လက်ခံခြင်း သို့မဟုတ် ရရှိခြင်း၊ သို့မဟုတ်

(၆) ငွေကြေးများ ချေးပေးခြင်း၊ ကြွေးမြီသက်သေခံချက် ပြုလုပ်ခြင်း သို့မဟုတ် ပစ္စည်းများအပေါ်တွင် ကြွေးမြီတာဝန်တင်ရှိခြင်း၊ သို့မဟုတ်

(၇) ယင်း၏ကြွေးမြီများမှ တစ်ရပ်ရပ်ကို ရရှိခြင်း သို့မဟုတ် တောင်းယူခြင်း သို့မဟုတ် အဆိုပါ ကြွေးမြီများနှင့် စပ်လျဉ်းသည့် ငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို အတည်ပြု ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၈) အခါအားလျော်စွာ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည့် အလားတူ လုပ်ငန်းဆောင်ရွက်မှုများ မဟုတ်သည့် ရက်ပေါင်း (၃၀) ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် သီးခြားလုပ်ငန်း ဆောင်ရွက်ချက်တစ်ရပ်ကို ပြုလုပ်ခြင်း၊ သို့မဟုတ်

(၉) ယင်း၏ရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ပစ္စည်းများကို ထိန်းသိမ်းထားခြင်း။

(ဂ) နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများကို ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခုခုက ဆောင်ရွက်ခြင်း ရှိမရှိ နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် အခါအားလျော်စွာ လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည်။ သို့ရာတွင် အဆိုပါ လမ်းညွှန်ချက်များသည် ဤ ပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ မိမိ၏ တွေ့ရှိချက်အရသော်လည်းကောင်း အလားတူ အခြေအနေတွင် ကော်ပိုရေးရှင်းတစ်ခုခုကိုဖြစ်စေ သို့မဟုတ် ကော်ပိုရေးရှင်း အမျိုးအစားတစ်ရပ်ရပ်ဖြစ်စေ နိုင်ငံတော်အတွင်း စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း ရှိမရှိကို သတ်မှတ်ဖော်ပြထားနိုင်သည်။

**၄၄။ ပြည်ပကော်ပိုရေးရှင်း၏အမည်**

(က) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်

စေနိုင်သည့် မှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲအဖွဲ့အစည်းတစ်ခု၏ အမည်နှင့် တူညီသော အမည် ကိုသော်လည်းကောင်း၊ ထိုအမည်နှင့် ဆင်တူသော အမည်ကို သော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန်ဆောင်ရွက်နေသည့် အမည်အား အသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင် အရာရှိထံတင်ပြနိုင်သည့် အခါမှတစ်ပါးမှတ်ပုံတင် ဆောင်ရွက်ခြင်းမပြုရ။ ပြည်ပ ကော်ပိုရေးရှင်းတွင် ဖြစ်ပေါ်လာနိုင်သည့် ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်စေရန် အတွက် ယင်း၏အမည်တွင် ယင်းနိုင်ငံ သို့မဟုတ် အခြားခွဲခြား သိမြင်နိုင်သည့် စာသား သို့မဟုတ် စကားရပ်များကို ထည့်သွင်း ဖော်ပြနိုင်သည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲရန် ပြုလုပ်သည့် အခါ အမည်ပြောင်းလဲ ပြီးနောက် (၂၈)ရက်အတွင်း အမည်ပြောင်းရန် တင်ပြရမည့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ ဤပုဒ်မ ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် လိုအပ်သော ပြောင်းလဲချက်များ အားလုံးနှင့် အတူ အမည်ပြောင်းလဲမှုတစ်ရပ်အား မှတ်ပုံတင်ရာတွင် သက်ဆိုင် စေရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့်အညီ အမည်ပြောင်းလဲမှုအား မှတ်ပုံတင် ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ မှတ်ပုံတင်ထားသော အမည်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက် လိုအပ်ပါက အဆိုပါအမည်အား ပြောင်းလဲစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါ ပြည်ပကော်ပို ရေးရှင်းသည် မှတ်ပုံတင်အရာရှိက ညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ (၂)လ အတွင်း ယင်း၏မှတ်ပုံတင်ထားသည့် အမည်ကို ပြောင်းလဲရန် လိုအပ်သည့် အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၅။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၄၄ တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ် ကိုလိုက်နာရန် ပျက်ကွက်လျှင် အဆိုပါကော်ပိုရေးရှင်း၊ ဒါရိုက်တာအားလုံးနှင့် အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိများသည် ပြစ်ဒဏ် ပမာဏ (၃) ခုထက် မပိုသော ဒဏ်ငွေအဖြစ် ပေးဆောင်ရန် တာဝန်ရှိသည်။

၄၆။ **လုပ်ငန်းဆောင်ရွက်မှုများ တရားဝင်ဖြစ်ခြင်း**

ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၄၃ သို့မဟုတ် ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်အား လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းအား အဆိုပါ ပြည်ပကော်ပိုရေးရှင်းမှ ချုပ်ဆို ဆောင်ရွက် ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်၏ တရားဝင်မှုသို့မဟုတ်အတည်ပြုနိုင်မှုတို့အား ထိခိုက်စေခြင်း မရှိစေရ။

၄၇။ **မှတ်ပုံတင်ရန်အတွက် လျှောက်ထားခြင်း**

(က) ဤအပိုင်းအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအား မှတ်ပုံတင်ရန်အတွက် လျှောက် ထားမှုတစ်ရပ်ကို မှတ်ပုံတင်အရာရှိထံပေးပို့တင်ပြရမည်ဖြစ်ပြီး ၎င်းသည်-

(၁) သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လျှောက်ထားခြင်း ဖြစ်ရမည်၊ ၎င်းပြင်

(၂) ပြည်ပကော်ပိုရေးရှင်းကသော်လည်းကောင်း၊ယင်းကိုယ်စားသော်လည်းကောင်း လက်မှတ်ရေးထိုးထားခြင်း ဖြစ်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များအပြင် လျှောက်လွှာတွင်-

(၁) ပြည်ပကော်ပိုရေးရှင်း၏အမည်ကို ဖော်ပြရမည်၊

(၂) လျှောက်လွှာတင်သည့်နေ့တွင် ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများ နှင့် အတွင်းရေးမှူးတို့၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသား နှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်၊

(၃) ပြည်ပကော်ပိုရေးရှင်းမှ ခန့်အပ်ထားသည့် အခွင့်အာဏာ အပ်နှင်းခြင်း

ခံရသောအရာရှိတစ်ဦးကို ခန့်အပ်ထားသည်ဟုဖော်ပြရမည်ဖြစ်ပြီး ၎င်း၏ အမည် အပြည့်အစုံ၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်၊ ၎င်းအရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ ကိုယ်စား နိုင်ငံတော်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းများကို လက်ခံ ဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းခြင်း ခံရသူဖြစ်သည်၊

(၄) အခွင့်အာဏာ အပ်နှင်းခြင်းခံရသောအရာရှိအဖြစ်အမည် ဖော်ပြထားသော ပုဂ္ဂိုလ်သည် ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိအဖြစ် ဆောင်ရွက်ရန်အတွက် စာဖြင့်ရေးသား သဘောတူညီချက် ပြုလုပ်ထားကြောင်း ဖော်ပြရမည်၊

(၅) ပြည်ပကော်ပိုရေးရှင်း၏ နိုင်ငံတော်အတွင်း၌ မှတ်ပုံတင်ထားသော ရုံးခန်း လိပ်စာ အပြည့်အစုံကို ဖော်ပြရမည်၊

(၆) မှတ်ပုံတင်ထားသော ရုံးခန်း လိပ်စာနှင့် ကွဲလွဲခဲ့လျှင် ပြည်ပကော်ပိုရေးရှင်း သည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် နေရာ၏ လိပ်စာအပြည့်အစုံ သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် နေရာ တစ်နေရာထက် ပိုနေပါက အဓိကနေရာ၏ လိပ်စာ အပြည့်အစုံအား ဖော်ပြရမည်၊

(၇) ကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏ မူလနိုင်ငံရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော အဓိကနေရာ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်၊

(၈) လျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များ အားလုံးသည် မှန်ကန်ကြောင်း ပြည်ပကော်ပိုရေးရှင်းမှ တာဝန်ယူထုတ်ဖော်ကြေညာချက် တစ်ရပ် ပါရှိရမည်၊ ၎င်းပြင်

(၉) ပြည်ပကော်ပိုရေးရှင်းကို ဖွဲ့စည်းတည်ထောင်သည့်သက်သေခံအထောက် အထားအား ပူးတွဲတင်ပြရမည့်အပြင် ကော်ပိုရေးရှင်း ဖွဲ့စည်းခြင်းဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူတစ်စောင်၊ ယင်းအား မြန်မာဘာသာဖြင့် ရေးသားထားခြင်း မရှိလျှင် အဆိုပါ ကော်ပိုရေး ရှင်း ကိုယ်စား ဒါရိုက်တာတစ်ဦးက တရားဝင် အတည်ပြုထားသည့် အင်္ဂလိပ် ဘာသာဖြင့် အကျဉ်းချုပ်ဖော်ပြချက်နှင့် မြန်မာဘာသာဖြင့်လည်း ပြန်ဆို ထားသည့် စာရွက်စာတမ်းကိုတင်ပြရမည်။

(ဂ) လျှောက်လွှာတင်သွင်းသည့်အခါ သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင် အရာရှိထံ ပေးသွင်းရမည်။

(ဃ) လျှောက်လွှာ၊ ယင်းနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ၏ မူရင်းကွဲများ နှင့် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)(၄)တွင် ဖော်ပြပါရှိသည့် သဘောတူညီချက်၏ မူရင်းကို အခွင့်အာဏာ အပ်နှင်းခြင်းခံရသောအရာရှိက သိမ်းဆည်းထားရမည် ဖြစ်ပြီး ပြည်ပ ကော်ပိုရေးရှင်း၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရမည်။

၄၈။ ပုဒ်မ ၄၇ အရ လျှောက်ထားရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက်အလက် များအား မှားယွင်းတင်ပြခဲ့ပါက ပြည်ပကော်ပိုရေးရှင်းသည် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၉။ ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာဆောင်ရွက် တင်ပြလာသည့် ပြည်ပကော်ပိုရေးရှင်း လျှောက်လွှာတစ်စောင်အား ၎င်းအနေဖြင့် ဤအခန်းအတွက်ထားရှိသောမှတ်ပုံတင်စာအုပ်၏အပိုင်းတစ်ခုတွင် မှတ်ပုံတင်သွင်း ရမည်။ ၎င်းအပြင် အောက်ပါအချက်များကိုဖော်ပြလျက် မှတ်ပုံတင်ခြင်းဆိုင်ရာ

သက်သေခံ လက်မှတ် တစ်စောင်ကို ထုတ်ပေးရမည် -

(၁) ကော်ပိုရေးရှင်း၏ အမည်၊

(၂) ကော်ပိုရေးရှင်းအား ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်း တစ်ခုအဖြစ် မှတ်ပုံတင် ထားကြောင်း၊

(၃) မှတ်ပုံတင်သည့်နေ့၊

(၄) သတ်မှတ်ဖော်ပြထားသည့် အခြားအကြောင်းအရာများ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံထားကြောင်း ထိန်းသိမ်းထားရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းမှာ ကောင်းမွန်ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းကို သိရှိနိုင်စေရန်အတွက် မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းများ ထပ်မံလိုအပ်သည်ဟု သင့်သည် ထင်မြင်သည်မှအပ ပုဒ်မ ၄၇ တွင် ဖော်ပြ ထား သော သို့မဟုတ် ယင်းပုဒ်မအရ လိုအပ်သော မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အခြား စာရွက်စာတမ်းတစ်စုံတစ်ရာကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အကြောင်းအချက်မှတစ်ပါး တင်ပြရန် လိုအပ်ခြင်းမရှိစေရ။

## ၅၀။ ပြည်ပ ကော်ပိုရေးရှင်းမှ အမည်အား အသုံးပြုခြင်း

နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသော ပြည်ပကော်ပိုရေးရှင်း အားလုံးသည် ၎င်းတို့၏ အမည်အပြည့်အစုံနှင့် ၎င်းတို့အား ဖွဲ့စည်း တည်ထောင်ခဲ့သည့် နိုင်ငံ၏ အမည်တို့ကို အောက်ပါကိစ္စရပ်များတွင် သေချာစေရန်-

(က) ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ကိုယ်စားသော်လည်းကောင်း ပေးပို့ ဆောင်ရွက်သည့် စာဖြင့်ရေးသား ဆက်သွယ် ဆောင်ရွက်မှုများ အားလုံးတွင် ရှင်းလင်းစွာ ဖော်ပြရမည်၊

(ခ) ကော်ပိုရေးရှင်း၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေမည့် သို့မဟုတ် ဖြစ်တည်စေမည့် ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်း များ အားလုံးတွင် ရှင်းလင်းစွာ ဖော်ပြရမည်၊ ၎င်းပြင်

(ဂ) မှတ်ပုံတင်ထားသော ရုံးခန်းနေရာနှင့် နိုင်ငံတော်အတွင်း ပြည်ပ ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အဓိက နေရာတို့၌ ပေါ်လွင်ထင်ရှားစွာ ဖော်ပြထားရမည်။

## ၅၁။ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပြင်ဆင်ခြင်း

နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်သော ပြည်ပကော်ပိုရေးရှင်း တစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ပြောင်းလဲပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းကြား စာကို မှတ်ပုံတင်အရာရှိထံသို့ ရက်ပေါင်း(၂၈)ရက် အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပေးပို့တင်ပြရမည် -

(က) ပြည်ပကော်ပိုရေးရှင်းအား ဖွဲ့စည်းသည့် စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း၊

(ခ) ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများပြောင်းလဲခြင်း သို့မဟုတ် ဒါရိုက်တာများ ၏ အမည်များ သို့မဟုတ် နေထိုင်ရာလိပ်စာများ ပြောင်းလဲခြင်း၊

(ဂ) ပြည်ပ ကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ထိုသို့ ပြည်ပတွင် လုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာ၏ လိပ်စာ ပြောင်းလဲခြင်း၊ သို့မဟုတ်

(ဃ) နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် စီးပွားရေး လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်သည့် အဓိကနေရာလိပ်စာ ပြောင်းလဲခြင်း၊ အဆိုပြုချက် ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို အဆိုပါ လိပ်စာ

ပြောင်းလဲခြင်းမပြုမီ ကြိုတင်ပေးပို့ရမည်။

(င) အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ယင်း၏ လိပ်စာအတွက်သော်လည်းကောင်း၊ ပြည်ပကော်ပိုရေးရှင်း ကိုယ်စား နိုင်ငံတော်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်း ဆောင်ရွက်မှုများ လက်ခံပြုလုပ် ရန်အတွက် အာဏာအပ်နှင်းထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခြင်း သို့မဟုတ် ၎င်း၏ အသေးစိတ် အချက်အလက်များအတွက် သော်လည်းကောင်း ပြောင်းလဲခြင်း၊ ထိုသို့ ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို (၇)ရက် အတွင်း ပေးပို့ရမည်။

**၅၂။** ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက် လျှင် အဆိုပါ ပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာ အပ်နှင်းခြင်းခံရ သောအရာရှိ တို့အားလုံးသည် ပြစ်ဒဏ်ပမာဏ(၅)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင် ရန်တာဝန်ရှိသည်။

**၅၃။ ပြည်ပကော်ပိုရေးရှင်းမှ နှစ်စဉ်တင်ပြဆောင်ရွက်ရမည့်ကိစ္စရပ်များ**

(က) နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်သော ပြည်ပ ကော်ပို ရေးရှင်းအားလုံးသည် အောက်ပါတို့ကို မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်-

(၁) ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး (၂၈) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပြုစုထားသော နှစ်စဉ်အစီရင်ခံစာ နှင့်

(၂) (၁၅)လ ထက်မပိုသော ကာလအတွင်း ဖြစ်ပြီး ပြက္ခဒိန်နှစ်တစ်ခုထက် မကျော် လွန်စေဘဲ -

(ကက) ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည်အထိပြုစုထားသောလက်ကျန် ရှင်းတမ်း (balance sheet)၊

(ခခ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေထွက်ငွေဖော်ပြချက် စာရင်း (Cash Flow Statement) မိတ္တူတစ်စောင် နှင့်

(ဂဂ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်ဖော်ပြချက် စာရင်း (Profit & Loss Statement) မိတ္တူ တစ်စောင်၊

ကော်ပိုရေးရှင်းအနေဖြင့် ၎င်း၏ မူလနိုင်ငံတွင် ဥပဒေအရ ပြုစုတင်ပြရန် လိုအပ်သောပုံစံ၊ ပါဝင်ရမည့် အသေးစိတ်အချက်အလက်များ၊ လိုအပ်သည့် စာရွက်စာတမ်း မိတ္တူများ ပါရှိစေလျက် တင်ပြရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသည့် အတိုင်း ကော်ပိုရေးရှင်းမှာ ၎င်း၏ မူလ နိုင်ငံဥပဒေအရ ဖော်ပြပါစာရွက်စာတမ်းများကို တင်ပြရန် မလိုအပ်ခဲ့လျှင် မှတ်ပုံတင် အရာရှိသည် နိုင်ငံတော်အတွင်း ၎င်း၏စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင်ဖော်ပြပါရှိသည့် ဘဏ္ဍာရေး ဆိုင်ရာ စာရွက်စာတမ်းများ ကို တင်ပြရန် ကုမ္ပဏီအားတောင်းဆိုနိုင်သည်။ ကော်ပိုရေးရှင်းအား ဤဥပဒေအရ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထား သကဲ့သို့ ကော်ပို ရေးရှင်းမှ ပြုစုတင်ပြရန်လိုအပ်သည့် အဆိုပါပုံစံဖြင့်ဖြစ်စေ၊အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ဖြစ်စေ အဆိုပါ စာရွက်စာတမ်းများအား ပြုစု ဆောင်ရွက် ရမည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက် ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိ သည် ပြည်ပ ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း အသေးစားကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်ခြင်းရှိမရှိကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မအရ တင်ပြရမည့် ဘဏ္ဍာရေးဆိုင်ရာ စာရွက် စာတမ်း တစ်ရပ်ရပ်ကို စာရင်းစစ်ဆေးစေခိုင်းနိုင်သည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက် ချမှတ်

ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်း များမှာ နိုင်ငံတော်အတွင်းအသေးစားကုမ္ပဏီတစ်ခုအဖြစ်ဆောင်ရွက်ခြင်းရှိမရှိကို ထည့်သွင်း ဆုံးဖြတ်နိုင်သည်။

၅၄။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၃ ပါ ဆောင်ရွက်ရမည့် အချက်များအား လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် အဆိုပါ ပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့် အာဏာ အပ်နှင်းခြင်းခံရသောအရာရှိ တို့အားလုံးသည် သက်ဆိုင်ရာ ချိုးဖောက်မှု တစ်ရပ်စီ အတွက် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၅၅။ နိုင်ငံတော်အတွင်း၌ စီးပွားရေး လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုအား ရပ်စဲသည့် ပြည်ပ ကော်ပိုရေးရှင်း**

(က) နိုင်ငံတော်အတွင်း၌ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်မှုအား ရပ်စဲပြီး (၂၁) ရက်အတွင်း ထိုသို့ ရပ်စဲမှုအား သတ်မှတ် ဖော်ပြထားသည့်ပုံစံတွင် ဖော်ပြလျက် အကြောင်းကြားချက် တစ်ရပ်ကို တင်ပြ ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည်အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက် များကို ပြည်ပကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ခြင်းရှိကြောင်း မှတ်ပုံတင် အရာရှိက ယုံကြည်သည့်အခါ မှတ်ပုံတင်စာရင်းမှ အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အမည်ကို ပယ်ဖျက်ရမည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ခြင်း မရှိကြောင်း မှတ်ပုံတင်အရာရှိက သင့်လျော်သည့် အကြောင်းဖြင့် ယုံကြည်သည့်အခါ မှတ်ပုံတင်အရာရှိသည် ထိုသို့ တွေ့ရှိချက်များကို ဖော်ပြလျက် အကြောင်းကြားစာ တစ်စောင်အား ပြည်ပကော်ပိုရေးရှင်းထံသို့ ပေးပို့နိုင်သည်။ ထိုအကြောင်းကြားစာတွင် ပေးပို့သည့် နေ့မှ (၂၈) ရက်အတွင်း အကျိုးအကြောင်း တစ်စုံတစ်ရာ ဖော်ပြပြန်ကြားလာခြင်း မရှိခဲ့လျှင် ယင်းပြည်ပကော်ပိုရေးရှင်း၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းအတွက် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ကြေညာမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေး လုပ်ငန်းကို ဆက်လက် လုပ်ကိုင် ဆောင်ရွက်နေကြောင်း ပြန်ကြားချက်ကို အကြောင်းကြားစာ ပေးပို့သည့် နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင် အရာရှိက လက်ခံရရှိခြင်း မရှိခဲ့လျှင် မှတ်ပုံတင် အရာရှိသည်အကြောင်းကြားစာတစ်စောင်အားထပ်မံပေးပို့နိုင်ပြီးနိုင်ငံတော်ပြန်တမ်း တွင်လည်း ထည့်သွင်း ဖော်ပြနိုင်သည်။ ယင်းအကြောင်းကြားစာတွင် အကြောင်း ကြားစာ ပေးပို့သည့်နေ့မှ (၃)လ ကုန်ဆုံး သည့်အခါ ယင်း ပြည်ပကော်ပိုရေးရှင်း၏ အမည်အား အခြားသော ထည့်သွင်း စဉ်းစားရမည့်အချက်များ မပေါ်ပေါက်ခဲ့လျှင် မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်မည် ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) အရ ပေးပို့သည့်အကြောင်းကြားစာတွင် ဖော်ပြပါရှိ သည့် ကာလ ကုန်ဆုံးသည့်အခါ မှတ်ပုံတင်အရာရှိသည် အခြားသော ထည့်သွင်း စဉ်းစား ရမည့် အချက်များ မပေါ်ပေါက်ခဲ့လျှင် ပြည်ပကော်ပိုရေးရှင်း၏ အမည် အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး ထိုသို့ပယ်ဖျက်သည့် အကြောင်းကြားစာ ကို နိုင်ငံတော်ပြန်တမ်း တွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် အပိုင်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်စာရင်း ရှင်းလင်း ဖျက်သိမ်းရေးအရာရှိက ပေးပို့သည့် အကြောင်းကြားစာကို လက်ခံ ရရှိပြီး နောက် ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(စ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏ မူလနိုင်ငံတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရန် စတင်ပြုလုပ်လျှင် သို့မဟုတ် ဖျက်သိမ်းခဲ့လျှင် သို့မဟုတ် မှတ်ပုံတင်

ထားခြင်းမှ ပြန်လည် ပယ်ဖျက်ခဲ့လျှင် -

(၁) အဆိုပါနေ့မှ (၂၈) ရက်အတွင်း အခွင့်အာဏာအပ်နှင်းခြင်း ခံရသော အရာရှိသည် ဖော်ပြပါအကြောင်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်သည့်အခါ ထိုသို့ ခန့်အပ်ကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိ သို့ ပေးပို့ တင်ပြရမည့်အပြင်

(၂) တရားရုံးသည် ပြည်ပကော်ပိုရေးရှင်း၏ မူလနိုင်ငံအတွက် တာဝန် ပေးထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မှတ်ပုံတင် အရာရှိမှ လျှောက်ထားတင်ပြလာလျှင် ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးကို နိုင်ငံတော်အတွင်း၌ ခန့်အပ်ပေးရမည်။

(ဆ) ပြည်ပကော်ပိုရေးရှင်းအား ဖျက်သိမ်းပြီးကြောင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပြန်လည် ပယ်ဖျက်ပြီးကြောင်း အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိက တင်ပြအကြောင်းကြားခြင်းကို မှတ်ပုံတင် အရာရှိ ကလက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းမှ အဆိုပါ ပြည်ပ ကော်ပိုရေးရှင်း၏အမည်ကို ပယ်ဖျက်ရမည်။

(ဇ) တရားရုံးက ခန့်အပ်တာဝန်ပေးအပ်သည့် ပြည်ပ ကော်ပိုရေးရှင်း တစ်ခု၏ စာရင်း ရှင်းလင်း ဖျက်သိမ်းရေးအရာရှိ သည် -

(၁) ပြည်ပကော်ပိုရေးရှင်း၏ ပစ္စည်းများကို ခွဲဝေခြင်းတစ်ရပ်ရပ် မပြုလုပ်မီ သင့်လျော်သည့် အချိန်ကာလအတွင်း နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေ ဖြန့်ဖြူး လျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ကြေညာခြင်းဖြင့် မြီရှင် များ အားလုံးက ပြည်ပကော်ပိုရေးရှင်းအပေါ် တောင်းဆိုမှုများပြုလုပ်နိုင်ရန် အတွက် ဖိတ်ခေါ်ရမည်၊

(၂) တရားရုံး၏အမိန့်တစ်ရပ်မပါရှိဘဲ ပြည်ပကော်ပိုရေးရှင်း၏ အခြားမြီရှင် တစ်ဦးကို နှုတ်ပယ်၍ မြီရှင်တစ်ဦးသို့ ငွေပေးချေခြင်း မပြုရ၊ ၎င်းပြင်

(၃) တရားရုံး၏ အမိန့်တစ်ရပ်ရပ်ဖြင့် အခြားနည်းဖော်ပြထားခြင်း မရှိလျှင် နိုင်ငံတော်အတွင်းရှိ ပြည်ပကော်ပိုရေးရှင်း၏ ပစ္စည်းများကို ပြန်လည် ရယူခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်၍ ယင်း၏ မူရင်းနိုင်ငံတွင် တာဝန် ပေးထားသော ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံသို့ အထက်ပါအတိုင်း ရယူရောင်းချသည့် ပစ္စည်းများ၏ အသားတင် ငွေပမာဏကို ပေးချေရမည်။

(ဈ) ပြည်ပကော်ပိုရေးရှင်းတစ်ခုအား ယင်း၏ပစ္စည်းများသည် နိုင်ငံတော်အတွင်း ဖျက်သိမ်းသည့်အခါ မူရင်းနိုင်ငံအတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ခန့်အပ်ထားခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဇ)အရ ပြန်လည်ရရှိသည့် ငွေပမာဏအား ပေးချေနိုင်ရန်အတွက် အမိန့် တစ်ရပ် ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြ လျှောက်ထားနိုင်သည်။

**၅၆။ ဤဥပဒေအရ မှတ်ပုံတင်ထားသော ပြည်ပကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ ပေးပို့ဆောင်ရွက်ခြင်း**

(က) စာရွက်စာတမ်းတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ပကော်ပို ရေးရှင်း တစ်ခုထံသို့ ပေးပို့ဆောင်ရွက်ရမည် -

(၁) နိုင်ငံတော်အတွင်းရှိ အဆိုပါ ပြည်ပ ကော်ပိုရေးရှင်း၏ မှတ်ပုံတင် ထားသော ရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော် လည်းကောင်း

ပေးပို့ခြင်းဖြင့်ဖြစ်စေ၊

(၂) အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်း ခံရသော အရာရှိ၏ လိပ်စာသို့ လူကိုယ်တိုင် သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊

အဆိုပါကိစ္စ တစ်ရပ်စီတွင် ဤဥပဒေနှင့်အညီ အကြောင်းကြား ဖော်ပြထားသည့် လိပ်စာသို့ ပေးပို့ ဆက်သွယ် ဆောင်ရွက်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်ခြင်းကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများ သည် နိုင်ငံတော်အတွင်း နေထိုင်ကြလျှင် စာရွက် စာတမ်း တစ်ရပ်အား ပြည်ပကော်ပိုရေးရှင်းသို့ ပေးပို့ရာတွင် အနည်းဆုံး ဖော်ပြပါ ဒါရိုက်တာ နှစ်ဦးထံသို့ စာရွက်စာတမ်း မိတ္တူတစ်စောင်စီကို တရားဝင်ပေးပို့ ဆောင်ရွက်ပေးခြင်းဖြင့် ပြုလုပ်နိုင်သည်။

(ဂ ) ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တင်ပြထားသည့် အကြောင်းကြားစာရှိ နောက်ဆုံးရုံးခန်းလိပ်စာသို့ စာရွက်စာတမ်းအား လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပြည်ပကော်ပိုရေးရှင်းသို့ တရားဝင် ပေးပို့ ဆောင်ရွက်နိုင်သည်။

(ဃ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့ စာရွက်စာတမ်းများ ပေးပို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ဖော်ပြပါရှိသောအခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ထိုသို့ဆောင်ရွက်ခွင့်ပြုနိုင်သော တရားရုံး၏အခွင့်အာဏာကို ထိခိုက်စေခြင်း မရှိစေရ။

**အခန်း (၁၀) ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း**

**၅၇။ ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် အမျိုးအစား ပြောင်းလဲရန် အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ အခြားသော အမျိုးအစားတစ်ရပ်ရပ်သို့ ပြောင်းလဲနိုင်သည်။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း ပြောင်းလဲ ဆောင်ရွက်နိုင်သည်-

(၁) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း၊

(၂) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသို့ပြောင်းလဲခြင်း၊

(၃) ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုမှအများနှင့်သက်ဆိုင် သောသို့မဟုတ် အများနှင့်မသက်ဆိုင်သောကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်းနှင့်

(၄) တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သောကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း။

**၅၈။ အမျိုးအစားပြောင်းလဲရန်အတွက်လျှောက်ထားခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအမျိုးအစား ပြောင်းလဲရန်အတွက် လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အောက်ပါအချက်အလက်များနှင့်တကွ မှတ်ပုံတင်အရာရှိထံသို့ တင်ပြလျှောက်ထားရမည် -

(၁) ကုမ္ပဏီ၏ အမျိုးအစားအသစ်နှင့် အမည် ပြောင်းလဲမှု ပြုလုပ်ခဲ့လျှင် ကုမ္ပဏီ၏ အမည်သစ်နှင့် ကုမ္ပဏီ၏ အမျိုးအစားအသစ် ပြောင်းလဲ ပြင်ဆင်ရန် ဆုံးဖြတ်သည့် အထူးဆုံးဖြတ်ချက်ကို တရားဝင် ချမှတ်ပြီး ဖြစ်ကြောင်း အတည်ပြု ဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်၊

(၂) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ရှိခဲ့လျှင် ၎င်းကို ပြင်ဆင်ရန် ဆုံးဖြတ်သည့် အထူးဆုံးဖြတ်ချက်ကို တရားဝင်ချမှတ်ပြီးဖြစ်ကြောင်းနှင့် နောက်ဆက်တွဲ ဇယားတွင် ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပုံစံနှင့် မတူညီသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ရပ်အား ကုမ္ပဏီက အသုံးပြုရန် ရည်ရွယ်သည့်အခါ ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏

မိတ္တူတစ်စောင်ကို အတည်ပြုဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်၊

(၃) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြထားသည့် ကုမ္ပဏီ၏ အသေးစိတ် အချက်အလက်များ၌ ကုမ္ပဏီ အမျိုးအစား ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အခြားသော ပြောင်းလဲမှု တစ်ရပ်ရပ်ကို ဖြည့်စွက်ဖော်ပြထားသည့်ရေးသားဖော်ပြချက် နှင့်

(၄) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုမှ အများနှင့် သက်ဆိုင်သော သို့မဟုတ် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်းကိစ္စရပ်အတွက်-

(ကက) ကုမ္ပဏီ၏ ဒါရိုက်တာများက အမျိုးအစားပြောင်းလဲခြင်းကြောင့် မြီရှင်များအတွက် ကြီးမားစွာ ထိခိုက် ခြင်းမရှိဟု ယူဆကြောင်း နှင့် ထိုသို့ယူဆရသည့် အကြောင်းပြချက်များ ပါရှိသော ရေးသား ဖော်ပြချက် တစ်စောင် နှင့်

(ခခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခု တွင် အစုရှယ်ယာမတည်ငွေရင်း မရှိပါက ပုဒ်မ ၆ ပုဒ်မခွဲ(ခ) အပိုဒ်(ဇ) အရ လိုအပ်သည့် အချက်အလက်များ ပါရှိသော ရေးသား ဖော်ပြချက်နှင့် အစုရှယ်ယာထုတ်ဝေခြင်းအတွက် အထူးဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်ကြောင်းရေးသားဖော်ပြချက်၊

(ခ) ကုမ္ပဏီသည်ယင်း၏ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကိုပြောင်းလဲရန် မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားကြောင်းကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော် တစ်ဝှမ်းထုတ်ဝေ ဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာ တစ်ခုခုတို့တွင် အသိပေး ကြေညာရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီကထုတ်ပြန်သည့် ကြေညာချက်တွင် နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြပြီးနောက် (၂၈) ရက်အတွင်း မှတ်ပုံတင် အရာရှိသည် ကုမ္ပဏီကတင်ပြသည့် လျှောက်ထားမှုကို ပုဒ်မခွဲ (က) နှင့်အညီ ဖြစ်ကြောင်း ကျေနပ်လက်ခံပြီး တရားရုံး၏ အမိန့်တစ်ရပ်ရပ် အရတားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို ပြောင်းလဲပေးမည် ဖြစ်ကြောင်းဖော်ပြ ပါရှိစေရမည်။

(ဃ) (၂၈) ရက်အတွင်း တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်ရပ် မရှိခဲ့လျှင် ပုဒ်မခွဲ (က) နှင့်အညီဖြစ်ကြောင်း ကုမ္ပဏီကတင်ပြသည့် လျှောက်ထားမှုကို ကျေနပ် လက်ခံပြီး (၂၈) ရက် ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ အမျိုးအစား အသစ်နှင့် သက်ဆိုင်သော ကုမ္ပဏီ၏ အသေးစိတ် အချက်အလက်များကို မှတ်ပုံတင်

စာရင်း၌ ပြောင်းလဲပေးရမည်။

(င) ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းနှင့် ဆိုင်သော အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်အရာရှိမှမှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးသည့်အခါ ဤပုဒ်မအရကုမ္ပဏီ အမျိုးအစား ပြောင်းလဲမှုသည် အကျိုးသက်ရောက်စေရမည်။ မှတ်ပုံတင်အရာရှိ သည် ကုမ္ပဏီ မှတ်ပုံတင်ခြင်းဆိုင်ရာအသေးစိတ်အချက်အလက်များကို မှတ်ပုံတင် စာရင်း၌ပြောင်း လဲပြီးနောက် မှတ်ပုံတင်သက်သေခံ လက်မှတ် အသစ်တစ်ခုကို ကုမ္ပဏီသို့ ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်ကို ဤပုဒ်မအရ ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံ လက်မှတ်တွင် ဖော်ပြထားသော အမည်အတိုင်း ဖြစ်စေရမည်။

**၅၉။ ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်းသည်-

(၁) ဥပဒေအရ ရပ်တည်နိုင်သည့်အဖွဲ့အစည်း အသစ်တစ်ရပ် ပေါ်ပေါက်လာခြင်း မရှိစေရ၊

(၂) ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် ဆောင်ရွက်နိုင်သည့်ကိစ္စရပ်တွင် ကုမ္ပဏီတွင် ပါဝင်သူများအပေါ် သတ်မှတ်သည့်ကိစ္စရပ်မှအပ ကုမ္ပဏီ၏ လက်ရှိပစ္စည်း များ၊ အခွင့်အရေးနှင့် တာဝန်များကို ထိခိုက်ခြင်း မရှိစေရ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများက သော်လည်းကောင်း၊ ၎င်းတို့ အပေါ်တွင်လည်းကောင်း ဆောင်ရွက်နေသည့် တရားစွဲဆိုမှုများကို ထိခိုက် စေခြင်းမရှိစေရ။

(ခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီမှ အစုရှယ်ယာအားဖြင့် တာဝန် ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ်သို့ ပြောင်းလဲသည့်အခါတွင်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အာမခံသူအဖြစ် ကုမ္ပဏီတွင် ပါဝင်သူနှင့် ယခင်က ပါဝင်ခဲ့သူများ၏ တာဝန်ရှိမှုသည် ရပ်စဲပြီး ဖြစ်စေရမည်။

(၂) အာမခံချက်ပေးခြင်း သို့မဟုတ် အာမခံချက်ပေးရန် သဘောတူခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူ ဖြစ်လာသော ပုဂ္ဂိုလ်သည် ကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲသည်။ သို့ရာတွင် ယင်းတို့သည် ကုမ္ပဏီမှ အစုရှယ်ယာများ ထုတ်ယူ ပါက ယင်းတို့သည် ကုမ္ပဏီ တွင်ပါဝင်သူများအဖြစ် ဆက်လက်ရှိနေမည် ဖြစ်သည်။

(၃) ပုဒ်မ ၅၈ ပုဒ်မခွဲ(က) အပိုဒ်(၄) အပိုဒ်ခွဲ(ခခ) အရဆောင်ရွက်ရန် လိုအပ် သည့် ရေးသား ဖော်ပြ ချက်တွင် ထည့်သွင်းဖော်ပြရန် လိုအပ်သော ကုမ္ပဏီ တွင် ပါဝင်သူများ၏ စာရင်း၌ သတ်မှတ်ထားသောပုဂ္ဂိုလ် တစ်ဦးဦးသို့ အစုရှယ်ယာများအား ထုတ်ဝေမည်ဆိုလျှင် အောက်ပါကိစ္စရပ်များကို မှတ်ယူရမည် -

(ကက) အစုရှယ်ယာများအား အဆိုပါပုဂ္ဂိုလ်သို့ ထုတ်ပေးထားကြောင်း၊

(ခခ) ထိုပုဂ္ဂိုလ်က ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ဆောင်ရွက်ရန် သဘော တူကြောင်း နှင့်

(ဂဂ) ထိုပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ကြောင်း။

## အပိုင်း (၃)

## ကုမ္ပဏီ၏မတည်ငွေရင်းနှင့် စပ်လျဉ်းသည့် အစုရှယ်ယာများ၊ ယင်းနှင့်သက်ဆိုင်သည့်အကြောင်းအရာများ

**အခန်း (၁၁) အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များ**

**အစုရှယ်ယာမတည်ငွေရင်း**

**၆၀။ အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များအကြောင်း**

(က) ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦးဦး၏ အစုရှယ်ယာများ သို့မဟုတ် အခြား ငွေချေး သက်သေခံ လက်မှတ်များသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာ လျက် ဤဥပဒေအရ သော်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ သော် လည်းကောင်း ပြဋ္ဌာန်းထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် နည်းလမ်းများ နှင့်အညီ လွှဲပြောင်း နိုင်ခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဖြစ်စေရမည်။

(ခ) အစုရှယ်ယာတစ်ခုတွင်အမည်ခံတန်ဖိုး သို့မဟုတ် မူရင်းတန်ဖိုးတစ်ရပ်ပါရှိရန် မလို။

**၆၁။ အစုရှယ်ယာများနှင့် ဆက်စပ်ပါရှိသော အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်များ**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ တစ်ခုသည် အဆိုပါ အစုရှယ်ယာ အား ပိုင်ဆိုင်သူသို့ အောက်ပါ အခွင့်အရေးများကို ရရှိစေရမည် -

(၁) ကုမ္ပဏီ၏ အစည်းအဝေး တစ်ခုတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဆန္ဒမဲကောက်ယူရာ၌ ဆန္ဒမဲတစ်မဲ ပေးနိုင်ခွင့်၊

(၂) အမြတ်ဝေစု ခွဲဝေရာတွင် တူညီသည့်အချိုးအတိုင်း ရရှိခွင့်နှင့်

(၃) ကုမ္ပဏီ၏ ပိုင်ဆိုင်သည့် ပစ္စည်းများအား ခွဲဝေပေးရာတွင် တူညီသည့် အချိုးအတိုင်း ရရှိခွင့်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင်ဖော်ပြထားသော အခွင့်အရေးများကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ၏ စည်းမျဉ်းတွင်ဖြစ်စေ၊ အစုရှယ်ယာများထုတ်ဝေခြင်းအတွက် သတ်မှတ်ထား သော စည်းကမ်းချက်များတွင်ဖြစ်စေ ငြင်းပယ်ခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်သည်။

**၆၂။ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံ လက်မှတ်များ အမျိုးအစားများ**

(က) အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေရန် နှင့် အဆိုပါအစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များအား သတ်မှတ်ရန်အတွက် ကုမ္ပဏီတစ်ခု၏ အခွင့် အာဏာများတွင် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ ကုမ္ပဏီ ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာ ထုတ်ဝေသည့် စည်းကမ်းချက်များ အရဖြစ်စေ အောက်ပါအစုရှယ်ယာများကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာများလည်း ပါဝင်သည် -

(၁) အစုရှယ်ယာအမျိုးအစား အမျိုးမျိုး၊

(၂) ပြန်လည်ရွေးနုတ်ရယူနိုင်သော အစုရှယ်ယာများ၊

(၃) မတည်ငွေရင်း ခွဲဝေခြင်း သို့မဟုတ် ဝင်ငွေပေးဝေခြင်းနှင့် သက်ဆိုင်သော ဦးစားပေး သို့မဟုတ် ကန့်သတ်ထားသည့် အခွင့်အရေးများ ပါရှိသော

အစုရှယ်ယာများ၊

(၄) အထူးမဲပေးနိုင်သည့် သို့မဟုတ် ကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက်ထားရှိသော မဲပေးနိုင်သည့်အခွင့်အရေးများ ပါရှိသည့် အစုရှယ်ယာများ နှင့်

(၅) မဲပေးနိုင်သည့် အခွင့်အရေး မပါရှိသော အစုရှယ်ယာများ။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာ ထုတ်ဝေသည့် စည်းကမ်းချက်များ အရဖြစ်စေ ကုမ္ပဏီသည် အောက်ပါတို့ကိုလည်း ထုတ်ဝေနိုင်သည် -

(၁) အစုရှယ်ယာရယူရန်အတွက် အော့ပ်ရှင်(option) များ၊

(၂) အစုရှယ်ယာများအဖြစ် ပြောင်းလဲနိုင်သည့် အခြားငွေချေး သက်သေခံလက်မှတ်များ နှင့်

(၃) အခြားသောအကျိုးခံစားခွင့်များ။

**အစုရှယ်ယာ ထုတ်ဝေခြင်း**

**၆၃။ အစုရှယ်ယာများ ထုတ်ဝေခြင်း**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ဤဥပဒေနှင့် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ် တို့နှင့်အညီ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို မည်သည့်အချိန်တွင်မဆို ဒါရိုက်တာအဖွဲ့ဝင်များကသင့်သည် ထင်မြင်သော စည်းကမ်းချက်များအား သတ်မှတ်၍ ပုဂ္ဂိုလ်တစ်ဦးဦးသို့ ထုတ်ဝေ ရောင်းချနိုင်သည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ငွေပေးချေရန် ထုတ်ဝေရောင်းချနိုင်သည်။ အစုရှယ်ယာများကို တစ်စိတ်တစ်ဒေသအားဖြင့် ငွေပေးချေပြီး ထုတ်ဝေ ရောင်းချခဲ့လျှင် အစုရှယ်ယာထုတ်ဝေသည့် စည်းကမ်းချက်၌ မည်သည့်အချိန်တွင် ငွေပေးချေစေရန် တောင်းခံမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာရှင်သည် အဆိုပါ တောင်းခံသည့် ငွေအားပေးချေရန် တာဝန်ရှိကြောင်းဖော်ပြ ပါရှိစေရမည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဒါရိုက်တာများသည် ကုမ္ပဏီ၏ မတည်ငွေရင်းကို အစုရှယ်ယာများ ထပ်မံထုတ်ဝေ ရောင်းချခြင်းဖြင့် တိုးမြှင့်ရန် ဆုံးဖြတ်သည့်အခါ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပိုင်ဆိုင်ထားသည့် လက်ရှိ အစုရှယ်ယာအချိုးအစား အားဖြင့် မည်သည့်အစုရှယ်ယာအမျိုးအစားဖြစ်စေ အဆိုပါ အစုရှယ်ယာများကို ၎င်းတို့မှ ဝယ်ယူ ကမ်းလှမ်းနိုင်ရန် ထည့်သွင်း ဖော်ပြနိုင်သည်။

**၆၄။ ထုတ်ဝေသည့် အစုရှယ်ယာများအားတန်ဖိုးသတ်မှတ်ခြင်း**

(က) ထုတ်ဝေရောင်းချမည့် အစုရှယ်ယာများအတွက် တန်ဖိုးကို ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထား သည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့် မပြုလုပ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာအဖွဲ့သည် -

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ်ဖော်ပြချက်များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင် ထားရှိရမည်။

(၂) ထုတ်ဝေရောင်းချခြင်းအတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိငွေတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီးထိုသို့သတ်မှတ်ဆောင်ရွက်မှုနှင့်

အကဲဖြတ်မှု အခြေခံများကို မှတ်တမ်းတင်ထားရှိရမည်။ ၎င်းပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ချက် ချမှတ် ခဲ့လျှင် တန်ဖိုး သတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(ကက) အစုရှယ်ယာများကို ထုတ်ဝေ ရောင်းချရန် အတွက် တန်ဖိုး သတ်မှတ်ချက်နှင့် စည်းကမ်းချက်များသည် ကုမ္ပဏီနှင့် ယင်းတွင် တည်ဆဲပါဝင်သူများအတွက် သင့်လျော်မျှတမှု ရှိကြောင်း၊

(ခခ) အဆိုပါ တန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည် အစုရှယ်ယာ များအား ထုတ်ဝေရောင်းချခြင်းအတွက်ရရှိမည့် ဝင်ငွေပမာဏထက် မလျော့နည်းကြောင်း တွေ့ရှိရလျှင်။

(ဂ) အစုရှယ်ယာများ ထည့်ဝင်မှုနှင့် ထုတ်ဝေမှု အတွက် တန်ဖိုးကို ငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့် စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ် စာချုပ်တစ်ရပ်ရပ်ကို သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည် ဖြစ်ပြီး ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၅။ ပုဒ်မ ၆၄၏ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သည့် ဒါရိုက်တာ တစ်ဦးဦးစီ သည် ပြစ်ဒဏ် ပမာဏ (၅) ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၆၆။ ငွေသားဖြင့် မပြုလုပ်ဘဲတန်ဖိုးသတ်မှတ်ခြင်းနှင့်သက်ဆိုင်သည့်ခြွင်းချက်ကိစ္စရပ်များ**

ပုဒ်မ ၆၄ ၏ ပုဒ်မခွဲ(ခ) သည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) ကုမ္ပဏီ၏ ရှယ်ယာများကိုရယူရန် အော့ပ်ရှင် (option) တစ်ခုခုကို ကျင့်သုံး ဆောင်ရွက်ခြင်း၊

(ခ) ကုမ္ပဏီ၌ အစုရှယ်ယာများအဖြစ်သို့ ပြောင်းလဲနိုင်သည့် အခြားငွေချေးသက်သေခံ လက်မှတ်များကို ပြောင်းလဲသတ်မှတ်ခြင်း၊

(ဂ) ကုမ္ပဏီ၏ သီးသန့်ဘဏ္ဍာငွေမှ အပြည့်အဝ ပေးချေထားသည့် အစုရှယ်ယာများကို တူညီသော အစုရှယ်ယာအမျိုးအစားအား ပိုင်ဆိုင်ထားသည့်ပါဝင်သူအားလုံးထံသို့ ၎င်းတို့၏ အစုရှယ်ယာ အရေအတွက် အချိုးအစားဖြင့် အစုရှယ်ယာများအား ထုတ်ဝေ ရောင်းချခြင်း၊

(ဃ) ကုမ္ပဏီရှိအစုရှယ်ယာများသို့မဟုတ်အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်တို့အားအဆိုပါ အစုရှယ်ယာများ သို့မဟုတ် အဆိုပါအမျိုးအစားရှိ အစုရှယ်ယာများနှင့် တူညီသည့် အချိုးအစား အားဖြင့် စုပေါင်းခြင်းနှင့် ပိုင်းခြားခြင်း၊

(င) ကုမ္ပဏီရှိအစုရှယ်ယာများ သို့မဟုတ် အမျိုးအစားတစ်ရပ်ရပ်ရှိ အစုရှယ်ယာတို့အား အဆိုပါ အစုရှယ်ယာများ သို့မဟုတ် အဆိုပါအမျိုးအစားရှိ အစုရှယ်ယာများနှင့် တူညီသည့် ရှယ်ယာအချိုးအစားအားဖြင့် ထပ်ဆင့်ပိုင်းခြားခြင်း။

**၆၇။ လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်း**

(က) ကုမ္ပဏီ၏ အစုရှယ်ယာများ ရယူရန်အတွက် အော့ပ်ရှင် (option) များ သို့မဟုတ် အခြား လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များအား ထုတ်ဝေ ရောင်းချ မည့် တန်ဖိုးကို ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များ အတွက် သို့မဟုတ် အဆိုပါအော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေး

သက်သေခံ လက်မှတ်များဖြင့် နောင်တွင် လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများ အတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့်မပြုလုပ်ဘဲ အခြား တစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာ အဖွဲ့သည် -

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ် ဖော်ပြချက် များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင်ထားရှိရမည်၊

(၂) အော့ပ်ရှင် (option) များ၊ လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များ၊ အဆိုပါ အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေး သက်သေခံ လက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစု ရှယ်ယာများတို့ အတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိ ငွေတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့ သတ်မှတ်ဆောင်ရွက်မှုနှင့် အကဲဖြတ်မှု အခြေခံများကို မှတ်တမ်းတင်ထား ရှိရမည်၊ ၎င်းပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့လျှင် တန်ဖိုး သတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(ကက) အော့ပ်ရှင်(option)များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေး သက်သေခံလက်မှတ်များ သို့မဟုတ် အဆိုပါ အော့ပ်ရှင် (option) နှင့် ငွေချေးသက်သေခံလက်မှတ်များဖြင့် နောင်တွင် လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာတို့အတွက် တန်ဖိုးသတ်မှတ် ချက်များ၊ စည်းကမ်းချက်များသည် ကုမ္ပဏီနှင့် ယင်းကုမ္ပဏီတွင် တည်ဆဲ ပါဝင်သူများ အတွက် သင့်လျော် မျှတမှု ရှိကြောင်းနှင့်

(ခခ) အဆိုပါ တန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည် အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အစုရှယ်ယာများ အား ထုတ်ဝေရောင်းချခြင်း အတွက် ရရှိမည့် ဝင်ငွေပမာဏ ထက် မလျော့နည်းကြောင်း။

(ဂ) အော့ပ်ရှင်(option)များ သို့မဟုတ် အခြား လဲလှယ်နိုင်သော ငွေချေး သက်သေခံ လက်မှတ်များ ထည့်ဝင်မှုနှင့် ထုတ်ဝေမှုအတွက် တန်ဖိုးကို ငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့် စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ် စာချုပ်တစ်ရပ်ရပ်ကို သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည် ဖြစ်ပြီး ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၈။ ပုဒ်မ ၆၇ ၏ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သည့် ဒါရိုက်တာ တစ်ဦးဦး စီသည် ပြစ်ဒဏ် ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၆၉။ **တာဝန်ရှိမှုအား ထိခိုက်စေမည့် အစုရှယ်ယာများ ထုတ်ဝေခြင်းတွင် သဘောတူညီချက် ရယူရန်**

အစုရှယ်ယာပိုင်ဆိုင်သူ ဖြစ်လာမည့်ပုဂ္ဂိုလ်မှ စာဖြင့်ရေးသား၍ ကြိုတင် သဘောတူညီထားခြင်း မရှိလျှင် ကုမ္ပဏီသည် လူပုဂ္ဂိုလ်တစ်ဦး၏ တာဝန်ရှိမှုများကို ပိုမိုများပြားလာစေမည့် သို့မဟုတ် ၎င်းအပေါ်တွင်တာဝန်ရှိမှုတစ်ရပ်ရပ်ဖြစ်ပေါ်လာစေမည့် အစုရှယ်ယာတစ်ခုခုအား ထုတ်ဝေခြင်း သည် ပျက်ပြယ်စေရမည်။

၇၀။ **အစုရှယ်ယာများအတွက် ပေးချေရမည့် ငွေပမာဏအသီးသီးအပေါ်တွင် ကုမ္ပဏီက စီစဉ်**

**ဆောင်ရွက်နိုင်မည့် အခွင့်အာဏာ**

ကုမ္ပဏီတစ်ခုသည် ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါကိစ္စ တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်သည် -

(က) အစုရှယ်ယာများအတွက် ပေးချေရမည့် ငွေပမာဏနှင့် ပေးချေရမည့် အချိန်ကာလတို့ကို အစုရှယ်ယာပိုင်ရှင်များအကြား ခြားနား၍ အစုရှယ်ယာ ထုတ်ဝေမှုနှင့် သက်ဆိုင်သော စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်၊

(ခ) အစုရှယ်ယာအတွက် ပေးချေရမည့်ငွေပမာဏ တစ်စိတ်တစ်ဒေသကို ပေးချေရန် တောင်းဆိုခြင်း မပြုသော်လည်း အစုရှယ်ယာရှင်မှ ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာအတွက် ပေးချေရန် ကျန်ရှိနေသော ငွေပမာဏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေပါက လက်ခံနိုင်သည်၊

(ဂ) အစုရှယ်ယာ တစ်ခုစီအတွက် ပေးချေထားသည့် ငွေပမာဏ အချိုးအစားအလိုက် အမြတ်ငွေ ခွဲဝေမှုကို ပြုလုပ်နိုင်သည်။

၃၁။ **ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရန် အချိန်ကာလ သတ်မှတ်ခြင်းနှင့် မှတ်တမ်းတင်ထားရှိခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို ထုတ်ဝေသည့် နေ့မှ (၂၁) ရက်အတွင်း ကုမ္ပဏီသည် -

(၁) ကုမ္ပဏီ၏ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းဖော်ပြရမည်။ ၎င်းပြင်

(၂) အစုရှယ်ယာများသို့မဟုတ်အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင် အရာရှိထံသို့အကြောင်းကြားရမည်။အဆိုပါအကြောင်းကြားစာတွင်အစုရှယ်ယာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များကို ထုတ်ဝေခြင်း အတွက် ပေးချေသည့် တန်ဖိုးများနှင့် အဆိုပါ အစုရှယ်ယာများ သို့မဟုတ် အခြား ငွေချေး သက်သေခံလက်မှတ်များအတွက် တန်ဖိုးကို အပြည့်အဝ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေပေးချေပြီးခြင်းရှိမရှိတို့အား ထည့်သွင်း ဖော်ပြ ရမည်။

(ခ) ပိုင်ဆိုင်သူ၏ အမည်ကို ကုမ္ပဏီ၏ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပြီးသည့် အခါ အစုရှယ်ယာ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်တစ်ခုအား ထုတ်ဝေပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်အား ထုတ်ဝေခြင်းအတွက် တရားဝင် အတည်ဖြစ်မှုအား ထိခိုက်စေခြင်း မရှိစေရ။

၃၂။ ကုမ္ပဏီသည် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက် ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ(၅)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**ဦးစားပေးအစုရှယ်ယာများ**

၃၃။ **ဦးစားပေးအစုရှယ်ယာများ ထုတ်ဝေရန်အတွက် လိုအပ်ချက်များ**

ဦးစားပေးအစုရှယ်ယာများတွင် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖော်ပြထားလျှင် သို့မဟုတ် အဆိုပါအစုရှယ်ယာများ

နှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ အတည်ပြုခဲ့လျှင် ကုမ္ပဏီ တစ်ခုသည် ဦးစားပေးအစုရှယ်ယာများကို ထုတ်ဝေနိုင်သည် -

(က) မတည်ငွေရင်းကို ပြန်လည်ပေးချေခြင်း၊

(ခ) ပိုလျှံသည့် ပိုင်ဆိုင်ပစ္စည်းများနှင့် အကျိုးအမြတ်များတွင် ပါဝင်ခြင်း၊

(ဂ) စုပေါင်းထားသော အမြတ်ဝေစုများနှင့် သီးခြားစီဖြစ်သော အမြတ်ဝေစုများ၊

(ဃ) ဆန္ဒမဲပေးခြင်း၊

(င) အခြားဦးစားပေးအစုရှယ်ယာ အမျိုးအစားများ သို့မဟုတ် အခြားအစုရှယ်ယာများထက် ဦးစားပေးပြီး အမြတ်ဝေစုများ နှင့် မတည်ငွေရင်းကို ပေးချေခြင်း နှင့်

(စ) အစုရှယ်ယာများအား ပြန်လည်ရွေးနှုတ်ရယူနိုင်ခြင်း ရှိ မရှိနှင့် ရှိခဲ့ပါက ထိုသို့ ပြန်လည် ရွေးနှုတ် ရယူနိုင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ။

**၇၄။ ပြန်လည်ရွေးနှုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများအား ပြန်လည်ရွေးနှုတ်ရယူခြင်း**

(က) ပြန်လည်ရွေးနှုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ယင်းတို့အား ပြန်လည် ရွေးနှုတ်နိုင်ခွင့်ရှိသော စည်းကမ်းချက်များ ချမှတ်၍ ထုတ်ဝေသည့် ဦးစားပေး အစုရှယ်ယာ များ ဖြစ်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် ပြန်လည် ရွေးနှုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာအား အောက်ပါအတိုင်း ပြန်လည်ရွေးနှုတ် ရယူနိုင်သည်-

  (၁) တိကျစွာ သတ်မှတ်ထားသည့် အချိန်တွင် သို့မဟုတ် တိကျစွာ သတ်မှတ်ထားသည့် အထူးအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့် အခါတွင်၊ သို့မဟုတ်

  (၂) ကုမ္ပဏီမှ ရွေးချယ်ရယူသည့် အခါတွင်၊ သို့မဟုတ်

  (၃) အစုရှယ်ယာရှင်က ရွေးချယ်ရယူသည့် အခါတွင်။

(ဂ) ကုမ္ပဏီသည် အောက်ပါအခြေအနေများ ပေါ်ပေါက်မှသာလျှင် ပြန်လည်ရွေးနှုတ် ရယူခွင့်ရှိသော ဦးစားပေး အစုရှယ်ယာများအား ပြန်လည်ရွေးနှုတ် ရယူနိုင်သည် -

  (၁) အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေပြီးဖြစ်ခြင်း၊

  (၂) ကုမ္ပဏီ၏ အကျိုးအမြတ်များအား အသုံးပြု၍ သို့မဟုတ် ဦးစားပေး အစုရှယ်ယာများအား ပြန်လည်ရွေးနှုတ်ရယူရန် ရည်ရွယ်၍ အစုရှယ်ယာ အသစ်များ ထုတ်ဝေမှု၏ အကျိုးအမြတ်များအား အသုံးပြုခဲ့ခြင်းနှင့်

  (၃) ပြန်လည်ရွေးနှုတ်ရယူခြင်း ပြုလုပ်ခဲ့ပါက ကုမ္ပဏီတွင် ကြွေးမြီစစ်ဆေးချက်၌ ကျေနပ်လက်ခံနိုင်မည်ဖြစ်ကြောင်း ဒါရိုက်တာများမှ သင့်လျော်သော အကြောင်း အချက်များ အပေါ် ဆုံးဖြတ်ခဲ့ခြင်း။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) အရ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီးသည့်အခါ ဖော်ပြထားသည့် ငွေပမာဏသည် ပြန်လည်ရွေးနှုတ်ရယူရန်အတွက် သတ်မှတ်ထားသည့်နေ့တွင် ပေးချေရမည့် ငွေပမာဏ ဖြစ်လာစေရမည်။

(င) ပြန်လည်ရွေးနှုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ပြန်လည်ရွေးနှုတ် ရယူပြီးသည့်အခါတွင် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီသည် ပြန်လည်ရွေးနှုတ်ရယူခွင့်ရှိသော ဦးစားပေး အစုရှယ်ယာများကို ပြန်လည် ရွေးနှုတ်ရယူပြီးနောက် (၂၁) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အဆိုပါ ပြန်လည်ရွေးနှုတ် ရယူခြင်းအား မှတ်ပုံတင်အရာရှိထံ အကြောင်းကြား တင်ပြရမည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်ခြင်းသည် ပြန်လည်ရွေးနှုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည်ရွေးနှုတ်ရယူခြင်းအတွက် တရားဝင် အတည်ဖြစ်မှုအား ထိခိုက်စေခြင်း မရှိစေရ။

၇၅။ ကုမ္ပဏီသည် ပုဒ်မ ၇၄ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဦးစီသည် ငြိမ်ဒဏ် ပမာဏ (၅)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**ဒီဘင်ချာများ**

**၇၆။ စဉ်ဆက်မပြတ် သုံးစွဲနိုင်သောဒီဘင်ချာများ**

ဤဥပဒေ မပြဋ္ဌာန်းမီက သော်လည်းကောင်း၊ ပြဋ္ဌာန်းပြီး နောက်တွင်သော်လည်းကောင်း ချုပ်ဆိုသည့် ဒီဘင်ချာ တစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာ စာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသော သတ်မှတ်ချက် တစ်ရပ်ရပ် သည် မည်သည့် အချိန်၊ မည်သည့် အကြောင်းကြောင့်မျှဖြင့် ပြန်လည် ရွေးနှုတ် ရယူခွင့်မရှိသော သို့မဟုတ် ပြန်လည်ရွေးနှုတ် ရယူခွင့်ရှိသောကြောင့် တရားမဝင် ဖြစ်ခြင်း မရှိစေရ။

**၇၇။ ပြန်လည်ရွေးနှုတ်ရယူခဲ့သော ဒီဘင်ချာများကိုတစ်ချိန်ချိန်တွင်ထပ်မံထုတ်ဝေရန် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များ၌ အခြားနည်း အတိအလင်း ဖော်ပြထားခြင်း မရှိပါက ဤဥပဒေ အာဏာတည်ခြင်း မပြုမီတွင် ဖြစ်စေ၊ အာဏာတည်ပြီးနောက်တွင် ဖြစ်စေ ကုမ္ပဏီသည် ယခင်က ထုတ်ဝေခဲ့သော ဒီဘင်ချာတစ်ရပ်ရပ်ကို ပြန်လည် ရွေးနှုတ်ရယူပြီးနောက် အဆိုပါ ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အား ဆက်လက် အကျိုးသက်ရောက်နေစေရန် ဆောင်ရွက်နိုင်ခွင့်ရှိစေ ရမည် သို့မဟုတ် ထိုသို့ ဆောင်ရွက် နိုင်ခွင့်ရှိသည်ဟု အမြဲမှတ်ယူ ရမည်။ ကုမ္ပဏီသည် အဆိုပါ အခွင့်အာဏာအား ကျင့်သုံးဆောင်ရွက်သည့်အခါ ကုမ္ပဏီတွင် အလားတူ ဒီဘင်ချာများကို ထပ်မံ ထုတ်ဝေခြင်းဖြင့် သော်လည်းကောင်း၊ ယင်းတို့အစား အခြားဒီဘင်ချာများကို ထုတ်ဝေခြင်းဖြင့် သော်လည်းကောင်း ဒီဘင်ချာများအား ထပ်မံထုတ်ဝေရန် အခွင့်အာဏာ ရှိစေရမည် သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် အခွင့်အာဏာ ရှိသည်ဟု အမြဲ မှတ်ယူရမည်ဖြစ်သည်။ ထိုသို့ ထပ်မံထုတ်ဝေသည့် အခါတွင် အဆိုပါ ဒီဘင်ချာအား ယခင်က ထုတ်ဝေခဲ့ဘူးခြင်း မရှိသကဲ့သို့ ဒီဘင်ချာ များအား ရရှိသူသည် အလားတူအခွင့်အရေးများနှင့် ဦးစားပေး အကျိုးခံစားခွင့်များကို ရရှိစေရမည် သို့မဟုတ် ထိုသို့ရရှိသည်ဟု အမြဲမှတ်ယူရမည်။

(ခ) ဒီဘင်ချာများကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အားဆက်လက် အကျိုးသက်ရောက် နေစေရန်ရည်ရွယ်ပြီး ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီးနောက်တွင် ဖြစ်စေ အဆိုပါဒီဘင်ချာများကိုကုမ္ပဏီက အမည်စာရင်းအဆိုပြုခံရသူသို့ လွှဲပြောင်းပေး အပ်ရသည့် အခါ ထိုအမည်စာရင်းအဆိုပြုခံရသူထံမှ လွှဲပြောင်းပေးမှုကို ဤပုဒ်မပါ ရည်ရွယ်ချက်များ အတွက် ထပ်မံထုတ်ဝေခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ယင်းအစား ကုမ္ပဏီသို့ ဤပုဒ်မ အရ ပေးအပ်ထားသည့် သို့မဟုတ် ကုမ္ပဏီကရရှိသည်ဟုမှတ်ယူသည့် အခွင့်အာဏာ အရ အခြား ဒီဘင်ချာတစ်ရပ်ရပ်ကို ထုတ်ဝေခြင်းကို ဤဥပဒေ ပြဋ္ဌာန်းခြင်း

မပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီး နောက်တွင်ဖြစ်စေ ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ထုတ်ဝေခြင်းဖြစ်စေ တံဆိပ်ခေါင်းခွန် ကိစ္စရပ်အလို့ငှာ ဒီဘင်ချာအသစ်တစ်ရပ်အား ထုတ်ဝေခြင်းအဖြစ် သတ်မှတ်ရမည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းသည် ထုတ်ဝေရမည့် ဒီဘင်ချာများ၏ တန်ဖိုးငွေပမာဏ သို့မဟုတ် အရေအတွက်ကို ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အတွက် ဆောင်ရွက်ခြင်း မဖြစ်စေရ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထပ်မံထုတ်ဝေထားသည့် ဒီဘင်ချာတစ်ခုသည် အပြည့်အဝ တံဆိပ်ခေါင်းကပ်ထားသည်ဟု မှတ်ယူ၍ ယင်း၏ အာမခံချက်နှင့် စပ်လျဉ်း၍ ငွေထုတ်ချေးသူ တစ်ဦးဦးသည် တံဆိပ်ခေါင်းခွန် သို့မဟုတ် ယင်းနှင့် စပ်လျဉ်းသည့် ပြစ်ဒဏ်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်မလိုဘဲ ၎င်း၏ အာမခံချက်အား အတည်ပြု ပေးစေရန်အတွက် မည်သည့်တရားစွဲဆို ဆောင်ရွက်မှုတွင်မဆို အဆိုပါ ဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်သည်။ သို့ရာတွင် ဒီဘင်ချာတွင် အပြည့်အဝ တံဆိပ်ခေါင်းကပ်ထားခြင်း မရှိ သည်ကို ၎င်းမှသိရှိခြင်း သို့မဟုတ် ၎င်း၏ ပေါ့လျော့မှုကြောင့် တွေ့ရှိခြင်းမရှိခဲ့လျှင် အဆိုပါ ဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်ခြင်း မရှိစေရ။ သို့ရာတွင် ကုမ္ပဏီသည် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်နှင့် ပြစ်ဒဏ်တို့ကို ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီတစ်ခု၏ဒီဘင်ချာများ အပြည့်အဝ ပေးချေပြီး သို့မဟုတ် အခြားနည်းဖြင့် ကျေနပ်လက်ခံပြီး သို့မဟုတ် ပျက်ပြယ်ပြီးဖြစ်သော ဒီဘင်ချာ တစ်ရပ်ရပ်အစား အခြားဒီဘင်ချာများ သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေနိုင်ရန် အခွင့်အာဏာ တစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

**၇၈။ ဒီဘင်ချာများကိုရယူရန် ပဋိညာဉ် စာချုပ်အား အတိအကျ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း**

ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာတစ်ရပ်ရပ်ကို ရယူရန်နှင့် ငွေပေးချေရန်အတွက် ယင်းကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ရပ်ကို သီးသန့်ဆောင်ရွက်ပေးစေရန် အမိန့်ဒီဂရီတစ်ခုဖြင့် အတည်ပြု ဆောင်ရွက်နိုင်သည်။

**အစုရှယ်ယာအာမခံလက်မှတ်များ နှင့်စပ်လျဉ်းသည့် ကူးပြောင်း ဆောင်ရွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**၇၉။ အစုရှယ်ယာအာမခံလက်မှတ်များ၏ အကျိုးသက်ရောက်မှု**

ပုဒ်မ ၈၁ နှင့် ၈၂ တို့နှင့်အညီ ဤဥပဒေစတင်အာဏာတည်သည့်နေ့အထိ ထုတ်ဝေထားသည့် အစုရှယ်ယာအာမခံလက်မှတ် တစ်ရပ်ရပ်အား ကိုင်ဆောင်ထားသူသည် ၎င်းအာမခံလက်မှတ်တွင် ဖော်ပြပါရှိသည့် အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များကို ရထိုက်ခွင့် ရှိသည်။ အာမခံလက်မှတ်အား ပယ်ဖျက်၍အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ငွေချေး သက်သေခံလက်မှတ်များအဖြစ် လွှဲပြောင်းပေးနိုင်သည်။

**၈၀။ အစုရှယ်ယာအာမခံလက်မှတ်အား ကိုင်ဆောင်ထားသူ၏အမည်ကို မှတ်ပုံတင်ခြင်း**

ပုဒ်မ ၈၁ နှင့် ၈၂ ပါ ပြဋ္ဌာန်းချက်များ၊ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ အစုရှယ်ယာ အာမခံလက်မှတ် တစ်ရပ်အား ကိုင်ဆောင်ထားသူသည် ကုမ္ပဏီက ပယ်ဖျက်ခြင်းအတွက် ယင်းအား အပ်နှံခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပါဝင်သူ တစ်ဦးအနေဖြင့် ၎င်းတို့၏ အမည်များကို ထည့်သွင်းဖော်ပြခွင့် ရရှိစေရမည်။ အာမခံလက်မှတ်အား အပ်နှံခြင်း၊ ပယ်ဖျက်ခြင်း မရှိဘဲ ယင်းတွင်ဖော်ပြပါရှိသော

အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် အစုရှယ်ယာ အာမခံလက်မှတ် တစ်ရပ်ကို ကိုင်ဆောင်ထားသူ၏ အမည်အား ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြသော အကြောင်းကြောင့် တစ်စုံတစ်ဦးအပေါ်တွင် ဆုံးရှုံးနစ်နာမှုများ ဖြစ်လာခဲ့လျှင် ကုမ္ပဏီသည် တာဝန်ရှိစေရမည်။

**၈၁။ ဤဥပဒေ စတင်အာဏာတည်ပြီးနောက် အစုရှယ်ယာ အာမခံလက်မှတ်များ ထပ်မံထုတ်ဝေမှု မပြုရခြင်း**

ဤဥပဒေ စတင်အာဏာတည်ပြီးနောက်တွင် ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာအာမခံလက်မှတ် တစ်ရပ်ရပ်ကို ထုတ်ဝေခြင်း မပြုရ။

**၈၂။ အစုရှယ်ယာအာမခံလက်မှတ်များအား စွန့်လွှတ်၊ ပယ်ဖျက်သည်ဟု မှတ်ယူခြင်း**

(က) ဤဥပဒေ စတင်အာဏာသက်ရောက်ခြင်း မရှိမီက ထုတ်ဝေခဲ့သော အစုရှယ်ယာ အာမခံ လက်မှတ်များအားလုံးကို ယခင်ကစွန့်လွှတ်ထားခြင်းမရှိခဲ့လျှင် ကူးပြောင်းကာလ သို့မဟုတ် ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် အခြားကာလ တစ်ရပ်ရပ် ကုန်ဆုံးသည်အထိ ယင်းတို့တွင်ပါရှိသော စည်းကမ်းချက်များနှင့်အညီ ဆက်လက် တရားဝင်စေရမည်ဖြစ်သည်။ ယင်းကာလ ကုန်ဆုံးပြီးနောက်တွင် အဆိုပါ အစုရှယ်ယာ အာမခံလက်မှတ်များကို စွန့်လွှတ်၊ ပယ်ဖျက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အစုရှယ်ယာအာမခံလက်မှတ်များကို ပယ်ဖျက်သည့် အကြောင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးတွင် ဖြစ်ပေါ်သည့် ဆုံးရှုံးမှု တစ်ရပ်ရပ်အတွက် ကုမ္ပဏီ တွင် တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဂ) သက်ဆိုင်ရာ ကုမ္ပဏီက စာဖြင့်ရေးသားလျှောက်ထားလာလျှင် မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် ကာလကို တိုးမြှင့်ပေးနိုင်သည်။ ကူးပြောင်း ကာလ ကုန်ဆုံးချိန်တွင် စွန့်လွှတ်၊ ပယ်ဖျက်သည်ဟု မှတ်ယူရမည့် အာမခံ လက်မှတ်များသည် ကုမ္ပဏီ၏ အကောင်းဆုံးဖြစ်သော အကျိုးစီးပွားအတွက် မဟုတ်ပါဆိုသော ကျိုးကြောင်းဆီလျော်မှုရှိသည့် တင်ပြချက်များအပေါ် ကျေနပ် လက်ခံခဲ့လျှင် မှတ်ပုံတင် အရာရှိသည် သက်ဆိုင်ရာ အာမခံ လက်မှတ်များကို ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များကို လုပ်ဆောင်နိုင်သည်။

## အခန်း (၁၂) အစုရှယ်ယာများနှင့် အခြား ငွေချေးသက်သေခံလက်မှတ်များကို လွှဲပြောင်းခြင်း

**၈၃။ လွှဲပြောင်းဆောင်ရွက်ရန် လိုအပ်ချက်များ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ် တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြား မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို အခန်း(၁၃)အရ ပြုလုပ်ထားရှိသည့် ကုမ္ပဏီ၏ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် လွှဲပြောင်း ပေးခြင်းခံရသူ၏ အမည်အား ရေးသွင်း ဖော်ပြခြင်းဖြင့် လွှဲပြောင်းပေးနိုင်သည်။

(ခ) အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြားမှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များကို လွှဲပြောင်း ခြင်းအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှု တစ်ရပ်ကို လွှဲပြောင်းပေးသူက သော်လည်းကောင်း၊ လွှဲပြောင်းပေးခြင်း ခံရသူကသော် လည်းကောင်း ပြုလုပ်နိုင်သည်။ ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ)နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကုမ္ပဏီသည် လွှဲပြောင်း ပေးခြင်းခံရသူ၏ အမည်နှင့် အခန်း(၁၃)အရ လိုအပ်သော

အခြားအချက်အလက်များကို သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

(ဂ) သို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်မှတပါး အစုရှယ်ယာများ သို့မဟုတ် အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်း ခြင်း စာရွက်စာတမ်းများအား သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အပြည့်အဝ တံဆိပ်ခေါင်း ကပ်ပြီး လွှဲပြောင်းပေးသူ နှင့် လွှဲပြောင်း ပေးခြင်းခံရသူက လက်မှတ်ရေးထိုး ဆောင်ရွက် ထားမှ ကုမ္ပဏီသည် လွှဲပြောင်းမှုကို မှတ်ပုံတင်ခြင်း ပြုရမည်။ ထို့အပြင် ကုမ္ပဏီသို့ အောက်ပါအချက် အလက်များအား ပေးအပ်ရမည် -

(၁) လွှဲပြောင်းရန် အဆိုပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အကျိုးခံစားခွင့်များအတွက် သက်သေခံချက်ဖြစ်စေမည့် သက်ဆိုင်ရာ အထောက်အထား လက်မှတ်များ နှင့်

(၂) လွှဲပြောင်းမှု အကြောင်းကြောင့် ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြား နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် ၎င်းတို့ ပေါင်းစည်းလျက် ကုမ္ပဏီ၏ အစု ရှယ်ယာများအပေါ် ပိုင်ဆိုင်မှုအကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ရရှိလာခြင်း သို့မဟုတ် ရပ်စဲသွားခြင်းအကြောင်း လွှဲပြောင်းပေးသူ သို့မဟုတ် လွှဲပြောင်း ပေးခြင်းခံရသူ သို့မဟုတ် ၎င်းတို့နှစ်ဦးလုံးက ပြုလုပ်သည့် ကြေညာချက်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် သက်ဆိုင်ရာ ငွေချေး သက်သေခံ လက်မှတ်တွင်ပါရှိသည့် စည်းကမ်းချက်များ၌ အတိအလင်း အခွင့်အာဏာ အပ်နှင်းထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ အခြားနည်း ခွင့်ပြုထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေအား လိုက်နာဆောင်ရွက်ရန် လိုအပ်လျှင် ဒါရိုက်တာအဖွဲ့သည် လွှဲပြောင်းခြင်း အတွက် လျှောက်လွှာနှင့် ဤပုဒ်မအရ လိုအပ်သော အခြားစာရွက်စာတမ်းများကို လက်ခံရရှိပြီးနောက် (၂၁) ရက်အတွင်း လွှဲပြောင်းမှုအား ဖော်ပြထားသည့် ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်၍ ထိုသို့ ဆုံးဖြတ်ချက်ချမှတ် ပြီးနောက် (၇) ရက် အတွင်း အကြောင်းပြချက်များကို ထည့်သွင်းဖော်ပြလျက် ငြင်းပယ်သည့် အကြောင်း ကြားစာကို လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်း ခံရသူများထံသို့ပေးပို့ခဲ့လျှင် ကုမ္ပဏီသည် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ရန် ငြင်းပယ်နိုင်သည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) တွင် ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ဥပဒေအရ လွှဲပြောင်းပေးခြင်း ခံရသူ တစ်ဦးဦးအား အစုရှယ်ယာရှင် သို့မဟုတ် ကုမ္ပဏီရှိ မှတ်ပုံတင်ထားသော အကျိုး ခံစားခွင့် တစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသူအဖြစ် မှတ်ပုံတင်စာရင်း ရေးသွင်းနိုင်သည့် ကုမ္ပဏီ၏ အခွင့်အာဏာ တစ်ရပ်ရပ်ကို ထိခိုက် စေခြင်း မရှိစေရ။

၈၄။ ပုဒ်မ ၈၃ ပုဒ်မခွဲ(ဂ) နှင့် (ဃ) တို့အား လိုက်နာဆောင်ရွက်ရာ တွင် ပျက်ကွက်မှု ရှိခဲ့ပါက သိလျက်ဖြင့် ဆောင်ရွက်ခဲ့သည့် ဒါရိုက်တာအားလုံးသည် ပျက်ကွက်မှုဖြစ်ပေါ်သည့် ကာလ အတွင်း ပြစ်ဒဏ် ပမာဏ (၃)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရန် တာဝန်ရှိ သည်။

၈၅။ လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် လွှဲပြောင်းပေးသူတစ်ဦးဦးစီသည် သိလျက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့၍ ဖြစ်စေ ပုဒ်မ ၈၃ ပုဒ်မခွဲ (ဂ) အပိုဒ်(၂) အရ ပြုလုပ်သည့် ကြေညာချက်တွင် ကုမ္ပဏီသို့ မမှန်ကန်သော ဖော်ပြချက်တစ်ရပ်ရပ်ပြုလုပ် ပါရှိစေခဲ့လျှင် ထိုသို့ ပြုလုပ်မှုအတွက် ပြစ်ဒဏ်ပမာဏ (၁၅) ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၈၆။ **အစုရှယ်ယာများနှင့် အခြား အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း မှတ်ပုံတင်ခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းအား မှတ်ပုံတင်သည့် (၂၁) ရက်အတွင်း ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် လွှဲပြောင်းမှု အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ တင်ပြရမည်။

(ခ) ထိုသို့လွှဲပြောင်းခြင်းကြောင့် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီတစ်ခု အဖြစ်သို့ ရောက်ရှိသည် သို့မဟုတ် နိုင်ငံခြား ကုမ္ပဏီတစ်ခုအဖြစ်မှ ရပ်စဲသည်ဆိုသည်ကို အကြောင်းကြား စာတွင် ဖော်ပြရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း ၏ တရားဝင်မှုကို ထိခိုက်ခြင်း မရှိစေရ။

၈၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ဆောင်ရွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၅)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၈၈။ **တရားဝင်ကိုယ်စားလှယ်ဖြင့်လွှဲပြောင်းခြင်း**

ကုမ္ပဏီရှိ ကွယ်လွန်ခဲ့သော ပါဝင်တစ်ဦးဦး သို့မဟုတ် အခြားအကျိုးခံစားခွင့်ကို လက်ဝယ်ထားရှိသော ကွယ်လွန်သူတစ်ဦးဦး၏ အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်အား ၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်ဖြင့် လွှဲပြောင်းခြင်းသည် ယင်းတရားဝင် ကိုယ်စားလှယ်မှာ အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် ကုမ္ပဏီပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ မဟုတ်စေကာမူ အဆိုပါ လွှဲပြောင်းမှု စာချုပ်အား ချုပ်ဆိုဆောင်ရွက်သည့် အချိန်၌ အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် ကုမ္ပဏီပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ ဖြစ်သကဲ့သို့ တရားဝင်စေရမည်။

**အခန်း(၁၃)မှတ်ပုံတင်စာရင်းများနှင့် ကုမ္ပဏီရှိ အကျိုးခံစားခွင့်များအား မှန်ကန်ကြောင်း ထောက်ခံခြင်း**

၈၉။ **ပိုင်ဆိုင်ခွင့်အထောက်အထားဖြစ်စေမည့် အစုရှယ်ယာများ၏ သက်သေခံလက်မှတ်**

(က) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ပိုင်ဆိုင်သည့် အစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြချက်ပါရှိပြီး ပုဒ်မ ၂၉ နှင့်အညီ ကုမ္ပဏီ၏ ရုံးတံဆိပ်ခတ်နှိပ်ထားသော သို့မဟုတ် အခြားနည်းဖြင့် လက်မှတ်ရေးထိုး ထားသော သက်သေခံလက်မှတ်တစ်ခုသည် အဆိုပါ အစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီတွင်ပါဝင်သူ၏ မှန်ကန်ကြောင်း ထင်ရှားသော ပိုင်ဆိုင်ခွင့်အထောက်အထား ဖြစ်စေရမည်။

(ခ) ကုမ္ပဏီ၏အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာများ သို့မဟုတ် အခြား မှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များကို ထုတ်ဝေသတ်မှတ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ပြီးနောက် (၂၈) ရက်အတွင်း အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ထုတ်ဝေ သတ်မှတ်ထားသော သို့မဟုတ် လွှဲပြောင်းထား သော အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များ အားလုံး၏ သက်သေခံလက်မှတ်ကို ထုတ်ဝေခြင်းနှင့် သက်ဆိုင်သော စည်းကမ်းချက်များအား အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် ပြီးစီးအောင်

ဆောင်ရွက်၍ ပေးအပ်ရန် အတွက် အသင့်ပြုလုပ် ထားရှိရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)နှင့်အညီ ထုတ်ပေးသော သက်သေခံလက်မှတ် အားလုံးတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီ၏အမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊

(၃) အစုရှယ်ယာ သက်သေခံလက်မှတ်နှင့် သက်ဆိုင်လျှင် အစုရှယ်ယာ အရေအတွက်၊ အစုရှယ်ယာများ၏ အမျိုးအစား၊ အစုရှယ်ယာများအတွက် ပေးချေ ထားသည့်ငွေပမာဏ၊ အစုရှယ်ယာများအတွက် ပေးချေရခြင်း မရှိသေးသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏနှင့် အစုရှယ်ယာများ အတွက် ငွေပေးချေပြီး ဖြစ်သည့် ရာခိုင်နှုန်း နှင့်

(၄) မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များဖြစ်လျှင် အဆိုပါ ငွေချေး သက်သေခံ လက်မှတ်အရေအတွက်၊ အမျိုးအစားနှင့် ပေးချေထားသော ငွေပမာဏ။ အစုရှယ်ယာအဖြစ် လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များဖြစ်လျှင် ထိုသို့ လဲလှယ်နိုင်မည့် အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်များ၏ အရေအတွက်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လက်ဝယ်ထားရှိသူတစ်ဦးဦး၏ အခွင့်အရေး များကို အကျိုးသက်ရောက်စေခြင်းမရှိစေရ။

**၉၀။ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း**

(က) ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်ရန်အတွက် လျှောက်လွှာတွင် ဖော်ပြပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် အမည်ဖော်ပြထားသူများကို ကုမ္ပဏီတွင် ပါဝင်သူများ ဖြစ်သည်ဟု သဘောတူ လက်ခံထားကြောင်း မှတ်ယူရမည်ဖြစ်ပြီး ယင်းကုမ္ပဏီအား မှတ်ပုံတင်သည့်အခါ ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ ၎င်းတို့အား ကုမ္ပဏီ တွင် ပါဝင်သူအဖြစ် ရေးသားဖော်ပြရမည်။

(ခ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်သဘောတူ လက်ခံထား၍ ၎င်း၏ အမည်ကို ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြထားသူများသည် ကုမ္ပဏီတွင် ပါဝင်သူများ ဖြစ်သည်။

(ဂ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကုမ္ပဏီ အားလုံးသည် ၎င်းတို့ ကုမ္ပဏီတွင် ပါဝင်သူများ၏ နောက်ဆုံး အချက်အလက်များအထိ ပါရှိသော မှတ်ပုံတင်စာရင်းကို ထားရှိရမည်ဖြစ်ပြီး အောက်ပါ အချက်အလက်များကို လည်း ယင်း မှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြရမည် -

(၁) ကုမ္ပဏီတွင် ပါဝင်သူများ၏ အမည်များ၊ နေရပ်လိပ်စာများ နှင့် မည်သည့် နိုင်ငံသား ဖြစ်သည်ဟူသောအချက်များ၊

(၂) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် ကုမ္ပဏီတွင် ပါဝင်သူ များ၏ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြသည့် ရက်စွဲ နှင့်

(၃) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

(ဃ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတွင် အစုရှယ်ယာ မတည်ငွေရင်း ရှိခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ် နှင့်အညီ အောက်ပါတို့ကိုလည်းဖော်ပြရမည် -

(၁) အစုရှယ်ယာများကိုထုတ်ဝေမှုပြုလုပ်သည့်ရက်စွဲ၊

(၂) ထုတ်ဝေမှုတစ်ရပ်စီတွင် ပါရှိသည့် အစုရှယ်ယာအရေအတွက်၊

(၃) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပိုင်ဆိုင်သည့် အစုရှယ်ယာများ၊

(၄) အစုရှယ်ယာများ၏ အမျိုးအစား၊

(၅) အစုရှယ်ယာအမှတ်စဉ်များ နှင့် အစုရှယ်ယာသက်သေခံ လက်မှတ်များ၏ အမှတ်စဉ်များ၊

(၆) အစုရှယ်ယာများအတွက် ပေးချေထားသည့်ငွေပမာဏ၊

(၇) အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေထားခြင်း ရှိ မရှိ နှင့်

(၈) အစုရှယ်ယာများအတွက် ပေးချေရန် ကျန်ရှိသည့်ငွေပမာဏ ရှိခဲ့လျှင် ယင်းငွေ ပမာဏ။

## ၉၁။ ကုမ္ပဏီတွင် ပါဝင်သူများနှင့် စပ်လျဉ်းသည့်အညွှန်းစာရင်း

(က) ပါဝင်သူဦးရေ (၅၀) အထက်ရှိသော ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အညွှန်းစာရင်းတစ်ရပ်အဖြစ် ပြုစုထားရှိခြင်း မဟုတ်လျှင် ကုမ္ပဏီ တွင် ပါဝင်သူများ၏ အမည်များအတွက် နောက်ဆုံးအချက်အလက်များ ပါရှိသော အညွှန်းစာရင်းတစ်ရပ်ကို ပြုစုထားရှိရမည် ဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲ ပြင်ဆင်မှုတစ်ရပ်ရပ် ပြုလုပ်သည့်နေ့မှ (၁၄) ရက်အတွင်း အညွှန်းစာရင်းတွင် လိုအပ်သော ပြောင်းလဲ ပြင်ဆင်မှုကို ပြုလုပ်ရမည်။

(ခ) ကုမ္ပဏီတွင် ပါဝင်သူများအတွက် အညွှန်းစာရင်းတွင် ၎င်းနှင့်သက်ဆိုင်သည့် အချက် အလက်များအား မှတ်ပုံတင်စာရင်း၌ လွယ်ကူစွာ ရှာဖွေသိရှိနိုင်ရန်အတွက် လုံလောက်သည့် အညွှန်းသင်္ကေတများကို ထည့်သွင်းဖော်ပြရမည်။

## ၉၂။ အော့ပ်ရှင်(option) ရှိသူများ၏ မှတ်ပုံတင်စာရင်း

(က) ထုတ်ဝေခြင်းမပြုရသေးသော အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များ ကို အော့ပ်ရှင်(option)ပြုထားသော ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်း တင်ထားသော အော့ပ်ရှင်(option) ရှိသူများ၏ မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ် ထားရှိရမည် -

(၁) ကုမ္ပဏီတွင်အော့ပ်ရှင် (option) ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာ များနှင့် မည်သည့် နိုင်ငံသားဖြစ်သည် ဟူသောအချက်များအပြင် အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အခြား အကျိုး ခံစားခွင့်များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများ အတွက် အော့ပ်ရှင်(option) ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်း ဖော်ပြခဲ့သည့်ရက်စွဲ၊

(၃) အော့ပ်ရှင် (option) ကိုကျင့်သုံးဆောင်ရွက်နိုင်သည့် ကာလ သို့မဟုတ် အချိန်၊

(၄) အော့ပ်ရှင် (option) ကိုကျင့်သုံး ဆောင်ရွက်ခြင်းမပြုမီက ပေါ်ပေါက်ရမည့် အဖြစ်အပျက် တစ်ရပ်ရပ်၊

(၅) အော့ပ်ရှင် (option) ပေးခြင်းအတွက် ပေးချေရသည့် ငွေပမာဏ တစ်ရပ်ရပ်၊

(၆) အော့ပ်ရှင် (option) ကျင့်သုံးဆောင်ရွက်မှုအတွက် ပေးချေရမည့် ငွေပမာဏ တစ်ရပ်ရပ် သို့မဟုတ် အဆိုပါ ငွေပမာဏအား သတ်မှတ်သည့် နည်းလမ်းနှင့်

(၇) ပုဂ္ဂိုလ်တစ်ဦးအား အော့ပ်ရှင်(option) ရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

(ခ) အော့ပ်ရှင်(option) ရှိသူများ၏ မှတ်ပုံတင်စာရင်းသည် အော့ပ်ရှင်(option) များအား ကျင့်သုံးဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့်အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက် ပြုစုထားရှိရမည်။

(ဂ) အော့ပ်ရှင် (option)များအား လွှဲပြောင်းသည့် ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်းကြားစာအား ကုမ္ပဏီသို့ ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် အော့ပ်ရှင် (option) တစ်ရပ်အားလွှဲပြောင်းခြင်းအတွက် အော့ပ်ရှင်(option)ရှိသူများ၏ မှတ်ပုံတင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့်အချက်အလက်များဖြင့်ဖြည့်စွက်ရန် လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီ မှအော့ပ်ရှင်(option) အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အော့ပ်ရှင် (option) လွှဲပြောင်းမှုကိုထိခိုက်စေခြင်းမရှိစေရ။

**၉၃။ ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်း**

ဒီဘင်ချာများထုတ်ဝေသည့် ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်း တစ်ခုကို ပြုလုပ်ထားရှိရမည် -

(က) ဒီဘင်ချာရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့လက်ဝယ်ရှိသည့် ဒီဘင်ချာများ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(ခ) ပုဂ္ဂိုလ်တစ်ဦးစီအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့်ရက်စွဲနှင့်

(ဂ) ပုဂ္ဂိုလ်တစ်ဦးအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

**၉၄။ အခြား အကျိုးခံစားခွင့်များ၏ မှတ်ပုံတင်စာရင်း**

(က) ကုမ္ပဏီတစ်ခုသည် ယင်း၏ အစုရှယ်ယာမတည်ငွေရင်းရှိ အခြားအကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထုတ်ဝေထားသည့် အကျိုးခံစားခွင့်တစ်ရပ်အား ရယူရန် အခွင့်အရေးပေးအပ်ထားသော ငွေချေးသက်သေခံလက်မှတ်နှင့် စပ်လျဉ်း၍ ဖြစ်စေ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်း တင်ထားသော မှတ်ပုံတင်စာရင်းတစ်ခု ကို ပြုလုပ်ထားရှိရမည် -

(၁) အကျိုးခံစားခွင့် လက်ဝယ်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့် နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့ လက်ဝယ်ရှိသည့် အကျိုးခံစားခွင့်များ၏ အရေအတွက် နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအားအကျိုးခံစားခွင့် လက်ဝယ်ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင် စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့်ရက်စွဲ၊

(၃) ပုဂ္ဂိုလ်တစ်ဦးအား အကျိုးခံစားခွင့် လက်ဝယ်ရှိသူတစ်ဦး အဖြစ်မှ ရပ်စဲသည့် ရက်စွဲနှင့်

(၄) အကျိုးခံစားခွင့်သက်တမ်းကုန်ဆုံးခြင်း၊ ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် လဲလှယ်ခြင်းများနှင့် စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များ။

(ခ) ဤပုဒ်မအရ အကျိုးခံစားခွင့်တစ်ရပ်ရပ်၏ မှတ်ပုံတင်စာရင်းသည် ကုမ္ပဏီရှိ အစုရှယ်ယာ များအဖြစ်သို့ လဲလှယ်နိုင်သည့် ငွေချေးသက်သေခံလက်မှတ်များကို လက်ဝယ်ပိုင်ဆိုင်ထား သူများ၏ မှတ်ပုံတင်စာရင်းတစ်ရပ်ဖြစ်ခဲ့လျှင် အကျိုးခံစား ခွင့်များအားလဲလှယ် ဆောင်ရွက် သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့် အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက် များဖြင့် ဖြည့်စွက်ပြုစု ထားရှိရမည်။

(ဂ) အကျိုးခံစားခွင့်အား လွှဲပြောင်းသည့်ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်း ကြားစာအား ကုမ္ပဏီသို့ ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်း ရေးသွင်းထား သည့် အကျိုးခံစားခွင့်အား လွှဲပြောင်းခြင်းတစ်ရပ်ရပ်နှင့် ပတ်သက်၍ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) တွင်ဖော်ပြပါရှိသည့်အမျိုးအစားနှင့် သက်ဆိုင်သော မှတ်ပုံတင် စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ရန် လိုအပ်မည် ဖြစ်သည်။ ကုမ္ပဏီက အကျိုးခံစား ခွင့်အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင် စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အကျိုးခံစားခွင့်လွှဲပြောင်းမှု တရားဝင် ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

**၉၅။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း၌ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းများ နှင့် အညွှန်းစာရင်းများ**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤအခန်းအရ ထိန်းသိမ်း ထားရှိရမည့် ကုမ္ပဏီနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် အညွှန်း စာရင်းများကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေး လုပ်ငန်း အဓိက ဆောင်ရွက်ရာနေရာ၌ ထိန်းသိမ်းထားရှိရမည်။

(ခ) ကုမ္ပဏီသည် ၎င်း၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန် အတွက် နိုင်ငံတော်အတွင်း မည်သူ့ကိုမဆို ခန့်အပ်နိုင်သည်။ ထိုသို့ ဆောင်ရွက်သည့် အခါ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ဖော်ပြပါ ခန့်အပ်ခံရသူ ပုဂ္ဂိုလ်၏ရုံးခန်း၌ ကုမ္ပဏီကိုယ်စား ထိန်းသိမ်းထားရှိနိုင်သည်။

(ဂ) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိက ဆောင်ရွက် သောနေရာ မဖြစ်သည့် အခြားနေရာ တစ်ခုခု၌ ကုမ္ပဏီ၏ မှတ်ပုံတင် စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်အခါ ထိုသို့ထားရှိသည့်နေ့မှ (၂၁) ရက် အတွင်း ကုမ္ပဏီသည် အဆိုပါ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်း ထားရှိသည့်နေရာအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင် အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည် ဖြစ်သည့်အပြင် ကုမ္ပဏီ၏ မှတ်ပုံတင် စာရင်းများနှင့် အညွှန်း စာရင်းများကို ထိန်းသိမ်းထားရှိသည့် နေရာ ပြောင်းလဲမှု ရှိခဲ့ပါကလည်း ထိုသို့ ပြောင်းလဲသည့်နေ့မှ (၂၁) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင် အရာရှိထံ သို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

၉၆။ **မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲပြင်ဆင်မှုများအား အကြောင်းကြားရခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ဤအခန်းတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်စာရင်းတွင် ပြုလုပ်သည့် ပြောင်းလဲပြင်ဆင်မှု အသေးစိတ်ကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ သို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(ခ) သက်ဆိုင်ရာ ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်သည့်နေ့မှ (၂၁)ရက်အတွင်း အကြောင်းကြားတင်ပြခြင်းကို ပြုလုပ်ရမည်။

၉၇။ **နှစ်စဉ်အစီရင်ခံစာ၊ ကုမ္ပဏီတွင်ပါဝင်သူများစာရင်း နှင့် အကျဉ်းချုပ်ဖော်ပြချက်**

(က) ကုမ္ပဏီအားလုံးသည် ယင်းအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ (၂)လအတွင်းနှင့် ၎င်းနောက်ပိုင်း ကာလအတွက် နှစ်စဉ် အနည်းဆုံးတစ်ကြိမ် သို့ရာတွင် ကုမ္ပဏီအား ဖွဲ့စည်း တည်ထောင်သည့် နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် (၁) လထက် နောက်မကျစေဘဲ ကုမ္ပဏီ၏ အသေးစိတ် ဖော်ပြချက်များပါရှိသော နှစ်စဉ် အစီရင်ခံစာ တစ်ခုကို သတ်မှတ် ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်။

(ခ) သို့ရာတွင် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စရပ်မှ တစ်ပါး နှစ်စဉ်အစီရင်ခံစာ၌ အောက်ပါ အချက်အလက်များ ပါရှိစေရမည် -

(၁) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောအမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ်စဉ်၊

(၃) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အခြားနေရာတစ်ခုခုတွင် ထိန်းသိမ်းထားရှိခဲ့ပါက ထိုသို့ထိန်းသိမ်းထားရှိသည့်နေရာ၏ လိပ်စာ(ကွဲလွဲလျှင်)၊

(၄) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင် အစုရှယ်ယာ အရေ အတွက် အများဆုံးပိုင်ဆိုင်ထားသည့် ပါဝင်သူဦးရေ (၅၀) ၏ စာရင်း သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူဦးရေ (၅၀) အောက်နည်းလျှင် ထိုသို့ ပါဝင်သူများ၏ စာရင်း နှင့် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသား ဖြစ်ကြောင်း နှင့် ပိုင်ဆိုင်သည့်အစုရှယ်အရေအတွက်၊

(၅) အခြားကုမ္ပဏီ ဖြစ်ခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူများစာရင်းနှင့် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသား ဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့် အစုရှယ်ယာ အရေအတွက်အပြင် နောက်ဆုံး နှစ်စဉ် အစီရင်ခံစာ တင်ပြ သည့်နေ့ရက်မှစတင်၍ ကုမ္ပဏီတွင် ပါဝင်သူများ အဖြစ်မှ ရပ်စဲခဲ့သူများ စာရင်း၊

(၆) ကုမ္ပဏီ၏ နောက်ဆုံးပြုလုပ်ခဲ့သော နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပ ဆောင်ရွက်ခဲ့လျှင် ကျင်းပသည့်နေ့ရက်၊

(၇) ကုမ္ပဏီ၏ငွေစာရင်းများအား ပြုလုပ်ခဲ့သည့်နေ့ရက်နှင့် နှစ်စဉ်အစီရင်ခံစာ အား ဖော်ပြသည့်နေ့ရက်တို့တွင် ကုမ္ပဏီ၏အဓိကလုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုများ ဆိုင်ရာ သီးခြားဖော်ပြချက်များ၊

(၈) ငွေသားဖြင့် ထုတ်ဝေသည့် အစုရှယ်ယာများနှင့် ငွေသားမှတစ်ပါး အခြားနည်းဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော် လည်းကောင်း ပေးချေထားသည့် အစုရှယ်ယာများအား ပိုင်ခြားဖော်ပြထား

သည့် အကျဉ်းချုပ်၊

(၉) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်း ပမာဏနှင့် ပိုင်းခြား သတ်မှတ်ထားသည့် အစုရှယ်ယာအရေအတွက်၊

(၁၀) အစုရှယ်ယာတစ်ခုစီအတွက် သတ်မှတ်တောင်းဆိုထားသည့် ပေးချေရန်ငွေပမာဏ၊

(၁၁) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် လက်လွှတ် ဆုံးရှုံးသော သို့မဟုတ် ပယ်ဖျက်သော အစုရှယ်ယာအရေအတွက် စုစုပေါင်း၊

(၁၂) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီ ဖြစ်လာသည့်အကြောင်း သို့မဟုတ် နိုင်ငံခြား ကုမ္ပဏီအဖြစ်မှ ရပ်စဲသည့် အကြောင်း နှင့် ပြောင်းလဲသွားသော နေ့ ရက်၊

(၁၃) ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ၊ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီနှင့် မူရင်း အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ ရှိခဲ့လျှင် ၎င်းတို့၏ အမည်များ၊

(၁၄) နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့တွင် ကုမ္ပဏီ၏ ဒါရိုက်တာ ဖြစ်ကြသူများနှင့် ကုမ္ပဏီ၏ အတွင်းရေးမှူးများ ရှိခဲ့လျှင် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ ကျား/မ၊ မည်သည့်နိုင်ငံသားဖြစ်သည် ဟူသော အကြောင်းနှင့် နောက်ဆုံးနှစ်စဉ် အစီရင်ခံစာ ပြုစုပြီးနောက်ပိုင်း ၎င်းတို့ကို ပြောင်းလဲပြင်ဆင်ခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ထိုသို့ ပြောင်းလဲ ပြင်ဆင်ခဲ့သည့် နေ့ ရက်။

(၁၅) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံ တင်ပြ၍ မှတ်ပုံတင်ထားရန် လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ထားပြီးကြောင်း အတည်ပြုချက် နှင့်

(၁၆) အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခြားအချက်အလက်များ။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြပါအချက်အလက်များအား တင်ပြရမည့်အပြင် အထက်ပါ အချက်အလက်များနှင့် အကျဉ်းချုပ် ဖော်ပြချက်များကို ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ သီးခြားအပိုင်းတွင် ထည့်သွင်း ဖော်ပြရမည်။ မှတ်ပုံတင်စာရင်းနှင့်အတူ ထိန်းသိမ်းထားရှိသည့် နှစ်စဉ်အစီရင်ခံစာနှင့် မိတ္တူများကို ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး သို့မဟုတ် အတွင်းရေးမှူးတစ်ဦးက လက်မှတ် ရေးထိုးထားရမည့်အပြင် စာရင်းနှင့် အကျဉ်းချုပ်များတွင်ပါသည့် အချက်အလက်များကို ဖော်ပြပါနေ့အထိ မှန်ကန်ကြောင်းဖော်ပြရမည်။

(ဃ) အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခုသည် ယင်း၏ ဒါရိုက်တာတစ်ဦးကဖြစ်စေ၊ အတွင်းရေးမှူးကဖြစ်စေ၊ အခြားအရာရှိကဖြစ်စေ လက်မှတ်ရေးထိုးထားသည့် သက်သေခံ လက်မှတ်တစ်ခုကို ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြရမည်။ ထိုသက်သေခံလက်မှတ်၌ နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့ နောက်ပိုင်း သို့မဟုတ် ပထမ အကြိမ်ပြုလုပ်သည့် နှစ်စဉ်အစီရင်ခံစာဖြစ်ပါက ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် နေ့ရက် နောက်ပိုင်းတွင် ကုမ္ပဏီသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက်

ငွေကြေးထည့်ဝင်စေရန် အများပြည်သူများအား တစ်စုံတစ်ရာ ကမ်းလှမ်းထားခြင်း မရှိကြောင်း ဖော်ပြပါရှိစေရမည်။

**၉၈။ မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း မပြုရမည့် ယုံကြည် အပ်နှံမှုများ**

(က) အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သို့မဟုတ် အကျိုးဖြစ်ထွန်းမှု ရှိစေမည်ဖြစ်သော မည်သည့်ယုံကြည်အပ်နှံမှုကိုမျှ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းခြင်းသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိက လက်ခံခြင်းသော်လည်းကောင်း မပြုလုပ်ရ။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) ၌ မည်သို့ပင် ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်း တွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် သေဆုံးသူတစ်ဦး၏ တရားဝင်ကိုယ်စားလှယ်သည် အဆိုပါ သေဆုံးသူ၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာ ကိုယ်စားလှယ်အနေဖြင့် ဖော်ပြပါ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့် ရရှိသည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) ၌ မည်သို့ပင် ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် ဒေဝါလီခံရသူတစ်ဦး၏ ပစ္စည်းများအတွက် ယုံကြည် အပ်နှံခြင်းခံရသူ၊ အတည်ပြု ဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူသည် အဆိုပါ ဒေဝါလီခံရသူ၏ ပစ္စည်းများအတွက် ယုံကြည် အပ်နှံခြင်းခံရသူ၊ အတည်ပြု ဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူအနေဖြင့် ဖော်ပြပါ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့် ရရှိသည်။

**၉၉။ မှတ်ပုံတင်စာရင်းများအား စစ်ဆေးခြင်း**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများ အားလုံးကို နေ့စဉ်အလုပ်ချိန်အတွင်း ကုမ္ပဏီမှ အထွေထွေ အစည်းအဝေး တွင်ချမှတ်နိုင်သော စစ်ဆေးရန် ခွင့်ပြုမည့် နေ့ရက်တစ်ရက် စီတွင် သာမန်အလုပ်ချိန်အတွင်း အချိန်(၂)နာရီ အောက်မနည်းစေမည့် သင့်လျော်သော စည်းကမ်း ကန့်သတ်ချက်များ နှင့်အညီ ကုမ္ပဏီ တွင်ပါဝင်သူ တစ်ဦးဦးက စစ်ဆေးနိုင်ရန် အတွက် အခမဲ့ခွင့်ပြုပေး ရမည်ဖြစ်ပြီး အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ်တစ်ဦးဦးမှ စစ်ဆေးမှု တစ်ရပ်စီအတွက် ဒါရိုက်တာများမှ သတ်မှတ်ထားသော သင့်လျော်သည့်ငွေပမာဏကို ပေးဆောင်သည့် စစ်ဆေးခြင်းကိုလည်း ခွင့်ပြုရမည်။ အဆိုပါ ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးသည် ဖော်ပြပါစာရင်းများမှ ကောက်နုတ်ချက်များကို ပြုလုပ်ရယူနိုင်သည်။

(ခ) ဤဥပဒေအရပြုစုထားရှိရန် လိုအပ်သောမှတ်ပုံတင်စာရင်း၊ အညွှန်းစာရင်း၊ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသ၊ စာရင်းများနှင့် အကျဉ်းချုပ်များ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသတို့၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသော သင့်လျော်သည့် ငွေပမာဏကို ပေးဆောင်စေခြင်းဖြင့် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးက သော်လည်းကောင်း၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ် တစ်ဦးဦးကသော်လည်းကောင်း ရယူနိုင်သည်။ ကုမ္ပဏီသည် ပါဝင်သူ

သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးမှ ထိုသို့တောင်းခံလာသော မိတ္တူတစ်စုံတစ်ရာအား ထိုသူမှ သတ်မှတ် ထားသော ငွေပမာဏကို ပေးသွင်းပြီး ကုမ္ပဏီက လိုအပ်သော အချက်အလက်များကို လက်ခံရရှိပြီး သည့်နောက်တစ်ရက်မှစတင်၍ (၁၀) ရက် ကာလအတွင်း ထိုသို့တောင်းခံသူ ထံသို့ ပေးပို့ ရမည်။

**၁၀၀။** ပုဒ်မ ၉၉ ၏ ပုဒ်မခွဲ(က) အရ လိုအပ်သောစစ်ဆေးမှု တစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၉၉ ၏ ပုဒ်မခွဲ(ခ) အရ လိုအပ်သော မိတ္တူတစ်စုံတစ်ရာကို သတ်မှတ် ထားသည့်ကာလ အတွင်း ပေးပို့ခြင်း မရှိခဲ့လျှင် ထိုသို့ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြား အရာရှိ တစ်ဦးဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် အမိန့်တစ်ရပ် ထုတ်ပြန်၍ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ချက်ချင်းစစ်ဆေးဆောင်ရွက်စေနိုင်သည် သို့မဟုတ် လိုအပ်သော မိတ္တူများကို ယင်းတို့အား ရယူလိုသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့စေရန် ညွှန်ကြားနိုင်သည်။

**၁၀၁။ မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

(က) အကယ်၍ -

(၁) ဤဥပဒေအရ ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်ဖြစ်သော မှတ်ပုံတင်စာရင်း တစ်ခု၌ ပုဂ္ဂိုလ်တစ်ဦးဦး၏အမည်ကို မှားယွင်း၍ ဖော်ပြခဲ့လျှင် သို့မဟုတ် ပယ်ဖျက်ခဲ့လျှင်၊ သို့မဟုတ်

(၂) ပုဂ္ဂိုလ်တစ်ဦးဦးအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့် အချက်အလက်ကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ် မလိုလားအပ်သော နှောင့်နှေးမှုကို ပြုလုပ်ခဲ့လျှင်၊

နစ်နာသည့်ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင် ပါရှိသော မှားယွင်းမှုကို ပြင်ဆင်ပေးနိုင်ရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။

(ခ) တရားရုံးသည် လျှောက်ထားမှုအား ငြင်းပယ်နိုင်သည် သို့မဟုတ် မှတ်ပုံတင် စာရင်းအား ပြင်ဆင်ရန်နှင့် နစ်နာသူပုဂ္ဂိုလ်ကြုံတွေ့ ခံစားခဲ့ရသော ထိခိုက်နစ်နာမှုများ အတွက် ကုမ္ပဏီမှ ပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားရုံးက သင့်သည် ထင်မြင်သည့် ကုန်ကျစရိတ်များကိုလည်း ပေးချေစေရန် အမိန့်ချမှတ်နိုင် သည်။

(ဂ) တရားရုံးအနေဖြင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားမှုတစ်ရပ်ရပ်အရ တင်ပြလာသည့်ကိစ္စရပ်သည် လျှောက်ထားမှုတွင် သက်ဆိုင်သူအဖြစ်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးက ၎င်း၏အမည် အား မှတ်ပုံတင်စာရင်းတွင် ထည့်သွင်း ဖော်ပြခြင်း သို့မဟုတ် ချန်လှပ်ထားခြင်းနှင့် စပ်လျဉ်း၍ ရထိုက်ခွင့် ရှိသော အကြောင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဆုံးဖြတ်နိုင်သည်။ တရားရုံးသည် အများအားဖြင့် မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်ပေး နိုင်ရန်အတွက် လိုအပ်သော ကိစ္စရပ်များ သို့မဟုတ် ဆုံးဖြတ်ပေးရမည် ဖြစ်သော လိုအပ်သောဆောင်ရွက်မှုများကို ဆုံးဖြတ်နိုင်သည်။

သို့ရာတွင် တရားရုံးသည် ဥပဒေရေးရာပြဿနာတစ်ရပ်ရပ် ပါရှိနိုင်သည့် ကိစ္စရပ်တစ်ခုခုကို ဖြေရှင်းစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါကိစ္စရပ်အပေါ် ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်အား အယူခံတင်ပြခြင်းကို တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀

တွင် ဖော်ပြထား သည့် အကြောင်းအချက်များအပေါ် အခြေပြုလျက် ယင်းဥပဒေတွင် ဖော်ပြထား သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**၁၀၂။ မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်ခြင်းအား မှတ်ပုံတင် အရာရှိထံ တင်ပြအကြောင်းကြားရခြင်း**

တရားရုံးသည် မှတ်ပုံတင်စာရင်းရှိမှားယွင်းမှုများကိုပြင်ဆင်ရန် အမိန့်တစ်ရပ်ချမှတ်ခဲ့ပါက မှားယွင်း မှုများအားပြင်ဆင်ခြင်းကို အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ (၁၄) ရက်အတွင်း မှတ်ပုံတင် အရာရှိထံသို့ တင်ပြအကြောင်းကြားရမည်ဟု ယင်းအမိန့်တွင် ထည့်သွင်းဖော်ပြ၍ ညွှန်ကြားရမည်။

**၁၀၃။ အထောက်အထားဖြစ်စေရမည့် ကုမ္ပဏီတွင်ပါဝင်သူများနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်း**

(က) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိဘဲ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းသည် မှတ်ပုံတင် စာရင်း ရေးသွင်းထားသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အစုရှယ်ယာများ ရပိုင်ခွင့် အပါအဝင် ယင်းမှတ်ပုံတင် စာရင်းတွင်ဤဥပဒေအရ ညွှန်ကြားထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် အတိုင်း ထည့်သွင်းဖော်ပြရမည်ဖြစ်သော ကိစ္စရပ်တစ်ခုခုအတွက် မှန်ကန်ကြောင်း ထင်ရှားသော အထောက်အထား ဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုသည် ယင်း၏မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အစုရှယ်ယာ ပိုင်ဆိုင်သူတစ်ဦးအား အောက်ပါတို့ကို လက်ခံဆောင်ရွက်နိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦး အနေဖြင့်သာလျှင် သတ်မှတ်ရမည် -

(၁) အစုရှယ်ယာနှင့်ဆက်စပ်သော ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံး ဆောင်ရွက်ခြင်း၊

(၂) အကြောင်းကြားချက်များကို လက်ခံရယူခြင်း၊

(၃) အစုရှယ်ယာနှင့်သက်ဆိုင်သည့်အမြတ်ဝေခွဲဝေမှုများကိုလက်ခံရယူခြင်း နှင့်

(၄) အစုရှယ်ယာနှင့်ဆက်စပ်သော ရပိုင်ခွင့်များနှင့် အခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်ခြင်း။

**၁၀၄။ မှတ်ပုံတင်စာရင်းများနှင့်စပ်လျဉ်း၍ ပျက်ကွက်မှုများ**

ကုမ္ပဏီဒါရိုက်တာများနှင့် အခြားအရာရှိအားလုံး၏တာဝန်မှာ မှတ်ပုံတင်စာရင်းများနှင့် အညွှန်း စာရင်းများကို ထိန်းသိမ်းထားရှိရန်နှင့် လိုအပ်သည့်အခါ ရရှိနိုင်စေရန်၊ ဤအခန်းပါ ပြဋ္ဌာန်းချက် များနှင့်အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန်နှင့် ကုမ္ပဏီ၏ အခြား တာဝန် များကို ဆောင်ရွက်ရာတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် လိုအပ်မည့် ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

**၁၀၅။** ပုဒ်မ ၁၀၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့် ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အခြားအရာရှိများ တစ်ဦးဦးစီ သည် ပြစ်ဒဏ် ပမာဏ (၁၀)ခုထက် မပိုသော ငွေဒဏ်ကို ပေးဆောင်ရမည်။

## အခန်း(၁၄) အမြတ်ဝေစုများ

**၁၀၆။ အမြတ်ဝေစုများ သတ်မှတ်ခြင်း**

(က) ပုဒ်မ ၁၀၇ နှင့် ၁၀၉ အရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ခံဝန်ချက် အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီမှတစ်ပါး ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ၎င်း၏အစု ရှယ်ယာရှင်များသို့ အမြတ်ဝေစု ခွဲဝေပေးမည်ဟု သတ်မှတ်၍ အမြတ်ဝေစု ပမာဏ၊ ပေးချေရမည့်အချိန် နှင့် ပေးချေရမည့်နည်းလမ်းများကို သတ်မှတ်ရမည်။

(ခ) အမြတ်ဝေစု ပေးချေရမည့် နည်းလမ်းများတွင် ငွေသားဖြင့်ဖြစ်စေ၊အစုရှယ်ယာ ထုတ်ဝေခြင်း ဖြင့်ဖြစ်စေ၊ အော့ပ်ရှင် (option) ပြုခြင်းဖြင့်ဖြစ်စေ၊ ပိုင်ဆိုင်ပစ္စည်းများ ကို လွှဲပြောင်းခြင်း ဖြင့် ဖြစ်စေ ဆောင်ရွက်ခြင်းများ ပါဝင်နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အမြတ်ဝေစုအား သတ်မှတ်ခြင်းကို ကုမ္ပဏီမှ ပေးချေရမည့် ကြွေးမြီအဖြစ် မမှတ်ယူရ။ အဆိုပါသတ်မှတ်ချက်ကို အမြတ်ဝေစု ပေးချေခြင်း မပြုမီ မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ကြွေးမြီတင်ရှိခြင်းသည် ငွေပေးချေရန် သတ်မှတ်ထားသည့်အချိန်မှသာ ကျရောက် သည်။

**၁၀၇။ အမြတ်ဝေစုများအတွက် လိုအပ်သည့်အချက်များ**

(က) အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ကုမ္ပဏီသည် အမြတ်ဝေစု ခွဲဝေပေးခြင်းကို ဆောင်ရွက်နိုင်ခြင်း မရှိစေရ -

(၁) ကုမ္ပဏီသည် အမြတ်ဝေစု ခွဲဝေပေးပြီးနောက် ချက်ချင်း ကြွေးမြီစစ်ဆေးချက် ကို ကျေနပ် လက်ခံခြင်း၊

(၂) အမြတ်ဝေစုခွဲဝေခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အားလုံး အတွက် မျှတ လျော်ကန်မှုရှိခြင်းနှင့်

(၃) အမြတ်ဝေစုပေးချေခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရ မည့် တာဝန်များကို အများစု ထိခိုက်မှုမရှိခြင်း။

(ခ) အမြတ်ဝေစုအား ခွဲဝေဆုံးဖြတ်ပြီးနောက် ယင်းအတွက် ငွေပေးချေရခြင်း မပြုသေးမီ ကာလအတွင်း ဒါရိုက်တာအဖွဲ့သည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ လိုအပ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိလျှင် အမြတ်ဝေစုအား ပေးချေခြင်းမပြုဘဲ ထားရှိနိုင် သည်။ ကုမ္ပဏီက အဆိုပါ အမြတ်ဝေစုအား ပေးချေခဲ့ပြီး ဖြစ်ပါကလည်း ထိုသို့ ပေးချေခြင်းသည် တရားဝင်ဆောင်ရွက်ခြင်း ဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

**၁၀၈။ ပုဒ်မ ၁၀၇ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ခြင်း**

(က) ကုမ္ပဏီသည် ပုဒ်မ ၁၀၇ ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက ပြစ်ဒဏ် ပမာဏ (၁၀)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့် ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာနှင့် အခြားအရာရှိ တစ်ဦးဦးစီ သည် အလားတူ ပြစ်ဒဏ် အတွက် တာဝန်ရှိစေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အပြင် ကုမ္ပဏီသည် အမြတ်ဝေစု ပေးချေပြီးနောက် ယင်းနှင့် စပ်လျဉ်း၍ လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၀၇ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ အမြတ်ဝေစု ပေးချေခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင် ပစ္စည်းများထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့်ကြွေးမြီ များရှိခဲ့လျှင် အမြတ်ဝေစုပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက သော်လည်း ကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**၁၀၉။ အမြတ်ဝေစုများခွဲဝေပေးချေခြင်းအား ထိခိုက်စေမည့် အခြားကိစ္စရပ်များ**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြတ်ဝေစုအား ခွဲဝေသတ်မှတ်ခြင်း မပြုရ -

(၁) အစုရှယ်ယာ အမျိုးအစား တစ်ရပ်ရပ်တည်းတွင် အစုရှယ်ယာအချို့နှင့်သာ သက်ဆိုင်ပြီး အစုရှယ်ယာအားလုံးနှင့် သက်ဆိုင်ခြင်းမရှိလျှင်၊ သို့မဟုတ်

(၂) အစုရှယ်ယာအမျိုးအစား တစ်ရပ်တည်းတွင် အစုရှယ်ယာအချို့မှ အခြား အစုရှယ်ယာများထက် အမြတ်ဝေစုပမာဏ ပိုမိုရရှိခြင်း၊

တစ်စိတ်တစ်ဒေသ ငွေပေးချေရန်လိုအပ်သည့် အစုရှယ်ယာများနှင့်သက်ဆိုင်လျှင် အဆိုပါ အစုရှယ်ယာအတွက် ခွဲဝေပေးမည့် အမြတ်ဝေစုပမာဏသည် ထိုသို့ ပေးချေထားသည့် ငွေပမာဏ အမျိုးအစားအတိုင်း အမြတ်ဝေစုများအား ခွဲဝေ သတ်မှတ်ရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါအချက်များနှင့် ညီညွတ်လျှင် ကုမ္ပဏီသည် အဆိုပြုအမြတ်ဝေစုအစား ယင်းအမြတ်ဝေစု၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ အစုရှယ်ယာများအဖြစ်လက်ခံရန် သဘောတူညီသည့် အစုရှယ်ယာရှင် များကို အစုရှယ်ယာများအား ထုတ်ပေးနိုင်သည်-

(၁) အဆိုပြုထားသော အမြတ်ဝေစုအစား အားလုံးအတွက်ဖြစ်စေ၊ တစ်စိတ် တစ်ဒေသ အတွက်ဖြစ်စေ တူညီသည့် စည်းကမ်းချက်များဖြင့် တူညီသည့် အစုရှယ်ယာ အမျိုးအစားကိုပိုင်ဆိုင်သူ သို့ ကမ်းလှမ်းရမည်၊

(၂) သဘောတူညီထားသည့် အစုရှယ်ယာရှင်များ၏ လက်ခံသောအစုရှယ်ယာ များနှင့် ဆက်စပ်သည့် ဆန္ဒမဲပေးခွင့်နှင့် ခွဲဝေဆောင်ရွက်နိုင်ခွင့် ထားရှိရမည်၊

(၃) အဆိုပါကမ်းလှမ်းမှုကို လက်ခံနိုင်ရန်အတွက် အနည်းဆုံး (၂၁)ရက် ကာလ ထားရှိရမည်၊

(၄) အစုရှယ်ယာများကို လက်ခံရန်သဘောတူသည့် အမျိုးအစားတူ အစုရှယ်ယာရှင် တစ်ဦးစီသို့ ထုတ်ဝေသည့် အစုရှယ်ယာများမှာ တူညီသော အခွင့်အရေးများ၊ တူညီသော စည်းကမ်းချက်များဖြင့် ထုတ်ဝေခြင်း ဖြစ်ရမည်၊ ၎င်းပြင်

(၅) ပုဒ်မ ၆၃ နှင့် ပုဒ်မ ၇၁ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ယင်းတို့နှင့် သက်ဆိုင်သမျှ လိုက်နာရမည်။

၁၁၀။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၀၉ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ် ပမာဏ (၂၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

**၁၁၁။ အကျိုးအမြတ်များကို မတည်ရင်းနှီးမြှုပ်နှံခြင်း**

ပုဒ်မ ၁၀၉ ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ခြင်း မရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ယင်း၏အကျိုး အမြတ်များကို ပြန်လည် ရင်းနှီးမြှုပ်နှံနိုင်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းသည် အစုရှယ်ယာများ ထုတ်ဝေရန် မလိုပါ။

**အခန်း(၁၅)အစုရှယ်ယာမတည်ငွေရင်းကိုအကျိုးသက်ရောက်စေမည့်ဆောင်ရွက်ချက်များနှင့်အကြောင်းအရာ များ**

**အစုရှယ်ယာမတည်ငွေရင်းအား ပြောင်းလဲပြင်ဆင်ခြင်း**

**၁၁၂။ အစုရှယ်ယာမတည်ငွေရင်းအား ပြောင်းလဲရန်အတွက် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ် ထားသည့် ကုမ္ပဏီ၏ အခွင့်အာဏာ**

(က) အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုသည် ယင်း၏ ဖွဲ့စည်းပုံ

အခြေခံစည်းမျဉ်းနှင့်အညီ ယင်း၏ အစုရှယ်ယာ မတည်ငွေရင်း ပြောင်းလဲပြင်ဆင်ခြင်းကို အောက်တွင် ဖော်ပြထားသည့်အတိုင်း ပြုလုပ်နိုင်သည်-

(၁) အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ မတည်ငွေရင်းအား တိုးမြှင့်ခြင်း အတွက် လိုအပ်သည်ဟု ထင်မြင်သည့် အစုရှယ်ယာ အသစ်များကို ထုတ်ဝေနိုင်သည်၊

(၂) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် သာမန်ဆုံးဖြတ်ချက်ကို အထောက် အထားပြု၍ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်း အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ပေါင်းစည်း၍ ပိုမိုများပြားသော အစုရှယ်ယာများ အဖြစ် ပိုင်းခြားခြင်း ပြုလုပ်နိုင်သည်၊ လက်ရှိ အစုရှယ်ယာများဖြင့် မပေးချေရသေးသော ငွေပမာဏ ရှိခဲ့လျှင် အဆိုပါ ငွေပမာဏကို အစားဖြည့်စွက်သည့် အစုရှယ်ယာအနက် ညီမျှစွာ ပိုင်းခြားရမည်၊

(၃) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် သာမန်ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို သို့မဟုတ် အချို့ကို မူလထုတ်ဝေထားသော ပမာဏထက် နည်းပါးသည့် အစုရှယ်ယာများအဖြစ်သို့ ထပ်မံပိုင်းခြားနိုင်သည်။ သို့ရာတွင် ထိုသို့ ထပ်မံပိုင်းခြားသည့်အခါ ပိုင်းခြားခဲ့သော အစုရှယ်ယာ အသစ်တစ်ခုတွင် ငွေပေးချေပြီးသည့် ပမာဏနှင့် ငွေပေးချေခြင်း မပြုရသေးသည့်ပမာဏ အချိုးအစားသည် မူလအစုရှယ်ယာများ ကဲ့သို့ပင် တူညီရမည်ဖြစ်သည်။

(၄) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် သာမန် အစုရှယ်ယာတစ်ခုကို ဦးစားပေးအစုရှယ်ယာတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်၊

(၅) အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် ဦးစားပေး အစုရှယ်ယာတစ်ခုကို သာမန်အစုရှယ်ယာတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်၊

(၆) ဤအပိုင်း၏အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည် ရွေးနှုတ် ယူနိုင်သော ဦးစားပေးအစုရှယ်ယာတစ်ရပ်ရပ်ကိုပြန်လည်ရွေးနှုတ်နိုင်သည်၊

(၇) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဤအခန်းတွင် ဖော်ပြပါရှိသော နည်းလမ်းများဖြင့် လျှော့ချနိုင်သည်၊

(၈) အစုရှယ်ယာများကို ဤအခန်းတွင် ဖော်ပြပါရှိသော နည်းလမ်းများဖြင့် ပြန်လည် ဝယ်ယူနိုင်သည်၊

(၉) ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူခြင်းနှင့် သက်ဆိုင်သည့် ငွေကြေး အထောက်အပံ့များကို ဤအခန်းတွင်ဖော်ပြပါရှိသော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)သည် ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကသော်လည်းကောင်း ခွင့်ပြုနိုင်သော အစုရှယ်ယာမတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်နိုင်မည့် အခြားသောအခွင့်အရေးတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်း မရှိသည့်အပြင် ဤဥပဒေ၏ အခြားအခန်းများတွင် ပါရှိသော ပြဋ္ဌာန်းချက်များကိုလည်း ထိခိုက်စေခြင်း မရှိစေရ။

**၁၁၃။ အစုရှယ်ယာ မတည်ငွေရင်းအား ပေါင်းစည်းသည့်အခါ မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရခြင်း**

အစုရှယ်ယာမတည်ငွေရင်းရှိသော ကုမ္ပဏီတစ်ခုသည် ၎င်း၏ အစုရှယ်ယာ မတည်ငွေရင်းကို

ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က) အပိုဒ် (၂) မှ (၇) အထိတွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းများဖြင့်ပြောင်းလဲ ပြင်ဆင်ခဲ့လျှင် ထိုကုမ္ပဏီသည် ပြောင်းလဲပြင်ဆင်သည့်နေ့မှ (၂၁) ရက်အတွင်း အစုရှယ်ယာများ ကိုပေါင်းစည်းသည်၊ ပိုင်းခြားသည် သို့မဟုတ် ထပ်မံပိုင်းခြားသည် စသည်တို့ကို ဖော်ပြလျက် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြား တင်ပြရမည်။

၁၁၄။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၁၃ ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ(၂၀)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးစီသည် အလားတူ ပြစ်ဒဏ် အတွက် တာဝန်ရှိစေရမည်။

**၁၁၅။ အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချခြင်း**

(က) အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာဥပဒေပါ ခွင့်ပြုချက်များကို ကန့်သတ်ခြင်းမရှိဘဲ ယင်း၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းနှင့်အညီ အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ယင်းကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချနိုင်သည်-

(၁) ငွေပေးချေထားခြင်း မရှိသေးသည့် အစုရှယ်ယာ မတည်ငွေရင်းအတွက် တာဝန်ရှိမှု ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် လျှော့ချနိုင်သည်၊

(၂) ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် တာဝန်ရှိမှုကို ပယ်ဖျက်ခြင်း သို့မဟုတ် လျှော့ချခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပျောက်ဆုံးသည့် သို့မဟုတ် ပိုင်ဆိုင်ကြောင်း တင်ပြခြင်းမပြုနိုင်သည့် ငွေပေးချေထားသော အစုရှယ်ယာ မတည်ငွေရင်းတစ်ရပ်ရပ်ကို ပယ်ဖျက် နိုင်သည်၊

(၃) ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် တာဝန်ရှိမှုကို ပယ်ဖျက်ခြင်း သို့မဟုတ် လျှော့ချခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီက လိုအပ်သော ပမာဏထက် ကျော်လွန်သည့် ငွေပေးချေထားသော အစုရှယ်ယာ မတည်ငွေရင်း တစ်ရပ်ရပ်ကို ပြန်လည်ပေးချေနိုင်သည်။

(ခ) အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ကုမ္ပဏီသည် မတည်ငွေရင်း လျှော့ချခြင်း မပြုရ -

(၁) ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချပြီးနောက် ချက်ချင်း ကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊

(၂) မတည်ငွေရင်းလျှော့ချခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အားလုံး အတွက် မျှတလျော်ကန်မှုရှိခြင်း၊

(၃) မတည်ငွေရင်းလျှော့ချခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများအားစုထိခိုက်မှုမရှိခြင်း နှင့်

(၄) ပုဒ်မ ၁၁၆ အရ အစုရှယ်ယာရှင်များမှ အတည်ပြုခြင်း၊

(ဂ) ဤပုဒ်မအရ ကုမ္ပဏီမှ မတည်ငွေရင်းလျှော့ချခြင်းကို အညီအမျှသော် လည်းကောင်း၊ ရွေးချယ်၍ သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဃ) မတည်ငွေရင်းအညီအမျှ လျှော့ချခြင်းသည် အောက်ပါစည်းကမ်းချက်များနှင့်ကိုက်ညီရမည်-

(၁) သာမန်အစုရှယ်ယာများနှင့်သာ သက်ဆိုင်သည်၊

(၂) သာမန်အစုရှယ်ယာပိုင်ဆိုင်သူတစ်ဦးစီအတွက် ၎င်းတို့ပိုင်ဆိုင်သည့် သာမန်

အစုရှယ်ယာ အရေအတွက် အမျိုးအစားအလိုက် ဖြစ်စေရမည်၊ ၎င်းပြင်

(၃) သာမန်အစုရှယ်ယာရှင်တစ်ဦးစီအတွက် တူညီသည့် စည်းကမ်းချက်များဖြင့် ဆောင်ရွက်ရမည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ)မှအပ ဤပုဒ်မအရ အခြားနည်းဖြင့် မတည်ငွေရင်း လျှော့ချခြင်းများသည် ရွေးချယ်လျှော့ချခြင်းဖြစ်သည်။

၁၁၆။ **အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

(က) မတည်ငွေရင်းလျှော့ချခြင်းမှာ အညီအမျှလျှော့ချခြင်းဖြစ်ပါက ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ချမှတ်သော သာမန် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

(ခ) မတည်ငွေရင်းလျှော့ချခြင်းမှာ ရွေးချယ်လျှော့ချခြင်းဖြစ်ပါက ယင်းအား အောက်ပါ နည်းလမ်း တစ်ရပ်ရပ်ဖြင့် အတည်ပြုရမည် -

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူး ဆုံးဖြတ်ချက် တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်သည် မတည်ငွေရင်း လျှော့ချခြင်း အတွက်အဖိုးစားနားအား လက်ခံသူ ပုဂ္ဂိုလ်တစ်ဦးဦး ကဖြစ်စေ၊ လျှော့ချမည့် အစုရှယ်ယာနှင့်စပ်လျဉ်း၍ မပေးချေရသေးသော ငွေပမာဏ များကို ပေးချေရန်တာဝန်ရှိသူ ပုဂ္ဂိုလ်တစ်ဦးဦးက ဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်း မပါရှိသည့် အထူးဆုံးဖြတ်ချက် ဖြစ်ရမည်၊ သို့ မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစု ရှယ်ယာရှင် အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ် ဖြင့် အတည်ပြုခြင်း။

(ဂ) မတည်ငွေရင်းလျှော့ချခြင်းတွင် အစုရှယ်ယာများ ပယ်ဖျက်ခြင်း ပါရှိခဲ့လျှင် ပယ်ဖျက်မည့်အစုရှယ်ယာများအားပိုင်ဆိုင်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး တွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် ထိုသို့လျှော့ချခြင်းကို အတည်ပြုရမည်။

(ဃ) ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပုဒ်မ ၁၁၅ ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၁) မှ (၃) တို့ တွင် ပါရှိသော သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ထား ကြောင်း အတည်ပြု ဖော်ပြချက် အပါအဝင် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ဆန္ဒမဲပေးရန် ဆုံးဖြတ်ခြင်း နှင့်သက်ဆိုင်သော ကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသော အချက် အလက်များ အားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(င) အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာအား ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါ စာရွက်စာတမ်း မိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည် -

(၁) အစည်းအဝေးအကြောင်းကြားစာ နှင့်

(၂) အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေး အကြောင်းကြား စာနှင့်အတူ ပူးတွဲပါရှိသည့် မတည်ငွေရင်းလျှော့ချခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့် အတူ ပူးတွဲ ပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီး ဖြစ်ကြောင်းကို

ဖော်ပြလျက် မတည်ငွေရင်း လျှော့ချခြင်းအား အတည်ပြုမည့် အစည်းအဝေး တစ်ရပ်ခေါ်ယူ ကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော် တစ်ဝှမ်းထုတ်ဝေ ဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခု တွင် ထည့်သွင်းဖော်ပြရမည်။

(စ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (င)ပါ စာရွက်စာတမ်းများကို လက်ခံရရှိသည့် နေ့ရက်မှစ၍ (၂၈)ရက်အတွင်း အစုရှယ်ယာရှင်များထံသို့အစည်းအဝေး အကြောင်းကြားစာ ပေးပို့ခြင်းကိုဆောင်ရွက်ရန် သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိက အကြောင်းကြားစာ ပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလ အတွင်း သတ်မှတ်ချက်ကို မထုတ်ပြန် လျှင်ကုမ္ပဏီသည် အစည်းအဝေး အကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူများအား ပေးပို့ ဆောင်ရွက်နိုင်သည်။

(ဆ) ဤပုဒ်မ၏ ပုဒ်မခွဲ (စ) အရ သတ်မှတ်ချက်တစ်ရပ်ရပ် ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန် အတွက် လိုအပ်သည်ဟု ယူဆသည့်အခါ ဤပုဒ်မ၏ ပုဒ်မခွဲ(င)အရ တင်ပြသော စာရွက်စာတမ်း တစ်ရပ်ရပ် ကို ရှင်းလင်းစွာဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင် သည်။

(ဇ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ) တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်း မရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသော အကြောင်းများ ကို တွေ့ရှိရလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(စ)တွင်ပါရှိသည့် အချိန်ကာလ အတွင်း အစည်းအဝေး အကြောင်းကြားစာကို ကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်းမပြုရန် သတ်မှတ်နိုင်သည်။

(ဈ) ကုမ္ပဏီသည် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် (၂၁) ရက်အတွင်း ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူ တစ်စောင်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့အပြင် နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာ တစ်ခုခုတွင် အဆိုပါ ဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်း အကြောင်းကြားချက်နှင့် မတည်ငွေရင်း လျှော့ချသည့် အသေးစိတ် ဖော်ပြချက်အကျဉ်းချုပ်တို့ကို ထုတ်ပြန်ရမည်။ ကုမ္ပဏီသည် မတည်ငွေရင်း လျှော့ချခြင်းကို အဆိုပါ သတင်းစာတွင် ထုတ်ပြန်ပြီးနောက် (၂၈)ရက် ကြာမြင့်သည်အထိ မပြုလုပ်ရ။

(ည) အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခြင်း သို့မဟုတ် သတ်မှတ်ပြီးဖြစ်ကြောင်း မှတ်ယူခဲ့သည့် အခြေအနေ သို့မဟုတ် မတည်ငွေရင်း လျှော့ချပြီးနောက် ကုမ္ပဏီသည် လူမွဲခံယူ ရခြင်းရှိခဲ့လျှင် အပါအဝင် ဤပုဒ်မ၏ ပုဒ်မခွဲ (စ) မှ (ဇ) အရ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၊ ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် အခြားသူများအပေါ် မှတ်ပုံတင် အရာရှိသည် တာဝန်မရှိစေရ။

(ဋ) ဤပုဒ်မ၏ ပုဒ်မခွဲ (ည)သည် ဤပုဒ်မအရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံ ဝင်ရန် ပုဒ်မ ၄၂၈ အရ ကုမ္ပဏီမှ ရရှိသော အခွင့်အရေးကို ကန့်သတ်ထားခြင်း မရှိစေရ။

**၁၁၇။ မတည်ငွေရင်းလျှော့ချခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်မှု၏ အကျိုးဆက်များ**

(က) ကုမ္ပဏီသည် ပုဒ်မ ၁၁၅ နှင့် ၁၁၆ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ပုဒ်မ ၁၁၅ အရ မတည်ငွေရင်းလျှော့ချခြင်းကို မပြုလုပ်ရ။

(ခ) ပုဒ်မ ၁၁၅ နှင့် ၁၁၆ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် မတည်ငွေရင်း လျှော့ချခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့်စပ်လျဉ်းသည့်ဆောင်ရွက်ချက် တစ်ရပ်ရပ်တို့၏ အကျိုးသက် ရောက်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

**၁၁၈။** ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၁၇ ၏ ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

**၁၁၉။** ပုဒ်မ ၁၁၈ အပြင် ကုမ္ပဏီသည် မတည်ငွေရင်းလျှော့ချခြင်းနှင့် စပ်လျဉ်း၍ လျှော့ချပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၁၇ ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကာ မတည်ငွေရင်းလျှော့ချခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ အားလုံးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများထက် ကျော်လွန်သည့် မြီရှင်များသို့ပေးရမည့် ကြွေးမြီများ ရှိခဲ့လျှင် မတည်ငွေရင်းလျှော့ချမှု ပမာဏနှင့်အညီ ကုမ္ပဏီ၏ မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း**

**၁၂၀။ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း**

(က) အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ကုမ္ပဏီသည် ၎င်း၏ အစုရှယ်ယာများကို ပြန်လည် ဝယ်ယူနိုင်သည်-

(၁) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူပြီးနောက် ချက်ချင်း ကြွေးမြီ စစ်ဆေးချက်ကို ကျေနပ်လက်ခံလျှင်၊

(၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အားလုံးအတွက် မျှတလျော်ကန်မှုရှိလျှင်၊

(၃) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီက ယင်း၏ မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစု ထိခိုက်မှုမရှိလျှင် နှင့်

(၄) ပုဒ်မ ၁၂၂ တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ပြီး ပုဒ်မ ၁၂၁ အရ အစုရှယ်ယာရှင်များက အတည်ပြုလျှင်။

(ခ) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို အညီအမျှသော်လည်းကောင်း၊ ရွေးချယ်၍ သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဂ) အစုရှယ်ယာများအား အညီအမျှ ပြန်လည် ဝယ်ယူခြင်းတွင် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(၁) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းမှုသည် သာမန်အစုရှယ်ယာ များနှင့်သာ သက်ဆိုင်သည်၊

(၂) သာမန်အစုရှယ်ယာ ပိုင်ဆိုင်သူအားလုံးထံသို့ ၎င်းတို့၏ သာမန်အစုရှယ်ယာ

အချိုးနှင့် ညီမျှသည့်အစုရှယ်ယာများကိုပြန်လည်ဝယ်ယူနိုင်စေရန်ကမ်းလှမ်းမှု ပြုလုပ်ရမည်၊

(၃) သာမန်အစုရှယ်ယာ ပိုင်ဆိုင်သူ အားလုံးသည် အဆိုပါ ကမ်းလှမ်းချက်များကို လက်ခံ ရရှိနိုင်သည့် အခွင့်အရေး ရှိရမည်၊

(၄) ထိုကမ်းလှမ်းမှုများကို လက်ခံရန်အတွက် သတ်မှတ်ပေးထားသော ကာလ အထိ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းဆိုင်ရာ သဘောတူညီချက် များကို ချုပ်ဆိုဆောင်ရွက်ခြင်း မပြုရ၊ ၎င်းပြင်

(၅) ကမ်းလှမ်းချက်အားလုံးတွင်ပါရှိသည့် စည်းကမ်းချက်များသည် တူညီရမည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ)မှအပ ဤပုဒ်မအရ အစုရှယ်ယာများ ဝယ်ယူရာတွင် အခြားနည်းဖြင့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း အားလုံးသည် ရွေးချယ်၍ ဝယ်ယူခြင်း ဖြစ်သည်။

**၁၂၁။ အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

(က) အစုရှယ်ယာများအား အညီအမျှ ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက် တစ်ရပ်ကို ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင်ချမှတ်သော သာမန်ဆုံးဖြတ်ချက် တစ်ရပ်ဖြင့် အတည်ပြုရမည် သို့မဟုတ် အဆိုပါ အတည်ပြုချက် ရရှိသည့်အခါမှ သဘောတူညီချက်ကို တရားဝင်ပြုလုပ်ရမည်။

(ခ) အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် ပြန်လည်ဝယ်ယူခြင်းအတွက် သဘော တူညီချက် တစ်ရပ်ကို အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် အတည်ပြုရမည် သို့မဟုတ် အတည်ပြု ချက် ရရှိသည့်အခါမှ အဆိုပါအတည်ပြုချက်နှင့် အညီပြုလုပ်ရမည် -

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူး ဆုံးဖြတ်ချက် တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်သည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း၏ တစ်စိတ် တစ်ဒေသအဖြစ် အဖိုးစားနားအား လက်ခံသူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူ ပုဂ္ဂိုလ် တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်း မပါရှိသည့် အထူးဆုံးဖြတ်ချက် ဖြစ်ရမည်၊ သို့ မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင် အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ် ဖြင့် အတည်ပြုခြင်း။

(ဂ) ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပုဒ်မ ၁၂၀ ပုဒ်မခွဲ (က) အပိုဒ် (၁) မှ (၃) အထိ တို့တွင် ပါရှိသော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက် ထား ကြောင်း အတည်ပြု ဖော်ပြချက် အပါအဝင် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ ဆန္ဒမဲ ပေးရန် ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသော အချက်အလက်များ အားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(ဃ) အစုရှယ်ယာရှင်များထံသို့ အစည်းအဝေး အကြောင်းကြားစာအား ပေးပို့ခြင်းမပြုမီ၊ အစုရှယ် ယာများအား ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက်ကို မပြုလုပ်မီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်းမိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ တင်ပြရမည်-

(၁) အစည်းအဝေးအကြောင်းကြားစာ၊

(၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမည့် ကမ်းလှမ်းချက်အတွက်

စည်းကမ်းချက်များ သတ်မှတ်ဖော်ပြပါရှိသော စာရွက်စာတမ်း နှင့်

(၃) အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေး အကြောင်းကြား စာနှင့်အတူ ပူးတွဲပါရှိသည့် အစုရှယ်ယာများအား ပြန်လည် ဝယ်ယူခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲ ပါရှိသည့် စာရွက် စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီး ဖြစ်ကြောင်းကို ဖော်ပြလျက် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို အတည်ပြုမည့် အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာ တစ်စုစု တွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ)ပါ စာရွက်စာတမ်းများကို လက်ခံရရှိသည့် နေ့ရက်မှစ၍ (၂၈)ရက်အတွင်း အစုရှယ်ယာရှင်များထံသို့ အစည်းအဝေး အကြောင်းကြားစာ ပေးပို့ခြင်းကို ဆောင်ရွက်ရန် သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိမှ အကြောင်းကြားစာ ပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း သတ်မှတ်ချက်ကို မထုတ်ပြန် လျှင် ကုမ္ပဏီသည် အစည်းအဝေး အကြောင်းကြားစာကို ပေးပို့ဆောင်ရွက်နိုင်သည့် အပြင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက် ရရှိပါကအစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်ကို ပြုလုပ်နိုင်သည်။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ (င)အရ သတ်မှတ်ချက် တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင် အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန် အတွက် လိုအပ်သည်ဟု ယူဆသည့်အခါ ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ တင်ပြသော စာရွက်စာတမ်း တစ်ရပ်ရပ်ကို ရှင်းလင်းစွာဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ဆ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်း မရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသော အကြောင်းများ ကို သင့်လျော်သည့် အကြောင်းအရာအဖြစ် တွေ့ရှိရလျှင် အစုရှယ်ယာများအား ပြန်လည် ဝယ်ယူရန် ကမ်းလှမ်းချက် ပြုလုပ်ခြင်းနှင့် အစည်းအဝေး အကြောင်းကြားစာ ကို ကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်း မပြုရန်အား ဤပုဒ်မ၏ ပုဒ်မခွဲ(င) တွင် ပါရှိသည့် အချိန်ကာလအတွင်း ချမှတ်နိုင်သည်။

(ဇ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် (၂၁) ရက်အတွင်း ဤပုဒ်မ ၏ ပုဒ်မခွဲ (ခ) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူ တစ်စောင်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရ မည်။ ထို့အပြင် နိုင်ငံအဝှမ်း ထုတ်ဝေသည့်သတင်းစာတွင် အဆိုပါ ဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်း အကြောင်းကြားချက်နှင့် အစုရှယ်ယာများအား ပြန်လည် ဝယ်ယူခြင်းအတွက် အသေးစိတ်ဖော်ပြချက် အကျဉ်းချုပ်တို့ကို ထုတ်ပြန်ရမည်။ ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေ ဖြန့်ဖြူးလျက် ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်စုစုတွင် ထုတ်ပြန်ပြီးနောက် (၂၈) ရက် ကြာမြင့်သည် အထိ မပြုလုပ်ရ။

(ဈ) အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခြင်း သို့မဟုတ် သတ်မှတ်ပြီးဖြစ်ကြောင်း

မှတ်ယူခဲ့သည့် အခြေအနေ သို့မဟုတ် မတည်ငွေရင်း လျှော့ချပြီးနောက် ကုမ္ပဏီသည် လူမွဲခံယူရခြင်းရှိခဲ့လျှင် အပါအဝင် ဤပုဒ်မ၏ ပုဒ်မခွဲ (င) မှ (ဆ) အထိ တို့အရ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၊ ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် အခြားသူများ အပေါ် မှတ်ပုံတင် အရာရှိသည်တာဝန် မရှိစေရ။

(ည) ဤပုဒ်မ၏ ပုဒ်မခွဲ (ဈ) သည် ဤပုဒ်မအရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံ ဝင်ရန် ပုဒ်မ ၄၂၈ အရ ကုမ္ပဏီကရရှိသော အခွင့်အရေးကို ကန့်သတ်ထားခြင်း မရှိစေရ။

**၁၂၂။ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်နှင့် စပ်လျဉ်းသည့်အကြောင်းအရာများ**

(က) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်တစ်ရပ်တွင် ထိုကမ်းလှမ်းချက်အား လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် ဆုံးဖြတ်နိုင်ရန် ကုမ္ပဏီ မှသိရှိထားသည့် အရေးကြီးသော အချက်အလက်အားလုံးကို ဖော်ပြထား သော တင်ပြချက် တစ်ရပ် ပါရှိစေရမည်။

(ခ) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန်အတွက် သဘောတူညီချက် တစ်ရပ်ကို ပြုလုပ်ပြီးသည့်အခါတွင် ပြန်လည်ဝယ်ယူမည့် အစုရှယ်ယာများနှင့်အတူ ဆက်စပ်ပါရှိသည့် အခွင့်အရေးများ အားလုံးကို ဆိုင်းငံ့ထားရမည်။ အဆိုပါ သဘော တူညီချက်အား ရပ်စဲခဲ့လျှင် ထိုသို့ ဆိုင်းငံ့ထားခြင်းကို ပယ်ဖျက်ရမည်။

(ဂ) ကုမ္ပဏီသည် ၎င်းမှ ပြန်လည်ဝယ်ယူထားသည့် အစုရှယ်ယာများကို စွန့်လွှတ်ခြင်း မပြုရ။ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်၍ ပြုလုပ်ထားသည့် သဘောတူညီချက် တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ဃ) ကုမ္ပဏီသို့ ပြန်လည်ဝယ်ယူသည့် အစုရှယ်ယာများအား လွှဲပြောင်းခြင်းကို မှတ်ပုံတင် ပြီးနောက် အစုရှယ်ယာများကို ချက်ချင်း ပယ်ဖျက်ရမည်။

**၁၂၃။ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်မှု၏ အကျိုးဆက်များ**

(က) ကုမ္ပဏီသည် ပုဒ်မ ၁၂၁ နှင့် ၁၂၂ တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ခြင်းမရှိလျှင် ပုဒ်မ ၁၂၀ အရ အစုရှယ်ယာများအား ပြန်လည် ဝယ်ယူခြင်းကို မပြုလုပ်ရ။

(ခ) ကုမ္ပဏီသည် ပုဒ်မ ၁၂၁ နှင့် ၁၂၂ တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ် ကို ဆန့်ကျင်၍ဆောင်ရွက်ခြင်းသည် အစုရှယ်ယာများအား ပြန်လည် ဝယ်ယူခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက် တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက် စေခြင်း မရှိစေရ။

**၁၂၄။** ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၂၃ ၏ ပုဒ်မခွဲ (က)ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ(၁၀၀)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

**၁၂၅။** ပုဒ်မ ၁၂၄ အပြင် ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်ဝယ်ယူပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၂၃ ၏ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက် များကို ဖောက်ဖျက်၍ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊

တမင်ဖြစ်စေ ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ အားလုံးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့် ကြွေးမြီများ ရှိခဲ့လျှင် အစု ရှယ်ယာများအား ပြန်လည် ဝယ်ယူမှုအတွက် ပေးချေရမည့်တန်ဖိုး ပမာဏနှင့်အညီ ကုမ္ပဏီ၏ မြီရှင်များအပေါ်တွင် တာဝန် ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကို ပြောင်းလဲ သတ်မှတ်ခြင်း**

**၁၂၆။ အစုရှယ်ယာအမျိုးအစားများကို ပိုင်ဆိုင်သူများ၏ အခွင့်အရေးကို ပြောင်းလဲသတ်မှတ်ခြင်း**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ အစုရှယ်ယာအမျိုးအစား တစ်ရပ်တွင် ပါရှိသော အစုရှယ်ယာများ၏ အခွင့်အရေးများ သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်းမပါရှိသော ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူအမျိုးအစား တစ်ရပ်တွင် ပါရှိသောသူများ၏ အခွင့်အရေးကို ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း အတွက် လုပ်ထုံး လုပ်နည်းများအား သတ်မှတ်ဖော်ပြထားပါက အဆိုပါ လုပ်ထုံး လုပ်နည်းများနှင့် အညီသာလျှင် ပြောင်းလဲသတ်မှတ်နိုင်မည် သို့မဟုတ် ပယ်ဖျက်နိုင်မည်ဖြစ်သည်။ ထိုလုပ်ထုံး လုပ်နည်းကို ယင်းတွင်ပါရှိသည့် သတ်မှတ်ချက်များနှင့် အညီသာလျှင် ပြောင်းလဲနိုင်သည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)၌ ဖော်ပြထား သော လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ် မပါရှိခဲ့လျှင် အဆိုပါ အလားတူ အခွင့်အရေးများကို ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်ဖြင့်သာ ပြောင်းလဲသတ်မှတ်နိုင်သည် သို့မဟုတ် ပယ်ဖျက်နိုင်သည်။ ထို့အပြင်

(၁) အောက်ပါ ဖော်ပြထားသည့် ပါဝင်သူများ၏ အစည်းအဝေးမှ ချမှတ်သော အထူးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက် နိုင်သည်-

(ကက) အစုရှယ်ယာမတည်ငွေရင်းပါရှိသော ကုမ္ပဏီတစ်ခုဖြစ်သည် ဆိုလျှင် အဆိုပါ အစုရှယ်ယာ အမျိုးအစားတွင် အစုရှယ်ယာများ ပိုင်ဆိုင်သည့်သူများ ၊ သို့မဟုတ်

(ခခ) အစုရှယ်ယာမတည်ငွေရင်းမပါရှိသော ကုမ္ပဏီတစ်ခု ဖြစ်သည် ဆိုလျှင် ပြောင်းလဲသတ်မှတ်ထားသော သို့မဟုတ် ပယ်ဖျက်ထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည့် အမျိုးအစားတွင် ပါဝင်သူများ၊ သို့မဟုတ်

(၂) အဆိုပါအမျိုးအစားတွင် အနည်းဆုံး ဆန္ဒမဲ ၇၅% ရှိသည့် ကုမ္ပဏီတွင် ပါဝင်သူများ၏ စာဖြင့်ရေးသား သဘောတူညီချက် ဖြင့်လည်း ပြုလုပ်နိုင်သည်။

(ဂ) ကုမ္ပဏီသည် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအား ပြုလုပ်ပြီးနောက် (၇) ရက်အတွင်း ထိုသို့ပြောင်းလဲ သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို အဆိုပါ အမျိုးအစားများတွင် ပါဝင်သူများထံသို့ စာဖြင့် ရေးသား အကြောင်းကြားရမည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(င) အရပြုလုပ်သော လျှောက်ထားမှုကိုလိုက်နာလျက် သက်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပြီးနောက် သို့မဟုတ် သက်ဆိုင်ရာ သဘောတူညီချက် များကို လက်ခံရရှိပြီးနောက် (၂၁) ရက်အတွင်း ကုမ္ပဏီသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်

နှင့်အညီ ပြုလုပ်သည့် ပြောင်းလဲသတ်မှတ်ခြင်းများနှင့် ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်း ပြောင်းလဲစေမည့် ကိစ္စရပ်များအား မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြောင်းလဲသတ်မှတ်ထားသည့် ထုတ်ဝေပြီးဖြစ်သော အစုရှယ်ယာအမျိုးအစားတစ်ခု၏ စုစုပေါင်း ၁၀% ထက်မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသည့်သူများတွင် ပြောင်းလဲသတ်မှတ်ရန်အတွက် ဆုံးဖြတ်ချက် ချမှတ်ခြင်း တွင် သဘောတူညီခြင်းမရှိခဲ့လျှင် သို့မဟုတ် မဲပေးခြင်းမရှိသူက အဆိုပါ ပြောင်းလဲ သတ်မှတ်ခြင်းကို ဆက်လက်၍ သဘောတူညီခြင်း မရှိလျှင် ထိုသူသည် အဆိုပါပြောင်းလဲသတ်မှတ်ခြင်းကို ပယ်ဖျက်ပေးရန်အတွက်တရားရုံးသို့ လျှောက်ထား တင်ပြနိုင်သည်။ ထိုသို့လျှောက်ထားမှုတစ်စုံတစ်ရာရှိခဲ့ပါက အဆိုပါပြောင်းလဲ သတ်မှတ်ခြင်းကိုတရားရုံးကအတည်မပြုမိသည့်အထိထိုသို့ပြောင်းလဲ သတ်မှတ်ခြင်း မှာ အကျိုးသက်ရောက်ခြင်း မရှိစေရ။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ(င)အရ တင်ပြလျှောက်ထားမှုကို သဘောတူညီချက် ပေးသည့် နေ့ရက် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ (၂၁)ရက်အတွင်း ပြုလုပ်ရမည်။ လျှောက်ထားမှုအား ပြုလုပ်ခွင့်ရှိသည့်အစုရှယ်ယာရှင်များကိုယ်စား ၎င်းတို့က ဤကိစ္စ အလို့ငှာ စာဖြင့်ရေးသားခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုသော သူများက ထိုလျှောက်ထားမှုကို ပြုလုပ်နိုင်သည်။

(ဆ) လျှောက်ထားမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးသည် လျှောက်ထားသူ၊ လျှောက်ထား မှုနှင့် စပ်လျဉ်း၍ ကြားနာပေးရန် တရားရုံးသို့ လျှောက်ထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကြားနာစစ်ဆေးပြီးနောက် အဆိုပါ ပြောင်းလဲ သတ်မှတ်ခြင်း သည် လျှောက်ထားသူမှ ကိုယ်စားပြုသော အမျိုးအစားတွင် ပါဝင်သူများကို မတရားထိခိုက်နစ်နာစေကြောင်း အမှုတွင် ပေါ်ပေါက်ခဲ့လျှင် ထိုသို့ ပြောင်းလဲသတ် မှတ်ခြင်းအား ခွင့်မပြုကြောင်း ဆုံးဖြတ်နိုင်သည်။ အမှုတွင် ထိုသို့မပေါ်ပေါက်ပါက ပြောင်းလဲသတ်မှတ်ခြင်းအား အတည်ပြုပေးရမည်။

(ဇ) အဆိုပါ လျှောက်ထားမှုနှင့် စပ်လျဉ်း၍ တရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(ဈ) ကုမ္ပဏီသည် လျှောက်ထားမှုအပေါ် ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို လက်ခံရရှိပြီး နောက်(၂၁)ရက်အတွင်းထိုအမိန့်၏မိတ္တူတစ်စောင်ကိုမှတ်ပုံတင်အရာရှိထံပေးပို့ရမည်

(ည) ကုမ္ပဏီအရာရှိအားလုံး၏ တာဝန်မှာ ဤပုဒ်မပါ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို လည်းကောင်း၊ သက်ဆိုင်သည့် တင်ပြ ဆောင်ရွက်မှုများကို လည်းကောင်း ပြုလုပ်ရန် ဖြစ်သည်။

(ဋ) ဤပုဒ်မတွင် ဖော်ပြပါရှိသည့် "ပြောင်းလဲသတ်မှတ်ခြင်း" နှင့် "ပြောင်းလဲ သတ်မှတ်သော" ဆိုသည်တွင် "ပယ်ဖျက်ခြင်း" နှင့် "ပယ်ဖျက်သော " ဟု အဓိပ္ပါယ်လည်းပါဝင်စေရမည်။

၁၂၇။ ပုဒ်မ ၁၂၆ ၏ ပုဒ်မခွဲ (ည)တွင်ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊တမင်ဖြစ်စေ ပါဝင်သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြား အရာရှိ တစ်ဦးဦးစီသည် ပြစ်ဒဏ်ငွေ(၂၀)ခု ထက် မပိုသော ငွေဒဏ်ကို ပေးဆောင်ရမည်။

ငွေကြေးအထောက်အပံ့

**၁၂၈။ ကုမ္ပဏီမှ ယင်း၏ ထုတ်ဝေသည့် အစုရှယ်ယာများကို ဝယ်ယူခြင်းအတွက် ငွေကြေး အထောက်အပံ့ ပေးခြင်းဆိုင်ရာ ကန့်သတ်ချက်များ**

(က) ဤပုဒ်မ သို့မဟုတ် ပုဒ်မ ၁၃၀ တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များမှတစ်ပါး အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံ ကုမ္ပဏီမဟုတ်သော အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီများအပြင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ယင်းကုမ္ပဏီက သို့မဟုတ် ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီက ထုတ်ဝေထားသည့် အစုရှယ်ယာ တစ်ရပ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ခဲ့သော သို့မဟုတ် ပြုလုပ်မည်ဖြစ်သော ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ သို့မဟုတ် ဝယ်ယူရန်အတွက် ငွေကြေးအထောက်အပံ့ တစ်စုံတစ်ရာကို ပေးအပ်ခြင်း မပြုရ။

သို့ရာတွင် ငွေထုတ်ချေးခြင်းမှာ ကုမ္ပဏီ၏ သာမန် စီးပွားရေးလုပ်ငန်း တစ်စိတ် တစ်ဒေသ ဖြစ်လျှင် ကုမ္ပဏီ၏ သာမန်စီးပွားရေးလုပ်ငန်း အဖြစ် ငွေထုတ်ချေးခြင်းအား ဤပုဒ်မတွင် ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်း မရှိစေရ။

(ခ) ဤပုဒ်မတွင် ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီ တစ်ခုက အစုရှယ်ယာ များကို ပြန်လည်ရွေးနုတ်ရယူခြင်း၊ အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချခြင်း သို့မဟုတ် အခန်း(၁၅) တွင် ပါရှိသော ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏ အစုရှယ်ယာ မတည် ငွေရင်းအပေါ် အကျိုးသက်ရောက်စေမည့် ဆောင်ရွက်မှု သို့မဟုတ် လုပ်ထုံး လုပ်နည်းများကို ပြုလုပ်ခြင်းတို့နှင့် စပ်လျဉ်းသော အခွင့်အရေးကို ထိခိုက်စေခြင်း မရှိစေရ။

**၁၂၉။** ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၂၈ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ပြုလုပ်ဆောင်ရွက်ခဲ့လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့် ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့် ကုမ္ပဏီ နှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၁၃၀။ ငွေကြေးအထောက်အပံ့ ပေးအပ်ရန် ကုမ္ပဏီအား ခွင့်ပြုခြင်း**

(က) ပုဒ်မ ၁၂၈ နှင့် သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် အောက်ပါအချက်များနှင့် ညီညွတ်မှ သာ ကုမ္ပဏီ သို့မဟုတ် ယင်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုရှိ အစုရှယ်ယာ များကိုရယူနိုင်ရန်အတွက်ပုဂ္ဂိုလ်တစ်ဦးဦးသို့ငွေကြေးအထောက်အပံ့ ပေးအပ်နိုင်သည်

(၁) ဒါရိုက်တာအဖွဲ့သည် အောက်ပါအခြေအနေများကို လက်ခံနိုင်ဖွယ်ရှိသော အကြောင်းပြချက်များ ရှိကြောင်း ဆုံးဖြတ်ခဲ့လျှင်-

(ကက) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ ပေးသင့်ကြောင်း၊

(ခခ) ထိုသို့ငွေကြေး အထောက်အပံ့ ပေးခြင်းသည် ကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးခံစားခွင့်များကိုကောင်းစွာရရှိစေမည်ဖြစ်ကြောင်း၊

(ဂဂ) ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အားလုံးအတွက် မျှတလျော်ကန်မှုရှိကြောင်း၊

(ဃဃ) ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီက ယင်း၏ မြီရှင် များသို့ ငွေပေးချေရမည့် တာဝန်များကို အများစု ထိခိုက်မှု မရှိကြောင်း နှင့်

(ငင) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ ပေးပြီးနောက် ချက်ချင်း

ကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံကြောင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၁၃၃ အရ ငွေကြေး အထောက်အပံ့ ပေးခြင်းအား အစုရှယ်ယာရှင်များက အတည်ပြု ကြောင်း။

(ခ) ငွေကြေးအထောက်အပံ့ပေးခြင်းအား ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ် (၁)အရ ဒါရိုက်တာအဖွဲ့မှ ခွင့်ပြုပြီးနောက် အဆိုပါ ငွေကြေးအထောက်အပံ့ကို ပေးအပ်ခြင်း မပြုသေးမီ ကာလအတွင်း ကုမ္ပဏီအနေဖြင့် ငွေကြေးအထောက်အပံ့ ပေးပြီးနောက် ချက်ချင်း ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ်(၁)ပါ လိုအပ်ချက်များကို လိုက်နာနိုင်သည့် အခြေအနေရှိမည် မဟုတ်ကြောင်း ဒါရိုက်တာအဖွဲ့က တွေ့ရှိလျှင် ကုမ္ပဏီကပြုလုပ်မည့် ငွေကြေး အထောက်အပံ့ တစ်ရပ်ရပ်ကို ပြုလုပ်ခွင့်ရှိသည်ဟု မှတ်ယူခြင်း မရှိစေရ။

**၁၃၁။** ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၃၀ ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ငွေ ပမာဏ (၅၀)ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်မှုကို ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

**၁၃၂။** ပုဒ်မ ၁၃၁ အပြင် ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့များ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပေးအပ်ပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၃၀ ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ ငွေကြေး အထောက်အပံ့ပေးခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ အားလုံးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့်ကြွေးမြီများ ရှိခဲ့လျှင် ငွေကြေးအထောက်အပံ့များ ပေးခဲ့သည့် တန်ဖိုးပမာဏ နှင့်အညီ ကုမ္ပဏီ၏ မြီရှင်များ အပေါ်တွင် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံ ရယူနိုင်သည်။

**၁၃၃။ အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

(က) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးခြင်းအတွက် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို အောက်ပါအတိုင်း ပြုလုပ်ရမည် -

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက် တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်မှာ အစုရှယ်ယာများ ရရှိသူကဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်း မပါရှိသည့် အထူးဆုံးဖြတ်ချက် ချမှတ်ခြင်း၊ သို့ မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင်များ အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ခ) ကုမ္ပဏီသည် ပုဒ်မ ၁၃၀ တွင် ဖော်ပြပါရှိသည့်အတိုင်း ငွေကြေး အထောက်အပံ့ကို ရယူဆောင်ရွက်ပြီးနောက် ချက်ချင်း နိုင်ငံတော်အတွင်း စတော့ဈေးကွက်၌ အမည်စာရင်းတင်သွင်းထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သည်ဆိုလျှင် ငွေကြေးအထောက်အပံ့အား အဆိုပါအများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

(ဂ) ကုမ္ပဏီသည်ငွေကြေးအထောက်အပံ့ပေးခြင်း ဆောင်ရွက်ပြီးနောက် ချက်ချင်း အောက်ပါ

အတိုင်း အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုရှိခဲ့လျှင်ထိုအစုများပိုင်ဆိုင်သည့်ကုမ္ပဏီသည်-

(၁) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားပြီးနိုင်ငံတော်အတွင်း စတော့ဈေးကွက်၌ အမည်စာရင်း တင်သွင်းထားခြင်း မရှိသေးသည့်ကုမ္ပဏီ ဖြစ်သည်ဆိုလျှင်၊ ၎င်းပြင်

(၂) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အခြားကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခု မဟုတ်သောကုမ္ပဏီ ဖြစ်သည်ဆိုလျှင်၊

အထက်ပါကိစ္စရပ်တွင် ငွေကြေးအထောက်အပံ့ပေးခြင်းကို ထိုအစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက် တစ်ရပ်ဖြင့် အတည်ပြုရမည်။

ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ်(ခ) သို့မဟုတ် (ဂ)တို့တွင်ပါရှိသော ကိစ္စရပ်များ အတွက် အစည်းအဝေးတစ်ရပ်အား ခေါ်ယူကျင်းပလိုသော ကုမ္ပဏီသည် အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ဆန္ဒမဲပေးရန် ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သော ကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသော အချက်အလက်များ အားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) တို့တွင်ပါရှိသော ကိစ္စရပ်များ အတွက် ခေါ်ယူကျင်းပမည့် အစည်းအဝေးအကြောင်းကြားစာအားကုမ္ပဏီတွင် ပါဝင်သူများ ထံသို့ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်းမိတ္တူ တစ်စုံစီကို မှတ်ပုံတင် အရာရှိ ထံသို့ ပေးပို့တင်ပြရမည် -

(၁) အစည်းအဝေးအကြောင်းကြားစာနှင့်

(၂) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့မည့် အစည်းအဝေး အကြောင်းကြား စာနှင့် အတူ ပူးတွဲပါရှိသည့် ငွေကြေးအထောက်အပံ့ပေးခြင်းနှင့် သက်ဆိုင်သော စာရွက် စာတမ်းများ။

(င) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့မပေးမီ အနည်းဆုံး (၂၁) ရက်အတွင်း ထိုငွေကြေး အထောက်အပံ့ပေးခြင်းအား ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ အတည်ပြု ဆောင်ရွက် ပြီးဖြစ်ကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာ တစ်စောင်အား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) တို့တွင် ပါရှိသော ကိစ္စရပ်များ အတွက် ချမှတ်ထားသည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ကို ယင်းဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှ (၁၄)ရက်အတွင်း ဖော်ပြပါ ကုမ္ပဏီ၊ နိုင်ငံတော်အတွင်း စတော့ဈေးကွက်၌ အမည် စာရင်း တင်သွင်းထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီသို့မဟုတ် အစုများ ပိုင်ဆိုင် သည့် ကုမ္ပဏီသည် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဆ) ကုမ္ပဏီ၏ ဒါရိုက်တာနှင့် အခြားအရာရှိအားလုံး၏တာဝန်မှာ ဤပုဒ်မပါ လုပ်ထုံး လုပ်နည်း များနှင့်အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို လည်းကောင်း၊ သက်ဆိုင်သည့် တင်ပြဆောင်ရွက်မှုများကို လည်းကောင်း သင့်လျော်သော ဆောင်ရွက်ချက်ဖြင့် ပြုလုပ်ရန် ဖြစ်သည်။

၁၃၄။ ပုဒ်မ ၁၃၃ ပုဒ်မခွဲ(ဆ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၃၅။ **ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်း၏ အကျိုး သက်ရောက်မှုများ**

ပုဒ်မ ၁၂၈ တွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက် ကုမ္ပဏီသည် ငွေကြေး အထောက် အပံ့များကို ပေးအပ်ခဲ့လျှင် ထိုသို့ ငွေကြေးအထောက်အပံ့ပေးခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက် တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

**အစုရှယ်ယာများကိုမိမိကိုယ်တိုင်ပြန်လည်ရယူခြင်းအားတားမြစ်ခြင်း**

**၁၃၆။ အစုရှယ်ယာများအားတိုက်ရိုက်ရယူခြင်း**

ကုမ္ပဏီတစ်ခုသည် အောက်ပါကိစ္စရပ်မှအပ ၎င်း၏အစုရှယ်ယာများကို ရယူခြင်းမပြုရ -

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ဝယ်ယူခြင်း၊ သို့မဟုတ်

(ခ) တရားရုံး၏ အမိန့်အရ ဆောင်ရွက်ခြင်း။

**၁၃၇။ အစုရှယ်ယာများအပေါ် အာမခံချက်များ ရယူခြင်း**

ကုမ္ပဏီတစ်ခုသည် ယင်း၏အစုရှယ်ယာများ သို့မဟုတ် ယင်းကို ကြီးကြပ်အုပ်ချုပ်နေသည့် အစုများ ပိုင်ဆိုင်သော ကုမ္ပဏီ၏ အစုရှယ်ယာများအပေါ် အာမခံချက်များ ရယူခြင်းမပြုရ။

**၁၃၈။ အစုရှယ်ယာများကို လက်အောက်ခံကုမ္ပဏီတစ်ခုသို့ ထုတ်ဝေခြင်း သို့မဟုတ် လွှဲပြောင်းခြင်း**

အောက်ပါအကြောင်းများ ပေါ်ပေါက်ခြင်းမရှိလျှင် ကုမ္ပဏီတစ်ခုက ယင်း၏လက်အောက်ခံ ကုမ္ပဏီ သို့ ယင်း၏ အစုရှယ်ယာများကို ထုတ်ဝေခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းသည် ပျက်ပြယ်သည် -

(က) လွှဲပြောင်းလက်ခံသော လက်အောက်ခံကုမ္ပဏီသည် အစုရှယ်ယာများအား ယုံကြည် အပ်နှံခြင်းခံရသူအဖြစ်သာ လက်ခံထားခြင်းဖြစ်ပြီး အစုရှယ်ယာများမှ အကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ရယူခြင်းမရှိလျှင်၊သို့မဟုတ်

(ခ) လွှဲပြောင်းမှုအား အဆိုပါ ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သော ကုမ္ပဏီကပြုလုပ်ပြီး လွှဲပြောင်း လက်ခံသော လက်အောက်ခံကုမ္ပဏီက ထိုအစုများ ပိုင်ဆိုင်သော ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်လျှင်။

**၁၃၉။ ကင်းလွတ်ချက်များ**

ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားအခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေဘဲ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၁၃၆ မှ ၁၃၈ အထိ တို့တွင် တားမြစ်ထားသည့် သို့မဟုတ် ပျက်ပြယ်သည့် ကိစ္စတစ်ရပ်ရပ်ကို ခွင့်ပြုနိုင်ပြီး အကျိုးသက်ရောက်စေနိုင်သည့် အခြေအနေများကို သတ်မှတ်ဖော်ပြနိုင်သည်။

**တာဝန်များကို ဆက်လက်ဆောင်ရွက်ရခြင်း**

**၁၄၀။ အခြားတာဝန်များကို ဆက်လက်လိုက်နာဆောင်ရွက်ရခြင်း**

ဒါရိုက်တာတစ်ဦးသည် အစုရှယ်ယာမတည်ငွေရင်း အပေါ် အကျိုးသက်ရောက်စေမည့် ဆောင်ရွက် ချက်များနှင့် စပ်လျဉ်း၍ အပိုင်း ၄ တွင် ပါရှိသော တာဝန်များအပါအဝင် ဤဥပဒေအရ ၎င်းတို့၏ တာဝန် သို့မဟုတ် ၎င်းတို့အား ပေးအပ်ထားသည့် တာဝန်တစ်ရပ်ရပ်ကို ဤအခန်းတွင် ဖော်ပြပါရှိ သော ပြဋ္ဌာန်းချက်တစ်ရပ်အရ ခွင့်ပြုထားသည့် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများက ဆုံးဖြတ်ချက်ချမှတ်၍ အတည်ပြုထားသည့် သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ခွင့်ပြုထား သည့် အကြောင်းမျှဖြင့် ကင်းလွတ်ခွင့် မရှိစေရ။

## အပိုင်း (၄)

## စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ခြင်း၊ အများပြည်သူသို့ ကမ်းလှမ်းခြင်းခြင်း၊ ပေါင်းနှံခြင်းနှင့်ကြွေးမြီတာဝန်ရှိခြင်း၊ ကုမ္ပဏီ၏ငွေစာရင်းများကို ထိန်းသိမ်းထားရှိခြင်း

### အခန်း (၁၆) ကုမ္ပဏီရုံးခန်း နှင့် အမည်

### ၁၄၁။ မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်း

(က) ကုမ္ပဏီတစ်ခုသည် ယင်းအား စတင် ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အကြောင်းကြားမှုများအတွက် လိပ်မူပေးပို့နိုင်မည့် မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းတစ်ခု ရှိရမည်။

(ခ) ကုမ္ပဏီသည် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာရှိ အဆောက်အအုံ ဥပစာတွင် လုပ်ငန်းဆောင်ရွက်ရန်မလိုအပ်။ သို့ရာတွင် အဆိုပါ အဆောက်အအုံ ဥပစာတွင် ဝင်ရောက်နေထိုင်သူက ယင်းနေရာအား ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းအဖြစ် အသုံးပြုခွင့်ပေးကြောင်း သဘောတူညီချက်ကို ရယူထိန်းသိမ်းထားရမည်။ အဆိုပါ သဘောတူညီချက်အား ပြန်လည် ရုပ်သိမ်းခဲ့လျှင် ကုမ္ပဏီသည် မှတ်ပုံတင်ထားသောရုံးခန်းအသစ် တစ်ခုကို ထပ်မံဖော်ပြရမည်။ မှတ်ပုံတင်အရာရှိသည် ဤဥပဒ်မခွဲအရ လိုအပ်သော သဘောတူညီချက် အထောက်အထားကို ကုမ္ပဏီအား တင်ပြစေနိုင်သည်။

(ဂ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်သည့် လျှောက်လွှာတွင် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာအပြည့်အစုံကို အကြောင်းကြားထည့်သွင်း ဖော်ပြရမည်ဖြစ်ပြီး အဆိုပါလိပ်စာ တွင် အဆိုပြုပြောင်းလဲပြင်ဆင်မှု တစ်စုံတစ်ရာ ရှိခဲ့ပါက ထိုသို့ပြောင်းလဲပြင်ဆင်သည့် နေ့မတိုင်မီ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိ ထံသို့တင်ပြရမည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါ ပြောင်းလဲမှု များကို မှတ်တမ်းတင် ထားရှိရမည်။

(ဃ) ကုမ္ပဏီ၏ နှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည့် မှတ်ပုံတင်ထားသော ကုမ္ပဏီ ရုံးခန်းလိပ်စာသည် ဤဥပဒ်မပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသည့် တာဝန်အတွက် ပြည့်စုံလုံလောက်သည်ဟု သတ်မှတ်ခြင်း မရှိစေရ။

(င) မှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ်များ ပေါ်ပေါက်ကြောင်း ထင်မြင်ခဲ့လျှင် နိုင်ငံအတွင်းနေထိုင်သည့် ဒါရိုက်တာ တစ်ဦးဦးထံသို့ အကြောင်းကြားစာ ပေးပို့၍ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာကို အဆိုပါ ဒါရိုက်တာ၏ လိပ်စာဖြင့် ပြောင်းလဲ သတ်မှတ်လိုကြောင်း အသိပေးနိုင်သည်-

(၁) အကယ်၍ မှတ်ပုံတင်ထားသောရုံးခန်းသည် ကုမ္ပဏီ လုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံ ဥပစာတွင် တည်ရှိခဲ့သော်လည်း ထိုအဆောက်အအုံ ဥပစာ တွင် ကုမ္ပဏီက ဆက်လက် လုပ်ငန်းဆောင်ရွက်ခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) အကယ်၍ မှတ်ပုံတင်ထားသော ရုံးခန်းသည် ကုမ္ပဏီလုပ်ငန်း ဆောင်ရွက် သည့် အဆောက်အအုံ ဥပစာတွင် လုပ်ငန်းဆောင်ရွက်ခြင်းမရှိလျှင် ထိုအဆောက် အအုံ ဥပစာတွင် ဝင်ရောက်နေထိုင်သူက ယင်းဥပစာအား ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းအဖြစ် အသုံးပြုခွင့်ပေးရန် သဘော တူညီခြင်း မရှိလျှင် သို့မဟုတ် ပြန်လည် ရုပ်သိမ်းလျှင် သို့မဟုတ် ၎င်းအနေဖြင့် ယင်းဥပစာတွင် ဆက်လက် နေထိုင်ခြင်းမရှိလျှင်၊

အဆိုပါအကြောင်းကြားစာအား ထုတ်ပြန်သည့်နေ့မှ (၂၈)ရက်အတွင်း ကုမ္ပဏီသည်ရုံးခန်း လိပ်စာအသစ်ကို သတ်မှတ်ဖော်ပြနိုင်ခြင်း မရှိပါက မှတ်ပုံတင်အရာရှိသည် အထက်ပါ လိပ်စာကို မှတ်ပုံတင်ထားသော ရုံးခန်း လိပ်စာအဖြစ် ပြောင်းလဲ သတ်မှတ်နိုင်သည်။

**၁၄၂။** ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၄၁ အရ သတ်မှတ်ထားသည့်အချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၈) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

**၁၄၃။ တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ၏အမည်ကို ဖော်ပြရခြင်း**

တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီအားလုံးသည် -

(က) ယင်း၏အမည်အား မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းတွင်လည်းကောင်း၊ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်သည့် ရုံးခန်း သို့မဟုတ် နေရာ အားလုံးတို့တွင်လည်းကောင်း မြင်သာသည့်နေရာ၌ မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းစွာ ရေးသားဖော်ပြရမည်။

(ခ) ကုမ္ပဏီ၏ ရုံးတံဆိပ် ရှိခဲ့လျှင် ယင်းရုံးတံဆိပ်တွင် ၎င်း၏အမည်အား ရှင်းလင်းလွယ်ကူသည့် စာလုံးများ ဖြင့် ဖော်ပြပါရှိစေရမည်။

(ဂ) အောက်ပါကိစ္စရပ်များအားလုံးတွင် ယင်း၏အမည်အား မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် လွယ်ကူစွာဖတ်ရှုနိုင်စေရန် ဖော်ပြရမည် -

(၁) ကုမ္ပဏီက သော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စား သော်လည်းကောင်း စာဖြင့် ရေးသား ပေးပို့သည့် ဆက်သွယ်ဆောင်ရွက်မှုများ နှင့်

(၂) ကုမ္ပဏီက သော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သည့် သို့မဟုတ် လက်မှတ်ရေးထိုးပြီး ကုမ္ပဏီအတွက် ဥပဒေအရ တာဝန်ရှိမှု တစ်ရပ်ရပ်ကို ဖြစ်စေသော စာရွက်စာတမ်းများ။

**၁၄၄။ ကုမ္ပဏီ၏အမည်ကို ဖော်ပြခြင်း မပြုသည့်အတွက် ပြစ်ဒဏ်**

(က) တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် ယင်း၏အမည်အား ဤဥပဒေအရညွှန်ကြားထားသည့် နည်းလမ်းများအတိုင်း ရှင်းလင်းထင်ရှားစွာ လိုက်နာဖော်ပြခြင်း မရှိလျှင် ပြစ်ဒဏ်ပမာဏ(၁) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်စေခဲ့သည့် သို့မဟုတ် ပျက်ကွက်ရန် ခွင့်ပြုခဲ့သည့် ကုမ္ပဏီအရာရှိ တစ်ဦးဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန် ရှိစေရမည်။

(ခ) တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခု၏ အရာရှိတစ်ဦးဦး သို့မဟုတ် ယင်းကိုယ်စားဆောင်ရွက်သူတစ်ဦးဦးသည် အထက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ယင်း၏အမည်ကို ရှင်းလင်းထင်ရှားစွာ ဖော်ပြခြင်းမပြုဘဲ ကုမ္ပဏီ၏ ရုံးတံဆိပ်တစ်ခုအဖြစ် ရည်ရွယ်လျက် ရုံးတံဆိပ်တစ်ခုခုကို အသုံးပြုခဲ့လျှင် သို့မဟုတ် ထိုသို့အသုံးပြုရန် ခွင့်ပြုခဲ့လျှင် သို့မဟုတ် အထက်တွင် ပြဋ္ဌာန်း ထားသည့်အတိုင်း ယင်း၏အမည်ကို ပုဒ်မ ၁၄၃ ၏ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြ ပါရှိသည့် ဆက်သွယ်ဆောင်ရွက်မှု သို့မဟုတ် စာရွက်စာတမ်း တစ်ခုခုကို ဖော်ပြခြင်းမပြုဘဲ ပြုလုပ်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ် ဆောင်ရွက်ရန် ခွင့်ပြုခဲ့လျှင် ပြစ်ဒဏ် ပမာဏ (၁)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။ ၎င်းအပြင် အဆိုပါ စာရွက်စာတမ်းသည် ကုမ္ပဏီအတွက် ဥပဒေအရ တာဝန်ရှိမှု တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခဲ့ပြီး အောက်ပါကိစ္စရပ်များ မပေါ်ပေါက်ခဲ့လျှင် ထိုတာဝန်ရှိမှုကို ကုမ္ပဏီက မဆောင်ရွက်နိုင်သဖြင့် ကုမ္ပဏီအပေါ်တွင် ဖြစ်ပေါ်လာ သည့် တာဝန်ရှိမှုများအတွက်လည်း ထိုသူက တာဝန်ယူဆောင်ရွက်ရမည်-

(၁) အခြားပုဂ္ဂိုလ်အတွက် ကုမ္ပဏီသည် တာဝန်ယူဆောင်ရွက်မည်ဟု အဆိုပါ ပုဂ္ဂိုလ်သည် သိရှိသူ သို့မဟုတ် သိရှိသည်ဟု မှတ်ယူခံရသူ ပုဂ္ဂိုလ်ဖြစ်ကြောင်း စာရွက်စာတမ်းကို ထုတ်ပြန်ခဲ့သူ သို့မဟုတ် လက်မှတ်ရေးထိုးခဲ့သူက ထင်ရှား ပြသနိုင်ခြင်း၊ သို့မဟုတ်

(၂) တရားရုံးက အဆိုပါစာရွက်စာတမ်းကို ထုတ်ပြန်ခဲ့သူ သို့မဟုတ် လက်မှတ် ရေးထိုးခဲ့သူအပေါ် ထိုသို့ တာဝန်ရှိစေခြင်းမှာတရားမျှတမှုမရှိကြောင်းတွေ့ရှိခြင်း။

**အခန်း (၁၇) အစည်းအဝေးများနှင့် ကုမ္ပဏီများ၏ ဆောင်ရွက်မှုများ**

**၁၄၅။ ဒါရိုက်တာများ၏ အစည်းအဝေးများ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ -

(၁) ဒါရိုက်တာများ၏ အစည်းအဝေးတစ်ရပ်ကို ဒါရိုက်တာတစ်ဦးက အခြား ဒါရိုက်တာများထံသို့ သင့်လျော်သော အချိန်ကာလအတွင်း အကြောင်းကြားစာ ပေးပို့၍ ခေါ်ယူ ကျင်းပနိုင်သည်၊

(၂) အစည်းအဝေးအားဒါရိုက်တာများအားလုံးကသဘောတူလက်ခံသည့် နည်းလမ်း တစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့်ဖြစ်စေ ခေါ်ယူနိုင်သည် သို့မဟုတ် ကျင်းပနိုင်သည်၊

(၃) ဒါရိုက်တာများ၏ အစည်းအဝေးတစ်ရပ်အတွက် အစည်းအဝေးအထမြောက် စေရန် တက်ရောက်ရမည့် ဒါရိုက်တာဦးရေမှာ နှစ်ဦး သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့် အရေအတွက် ရှိရမည် ဖြစ်ပြီး ထိုဒါရိုက်တာအားလုံးသည် အစည်းအဝေး အချိန်ကာလ တစ်လျှောက်လုံး တက်ရောက်ရမည်၊ ၎င်းပြင်

(၄) အစည်းအဝေး ဆုံးဖြတ်ချက်တစ်ရပ်အား အဆိုပါ ဆုံးဖြတ်ချက်အတွက် မဲပေးခွင့် ရရှိသူ ဒါရိုက်တာများ၏ ဆုံးဖြတ်မဲ အများစုဖြင့် ချမှတ်ဆောင်ရွက် ရမည်။

(ခ) ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် ကုမ္ပဏီ၏ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးကို ဒါရိုက်တာများက ရွေးချယ်ရမည်။ အစည်းအဝေး တစ်ရပ် တွင်ဖြစ်စေ၊ အစည်းအဝေး ဆောင်ရွက်နေသည့် အချိန်ကာလ အပိုင်းအခြား တစ်ရပ်တွင် ဖြစ်စေ ရွေးချယ်ခံထားရသော ဥက္ကဋ္ဌက တက်ရောက်ရန် ပျက်ကွက်ခဲ့လျှင် အစားထိုး ဆောင်ရွက်မည့် ဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်နိုင်သည်။

(ဂ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဥက္ကဋ္ဌသည် ဒါရိုက်တာများ၏ အစည်းအဝေးတွင် အဆုံးအဖြတ်မဲတစ်မဲ ပေးခွင့်ရှိသည်။

**၁၄၆။ နှစ်ပတ်လည် အထွေထွေအစည်းအဝေး**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ယင်း၏နှစ်ပတ်လည် အထွေထွေ အစည်းအဝေးအဖြစ် အထွေထွေအစည်းအဝေးတစ်ရပ်ကို ယင်းကုမ္ပဏီ အား စတင်ဖွဲ့စည်း တည်ထောင်သည့်နေ့ရက်မှ (၁၈)လအတွင်း ကျင်းပရမည်ဖြစ်ပြီး ၎င်းအစည်းအဝေးအား ကျင်းပပြီးနောက်ပိုင်း ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။ ထိုသို့ဆောင်ရွက်ရာတွင် နောက်ဆုံးအကြိမ် ခေါ်ယူကျင်းပခဲ့ သည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ (၁၅) လထက်မပိုသော ကာလအတွင်း ဖြစ်စေရမည်။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ဖြစ်စေ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင်ဆွေးနွေးဆောင်ရွက်မည့် အကြောင်းအရာများသည် အစည်းအဝေး အကြောင်းကြားစာ၌ ဖော်ပြထားခြင်းမရှိစေကာမူ အောက်ပါကိစ္စရပ်များ ပါဝင်ရမည်-

(၁) ကုမ္ပဏီအနေဖြင့် နှစ်စဉ် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ၊ ဒါရိုက်တာများ၏ အစီရင်ခံစာများနှင့် စာရင်းစစ်အစီရင်ခံစာများကို ပြုစုရန် လိုအပ်သည့်အခါ ထိုအစီရင်ခံစာများအတွက် ဆွေးနွေးဆုံးဖြတ်ခြင်း၊

(၂) ဒါရိုက်တာများကို ရွေးချယ်ခြင်းနှင့်

(၃) ကုမ္ပဏီအနေဖြင့် စာရင်းစစ်တစ်ဦးခန့်ထားရန် လိုအပ်သည့်အခါ အဆိုပါ စာရင်းစစ်အား ခန့်ထားခြင်း။

(ဂ) ဥက္ကဋ္ဌသည် ကုမ္ပဏီတွင်ပါဝင်သူများအား ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုများနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းရန် သို့မဟုတ် သဘောထား မှတ်ချက်များပေးရန် တို့အတွက် သင့်လျော်သော အခွင့်အရေး ပေးရမည်။

(ဃ) ကုမ္ပဏီ၏စာရင်းစစ်သည် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်ရ မည်ဖြစ်ပြီး ဥက္ကဋ္ဌသည် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီ၏ စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ် အစီရင်ခံစာ သို့မဟုတ် ငွေစာရင်းများနှင့် စပ်လျဉ်း၍ စာရင်းစစ်သို့ မေးခွန်းများ မေးမြန်းနိုင်ရန်အတွက် သင့်လျော်သော အခွင့်အရေး ပေးရမည်။

(င) အောက်ပါကိစ္စရပ်များပေါ်ပေါက်ခြင်းမှတစ်ပါး ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အသေးစား ကုမ္ပဏီများ နှင့် သက်ဆိုင်ခြင်း မရှိစေရ-

(၁) ထိုအသေးစားကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤပုဒ်မရှိ ပြဋ္ဌာန်း ချက်များကို ကျင့်သုံးဆောင်ရွက်မှုရှိခြင်း သို့မဟုတ် အလားတူ သတ်မှတ်ချက် များပါရှိခြင်း၊ သို့မဟုတ်

(၂) ထိုအသေးစားကုမ္ပဏီတွင်ပါဝင်သူများက သာမန်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်စေရန် ဆုံးဖြတ်ခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက ထိုအသေးစားကုမ္ပဏီ အနေဖြင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက် များအား ကျင့်သုံးဆောင်ရွက် သင့်သည်ဟု ဆုံးဖြတ် ခြင်း။

**၁၄၇။ ပုဒ်မ ၁၄၆ ပါ ပြဋ္ဌာန်းချက်များအား ပျက်ကွက်ခြင်း**

ပုဒ်မ ၁၄၆ ပါ ပြဋ္ဌာန်းချက်များအရ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတစ်ရပ်အား ကျင်းပရာတွင် ပျက်ကွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက-

(က) ထိုပျက်ကွက်မှုတွင် သိလျက်ဖြင့် ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်ခဲ့သော ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်၊ ၎င်းပြင်

(ခ) တရားရုံးသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ တင်ပြလျှောက်ထားချက်အရ ကုမ္ပဏီ ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပစေနိုင်သည် သို့မဟုတ် ခေါ်ယူကျင်းပရန် ညွှန်ကြားနိုင်သည်။ တရားရုံးသည် သင့်သည်ထင်မြင်သည့် အတိုင်း အစည်းအဝေး ကျင်းပ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်။

**၁၄၈။ ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး**

(က) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၊ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများအားလုံးသည် ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ၂၈ရက် အောက်မနည်း၊ (၆) လထက် မများသော ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူများ၏ အထွေထွေ အစည်းအဝေးတစ်ရပ်ကို ကျင်းပရမည်။ ထိုအစည်းအဝေးကို ဥပဒေအရ လိုက်နာ ကျင်းပရသည့် ကုမ္ပဏီ အစည်းအဝေးဟု ခေါ်တွင်စေရမည်။

(ခ) ဒါရိုက်တာများသည် အစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး (၂၁) ရက် ကြိုတင်၍ ဤပုဒ်မတွင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဤဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာ တစ်စောင် ကို ကုမ္ပဏီတွင် ပါဝင်သူ အားလုံးထံသို့ ဖြန့်ဝေရမည်။

(ဂ) ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ကုမ္ပဏီ၏ ဒါရိုက်တာများအနက်မှ နှစ်ဦးထက်မနည်းသော ဒါရိုက်တာများမှဖြစ်စေ၊ဒါရိုက်တာတစ်ဦးတည်းရှိသောကုမ္ပဏီ တွင် တစ်ဦးတည်းရှိသောဒါရိုက်တာမှဖြစ်စေ၊ ဒါရိုက်တာများ ကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသော ဒါရိုက်တာများ၏ ဥက္ကဋ္ဌကဖြစ်စေ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ယင်းအစီရင်ခံစာတွင် အောက်ပါတို့ကိုဖော်ပြရမည် -

(၁) ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာအရေအတွက်စုစုပေါင်း၊ ယင်းတို့တွင် အပြည့်အဝကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငွေသားဖြင့် ပေးချေထား သော ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြချက်၊ ငွေသားဖြင့်မဟုတ်ဘဲ အခြားနည်းတစ်ရပ်ရပ်ဖြင့် ပေးချေထားသော အစု ရှယ်ယာ ပိုင်းခြား ဖော်ပြချက်၊ တစ်စိတ်တစ်ဒေသကို ပေးချေထားသည့် အစုရှယ်ယာဖြစ်လျှင် ထိုသို့ပေးချေထားသည့် ပမာဏနှင့် အပြည့်အဝကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေထားသည့် အစုရှယ်ယာ တန်ဖိုး၊

(၂) အထက်တွင်ဖော်ပြပါရှိသကဲ့သို့ ခွဲဝေသတ်မှတ်ပြီး ပိုင်းခြားဖော်ပြထားသော အစုရှယ်ယာအားလုံးနှင့် စပ်လျဉ်း၍ ကုမ္ပဏီက လက်ခံရရှိပြီးဖြစ်သည့် ငွေသား ပမာဏစုစုပေါင်း၊

(၃) ခေါင်းစဉ်အလိုက် ခွဲခြားဖော်ပြထားသောအစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် အခြား ကဏ္ဍများမှ ကုမ္ပဏီက လက်ခံရရှိမှု၊ ငွေပေးချေမှု၊ လက်ဝယ်ရှိ ရငွေ သုံးငွေဆိုင်ရာနှင့် သက်ဆိုင်သည့် အသေးစိတ် ဖော်ပြချက်များ၊ အစုရှယ်ယာများ ထုတ်ဝေခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးချေရသော ကော်မရှင် ကြေး သို့မဟုတ် လျှော့ပေါ့တန်ဖိုးတို့ကို သီးခြားစီ ဖော်ပြလျက် ကုမ္ပဏီ၏ ကနဦး ကုန်ကျစရိတ်များ အတွက် ငွေစာရင်း သို့မဟုတ် ခန့်မှန်း တွက်ချက်မှုများနှင့် အတူ အစီရင်ခံစာ ပြုလုပ်သည့်နေ့မှ (၇)ရက် ကာလအတွင်းရှိ နေ့ရက် တစ်ရက်ရက် အထိ ကုမ္ပဏီက လက်ခံ ရရှိမှုများ၊ ပြုလုပ်ခဲ့သော ငွေပေးချေမှုများနှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ဖော်ပြချက်၊

(၄) ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ဖော်ပြပါရှိခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ များ၊စာရင်းစစ်များနှင့် အတွင်းရေးမှူးရှိခဲ့လျှင် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာ များ၊နိုင်ငံသားနှင့် အခြားသက်ဆိုင်သည့် ဖော်ပြချက်များ၊ ယင်းတို့အားပြောင်းလဲ ပြင်ဆင်ထားသည့်ဖော်ပြချက်များ ရှိခဲ့လျှင် ယင်းပြင်ဆင် ဖော်ပြချက်များ၊

(၅) အစည်းအဝေးတွင် အတည်ပြုချက်ရယူရန် တင်ပြမည့် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ပါ အကြောင်းအရာများ၊ ပြင်ဆင်ချက်များနှင့် ပြင်ဆင်မည့် အကြောင်း အရာများ သို့မဟုတ် အဆိုပြုတင်ပြသည့် ပြင်ဆင်ချက်များ၊

(၆) အာမခံ ပဋိညာဉ်စာချုပ်များရှိခဲ့လျှင် ယင်းစာချုပ်များအရ ဆောင်ရွက် ပေးရမည့် တာဝန်များကို မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးစီး ခြင်းများ၊

(၇) ဒါရိုက်တာများထံမှ တောင်းခံမှုအရ ပေးချေရမည့် ကြွေးကျန်များ ရှိခဲ့လျှင် ယင်းကြွေးကျန်များ နှင့်

(၈) အစုရှယ်ယာများအား ထုတ်ဝေခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဒါရိုက်တာ သို့မဟုတ် အရာရှိထံသို့ ပေးချေခဲ့သော သို့မဟုတ် ပေးချေရ မည်ဖြစ်သော ကော်မရှင်ကြေး သို့မဟုတ် ပွဲစားခများအတွက် ဖော်ပြချက်များ၊

(ဃ) ကုမ္ပဏီမှ ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများနှင့်လည်းကောင်း၊ ကုမ္ပဏီမှ အဆိုပါ အစုရှယ်ယာများအတွက် လက်ခံရရှိခဲ့သည့်ငွေကြေး၊ လက်ခံရရှိမှုများနှင့် ပေးချေမှုများနှင့်လည်းကောင်း သက်ဆိုင်ခဲ့လျှင် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ကုမ္ပဏီ၏စာရင်းစစ်များမှ မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။

(င) ဒါရိုက်တာများသည် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့်အစီရင်ခံစာအား ကုမ္ပဏီတွင် ပါဝင်သူများထံသို့ ပေးပို့ပြီးနောက် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်ကြောင်း လက်မှတ် ရေးထိုးထားသည့် အဆိုပါအစီရင်ခံစာ၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင် ထားရှိနိုင်ရန်အတွက် မှတ်ပုံတင်အရာရှိ ထံသို့ ပေးပို့ရမည်။

(စ) ဒါရိုက်တာများသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်များ၊ ၎င်းတို့နှင့် သက်ဆိုင်သည့် ဖော်ပြချက်များ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာတို့ကို လည်းကောင်း၊ ကုမ္ပဏီတွင် ပါဝင်သူ အသီးသီးက ပိုင်ဆိုင်ထားသည့် အစုရှယ်ယာ အရေအတွက်ကိုလည်းကောင်း ဖော်ပြထားသည့် စာရင်းတစ်ခုကို အစည်းအဝေးစတင်သည့်အခါတွင် တင်ပြနိုင်ရန် အတွက် ပြုစုထားရှိရမည်ဖြစ်ပြီး အစည်းအဝေး ကျင်းပနေစဉ် ကာလတစ်လျှောက် ကုမ္ပဏီတွင် ပါဝင်သူများက အလွယ်တကူ ရယူအသုံးပြုနိုင်စေရန် ထားရှိရမည်။

(ဆ) အစည်းအဝေးသို့ တက်ရောက်ကြသော ကုမ္ပဏီတွင်ပါဝင်သူများသည် ကုမ္ပဏီဖွဲ့စည်းမှု နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာနှင့် စပ်လျဉ်း၍ လည်းကောင်း ကြိုတင်အကြောင်းကြားခြင်း ပြုခဲ့သည်ဖြစ်စေ၊ မပြုခဲ့သည် ဖြစ်စေ ပေါ်ပေါက်လာသည့် ကိစ္စရပ်များကို လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိသည်။ သို့ရာတွင် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြောင်းကြားခြင်း မရှိခဲ့လျှင် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ချမှတ်ခြင်း မပြုရ။

(ဇ) အစည်းအဝေးကိုအခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်ပြီးထိုသို့ ရွှေ့ဆိုင်းကျင်းပသည့်အစည်း အဝေးတစ်ရပ်ရပ်တွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသို့မဟုတ် ဤဥပဒေပါပြဋ္ဌာန်းချက်များ နှင့်အညီ အကြောင်းကြား၍ ယခင်အစည်းအဝေး မကျင်းပမီတွင်လည်းကောင်း၊ ကျင်းပ ပြီးနောက်ပိုင်းတွင်လည်းကောင်း ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။ ထိုသို့ ရွှေ့ဆိုင်းဆောင်ရွက်သည့် အစည်းအဝေးသည် ပုံမှန်ကျင်းပသည့် အစည်းအဝေး တစ်ရပ်ကဲ့သို့ အလားတူ ဆောင်ရွက်နိုင်ခွင့်အာဏာများ ရှိစေရမည်။

(ဈ) ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား တင်ပြဆောင်ရွက်ရာတွင်

လည်းကောင်း၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပရာတွင် လည်းကောင်း ပျက်ကွက်မှု တစ်စုံတစ်ရာရှိသော အကြောင်းကြောင့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို အပိုင်း (၅) တွင် သတ်မှတ်ဖော်ပြထားသော နည်းလမ်းများနှင့်အညီ တရားရုံးသို့ တင်ပြလာ ပါက တရားရုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ညွှန်ကြားမည့်အစား ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာကို တင်ပြဆောင်ရွက်စေခြင်း သို့မဟုတ် ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပစေခြင်းတို့ အတွက် လမ်းညွှန်မှုများ ပြုလုပ်နိုင်သည် သို့မဟုတ် သင့်လျော်မျှတမည့် အခြား ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်နိုင်သည်။

**၁၄၉။** ပုဒ်မ ၁၄၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အဆိုပါ ပျက်ကွက်မှုအတွက် အပြစ်ရှိသော သို့မဟုတ် သိလျက်ဖြင့် တမင် ဆောင်ရွက်ခွင့်ပြုသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ် ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၁၅၀။ အစည်းအဝေးများ**

ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား အောက်ပါအတိုင်း သတ်မှတ်နိုင်မည်ဖြစ်သည်-

(က) ပုဒ်မ ၁၄၆ အရ ကျင်းပသည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၊ သို့မဟုတ်

(ခ) ပုဒ်မ ၁၄၈ အရကျင်းပသည့်ဥပဒေအရလိုက်နာကျင်းပရသည့်အစည်းအဝေး၊ သို့မဟုတ်

(ဂ) အထူးကျင်းပသည့် အထွေထွေအစည်းအဝေး၊ ယင်းသည် ပုဒ်မ ၁၅၁ ၏ ပုဒ်မခွဲ(က) အပါအဝင် ဤဥပဒေ၌ ဖော်ပြထားသည့် အခွင့်အရေးနှင့် လုပ်ထုံးလုပ်နည်းများအရ ခေါ်ယူကျင်းပသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အခြားသော အထွေထွေ အစည်းအဝေး တစ်ရပ်ရပ်ဖြစ်သည်။

**၁၅၁။ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း**

(က) ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို -

(၁) လျော်ကန်သင့်မြတ်သည့်ကိစ္စရပ်အတွက် သင့်လျော်သော အချိန်နှင့်နေရာတွင် ကျင်းပရမည်၊

(၂) အစည်းအဝေးကျင်းပနေစဉ် ကာလတစ်လျှောက် ကုမ္ပဏီတွင် ပါဝင်သူ အနည်းဆုံးနှစ်ဦး သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့်ပိုမိုများပြားသည့်အရေအတွက်ရှိမှသာအစည်းအဝေးအထမြောက်စေရမည်၊

(၃) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာများက ရွေးချယ်ထားသော ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ သို့ရာတွင် အစည်းအဝေးသို့ ထိုပုဂ္ဂိုလ်မတက်ရောက်နိုင်ပါက အစည်းအဝေး တက်ရောက် သူများက ဥက္ကဋ္ဌကို ရွေးချယ်ရမည်၊

(၄) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင်မဲအရေ အတွက် အများစုပိုင်ဆိုင်ကြသည့် တက်ရောက်သူများက ဥက္ကဋ္ဌအား အစည်း အဝေး ရွှေ့ဆိုင်းပေးစေရန် သဘောတူညီလျှင် သို့မဟုတ် ညွှန်ကြားလျှင် အစည်းအဝေးအား ရွှေ့ဆိုင်းရမည်၊

(၅) ကုမ္ပဏီ၏ စာရင်းစစ်သည် တက်ရောက်နိုင်၍ ထိုစာရင်းစစ်သည် အစည်း အဝေး အကြောင်းကြားစာများအားလုံးကို လက်ခံနိုင်ပြီး၊ အစည်းအဝေး တွင်

စာရင်းစစ်နှင့် သက်ဆိုင်သည့် အစည်းအဝေးလုပ်ငန်း အစိတ်အပိုင်း အားလုံး နှင့် စပ်လျဉ်း၍ ပါဝင် ဆွေးနွေးခွင့်ရှိသည်၊

(၆) ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌသည် အခါအားလျော်စွာ ခေါ်ယူကျင်းပနိုင်သည်၊

(၇) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာတစ်ဦးဦးက သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသည့် အခြားသူတစ်ဦးဦးက ခေါ်ယူနိုင် သည်၊

(၈) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့်အညီ ကုမ္ပဏီတွင်ပါဝင်သူများက တရားဝင်စာဖြင့် ရေးသား တောင်းဆိုလျှင် ဒါရိုက်တာများက ခေါ်ယူ ကျင်းပရမည်၊

(၉) ကုမ္ပဏီ၏ အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံ တစ်ပုံအောက်မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ထားသော ကုမ္ပဏီတွင် ပါဝင်သူများက ခေါ်ယူကျင်းပ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အဆိုပါ ကုမ္ပဏီတွင်ပါဝင်သူများသည် အစည်းအဝေး ခေါ်ယူကျင်းပသည့် စရိတ်များကို ကျခံရမည်ဖြစ်ပြီး ဒါရိုက်တာများမှ ခေါ်ယူကျင်းပသည့် ကုမ္ပဏီ၏ အစည်းအဝေး များတွင် ဆောင်ရွက်သည့် နည်းလမ်းများအတိုင်း ဖြစ်နိုင်သမျှ လိုက်နာ ဆောင်ရွက် ကျင်းပရမည်၊ ၎င်းပြင်

(၁၀) ကုမ္ပဏီ၏အစည်းအဝေး၌ အခြားနည်းဖြင့် ခေါ်ယူကျင်းပရန် မသင့်လျော်၍ ဖြစ်စေ၊ ထိုသို့ဆောင်ရွက်ရန် သင့်လျော်မှုတမှုမရှိသည်ဟု တွေ့ရှိလျှင်ဖြစ်စေ တရားရုံးသည် အမိန့်တစ်ရပ်ရပ်ချမှတ်၍ အစည်းအဝေးအား ခေါ်ယူ ကျင်းပ နိုင်သည်။ အစည်းအဝေးတွင်မဲပေးခွင့်ရှိသော ဒါရိုက်တာ သို့မဟုတ် ကုမ္ပဏီ တွင် ပါဝင်သူ တစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် အမိန့် တစ်ရပ်ကို ချမှတ်နိုင်သည်။ တရားရုံးသည် သင့်သည်ထင်မြင်သည့် အတိုင်း အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက် များကို ပြုလုပ်နိုင်သည်။

(ခ) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံတစ်ပုံ အောက်မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင် ထားသော အစုရှယ်ယာရှင် များကဖြစ်စေ၊ သို့မဟုတ် အစည်းအဝေး၌ ဆန္ဒမဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူ အနည်းဆုံး ဦးရေ (၁၀၀) က ဖြစ်စေ စာဖြင့်ရေးသား တောင်းဆိုသည့်အခါ အဆိုပြုထားသော ဆောင်ရွက်မည့် လုပ်ငန်းသည် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည့်ကိစ္စရပ် ဖြစ်ခဲ့လျှင် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက် မရှိစေကာမူ အစုရှယ်ယာ မတည်ငွေရင်းပါရှိသော ကုမ္ပဏီ၏ ဒါရိုက်တာများသည် ကုမ္ပဏီ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန် ဆက်လက် ဆောင်ရွက်ရမည်။

(ဂ) လျှောက်ထားတောင်းဆိုမှုကို စာဖြင့်ရေးသား ပြုလုပ်ရမည်ဖြစ်ပြီး အစည်းအဝေး၏ ရည်ရွယ်ချက်များနှင့် အဆိုပြုလိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ် တို့ကို ဖော်ပြပါရှိစေ ရမည်။ ၎င်းအား လျှောက်ထားသူများက လက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏ မှတ်ပုံတင် ထားသော ရုံးခန်းသို့ ပေးပို့ရမည်။ ထိုလျှောက်ထားမှုတွင် အလားတူ စာရွက်စာတမ်း များစွာ ပါရှိနိုင်ပြီး ထိုစာရွက်စာတမ်း တစ်ခုစီတွင် လျှောက်ထားသူတစ်ဦးကဖြစ်စေ၊ အများက ဖြစ်စေ လက်မှတ် ရေးထိုးထားရမည်။

(ဃ) သို့ရာတွင် အစည်းအဝေးမှာ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ ခေါ်ယူကျင်းပခြင်း မပြုသင့် ကြောင်း ဒါရိုက်တာများက ဆုံးဖြတ်ခဲ့ပြီး ထိုအကြောင်းအရာအား လျှောက်ထား သူများသို့

အကြောင်းကြားခဲ့ခြင်းမှအပ ဒါရိုက်တာများသည် အစည်းအဝေးအား ခေါ်ယူ ကျင်းပမည် ဖြစ်ကြောင်း လျှောက်ထား တင်ပြအကြောင်းကြားသည့်နေ့မှစ၍ (၂၁) ရက်အတွင်း ဆောင်ရွက်ခြင်း မပြုခဲ့လျှင် လျှောက်ထားသူများကဖြစ်စေ ၎င်းတို့အနက်မှ မဲအများစု ပေးခွင့်ရှိသူမှဖြစ်စေ ၎င်းတို့ကိုယ်တိုင် အစည်းအဝေးအား ခေါ်ယူကျင်းပ နိုင်သည်။ သို့သော် ထိုသို့ခေါ်ယူ ကျင်းပသည့် အစည်းအဝေးသည် လျှောက်ထားတင်ပြ အကြောင်းကြားသည့်နေ့မှစ၍ (၃)လအတွင်း ကျင်းပရမည်။

(င) လျှောက်ထားသူများက ဤပုဒ်မအရ ခေါ်ယူကျင်းပသည့် အစည်းအဝေးကို ဒါရိုက်တာများက ခေါ်ယူကျင်းပသည့် အစည်းအဝေးများတွင် ဆောင်ရွက်သည့် နည်းလမ်းများ အတိုင်း ဖြစ်နိုင်သမျှ လိုက်နာဆောင်ရွက် ကျင်းပရမည်။ လျှောက်ထားသူများက ဤကိစ္စရပ်အတွက် မှတ်ပုံတင်စာရင်း၏ မိတ္တူ တစ်ရပ်ရပ်ကို တောင်းဆိုလျှင် ကုမ္ပဏီ သည် အဆိုပါမိတ္တူကို ၎င်းတို့ထံ တင်ပြရမည်။

(စ) ဒါရိုက်တာများက အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန် ပျက်ကွက်ခဲ့သည့် အတွက် လျှောက်ထားသူများက ကျခံခဲ့ရသည့် ထိုက်သင့်သည့် ကုန်ကျ စရိတ်များကို ကုမ္ပဏီက လျှောက်ထားသူများထံ ပြန်လည်ပေးချေရမည်။ ထိုသို့ ပြန်လည် ပေးချေ ခဲ့သည့် ငွေပမာဏကို ကုမ္ပဏီသည် ပျက်ကွက်ခဲ့သည့် ဒါရိုက်တာများသို့ ၎င်းတို့၏ တာဝန်ထမ်းဆောင်မှု အတွက် ကုမ္ပဏီမှ ပေးချေရမည့်အဖိုးအခ သို့မဟုတ် အခြားအခ ကြေးငွေ တို့မှ ထုတ်နုတ်၍ ပြန်လည်ရယူရမည်။

(ဆ) ကုမ္ပဏီ၏အစည်းအဝေး၌ အဆုံးအဖြတ်မဲအဖြစ် ဆောင်ရွက်နိုင်မည့် တစ်ဆယ်ပုံ တစ်ပုံ အောက် မနည်းသည့် ဆန္ဒမဲများကို ပိုင်ဆိုင်ရရှိထားသော အစုရှယ်ယာရှင်များမှ ဖြစ်စေ၊ သို့မဟုတ် အစည်းအဝေး၌ ဆန္ဒမဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူ အနည်းဆုံး ဦးရေ (၁၀၀)မှ ဖြစ်စေ ကုမ္ပဏီ၏အစည်းအဝေး၌ ပြောင်းလဲရမည့် အဆိုပြုထားသော ဆုံးဖြတ်ချက်အတွက် ကုမ္ပဏီသို့ အကြောင်းကြားစာ ပေးပို့နိုင်သည်။

(ဇ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဆ) အရ ပေးပို့သည့်အကြောင်းကြားစာအား စာဖြင့်ရေးသား ဆောင်ရွက်ရမည် ဖြစ်ပြီး အဆိုပြုသည့်ဆုံးဖြတ်ချက်ကို ရေးသားဖော်ပြ ပါရှိစေရမည်။ ထိုအကြောင်းကြားစာအား ယင်းသို့ဆောင်ရွက်ရန် အဆိုပြုသည့် ကုမ္ပဏီတွင် ပါဝင်သူ များမှ လက်မှတ် ရေးထိုးရမည်။ အကြောင်းကြားစာတွင် အကျဉ်းချုပ် ရှင်းလင်း ဖော်ပြချက်ကို ပူးတွဲ၍ တင်ပြနိုင်သည်။

(ဈ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသည့် အဆိုပြုထားသော ဆုံးဖြတ်ချက်သည် အစည်းအဝေး၌ တင်ပြရမည့် အဆိုပြုထားသော ဆုံးဖြတ်ချက်ဖြစ်ပြီး ဆုံးဖြတ်ချက် သည်လည်းကောင်း၊ ပူးတွဲတင်ပြသည့် ရှင်းလင်းဖော်ပြချက်သည် လည်းကောင်း အလွန် ရှည်လျားခြင်း သို့မဟုတ် တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေခြင်း မရှိလျှင် ကုမ္ပဏီသည် အဆိုပါအကြောင်းကြားစာနှင့် ရှင်းလင်းဖော်ပြချက်များကို ကုမ္ပဏီသို့ ပေးပို့သော နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။ သို့ရာတွင် နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးသည် ဆုံးဖြတ်ချက် ဆိုင်ရာ အကြောင်းကြားစာအား လက်ခံရရှိသည့်နေ့မှ (၂) လအတွင်း၌ ကျင်းပမည် ဆိုလျှင် အဆိုပါ အကြောင်းကြားစာကို ပေးပို့ရန်မလို။ သို့သော် အကြောင်းကြားစာကို ပေးပို့၍ အစည်းအဝေးအား လက်ခံရရှိသည့်နေ့မှ (၁၂) လ အတွင်း ကျင်းပရမည်။

(ည) ဤဥပဒေအရ သတ်မှတ်ထားသော အစည်းအဝေး အကြောင်းကြားချက်များနှင့်

မဲပေးခြင်း ဆိုင်ရာများအတွက် သတ်မှတ်ချက်များကို လိုက်နာလျက် ကုမ္ပဏီတွင် ပါဝင်သူများက အစည်းအဝေးကို သင့်လျော်စွာ ကျင်းပဆောင်ရွက်ပြီး ပါဝင်နိုင်ကြမည့် နည်းလမ်းတစ်ရပ်ဖြင့် အစည်းအဝေးများ ကျင်းပနိုင်စေရန် ကုမ္ပဏီသည် ယင်း၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် အစည်းအဝေး ခေါ်ယူကျင်းပခြင်းအတွက် ကုမ္ပဏီတွင် ပါဝင်သူများ ဆောင်ရွက်နိုင်မည့် နည်းလမ်း တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်နိုင်စေရန် သတ်မှတ် ထည့်သွင်းဖော်ပြနိုင်သည်။

**၁၅၂။ အစည်းအဝေးများအတွက် အကြောင်းကြားခြင်း နှင့် မဲပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ**

(က) အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ အစည်းအဝေးများခေါ်ယူခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အကျိုးသက်ရောက်စေရမည် -

(၁) ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို စာဖြင့်ရေးသား၍ (၂၁) ရက်ထက် မနည်းသောသို့မဟုတ်ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ဖော်ပြထားသောပိုမိုကြာမြင့်သည့်ကာလအတွင်းကြိုတင် အကြောင်းကြားစာ သို့မဟုတ် အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ ဖြစ်ခဲ့လျှင် စာဖြင့် ရေးသား၍ (၂၈) ရက်အတွင်း ကြိုတင် အကြောင်းကြားစာဖြင့် ခေါ်ယူ ကျင်းပနိုင်သည်။ သို့သော် အစည်းအဝေး တစ်ရပ်ရပ်အတွက် အကြောင်း ကြားစာကို လက်ခံရရှိနိုင်သည့် ကုမ္ပဏီတွင် ပါဝင်သူများ အားလုံး၏ သဘောတူညီချက်ဖြင့် အစည်းအဝေးကို ပိုမိုတိုတောင်းသည့် ကာလအတွင်း ပေးပို့သည့် အကြောင်း ကြားစာဖြင့် ခေါ်ယူနိုင်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက သင့်သည် ထင်မြင်သော နည်းလမ်း များဖြင့် ကျင်းပနိုင်သည်။

(၂) ကုမ္ပဏီ၏အစည်းအဝေးအတွက် စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာကို အစည်းအဝေးတွင် မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူများ အားလုံး၊ ဒါရိုက်တာအားလုံးနှင့် စာရင်းစစ်များထံသို့ ပေးပို့ရမည်။ အကြောင်းကြားစာကို အောက်ပါနည်းလမ်းများဖြင့် ပေးပို့နိုင်သည် -

(ကက) လူကိုယ်တိုင်သော်လည်းကောင်း၊

(ခခ) ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသော ၎င်းတို့၏လိပ်စာများ သို့မဟုတ် ဤကိစ္စရပ် အလို့ငှာ ကုမ္ပဏီတွင် ပါဝင်သူများက သတ်မှတ်ဖော်ပြထားသည့် အခြားလိပ်စာများသို့ စာတိုက်မှဖြစ်စေ၊ အခြားတိုက်ရိုက် ပေးပို့သည့် နည်းလမ်းဖြင့် ဖြစ်စေ ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊

(ဂဂ) ဤကိစ္စရပ်အလို့ငှာ ကုမ္ပဏီတွင် ပါဝင်သူများက သတ်မှတ် ဖော်ပြ ထားသည့် ဖက်စ်နံပါတ် သို့မဟုတ် အီလက်ထရွန်နစ် လိပ်စာ သို့ အီလက်ထရွန်နစ်နည်း ဖြင့်လည်းကောင်း၊

(ဃဃ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် အခြား နည်းလမ်း တစ်ရပ်ရပ်ဖြင့်လည်းကောင်း၊

သို့ရာတွင် ကုမ္ပဏီတွင် ပါဝင်သူများထံသို့ အကြောင်းကြားစာ ပေးပို့ရာတွင် မတော်တဆ ကျန်ရစ်ခဲ့ခြင်း သို့မဟုတ် အကြောင်း ကြားစာမရရှိခြင်းတို့သည် အစည်းအဝေး တစ်ရပ်ရပ်၏ ဆောင်ရွက်ရမည့် လုပ်ငန်းများကို တရားမဝင် ခြင်း မရှိစေရ။

(၃) အစည်းအဝေးအကြောင်းကြားစာတွင် အောက်ပါတို့ကို ဖော်ပြပါရှိစေရမည်-

(ကက) အစည်းအဝေးကျင်းပမည့် နေရာ၊ နေ့ရက် နှင့် အချိန်၊

(ခခ) အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာ အထွေထွေ ဖော်ပြချက်များ၊

(ဂဂ) အစည်းအဝေးသည် နှစ်ပတ်လည် အထွေထွေအစည်းအဝေး၊ ဥပဒေအရလိုက်နာ ကျင်းပရသည့်အစည်းအဝေး သို့မဟုတ် အထူး ကျင်းပသည့် အထွေထွေအစည်းအဝေး တစ်ရပ်ရပ် ဖြစ်ကြောင်း ဖော်ပြချက်များ၊

(ဃဃ) ကုမ္ပဏီတွင်ပါဝင်သူများက အဆိုပြုသည့် ဆုံးဖြတ်ချက်များ သို့မဟုတ် အထူးဆုံးဖြတ်ချက်များ ပါရှိခြင်း သို့မဟုတ် မပါရခြင်း ဆိုသော အချက်များ အပါအဝင် လိုအပ်သော ရှင်းလင်း တင်ပြချက်များနှင့်တကွ အစည်းအဝေးတွင် အဆိုပြုမည့် ဆုံးဖြတ်ချက်များ၊

(ငင) ကိုယ်စားလှယ်များ သို့မဟုတ် ကုမ္ပဏီ ကိုယ်စားပြု ပုဂ္ဂိုလ် ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် လမ်းညွှန်ချက်များ၊ ယင်းတို့တွင် အဆိုပါခန့်အပ်မှုများအတွက် အကြောင်းကြားစာများ လက်ခံရရှိနိုင်သည့်အချိန်၊ အဆိုပါ ခန့်အပ်မှုများအား ပေးပို့ရမည့် နည်းလမ်းများ ပါဝင်ရမည်၊ ၎င်းပြင်

(စစ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင်ဖြစ်စေ၊ ဤဥပဒေတွင်ဖြစ်စေ သတ်မှတ်ဖော်ပြထားသော လိုအပ်သည့် အခြားအချက်အလက် များ။

(၄) ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်း ဖော်ပြပါရှိသော အစုရှယ်ယာပိုင်ရှင်တစ်ဦးဦးသည် တူညီသော အစုရှယ်ယာ အမျိုးအစားကို ပိုင်ဆိုင်ကြသော အခြားအစုရှယ်ယာရှင်များကဲ့သို့ တူညီသည့် အခွင့်အရေးများ ရရှိခံစားနိုင်ပြီး တူညီသော တာဝန်ရှိမှုများနှင့် လည်း သက်ဆိုင်စေရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ ၏ အစည်းအဝေးများ၌ မဲပေးခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် အကျိုး သက်ရောက် စေရမည် -

(၁) အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်နှင့်အတူ ဆက်စပ်ပါရှိသောအခွင့် အရေး များ သို့မဟုတ် ကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီ၏အစည်းအဝေး၌ -

(ကက) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီက လက်ပြ၍ ဆန္ဒမဲတစ်မဲ ပေးခွင့် ရှိသည်၊

(ခခ) ဆန္ဒမဲပေးရာတွင် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီသည် ၎င်းတို့ ပိုင်ဆိုင်သော အစုရှယ်ယာ တစ်ခုစီအတွက် ဆန္ဒမဲတစ်မဲ ပေးခွင့် ရှိသည်၊

(ဂဂ) အစုရှယ်ယာတစ်ခုအား ပူးတွဲ ပိုင်ဆိုင်ကြလျှင် အမည်စာရင်း တင်သွင်းထားသော အစုရှယ်ယာပိုင်သူများအနက်မှ တစ်ဦးက

မဲပေးခွင့်ရှိသည်၊ ၎င်းပြင်

(ဃဃ) ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲတစ်မဲ ပေးခွင့်ရှိသည်၊

(၂) မဲပေးနိုင်သည့် အခွင့်အရေးတစ်စုံတစ်ရာအပေါ် ဆန့်ကျင်တင်ပြလိုလျှင် အစည်းအဝေး၌သာ ပြုလုပ်နိုင်ပြီး ယင်းနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အပြီးသတ် ဖြစ်စေရမည်၊

(၃) အစည်းအဝေးတွင် မဲခွဲဆောင်ရွက်ရန် တင်ပြသည့် ဆုံးဖြတ်ချက်ကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်းမရှိလျှင် လက်ပြ၍ ဆန္ဒပြုခြင်းဖြင့် ဆုံးဖြတ်ရမည်။

(၄) ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဆန္ဒမဲပေးရန် အောက်ပါ ပုဂ္ဂိုလ်များက တောင်းဆိုဆောင်ရွက်နိုင်သည် -

(ကက) ဥက္ကဋ္ဌ၊ သို့မဟုတ်

(ခခ) ကုမ္ပဏီတွင်ပါဝင်သူများမှ အနည်းဆုံး (၅) ဦး၊ သို့မဟုတ်

(ဂဂ) ဆန္ဒမဲပေးရာတွင် အဆုံးအဖြတ်ပေးနိုင်သည့် မဲအရေအတွက် အနည်းဆုံး ၁၀% ကို ရရှိထားသည့် ကုမ္ပဏီတွင်ပါဝင်သူများ

(၅) လက်ပြ၍ ဆန္ဒမဲပေးခြင်း မပြုမီအချိန်တွင် သော်လည်းကောင်း၊ လက်ပြ၍ ဆန္ဒမဲပေးသည့်ရလဒ်များကို ကြေညာခြင်းမပြုမီ သို့မဟုတ် ကြေညာပြီးနောက် ချက်ချင်းအချိန်တွင်လည်းကောင်း ဆန္ဒမဲပေးခြင်းကို ပြုလုပ်ရန် တောင်းဆိုနိုင် သည်၊

(၆) ဆန္ဒမဲပေးခြင်းကို ဥက္ကဋ္ဌက ညွှန်ကြားသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်၊

(၇) လက်ပြ၍ဖြစ်စေ၊ ဆန္ဒမဲဖြင့်ဖြစ်စေ ဆန္ဒမဲပေးခြင်း မပြုလုပ်မီ အချိန်တွင် ဥက္ကဋ္ဌသည် လက်ခံရရှိထားသော ကိုယ်စားလှယ်ဖြင့်ပေးသည့် မဲများနှင့် အဆိုပါ မဲများကို မည်သို့အဆုံးအဖြတ်ပြုစေမည် ဆိုသည်ကို အစည်းအဝေးသို့ အသိပေးပြောကြားရမည်၊ ၎င်းပြင်

(၈) လက်ပြ၍ ဆန္ဒမဲပေးရာတွင် ဥက္ကဋ္ဌ၏ကြေညာချက်သည် အဆုံးအဖြတ် ရလဒ်အတွက် ပြည့်စုံခိုင်လုံသောသက်သေခံချက် ဖြစ်စေရမည်။ သို့ရာတွင် အဆိုပါကြေညာချက်သည် လက်ပြ၍ဆန္ဒပြုမှုများနှင့် လက်ခံရရှိထားသော ကိုယ်စားလှယ်များ၏ ဆန္ဒပြုမှုများကို အခြေခံရမည်။

(ဂ) ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ရပ်ကို ခေါ်ယူကျင်းပနိုင်မည့် နည်းလမ်း တစ်ရပ်ရပ်အရ အစည်းအဝေးအား ခေါ်ယူကျင်းပရန်အတွက် ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ကုမ္ပဏီ၏ အစည်းအဝေးအား ကျင်းပရန်အတွက်ဖြစ်စေ အကြောင်းတစ်စုံတစ်ရာကြောင့် မပြုလုပ်နိုင်ခဲ့လျှင် တရားရုံးသည် ကိုယ်တိုင်အရေးယူ ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ အစည်းအဝေးတွင် မဲပေးခွင့်ရရှိသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦး၏လျှောက်ထားချက်အရဖြစ်စေ၊ကုမ္ပဏီ၏အစည်းအဝေးတစ်ရပ်ကို တရားရုံးမှ သင့်သည်ထင်မြင်သည့် နည်းလမ်းဖြင့် ခေါ်ယူကျင်းပစေရန် အမိန့်ချမှတ် နိုင်သည်။ အဆိုပါအမိန့် တစ်ရပ်ကို ချမှတ်သည့်အခါ တရားရုံးသည် လိုအပ်မည်ထင်သော အထောက်အပံ့ ဖြစ်စေမည့် ညွှန်ကြားချက်များကို ချမှတ်နိုင်သည်။ ဖော်ပြပါ အမိန့် တစ်ရပ်ရပ်နှင့်အညီ ခေါ်ယူကျင်းပသည့် အစည်းအဝေး တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးတစ်ရပ် အဖြစ် မှတ်ယူရမည်။

**၁၅၃။ ကုမ္ပဏီများ၏အစည်းအဝေးများသို့ တက်ရောက်ရန် ကုမ္ပဏီ ကိုယ်စားပြု ပုဂ္ဂိုလ်များ ခန့်ထားခြင်း**

(က) အခြားကုမ္ပဏီတစ်ခု၏ အဖွဲ့ဝင်ဖြစ်သော ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် ယင်း၏ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ အခြားသူ တစ်ဦးဦးကိုဖြစ်စေ ဖော်ပြပါ အခြားကုမ္ပဏီ၏ အစည်းအဝေးတစ်ရပ်ရပ်၌ ယင်း၏ ကိုယ်စားပြုပုဂ္ဂိုလ် အဖြစ် ဆောင်ရွက် စေရန်နှင့်မဲပေးရန်အတွက် ယင်း၏အခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်နိုင်စေရန် အပ်နှင်းနိုင်သည်။ ထိုသို့ အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အခြားကုမ္ပဏီ၏ အစည်းအဝေး၌လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲ ပေးရာ၌ လည်းကောင်း၊ ၎င်းအားအခွင့်အာဏာ အပ်နှင်းသည့်ကုမ္ပဏီက ကျင့်သုံး ဆောင်ရွက်သကဲ့သို့ ယင်းကုမ္ပဏီ၏ ကိုယ်စား အလားတူ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ခ) ကုမ္ပဏီသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ တစ်ဦးထက်ပိုသော ကုမ္ပဏီကိုယ်စားပြု ပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ သို့ရာတွင် ဖော်ပြပါ အခွင့်အာဏာများကို တစ်ကြိမ်တွင် ကိုယ်စားပြု ပုဂ္ဂိုလ် တစ်ဦးကသာလျှင် ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ခန့်အပ်ထားသော ကုမ္ပဏီ ကိုယ်စားပြုပုဂ္ဂိုလ်အား ကုမ္ပဏီ၏ အစည်းအဝေးသို့ တက်ရောက်စေခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီသည် ယင်းကိုယ်စားပြု ပုဂ္ဂိုလ်အားတရားဝင်ခန့်ထားခြင်းနှင့်သက်ဆိုင်သောအထောက်အထားများကို ကြည့်ရှု ရန်အတွက် တောင်းဆိုနိုင်သည်။ထို ့အပြင်ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်များခန့်အပ်ခြင်း အတွက် ပုံစံ တစ်ခုကို ကုမ္ပဏီဒါရိုက်တာများ၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်နိုင်သည်။

**၁၅၄။ ကုမ္ပဏီများ၏အစည်းအဝေးများသို့ တက်ရောက်ရန် ကိုယ်စားလှယ်များအား ခန့်ထားခြင်း**

(က) ကုမ္ပဏီ၏အစည်းအဝေးသို့ တက်ရောက်၍ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများနှင့် အညီ ၎င်းကိုယ်စား အစည်းအဝေးသို့ တက်ရောက် စေရန် နှင့် မဲပေးရန်အတွက် ယင်း၏ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်စေရန် ကိုယ်စားလှယ်တစ်ဦးဦးကို ခန့်ထား နိုင်သည်။

(ခ) ကိုယ်စားလှယ်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ရန် မလို။ ၎င်းသည် ကုမ္ပဏီ၏ အစည်းအဝေး၌ လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆန္ဒမဲပေးရာ၌ လည်းကောင်း ၎င်းအားခန့်အပ်သည့် ကုမ္ပဏီတွင်ပါဝင်သူက ကျင့်သုံးဆောင်ရွက် သကဲ့သို့ ၎င်းကိုယ်စား အလားတူ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးက ကိုယ်စားလှယ်တစ်ဦးကို ခန့်ထားရာတွင် အသုံးပြုမည့် လျှောက်လွှာပုံစံကို ယင်းကုမ္ပဏီက ဒါရိုက်တာများ၏ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထား နိုင်ပြီး ထိုသို့သတ်မှတ်ထားသည့်လျှောက်လွှာပုံစံရှိခဲ့လျှင် ၎င်းအား ကုမ္ပဏီတွင် ပါဝင် သူများ အားလုံးထံသို့ ပေးပို့ရမည်။ ကုမ္ပဏီသည် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင် သူများ၏ စာရင်းတစ်ခုကို ထိုလျှောက်လွှာပုံစံနှင့်အတူ ထည့်သွင်း ဖော်ပြနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)အရ လျှောက်လွှာပုံစံတစ်ခုကို သတ်မှတ်ထားခြင်း ရှိသည်ဖြစ်စေ မရှိသည် ဖြစ်စေ ကိုယ်စားလှယ်ခန့်အပ်မှုသည် ခန့်အပ်သူက လက်မှတ်ရေးထိုးပြီး ၎င်းတွင် အောက်ပါအချက်အလက်များပါဝင်ခဲ့လျှင် တရားဝင်သည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူ၏အမည်နှင့် နေရပ်လိပ်စာ၊

(၂) ကုမ္ပဏီ၏အမည်၊

(၃) ကိုယ်စားလှယ်၏အမည် နှင့်

(၄) ကိုယ်စားလှယ်မှ တက်ရောက်မည့် အစည်းအဝေးများ (အစည်းအဝေးများ အားလုံးလည်း ဖြစ်နိုင်သည်။)

(င) ကိုယ်စားလှယ်ခန့်အပ်မှုတစ်ရပ် စတင်အကျိုးသက်ရောက်စေရန်အတွက် ကိုယ်စားလှယ်ခန့်အပ်သည့်စာရွက်စာတမ်းကို သက်ဆိုင်ရာအစည်းအဝေး မစတင်မီ အနည်းဆုံး (၄၈)နာရီ ကြိုတင်၍ ကုမ္ပဏီမှ လက်ခံရရှိပြီး ဖြစ်ရမည်။ အကြောင်းကိစ္စအသီးသီးတွင် အဆိုပါ စာရွက်စာတမ်းများကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် အစည်းအဝေး အကြောင်းကြားစာတွင် ကုမ္ပဏီက ဖော်ပြထားသည့် အခြားနေရာ၊ လိပ်စာ သို့မဟုတ် နံပါတ်များသို့ ပေးပို့ရမည်။

(စ) ကုမ္ပဏီသည် ကိုယ်စားလှယ်ခန့်အပ်သော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးထံမှ စာရွက်စာတမ်းတစ်ခုထက်ပိုမို၍ လက်ခံရရှိခဲ့လျှင်နောက်ဆုံးလက်ခံရရှိခဲ့သော စာရွက်စာတမ်းသည် ယခင်ပေးပို့ခဲ့သောစာရွက်စာတမ်းကို ပြန်လည်ရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

(ဆ) ကိုယ်စားလှယ်ခန့်အပ်သည့် စာရွက်စာတမ်းတွင်ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်က မည်သို့ဆန္ဒမဲပေးရမည်ကို သတ်မှတ် ဖော်ပြရမည် သို့မဟုတ် ကိုယ်စားလှယ်၏ ဆုံးဖြတ်ချက်ဖြင့် မဲပေးနိုင်ခွင့်ရှိကြောင်း ဖော်ပြနိုင်ပြီး မည်သို့ မဲပေးရန် သတ်မှတ်ထားလျှင် ကိုယ်စားလှယ်သည် အဆိုပါ သတ်မှတ်ချက် အတိုင်း ဆန္ဒမဲပေးရမည်။

(ဇ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးသည်အကြောင်းတစ်ခုခုကြောင့်ဆုံးဖြတ်ချက်တစ်ခု အတွက် မဲပေးနိုင်ခွင့်မရှိခဲ့လျှင်ထိုသူ၏ကိုယ်စားလှယ်သည်၎င်း၏ကိုယ်စားမဲပေးခွင့်မရှိစေရ။

**၁၅၅။ သာမန်ဆုံးဖြတ်ချက်များ**

ဤဥပဒေတွင်ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းတွင်ဖြစ်စေ အထူးဆုံးဖြတ်ချက် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ သတ်မှတ်ထားသော ရာခိုင်နှုန်း သို့မဟုတ် အရေအတွက် ဖြင့် အတည်ပြု၍ဆောင်ရွက်ရမည်ဟုအတိအလင်း ဖော်ပြထားသည့် ကိစ္စများမှတစ်ပါး ဤဥပဒေ အရဖြစ်စေ၊ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန်လိုအပ်

သည့်ကိစ္စရပ်တွင် ထိုကိစ္စရပ်ကို သာမန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ ဆောင်ရွက်နိုင်သည်။

**၁၅၆။ အစည်းအဝေးများ ကျင်းပခြင်း မပြုဘဲ စာဖြင့်ရေးသား၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း**

(က) ဒါရိုက်တာတစ်ဦးသာရှိသော ကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာများ၏ အစည်းအဝေးများကို ခေါ်ယူကျင်းပရန်မလိုပါ။ လိုအပ်သော ဆုံးဖြတ်ချက်များကို စာဖြင့်ရေးသား မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ချမှတ်နိုင်သည်။

(ခ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးသာရှိသော ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးများကို ခေါ်ယူကျင်းပရန် မလို။ လိုအပ်သော ဆုံးဖြတ်ချက်များကို စာဖြင့် ရေးသား မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ချမှတ်နိုင်သည်။

(ဂ) ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မဲပေးခွင့်ရှိသော ဒါရိုက်တာအားလုံးသည် စာရွက်စာတမ်းတွင်ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်း ဖော်ပြချက် ပါရှိသော အဆိုပါ စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် ကုမ္ပဏီတစ်ခုခုသည် ဒါရိုက်တာများ၏ အစည်းအဝေးကို ခေါ်ယူကျင်းပခြင်းမပြုဘဲ ဒါရိုက်တာများ၏ ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါစာရွက်စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီးနောက်ဆုံးဒါရိုက်တာတစ်ဦးကလက်မှတ်ရေးထိုးပြီးသည့်အခါတွင်

ထိုဆုံးဖြတ်ချက်ကို ချမှတ်ပြီး ဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဃ) ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူအားလုံး သည် စာရွက်စာတမ်းတွင် ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံကြောင်း ဖော်ပြချက်ပါရှိသော အဆိုပါစာရွက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြလျှင် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုခုသည် အထွေထွေ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူ ကျင်းပခြင်း မပြုဘဲ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါစာရွက် စာတမ်း၏ သီးခြားမိတ္တူများတွင်လည်း လက်မှတ်ရေးထိုးနိုင်ပြီး ကုမ္ပဏီ တွင် ပါဝင်သူနောက်ဆုံးတစ်ဦးက လက်မှတ်ရေးထိုးပြီးသည့် အခါတွင် ထိုဆုံးဖြတ်ချက် ကို ချမှတ်ပြီး ဖြစ်သည်ဟု သတ်မှတ်ရမည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ) အရ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည့် ကုမ္ပဏီသည် ဆုံးဖြတ်ချက် တစ်ရပ်အား အထွေထွေအစည်းအဝေး၌ ချမှတ်ရာတွင် လိုအပ်သော ယင်း၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ပြီး ဖြစ်စေရမည့်အပြင် ဤဥပဒေအရ အောက်ပါလိုအပ်ချက် များကို လည်း လိုက်နာ ဆောင်ရွက်ပြီး ဖြစ်စေရမည်-

(၁) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ဆုံးဖြတ်ချက်နှင့်သက်ဆိုင်သော အချက်အလက် များ သို့မဟုတ် စာရွက်စာတမ်းများအား လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်း နှင့်အတူ ပေးပို့ရန်၊

(၂) မှတ်ပုံတင်အရာရှိထံသို့ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေးအကြောင်းကြားစာတင်ပြရန်ကုမ္ပဏီတွင်ပါဝင်သူများကလက်မှတ် ရေးထိုးမည့် စာရွက်စာတမ်း၏ မိတ္တူတစ်စောင်တို့အား ပေးပို့ တင်ပြရန်နှင့်

(၃) ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ခေါ်ယူကျင်းပသည့် အစည်းအဝေး အကြောင်း ကြားစာတင်ပြရန် ဤပုဒ်မ၏ ပုဒ်မခွဲ(င)အပိုဒ်(၁)တွင် သတ်မှတ်ဖော်ပြထား သော အချက်အလက်သို့မဟုတ်စာရွက်စာတမ်းများ၏မိတ္တူတစ်စောင်စီကိုပေးပို့တင်ပြရန်

**၁၅၇။ အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်းအဝေးများနှင့် စာဖြင့်ရေးသားချမှတ်သည့် ဆုံးဖြတ်ချက်များဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများ**

(က) ကုမ္ပဏီအားလုံးသည်အထွေထွေအစည်းအဝေးများ၊ ဒါရိုက်တာများ၏အစည်းအဝေးများ နှင့်စာဖြင့်ရေးသားချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သည့် ဆောင်ရွက်မှုများ အားလုံး၏ မှတ်တမ်းများကို ယင်းတို့အတွက် ပြုလုပ်ထားရှိသော မှတ်တမ်းစာအုပ် အသီးသီးတွင် ရေးသားဖော်ပြရန်အတွက် ပြုလုပ် ဆောင်ရွက်ရမည်။ သက်ဆိုင်ရာ မှတ်တမ်းများ သို့မဟုတ် ဆုံးဖြတ်ချက်များကို ယင်းတို့နှင့်သက်ဆိုင်သည့် မှတ်တမ်း စာအုပ်များတွင် အစည်းအဝေး ကျင်းပသည့်နေ့ရက် သို့မဟုတ် စာဖြင့်ရေးသား ပြုလုပ် သည့် ဆုံးဖြတ်ချက် ချမှတ်သော နေ့ရက်မှစ၍ ၂၁ရက်အတွင်း ရေးသားဖော်ပြရ မည်ဖြစ်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အခွင့်အာဏာ အပ်နှင်းခြင်းခံရသည့် အခြားဒါရိုက်တာ တစ်ဦးဦးက လက်မှတ်ရေးထိုးထားရမည်။

(ခ) အဆိုပါမှတ်တမ်း သို့မဟုတ် စာဖြင့်ရေးသားချမှတ်သည့်ဆုံးဖြတ်ချက် တစ်ရပ်ရပ်သည် ၎င်းတို့အား ပြုလုပ်ဆောင်ရွက်ခဲ့သည့် အစည်းအဝေး၏ ဥက္ကဋ္ဌကဖြစ်စေ၊ နောက် တစ်ကြိမ် ကျင်းပမည့် အစည်းအဝေး၏ ဥက္ကဋ္ဌက ဖြစ်စေ လက်မှတ်ရေးထိုးသကဲ့သို့ ဆောင်ရွက်ခဲ့လျှင် ၎င်းဆောင်ရွက်မှုများ သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့မှုများအတွက်

သက်သေထင်ရှားပြီး ဖြစ်စေရမည်။

(ဂ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာ မရှိခဲ့လျှင် အတည်ပြုလက်မှတ် ရေးထိုးထားသော မှတ်တမ်းများတွင် ပါရှိသော ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေး သို့မဟုတ် ဒါရိုက်တာအစည်းအဝေးများအားလုံးကို နည်းလမ်းတကျ ခေါ်ယူ ကျင်းပဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှု အားလုံး သည် နည်းလမ်းတကျရှိခဲ့သည်ဟု သတ်မှတ်ရမည့်အပြင် ဒါရိုက်တာများ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများ ခန့်အပ်မှုအားလုံးသည်လည်း တရားဝင်သည် ဟု မှတ်ယူရမည်။

(ဃ) ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးဆိုင်ရာ ဆောင်ရွက်မှု မှတ်တမ်းများနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ စာဖြင့်ရေးသားချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ ပါရှိသော စာရင်းစာအုပ်များကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်း၌ဖြစ်စေ၊ ဤဥပဒေနှင့် အညီ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများ ထားရှိရာ အခြားနေရာ တွင် ဖြစ်စေ ထိန်းသိမ်းထားရှိရမည်။ ယင်းတို့အား ရုံးလုပ်ငန်း အချိန်ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ ခွင့်ပြုရမည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် အထွေထွေအစည်းအဝေးတွင် စစ်ဆေး ဆောင်ရွက်ခြင်း အတွက် တစ်နေ့လျှင် အချိန်(၂)နာရီ အောက်မနည်းသော ကာလကို ခွင့်ပြုရန် သတ်မှတ်နိုင်သည် ဟူသော ကန့်သတ်ချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

(င) အစည်းအဝေးကျင်းပသည့်နေ့မှ (၇)ရက်ကာလနောက်ပိုင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြပါရှိသော မှတ်တမ်း သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသော သင့်လျော်သည့်အဖိုးအခကို ပေးသွင်း၍ ၎င်းတောင်းဆိုသည့် နေ့ရက်မှ (၇) ရက် အတွင်း ရရှိခွင့် ရှိစေရမည်။

**၁၅၈။** ပုဒ်မ၁၅၇ ၏ ပုဒ်မခွဲ(ဃ)အရ ဆောင်ရွက်သည့် စစ်ဆေးမှုတစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၁၅၇ ၏ ပုဒ်မခွဲ(င) အရ တောင်းဆိုသည့် မိတ္တူတစ်စုံတစ်ရာကို ပုဒ်မ ၁၅၇ ၏ ပုဒ်မခွဲ(င) တွင် သတ်မှတ်ထားသည့် အချိန်အတွင်း ပေးအပ်ခြင်း မပြုခဲ့လျှင် ထိုသို့ပျက်ကွက်မှု၌ သိလျက်ဖြင့် တမင်ပြုလုပ် ဆောင်ရွက်ခဲ့သော အဆိုပါ ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ(၃)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၁၅၉။** ပုဒ်မ ၁၅၈ တွင် ဖော်ပြထားသည့် ငြင်းပယ်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းအတွက် တရားရုံး သည် အမိန့်တစ်ရပ် ချမှတ်၍ အထွေထွေအစည်းအဝေး၏ ဆောင်ရွက်မှုများ အားလုံး သို့မဟုတ် စာဖြင့် ရေးသား ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သော စာရင်းစာအုပ်များကို ချက်ချင်း စစ်ဆေး ဆောင်ရွက်မှု ပြုလုပ်စေနိုင်သည် သို့မဟုတ် မိတ္တူတောင်းခံသော ပုဂ္ဂိုလ်များ ထံသို့ လိုအပ်သော မိတ္တူများကို ပေးပို့စေရန် ညွှန်ကြားနိုင်သည်။

**အခန်း (၁၈) ဒါရိုက်တာများ၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ**

**ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များ**

**၁၆၀။ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များ**

(က) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည် သို့မဟုတ် ဒါရိုက်တာတစ်ဦးတည်း

ရှိသည့် ကုမ္ပဏီတွင်အဆိုပါဒါရိုက်တာတစ်ဦးတည်း၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်ရမည်။

(ခ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို စီမံဆောင်ရွက်ရာတွင် ဒါရိုက်တာများ သို့မဟုတ် တစ်ဦးတည်းရှိသော ဒါရိုက်တာသည် ကုမ္ပဏီ၏ လုပ်ပိုင်ခွင့်များအားလုံးကို ဤဥပဒေတွင်လည်းကောင်း၊ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်လည်းကောင်း အတိအလင်း ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီတွင် ပါဝင်သူများက ကျင့်သုံးဆောင်ရွက်ရန်လိုအပ် သော လုပ်ပိုင်ခွင့်များနှင့်အညီ ကျင့်သုံးဆောင်ရွက် နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာများက ကျင့်သုံးဆောင်ရွက်နိုင်သော လုပ်ပိုင်ခွင့်များမှ တစ်ရပ်ရပ်ကို အုပ်ချုပ်မှုဒါရိုက်တာ (managing director) တစ်ဦးထံသို့ အပ်နှင်းနိုင်သည်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဒါရိုက်တာအဖွဲ့သည် ယင်း၏ လုပ်ပိုင်ခွင့်များမှ တစ်ရပ်ရပ်ကို အောက်ပါပုဂ္ဂိုလ်များထံသို့ အပ်နှင်းနိုင် သည်-

(၁) ဒါရိုက်တာများမှ ပါဝင်သော ကော်မတီတစ်ရပ်ရပ်၊

(၂) ဒါရိုက်တာတစ်ဦးဦး၊

(၃) ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦး၊

(၄) အခြားပုဂ္ဂိုလ်တစ်ဦးဦး။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်းခံရသူသည် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အဆိုပါလုပ်ပိုင်ခွင့်များအား ကျင့်သုံး ဆောင်ရွက်ရမည့်အပြင် ထိုသို့အပ်နှင်းခြင်းခံရသူက လုပ်ပိုင်ခွင့်များအား ကျင့်သုံး ဆောင်ရွက်မှုသည် ဒါရိုက်တာများက အဆိုပါ လုပ်ပိုင်ခွင့်များအား ကျင့်သုံး ဆောင်ရွက်သည့်အတိုင်း အကျိုးသက်ရောက်သည်။

(စ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ ဒါရိုက်တာများသည် လုပ်ပိုင်ခွင့်တစ်ရပ်ကို အပ်နှင်းခဲ့သည့် အခါ အောက်ပါအချက်များကို ဖော်ပြနိုင်ခြင်းမရှိခဲ့လျှင် ဒါရိုက်တာများ ကိုယ်တိုင် အဆိုပါ လုပ်ပိုင်ခွင့်အား ကျင့်သုံးဆောင်ရွက်သကဲ့သို့ လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ၏ ဆောင်ရွက်မှုအတွက် တာဝန် ရှိစေရမည်-

(၁) လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူသည် ဤဥပဒေနှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းတို့အရ ကုမ္ပဏီ၏ဒါရိုက်တာများအပေါ် သတ်မှတ်ထားသည့် တာဝန် ဝတ္တရားများနှင့်အညီ လုပ်ပိုင်ခွင့်အား အမြဲ ကျင့်သုံးဆောင်ရွက်သည်ဟု သင့်လျော်သည့် အကြောင်းပြချက်များရှိခြင်း နှင့်

(၂) သဘောရိုးဖြင့် သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် စုံစမ်း စစ်ဆေးရန် လိုအပ်သည့် အခြေအနေရှိခဲ့လျှင် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း ခံရသူသည် လွှဲအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အားထားရသော အရည်အချင်း ပြည့်ဝသူ ဖြစ်သည်ဟု သင့်လျော်သည့် အကြောင်းပြချက်များ ရှိခြင်း။

**၁၆၁။ ဒါရိုက်တာများက အချက်အလက်များကို ရယူနိုင်ခြင်း**

(က) ဒါရိုက်တာတစ်ဦးသည် သင့်လျော်သည့်အချိန်တိုင်းတွင် ကုမ္ပဏီ၏ စာရင်းစာအုပ်များ နှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) ဒါရိုက်တာအဖြစ်မှ ရပ်နားခဲ့သူတစ်ဦးဦးသည် ဒါရိုက်တာအဖြစ်မှ ရပ်နားပြီးနောက်

(၇)နှစ်ကာလအတွင်း သင့်လျော်သည့်အချိန်တိုင်းတွင်အောက်ပါ တရားစွဲဆို ဆောင်ရွက်မှုများ အတွက် ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုနိုင်ပြီး ယင်းတို့၏မိတ္တူများကို ရယူနိုင်သည်-

(၁) ဖော်ပြပါပုဂ္ဂိုလ်သည် အမှုသည်အဖြစ်ပါဝင်နေသောကိစ္စ၊

(၂) ဖော်ပြပါပုဂ္ဂိုလ်သည် သဘောရိုးဖြင့် တရားစွဲဆိုရန် ရည်ရွယ်ခြင်း၊

(၃) ဖော်ပြပါပုဂ္ဂိုလ်သည် ယင်းအပေါ် တရားစွဲဆိုရန်အကြောင်းရှိခြင်း။

**၁၆၂။ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခု သို့မဟုတ် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ကန့်သတ်ထားလျှင် အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာများသည် အထွေထွေ အစည်းအဝေးတွင် သဘောတူညီချက်ဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်မှအပ အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ -

(က) ကုမ္ပဏီ၏ အဓိကလုပ်ငန်းဆောင်ရွက်မှုများကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်း ဖြင့် ဖယ်ရှားခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာတစ်ဦးက ပေးချေရမည့် ကြွေးမြီတစ်ရပ်ရပ်ကို ပေးချေခြင်း။

**၁၆၃။ မဲပေးခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်မည့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ် ရှိခဲ့လျှင် ယင်း ဒါရိုက်တာသည် အစည်းအဝေးတွင်အဆိုပါကိစ္စရပ်အား ဆုံးဖြတ်ဆောင်ရွက် နေချိန်၌ တက်ရောက်ခြင်း မပြုရသည့်အပြင် ယင်းကိစ္စရပ်အတွက် မဲပေးခြင်းမပြုရ။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစည်းအဝေးတွင် ဆုံးဖြတ်မည့် ကိစ္စ တစ်ရပ်ရပ်၌ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ် ပါရှိသော ဒါရိုက်တာ တစ်ဦးသည် အောက်ပါအချက်များ ရှိခဲ့လျှင် ဒါရိုက်တာ အစည်းအဝေးသို့ တက်ရောက် နိုင်ပြီး ထိုကိစ္စရပ်နှင့်စပ်လျဉ်း၍ မဲပေးခွင့် ရှိသည် -

(၁) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာသည် ကုမ္ပဏီ၏လုပ်ငန်းများတွင် ၎င်း၏ အကျိုး ခံစားခွင့်နှင့် ပါဝင်ပတ်သက်မှုများ၏ အခြေအနေနှင့် အတိုင်းအတာများကို ထုတ်ဖော်ပြောဆိုခြင်း၊ အခြားဒါရိုက်တာများက အဆိုပါ ဒါရိုက်တာနှင့် အကျိုး ခံစားခွင့်၏ အခြေအနေကို ဖော်ပြသည့် ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်၍ အဆိုပါအကျိုးခံစားခွင့်သည် ထိုဒါရိုက်တာအား အစည်းအဝေးသို့ တက်ရောက် ခြင်း သို့မဟုတ် မဲပေးခြင်းများအတွက် ထိခိုက်စေခြင်းမရှိဟု တွေ့ရှိရကြောင်း ဖော်ပြခဲ့ခြင်းများ ရှိခဲ့လျှင်၊ သို့မဟုတ်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၁)၌ဖော်ပြထားသော ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ကဲ့သို့ အလားတူ အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက် တစ်ရပ်အား ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေး၌ ချမှတ်ခဲ့လျှင်၊ သို့မဟုတ်

(၃) အကျိုးခံစားခွင့်သည် ပုဒ်မ ၁၇၂ အရ ထုတ်ဖော်ပြောဆိုရန် မလိုအပ်သော အကျိုးခံစားခွင့်တစ်ရပ်ဖြစ်ခဲ့လျှင်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)တွင် ပါရှိသည့်

သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် -

(၁) အဆိုပါဒါရိုက်တာသည် အကျိုးခံစားခွင့် ပါရှိသော ကိစ္စရပ်နှင့်စပ်လျဉ်း၍ မဲပေးနိုင်သည်၊

(၂) အကျိုးခံစားခွင့်ပါရှိသော လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆက်လက် ပြုလုပ်နိုင်သည်၊

(၃) ဒါရိုက်တာတွင် အကျိုးခံစားခွင့် ရှိစေကာမူ အဆိုပါဒါရိုက်တာသည် လုပ်ငန်းဆောင်ရွက်မှုမှ ရရှိသည့် အကျိုးအမြတ်များကို ရယူနိုင်သည်၊ ၎င်းပြင်

(၄) အကျိုးခံစားခွင့် ပါရှိသည်ဆိုကာမျှဖြင့် ကုမ္ပဏီသည် လုပ်ငန်းဆောင်ရွက်မှုကို ရှောင်ရှားခြင်း မပြုနိုင်။

## ဒါရိုက်တာများနှင့် အရာရှိများ၏ တာဝန်များ

### ၁၆၄။ တာဝန်များ

ပုဒ်မ ၁၆၅ မှ ပုဒ်မ ၁၇၂ အထိ တို့တွင် ဒါရိုက်တာများနှင့် အရာရှိများအား ပေးအပ်ထားသည့် အဓိကတာဝန်များကို ပြဋ္ဌာန်းထားပါသည်။ သို့သော် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်ထားသော တာဝန်များကို ကန့်သတ် ထားခြင်း မရှိစေရ။

### ၁၆၅။ ထိုက်သင့်သောဂရုပြုမှု နှင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်

(က) ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် အောက်ပါအခြေအနေများတွင် သာမန်ပုဂ္ဂိုလ်တစ်ဦးကထားရှိသော ဂရုပြုမှု နှင့် လုံ့လဝီရိယတို့ဖြင့် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း နှင့် တာဝန်များကို ထမ်းဆောင်ခြင်းတို့ ကို ပြုလုပ် ရမည် -

(၁) ဖော်ပြပါပုဂ္ဂိုလ်သည် ကုမ္ပဏီ၏အခြေအနေအရပ်ရပ်တို့တွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးအဖြစ် ရှိခဲ့ကြလျှင်၊ သို့မဟုတ်

(၂) ဖော်ပြပါပုဂ္ဂိုလ်သည် ကုမ္ပဏီတွင်ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအဖြစ် ရာထူးရယူခဲ့ပြီး ယင်းတို့ကဲ့သို့ အလားတူတာဝန်များရှိခဲ့ကြလျှင်။

(ခ) ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးသည် ယင်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် တာဝန်များကို ထမ်းဆောင်သောအခါ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအား ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသောလုပ်ဆောင်မှုတစ်ရပ်ရပ်ကို ပြုလုပ်မည်၊ မပြုလုပ်မည် ဟူသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရာတွင် အောက်ပါကိစ္စရပ်များကို ပြုလုပ်ခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ သတ်မှတ်ချက်များ၊ အလားတူ ဥပဒေနှင့် အညီဖြစ်သော တာဝန်များ နှင့် ပုဒ်မ ၁၇၀ ပါ တာဝန်များကို လိုက်နာ ဆောင်ရွက်သည်ဟုမှတ်ယူရမည် -

(၁) ဆုံးဖြတ်ချက်အား လျော်ကန်သင့်မြတ်သောကိစ္စရပ်အတွက် သဘောရိုးဖြင့် ချမှတ်ခဲ့လျှင်၊

(၂) ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် မပါရှိလျှင်၊

(၃) ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာများကိုယ်တိုင် သင့်လျော်မျှတသည်ဟု ယုံကြည်လျှင်၊ ၎င်းပြင်

(၄) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်လျှင်။

### ၁၆၆။ ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့်တာဝန်

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များ နှင့် တာဝန်များကို အောက်ပါအတိုင်း ကျင့်သုံး ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်း နှင့် သဘောရိုးဖြင့် ဆောင်ရွက်ခြင်း နှင့်

(၂) လျော်ကန်သင့်မြတ်သောကိစ္စရပ်အတွက် ဆောင်ရွက်ခြင်း။

(ခ) ရာနှုန်းပြည့်လက်အောက်ခံကုမ္ပဏီ (wholly-owned subsidiary) ဖြစ်သည့် ကုမ္ပဏီ တစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့် အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထိုသို့ လိုက်နာ ဆောင်ရွက်ရန် အတိအလင်း ခွင့်ပြုထားလျှင် အဆိုပါ လက်အောက်ခံကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ် မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ (holding company) အတွက် အကောင်းဆုံးအကျိုးရလဒ်များရှိသည်ဟု ၎င်းတို့ယုံကြည်သည့် နည်းလမ်းများ ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ရာနှုန်းပြည့် ပိုင်ဆိုင်ထားသော လက်အောက်ခံ ကုမ္ပဏီတစ်ခု မဟုတ်သည့် လက်အောက်ခံ ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးသည် ၎င်း၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့် အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း၌ ထိုသို့ လိုက်နာ ဆောင်ရွက်ရန် အတိအလင်း ခွင့်ပြုထားပြီး ယင်း၏ အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီမှအပ ကုမ္ပဏီတွင် အခြား ပါဝင်သူများ၏ ကြိုတင်သဘောတူညီမှု ရှိခဲ့လျှင် လက်အောက်ခံ ကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ် မရှိစေကာမူ ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ အတွက် အကောင်းဆုံး အကျိုးရလဒ် များရှိသည်ဟု ၎င်းတို့ယုံကြည်သည့် နည်းလမ်းများ ဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) အစုရှယ်ယာရှင်များအကြား ဖက်စပ်လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီ တစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဖက်စပ်လုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်အခါ သို့မဟုတ် တာဝန်များကို ထမ်းဆောင်သည့်အခါတွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၌ ထိုသို့ လိုက်နာဆောင်ရွက်ရန် အတိအလင်း ခွင့်ပြုထားလျှင် ကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးရလဒ် မရှိစေကာမူ အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် အစုရှယ်ယာရှင်များ အတွက် အကောင်းဆုံး အကျိုးရလဒ်များ ရှိသည်ဟု ၎င်းတို့ယုံကြည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ်(၁) အရတာဝန်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အခွင့်အာဏာများကို ကျင့်သုံးခြင်းနှင့် ၎င်းတို့၏ တာဝန်များကို ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည့် အခါ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးသည် အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) အောက်ပါတို့အပေါ် အကျိုးသက်ရောက်ခြင်း အပါအဝင် ဆုံးဖြတ်ချက်ကြောင့် ကာလရှည် ဖြစ်ပေါ်မည့် အကျိုးဆက်များ -

(ကက) ကုမ္ပဏီ၏ ဝန်ထမ်းများ၊

(ခခ) ကုမ္ပဏီ၏စီးပွားရေးအရ ဆက်သွယ် ဆောင်ရွက်နေမှုများ တွင်

ကုမ္ပဏီ၏ ဝန်ဆောင်မှုများကို သုံးစွဲနေသူများနှင့် ကုမ္ပဏီသို့ ပစ္စည်း ပေးသွင်းနေသူများ၊

(ဂဂ) သဘာဝပတ်ဝန်းကျင်၊

(ဃဃ) ကုမ္ပဏီ၏ဂုဏ်သိက္ခာ နှင့်

(၂) ကုမ္ပဏီတွင်ပါဝင်သူများအကြားတရားမျှတစွာဆောင်ရွက်ရန်လိုအပ်သည်များ။

**၁၆၇။ ရာထူးနေရာကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးသည် ၎င်းတို့၏ ရာထူးနေရာအား အောက်ပါကိစ္စရပ်များ အတွက် မလျော်မကန် အသုံးပြုခြင်း မရှိစေရ -

(က) မိမိကိုယ်တိုင်အတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက် သော်လည်း ကောင်း အကျိုးတစ်စုံတစ်ရာ ရရှိစေရန်၊ သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

**၁၆၈။ သတင်းအချက်အလက်များကို အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးသည် ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးအနေဖြင့် ၎င်းတို့ လက်ခံရရှိထားသော သတင်းအချက်အလက်များကို အောက်ပါကိစ္စရပ်များအတွက် မလျော်မကန် အသုံးပြုခြင်း မရှိစေရ -

(က) မိမိကိုယ်တိုင်အတွက် သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက် သော်လည်း ကောင်း အကျိုးတစ်စုံတစ်ရာ ရရှိစေရန်၊ သို့မဟုတ်

(ခ) ကုမ္ပဏီအား အကျိုးထိခိုက်နစ်နာစေရန်။

**၁၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား လိုက်နာ ရန် တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား ဆန့်ကျင်သော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်း မပြုရ သို့မဟုတ် ကုမ္ပဏီတွင် ထိုသို့ဆန့်ကျင်လျက် ဆောင်ရွက်မည်ဟု သဘောတူလက်ခံခြင်း မပြုရ။

**၁၇၀။ ကျိုးကြောင်းစဉ်းစားမှုမပြုဘဲကုန်သွယ်ခြင်းမှ ရှောင်ကြဉ်ရန်တာဝန်**

ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးသည် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းအား ဆောင်ရွက် ရာတွင် ကုမ္ပဏီ၏ မြီရှင်များအတွက် ကြီးမားသည့်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေမည့်နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် သဘောတူခြင်းကို မပြုလုပ်ရ သို့မဟုတ် ထိုသို့ ပြုလုပ်ရန် ခွင့်မပြုရ။

**၁၇၁။ တာဝန်များရယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့်တာဝန်**

ကုမ္ပဏီသည် တာဝန်တစ်ရပ်ရပ်ကို လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီက ဆောင်ရွက်နိုင်သည်ဟု သင့်လျော်သော အကြောင်းများရှိကြောင်း ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးက ယုံကြည်ခြင်း မရှိလျှင် ၎င်းသည် ကုမ္ပဏီမှ ဆောင်ရွက်ပေးရမည့် တာဝန် တစ်ရပ်ရပ်ကို သဘောတူလက်ခံခြင်း မပြုရ။

**၁၇၂။ အချို့သော အကျိုးခံစားခွင့်များကို ထုတ်ဖော်ပြောဆိုရမည့်တာဝန်**

(က) ကုမ္ပဏီ၏လုပ်ငန်းကိစ္စများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ် ပါရှိသော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် အောက်ပါအကြောင်းအရာများအပြင် ယင်း၏ အကျိုးခံစားခွင့်နှင့် စပ်လျဉ်းသည့် ကိစ္စများအတွက် အကြောင်းကြားစာကို အခြား ဒါရိုက်တာများထံသို့ ပေးပို့ရမည် -

(၁) အကျိုးခံစားခွင့်သည် -

(ကက) ဒါရိုက်တာမှာ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဖြစ်ပြီး အခြားပါဝင်သူများနှင့် အလားတူ ပိုင်ဆိုင်မှုကြောင့် ရရှိခြင်း၊

(ခခ) ကုမ္ပဏီ၏ဒါရိုက်တာ တစ်ဦးအဖြစ် ဒါရိုက်တာ လုပ်အားခနှင့် စပ်လျဉ်း၍ ရရှိခြင်း၊

(ဂဂ) ကုမ္ပဏီတွင်ပါဝင်သူများ၏ အတည်ပြုချက်လိုအပ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများကအတည်မပြုခဲ့လျှင် ကုမ္ပဏီအပေါ် တာဝန် တစ်ရပ်ရပ် မဖြစ်ပေါ်စေမည့် ကုမ္ပဏီက ပါဝင်ချုပ်ဆိုရန် အဆိုပြု ထားသည့် ပဋိညာဉ်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း၊

(ဃဃ) ဒါရိုက်တာက အာမခံသူဖြစ်ခြင်း သို့မဟုတ် ၎င်းအား ကုမ္ပဏီက ရယူသည့်ချေးငွေ သို့မဟုတ် အဆိုပြုထားသောချေးငွေ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအတွက် လျော်ကြေးငွေ တစ်ရပ်ရပ် သို့မဟုတ် အာမခံချက် တစ်ရပ်ရပ် ပေးခြင်းကြောင့် ဖြစ်ပေါ်လာခြင်း၊

(ငင) အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသည့် အာမခံချက် သို့မဟုတ် လျော်ကြေးငွေ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဒါရိုက်တာသည် အစားထိုး ဆောင်ရွက်နိုင်ခွင့် (right of subrogation) ရှိခြင်းကြောင့် ဖြစ်ပေါ်လာခြင်း၊

(စစ) ကုမ္ပဏီကိုဖြစ်စေ၊ ဆက်စပ်သည့်အဖွဲ့အစည်းကို ဖြစ်စေ အာမခံချက် ပေးသူအဖြစ် ဆောင်ရွက်စေခြင်း မရှိစေဘဲ ကုမ္ပဏီ၏ အရာရှိတစ်ဦး အဖြစ် ဒါရိုက်တာက ဆောင်ရွက်ပေးရသော တာဝန်ရှိမှုများအပေါ် အာမခံစေသော သို့မဟုတ် အာမခံစေမည်ဖြစ်သော ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာခြင်း၊

(ဆဆ) ပုဒ်မ ၁၈၁ အရ ခွင့်ပြုထားသော လျော်ကြေးငွေ သို့မဟုတ် အဆိုပါ လျော်ကြေးငွေနှင့် သက်ဆိုင်သည့် ပဋိညာဉ် စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းက ငွေပေးချေမှု တစ်ရပ်ရပ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာခြင်း၊

(ဇဇ) ဆက်စပ်သည့်အဖွဲ့အစည်း တစ်ခုနှင့်ဖြစ်စေ၊ ထိုအဖွဲ့အစည်း၏ အကျိုး အတွက်ဖြစ်စေ၊ သို့မဟုတ် ထိုအဖွဲ့အစည်း၏ ကိုယ်စား ဖြစ်စေ ချုပ်ဆိုသော သို့မဟုတ် ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်တွင် ပါရှိပြီး ဒါရိုက်တာသည် ဆက်စပ်သည့်အဖွဲ့အစည်း၏ ဒါရိုက်တာ ဖြစ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာခြင်း။

(၂) ဒါရိုက်တာသည် အကျိုးခံစားခွင့်၏ အခြေအနေ၊ အတိုင်းအတာပမာဏနှင့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများတွင် ယင်း၏သက်ဆိုင်မှုတို့နှင့် စပ်လျဉ်းသော အကြောင်းကြားစာကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးပို့ဆောင်ရွက်ပြီး ဖြစ်သည့်အပြင် ထိုအကြောင်းကြားစာမှာ ဆက်လက် အကျိုးသက်ရောက် နေခြင်း၊ သို့မဟုတ်

(၃) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးသာရှိပြီး အဆိုပါဒါရိုက်တာ၊ ၎င်းနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသာလျှင် ဖြစ်ခြင်း။

တစ်ဦးတည်းဒါရိုက်တာရှိသည့် ကုမ္ပဏီတွင် အခြားအစုရှယ်ယာရှင် ရှိခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ပေးပို့ရန် လိုအပ်သည့် အကြောင်းကြားစာကို

ထိုအစုရှယ်ယာရှင်များထံသို့ ပေးပို့ရမည်။

(ခ) အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် အကြောင်းကြားစာကို လိုအပ်သည့် အချိန်တိုင်း တွင် ပေးပို့နိုင်သည် သို့မဟုတ် ပေါ်ပေါက်လာသည့်ကိစ္စရပ်တွင် အကျိုးခံစားခွင့် ပါရှိသော ကုမ္ပဏီ၏ဒါရိုက်တာသည် အခြားဒါရိုက်တာများထံသို့ အကျိုးခံစားခွင့်၏ အခြေအနေနှင့် အတိုင်းအတာ ပမာဏတို့နှင့် သက်ဆိုင်သော တည်မြဲအကြောင်းကြား စာ (standing notice) ကို ပေးပို့နိုင်သည်။

(ဂ) အကြောင်းကြားစာပေးပို့သည့်အချိန်တွင်ကုမ္ပဏီ၏လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သော ကိစ္စရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေတည်မြဲအကြောင်းကြားစာကို မည်သည့် အချိန်တွင် မဆို ပေးပို့နိုင်သည်။ သို့ရာတွင် ဒါရိုက်တာအဖွဲ့တွင် ဒါရိုက်တာအသစ် တစ်ဦးအား ခန့်ထားပါက ယခင်က ပေးပို့ထားသော တည်မြဲ အကြောင်းကြားစာများကို အသစ် ဖွဲ့စည်း ထားသော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး တွင် ပြန်လည်တင်ပြရမည်။

(ဃ) အကြောင်းကြားစာတွင် ဖော်ပြထားသော အကျိုးခံစားခွင့်၏အခြေအနေ သို့မဟုတ် အတိုင်းအတာပမာဏမှာ သိသာစွာတိုးမြင့်လာလျှင် အဆိုပါတည်မြဲ အကြောင်းကြားစာ ၏ အကျိုးသက်ရောက်မှုမှာ ရပ်စဲသည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ထားသော အကြောင်းကြားစာတစ်ရပ်ရပ်သည် -

(၁) အကျိုးခံစားခွင့်၏ အခြေအနေ၊ အတိုင်းအတာပမာဏတို့နှင့် သက်ဆိုင်သော အချက်အလက်အသေးစိတ်ကို ဖော်ပြပါရှိစေရမည့်အပြင်

(၂) ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် ပေးပို့တင်ပြရမည်ဖြစ်ပြီး မှတ်တမ်းများတွင် စာရင်းရေးသွင်းထားရမည်။

(စ) ဒါရိုက်တာတစ်ဦးဦးက ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက် ဆောင်ရွက်ခြင်း များသည် မည်သည့်ဆောင်ရွက်ချက်၊ လုပ်ငန်းဆောင်ရွက်မှု၊ သဘောတူညီချက်၊ စာချုပ်စာတမ်း၊ ဆုံးဖြတ်ချက် သို့မဟုတ် အခြားကိစ္စရပ်များ၏ တရားဝင် အတည်ဖြစ်မှု ကို ထိခိုက်စေခြင်း မရှိစေရ။

(ဆ) အကျိုးစီးပွားဆန့်ကျင်ခြင်းနှင့်စပ်လျဉ်းသော အခြားဥပဒေတစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း တစ်ရပ်ရပ်တို့အပြင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက် စေရမည်။

**ဒါရိုက်တာများအား ခန့်အပ်ခြင်း၊ ၎င်းတို့၏အခကြေးငွေ နှင့် ခန့်အပ်မှုအား ရပ်စဲခြင်း**

**၁၇၃။ ဒါရိုက်တာများအား ခန့်အပ်ခြင်း**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိခြင်းမရှိလျှင် ယင်း၏ အခြား စည်းမျဉ်း စည်းကမ်းများနှင့်အညီ -

(၁) ကုမ္ပဏီ၏ ပထမဦးဆုံးဒါရိုက်တာများမှာ ဤဥပဒေ၏ အပိုင်း(၂) အရ ပြုလုပ် သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုအတွက် လျှောက်လွှာတွင် အမည်စာရင်း ဖော်ပြ ထားသော ပုဂ္ဂိုလ်များ ဖြစ်သည်၊

(၂) ယင်းနောက်ပိုင်းတွင် ကုမ္ပဏီ၏ဒါရိုက်တာများကို အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ကုမ္ပဏီတွင်ပါဝင်သူများက ခန့်အပ်ရမည်၊ ၎င်းပြင်

(၃) ဒါရိုက်တာများအနက် ရုတ်တရက် လစ်လပ်သွားသော ဒါရိုက်တာနေရာတွင်

အဆိုပါ ဒါရိုက်တာများသည် အစည်းအဝေးအထမြောက်စေမည့် အရေအတွက်တွင် မပါဝင်သော်လည်း ထိုသို့လစ်လပ်သွားသောနေရာအတွက် ဒါရိုက်တာများက ဖြည့်စွက်ခန့်ထားရမည်။ သို့သော် ထိုသို့ခန့်အပ် ခံရသူအတွက် အဆိုပါ ခန့်အပ်မှုကိုပြုလုပ်ပြီးနောက်တွင် ကျင်းပသည့် ကုမ္ပဏီ၏အထွေထွေ အစည်းအဝေး၌ ကုမ္ပဏီတွင်ပါဝင်သူများ၏ အတည်ပြုချက်ကို ရယူရမည်။ အဆိုပါ အစည်းအဝေးအား ခန့်အပ်မှုပြုလုပ်ပြီးနောက် (၆)လအတွင်း ခေါ်ယူ ကျင်းပရမည်။

(ခ) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတစ်ရပ်စီ၌ ဒါရိုက်တာဦးရေ စုစုပေါင်း၏ သုံးပုံတစ်ပုံ သို့မဟုတ် သုံးပုံတစ်ပုံနှင့်အနီးစပ်ဆုံးဖြစ်သည့် အရေအတွက်သည် ရာထူးမှ အငြိမ်းစား ယူရမည်။ အစည်းအဝေးတစ်ရပ်ရပ်တွင် အငြိမ်းစားယူရမည့် ဒါရိုက်တာများသည် နောက်ဆုံး ရွေးကောက်တင်မြောက်ထားသည့် အချိန်မှစ၍ ရာထူးနေရာတွင် သက်တမ်းအကြာဆုံး ထမ်းဆောင်ပြီးသူများဖြစ်ရမည်။ သို့သော် တစ်နေ့တည်းတွင် ဒါရိုက်တာများအဖြစ် ရွေးချယ်ခံခဲ့ရသူများအကြား အနားယူရမည့်သူကို ရွေးချယ်ရာတွင် ဥက္ကဋ္ဌက ဆုံးဖြတ်ရမည်။

(ဂ) ဒါရိုက်တာတစ်ဦးကို ခန့်အပ်နိုင်ရန်အတွက် အထွေထွေအစည်းအဝေး၌ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်တွင် အဆိုပြုထားသည့် ဒါရိုက်တာတစ်ဦးကိုသာလျှင် ဖော်ပြနိုင်မည်ဖြစ်သည်။ သို့သော် အခြား ဒါရိုက်တာများ ခန့်ထားရန် သီးခြား ဆုံးဖြတ်ချက်များကို အစည်းအဝေးတစ်ရပ်တည်း၌ ချမှတ်နိုင်သည်။

(ဃ) ဒါရိုက်တာများသည်ယင်းတို့အနက်မှ ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦး ထက်ပိုသော ဒါရိုက်တာများကို ကာလတစ်ရပ်အတွက် ဒါရိုက်တာများက သင့်သည်ထင်မြင်သော စည်းကမ်းချက်များဖြင့် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ (managing director) အဖြစ် ခန့်အပ်နိုင်သည်။ ထိုသူသည် ဒါရိုက်တာ တစ်ဦးအဖြစ်မှ ရပ်စဲလျှင် အုပ်ချုပ်မှုဒါရိုက်တာ အဖြစ်မှ ရပ်စဲရမည်။

(င) အခြားဒါရိုက်တာများ၏ အတည်ပြုချက်ဖြင့် ဒါရိုက်တာတစ်ဦးသည် သတ်မှတ် ထားသော ကာလတစ်ရပ်အတွက် ထိုဒါရိုက်တာ၏လုပ်ပိုင်ခွင့် အချို့ကိုဖြစ်စေ သို့မဟုတ် အားလုံး ကိုဖြစ်စေ ကျင့်သုံးစေရန် အခြားသူ တစ်ဦးကို ခန့်အပ်နိုင်သည်။ အဆိုပါ အလှည့်ကျ ဒါရိုက်တာအဖြစ် ခန့်အပ်ခံရသူသည် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ဒါရိုက်တာက ကျင့်သုံး ဆောင်ရွက်သကဲ့သို့ အကျိုးသက်ရောက် စေရမည်။ ခန့်အပ်မှုအား စာဖြင့်ရေးသား ဆောင်ရွက်ရမည်ဖြစ်ပြီး ကုမ္ပဏီသို့ ပေးပို့ တင်ပြရမည်။ ခန့်အပ်မှုအား ထိုသို့ခန့်အပ်သည့် ဒါရိုက်တာက မည်သည့်အချိန်တွင်မဆို ပြန်လည် ရုပ်သိမ်းနိုင်သည်။

(စ) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသော ဒါရိုက်တာလည်း ဖြစ်သော၊ တစ်ဦးတည်းသော အစုရှယ်ယာရှင်လည်းဖြစ်သော ဒါရိုက်တာသည် စာဖြင့် ရေးသား ချမှတ်သည့် ဆုံးဖြတ်ချက်ဖြင့် အခြားဒါရိုက်တာတစ်ဦးကို ခန့်အပ်နိုင်သည်။

(ဆ) ကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသော ဒါရိုက်တာလည်းဖြစ်သော၊ တစ်ဦးတည်းသော အစုရှယ်ယာရှင်လည်းဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး သေဆုံးခြင်း သို့မဟုတ် မသန်စွမ်းသူ တစ်ဦး ဖြစ်လာခြင်း ရှိခဲ့လျှင် ထိုပုဂ္ဂိုလ်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူသည် ပုဂ္ဂိုလ်တစ်ဦးဦးအား ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ် ခန့်အပ်

နိုင်သည်။

(ဇ) ကုမ္ပဏီတွင် ဒါရိုက်တာများ မရှိခဲ့လျှင် သို့မဟုတ် ဒါရိုက်တာဦးရေသည် ဒါရိုက်တာအစည်းအဝေးတစ်ရပ် ကျင်းပရာတွင် အထမြောက်စေရန် သတ်မှတ်ထားသည့် အနည်းဆုံး ဦးရေ မပြည့်မီခဲ့လျှင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းများနှင့်အညီ ဒါရိုက်တာများကို ခန့်ထားရန် မဖြစ်နိုင်လျှင် သို့မဟုတ် ဆောင်ရွက်၍ မရခဲ့လျှင် အစုရှယ်ယာရှင်တစ်ဦး သို့မဟုတ် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကို ခန့်ထားပေးစေရန် အတွက် တရားရုံးသို့လျှောက်ထား တင်ပြနိုင် သည်။ တရားရုံးသည် ကုမ္ပဏီ၏ အကျိုးအတွက် ထိုသို့ခန့်အပ်ရန် ဆုံးဖြတ်လျှင် ထိုခန့်အပ်မှုအား ပြုလုပ်နိုင်ပြီး ထိုသို့ ခန့်အပ်မှု တစ်ရပ်ရပ်ကို တရားရုံးက သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ပြုလုပ် ဆောင်ရွက်နိုင်သည်။

**၁၇၄။ ဒါရိုက်တာများကို ဖယ်ရှားခြင်း**

ကုမ္ပဏီတစ်ခုသည် ဒါရိုက်တာတစ်ဦးဦးအား ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် ခေါ်ယူကျင်းပသည့် အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ ဖြစ်စေ၊ ဤဥပဒေနှင့်အညီ စာဖြင့် ရေးသားထားသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ဖြစ်စေ ဒါရိုက်တာတစ်ဦးဦးကို ဖယ်ရှားနိုင်သည်။

**၁၇၅။ ဒါရိုက်တာ၏ အရည်အချင်းများ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသော အစုရှယ်ယာများကို ပိုင်ဆိုင်ရန် လိုအပ်ပြီး ထိုသို့သတ်မှတ်ချက်နှင့် မပြည့်စုံသေးသော ဒါရိုက်တာအားလုံးသည် ၎င်းအား ဒါရိုက်တာအဖြစ် ခန့်အပ်သည့်နေ့မှ (၂) လအတွင်း သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအရ သတ်မှတ်နိုင်သည့် ပိုမို တိုတောင်းသောကာလအတွင်း အဆိုပါ သတ်မှတ်ချက်နှင့် ကိုက်ညီ စေရန် ဆောင်ရွက်ရမည့်တာဝန်ရှိသည်။

(ခ) အနည်းဆုံး အသက် (၁၈) နှစ်ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ကိုသာလျှင် ဒါရိုက်တာတစ်ဦး အဖြစ် ခန့်ထားရမည်။

(ဂ) ဒါရိုက်တာသည် စိတ်ပေါ့သွပ်သောသူ မဖြစ်စေရ။

(ဃ) ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ရန် တားမြစ်ထားခြင်းခံရသူ တစ်ဦးသည် ထိုသို့ တားမြစ်ထားသည့် အချိန်ကာလအတွင်း ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက် ခြင်း မပြုနိုင်။

(င) လူမွဲအဖြစ်ခံယူထားသူတစ်ဦးသည် ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ခြင်း မပြုနိုင်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီက ထည့်သွင်းသတ်မှတ်နိုင်သော သီးခြားအရည်အချင်းများကို ထိခိုက်စေခြင်း မရှိစေရ၊ သို့သော် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော အရည်အချင်းတစ်ရပ်ရပ်နှင့် မဆန့်ကျင် သရွေ့ အတည်ဖြစ်စေရမည်။

(ဆ) ဒါရိုက်တာတစ်ဦးအဖြစ် ၎င်းအားခန့်အပ်ရာတွင် အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံမှု

မရှိဟုဆိုစေကာမူယင်းတာဝန်တွင်ထမ်းဆောင်သူသည်ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ် ထားသည့် ဒါရိုက်တာ တစ်ဦး၏ တာဝန်ဝတ္တရားများကို ဖောက်ဖျက်ခြင်းအတွက် တာဝန်ရှိသည် ဟု သတ်မှတ်နိုင်သည်။

**၁၇၆။ ဒါရိုက်တာများ၏ ဆောင်ရွက်မှုများသည် တရားဝင်အတည်ဖြစ်ခြင်း**

ဒါရိုက်တာတစ်ဦး၏ ဆောင်ရွက်မှုများသည် ၎င်းအား ခန့်အပ်ပြီးနောက်ပိုင်း ချို့ယွင်းချက်တစ်ခုခု တွေ့ရှိခြင်း သို့မဟုတ် ဤဥပဒေအရဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ဖြစ်စေ ဒါရိုက်တာအဖြစ်ခန့်အပ်ရန် သတ်မှတ်ထားသည့် အရည်အချင်း တစ်ရပ်ရပ်နှင့် မညီညွတ်စေကာမူ တရားဝင် အတည်ဖြစ်စေရမည်။ သို့ရာတွင် ပုဂ္ဂိုလ် တစ်ဦးဦးအား ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းသည် တရားဝင် အတည်ဖြစ်ခဲ့သော်လည်း တရားဝင် မဟုတ်သော ဆောင်ရွက်မှု တစ်ရပ်ရပ်ကို တရားဝင်အတည်ဖြစ်စေသည်ဟု ဤပုဒ်မတွင်ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်က မျှ မှတ်ယူခြင်း မရှိစေရ။

**၁၇၇။ ဒါရိုက်တာများ၏ လုပ်ငန်းများကို လွှဲပြောင်းခြင်း**

မည်သည့်ကုမ္ပဏီတွင်မဆိုကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးအား ယင်း၏လုပ်ငန်းကို အခြား သူတစ်ဦးဦးသို့ လုပ်ပိုင်ခွင့်လွှဲအပ်နိုင်ရေးအတွက် စည်းကမ်းချက်များကို ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း တွင်ဖြစ်စေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ကုမ္ပဏီအကြားချုပ်ဆိုခဲ့သော သဘောတူ စာချုပ်ဖြင့်ဖြစ်စေ သတ်မှတ်ခဲ့လျှင် အဆိုပါစည်းကမ်းချက်နှင့်အညီ ပြုလုပ်သည့်လုပ်ငန်း လွှဲအပ် ခြင်းသည် တစ်စုံတစ်ရာ နှင့် ဆန့်ကျင်စေကာမူ ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်ဖြင့် အတည်မပြုမီ ကာလအထိ အကျိုးသက်ရောက်ခြင်း မရှိစေရ။

သို့ရာတွင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် လုပ်ငန်းမဆောင်ရွက်နိုင်သည့် ကာလအတွင်း အလှည့်ကျ ဒါရိုက်တာတစ်ဦးကို ခန့်အပ်ရန်အတွက် လုပ်ပိုင်ခွင့်အား ကျင့်သုံးခြင်းကို ဤပုဒ်မ၏ အဓိပ္ပါယ်ဖော်ပြချက်အတွင်း လုပ်ငန်းလွှဲပြောင်းခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

ထို့အပြင် အဆိုပါအလှည့်ကျဒါရိုက်တာသည် ယင်းအား ခန့်အပ်သောသူကလုပ်ငန်း ဆောင်ရွက် နေသည့် ကာလများတွင် ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက် ခြင်း မပြုရ။

**၁၇၈။ ဒါရိုက်တာ၏ ရာထူးနေရာ ရပ်နားရခြင်း**

(က) ဒါရိုက်တာတစ်ဦး၏ ရာထူးနေရာတွင် အောက်ပါကိစ္စတစ်ရပ်ရပ်လာ ဖြစ်ပေါ်လာခဲ့လျှင် ရပ်နားရမည် -

(၁) ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်ရေးအတွက် လိုအပ်သော အစုရှယ်ယာ ပိုင်ဆိုင်မှု သတ်မှတ်ချက် ရှိပါက ပုဒ်မ ၁၇၅၏ ပုဒ်မခွဲ(က)တွင် သတ်မှတ် ဖော်ပြထား သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကာလ နောက်ပိုင်း ကာလ တစ်ရပ်ရပ်တွင် ထားရှိရန် ပျက်ကွက်ခဲ့လျှင်၊

(၂) စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတစ်ခုခုက စိတ်ပေါ့သွပ်သောသူဖြစ်ကြောင်း တွေ့ရှိခဲ့လျှင်၊

(၃) ဒေဝါလီခံရကြောင်း သို့မဟုတ် လူမွဲဖြစ်ကြောင်းဆုံးဖြတ်ခြင်းခံရလျှင်၊

(၄) အစုရှယ်ယာများအတွက် ငွေပေးချေရန် တောင်းခံမှုပြုလုပ်သည့်နေ့မှ (၆) လ အတွင်း ဒါရိုက်တာများ ပိုင်ဆိုင်ထားသည့် အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ၎င်းတို့ အပေါ် တောင်းခံသည့်ငွေအား ပေးချေရန် ပျက်ကွက်လျှင်၊

(၅) တဆက်တစပ်တည်း ပြုလုပ်သော ဒါရိုက်တာများအစည်းအဝေး (၃)ရပ် သို့မဟုတ် တဆက်တစပ်တည်းဖြစ်သော ပြက္ခဒိန်လ (၃)လ ၊ ယင်းတို့ အနက် ပိုမို ကြာမြင့်သည့် ကာလအတွင်း ကျင်းပပြုလုပ်သော ဒါရိုက်တာများ အစည်းအဝေး အားလုံးသို့ ဒါရိုက်တာအဖွဲ့ထံမှ ခွင့်ယူခြင်းမရှိဘဲ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာအား ခန့်အပ်ခြင်းမပြုဘဲတက်ရောက်ရန် ပျက်ကွက်လျှင်၊

(၆) ကုမ္ပဏီသို့ စာဖြင့် ရေးသားအကြောင်းကြား၍ ဒါရိုက်တာအဖြစ် ၎င်း၏ ရာထူးနေရာမှ နုတ်ထွက်လျှင်၊

(၇) သေဆုံးခဲ့လျှင်၊

(၈) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း များနှင့်အညီ လုပ်ငန်းမှ ဖယ်ရှားခြင်းခံရလျှင်၊

(၉) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ တွင် သတ်မှတ်ဖော်ပြထားသော ဒါရိုက်တာရာထူးနေရာအတွက် လိုအပ်သည့် အရည်အချင်းတစ်ရပ်ရပ်ကို ရရှိရန် သို့မဟုတ် ညီညွတ်ရန် ပျက်ကွက် လျှင်။

(ခ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ဒါရိုက်တာ၏လုပ်ငန်းကို ဤပုဒ်မ တွင် သတ်မှတ်ထားသည့်ပြဋ္ဌာန်းချက်များအပြင် အခြား အကြောင်းများကြောင့် ဖယ်ရှားခံ ရမည်ဟု ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ဖော်ပြပါရှိစေရန်အတွက် ကုမ္ပဏီက ဆောင်ရွက်နိုင်ခြင်းကို ပိတ်ပင်ထားခြင်း မရှိစေရ။

**၁၇၉။ အတွင်းရေးမှူးများ**

(က) အတွင်းရေးမှူးတစ်ဦးကို ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် ခန့်အပ်နိုင်သည်။

(ခ) အနည်းဆုံး အသက် (၁၈) နှစ်ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ကိုသာလျှင် အတွင်းရေးမှူး တစ်ဦး အဖြစ် ခန့်ထားရမည်။

(ဂ) အတွင်းရေးမှူး သည် စိတ်ပေါ့သွပ် သောသူ မဖြစ်စေရ။

(ဃ) ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ဒါရိုက်တာ၊ အတွင်းရေးမှူးသို့မဟုတ် အရာရှိတစ်ဦးအဖြစ် ဆောင်ရွက်ရန် တားမြစ်ထား ခြင်းခံရသူတစ်ဦးသည် ထိုသို့ တားမြစ်ထားသည့် အချိန်ကာလအတွင်း အတွင်းရေးမှူး တစ်ဦးအဖြစ် ဆောင်ရွက်ခြင်း မပြုနိုင်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီက ထည့်သွင်းသတ်မှတ်နိုင်သော အတွင်းရေးမှူးတစ်ဦးတွင် ရှိရမည့်သီးခြား အရည်အချင်း များကို ထိခိုက်စေခြင်း မရှိစေရ၊ သို့သော် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် သတ်မှတ် ထားသည့် စည်းကမ်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော အရည်အချင်း တစ်ရပ်ရပ်နှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

(စ) အတွင်းရေးမှူး တစ်ဦး၏ ဆောင်ရွက်မှုများသည် ၎င်းတို့အား ခန့်အပ်ပြီးနောက်ပိုင်း ချို့ယွင်းချက် တစ်ခုခု တွေ့ရှိခြင်း သို့မဟုတ် ဤဥပဒေအရဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖြစ်စေ ၎င်းတို့အား ခန့်အပ်ရန် သတ်မှတ်ထားသည့် အရည်အချင်း တစ်ရပ်ရပ်နှင့် မညီညွတ်စေကာမူ တရားဝင် အတည်ဖြစ်စေရမည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးအား ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းသည် တရားဝင် အတည်ဖြစ်ခဲ့သော်လည်း တရားဝင်မဟုတ်သော ဆောင်ရွက်မှု တစ်ရပ်ရပ်ကို တရားဝင် အတည်ဖြစ်စေသည်ဟု ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ မှတ်ယူခြင်း

မရှိစေရ။

**လျော်ကြေးငွေ၊ အာမခံ၊ တာဝန်ရှိမှုမှသက်သာခွင့်များနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များနှင့် အကန့်အသတ်မရှိသော တာဝန်ရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**၁၈၀။ ဒါရိုက်တာများ၊ အရာရှိများ နှင့် စာရင်းစစ်များ၏ တာဝန်ရှိမှုမှ ကင်းလွတ်ခွင့် ပြုနိုင်သော ပြဋ္ဌာန်းချက်များကို ရှောင်ရှားခြင်း**

ဤအခန်းတွင် ပြဋ္ဌာန်းပါရှိသည်မှတစ်ပါး ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိကို လည်းကောင်း၊ ကုမ္ပဏီ၏ အရာရှိတစ်ဦး ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ စာရင်းစစ်အဖြစ် ခန့်အပ်ထားသော အခြားသူတစ်ဦးဦးကိုလည်းကောင်း၊ ၎င်းတို့အပေါ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ကုမ္ပဏီနှင့် အခြားနည်းဖြင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်တို့တွင် ဖော်ပြထားခြင်း ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီနှင့်သက်ဆိုင်သော အပြစ်ရှိစေနိုင်မည့် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ တာဝန် ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်မှုတို့နှင့် စပ်လျဉ်း၍ ကုမ္ပဏီသို့ တာဝန်ရှိမှုတစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ဖော်ပြထားသည့် ပြဋ္ဌာန်း ချက် တစ်ရပ်ရပ်သည် ပျက်ပြယ်စေရမည်။

**၁၈၁။ လျော်ကြေးငွေများ**

(က) ဤပုဒ်မတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်တစ်ဦးအဖြစ် ကျခံဆောင်ရွက်ပေးရန် ဖြစ်ပေါ်လာသည့် အောက်ပါတာဝန်ရှိမှုတစ်ရပ်ရပ် အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား လျော်ကြေးမပေးရ -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသို့ ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှုတစ်ရပ်ရပ်၊ သို့မဟုတ်

(၂) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုမှအပ အခြားသူ တစ်ဦးဦး သို့ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သဘောရိုးဖြင့် ဆောင်ရွက်ခြင်း မဟုတ်သည့် တာဝန်ရှိမှုတစ်ရပ်ရပ်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များအတွက် ကုန်ကျစရိတ်ကျခံခြင်းမှတစ်ပါး ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခု အား ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်တစ်ဦးအဖြစ် ကျခံဆောင်ရွက် ပေးရမည့်တာဝန်ရှိမှုတစ်ရပ်အတွက် တရားစွဲဆိုမှုကို ခုခံချေပရာတွင် ကုန်ကျသည့် တရားရုံးစရိတ်များအပေါ် တာဝန်ရှိမှုအတွက် လျော်ကြေးပေးခြင်းကို တားမြစ်ခြင်း မရှိစေရ -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ လျော်ကြေးမပေးရသော တာဝန်ရှိမှု တစ်ရပ် နှင့် စပ်လျဉ်းသော တရားစွဲဆိုမှုများတွင် ခုခံချေပခြင်း၊ သို့မဟုတ်

(၂) အပြစ်ရှိသောသူပါဝင်သည့် ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုများတွင် ခုခံချေပခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိကဖြစ်စေ၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိကဖြစ်စေ တရားရုံး အမိန့်တစ်ရပ်ချမှတ်ရန် အတွက် စွဲဆိုသည့်အမှုများတွင် တရားရုံးက အမိန့်တစ်ရပ်ချမှတ်ရန် လိုအပ်ကြောင်း အထောက်အထားများ ရှိခဲ့လျှင် ထိုအမှုများကို ခုခံချေပခြင်း၊ သို့မဟုတ်

(၄) ဤဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးကို သက်သာခွင့်ပြုရန်အတွက်တရားစွဲဆိုသော

အမှု ဖြစ်ပြီး တရားရုံးက ထိုသက်သာခွင့်ကို ငြင်းပယ်သည့်အမှုများနှင့် စပ်လျဉ်းခြင်း။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါ ကိစ္စရပ်များအတွက် တရားစွဲဆိုမှုများ၏ ရလဒ်သည် တရားစွဲဆိုမှုများနှင့် အယူခံမှုတို့၏ ရလဒ်ကိုဆိုလိုသည်။

**၁၈၂။ အာမခံထားရှိခြင်း**

(က) ကုမ္ပဏီသို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေအောက်ပါကိစ္စရပ်တစ်ခုခုကြောင့်ပေါ်ပေါက်လာသောတာဝန်ရှိမှုတစ်ရပ်အပေါ် တရားရုံးစရိတ်များအတွက် တာဝန်ရှိမှုမှအပ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ် ဖြစ်သူအတွက် အာမခံပဋိညာဉ် တစ်ရပ်၏ ပရီမီယံကြေး (premium) ကို ပေးဆောင်ခြင်းမပြုရ သို့မဟုတ် ပေးဆောင်ရန်သဘောတူခြင်း မပြုရ -

(၁) ကုမ္ပဏီနှင့် သက်ဆိုင်သောတာဝန်တစ်ရပ်ကို တမင်ဖောက်ဖျက်ခြင်းများ ပါဝင် သောဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၁၆၇ သို့မဟုတ် ၁၆၈ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်း။

(ခ) အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ်(၁) သို့မဟုတ် (၂)တွင် ရည်ညွှန်းသည့်တာဝန်ရှိမှုတစ်ရပ် မှအပ အခြားတာဝန်ရှိမှုကို ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသည် ပေးချေရန် သို့မဟုတ် ပေးချေရန် သဘောတူခြင်း၊ တိုက်ရိုက်သို့မဟုတ်သွယ်ဝိုက်၍ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ် ဖြစ်သူအတွက် အာမခံထားပဋိညာဉ်တစ်ရပ် ၏ ပရီမီယံကြေး (premium) ပေးဆောင်ခြင်းကို ဤပုဒ်မ၏ ပုဒ်မခွဲ (က) သည် တားမြစ်ခြင်းမရှိ။

**၁၈၃။ တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတွင် ဒါရိုက်တာများ၌အကန့်အသတ် မရှိသော တာဝန်ရှိမှုများ ရှိနိုင်ခြင်း**

ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်း မရှိစေဘဲ ဤဥပဒေ စတင်အကျိုးသက်ရောက်ခြင်း မရှိမီက ဖွဲ့စည်း တည်ထောင်ခဲ့သည့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုတွင် ဤဥပဒေ စတင် အကျိုး သက်ရောက်ခြင်း မရှိမီက ခန့်အပ်ထားသော ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာ တစ်ဦးဦး၏ တာဝန်ရှိမှုများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထိုသို့အကန့်အသတ် မရှိကြောင်း သတ်မှတ်ဖော်ပြထားလျှင် အကန့် အသတ်မရှိ ထားရှိနိုင်သည်။

**ဒါရိုက်တာများ၊ အရာရှိများနှင့် အခြားဆက်နွယ်သည့်ပုဂ္ဂိုလ်များ၏ အကျိုးခံစားခွင့်များနှင့် ၎င်းတို့နှင့် ဆက်သွယ် ဆောင်ရွက်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်**

**၁၈၄။ အငြိမ်းစားယူခြင်းအတွက် အကျိုးခံစားခွင့်များ ထောက်ပံ့ခြင်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အကျိုးခံစားခွင့် ပေးရန် အတွက် ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင်ပါဝင်သူများ၏ အတည်ပြုချက် မရရှိဘဲ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်း တစ်ခု၏ အရာရှိတစ်ဦးအဖြစ်မှ ပုဂ္ဂိုလ် တစ်ဦးဦး က အငြိမ်းစား ယူခြင်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ထိုပုဂ္ဂိုလ်အား ပေးအပ်ခြင်း မပြုရ။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် အရာရှိ၏ အလုပ်ခန့်ထားခြင်းဆိုင်ရာ ပဋိညာဉ် စာချုပ် သို့မဟုတ် ကုမ္ပဏီနှင့်အလားတူ စီစဉ်ဆောင်ရွက်ထားမှုအရ သို့မဟုတ် ယင်းတို့နှင့် စပ်လျဉ်း၍ ဥပဒေအရသော်လည်းကောင်း၊ သဘောရိုးဖြင့်သော် လည်းကောင်း ပေးချေရန် လိုအပ်သည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ပေးချေခြင်းအား ကန့်သတ်ထား ခြင်း မရှိစေရ။

**၁၈၅။ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းကို လွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ**

**ပေးအပ်ခြင်း**

ကုမ္ပဏီတစ်ခုသည် ယင်း၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်း တစ်ခုခု၏ အရာရှိ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သောအရာရှိ တစ်ဦးကိုဖြစ်စေ၊ ယင်းတို့၏ ဇနီးမယား၊ ဆွေမျိုး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦးကိုဖြစ်စေ ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင်ပါဝင်သူများ၏ အတည်ပြုချက် မရရှိဘဲ ယင်းကုမ္ပဏီ၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်း တစ်ခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းပေးခြင်းနှင့် သက်ဆိုင် သော အကျိုးခံစားခွင့်အား ပေးအပ်ခြင်း မပြုရ။

**၁၈၆။ အကျိုးခံစားခွင့်ဆိုင်ရာများကို ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

(က) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တို့တွင် ဖော်ပြထားသော အကျိုးခံစားခွင့်တစ်မျိုးမျိုးကို ကုမ္ပဏီတစ်ခု၊ အဆိုပါကုမ္ပဏီ၏ မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီ ရှိခဲ့ပါက ၎င်းကုမ္ပဏီ နှင့် အခြား ဆက်စပ်သည့်အဖွဲ့အစည်းများမှ ထိုကုမ္ပဏီများ တွင်ပါဝင်သူ များ၏ အထွေထွေ အစည်းအဝေး၌ အတည်ပြုခဲ့လျှင် ပေးအပ်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ကျင်းပသော အစည်းအဝေးတစ်ရပ်ရပ်အတွက် အကြောင်းကြားစာတွင် အကျိုးခံစားခွင့်နှင့်သက်ဆိုင်သည့် အသေးစိတ်ဖော်ပြချက်များနှင့် ယင်းအတွက် မည်သို့မဲပေးဆောင်ရွက်မည်ဟူသည့် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် အရေးကြီး သော အချက်အလက်များကို ဖော်ပြပါရှိရမည်။

(ဂ) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တို့တွင်ဖော်ပြထားသော အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သောအရာရှိ သို့မဟုတ် အကျိုးခံစားခွင့်ကို ရရှိနိုင်သော အခြားသူ တစ်ဦးဦးသည် အခြားပုဂ္ဂိုလ် တစ်ဦးထံမှ ကိုယ်စားလှယ်အဖြစ် မည်သို့မဲပေးရမည်ကို ညွှန်ကြားထားလျှင် မှတစ်ပါး အဆိုပါ အကျိုးခံစားခွင့်နှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက် တစ်ရပ်ရပ်အတွက် မဲပေးခြင်း မပြုရ။

**၁၈၇။ ဒါရိုက်တာများ၏ အခကြေးငွေနှင့် ဒါရိုက်တာများနှင့် ဆက်နွယ်သည့်ပုဂ္ဂိုလ်များ သို့ပေးအပ်သည့် အခြားအကျိုးခံစားခွင့်များ**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေတွင်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ် လည်းကောင်း ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များန ှင့်အညီ အောက်ပါ ကိစ္စရပ်များ ကို ခွင့်ပြုနိုင်သည် -

(၁) ဒါရိုက်တာအဖြစ် သို့မဟုတ် အခြားရာထူးနေရာတွင် ဆောင်ရွက်ခြင်းအတွက် ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ်၎င်းနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ် တစ်ဦးဦးသို့ ပေးရမည့် အခကြေးငွေ သို့မဟုတ် အခြားအကျိုးခံစားခွင့် များကို ပေးချေခြင်း၊

(၂) လုပ်ငန်းလက်လွှတ်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကို ကုမ္ပဏီက ဒါရိုက်တာ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာတစ်ဦးဦးသို့ ပေးချေခြင်း၊

(၃) ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ချေးငွေ ထုတ်ပေးခြင်း၊

(၄) ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးက ပေးချေရမည့် ကြွေးမြီ များ အတွက် ကုမ္ပဏီက အာမခံချက်များ ပြုလုပ်ပေးခြင်း၊

(၅) အပိုဒ်(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များအနက်မှ

တစ်ရပ်ရပ်ကို ပြုလုပ်ပေးရန် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ အခြားနည်းအားဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်း မရှိသည့် ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်အတွက် အခြားသောငွေကြေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ် ပြုလုပ်ပေးခြင်း နှင့်

(၆) ဘုတ်အဖွဲ့သည် အောက်ပါကိစ္စရပ်များကို ကျေနပ်လက်ခံလျှင် -

(ကက) ထိုသို့ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဖြစ်ခြင်း၊

(ခခ) ထိုသို့ဆောင်ရွက်ခြင်းသည် ဆောင်ရွက်နေသော အခြေအနေများ နှင့် ကျိုးကြောင်းညီညွတ်မှုရှိခြင်း နှင့်

(ဂဂ) ထိုသို့ငွေပေးချေခြင်း သို့မဟုတ် အကျိုးခံစားခွင့် သို့မဟုတ် ချေးငွေ သို့မဟုတ် အာမခံချက် သို့မဟုတ် ပဋိညာဉ်သည် ကုမ္ပဏီ၏ ရှုထောင့်မှ ကြည့်ပါက နှစ်ဦးနှစ်ဖက် လွတ်လပ်စွာဖြင့် ဘက်လိုက်မှု မရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့် စည်းကမ်း ချက်များဖြင့် သတ်မှတ်၍ ဆောင်ရွက်ခြင်း။

(ခ) ဒါရိုက်တာအဖွဲ့သည် ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်းများ ပြုလုပ်ရန် ခွင့်ပြုပြီးနောက်တွင် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပုဒ်မ ၁၈၉ အရ ကုမ္ပဏီက ထိန်းသိမ်းထားရှိသည့် အကျိုးခံစားခွင့်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ရေးသွင်း ဖော်ပြရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ခွင့်ပြုထားသော ပဋိညာဉ်တစ်ရပ်ရပ်အရ ဒါရိုက်တာ တစ်ဦး သို့မဟုတ် ဆက်နွယ်သည့်ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အခကြေးငွေများ ပေးချေခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များ ပေးအပ်ခြင်းတို့ကို အဆိုပါပုဒ်မခွဲအရ ထပ်မံ ခွင့်ပြုပေးရန်မလို။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုရန်အတွက် ဆန္ဒမဲ ပေးသော ဒါရိုက်တာများသည် ၎င်းတို့၏ ထင်မြင်ချက်အရ ငွေပေးချေမှု ပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်းများသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ ရှုထောင့်မှ ကြည့်ပါက နှစ်ဦးနှစ်ဖက် လွတ်လပ်စွာဖြင့် ဘက်လိုက်မှုမရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့် စည်းကမ်းချက် များဖြင့် ပြုလုပ်ကြောင်း၊ ဆောင်ရွက်နေသော အခြေအနေများ နှင့် ကျိုးကြောင်း ညီညွတ်မှုရှိကြောင်း၊ အဆိုပါ ထင်မြင်ယူဆချက်များအတွက် အခြေခံအထောက် အထားများ အား ဖော်ပြထားသည့် မှတ်တမ်းတွင် လက်မှတ် ရေးထိုးကြရမည်။

(င) ငွေပေးချေမှု ပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း သို့မဟုတ် အာမခံချက်များ ပေးခြင်းများကို ဤပုဒ်မ၏ ပုဒ်မခွဲ(က) နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါကိစ္စရပ် တစ်ခုခု ဖြစ်ပေါ်ခဲ့သည့်အခါတွင် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ (က) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက် ထားခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ) အရ ထုတ်ပေးသည့် အထောက်အထား လက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော်သော အခြေခံ အထောက်အထားများ မရှိခဲ့လျှင်၊

ငွေပေးချေမှုကို လက်ခံခဲ့သည့် သို့မဟုတ် အကျိုးခံစားခွင့်ပေးခြင်းကို ရရှိခဲ့သည့် သို့မဟုတ် အာမခံချက်ပေးခြင်းနှင့် သက်ဆိုင်ခဲ့သည့် ဒါရိုက်တာ သို့မဟုတ် ယခင်က တာဝန် ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ငွေပေးချေခြင်း၊ အကျိုးခံစားခွင့်ပေးခြင်း၊ အာမခံချက် ပေးခြင်းများကို ပြုလုပ်သည့် အချိန်က ယင်းသို့ဆောင်ရွက်မှုများသည် ကုမ္ပဏီအပေါ် မျှတမှုရှိခဲ့ကြောင်း သက်သေ ထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ပေးချေထားသည့်ငွေ ပမာဏ၊ အကျိုးခံစားခွင့် အတွက် တန်ဖိုး ငွေပမာဏ၊ သို့မဟုတ် အာမခံချက်အရ ကုမ္ပဏီက ပေးချေခဲ့သည့် ငွေပမာဏ များအတွက် ကုမ္ပဏီသို့ တစ်ဦးချင်းအလိုက် မိမိတို့ကိုယ်တိုင် တာဝန်ရှိစေ ရမည်။

(စ) ချေးငွေထုတ်ပေးခြင်းကို ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါ ကိစ္စရပ်တစ်ခုခု ဖြစ်ပေါ်ခဲ့သည့်အခါတွင် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ (က) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက် ထားခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ) အရ ထုတ်ပေးသည့် တရားဝင်အထောက်အထား လက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော်သော အခြေခံ အထောက်အထားများ မရှိခဲ့လျှင်။

ချေးငွေထုတ်ပေးသည့်အချိန်က အဆိုပါချေးငွေကို ပြုလုပ်ခြင်းသည် ကုမ္ပဏီအပေါ် မျှတမှု ရှိကြောင်း သက်သေထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ချေးငွေနှင့် စပ်လျဉ်း၍ ပြုလုပ်ထားသည့် စည်းကမ်းချက်များ၊ သဘောတူညီချက်များ စေကာမူ ဒါရိုက်တာ သို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ထုတ်ပေးထားသည့် ချေးငွေကို ကုမ္ပဏီသို့ ချက်ချင်းပြန်လည် ပေးဆပ်ရမည်။

(ဆ) ဒါရိုက်တာများသည် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ကုမ္ပဏီ၏ နောက် တစ်ကြိမ် ကျင်းပသော နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီတွင် ပါဝင်သူများထံသို့ သေချာစွာထုတ်ဖော်တင်ပြရမည်။

**၁၈၈။ ဒါရိုက်တာများ၏အခကြေးငွေနှင့် ဒါရိုက်တာများ၊ ဆက်နွယ်သည့်ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အကျိုးခံစားခွင့်များအား ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီတွင် ပါဝင်သူ များက အတည်ပြုခဲ့လျှင် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော ကန့်သတ် ချက်များ၊ ဤဥပဒေနှင့် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်တွင် ပါရှိသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာတစ်ဦး သို့မဟုတ် အခြားဆက်နွယ် သည့် ပုဂ္ဂိုလ်တစ်ဦးသို့ ပုဒ်မ ၁၈၇ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသော ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ် နှင့် စပ်လျဉ်း၍ ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာ အစည်းအဝေး ကျင်းပရန်အတွက် အကြောင်းကြားစာအား မှတ်ပုံတင် အရာရှိသို့ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါတို့ကို ပေးပို့တင်ပြ ရမည်-

(၁) အဆိုပြုမည့် ဆုံးဖြတ်ချက်စာသားများအား ရေးသားဖော်ပြ ပါရှိသည့် အဆိုပြု အစည်းအဝေးအကြောင်းကြားစာ၊

(၂) ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်အား လက်ခံရရှိသော ဒါရိုက်တာသို့မဟုတ် ဆက်နွယ်သည့် ပုဂ္ဂိုလ်များ၏ အသေးစိတ် အချက်အလက်များ၊ အဆိုပါ ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ အပါအဝင် ဆုံးဖြတ်ချက်ကို မည်သို့မဲပေးဆုံးဖြတ် မည်ဟူသည့် ကိစ္စရပ်အတွက် အရေးပါသော အချက်အလက်များဖြစ်သော ကုမ္ပဏီက သိရှိထားသည့် အချက်အလက်များအားလုံးကို ဖော်ပြထားသည့် အဆိုပြုထားသော ရှင်းလင်း ဖော်ပြချက် တစ်စောင် နှင့်

(၃) အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာနှင့်အတူ ပူးတွဲတင်ပြမည့် အခြား စာရွက်စာတမ်းများနှင့် အဆိုပြုထားသော ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သော အခြားစာရွက်စာတမ်းများ။

(ဂ) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှ ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစည်းအဝေး အကြောင်းကြားစာ ပေးပို့ဆောင်ရွက်နိုင်ခြင်း ရှိ မရှိကို (၂၈)ရက်အတွင်း ဆုံးဖြတ်ရမည်။ မှတ်ပုံတင်အရာရှိက အကြောင်းကြားစာပေးပို့ရန် အတည်ပြုခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း အတည်ပြုချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်း အဝေး အကြောင်းကြားစာ ကို ကုမ္ပဏီတွင်ပါဝင်သူများအား ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ)အရ အတည်ပြုချက်တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင် အရာရှိသည် ကုမ္ပဏီတွင် ပါဝင်သူများအား အကာအကွယ်ပေးရန်အတွက် လိုအပ် သည် ဟု ယူဆသည့် အခါတွင် ပုဒ်မခွဲ(ခ)အရ တင်ပြသော စာရွက်စာတမ်း တစ်ရပ်ရပ် ကို ရှင်းလင်းစွာ ဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီအား ညွှန်ကြားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၂)တွင် ပါရှိသည့် သတ်မှတ် ချက်များကို လိုက်နာထားခြင်း မရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသော အကြောင်းများ ရှိခဲ့ကြောင်းနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြောင်းအရာများကို တွေ့ရှိရလျှင် အစည်းအဝေး အကြောင်းကြားစာ ထုတ်ဝေပေးပို့ခြင်း ငြင်းပယ်နိုင်သည်။

(စ) ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာ ဆက်နွယ်သည့်ပုဂ္ဂိုလ်သည် အထွေထွေ အစည်း အဝေး၌ အခြားပုဂ္ဂိုလ်တစ်ဦးထံမှကိုယ်စားလှယ်အဖြစ် မည်သို့မဲပေးရမည်ကို ညွှန်ကြား ထားလျှင် မှတစ်ပါး ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရန်အတွက် မဲပေးခြင်း မပြုရ။

(ဆ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် (၁၄) ရက်အတွင်း ဤပုဒ်မ ၏ ပုဒ်မခွဲ(က) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူ တစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့ တင်ပြရမည်။

**ဒါရိုက်တာများ၏ အချက်အလက်များ နှင့် အခြားအကြောင်းအရာများ**

**၁၈၉။ ဒါရိုက်တာများ၊ အတွင်းရေးမှူးများနှင့် သက်ဆိုင်သည့် မှတ်တမ်းများ**

(က) ကုမ္ပဏီအားလုံးသည် ယင်းတို့၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ယင်းတို့၏ မှတ်ပုံတင်စာရင်းများထားရှိရာ အခြားနေရာ၌ အောက်ပါအချက် အလက်များ ပါဝင်သော

ဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများနှင့် အတွင်းရေးမှူးများနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်း တစ်ရပ်ကို ထိန်းသိမ်းထားရှိရမည် -

(၁) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၏ လက်ရှိ အမည် အပြည့်အစုံ၊ ယခင်အသုံးပြုခဲ့သည့်အမည် အပြည့်အစုံ၊ မွေးနေ့၊ အမြဲတမ်း နေရပ်လိပ်စာ၊ နိုင်ငံ၊ နိုင်ငံသားနှင့် အခြားနိုင်ငံသား အဖြစ် ထပ်မံခံယူထားလျှင် ယင်းနိုင်ငံသား၊ စီးပွားရေး အလုပ်အကိုင် ရှိခဲ့လျှင် ယင်း အလုပ်အကိုင်၊ အခြား ဒါရိုက်တာ နေရာ သို့မဟုတ် ဒါရိုက်တာနေရာများကို ရယူ ထားခြင်းရှိခဲ့လျှင် အဆိုပါ နေရာများ၏ အကြောင်းအရာများ၊

(၂) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာတစ်ဦးဦးက ကြေညာသည့် အကျိုးခံစားခွင့် တစ်ရပ်ရပ် နှင့်

(၃) ပုဒ်မ ၁၈၇ အရ ဒါရိုက်တာတစ်ဦးဦးထံသို့ ပေးအပ်သည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်။

(ခ) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာနှင့် အတွင်းရေးမှူး တစ်ဦးစီသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ထိန်းသိမ်းထားရှိရသော မှတ်ပုံတင်စာရင်းတွင် ရေးသွင်း ဖော်ပြရန် လိုအပ်သည့် အချက်အလက်များကို ကုမ္ပဏီသို့ ပေးအပ်ရမည်။

(ဂ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ ဆောင်ရွက်သော နှစ်စဉ်အစီရင်ခံစာအား တင်ပြရန် တာဝန်၏ တစ်စိတ်တစ်ဒေသအဖြစ် အဆိုပါ မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော အကြောင်း အရာများ ပါဝင်သည့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် နှစ်စဉ်အစီရင် ခံစာအား မှတ်ပုံတင် အရာရှိထံပေးပို့ တင်ပြရမည်။ ကုမ္ပဏီသည် မှတ်ပုံတင်စာရင်း တွင် ဖော်ပြပါရှိသောဒါရိုက်တာများ၊အလှည့်ကျဒါရိုက်တာများနှင့်အတွင်းရေးမှူးများပြောင်းလဲခြ င်း သို့မဟုတ် အချက်အလက် တစ်ရပ်ရပ် ပြောင်းလဲခြင်းများအတွက် ထိုသို့ ပြောင်းလဲ သည့်နေ့မှ (၂၈)ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်း ကြား ချက်တစ်ရပ်ကို မှတ်ပုံတင် အရာရှိထံ တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းကို ရုံးလုပ်ငန်း အချိန်ကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ စစ်ဆေး ဆောင်ရွက်မှု အတွက် အခမဲ့ခွင့်ပြုရမည်ဖြစ်ပြီး အခြားသူတစ်ဦးဦး၏ စစ်ဆေး ဆောင်ရွက်မှုကို စစ်ဆေးမှု တစ်ရပ်အတွက် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော ငွေပမာဏ တစ်ရပ် ကို ပေးသွင်းစေလျက် ခွင့်ပြုရမည်။ သို့ရာတွင် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း တွင် သို့မဟုတ် အထွေထွေ အစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင် အချိန်(၂)နာရီ အောက်မနည်းသော ကာလကို ခွင့်ပြုရန် သတ်မှတ် နိုင်သည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် တရားရုံးသည် စစ်ဆေးမှုအတွက် ငြင်းပယ်ခံရသူ၏ လျှောက်ထားချက် နှင့် ကုမ္ပဏီ၏ အကြောင်းကြားချက်တို့အရ မှတ်တမ်းကို ချက်ချင်းစစ်ဆေး ဆောင်ရွက်မှု ပြုလုပ်စေရန် အမိန့်တစ်ရပ် ချမှတ်၍ ညွှန်ကြားနိုင်သည်။

**ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း**

**၁၉၀။ ဤအခန်းတွင် ပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်မှု အတွက် အကျိုးဆက်များ**

(က) အခန်း(၁၈)၏ပုဒ်မတစ်ရပ်ရပ်တွင်ပါရှိသော ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် အဆိုပါပျက်ကွက်မှုတွင် ပတ်သက်သော ဒါရိုက်တာ အားလုံး သို့မဟုတ် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ် တစ်ဦးဦးစီ သည် ပြစ်ဒဏ်

ပမာဏ (၂၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင် ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်အားကန့်သတ်ခြင်းမရှိစေဘဲပျက်ကွက်မှုအား သိလျက် ဖြင့်တမင်ပြုလုပ်ခဲ့သောဒါရိုက်တာအားလုံးသို့မဟုတ်ဤအခန်းပါသက်ဆိုင်ရာ ပြဋ္ဌာန်းချက် များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအတိုင်း ပြုလုပ်ရမည် -

(၁) ပျက်ကွက်မှုတွင် ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မရိုးသားမှုများ ပါဝင်ခဲ့လျှင် တရားရုံး မှ သတ်မှတ်သည့် သီးခြားဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်ကို ကျခံရမည်၊ ၎င်းပြင်

(၂) မှတ်ပုံတင်အရာရှိမှ လျှောက်ထားတင်ပြလာလျှင် တရားရုံးမှ သတ်မှတ်သည့် ကာလ အတွင်း ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် အခြားအရာရှိ အဖြစ် ဆောင်ရွက်ရန်တားမြစ်ထားခြင်း ဖြစ်စေရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဒါရိုက်တာများ၊ ဤအခန်း၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက် များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်တစ်ဦးဦး၏ အခြားသော တာဝန်ရှိမှုတစ်ရပ်ရပ်ကို ဖြစ်စေ၊ အောက်တွင်ဖော်ပြပါရှိသော ပုဒ်မ ၁၉၃ နှင့် ၂၀၀ တို့ပါ ပြဋ္ဌာန်းချက်များ အပါအဝင် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ် အရ အခြား ပုဂ္ဂိုလ် တစ်ဦးဦးက ၎င်းတို့အပေါ် တရားစွဲဆို ဆောင်ရွက်မှု တစ်ရပ်ရပ်ကို ဖြစ်စေ ကန့်သတ် ထားခြင်း မရှိစေရ။

**၁၉၁။ သတင်းအချက်အလက်များ သို့မဟုတ် အကြံဉာဏ်များအပေါ် ယုံကြည် အားထားခြင်း**

(က) ဒါရိုက်တာတစ်ဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်အရ တာဝန်တစ်ရပ်ရပ် သို့မဟုတ် အလားတူဥပဒေအရ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု ပြုသည်မပြုသည်ကိုဆုံးဖြတ် နိုင်ရန်အတွက် ပြုလုပ်သော တရားစွဲဆိုဆောင်ရွက်မှုများတွင် သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှ ယုံကြည် အားထားမှုမှာ လျော်ကန်မှုရှိကြောင်း ပေါ်ပေါက်လျှင် အောက်ပါ ကိစ္စရပ်များ ဖြစ်ပေါ် ပါက ထိုသို့သော သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ် အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှ ယုံကြည်အားထားမှုမှာ လျော်ကန်မှု ရှိသည်ဟု သတ်မှတ် ရမည် -

(၁) သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို အောက်ပါပုဂ္ဂိုလ်များက ပေးလျှင် သို့မဟုတ် ပြုစုခဲ့လျှင် -

(ကက) သက်ဆိုင်ရာကိစ္စရပ်အတွက် ယုံကြည်အားထားရန် သင့်လျော် သည့် အခြေခံအကြောင်းများရှိပြီး အရည်အချင်း ပြည့်ဝကြောင်း ဒါရိုက်တာက ယုံကြည်သည့် ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးဦး၊ သို့မဟုတ်

(ခခ) လုပ်ငန်းကဝ္ပမ်းကျင်မှု သို့မဟုတ် အရည်အချင်းပြည့်ဝမှုရှိကြောင်း ဒါရိုက်တာက ယုံကြည်ရန် သင့်လျော်သည့် အခြေခံအကြောင်း များရှိသော သက်ဆိုင်ရာကိစ္စရပ်နှင့် စပ်လျဉ်းသည့် အတတ် ပညာဆိုင်ရာ အကြံပေး သို့မဟုတ် ကျွမ်းကျင်သူ တစ်ဦးဦး၊ သို့မဟုတ်

(ဂဂ) ဒါရိုက်တာ သို့မဟုတ် အရာရှိ တို့၏ လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များနှင့် ဆက်စပ်သည့် အခြားဒါရိုက်တာ သို့မဟုတ်

အရာရှိ၊ သို့မဟုတ်

(ဃဃ) အဆိုပါဒါရိုက်တာ မပါဝင်သည့် ဒါရိုက်တာများ၏ ကော်မတီ တစ်ရပ်ရပ်၏ လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များကို ဆောင်ရွက်နေသည့် ကော်မတီ နှင့်

(၂) ဒါရိုက်တာများ၏ ကုမ္ပဏီ နှင့်စပ်လျဉ်း၍ သိရှိနားလည်မှု၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ နှင့်လုပ်ငန်းဆောင်ရွက်မှုများ ခက်ခဲနက်နဲမှု တို့အပါအဝင် သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို လွတ်လပ်သော လေ့လာအကဲဖြတ်မှုပြုပြီးနောက် ယုံကြည်အားထားမှုကို သဘောရိုးဖြင့် ပြုလုပ်ခဲ့လျှင်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် မှတ်ယူဆောင်ရွက်ခြင်းများကို ချေပနိုင်ပြီး ပုဂ္ဂိုလ်တစ်ဦးဦးသည်တရားစွဲဆို၍ မမှန်ကန်ကြောင်း ပြဆိုနိုင်သည်။

**အခန်း (၁၉) ကုမ္ပဏီတွင်ပါဝင်သူများ၏ အခွင့်အရေးနှင့် ကုစားခွင့်များ**

**တရားမျှတမှုမရှိသော ကိစ္စရပ်များတွင် ကုမ္ပဏီတွင်ပါဝင်သူများနှင့် အခြားသူများ၏တရားစွဲဆိုဆောင်ရွက်မှုများ**

**၁၉၂။ တရားမျှတမှုမရှိသော လုပ်ငန်းဆောင်ရွက်မှုများ**

အကယ်၍-

(က) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့်သက်ဆိုင်သော ဆောင်ရွက်မှု၊ သို့မဟုတ်

(ခ) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ အမှန်တကယ် ဆောင်ရွက်မှု သို့မဟုတ် အဆိုပြုထားသော ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု၊ သို့မဟုတ်

(ဂ) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူအမျိုးအစား တစ်ရပ်တွင် ပါရှိသောသူများက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အဆိုပြုသော ဆုံးဖြတ်ချက်

တို့သည် အောက်ပါတို့အနက်မှ တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ် ချမှတ်နိုင်သည် -

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများအားလုံး၏ အကျိုးခံစားခွင့်နှင့် ဆန့်ကျင်ခြင်း၊

(င) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ပါဝင်သူ ရာထူးနေရာတွင်သော်လည်းကောင်း၊ အခြားရာထူးနေရာတွင်သော်လည်းကောင်း ၎င်းတို့အပေါ် မတရားဖြစ်စေခြင်း၊ မမျှမတဖြစ်စေခြင်း သို့မဟုတ် မတရားသဖြင့် ခွဲခြားပြုမူခြင်း။

ဤအခန်းပါ ကိစ္စရပ်များအတွက် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရ ဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးအဖြစ် သတ်မှတ်ရမည်။

**၁၉၃။ တရားရုံးက ချမှတ်နိုင်သည့်အမိန့်များ**

(က) တရားရုံးသည် ဤပုဒ်မအရ အောက်ပါအမိန့်တစ်ရပ်ရပ် အပါအဝင် ကုမ္ပဏီနှင့် စပ်လျဉ်း၍ သင့်လျော်သည်ဟု ၎င်းမှ ထင်မြင်လျှင် အမိန့်တစ်ရပ်ရပ်ကို ချမှတ် နိုင်သည်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

(၂) ကုမ္ပဏီ၏ လက်ရှိဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်၊

(၃) နောင်တွင်ဆောင်ရွက်မည့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များအတွက် စည်းကမ်း ချက်များ သတ်မှတ်ရန်၊

(၄) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသို့မဟုတ် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးက အစုရှယ်ယာတစ်ရပ်ရပ်ကို ဝယ်ယူရန်၊

(၅) ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းအား သင့်လျော်သည့် ပမာဏကို လျှော့ချ ခြင်း ဖြင့် အစုရှယ်ယာများကို ဝယ်ယူရန်၊

(၆) ကုမ္ပဏီအတွက် တရားစွဲဆိုမှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်၊

(၇) ကုမ္ပဏီ၏အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စား တရားစွဲဆိုမှု တစ်ရပ်ရပ် ကို ပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန် အတွက် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိ အစုရှယ်ယာ တစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန်၊

(၈) ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် အားလုံးအတွက် ပစ္စည်းလက်ခံထိန်းသိမ်းသူ (receiver) တစ်ဦးအား ခန့်အပ်ရန်၊

(၉) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့် အပြုအမူကို ပြုမူစေခြင်း သို့မဟုတ် ပြုလုပ်စေခြင်းမှ ရှောင်ကြဉ်စေရန်၊

(၁၀) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့် ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ် စေရန်။

(၁၁) နစ်နာကြေးများ ပေးလျော်ရန်။

(ခ) ဤပုဒ်မအရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်ခဲ့ လျှင် ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လိုအပ်သလို ပြောင်းလဲ ပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင် ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ခဲ့လျှင် အမိန့်၌ ထိုသို့ ဆောင်ရွက် ခွင့်ပြုထားခြင်း မရှိလျှင်ဖြစ်စေ သို့မဟုတ် ကုမ္ပဏီသည် တရားရုံး၏ ခွင့်ပြုမှုကို ဦးစွာ ရယူထားခြင်း မရှိလျှင်ဖြစ်စေ အဆိုပါပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းသည် အမိန့်တွင် ပါရှိသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိလျှင် ကုမ္ပဏီသည် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်အတွက် ပုဒ်မ ၁၇ အရ လုပ်ပိုင်ခွင့် မရှိ။

**၁၉၄။ တရားရုံးအမိန့်တစ်ရပ်အတွက် လျှောက်ထားခြင်း**

ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပုဒ်မ (၁၉၃) အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားမှုကို အောက်ပါ ပုဂ္ဂိုလ် များက ပြုလုပ်နိုင်သည် -

(က) လျှောက်ထားမှုသည် အောက်ပါပုဂ္ဂိုလ်များနှင့်ဆန့်ကျင်သည့် ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်နှင့်သက်ဆိုင်သော်လည်း ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး -

(၁) ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးအဖြစ်မှတစ်ပါး အခြားရာထူးနေရာ တစ်ခုခုတွင် ဆောင်ရွက်နေသော ကုမ္ပဏီတွင်ပါဝင်သူ၊ သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် ၎င်းတို့၏ရာထူးနေရာတွင် ဆောင်ရွက်နေ သော ကုမ္ပဏီတွင်ပါဝင်သောအခြားသူများ။

(ခ) မတည်ငွေရင်း ရွေးချယ်လျှော့ချခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင် စာရင်းမှ ဖယ်ရှားခံရသူ၊

(ဂ) လျှောက်ထားမှုသည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့်အခြေ အနေနှင့်

သက်ဆိုင်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခံရသူ၊

(ဃ) ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရ ဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(င) အောက်ပါကိစ္စရပ်များအား စုံစမ်းစစ်ဆေးနေသည့် သို့မဟုတ် စုံစမ်းစစ်ဆေးပြီးသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍မှတ်ပုံတင်အရာရှိမှသင့်လျော်သည်ဟုထင်မြင်ယူဆသူ တစ်ဦးဦး-

(၁) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်သောကိစ္စရပ်များ။

**၁၉၅။ ချမှတ်သည့်အမိန့်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရန် လိုအပ်ခြင်း**

ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ်အား ချမှတ်ခဲ့လျှင် လျှောက်ထားသူသည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ (၂၁)ရက်အတွင်း ယင်းအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

**ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်မှုများ**

**၁၉၆။ ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကြားဝင်ဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီကိုယ်စား တာဝန်ယူ ဆောင်ရွက်ရန်အတွက် သို့မဟုတ် အဆိုပါ တရားစွဲဆို မှုများတွင် စေ့စပ် ညှိနှိုင်းခြင်း သို့မဟုတ် ဖြေရှင်း ဆောင်ရွက်ခြင်းကဲ့သို့ လိုအပ်သည့် ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန်အတွက် အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ ကိုယ်စား တရားစွဲဆို ဆောင်ရွက်နိုင်သည် သို့မဟုတ် ကုမ္ပဏီမှ အမှုသည်အဖြစ် ပါဝင်သော တရားစွဲဆိုမှု တစ်ရပ်ရပ်တွင် ကြားဝင် ဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီသို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင် ပါဝင်ခဲ့သူ (former member) သို့မဟုတ် ယင်းတို့တွင် ပါဝင်သူတစ်ဦးအဖြစ် မှတ်ပုံတင်ခွင့် ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ (former officer) ဖြစ်ရမည့်အပြင်

(၃) ပုဒ်မ ၁၉၇အရခွင့်ခံစားခွင့်ရရှိထားသောတာဝန်ထမ်းဆောင်နေဆဲပုဂ္ဂိုလ် တစ်ဦးဦး။

(ခ) ကုမ္ပဏီကိုယ်စား ဆောင်ရွက်သည့် တရားစွဲဆိုမှုများကို ကုမ္ပဏီ၏အမည်ဖြင့် စွဲဆို ဆောင်ရွက်ရမည်။

(ဂ) ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ရန် သို့မဟုတ် ကြားဝင်ဆောင်ရွက်ရန် အခြား ဥပဒေတစ်ရပ်ရပ်၌ ဖော်ပြထားသည့်ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကို ပယ်ဖျက်ရမည်။

**၁၉၇။ တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း**

(က) ပုဒ်မ ၁၉၆ ပုဒ်မခွဲ(က) အပိုဒ်(၁) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆိုမှုများ ဆောင်ရွက်ရန် သို့မဟုတ် တရားစွဲဆိုမှုများတွင် ကြားဝင် ဆောင်ရွက် ခွင့် ရရှိရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် လျှောက်ထားမှုအား ခွင့်ပြုရမည်-

(၁) ကုမ္ပဏီကိုယ်တိုင်က တရားစွဲဆိုမှုများကို မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် အဆိုပါကိစ္စများအတွက် တာဝန်ယူဆောင်ရွက်နိုင်ခြင်း သို့မဟုတ် လိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း၊

(၂) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း၊

(၃) လျှောက်ထားသူအပေါ် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကျိုး အတွက် အကောင်းဆုံးဖြစ်စေမည်ဖြစ်ကြောင်း၊

(၄) လျှောက်ထားသူသည် တရားစွဲဆိုဆောင်ရွက်ရန်အတွက် ခွင့်ပြုချက် လျှောက်ထားလျှင် အရေးကြီးသော ကိစ္စရပ်ကို ဖြေရှင်းရန်ရှိကြောင်း နှင့်

(၅) အောက်ပါကိစ္စတစ်ရပ်ရပ် ရှိခဲ့လျှင် -

(ကက) လျှောက်လွှာမတင်မီ အနည်းဆုံး (၁၄) ရက် ကြိုတင်၍ လျှောက်ထားသူသည် ခွင့်ပြုချက်လျှောက်ထားရန် ရည်ရွယ်ကြောင်းနှင့် ထိုသို့ လျှောက်ထားရသည့် အကြောင်းရင်းတို့ကို စာဖြင့် ရေးသား၍ ကုမ္ပဏီသို့ အကြောင်း ကြားရမည်၊ သို့မဟုတ်

(ခခ) အပိုဒ်ခွဲငယ် (ကက) ပါ ဖော်ပြချက်ကို လက်ခံနိုင်ခြင်း မရှိသော်လည်း ခွင့်ပြုချက်ပေးရန် သင့်လျော်မှု ရှိရမည်။

(ဂ) အောက်ပါတို့ကို တွေ့ရှိရလျှင် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးခံစားခွင့် အတွက် မဟုတ်ကြောင်း ချေပနိုင်သည့် မှတ်ယူချက်တစ်ခု ဖြစ်သည်-

(၁) တရားစွဲဆိုခြင်းသည် -

(ကက) တတိယပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ကုမ္ပဏီမှ တရားစွဲဆိုမှုဖြစ်ခြင်း၊ သို့မဟုတ်

(ခခ) ကုမ္ပဏီအပေါ် တတိယပုဂ္ဂိုလ်တစ်ဦးဦးက တရားစွဲဆိုမှုဖြစ်ခြင်း နှင့်

(၂) ကုမ္ပဏီမှ အောက်ပါတို့ကို ဆုံးဖြတ်ခဲ့လျှင် -

(ကက) တရားစွဲဆိုမှုကို မဆောင်ရွက်ရန်၊ သို့မဟုတ်

(ခခ) တရားစွဲဆိုမှုတွင် ခုခံချေပခြင်း မပြုရန်၊ သို့မဟုတ်

(ဂဂ) တရားစွဲဆိုမှုကိုရပ်စဲရန်၊ဖြေရှင်းရန် သို့မဟုတ်စေ့စပ်ညှိနှိုင်းရန် နှင့်

(၃) အဆိုပါ ဆုံးဖြတ်ချက်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ဒါရိုက်တာများအားလုံးသည် -

(ကက) လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြခြင်း၊

(ခခ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် မပါရှိခြင်း၊

(ဂဂ) ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ၎င်းတို့ကိုယ်တိုင် သင့်လျော်မျှတသည်အထိ စုံစမ်းခြင်း နှင့်

(ဃဃ) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည် ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်ခြင်း။

(ဃ) အလားတူအခြေအနေတွင် သာမန်ပုဂ္ဂိုလ်တစ်ဦးက လက်ခံ ဆောင်ရွက်နိုင်ခြင်း မရှိခြင်း မှတစ်ပါး ထိုဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ဒါရိုက်တာများ၏ ယုံကြည်မှုသည် ကျိုးကြောင်းညီညွတ်သော ယုံကြည်မှု ဖြစ်သည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) တွင် ပါရှိသောကိစ္စရပ်များအတွက် -

(၁) ပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီ၏ ဆက်နွယ်သည့်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါက ထိုပုဂ္ဂိုလ်သည် တတိယပုဂ္ဂိုလ် တစ်ဦးဖြစ်သည်၊ ၎င်းပြင်

(၂) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီအပေါ်တွင် လည်းကောင်း တရားစွဲဆိုမှု များတွင် ယင်းသို့တရားစွဲဆိုမှုများတွင် ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်အား အယူခံဝင်ခြင်းများလည်း ပါဝင်သည်။

**၁၉၈။ တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့် ရရှိသောသူအတွက် အခြားသူတစ်ဦးဦးကို အစားထိုး ဖြည့်စွက်ခြင်း**

(က) ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက် ရရှိထားသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် အစားထိုး ဖြည့်စွက် ရန် အတွက် အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရန် အောက်ပါပုဂ္ဂိုလ်များအနက်မှ တစ်ဦးဦး သည် တရားရုံးသို့ လျှောက်ထားရမည် -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင် ပါဝင်ခဲ့သူ (former member)၊ သို့မဟုတ် ယင်းတို့တွင် ပါဝင်သူ တစ်ဦးအဖြစ် မှတ်ပုံတင်ခွင့် ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန် ထမ်းဆောင်ခဲ့သော အရာရှိ (former officer)။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် အမိန့်တစ်ရပ်ကို ချမှတ်ရမည် -

(၁) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း နှင့်

(၂) အကြောင်းခြင်းရာအားလုံးတွင် အမိန့်ချမှတ်ရန် သင့်လျော်မှုရှိကြောင်း။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အခြားသူတစ်ဦးအတွက် အစားထိုး ဖြည့်စွက်ရန် ချမှတ်သည့်အမိန့်သည် အောက်ပါအတိုင်း အကျိုး သက်ရောက်မှု ရှိသည် -

(၁) ခွင့်ပြုချက်ပေးခြင်းသည် အစားထိုးဖြည့်စွက်သောပုဂ္ဂိုလ် အကျိုးငှာ ပြုလုပ် သည် ဟု သတ်မှတ်ရမည်၊ ၎င်းပြင်

(၂) အခြားသူတစ်ဦးသည် တရားစွဲဆိုဆောင်ရွက်မှုအား ပြုလုပ်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီးဖြစ်လျှင် အစားထိုး ဖြည့်စွက်သောပုဂ္ဂိုလ်သည် အဆိုပါ တရားစွဲဆိုမှုကို ဆောင်ရွက်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီး ဖြစ်သည်ဟု သတ်မှတ်ရမည်။

**၁၉၉။ ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီတွင်ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခဲ့လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် ထိုအတည်ပြုချက် သို့မဟုတ် ထောက်ခံချက်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦးဦးအား ပုဒ်မ ၁၉၇ အရ ခွင့်ခံစား၍ တရားစွဲဆိုမှုများကို ပြုလုပ်ခြင်း သို့မဟုတ် ယင်းတို့တွင် ကြားဝင်ဆောင်ရွက်ခြင်းကိုဖြစ်စေ၊ အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်အရ ခွင့်ခံစားနိုင်ရန်အတွက် လျှောက်ထားခြင်းကို ဖြစ်စေ တားမြစ် ထားခြင်း မရှိစေရ။

(၂) ပုဒ်မ ၁၉၇ အရ ခွင့်ခံစား၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင် ဆောင်ရွက် သော တရားစွဲဆိုမှုများကို တရားပြိုင်၏ အကျိုးအတွက် ဆုံးဖြတ် ပေးရမည် သို့မဟုတ် အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားခြင်းကို ငြင်းပယ်ရမည်ဟု အကျိုးသက်ရောက် ခြင်း မရှိစေရ။

(ခ) ကုမ္ပဏီတွင်ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခဲ့ လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆို ဆောင်ရွက်သော

သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများတွင် လည်းကောင်း၊ အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့်ကြားဝင် ဆောင်ရွက် ခွင့် ရရှိနိုင်ရန် လျှောက်ထား ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း နစ်နာမှုများ အပါအဝင် အမိန့် သို့မဟုတ် ဆုံးဖြတ် ချက် ချမှတ်ရာ၌ ဖော်ပြပါ အတည်ပြုချက် သို့မဟုတ် ထောက်ခံချက်ကို ထည့်သွင်း စဉ်းစားနိုင်သည်။ ထိုသို့ ချမှတ် ဆောင်ရွက်ခဲ့လျှင် ယင်းဆုံးဖြတ်ချက်တွင် အောက်ပါ အချက်များ ကို ထည့်သွင်းစဉ်းစားရမည်-

(၁) ကုမ္ပဏီတွင်ပါဝင်သူများမှ ပြုလုပ် ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြု မပြု သို့မဟုတ်ထောက်ခံခြင်း ပြု မပြု ဆုံးဖြတ်ရာတွင်၎င်းတို့၏ ပြုလုပ် ဆောင်ရွက်မှု နှင့် စပ်လျဉ်း၍ ပြည့်စုံစွာ သိရှိခဲ့ခြင်း နှင့်

(၂) ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ထောက်ခံခြင်း တို့အား ပြုလုပ်ခဲ့သော ကုမ္ပဏီတွင်ပါဝင်သူများက လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ။

**၂၀၀။ တရားရုံး၏ အထွေထွေ လုပ်ပိုင်ခွင့်များ**

(က) တရားရုံးသည် အောက်ပါကိစ္စများအပါအဝင် ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း သင့်သည် ထင်မြင်သည့်အတိုင်း အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်ပြီး ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည် -

(၁) ကြားဖြတ်အမိန့်များ၊

(၂) စေ့စပ်ညှိနှိုင်းခြင်းဆောင်ရွက်ရန်လိုအပ်ခြင်းအပါအဝင်တရားစွဲဆို ဆောင်ရွက်မှု များနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ အရာရှိတစ်ဦးဦးကို ဆောင်ရွက်မှုတစ်ရပ်ရပ် ပြုလုပ်စေရန် သို့မဟုတ် မပြုလုပ်စေရန် ညွှန်ကြားသည့် အမိန့်တစ်ရပ် နှင့်

(၄) အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန် နှင့် တရားရုံးသို့ အစီရင်ခံတင်ပြစေရန် လွတ်လပ်သောပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထားသည့်အမိန့်တစ်ရပ် -

(ကက) ကုမ္ပဏီ၏ ငွေရေးကြေးရေးကိစ္စရပ်များ၊ သို့မဟုတ်

(ခခ) တရားစွဲဆိုသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်လာရသည့် အချက်အလက်များ သို့မဟုတ် အခြေအနေများ၊ သို့မဟုတ်

(ဂဂ) တရားစွဲဆိုမှုတွင် ပါဝင်လျက်ရှိကြသော အမှုသည်များနှင့် ခွင့်ပြုချက် ရရှိသောသူတို့က တရားစွဲဆိုမှုတွင် ကုန်ကျခဲ့သည့် စရိတ်များ။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ် (၄) အရ တရားရုံးက ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သည် ကုမ္ပဏီသို့ သင့်လျော်သည့်အကြောင်းကြားမှု ပြုလုပ်၍ ၎င်းအားခန့်အပ်မှုနှင့် သက်ဆိုင် သော လုပ်ငန်းများအတွက် ကုမ္ပဏီ၏ စာရင်း စာအုပ်များကို စစ်ဆေးခွင့် ရှိသည်။

(ဂ) တရားရုံးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၄) အရပုဂ္ဂိုလ်တစ်ဦးဦးအားခန့်အပ်ခဲ့လျှင် -

(၁) တရားရုံးသည် ထိုသို့ ခန့်အပ်ထားခြင်းခံရသူအတွက် အခကြေးငွေနှင့် ကုန်ကျ စရိတ်များကို မည်သူက ကျခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အမိန့်တစ်ရပ်ကို လည်း ချမှတ်ရမည်၊

(၂) တရားရုံးသည် အဆိုပါအမိန့်ကို မည်သည့်အချိန်တွင်မဆို ပြောင်းလဲနိုင်သည်၊

(၃) အဆိုပါအမိန့်အရ သို့မဟုတ် ထိုသို့ပြောင်းလဲထားသော အမိန့်အရ ပြုလုပ်ဆောင်ရွက်ရန် တာဝန်ရှိသောပုဂ္ဂိုလ်များမှာ အောက်ပါပုဂ္ဂိုလ်များ ဖြစ်သည်-

(ကက) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုတွင် အမှုသည်အဖြစ်ပါဝင်သူ အားလုံး သို့မဟုတ် အမှုသည်တစ်ဦးဦး နှင့်

(ခခ) ကုမ္ပဏီ။ ၎င်းပြင်

(၄) အဆိုပါအမိန့် သို့မဟုတ် ထိုသို့ပြောင်းလဲထားသော အမိန့်တွင် သက်ဆိုင်သူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများအား တာဝန်ရှိကြောင်း ဖော်ပြထား လျှင် ထိုအမိန့်တွင် ထိုသို့ သက်ဆိုင်သူတစ်ဦးစီ၏ တာဝန်ရှိမှုအခြေအနေနှင့် အတိုင်းအတာ ပမာဏကိုလည်း ဆုံးဖြတ်ပေးနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်များသည် ကုန်ကျစရိတ်နှင့်စပ်လျဥ်းသည့် တရားရုံး၏ လုပ်ပိုင်ခွင့်များကို ထိခိုက်စေခြင်း မရှိစေရ။

**၂၀၁။ ကုန်ကျစရိတ်ဆိုင်ရာ အမိန့်များကို ချမှတ်နိုင်သည့် တရားရုံး၏အခွင့်အာဏာ**

တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့် စပ်လျဥ်း၍ လည်းကောင်း၊ အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက် အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဥ်း၍ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သော အောက်ပါပုဂ္ဂိုလ်များ၏ ကုန်ကျ စရိတ်များမှာ သင့်လျော်သည်ဟု ယူဆလျှင် မည်သည့်အချိန်တွင်မဆို အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူ၊

(ခ) ကုမ္ပဏီ နှင့်

(ဂ) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုများတွင် ပါဝင်သောအခြားအမှုသည် တစ်ဦးဦး။

ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ချမှတ်သည့်အမိန့်တစ်ရပ်ရပ်သည် ကုန်ကျစရိတ်များကို ပေးချေရန် တာဝန်ချမှတ်နိုင်သည်။

**အခန်း (၂၀) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများက အစုရှယ်ယာရောင်းချရန် ကမ်းလှမ်းမှုများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ**

**ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus)**

**၂၀၂။ ဤအခန်းပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)မှအပ ဤအခန်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များသည် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီများနှင့် ယင်းတို့၏ အစုရှယ်ယာများ သို့မဟုတ် အခြား ငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းခြင်းများနှင့် သက်ဆိုင်စေရမည်။ ဤပြဋ္ဌာန်းချက်များအား ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက် များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည့်အပြင် အဆိုပါ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှအပ အခြားကုမ္ပဏီအမျိုးအစားများသည် ၎င်းတို့၏ အစုရှယ်ယာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူ

သို့ ရောင်းချရန်အတွက် ကမ်းလှမ်းခြင်း၊ သို့မဟုတ် အများပြည်သူသို့ ရောင်းချရန် အတွက် ကမ်းလှမ်းရန် ရည်ရွယ်လျက် ကုမ္ပဏီ၏ ငွေချေး သက်သေခံ လက်မှတ်များ ကို ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူညီခြင်း တို့ကို မပြုလုပ်ရ။

**၂၀၃။ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား တင်ပြခြင်း**

(က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ၊ အဆိုပြုကုမ္ပဏီဖြစ်စေ ထုတ်ဝေသည့် သို့မဟုတ် ယင်းကုမ္ပဏီနှင့် စပ်လျဉ်းသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အားလုံးတွင် ရက်စွဲပါရှိရမည်ဖြစ်ပြီး အဆိုပါရက်စွဲသည် ဆန့်ကျင် ကွဲလွဲမှု တစ်စုံတစ်ရာ မရှိခဲ့လျှင် ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့် ရက်စွဲအဖြစ် သတ်မှတ်ရမည်။

(ခ) ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာအဖြစ် အမည်စာရင်းပါရှိသူအားလုံး သို့မဟုတ် ၎င်းတို့မှ စာဖြင့် ရေးသား၍ အခွင့်အာဏာအပ်နှင်း ခြင်းခံရသည့် ၎င်းတို့၏ ကိုယ်စားလှယ်များမှ လက်မှတ်ရေးထိုးထားသော ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) အားလုံး၏ မိတ္တူတစ်စောင်ကို ယင်းအား ထုတ်ဝေသည့်နေ့ရက်တွင် ဖြစ်စေ၊ ယင်းနေ့ မတိုင်မီတွင် ဖြစ်စေ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် မှတ်ပုံတင် အရာရှိထံသို့ တင်ပြဆောင်ရွက် ရမည်။ အဆိုပါ ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) ၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင် အရာရှိထံ တင်ပြဆောင်ရွက်ခြင်း မရှိသေးလျှင် ထိုကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) ကို ထုတ်ဝေခြင်း မပြုရ။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်သော ရက်စွဲဖော်ပြခြင်း၊ လက်မှတ်ရေးထိုးခြင်းများ မပါရှိသည့် ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) တစ်ခုခုကို မှတ်ပုံတင်ပေးခြင်း မပြုရ။

(ဃ) ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) အားလုံး၏ မျက်နှာဖုံး စာမျက်နှာ အပေါ်တွင် ဤ ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus)၏ မိတ္တူတစ်စောင် ကို ဤပုဒ်မတွင် ဖော်ပြပါရှိသည့် လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင် ဆောင်ရွက် နိုင်ရေး အတွက် တင်ပြပြီး ဖြစ်ကြောင်း ဖော်ပြရမည်။

**၂၀၄။** ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) ၏ မိတ္တူကို ပုဒ်မ ၂၀၃ ပါအတိုင်း တင်ပြ ဆောင်ရွက်ခြင်းမပြုဘဲ အဆိုပါကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေ ခဲ့လျှင် ကုမ္ပဏီနှင့် ယင်းအားထုတ်ဝေရာတွင် သိလျက်ဖြင့် ပါဝင်ခဲ့သူများ တစ်ဦးဦးစီသည် ပြစ်ဒဏ် ပမာဏ (၂၀၀) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်စေရမည်။

**၂၀၅။ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus)တွင် သီးခြားဖော်ပြရန် လိုအပ်သည့် အချက်အလက်များ**

(က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားကဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းခြင်းနှင့် ပတ်သက်သောသူကဖြစ်စေ၊ ယင်း၏ ကိုယ်စားကဖြစ်စေ ထုတ်ဝေသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်တွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အကြောင်းအရာများ၊ မူလအစု ရှယ်ယာရှင်များ၏ အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသားနှင့်

နေရပ်လိပ်စာများ၊ ၎င်းတို့တစ်ဦးချင်းစီ ထည့်ဝင်ထားသည့် အစုရှယ်ယာ အရေအတွက်များ၊ ကုမ္ပဏီအားစတင်တည်ထောင်သူများ ပိုင်ဆိုင်သည့် အစုရှယ်ယာ အရေအတွက်၊ ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အရာရှိများ ပိုင်ဆိုင်သည့် အစုရှယ်ယာ (management shares) အရေအတွက် သို့မဟုတ် ကုမ္ပဏီ၏ အခြေပစ္စည်း များကို ရပိုင်ခွင့် ရွှေ့ဆိုင်းထားသော အစုရှယ်ယာ (Deferred shares) ရှိခဲ့လျှင် ယင်း၏ အရေအတွက်၊ ကုမ္ပဏီ၏ ပစ္စည်းများနှင့် အကျိုးအမြတ်များတွင် ပိုင်ဆိုင်သူများ၏ အကျိုးခံစားခွင့် အခြေအနေနှင့် အတိုင်းအတာပမာဏ၊ ထုတ်ဝေရန် နေ့ရက် သတ်မှတ်ထားသည့် ပြန်လည် ရွေးနုတ်ယူနိုင်သော ဦးစားပေး အစုရှယ်ယာ အရေအတွက်နှင့် ထုတ်ဝေရန် သတ်မှတ်ထားသည့် နေ့ရက် သို့မဟုတ် အဆိုပါ နေ့ရက် သတ်မှတ်ထားခြင်း မရှိပါက အကြောင်း ကြားစာ ပေးပို့ရမည့် ကာလနှင့် ပြန်လည် ရွေးနုတ်ယူခြင်းအတွက် လိုက်နာ ဆောင်ရွက်ရမည့် နည်းလမ်းများ၊

(၂) ဒါရိုက်တာတစ်ဦးတွင် ရှိရမည့်သတ်မှတ်ချက်တစ်ရပ်အဖြစ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားရှိခဲ့ပါက အစုရှယ်ယာအရေ အတွက်၊ ဒါရိုက်တာများ၏ အခကြေးငွေနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း တွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များ၊

(၃) ဒါရိုက်တာများ၊ အဆိုပြုထားသော ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် အဆိုပြုထားသော အရာရှိများ၏ အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသား နှင့် နေရပ်လိပ်စာများ၊ အရာရှိများအား ခန့်အပ်မှုနှင့် ၎င်းတို့အား ပေးချေရမည့် အခကြေးငွေများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များ၊

(၄) ဒါရိုက်တာများက အစုရှယ်ယာများ ခွဲဝေသတ်မှတ်နိုင်ရန်အတွက် ထည့်ဝင်ရ မည့်အနည်းဆုံးအစုရှယ်ယာပမာဏ၊အစုရှယ်ယာတစ်ခုစီအတွက်လျှောက်ထား မှု၊ ခွဲဝေမှုများနှင့် စပ်လျဉ်း၍ ပေးချေရမည့် ငွေပမာဏ၊ ဒုတိယအကြိမ် သို့မဟုတ် ယင်းနောက်ပိုင်းတွင် အစုရှယ်ယာများ ကမ်းလှမ်းရောင်းချသည့် အခါ လွန်ခဲ့သည့် (၂)နှစ်အတွင်း ပြုလုပ်ခဲ့သော ခွဲဝေ သတ်မှတ်မှုနှင့် စပ်လျဉ်း၍ ကမ်းလှမ်းသည့် အစုရှယ်ယာနှင့် ငွေကြေးပမာဏ၊ အမှန်တကယ် ခွဲဝေ သတ်မှတ်ထားသည့် အစုရှယ်ယာ ပမာဏ၊ ထိုသို့ခွဲဝေသတ်မှတ် ထားသည့် အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ပေးချေထားသည့် ငွေပမာဏ၊

(၅) လွန်ခဲ့သည့် (၂)နှစ်အတွင်း ထုတ်ဝေခဲ့သည့် သို့မဟုတ် ထုတ်ဝေရန် သဘော တူထားသည့် ငွေသားဖြင့် သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော် လည်းကောင်း ပေးချေထားသည့် အစုရှယ်ယာများ၊ ဒီဘင်ချာများ နှင့် အခြား ငွေချေး သက်သေခံ လက်မှတ်များ၏ အရေအတွက်နှင့် တန်ဖိုးပမာဏ၊ တစ်စိတ် တစ်ဒေသသာ ပေးချေထားသည့် ကိစ္စရပ်တွင် ထိုသို့ပေးချေထား သည့် ပမာဏ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေထား သည့်

ကိစ္စရပ်တွင် ထုတ်ဝေထားသည့် သို့မဟုတ် ထုတ်ဝေရန် သဘောတူ ထားသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေး သက်သေခံ လက်မှတ်များ အတွက် အဖိုးစားနား သတ်မှတ်ချက်၊

(၆) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များအား ထုတ်ဝေခြင်းသည် အာမခံသူ (underwriter) ဖြင့် ဆောင်ရွက်ခြင်းဖြစ်လျှင် ထိုအာမခံသူများ၏ အမည်များ၊ အာမခံသူများသည် အာမခံထား သည့် တာဝန်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လုံလောက် သည့် အခြေအနေရှိကြောင်း ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်၊

(၇) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေးထည့်ဝင်ရန် ကမ်းလှမ်းမှု အကျိုးအမြတ်မှ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေထားသည့် ကုမ္ပဏီက ဝယ်ယူထားသော သို့မဟုတ် ရရှိထားသော၊ သို့မဟုတ်ဝယ်ယူရန် သို့မဟုတ်ရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ် အား ရောင်းချသူများ၏ အမည်များနှင့် နေရပ်လိပ်စာများ၊ ရောင်းချသူသို့ ထုတ်ပေးသည့် ငွေသားဖြင့် ပေးချေထားသည့် ပမာဏ၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ငွေချေး သက်သေခံ လက်မှတ်များ၊ ရောင်းချသူ တစ်ဦးထက် ပိုသည့် အခါတွင် ဖြစ်စေ၊ ကုမ္ပဏီသည် တစ်ဆင့်ခံ ဝယ်ယူသူ ဖြစ်သည့် အခါတွင်ဖြစ်စေ ရောင်းချသူ တစ်ဦးစီသို့ ပေးချေထားသည့် ပမာဏ၊ သို့ရာတွင် ရောင်းချသူများ သို့မဟုတ် ရောင်းချသူ တစ်ဦးဦးသည် လုပ်ငန်း စုတစ်ရပ်ဖြစ်ခဲ့လျှင်ထိုလုပ်ငန်းစုတွင်ပါဝင်သူများအားသီးခြားရောင်းချသူများ အဖြစ် သတ်မှတ်ခြင်း မပြုရ၊

(၈) အပိုဒ်(၇)တွင်ဖော်ပြပါရှိသည့်ပစ္စည်းတစ်ရပ်ရပ်အားကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ကို ထုတ်ဝေပြီးနောက် (၂) နှစ်အတွင်း ရောင်းချ ခြင်းဖြင့် လွှဲပြောင်းသည့်အခါတွင် အဆိုပါ လွှဲပြောင်းမှု တစ်ရပ်စီ၌ ဝယ်ယူသူ က ပေးချေသည့် ပမာဏ၊ အဆိုပါ ပစ္စည်းတစ်ရပ်ရပ်သည် စီးပွားရေးလုပ်ငန်း တစ်ရပ် ဖြစ်သည့် အခါတွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေပြီးနောက် တစ်ဆက်တည်း (၃) နှစ်အတွင်း နှစ်အလိုက် အဆိုပါ စီးပွားရေးလုပ်ငန်းမှ ရရှိသည့်အကျိုးအမြတ်များ၊သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုမှာ (၃)နှစ်အောက် နည်းသည့် ကာလ အတွက်သာ ရှိပါက လက်ရှိ ကာလ၏ နှစ်အလိုက်ရရှိသည့် အကျိုးအမြတ်များ၊ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus)နှင့်အတူ ပူးတွဲ ပါရှိရမည့် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း(Prospectus)ကိုထုတ်ဝေသည့်နေ့မှ ရက်ပေါင်း(၉၀) ထက် မများ

သည့် ကာလအတွင်း ပြုစုထားသော သက်ဆိုင်ရာစီးပွားရေး လုပ်ငန်း၏ လက်ကျန် ရှင်းတမ်း (balance sheet) တစ်စောင်၊

(၉) အထက်တွင် ဖော်ပြပါရှိသည့် ပစ္စည်းတစ်ရပ်ရပ်အတွက် ဝယ်ယူပေးချေသည့် ငွေအဖြစ်ပေးချေခဲ့သော သို့မဟုတ် ပေးချေမည်ဖြစ်သောငွေသား၊အစု ရှယ်ယာ များ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ်များ ရှိခဲ့လျှင် ယင်း၏ ပမာဏ ၊ ကုန်ရောင်း ကုန်ဝယ် နာမည်ကောင်း ဂုဏ်သတင်း (Goodwill) အတွက် ပေးချေမည် ဖြစ်သော ပမာဏ ရှိခဲ့လျှင် ယင်းပမာဏ၊

(၁၀) ကုမ္ပဏီ၏ အစုရှယ်ယာ၊ ဒီဘင်ချာ သို့မဟုတ် အခြား ငွေချေး သက်သေခံ

လက်မှတ်တစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူညီခြင်းအတွက်ဖြစ်စေ၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းအတွက်ဖြစ်စေ ပေးချေရသည့် ကော်မရှင်ခ အဖြစ်သော်လည်းကောင်း ထုတ်ဝေထားသော အစုရှယ်ယာများနှင့် စပ်လျဉ်း သည့် လျှော့ငွေ (Discount) အဖြစ်သော်လည်းကောင်း လွန်ခဲ့သည့် (၂) နှစ် အတွင်း ပေးချေခဲ့ လျှင် ယင်းပမာဏ သို့မဟုတ် ပေးချေရမည့် ပမာဏ၊

သို့ရာတွင် တစ်ဆင့်ခံ အာမခံသူ များထံသို့ ပေးချေရမည့် ကော်မရှင်ခများကို ဖော်ပြရန် မလို၊

(၁၁) ကနဦးကုန်ကျစရိတ်ပမာဏ သို့မဟုတ် ကနဦးခန့်မှန်းကုန်ကျငွေ ပမာဏ၊

(၁၂) ကမကထပြုသူ (promoter) သို့ လွန်ခဲ့သည့်(၂)နှစ်အတွင်း ပေးချေခဲ့သည့် ပမာဏ သို့မဟုတ် ပေးချေရန် သတ်မှတ်ထားသည့်ပမာဏ၊ ထိုသို့ ပေးချေမှု တစ်ရပ်ရပ် အတွက် အဖိုးစားနားသတ်မှတ်ချက်၊

(၁၃) အပိုဒ် (၇) နှင့်သက်ဆိုင်သော ပစ္စည်းများ ရရှိရေးနှင့် စပ်လျဉ်းသည့် ပဋိညာဉ် စာချုပ်များ အပါအဝင် အရေးကြီးသော ပဋိညာဉ်စာချုပ်အားလုံးကို ချုပ်ဆိုသည့် နေ့ရက်များနှင့် ထိုစာချုပ်များတွင် ပါဝင်သူများ၊ အရေးကြီးသော ပဋိညာဉ် စာချုပ်များ သို့မဟုတ် ယင်းတို့၏မိတ္တူများကို စစ်ဆေး ကြည့်ရှုနိုင်မည့် အချိန်နှင့် နေရာ၊

သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် သို့မဟုတ် ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် သာမန်ကိစ္စရပ်များ အတွက် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့် နေ့ရက်မတိုင်မီ (၂) နှစ်ထက် ပိုသော ကာလအတွင်း ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် နှင့် သက်ဆိုင်ခြင်း မရှိစေရ၊

(၁၄) ကုမ္ပဏီ၏ စာရင်းစစ်များ ရှိခဲ့ပါက ၎င်းတို့၏ အမည်များနှင့် နေရပ်လိပ်စာများ၊

(၁၅) ကုမ္ပဏီကို မြှင့်တင်ရာတွင်ဖြစ်စေ၊ ကုမ္ပဏီက ရယူရန် အဆိုပြုထားသော ပစ္စည်း တစ်ရပ်ရပ်တွင်ဖြစ်စေ ပါဝင်သော ဒါရိုက်တာအားလုံး၏ အကျိုးခံစားခွင့် ရှိခဲ့လျှင် ယင်းအခြေအနေနှင့် အတိုင်းအတာ ပမာဏတို့၏ ဖော်ပြချက် အပြည့်အစုံ သို့မဟုတ် အဆိုပါဒါရိုက်တာ၏ အကျိုးခံစားခွင့်သည် လုပ်ငန်းစု တစ်ခု၏ ဖက်စပ် လုပ်ကိုင်သူ အဖြစ် ပါရှိခြင်းဖြစ်ခဲ့လျှင် အဆိုပါ လုပ်ငန်းစု၏ အကျိုးခံစားခွင့် အခြေအနေနှင့် အတိုင်းအတာ ပမာဏ၊ ပုဂ္ဂိုလ်တစ်ဦးဦးက ဒါရိုက်တာဖြစ်မည့်သူ သို့မဟုတ် ဒါရိုက်တာ ဖြစ်ရန် အရည်အချင်း ပြည့်ဝသူသို့ ဖြစ်စေ၊ ကုမ္ပဏီကို မြှင့်တင်ခြင်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းတို့ နှင့် စပ်လျဉ်း၍ ယင်းက သို့မဟုတ် လုပ်ငန်းစုက ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများ အတွက် ဖြစ်စေ ၎င်းတို့ကို သော်လည်းကောင်း၊ လုပ်ငန်းစုကို သော်လည်းကောင်း ငွေသားဖြင့် ဖြစ်စေ၊ အစုရှယ်ယာအား ဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ် ဖြင့်ဖြစ်စေ ပေးချေခဲ့သော သို့မဟုတ် ပေးချေရန် သဘောတူညီခဲ့သော ပမာဏ အားလုံး ပါရှိသည့် ရှင်းလင်း ဖော်ပြချက်၊

(၁၆) ကုမ္ပဏီသည် အစုရှယ်ယာအမျိုးအစားတစ်ရပ်ထက် ပိုမိုပါရှိပါက ကုမ္ပဏီ၏ အစည်းအဝေးများတွင် မဲပေးနိုင်သည့် အခွင့်အရေး၊ အစုရှယ်ယာ အမျိုးအစား အသီးသီးတွင် ဆက်စပ်ပါရှိသော မတည်ငွေရင်းနှင့် အမြတ်ဝေစုဆိုင်ရာ အခွင့်အရေးများ နှင့်

(၁၇) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်၊ ဆွေးနွေးပြောဆိုခွင့် သို့မဟုတ် မဲပေးခွင့်များနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ၊ အစုရှယ်ယာလွှဲပြောင်းခွင့်နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ၊ သို့မဟုတ် ဒါရိုက်တာများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များအပေါ် ကန့်သတ်ချက်များရှိခဲ့လျှင် ထိုကန့်သတ်ချက်များ၏ အခြေအနေနှင့် အတိုင်းအတာ ပမာဏ။

(ခ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ထုတ်ဝေခြင်း မပြုမီကပင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီက ထုတ်ဝေသည့် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ဖြစ်ခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ၌ ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအပြင် အောက်ပါ အစီရင်ခံစာများကိုလည်း ထည့်သွင်း ဖော်ပြရမည် -

(၁) လက်အောက်ခံကုမ္ပဏီများ ရှိခဲ့လျှင် ယင်းကုမ္ပဏီများ အပါအဝင် ကုမ္ပဏီ၏ အကျိုးအမြတ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့်နေ့မှ လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၃)နှစ်အတွက် နှစ် အလိုက်ကုမ္ပဏီ၏ စာရင်းစစ်များက တင်ပြသည့် အစီရင်ခံစာ၊ ယင်းအစီရင်ခံစာတွင် အဆိုပါ (၃) နှစ်ကာလ၏ နှစ်စဉ်ကာလတွင် ကုမ္ပဏီ၏ အစုရှယ်ယာ အမျိုးအစား တစ်ရပ် ချင်းအတွက် ကုမ္ပဏီက ပေးချေခဲ့သည့် အမြတ်ဝေစုနှုန်း ထားများ ရှိခဲ့လျှင် ယင်းတို့ကို ဖော်ပြရမည့်အပြင် အမြတ်ဝေစုများ ခွဲဝေပေးခဲ့ သည့် အစုရှယ်ယာ အမျိုးအစား တစ်ရပ်ချင်း၏ အကြောင်းအရာများ၊ အမြတ်ဝေစု ခွဲဝေပေး ခဲ့သည့် ငွေကြေး အရင်းအမြစ်များ၊ အဆိုပါနှစ်များတွင် အစုရှယ်ယာ အမျိုးအစား တစ်ရပ်ရပ်အပေါ် အမြတ်ဝေစု ခွဲဝေပေးခြင်း မပြုခဲ့လျှင် ထိုကိစ္စရပ်များနှင့်သက်ဆိုင်သောအချက်အလက်၊ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ထုတ်ဝေခြင်းမပြုမီ(၃)လ အလိုတွင် ကုန်ဆုံးသော (၃)နှစ် ကာလသက်တမ်း တစ်ရပ်အတွင်း ဘဏ္ဍာရေးစာရင်း ပြုလုပ်ဆောင်ရွက်ထားခြင်း မရှိပါက အဆိုပါ အချက်အလက် အကြောင်းအရာ များနှင့်

(၂) စီးပွားရေး လုပ်ငန်း တစ်ရပ်ရပ်ကို ဝယ်ယူ ဆောင်ရွက်ရာတွင် အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းမှ ရရှိသည့် အကျိုးအမြတ် သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသအား တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် အမည်စာရင်း ဖော်ပြပါရှိပြီး ပုဒ်မ ၂၇၉ တွင် သတ်မှတ် ထားသော အထောက်အထား လက်မှတ်ကို ရရှိထားသည့် စာရင်းကိုင် တစ်ဦးဦး သို့မဟုတ်

စာရင်းကိုင်များက ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးသည့်နေ့မတိုင်မီ ဘဏ္ဍာရေးနှစ် (၃)နှစ် အတွင်း နှစ်အလိုက် အဆိုပါစီးပွားရေး လုပ်ငန်းမှ ရရှိသည့် အကျိုးအမြတ်များ အပေါ် စစ်ဆေး ပြုစုထား သည့် အစီရင်ခံစာ၊

သို့ရာတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုမှာ (၃) နှစ်အောက် နည်းသည့် ကာလ အတွက်သာ ရှိသည့် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏စာရင်းကိုင်များသည် (၂)နှစ် သို့မဟုတ် ထိုထက်လျော့နည်းသော ကာလအတွက် သာလျှင် အစီရင်ခံစာ ပြုစုရ သည့်အခါ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် (၂) နှစ် သို့မဟုတ် ထိုထက် လျော့နည်းသော ကာလအတွက် ဖော်ပြထားသော ရည်ညွှန်းချက်များကို (၃)နှစ်ကာလအတွက် ဖော်ပြထားသော ရည်ညွှန်းချက် များအတွက် အစားထိုး ဆောင်ရွက်သကဲ့သို့ အကျိုး သက်ရောက်စေရမည်။

(ဂ) သက်ဆိုင်ရာဥပဒေအရ ကုမ္ပဏီတစ်ခု၏ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်၏ အကျိုး အမြတ်များ နှင့်စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က)၊ အပိုဒ် (၈)တွင် ပါရှိသည့် ဖော်ပြချက် များနှင့် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) တွင် ပါရှိသည့် အစီရင်ခံစာများတွင် ကုန်သွယ်လုပ်ကိုင်မှု ရလဒ်များ၊ ထိုသို့ ဆောင်ရွက်ရာတွင် ကုန်ကျသော အခကြေးငွေများနှင့် စရိတ်များ အားလုံးတို့ကို ရှင်းလင်းစွာ ဖော်ပြပါ ရှိစေရမည်ဖြစ်ပြီး သက်ဆိုင်ရာကာလအတွင်း ကုန်သွယ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းခြင်း မရှိသည့် ဝင်ငွေ သို့မဟုတ် အကျိုးအမြတ်များ၊ တစ်ကြိမ်သာရရှိသည့် အကျိုးအမြတ် သို့မဟုတ် ဝင်ငွေအမျိုးအစားများကို ဖော်ပြရန် မလို။ သို့ရာတွင် အခွန်ပေးဆောင်ခြင်း သို့မဟုတ် သီးသန့်ရန်ပုံငွေထားရှိခြင်း ကိစ္စရပ်များအတွက် အကျိုးအမြတ်များမှ သင့်လျော်သည့် ငွေပမာဏကို ထည့်သွင်း ဖော်ပြရမည်။

(ဃ) ပုဒ်မ ၂၁၅ ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် လိုအပ်သော ငွေပမာဏ၏ တစ်စိတ်တစ်ဒေသကို အစုရှယ်ယာမတည်ငွေရင်းမှအပ အခြား ငွေကြေး အရင်းအမြစ်တစ်ရပ်မှ ပေးအပ်ရလျှင် ထိုသို့ ပေးအပ်ရသည့် ငွေပမာဏနှင့် ငွေကြေး အရင်းအမြစ် တို့နှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ ပါရှိရမည်၊

(င) ဤပုဒ်မတွင် ဖော်ပြပါရှိသည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ် ကို သတင်းစာတွင် ထည့်သွင်းကြေညာခဲ့လျှင် ထိုကြေညာ၌ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း၏ အကြောင်းအရာများ၊ မူလအစုရှယ်ယာရှင်များ၊ ၎င်းတို့ ထည့်ဝင်ထားသည့် အစုရှယ်ယာအရေအတွက်များကို ထည့်သွင်း ဖော်ပြရန် လိုအပ်ခြင်း မရှိစေရ။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင် လက်ရှိ ပါဝင်နေသူများ သို့မဟုတ် ကုမ္ပဏီ၏ ဒီဘင်ချာများကို ပိုင်ဆိုင်ထားသူများသို့ အခြားသူတစ်ဦးဦး၏ အကျိုးငှာ စွန့်လွှတ်ခွင့် ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ကုမ္ပဏီ၏အစုရှယ်ယာများ သို့မဟုတ်၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေး ထည့်ဝင်ရန် ဖိတ်ခေါ်သည့် ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဆ) ဤပုဒ်မတွင် ဖော်ပြပါရှိသည့် ကနဦး ကုန်ကျစရိတ်ပမာဏ သို့မဟုတ် ခန့်မှန်း ကုန်ကျစရိတ် ပမာဏနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များသည် ကုမ္ပဏီ စီးပွားရေး

လုပ်ငန်းများကို စတင် ဆောင်ရွက်ခွင့် ရှိသည့်နေ့ရက်မှ တစ်နှစ်ထက် ပိုမိုသောကာလ တွင် ထုတ်ဝေသော ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ယင်း ပြဋ္ဌာန်းချက်များသည် ကနဦးကုန်ကျစရိတ်မာဂဏ သို့မဟုတ် ခန့်မှန်း ကုန်ကျစရိတ် ပမာဏနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များမှအပ အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီမှ ပြောင်းလဲလာသော ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) နှင့် သက်ဆိုင်စေရမည်။

(ဇ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ယေဘုယျဥပဒေ သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ပုဂ္ဂိုလ် တစ်ဦးဦးက ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် လျော့နည်း စေခြင်း မရှိစေရ။

**၂၀၆။ ငှားရမ်းခြင်းဖြင့် ရယူသည့် ပစ္စည်းများနှင့်စပ်လျဥ်းသည့်ကိစ္စရပ်တွင် ပုဒ်မ ၂၀၅ အား လိုက်နာ ဆောင်ရွက်ရခြင်း**

ကုမ္ပဏီက ရယူမည့် ပစ္စည်းတစ်စုံတစ်ရာကို ငှားရမ်းခြင်းဖြင့် ရရှိရန် ဆောင်ရွက်မည်ဆိုလျှင် ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များအား "ရောင်းချသူ" ဟူသည့် စကားရပ်တွင် အငှားချထားသူ (lessor) လည်း ပါဝင်သည်၊ "ပေးချေရမည့်ငွေ" (purchase-money) ဟူသည့်စကားရပ်တွင် ငှားရမ်းခြင်း အတွက် အဖိုးစားနား (consideration) လည်း ပါဝင်ခြင်း၊ "တစ်ဆင့်ဝယ်ယူသူ" ဟူသည့် စကားရပ်တွင် တစ်ဆင့် အငှားချထားခြင်းခံရသူ (sub-lessee) လည်း ပါဝင်သည်။

**၂၀၇။ စွန့်လွှတ်မှု သို့မဟုတ် အကြောင်းကြားမှုများနှင့် စပ်လျဥ်းသည့် အချို့သော စည်းကမ်းချက်များမှာ တရားဝင်အတည်မဖြစ်ခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်ထားသူ တစ်ဦးဦးအား ပုဒ်မ ၂၀၅ တွင် ပါရှိသည့် သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်၊ သို့မဟုတ် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင် သီးခြားဖော်ပြထားခြင်း မရှိသည့် ပဋိညာဥ်စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဥ်းသည်ဟု အကြောင်း ကြား၍ ၎င်းအပေါ်တွင် သက်ရောက်စေရန်အတွက် ရည်ရွယ်သည့် စည်းကမ်းချက် တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ခ) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များ အတွက် လျှောက်လွှာပုံစံတစ်ရပ်ကို ထုတ်ဝေရာတွင် အဆိုပါပုံစံသည် ပုဒ်မ ၂၀၅ တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသော ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) နှင့် အတူ ထုတ်ဝေထားခြင်း မရှိလျှင် ထိုလျှောက်လွှာပုံစံထုတ်ဝေမှုမှာ တရားဝင်ခြင်း မရှိစေရ။ သို့ရာတွင် လျှောက်လွှာပုံစံသည် အောက်ပါအခြေအနေများအရ ထုတ်ဝေခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရလျှင် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(၁) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများနှင့်စပ်လျဥ်း၍ အာမခံခြင်းဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုရန်အတွက် ပုဂ္ဂိုလ် တစ်ဦးဦးအား သဘောရိုးဖြင့် ဖိတ်ခေါ်ခြင်းနှင့် သက်ဆိုင်ခဲ့လျှင်၊ သို့မဟုတ်

(၂) အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း မပြုသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ နှင့် သက်ဆိုင်ခဲ့လျှင်။

၂၀၈။ မည်သူမဆို ပုဒ်မ ၂၀၇ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ပြုမူဆောင်ရွက်လျှင် ပြစ်ဒဏ် ပမာဏ (၂၀၀) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များကို ညီညွတ်ခြင်း မရှိသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့်အကြောင်းများ**

၂၀၉။ ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)တစ်ရပ်အား ထုတ်ဝေခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus)ဘအား ထုတ်ဝေရာ၌ သိလျက်ဖြင့် တာဝန်ယူဆောင်ရွက်သူ တစ်ဦးဦးစီသည် ပြစ်ဒဏ် ပမာဏ (၂၀၀) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၁၀။ ပုဒ်မ ၂၀၅ တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှု မရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus) အတွက် တာဝန်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါ အခြေအနေများ ကို သက်သေထင်ရှားတင်ပြနိုင်လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းများ ပြုလုပ်သည့် အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာ မရှိစေရ -

(က) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့် ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းအနေဖြင့် အသိအမှတ်ပြု လိုက်နာဆောင်ရွက်မှု မရှိခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ် တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်း ကြောင့် ဖြစ်ပေါ်လာရသော စည်းကမ်းချက်အား မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(ဂ) တရားရုံး၏ ယူဆချက်တွင် လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အရေးကြီးသောကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အကြောင်းအရာများ အားလုံးကို ထည့်သွင်းစဉ်းစားပြီး ကင်းလွတ်ခွင့်ပြုသင့်ကြောင်း တွေ့ရှိသည့်အခါတွင် ယင်းအတွက် အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။ သို့ရာတွင် ပုဒ်မ ၂၀၅ ပုဒ်မခွဲ(က) ၏ အပိုဒ် (၁၆) တွင် ပါရှိသော သတ်မှတ်ချက်များ အား လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက် ခြင်းပြုသည့် ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသည် ထုတ်ဖော် မပြောဆိုသည့် အချက်များကို သိရှိသည်ဟု သက်သေထင်ရှား မပေါ်ပေါက်လျှင် ဖော်ပြ ပါ လိုက်နာ ဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခြင်း များနှင့် စပ်လျဉ်း၍ တာဝန်တစ်စုံတစ်ရာ မရှိစေရ။

၂၁၁။ **ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မရှိသည့် ကုမ္ပဏီများ၏ တာဝန်များ**

(က) ကုမ္ပဏီတစ်ခုသည် ယင်း၏ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ အလား အလာ ညွှန်းတမ်း (Prospectus) တစ်ခုကို ထုတ်ဝေခဲ့ခြင်းမရှိပါက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို ပထမအကြိမ် ခွဲဝေသတ်မှတ်ခြင်း မပြုမီတွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အဆိုပြု ထားသော ဒါရိုက်တာအဖြစ်၊ သို့မဟုတ် ၎င်း၏ စာဖြင့်ရေးသား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုး ထားသည့် ကုမ္ပဏီ၏

အလားအလာညွှန်းတမ်းကို ပြုစုမည့်အစား ရေးသားဖော်ပြချက် တစ်စောင် (Statement in lieu of Prospectus) ကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြ ထားသည့် ပုံစံနှင့် အချက်အလက်များအတိုင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြထား ရမည်။ ယင်းသို့ တင်ပြထားခြင်းမရှိပါက ယင်းကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ် ခြင်း မပြုရ။

(ခ) ဤပုဒ်မသည် ဤဥပဒေ၏ အခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို ကန့်သတ်ခြင်း မရှိစေဘဲ အကျိုးသက်ရောက်စေရမည်။

**၂၁၂။ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များကို ရောင်းချရန်အတွက် ကမ်းလှမ်းသည့် စာရွက်စာတမ်းများအား ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အဖြစ် မှတ်ယူရခြင်း**

(က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီ တစ်ခု သည် ယင်းကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေး သက်သေခံလက်မှတ်များ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အများ ပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းရန်ရည်ရွယ်ချက်ဖြင့်ကုမ္ပဏီ၏ အစုရှယ်ယာ များ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များကို ခွဲဝေသတ်မှတ်လျှင် သို့မဟုတ် ခွဲဝေ သတ်မှတ်ရန် သဘောတူညီ ခဲ့လျှင် အများ ပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းမှု ပြုလုပ်ခဲ့သည့် စာရွက်စာတမ်း တစ်ရပ်ရပ် ကို ကုမ္ပဏီက ထုတ်ဝေသော ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တစ်ရပ်အဖြစ် မှတ်ယူရမည်။ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ၏ အကြောင်းအရာများ၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိ သည့် ရေးသားဖော်ပြချက်များ၊ ပျက်ကွက်မှုများနှင့်စပ်လျဉ်းသည့် တာဝန်ရှိမှုများ၊ သို့မဟုတ် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) နှင့်စပ်လျဉ်း၍ အခြားကိစ္စရပ်များ အတွက် သတ်မှတ် ထားသည့် ဥပဒေ၊ နည်းဥပဒေများအားလုံးကို လိုက်နာဆောင်ရွက် ရမည်ဖြစ်သည့် အပြင် အများ ပြည်သူသို့ ထည့်ဝင်ကြေး ကမ်းလှမ်း သည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ အဖြစ်လည်းကောင်း၊ အစုရှယ်ယာများ သို့မဟုတ် ငွေချေး လက်မှတ်များနှင့် စပ်လျဉ်းသည့် ကမ်းလှမ်းမှုကို လက်ခံသူများအား အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်သူ များအဖြစ် လည်းကောင်း အကျိုးသက်ရောက် စေရမည်။ သို့ရာတွင် စာရွက်စာတမ်းတွင် ပါရှိသော မှားယွင်း ဖော်ပြမှုများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ယင်းတွင်ပါရှိသော အခြား အကြောင်းအရာ များအတွက်ဖြစ်စေ ကမ်းလှမ်းမှုပြုလုပ်ခဲ့သူ အားလုံး၏ တာဝန်ရှိမှုများ ကို ထိခိုက်စေခြင်း မရှိစေရ။

(ခ) ဤဥပဒေတွင် ဖော်ပြပါရှိသောကိစ္စရပ်များအတွက် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အောက်ပါ အကြောင်းအရာများ ပေါ်ပေါက်ကြောင်းတွေ့ရှိရပါက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် အတွက် ကမ်းလှမ်းရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏အစု ရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ်များကို ခွဲဝေ သတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန်အတွက် သဘောတူညီခြင်းကို ပြုလုပ်ခဲ့ ကြောင်း သက်သေ ထင်ရှားဖြစ်စေရမည် -

(၁) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များ သို့မဟုတ် ယင်းတို့အနက် တစ်ရပ်ရပ်ကို အများ ပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းမှု တစ်ရပ်အား ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူခြင်းကို ပြုလုပ်ဆောင်ရွက်ပြီးနောက် (၆)လ အတွင်း ကမ်းလှမ်းခဲ့ခြင်း၊ သို့မဟုတ်

(၂) ကမ်းလှမ်းမှုအား ပြုလုပ်သည့်နေ့ရက်တွင် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများသို့မဟုတ်အခြားငွေချေးသက်သေခံလက်မှတ်များအတွက်ကုမ္ပဏီ က ရရှိမည့် အဖိုးစားနားအားလုံးကို မရရှိသေးခြင်း။

(ဂ) ကမ်းလှမ်းမှုကို ပြုလုပ်ခဲ့သူတစ်ဦးဦး သို့မဟုတ် အားလုံးသည် ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာများ အဖြစ် အမည်စာရင်း ဖော်ပြထားသူများ ဖြစ်သကဲ့သို့ ပုဒ်မ ၂၀၉ နှင့် ၂၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။ ပုဒ်မ ၂၀၅ပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိရမည့် ယင်းပုဒ်မပါအကြောင်းအရာများအပြင် အောက်ပါတို့ကိုလည်း ထည့်သွင်း ဖော်ပြရန် လိုအပ်သည်ဟု သက်ရောက်စေရမည် -

(၁) ကမ်းလှမ်းမှုနှင့်သက်ဆိုင်သည့်အစုရှယ်ယာများသို့မဟုတ်ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ အတွက် ရရှိသော သို့မဟုတ် ရရှိမည် ဖြစ်သော အသားတင် အဖိုးစားနားပမာဏနှင့်

(၂) အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်ထားသော သို့မဟုတ် ခွဲဝေ သတ်မှတ်ရန်အတွက် ဆောင်ရွက်ထားသော ပဋိညာဉ်စာချုပ် အား စစ်ဆေးနိုင် မည့် နေရာနှင့် အချိန်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်သက်ဆိုင်သော ကမ်းလှမ်းမှုတစ်ရပ်ကို ပြုလုပ်သူသည် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ရပ်ဖြစ်ခဲ့ပါက အထက်ဖော်ပြပါ စာရွက်စာတမ်း အား ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစု၏ကိုယ်စား ကုမ္ပဏီ၏ဒါရိုက်တာအားလုံးကဖြစ်စေ၊ တစ်ဝက်အောက် မနည်းသော ဖက်စပ်လုပ်ကိုင်သူများကဖြစ်စေ လက်မှတ်ရေးထိုးခဲ့ လျှင် ယင်းကမ်းလှမ်းမှုသည် ပြည့်စုံမှုရှိပြီး အဆိုပါ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဖက်စပ် လုပ်ကိုင်သူတစ်ဦး ဦးသည် စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းထား သော ၎င်း၏ ကိုယ်စားလှယ်ဖြင့် လက်မှတ်ရေးထိုးဆောင်ရွက်နိုင်သည်။

**၂၁၃။ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစား ပြုလုပ်သည့် ရေးသားဖော်ပြချက်တွင် ပါရှိသော စည်းကမ်းချက် များကို ပြောင်းလဲပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်**

ကုမ္ပဏီတစ်ခုသည် အထွေထွေအစည်းအဝေးတွင် ပြုလုပ်သော အတည်ပြု ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစား ပြုလုပ်သည့် ရေးသားဖော်ပြချက်တွင် ပါရှိသော ပဋိညာဉ် စည်းကမ်းချက်များကို ပြောင်းလဲခြင်း မပြုလုပ်ရ။

**၂၁၄။ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိသော ဖော်ပြချက်များအတွက် တာဝန်ရှိခြင်း**

(က) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) သည် ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ်များ အတွက် ငွေကြေးထည့်ဝင်ရန် ပုဂ္ဂိုလ်တစ်ဦးဦးအားဖိတ်ခေါ်ထားခဲ့လျှင်ကုမ္ပဏီ၏ အလားအလာ

ညွှန်းတမ်း (Prospectus)ကို ထုတ်ဝေသည့် အချိန်က ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူများ အားလုံး၊ ၎င်းတို့၏ကိုယ်စား အခွင့်အာဏာ အပ်နှင်းခြင်း ခံရသူများ အားလုံး၊ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာအားလုံး၊ ချက်ချင်းသော် လည်းကောင်း၊ အချိန်ကာလ တစ်ရပ်တွင် သော်လည်းကောင်း ဒါရိုက်တာတစ်ဦး အဖြစ်ထားရှိရန် သဘောတူညီပြီး ဖြစ်သော ပုဂ္ဂိုလ်များအားလုံး၊ ကမကထပြုသူများ အားလုံးနှင့် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန် အခွင့်အာဏာ အပ်နှင်းခြင်း ခံရသူများ အားလုံးသည် အောက်ပါအကြောင်းများ ပေါ်ပေါက် ခြင်း မရှိခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အပေါ် ယုံကြည်၍ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ်များအတွက် ငွေကြေးထည့်ဝင်သူများအားလုံးသို့ အဆိုပါ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင်ဖြစ်စေ၊ ၎င်းတွင် ပါရှိသည့် အစီရင်ခံစာ သို့မဟုတ် မှတ်တမ်း တစ်ရပ်ရပ်တွင်ဖြစ်စေ၊ ၎င်းတွင်ပါရှိသော သို့မဟုတ် ၎င်းနှင့်အတူ ဖော်ပြထားသော ရည်ညွှန်းချက်များတွင်ဖြစ်စေ မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ရေးသားဖော်ပြချက်များကြောင့် ငွေကြေးထည့်ဝင်ကြသူ များအပေါ် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှု သို့မဟုတ်နစ်နာမှုများအတွက်လျော်ကြေးပေးရန် တာဝန်ရှိသည်

(၁) ကဝ္ပမ်းကျင်သူတစ်ဦးဦး၏ ခွင့်ပြုချက်အရ ပြုလုပ်ရန် ရေးသား ဖော်ပြချက် တစ်ရပ်ရပ် သို့မဟုတ် ဌာနမှ တရားဝင် ထုတ်ပြန်သည့် စာရွက်စာတမ်းများကို အထောက်အထား မပြဘဲ မှားယွင်းတင်ပြထားသည့် ရေးသားဖော်ပြချက် တစ်ရပ်ရပ် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များ အား ခွဲဝေ သတ်မှတ်သည့် အချိန်အထိ မှန်ကန်စွာ တင်ပြထားကြောင်း သို့မဟုတ် အချက်အလက်များသည် မှန်ကန်မှုရှိကြောင်း ယုံကြည်လောက်သော အခြေခံ အကြောင်းများရှိခြင်း၊ သို့မဟုတ်

(၂) ကျွမ်းကျင်သူတစ်ဦးဦး၏ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက် တစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုစု ထားသော သို့မဟုတ် ယင်းအချက်များ ပါဝင်သော ရေးသားဖော်ပြချက် တစ်ရပ်ရပ်တွင် ပါရှိသော မှားယွင်း တင်ပြထားသည့် သို့မဟုတ် မှန်ကန်မှု မရှိသည့် ဖော်ပြချက်များသည် မှန်ကန်စွာ တင်ပြထားခြင်း သို့မဟုတ် အစီရင် ခံစာ သို့မဟုတ် တန်ဖိုး သတ်မှတ်ချက် တစ်ရပ်ရပ်မှ မှန်ကန်စွာ မိတ္တူကူးယူခြင်း ဖြင့် သို့မဟုတ် ရွေးချယ် ထုတ်နုတ် ခြင်းဖြင့် ပြုလုပ်ထားခြင်း၊

သို့ရာတွင် ရေးသားဖော်ပြချက်၊ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ် ချက် တို့ကို ပြုလုပ်သည့် ကဝ္ပမ်းကျင်သူသည် ထိုသို့ ပြုလုပ်ဆောင်ရွက်ရန် အရည်အချင်း ပြည့်ဝသည်ဟုယုံကြည်လောက်သော အခြေခံအကြောင်းများ မရှိကြောင်းထင်ရှားပေါ်ပေါက်ခဲ့လျှင်ဒါရိုက်တာ၊ ဒါရိုက်တာအဖြစ် အမည်စာရင်း ရေးသွင်း ခံရသူ၊ ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေရန် ခွင့်ပြုသူတို့သည် အထက်တွင် ဖော်ပြပါရှိသည့် အတိုင်း လျော်ကြေးပေးရန် တာဝန် ရှိသည်။ သို့မဟုတ်

(၃) ဌာနဆိုင်ရာ တရားဝင်စာရွက်စာတမ်းတစ်ရပ်ရပ်မှ မိတ္တူကူးယူ ခြင်းဖြင့်

သို့မဟုတ် ရွေးချယ် ထုတ်နုတ်ခြင်းဖြင့် တရားဝင်ပုဂ္ဂိုလ် တစ်ဦးဦးက ပြုစုထားသော သို့မဟုတ် ယင်းအချက်များ ပါဝင်သော ရေးသားဖော်ပြချက် တစ်ရပ်ရပ်တွင်ပါရှိသော မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် မှန်ကန်စွာ တင်ပြထားခြင်း သို့မဟုတ် ဖော်ပြပါ စာရွက်စာတမ်းမှ မှန်ကန်စွာ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ် ထုတ်နုတ်ခြင်းဖြင့် ပြုလုပ်ထားခြင်း၊ သို့မဟုတ်

(၄) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုမီက ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီ ထားသည့် ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏သဘောဆန္ဒကို ရုပ်သိမ်းခဲ့ပြီး အဆိုပါ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ကို ၎င်း၏ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက် မပါရှိဘဲ ကုမ္ပဏီက ထုတ်ဝေခဲ့ခြင်း၊ သို့မဟုတ်

(၅) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်းအနေဖြင့် သိရှိခြင်း မရှိဘဲ သို့မဟုတ် ၎င်း၏ သဘောတူညီချက် မပါရှိဘဲ ထုတ်ဝေ ခဲ့ခြင်း၊ ထိုသို့ ထုတ်ဝေခြင်းကို သိရှိသည့်အချိန်တွင် ထိုသို့ထုတ်ဝေ ခဲ့ခြင်းသည် ၎င်းအနေဖြင့် သိရှိခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏ သဘော တူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့ခြင်း ဖြစ်ကြောင်း အများပြည်သူသို့ ထိုက်သင့်သည့် နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီး နောက် ယင်းအရ ခွဲဝေသတ်မှတ်မှုများ ပြုလုပ်ခြင်း မရှိမီကာလတွင် ၎င်းအနေဖြင့် အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ရေးသား ဖော်ပြချက်များသည် မှားယွင်း တင်ပြ ထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များ ဖြစ်ကြောင်း သိရှိခဲ့သဖြင့် ၎င်း၏ သဘောတူညီချက်ကို ရုပ်သိမ်း ခဲ့ခြင်း၊ ထိုသို့သော အကြောင်းနှင့် ရုပ်သိမ်းမှုကို အများပြည်သူသို့ ထိုက်သင့် သည့် နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း။

(ခ) ယခင်ဥပဒေ စတင်အာဏာတည်သည့်အချိန်က တည်ရှိခဲ့သော ကုမ္ပဏီ တစ်ခုက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ် များအား ထုတ်ဝေပြီး အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် ငွေကြေး ထည့်ဝင်ခြင်းဖြင့် မတည် ငွေရင်းများ ထပ်မံ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်အား ထုတ်ဝေလျှင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် ထိုသို့ ထုတ်ဝေရန် ခွင့်ပြုခြင်း မရှိလျှင် သို့မဟုတ် အဆိုပါ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus)အားအတည်ပြုခြင်းမရှိလျှင် အဆိုပါ ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) တွင် ပါရှိသည့် ဖော်ပြချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တာဝန် မရှိစေရ။

(ဂ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦး အဖြစ် ပုဂ္ဂိုလ်တစ်ဦး၏အမည် သို့မဟုတ် ဒါရိုက်တာ တစ်ဦးအဖြစ် ဆောင်ရွက်ရန် သဘောတူ ညီထားသည့် ပုဂ္ဂိုလ်တစ်ဦး၏ အမည်အား ဖော်ပြထားပြီး ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုမီ ထိုပုဂ္ဂိုလ်က ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီခြင်း မရှိလျှင် သို့မဟုတ် ၎င်း၏သဘော

တူညီချက်အား ရုပ်သိမ်းလျှင်၊ ထို ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား အထက်တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်များအား အသိပေးခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏ သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့သည့် ကိစ္စမှအပ ထိုကုမ္ပဏီ၏ ဒါရိုက်တာ၊ ထိုသို့ ထုတ်ဝေရန် ခွင့်ပြုခဲ့သူများသည် ယင်းပုဂ္ဂိုလ်များသို့ ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) တွင် ၎င်းတို့၏ အမည်အား ထည့်သွင်း ဖော်ပြမှုကြောင့် ၎င်းတို့ အပေါ်တွင် ကျရောက်လာသည့် တာဝန်ရှိမှုများ အတွက်သော်လည်းကောင်း၊ အဆိုပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၎င်းတို့ အပေါ် စွဲဆိုသည့် ပြစ်မှု သို့မဟုတ် တရား စွဲဆိုဆောင်ရွက်မှု တစ်ရပ်ရပ်တွင် ခုခံချေပခြင်း အတွက်သော် လည်းကောင်း ၎င်းတို့၏ ထိခိုက်နစ်နာမှုနှင့် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန် တာဝန်ရှိ သည်။

(ဃ) ဒါရိုက်တာအဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်းခံ ရသူအဖြစ် လည်းကောင်း၊ ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီသူအဖြစ်လည်းကောင်း၊ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန် ခွင့်ပြုချက်ပေးသူ အဖြစ်လည်းကောင်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ငွေပေးချေရန် တာဝန်ရှိသူ အားလုံးသည် ထိုသို့ပေးချေရန် တာဝန်ရှိသူက လိမ်လည်လိုသော သဘောဖြင့် မှားယွင်း တင်ပြမှုအရ အပြစ်ရှိကြောင်း မပေါ်ပေါက်ဘဲ အခြားသူများက ထိုကိစ္စရပ် အတွက် အပြစ်ရှိကြောင်း ပေါ်ပေါက်ခဲ့လျှင် ပဋိညာဉ်စာချုပ်အရ ဆောင်ရွက်သည့် ကိစ္စရပ်များတွင် သီးခြားစီ တရားစွဲဆို ဆောင်ရွက်ပါက အလားတူငွေပေးချေရန် တာဝန်ရှိသော အခြားသူတစ်ဦးထံမှ ထည့်ဝင်ငွေများကို ရပိုင်ခွင့် ရှိသည်။

**ခွဲဝေသတ်မှတ်ခြင်း**

**၂၁၅။ ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်**

(က) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် အနည်းဆုံး အစုရှယ်ယာ မတည်ငွေရင်းပမာဏအဖြစ် ဖော်ပြထားသော ပမာဏသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) တွင် သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးချေရန် လိုအပ်သည့် ငွေပမာဏကို ဒါရိုက်တာများ၏ ထင်မြင်ချက်အရ စုစုပေါင်းငွေပမာဏ သို့မဟုတ် အဆိုပါငွေပမာဏတစ်စိတ်တစ်ဒေသကို ပေးချေသည့်အခါ ပေးချေရန် ကျန်ရှိသည့် ငွေပမာဏ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏ ကို ရှယ်ယာမတည်ငွေရင်းဖြင့် ခွဲဝေသတ်မှတ်ခြင်း မရှိခဲ့လျှင် အများပြည်သူမှ ငွေကြေး ထည့်ဝင်နိုင်ရန်အတွက် ကမ်းလှမ်းသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာမတည်ငွေရင်း တစ်ရပ်ရပ်ကို ခွဲဝေ သတ်မှတ်ခြင်း မပြုရ၊ ထို့အပြင် ထိုငွေပမာဏ၏ အနည်းဆုံး ၅% သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ရာခိုင်နှုန်းကို ကုမ္ပဏီ သို့ ငွေသားဖြင့် ပေးချေရမည် သို့မဟုတ် ကုမ္ပဏီက လက်ခံရယူရမည်။

(ခ) အောက်ပါကိစ္စရပ်များအတွက်အနည်းဆုံးအစုရှယ်ယာမတည်ငွေရင်းပမာဏကို ရရှိရန် ဒါရိုက်တာများက ပြုလုပ်ဆောင်ရွက်ရမည် -

(၁) ထုတ်ဝေခြင်းမှ ရရှိသော အကျိုးအမြတ်ဖြင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ အသုံးပြု၍ဝယ်ယူထားသည့် သို့မဟုတ် ဝယ်ယူမည့် ပစ္စည်း တစ်ရပ်ရပ်၏ ဈေးနှုန်းတန်ဖိုး၊

(၂) ကုမ္ပဏီက ပေးချေရမည့် ကနဦးကုန်ကျစရိတ်တစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏ အစုရှယ်ယာ တစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများ ပေးသွင်းရန်

သဘောတူညီ ခြင်း သို့မဟုတ် အစုရှယ်ယာတစ်ရပ်ရပ်ကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူညီခြင်းကြောင့် ထိုသူအား ပေးချေရမည့် ကော်မရှင်ခ တစ်ရပ်ရပ်၊

(၃) အထက်ပါ ကိစ္စရပ်တစ်ခုခု အတွက် ကုမ္ပဏီက ချေးယူထားသော ငွေတစ်ရပ်ရပ် ကို ပြန်လည်ပေးဆပ်ခြင်း နှင့်

(၄) စီးပွားရေးလုပ်ငန်း နေ့စဉ်ဆောင်ရွက်မှုတွင် အသုံးပြုသော မတည်ငွေရင်း (working capital)။

(ဂ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိသော ငွေပမာဏ အဖြစ်ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့်ငွေပမာဏအား ငွေသားဖြင့် ပေးချေရမည်ဖြစ်ပြီး အခြားနည်းတစ်ရပ်ရပ်ဖြင့် ပေးချေခြင်းမပြုဘဲ အပြည့်အဝ တွက်ချက်လက်ခံရမည့်အပြင် ဤဥပဒေတွင် အနည်းဆုံး ထည့်ဝင် ငွေကြေး အဖြစ် ဖော်ပြရမည်။

(ဃ) အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိသော ငွေကြေးအားလုံး ကို သတ်မှတ်စီစဉ်ထားသည့်ဘဏ်တစ်ခုခုတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(စ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ပေးအပ်သည့် အချိန်အထိ သို့မဟုတ် ပုဒ်မ ၂၁၈ အရ စီးပွားရေးလုပ်ငန်း စတင် ဆောင်ရွက်ခွင့် အထောက်အထား လက်မှတ် ရရှိသည့်အချိန်အထိ အပ်နှံ သိမ်းဆည်း ထားရှိရမည်။

(င) အစုရှယ်ယာတစ်ခုစီနှင့်စပ်လျဉ်းသည့်လျှောက်လွှာအရ ပေးချေရမည့် ငွေပမာဏသည် အစုရှယ်ယာတန်ဖိုးပမာဏ၏ ၅% အောက် လျော့နည်းခြင်း မရှိစေရ။

(စ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း (၁၈၀) ကျော်လွန်သည်အထိ အထက်တွင် ဖော်ပြပါရှိ သော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိလျှင် အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိထားသည့် ငွေကြေးများ အားလုံးကို အတိုးမပါရှိဘဲ ၎င်းတို့ထံ ပြန်လည် ပေးအပ်ရမည်။ အဆိုပါငွေကြေးများကို ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း (၁၉၀) အတွင်း ပြန်လည် ပေးချေ နိုင်ခြင်း မရှိခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများသည် ရက်ပေါင်း (၁၉၀) ပြည့်မြောက်သည့် နေ့မှ စတင် တွက်ချက်သော တစ်နှစ်လျှင် ပေးရမည့် သတ်မှတ်ဖော် ပြထားသည့် အတိုးနှင့်အတူ အဆိုပါငွေအား စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်း ဖြစ်စေ ပြန်လည် ပေးချေရမည်။ သို့ရာတွင် ငွေကြေးဆုံးရှုံးမှုသည် ဒါရိုက်တာတစ်ဦး၏ အကျင့်သိက္ခာ ပျက်ပြားခြင်း သို့မဟုတ် ပေါ့လျော့ခြင်းကြောင့် မဟုတ်ကြောင်း ထင်ရှားပေါ်ပေါက်ခဲ့ လျှင် ထိုဒါရိုက်တာအပေါ်တွင် တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဆ) အစုရှယ်ယာများအတွက် လျှောက်ထားသူတစ်ဦးဦးအား ဤပုဒ်မတွင် ပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ် သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက် တစ်ရပ်ရပ်သည် အကျိုး သက်ရောက်ခြင်း မရှိဘဲ ပျက်ပြယ်စေရမည်။

(ဇ) ဤပုဒ်မ၏ ပုဒ်မခွဲ(င) တွင်ပါရှိသည့်ပြဋ္ဌာန်းချက်များမှအပ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ သည် ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခဲ့သော အစုရှယ်ယာ များအား ပထမအကြိမ် ခွဲဝေသတ်မှတ်ပြီးနောက် ဆောင်ရွက်သော အစုရှယ်ယာများ ခွဲဝေ သတ်မှတ်ခြင်း တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၁၆။ ပုဒ်မ ၂၁၅ ပုဒ်မခွဲ(ဃ) ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်သည့် ကိစ္စရပ်များတွင် ကမကထပြုသူ၊ ဒါရိုက်တာ၊ သို့မဟုတ် ထိုသို့ဆန့်ကျင် ဆောင်ရွက်မှု အတွက် တာဝန်ရှိသူ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ(၂၀)ခုထက် မပိုသောဒဏ်ငွေကိုပေးဆောင်ရန် တာဝန်ရှိသည်။

**၂၁၇။ နည်းလမ်းမကျသော ခွဲဝေသတ်မှတ်ခြင်း၏ အကျိုးသက်ရောက်မှုများ**

(က) ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ကုမ္ပဏီတစ်ခုက ပြုလုပ်သည့် ခွဲဝေချထားမှု အပေါ် လျှောက်ထားသူ တစ်ဦးသည် ကုမ္ပဏီက ဥပဒေအရ လိုက်နာ ဆောင်ရွက်ရသော အစည်းအဝေး ကျင်းပပြီးသည့်နေ့ရက်မှ (၂၈) ရက်အတွင်း လျှောက်ထားပါက အဆိုပါ ခွဲဝေမှုသည် ပျက်ပြယ်စေရမည် သို့မဟုတ် ကုမ္ပဏီက ဥပဒေအရ လိုက်နာ ဆောင်ရွက် ရသော အစည်းအဝေးအား ကျင်းပရန် မလိုသည့်အခါ တွင် ခွဲဝေ သတ်မှတ်ခြင်း ပြုလုပ်သည့်နေ့မှ (၂၈)ရက်အတွင်း လျှောက်ထားပါက အဆိုပါခွဲဝေမှု သည် ပျက်ပြယ် စေရမည်။ ယင်းပျက်ပြယ်ခြင်းသည် ကုမ္ပဏီမှ စာရင်း ရှင်းလင်း ဖျက်သိမ်းရသည့် အကြောင်းကိစ္စ ဖြစ်စေကာမူ အကျိုးသက်ရောက် စေရမည်။

(ခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည် ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သိလျက်ဖြင့် ဆန့်ကျင်၍ ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ထိုသို့ဆန့်ကျင်၍ ဆောင်ရွက်မှုကို ခွင့်ပြုခဲ့လျှင် ကုမ္ပဏီနှင့် ခွဲဝေသတ်မှတ်ခြင်း ခံရသူများ အပေါ် ၎င်းတို့တွင် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်။ သို့ရာတွင် ခွဲဝေ သတ်မှတ်သည့်နေ့ရက်မှ (၂)နှစ် ကာလကျော်လွန်ပြီးနောက်တွင် အဆိုပါ ဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအား ပြန်လည်ရရှိရန်အတွက် တရားစွဲဆို

ဆောင်ရွက်ခြင်း မပြုရ။

**၂၁၈။ စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အောက်ပါ အချက်များ ပေါ်ပေါက်ခြင်းမရှိလျှင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို စတင် ဆောင်ရွက် ခြင်းမပြုရ သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံး ဆောင်ရွက်ခွင့် မရှိစေရ -

(၁) ငွေသားဖြင့် ပမာဏတစ်ရပ်လုံးအား ပေးချေရမည့် အစုရှယ်ယာများကို အနည်းဆုံး ထည့်ဝင်ငွေကြေးပမာဏထက် မလျော့နည်းသည့်ပမာဏ တစ်ရပ် သို့ခွဲဝေ သတ်မှတ်ခြင်း၊

(၂) ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးသည် ၎င်းတို့က ရယူမည်ဖြစ်သော သို့မဟုတ် ရယူမည်ဟု ပဋိညာဉ်ပြုလုပ်ထားသော အစုရှယ်ယာတစ်ရပ်စီအတွက် ငွေပေး ချေရာတွင် ၎င်းတို့က ငွေသားဖြင့်ပေးချေရန် တာဝန်ရှိပြီး အများပြည်သူက ငွေကြေး ထည့်ဝင်နိုင်ရန်အတွက် ခွဲဝေသတ်မှတ်ခြင်းများ အပေါ်ပေးချေရမည့် အချိုးအစား နှင့် တူညီသော အချိုးအစားအတွက် ပေးချေခဲ့ခြင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း(Prospectus) အား ထုတ်ဝေခြင်း မပြုသော ကုမ္ပဏီအတွက်မူ အစုရှယ်ယာများ နှင့် စပ်လျဉ်း၍ ငွေသားဖြင့် ပေးချေခြင်း၊

(၃) အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ထားကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံတွင် ဖြည့်သွင်းဖော်ပြလျက် အတွင်းရေးမှူးက ဖြစ်စေ၊ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ တရားဝင် အတည်ပြုထားသော

ကြေညာချက် တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ခြင်း နှင့်

(၄) ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် သို့မဟုတ် ကမ်းလှမ်းသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုသော ကုမ္ပဏီအတွက်မူ အဆိုပါ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း အစား ပြုစုထားသည့် ရေးသား ဖော်ပြချက် တစ်စောင် (Statement in lieu of Prospectus) ကို မှတ်ပုံတင် အရာရှိထံ တင်ပြပြီး ဖြစ်ခြင်း။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင် အတည်ပြုထားသော ကြေညာချက် တစ်စောင်ကို တင်ပြလာပါက မှတ်ပုံတင်အရာရှိအနေဖြင့် ကုမ္ပဏီသည် စီးပွားရေး လုပ်ငန်းကို စတင်လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိကြောင်း၊ အဆိုပါ အထောက် အထား သည် ကုမ္ပဏီက ထိုသို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ပြည့်စုံသော အထောက် အထား ဖြစ်ကြောင်း ထောက်ခံအတည်ပြုရမည်။

သို့ရာတွင် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုသော ကုမ္ပဏီအတွက်မူ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း အစား ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ် (Statement in lieu of Prospectus) ကို မှတ်ပုံတင် အရာရှိထံ တင်ပြလာခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါအထောက်အထား ကို ထုတ်ပေးခြင်း မပြုရ။

(ဂ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ငွေကြေးထည့်ဝင်ရန် အတွက် တစ်ပြိုင်နက်တည်း ကမ်းလှမ်းချက်ကိုဖြစ်စေ၊ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ် ခြင်း ကိုဖြစ်စေ၊ ဒီဘင်ချာများသို့မဟုတ်အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားခြင်း အပေါ် ပေးချေရသောငွေကြေး တစ်ရပ်ရပ်အား လက်ခံခြင်း ကိုဖြစ်စေ တားမြစ် ထားခြင်း မရှိစေရ။

၂၁၉။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ စီးပွားရေး လုပ်ငန်းအား စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ချေးငွေရယူ ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခဲ့လျှင် ထိုသို့ ဆန့်ကျင်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတစ်ဦးဦးစီသည် အခြားသော တာဝန်ရှိမှုများကို မထိခိုက်စေဘဲ ပြစ်ဒဏ်ပမာဏ (၂၀)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**ကော်မရှင်ခများနှင့် လျှော့ငွေများ**

**၂၂၀။ အချို့သော ကော်မရှင်ခများ ပေးချေရန် အခွင့်အာဏာ နှင့် အခြားသော ကော်မရှင်ခများ၊ လျှော့ငွေများ စသည်တို့ကို ပေးချေခြင်းမှ တားမြစ်ချက်များ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကော်မရှင်ခ ပေးခြင်းကို ခွင့်ပြုထားပြီး ပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ကော်မရှင်ခသည် ထိုသို့ ခွင့်ပြုထားသော ပမာဏ သို့မဟုတ် နှုန်းထားထက် ကျော်လွန်ခြင်း မရှိလျှင်၊ ပေးချေ မည့် သို့မဟုတ် ပေးချေရန် သဘောတူညီ ထားသည့် ကော်မရှင်ခ၏ ပမာဏနှင့် နှုန်းထား ရာခိုင်နှုန်းတို့သည် အောက်ပါအတိုင်းဖြစ်ခဲ့လျှင် ကုမ္ပဏီ၏ အစုရှယ်ယာ တစ်ရပ်ရပ် အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ်ငွေကြေးထည့်ဝင်ရန် သဘောတူညီခြင်းအတွက်သော်လည်းကောင်း၊ ဝယ်ယူ ခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းအတွက်သော်လည်းကောင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ကုမ္ပဏီကထိုသူသို့ ကော်မရှင်ခ ပေးချေခြင်းသည်

အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာလျက် ဥပဒေနှင့် ညီညွတ်သည်-

(၁) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ထုတ်ဖော်ရေးသားထားခြင်း၊ သို့မဟုတ်

(၂) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခြင်း မပြုသည့် အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း အစား ပြုစုထားသည့် ရေးသား ဖော်ပြချက် (Statement in lieu of prospectus)ကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လက်မှတ်ရေးထိုး ထုတ်ဖော်ရေးသားထားခြင်း၊ ယင်းတို့အား မှတ်ပုံတင် အရာရှိထံသို့ တင်ပြထားခြင်း၊ အစုရှယ်ယာများအတွက် ငွေကြေး ထည့်ဝင်ရန် ဖိတ်ခေါ်သော ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) မဟုတ်သော ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာအား ထုတ်ဝေခဲ့လျှင် အဆိုပါ ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာတွင်လည်း ထုတ်ဖော် ရေးသားထားခြင်း။

(ခ) အစုရှယ်ယာများ သို့မဟုတ် ငွေကြေးများကို ကုမ္ပဏီက ရယူမည့်ပစ္စည်း တစ်စုံတစ်ရာအတွက် ဝယ်ယူသည့်ငွေတွင်ဖြစ်စေ၊ ကုမ္ပဏီအတွက် ပြုလုပ်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ပဋိညာဉ်ပြုလုပ်ထားသည့်တန်ဖိုးတွင်ဖြစ်စေ ဖြည့်စွက် ခင်းဖြင့်သော်လည်းကောင်း၊ အနည်းငယ်မျှဖြစ်သော ဝယ်ယူသည့်ငွေ သို့မဟုတ် ပဋိညာဉ်ပြုလုပ်ထားသည့်တန်ဖိုးမှ ပေးချေခဲ့သည့်ငွေ သို့မဟုတ် အခြားကိစ္စ တစ်ရပ်ရပ်တွင်သော်လည်းကောင်း အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ကုမ္ပဏီ၏ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန်အတွက်သဘောတူညီခြင်း၊ သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့် ဖြစ်စေဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်သဘောတူညီခြင်းနှင့်စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၂၂၁ တွင်ပါရှိသော ပြဋ္ဌာန်းချက်များမှအပ ထိခိုက်ခြင်းမရှိစေဘဲ မည်သည့် ကုမ္ပဏီကမျှ ယင်း၏ အစုရှယ်ယာများ သို့မဟုတ် မတည်ငွေရင်း ငွေကြေးများကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံး စရိတ်တစ်ရပ်ရပ် အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ပေးချေခြင်းတွင် အသုံးပြုခွင့် မရှိရ။

## ၂၂၁။ တရားဝင် ငွေပေးချေမှုအပေါ် ကန့်သတ်မှုမရှိခြင်း

ကုမ္ပဏီက တိုက်ရိုက်ပြုလုပ်ခဲ့သော အဆိုပါငွေပေးချေမှုသည် ပုဒ်မ ၂၂၀ အရ တရားဝင် ဖြစ်သည်ဆိုလျှင် ယင်းပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီက ငွေပေးချေ ခြင်းကို တရားဝင် ရထိုက်သော ပွဲစားသို့ ငွေပေးချေနိုင်သည့် အခွင့်အာဏာအား ထိခိုက်စေခြင်း မရှိစေဘဲ ကုမ္ပဏီသို့ ပစ္စည်းရောင်းချသူ၊ ကုမ္ပဏီ၏ ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီထံမှ ငွေကြေး သို့မဟုတ် အစုရှယ်ယာများအား လက်ခံရရှိသူတစ်ဦးဦးသည် ကော်မရှင်ခ တစ်ရပ်ရပ်ပေးချေမှုတွင် ထိုသို့ လက်ခံရရှိသော ငွေကြေး သို့မဟုတ် အစုရှယ်ယာ၏ တစ်စိတ်တစ်ဒေသကို အမြဲ အသုံးပြုခွင့် ရရှိသည် သို့မဟုတ် အသုံးပြုခွင့်ရရှိသည်ဟု မှတ်ယူရမည်။

## ၂၂၂။ ကော်မရှင်ခများ၊ လျှော့ငွေများ နှင့်စပ်လျဉ်း၍ လက်ကျန်ရှင်းတမ်းတွင် ရေးသားဖော်ပြရခြင်း

အစုရှယ်ယာများ သို့မဟုတ် ပေးချေထားသည့် ငွေစုစုပေါင်း သို့မဟုတ် စာရင်းရှင်းလင်း ပယ်ဖျက်ရခြင်း မရှိသေးသည့်ငွေပမာဏတို့နှင့်စပ်လျဉ်း၍ ကုမ္ပဏီသည် ကော်မရှင်ခအနေဖြင့် ငွေပမာဏ တစ်ရပ်ရပ်ကို ပေးချေခဲ့လျှင် ၎င်းငွေပမာဏအားလုံးကို စာရင်းရှင်းလင်း ပယ်ဖျက်ပြီးသည်အထိ ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်း(balance sheet) အားလုံးတွင် ရေးသား ဖော်ပြရမည်။

## အခန်း (၂၁) နိုင်ငံတော်၏ ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်း များက ကမ်းလှမ်းသည့် အစုရှယ်ယာများ

**၂၂၃။ အစုရှယ်ယာများအား ရောင်းချရန်အတွက် ကမ်းလှမ်းခြင်းနှင့် ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များ**

(က) ပုဂ္ဂိုလ်တစ်ဦးဦးက အောက်ပါတို့ကို ပြုလုပ်ခြင်းသည် တရားဝင်ခြင်း မရှိစေရ -

(၁) ကော်ပိုရေးရှင်းတစ်ခုခုသည် ယင်း၏ စီးပွားရေးလုပ်ငန်းနေရာသည် နိုင်ငံတော် အတွင်း ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ သို့မဟုတ် ဖွဲ့စည်း တည်ထောင်ပြီး နောက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အောက်ပါတို့ကို ဆောင်ရွက်ထားခြင်း မရှိခဲ့လျှင် နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်း တည်ထောင် ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းမှုတစ်ရပ်ရပ် ပြုလုပ်ခြင်း၊ သို့မဟုတ် ကော်ပိုရေးရှင်းရှိ အစုရှယ်ယာများ သို့မဟုတ် ကော်ပိုရေးရှင်း၏ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ထုတ်ဝေခြင်းအတွက် ကမ်းလှမ်းသည့် ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊

(ကက) နိုင်ငံတော်အတွင်း ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) ကို ကမ်းလှမ်းခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်မီ စီမံအုပ်ချုပ်သော အဖွဲ့အစည်း ၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုထားသည့် အကြောင်း ကော်ပိုရေးရှင်း၏ အနည်းဆုံး ဒါရိုက်တာ နှစ်ဦးတို့က မှန်ကန်ကြောင်း လက်မှတ် ရေးထိုးထားသော ယင်း၏မိတ္တူ တစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင် အရာရှိထံသို့ ပေးပို့တင်ပြပြီး ဖြစ်ရမည်၊

(ခခ) အဆိုပါ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) မိတ္တူ၏ မျက်နှာဖုံး စာမျက်နှာအပေါ်တွင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အားထိုသို့ ပေးပို့ တင်ပြပြီး ဖြစ်ကြောင်း ဖော်ပြပြီး ဖြစ်ရမည်၊

(ဂဂ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ရက်စွဲ တပ်ထားပြီး ဖြစ်ရမည်၊ ၎င်းပြင်

(ဃဃ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)ကို ဤအခန်းပါ ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာဥပဒေများနှင့် အညီ လိုက်နာဆောင်ရွက်ထား ရမည်၊ သို့မဟုတ်

(၂) ဤအခန်းပါပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ထားသော ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) မပါရှိဘဲ နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်း တည်ထောင်ထား သည့် သို့မဟုတ် ဖွဲ့စည်း တည်ထောင်မည့် ကော်ပိုရေးရှင်း၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေး

သက်သေခံ လက်မှတ်များအတွက် လျှောက်လွှာပုံစံ တစ်စောင်ကို နိုင်ငံတော်အတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးဦး ထံသို့ ထုတ်ဝေခြင်း၊

သို့ရာတွင် လျှောက်လွှာပုံစံသည် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များနှင့် စပ်လျဉ်း၍ အာမခံသဘောတူ စာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုနိုင်ရေး အတွက် လူပုဂ္ဂိုလ် တစ်ဦးဦးကို သဘောရိုးဖြင့် ကမ်းလှမ်းဖိတ်ခေါ်ခြင်း တစ်ရပ်ရပ်နှင့် ပတ်သက်၍ ထုတ်ဝေခဲ့ကြောင်း ပေါ်ပေါက်ခဲ့လျှင် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များ အတွက် လျှောက်ထားသူတစ်ဦးဦးက အခြားပုဂ္ဂိုလ်တစ်ဦးဦး၏အကျိုးငှာ စွန့်လွှတ်ခွင့်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကော်ပိုရေးရှင်း တစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံတစ်ရပ်ကို ကော်ပိုရေးရှင်းတွင် လက်ရှိပါဝင်နေသူများ သို့မဟုတ် ဒီဘင်ချာ ပိုင်ဆိုင်ထားသူများထံသို့ ပေးပို့ခြင်းသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့သော် အထက်တွင် ဖော်ပြပါရှိသော်လည်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ယင်းနှင့် စပ်လျဉ်း၍ ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံ တစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်။

(ဂ) ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ အဓိပ္ပါယ်ဖော်ပြချက်အတွင်း ကုမ္ပဏီတစ်ခု ဖြစ်သည်ဟု သတ်မှတ်သကဲ့သို့ နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်း တည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းသည့် စာရွက်စာတမ်းတစ်ရပ်ရပ်အား ပုဒ်မ ၂၁၂ အရ ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)တစ်ရပ် ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဤပုဒ်မပါ ကိစ္စရပ်များအတွက်လည်း အဆိုပါ စာရွက်စာတမ်းကို ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း (Prospectus) တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းသည် ပုံမှန် စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သို့မဟုတ် ပုံမှန် စီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်နေသော ဦးစီး ဆောင်ရွက်သူ အဖြစ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေး သက်သေခံ လက်မှတ်များအတွက် ငွေကြေးထည့်ဝင်စေရန် သို့မဟုတ် ရောင်းချရန်အတွက် ပြုလုပ်သည့် ကမ်းလှမ်းချက်တစ်ရပ်ကို ဤပုဒ်မပါ ကိစ္စရပ်များ အလို့ငှာ အများ ပြည်သူသို့ ကမ်းလှမ်းခြင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(င) ပုဒ်မ ၂၂၃ မှ ပုဒ်မ ၂၂၇ အထိ ဖော်ပြပါရှိသော "ကော်ပိုရေးရှင်း၏ အလားအလာ

ညွှန်းတမ်း (Prospectus)" ၊ "အစုရှယ်ယာများ" ၊ "ဒီဘင်ချာများ" နှင့် "ငွေချေးသက်သေခံ လက်မှတ်များ" ၏ အဓိပ္ပါယ်ဖော်ပြချက်များသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတစ်ခုခုနှင့်စပ်လျဉ်း၍ သုံးစွဲသည့်အခါ အလားတူ အဓိပ္ပါယ် သက်ရောက်စေရမည်။

၂၂၄။ မည်သူမဆို ပုဒ်မ ၂၂၃ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သိလျက်ဖြင့် အများပြည်သူသို့ ကမ်းလှမ်းမှု ပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း ပြုခဲ့လျှင်၊ သို့မဟုတ် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်လွှာပုံစံ တစ်ရပ်ကို ထုတ်ဝေခဲ့လျှင် ပြစ်ဒဏ် ပမာဏ (၂၀၀) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၂၅။ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိရမည့် အချက်အလက်များ**

(က) ပုဒ်မ ၂၂၃ ပုဒ်မခွဲ(က)၏ အပိုဒ်(၁) အပိုဒ်ခွဲ (ခခ) နှင့် (ဂဂ) တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ရာ၌ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင်-

(၁) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါရှိစေရမည် -

(ကက) ကော်ပိုရေးရှင်း၏ လုပ်ငန်းရည်ရွယ်ချက်များ၊

(ခခ) ကော်ပိုရေးရှင်း၏ ဖွဲ့စည်းမှုဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအား သတ်မှတ်ဖော်ပြသည့် စာရွက်စာတမ်း၊

(ဂဂ) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်များ၊

(ဃဃ) အဆိုပါ စာရွက်စာတမ်း၊ ဥပဒေထုတ်ပြန်မှုများ သို့မဟုတ် ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ယင်းတို့၏မိတ္တူများ၊ ယင်းတို့အား နိုင်ငံခြားဘာသာ တစ်ခုခုဖြင့် ရေးသားထားလျှင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ် ထားသည့် မူရင်း မိတ္တူမှန်တို့ကို စစ်ဆေးကြည့်ရှုနိုင်မည့် နိုင်ငံတော် အတွင်းရှိ လိပ်စာ၊

(ငင) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် နေ့ရက်၊ နိုင်ငံ နှင့်

(စစ) ကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့်နေရာတစ်ခု ရှိ မရှိ၊ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ပြည်ပ ကော်ပိုရေးရှင်း တစ်ခု အဖြစ် မှတ်ပုံ တင်ထားခြင်း ရှိ မရှိ နှင့် အကယ်၍ ရှိခဲ့ပါက နိုင်ငံတော် အတွင်းရှိ အဓိက ရုံးခန်း လိပ်စာ၊

(၂) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဒ်မ ၂၀၅ ပုဒ်မခွဲ(ခ) တွင် သတ်မှတ်ပါရှိသော ကိစ္စရပ်များနှင့် အဆိုပါပုဒ်မတွင် ဖော်ပြပါရှိသည့် အစီရင်ခံစာများကို ဖော်ပြရမည်။ သို့ရာတွင် ပုဒ်မ ၂၀၅ တွင် ပါရှိသည့်အတိုင်း ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပါ ရည်ညွှန်း ဖော်ပြချက်တစ်ရပ်သည်

ကော်ပိုရေးရှင်း၏ ဖွဲ့စည်း ပုံအခြေခံစည်းမျဉ်းပါ ရည်ညွှန်းဖော်ပြချက် တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်ထားသူ တစ်ဦးဦးကို ဤအခန်းတွင် ပါရှိသည့် သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှု ရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်၊ သို့မဟုတ် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)တွင် သီးခြားဖော်ပြထားခြင်း မရှိသည့် ပဋိညာဉ် စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အကြောင်းကြားမှုကို ၎င်းအပေါ်တွင် သက်ရောက်စေရန် အတွက် ရည်ရွယ်သည့် စည်းကမ်းချက် တစ်ရပ်ရပ် သည် ပျက်ပြယ်သည်။

(ဂ) ဤအခန်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်း ပြုခဲ့လျှင် ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း Prospectus) အတွက် တာဝန်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါ အခြေအနေများကို သက်သေထင်ရှား တင်ပြနိုင်လျှင် သတ်မှတ်ချက်များ နှင့် ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းများ ပြုလုပ်သည့် အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာ မရှိစေရ -

(၁) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့် ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းအနေဖြင့် အသိအမှတ်ပြု လိုက်နာဆောင်ရွက်မှု မရှိခြင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ် တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်း ကြောင့် ဖြစ်ပေါ်လာရသော စည်းကမ်းချက်အား မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၃) တရားရုံး၏ ယူဆချက်တွင် လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အရေးကြီးသော ကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အမှု၏ အကြောင်းအရာများ အားလုံးကို ထည့်သွင်းစဉ်းစားပြီး ကင်းလွတ်ခွင့်ပြု သင့်ကြောင်း တွေ့ရှိသည့်အခါတွင် ယင်းအတွက် အရေးယူ ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

သို့ရာတွင် ပုဒ်မ ၂၀၅ ပုဒ်မခွဲ(က) ၏ အပိုဒ် (၁၆) တွင် ပါရှိသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက် ခြင်းပြုသည့် ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူ တစ်ဦးဦးသည် ထုတ်ဖော်မပြောဆိုသည့် အချက်များကို သိရှိသည်ဟု သက်သေထင်ရှား မပေါ်ပေါက်လျှင် ဖော်ပြပါ လိုက်နာ ဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခြင်းများနှင့် စပ်လျဉ်း၍ တာဝန်တစ်စုံ တစ်ရာ မရှိစေရ။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ယေဘုယျဥပဒေ တစ်ရပ်ရပ် သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်ပေးရမည့် တာဝန် ရှိမှု တစ်ရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် လျှော့နည်းစေခြင်း မရှိစေရ။

**၂၂၆။ အစုရှယ်ယာများကို ရောင်းချရန်အတွက် ပြုလုပ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ**

(က) နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်း တည်ထောင်ထားသည့် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားသက်သေခံ လက်မှတ်များကို အများပြည်သူက ငွေကြေး ထည့်ဝင်စေရန် အတွက်ဖြစ်စေ၊ ဝယ်ယူစေရန်အတွက်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးမှ အိမ်တိုင်ရာရောက် သွားရောက်ကမ်းလှမ်းခြင်း မပြုရ။

(ခ) ဤပုဒ်မတွင် ဖော်ပြပါရှိသော "အိမ်" ဟူသောစကားရပ်တွင် စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုနေသော ရုံးခန်း ပါဝင်ခြင်း မရှိစေရ။

၂၂၇။ မည်သူမဆို ပုဒ်မ ၂၂၆ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ဆောင်ရွက်ခဲ့လျှင် ပြစ်ဒဏ် ပမာဏ (၂၀၀)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**အခန်း (၂၂) ကုမ္ပဏီတစ်ခုက ပြုလုပ်နိုင်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges)**

**၂၂၈။ ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges) ပြုလုပ်နိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အခြား သက်ဆိုင်ရာဥပဒေများကို လိုက်နာဆောင်ရွက်ပြီး ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်ထားသည့် အခြားသော အခွင့်အာဏာများကို ကန့်သတ်ခြင်း မရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့် ပေါင်နှံခြင်းနှင့် ကြွေးမြီ တာဝန် တင်ရှိခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ခွင့် ရှိစေရမည်။ မှတ်ပုံတင် အရာရှိသည် ကုမ္ပဏီ သို့မဟုတ် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း အား လက်ခံသူ သို့မဟုတ် ၎င်းတို့ကိုယ်စားဆောင်ရွက်သူက ပုဒ်မ ၂၃၄ နှင့်အညီ တင်ပြလာသည့် အဆိုပါ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း တို့ကို မှတ်ပုံတင်ပေးရမည်။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လွှဲပြောင်းခြင်းအား ကန့်သတ်သည့်အက်ဥပဒေ သို့မဟုတ် အလားတူ အကျိုးသက်ရောက်မှုရှိသော အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များသည် ကန့်သတ်ထားခြင်း မရှိစေဘဲ ယင်းကိစ္စရပ်များသည် အဆိုပါပြဋ္ဌာန်းချက်များအား ချိုးဖောက်သည် ဟုလည်း မှတ်ယူခြင်း မပြုရ-

(၁) ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့် ပေါင်နှံခြင်းသို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း အား ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း အတွက် ပေးထားသော ပစ္စည်း တစ်စုံတစ်ရာ၏ တန်ဖိုးရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တို့အရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စား ဆောင်ရွက်သူက ဖြစ်စေ ကျင့်သုံးနိုင်သည့် အခွင့်အရေးအား ဆောင်ရွက်ခြင်း။

**ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) စသည်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ**

**၂၂၉။ မှတ်ပုံတင်ခြင်း မပြုလျှင် ပျက်ပြယ်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges)**

(က) ဤဥပဒေ စတင်အကျိုးသက်ရောက် ပြီးနောက် ကုမ္ပဏီတစ်ခုက ပြုလုပ်ခဲ့ သော

ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း အားလုံးသည် အောက်ပါ အမျိုးအစား တစ်ရပ်ရပ်ဖြစ်ခဲ့လျှင်-

(၁) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံချက်ရှိစေရန် ရည်ရွယ်၍ ပြုလုပ်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၂) ကုမ္ပဏီ၏ တောင်းခေါ်ခြင်းမပြုသေးသော အစုရှယ်ယာမတည်ငွေရင်းနှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၃) မည်သည့်နေရာတွင်မဆို တည်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း တစ်ရပ်ရပ် သို့မဟုတ် ထိုပစ္စည်းများတွင် ပါဝင်သည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်း တစ်ရပ်ရပ်၊

(၄) ကုမ္ပဏီတွင် သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) နှင့်စပ်လျဉ်း၍ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၅) စီးပွားရေးလုပ်ငန်း တွင် အသုံးပြုဆောင်ရွက်နေသည့် ပစ္စည်းများမှအပ ကုမ္ပဏီ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ချေးငွေနှင့် စပ်လျဉ်း၍ ပေးသည့်အာမခံချက် (pledge) မဟုတ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများ သို့မဟုတ် ပစ္စည်းများအပေါ် အပြောင်းအလဲ ရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge)၊

ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ ဖော်ပြချက်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံ နှင့် အတူ ယင်းတို့ ကိုပြုလုပ်သည့် သို့မဟုတ် သက်သေထင်ရှားစေသည့် စာရွက်စာတမ်းများအား အတည်ပြုထားသော မိတ္တူတစ်စောင်ကို ထိုသို့ ပြုလုပ်သည့်နေ့မှ (၂၈)ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်း မရှိလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် တာဝန်ယူမှုနှင့် စပ်လျဉ်းသည့် အာမခံချက် တစ်ရပ်ရပ်ကို ပေးအပ်ထားသည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိနှင့် ကုမ္ပဏီ၏ မြီရှင်တို့ အပေါ် ပျက်ပြယ်စေရမည်။ သို့သော် ထိုကိစ္စရပ်များတွင် အာမခံထားသည့် ငွေကြေးများကို ပြန်လည် ပေးဆပ်ရန်အတွက် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ် သို့မဟုတ် တာဝန် တစ်ရပ်ရပ် အား ထိခိုက်စေခြင်း မရှိစေဘဲ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းတို့သည်ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်သည့်အခါ ထိုကိစ္စရပ်များတွင် အာမခံထားသည့် ငွေကြေးများကို ချက်ချင်း ပေးချေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များတွင် အောက်ပါ ကိစ္စရပ်များသည်လည်း အကျိုးသက်ရောက်စေရမည်-

(၁) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်၏ ပြင်ပတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏ ပြင်ပတွင် တည်ရှိသော ပစ္စည်းသာလျှင် ပါဝင်သည့် ကိစ္စရပ်တွင် သက်ဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့် ဝီရိယဖြင့် ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံ ရရှိနိုင် သည့် နေ့မှ (၂၈) ရက် ကို ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်း တို့ကို ပြုလုပ်သည့် နေ့ရက် နောက်ပိုင်း (၂၈)ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို(၂၈)

ရက် ကာလအတွင်း အချက် အလက်များ၊ စာရွက်စာတမ်းများ သို့မဟုတ် မိတ္တူများကို မှတ်ပုံတင်အရာရှိ ထံသို့ တင်ပြရမည်။

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်အတွင်း ပြုလုပ်ခဲ့သော်လည်း နိုင်ငံတော်၏ ပြင်ပတွင် တည်ရှိသော ပစ္စည်းများ ပါဝင်သည့် ကိစ္စရပ်တွင် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းတို့ကို ပြုလုပ်ခဲ့သည့် သို့မဟုတ် ပြုလုပ်ရန် ရည်ရွယ်ခဲ့သည့် စာရွက်စာတမ်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသော ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ရန် အတွက် တင်ပြနိုင်သည်။ ယင်းသို့ ဆောင်ရွက်ခြင်း သည် ပစ္စည်း တည်ရှိရာ နိုင်ငံ၏ ဥပဒေအရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းတို့ကို တရားဝင်စေရန် သို့မဟုတ် အကျိုးသက်ရောက်စေရန် အတွက် အခြားသော ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ခြင်း ရှိစေကာမူ သက်ဆိုင်မှုမရှိစေရ။

(၃) ကုမ္ပဏီ၏ သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) အပေါ် ငွေပေးချေမှုများနှင့်စပ်လျဉ်းသည့် အာမခံမှုကို လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်ရပ်ဖြင့် ပြုလုပ်ပေးခဲ့လျှင် ကုမ္ပဏီသို့ ကြိုတင်ပေးချေမှုကို အာမခံနိုင်ရန်အတွက် စာချုပ်စာတမ်း ၏ အာမခံငွေကို ဤပုဒ်မတွင် ပါရှိသော ကိစ္စရပ်များအလို့ငှာ ဖော်ပြပါ ကုမ္ပဏီ၏ သာမန်လုပ်ငန်းများ အတွက် တင်ရှိသည့် ကြွေးမြီ (book debts) နှင့်စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန် တင်ရှိခြင်းတစ်ရပ်အဖြစ် သတ်မှတ်ခြင်း မပြုရ။

(၄) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်နှင့် သက်ဆိုင်သော ဒီဘင်ချာများအား ပိုင်ဆိုင်ထားခြင်းသည် မရွှေ့မပြောင်း နိုင်သော ပစ္စည်းတွင် အကျိုးခံစားခွင့် တစ်ရပ်ရပ် ရှိသည်ဟု မှတ်ယူခြင်း မရှိစေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်လိုအပ်သော ကုမ္ပဏီတစ်ခု၏ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ပြီးဖြစ်လျှင် အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစုရှယ်ယာ သို့မဟုတ် ယင်း၏ အကျိုးခံစားခွင့် တစ်ရပ်ရပ်ကိုဖြစ်စေရရှိသူ တစ်ဦးဦးသည် ထိုသို့မှတ်ပုံတင်သည့် နေ့ရက်မှစတင်၍ အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ အကြောင်းကြားစာကို ရရှိပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

**၂၃၀။ ကြွေးမြီတာဝန်တင်ရှိခြင်းအရ လက်ခံရရှိသောပစ္စည်းနှင့်သက်ဆိုင်သည့် ကြွေးမြီတာဝန်တင်ရှိခြင်း တို့ကို မှတ်ပုံတင်ရခြင်း**

ကုမ္ပဏီတစ်ခုသည် ပစ္စည်း တစ်ရပ်ရပ်ကို ပိုင်ဆိုင် ရရှိပြီး ထိုပစ္စည်းသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သည့်အခါ အဆိုပါ ပစ္စည်းကို ရရှိပြီးနောက် ကုမ္ပဏီက ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းကို ပြုလုပ်သကဲ့သို့ ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန် လိုအပ်ခဲ့လျှင် ကုမ္ပဏီသည် ကြွေးမြီတာဝန်တင်ရှိခြင်း၏ အချက်အလက်များကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အတူ ကြွေးမြီ တာဝန်တင်ရှိခြင်းအား ပြုလုပ်ခဲ့သည့် သို့မဟုတ် သက်သေ ထင်ရှားဖြစ်စေသည့် စာရွက်စာတမ်းကို မှန်ကန်သည့် မိတ္တူ ဖြစ်စေရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသည့် အဆိုပါ

စာရွက်စာတမ်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်နိုင်ရန် အတွက် အဆိုပါ ပစ္စည်းအားရရှိသည့်နေ့မှ (၂၈)ရက်အတွင်း မှတ်ပုံတင်အရာရှိ ထံသို့ပေးပို့တင်ပြရမည်။ သို့ရာတွင် နိုင်ငံတော်၏ ပြင်ပတွင် ပစ္စည်းတည်ရှိပြီး ကြွေးမြီ တာဝန်တင်ရှိခြင်းကိုလည်း ပြင်ပ၌ ပြုလုပ်ခဲ့လျှင် သက်ဆိုင်ရာ စာရွက်စာတမ်း၏ မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့်ဝီရိယဖြင့် ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့်နေ့မှ (၂၈) ရက်ကို ပစ္စည်းရရှိသည့် နေ့ရက် နောက်ပိုင်း (၂၈) ရက်ဖြင့် အစားထိုး ရမည်ဖြစ်ပြီး ထို(၂၈)ရက်ကာလ အတွင်း အချက် အလက်များ၊ စာရွက်စာတမ်းများ၏ မိတ္တူများကို မှတ်ပုံတင် အရာရှိ ထံသို့ တင်ပြရမည်။

၂၃၁။ ပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုကို သိလျက်ဖြင့် တမင် ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၃၂။ ပိုင်ဆိုင်သူများ အချိုးကျ ရရှိသည့် ဒီဘင်ချာများတွင် ပါရှိရမည့် အချက်အလက်များ**

ဒီဘင်ချာပိုင်ဆိုင်သူများက အချိုးကျရရှိသော အကျိုးအမြတ်ကို အခြားစာချုပ်စာတမ်း တစ်ရပ်ရပ်၊ ကြွေးမြီပေးချေရန်အာမခံမှု တစ်ရပ်ရပ်တွင် ရည်ညွှန်း၍ ထည့်သွင်းဖော်ပြထားသော သို့မဟုတ် ထိုရည်ညွှန်းချက်များအရ ပေးအပ်ထားသော ဒီဘင်ချာများကို ကုမ္ပဏီက သတ်မှတ် ထားသည့် အခါ ကြွေးမြီတာဝန်တင်ရှိခြင်း ပါဝင်သော စာချုပ်တစ်ရပ်အား ချုပ်ဆိုပြီးနောက် (၂၈) ရက် အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့လျှင်၊ သို့မဟုတ် အဆိုပါစာချုပ်တစ်ရပ် မရှိခဲ့လျှင် ဒီဘင်ချာများကို ပြုလုပ်ပြီးနောက် အောက်ပါအချက်အလက်များကို တင်ပြလျှင် ပုဒ်မ ၂၂၉ ပါကိစ္စရပ်များအလို့ငှာ ပြည့်စုံမှု ရှိသည်ဟု သတ်မှတ်သည် -

(က) ဒီဘင်ချာများအားလုံးဖြင့် အာမခံထားသည့် စုစုပေါင်းပမာဏ၊

(ခ) ဒီဘင်ချာများအားလုံးကို ထုတ်ဝေခွင့်ပြုသော ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်နှင့် အာမခံချက်ကို ပြုလုပ်သည့် သို့မဟုတ် သတ်မှတ်သည့် စာချုပ် ရှိခဲ့လျှင် ထိုသို့ ချုပ်ဆိုခဲ့သည့်နေ့ရက်၊

(ဂ) ကြွေးမြီတာဝန်တင်ရှိခြင်းပြုလုပ်သည့် ပစ္စည်း၏ ယေဘုယျ ဖော်ပြချက် နှင့်

(ဃ) ဒီဘင်ချာများ အတွက် ယုံမှတ်အပ်နှံခြင်းခံရသူများ (Trustees) ရှိခဲ့လျှင် ၎င်းတို့၏ အမည်များနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း ပါဝင်သောစာချုပ် သို့မဟုတ် သတ်မှတ်ဖော်ပြ ထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသော ယင်းစာချုပ်၏မိတ္တူတစ်စောင် သို့မဟုတ် အဆိုပါ စာချုပ်တစ်ရပ် မရှိခဲ့လျှင် ဒီဘင်ချာ တစ်ခုခု၊ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေပြီး အဆိုပါ အချက်အလက်များ ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။ သို့ရာတွင် ဒီဘင်ချာများကို တစ်ကြိမ်ထက် ပိုမို၍ ထုတ်ဝေ သည့်အခါတွင် ထုတ်ဝေမှု တစ်ကြိမ်စီအတွက် ပမာဏနှင့် နေ့ရက်တို့ကို မှတ်ပုံတင် စာရင်းတွင် ဖြည့်သွင်းနိုင်ရန် အတွက် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ သို့သော် ထိုသို့ ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင် အတည်ဖြစ်မှုကို ထိခိုက်စေခြင်း မရှိစေရ။

**၂၃၃။ ဒီဘင်ချာများ နှင့်စပ်လျဉ်းသည့် ကော်မရှင်ခ စသည်များနှင့် သက်ဆိုင်သည့်အချက်အလက်များ**

ကုမ္ပဏီ၏ဒီဘင်ချာ တစ်ရပ်ရပ်အတွက် အပြည့်အဝ ဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေး ထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေး ထည့်ဝင်ရန် သဘောတူညီခြင်း၊ သို့မဟုတ် အဆိုပါ ဒီဘင်ချာ တစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် အတွက် ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆောင်ရွက်ပေးရန် သဘောတူညီခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ အသုံးစရိတ် သို့မဟုတ်

လျှော့ငွေတို့ကို ပေးချေခဲ့လျှင် သို့မဟုတ် ပြုလုပ်ခဲ့လျှင် ပုဒ်မ ၂၂၉ နှင့် ပုဒ်မ ၂၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်အတွက် တင်ပြရမည့် လိုအပ်သောအချက် အလက်များတွင် ထိုသို့ပေးချေခဲ့သည့် သို့မဟုတ် ပြုလုပ်ခဲ့သည့် ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ် များ၏ ပမာဏ သို့မဟုတ် နှုန်းထားရာခိုင်နှုန်းတို့နှင့်သက်ဆိုင်သည့် အချက်အလက်များကို ထည့်သွင်း ဖော်ပြရမည်။ သို့သော် ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထား သော ဒီဘင်ချာများ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်း မရှိစေရ။ သို့ရာတွင် ကုမ္ပဏီ၏ ကြွေးမြီတာဝန်တင်ရှိခြင်း အဖြစ် ပြုလုပ်ထားသော ဒီဘင်ချာများ၏ အာမခံငွေကို ဤပြဋ္ဌာန်းချက် ပါ ကိစ္စရပ်များအတွက် လျှော့ငွေဖြင့် ဒီဘင်ချာများကို ထုတ်ဝေခြင်း ဖြစ်သည်ဟု သတ်မှတ်ခြင်း မပြုရ။

**၂၃၄။ ပေါင်နှံခြင်းများ၊ ကြွေးမြီတာဝန်တင်ရှိခြင်း များနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ကုမ္ပဏီက ပြုလုပ် သည့် ပေါင်နှံမှုများ နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း များ အားလုံး နှင့် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း များ အားလုံး အတွက် ကုမ္ပဏီတစ်ခုစီနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတစ်ခုကို ထားရှိရမည် ဖြစ်ပြီး သတ်မှတ်ဖော်ပြထားသည့် ငွေကြေးငွေများကို ပေးသွင်းစေလျက် ပေါင်နှံခြင်း များ နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ အားလုံးနှင့်သက်ဆိုင်သည့် ယင်းတို့အား ပြုလုပ် သည့် နေ့ရက်၊ အာမခံထားသည့် ပမာဏ၊ ထိုသို့ပေါင်နှံသည့် သို့မဟုတ် ကြွေးမြီ တာဝန်တင် ထားသည့် ပစ္စည်းနှင့်သက်ဆိုင်သော အချက်အလက် အကျဉ်းချုပ်၊ အပေါင်ခံသူများ ၏ အမည်များ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းများ ကို ရရှိသည့် ပုဂ္ဂိုလ်များ၏ အမည်များ ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရလိုအပ်သော ရေးသွင်းမှုများကို ပြုလုပ်ပြီးနောက် မှတ်ပုံတင် အရာရှိသည် ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၂ တို့ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ တင်ပြခဲ့ သော စာချုပ်စာတမ်းများ ရှိခဲ့လျှင် ၎င်းစာချုပ်စာတမ်းများ သို့မဟုတ် ယင်းတို့၏ တရားဝင် အတည်ပြုထားသော မိတ္တူတို့ကို ယင်းတို့အား တင်ပြသည့် ပုဂ္ဂိုလ် ထံသို့ ပြန်လည် ပေးအပ်ရမည်။

(ဂ) ဤပုဒ်မအရ ထားရှိသော မှတ်ပုံတင်စာရင်းအား သတ်မှတ်ဖော်ပြထားသည့် အခကြေး ငွေကို ပေးသွင်းစေလျက် မည်သူမဆို စစ်ဆေးကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထား ရှိရမည်။

**၂၃၅။ ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံတင်ခြင်း ဆိုင်ရာအညွှန်း**

မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်းများ သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း များ၏ အချိန်ကာလအလိုက် အညွှန်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့် အချက်အလက်များနှင့်တကွ ပြုစုထားရှိရမည်။

**၂၃၆။ မှတ်ပုံတင်အထောက်အထားလက်မှတ်**

မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၂၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း တစ်ရပ်ရပ် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ မှတ်ပုံတင် အထောက်အထား လက်မှတ်တစ်ခုကို ၎င်းတွင် အာမခံထားသည့် ငွေပမာဏကို ဖော်ပြလျက် ထုတ်ပေးရမည်။ ထိုအထောက်အထား လက်မှတ်သည် ပုဒ်မ ၂၂၉ မှ ပုဒ်မ ၂၃၄ အထိတို့တွင် ဖော်ပြပါရှိသော လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းအား ပြုလုပ်ထားကြောင်း ပြည့်စုံလုံလောက်သည့်

အထောက်အထား ဖြစ်စေရမည်။

**၂၃၇။ ဒီဘင်ချာအတွက် မှတ်ပုံတင်အထောက်အထား လက်မှတ် သို့မဟုတ် ဒီဘင်ချာစတော့ (Debenture Stock) အထောက်အထားလက်မှတ်များကို ထပ်ဆင့်ထောက်ခံအတည်ပြုခြင်း**

ကုမ္ပဏီသည် ပုဒ်မ ၂၃၆ အရ ပေးအပ်ထားသည့် မှတ်ပုံတင်အထောက် အထားလက်မှတ် အားလုံး၏ မိတ္တူကို ပြုလုပ်ပေးပြီး ကုမ္ပဏီက ထုတ်ဝေ သည့် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာ စတော့ အထောက်အထား လက်မှတ်အားလုံး နှင့် ထိုသို့မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တို့အရ အာမခံထားသော ငွေပေးချေမှုများကို ထပ်ဆင့် ထောက်ခံအတည်ပြုရမည်။

သို့ရာတွင် ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း များ ပြုလုပ်ခြင်းမရှိမီက ကုမ္ပဏီက ထုတ်ဝေထားသည့် ဒီဘင်ချာ တစ်ရပ်ရပ် သို့မဟုတ် ငွေချေး လက်မှတ်စတော့ အထောက်အထား လက်မှတ်တစ်ခုခုနှင့် စပ်လျဉ်း၍ ထိုသို့ ပေးအပ်ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံတင် အထောက်အထား လက်မှတ် တစ်ခုခုကို ကုမ္ပဏီက ထပ်ဆင့်ထောက်ခံ အတည်ပြုရန် လိုအပ်သည်ဟု အဓိပ္ပါယ်ကောက်ယူခြင်းမပြုရ။

**၂၃၈။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏တာဝန်နှင့် အကျိုးသက်ဆိုင်သူ၏ အခွင့်အရေး**

(က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း၊ ဒီဘင်ချာများထုတ်ဝေခြင်း အားလုံးကို မှတ်ပုံတင်ရန် အတွက် မှတ်ပုံတင်အရာရှိထံသို့ သက်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် တင်ပြရန်တာဝန်ရှိသည်။ အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်ရန် ၎င်းတို့၏ အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် လျှောက်ထားတင်ပြနိုင်သည်။

(ခ) ဤပုဒ်မတွင် ပါရှိသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ စည်းကမ်းချက်များ သို့မဟုတ် အတိုင်း အတာ ပမာဏ သို့မဟုတ် လုပ်ဆောင်မှုများကို ပြင်ဆင်သတ်မှတ်ပါက အဆိုပါပြင်ဆင်သည့် အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပေးရန် ကုမ္ပဏီတွင်တာဝန် ရှိသည်။ ပေါင်နှံခြင်းသို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင် ခြင်းနှင့် စပ်လျဉ်းသည့် ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် အထက်တွင်ဖော်ပြခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား ပြင်ဆင် သတ်မှတ် ခြင်းများနှင့် သက်ဆိုင်စေရ မည်။

**၂၃၉။ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း ဆိုင်ရာ စာချုပ်စာတမ်း၏ မိတ္တူကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် ထိန်းသိမ်းခြင်း**

ကုမ္ပဏီအားလုံးသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန်လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန် တင်ရှိခြင်း တစ်ရပ်ရပ်အား ပြုလုပ်သည့် စာချုပ်စာတမ်းအားလုံး၏ မိတ္တူ တစ်စောင်စီကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် သိမ်းဆည်းထားရှိရမည်။ သို့ရာတွင် အစဉ်လိုက် တူညီသည့် ဒီဘင်ချာများတွင် အဆိုပါဒီဘင်ချာတစ်ခု၏ မိတ္တူတစ်စောင်ကို သိမ်းဆည်း ထားလျှင် လုံလောက်သည်။

**၂၄၀။ ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်မှုကို မှတ်ပုံတင်ခြင်း**

ကုမ္ပဏီတစ်ခု၏ ပစ္စည်းများကို ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦး ခန့်အပ်သည့် အမိန့်တစ်ရပ်ကို ရရှိခဲ့လျှင် သို့မဟုတ် စာချုပ်စာတမ်း တစ်ရပ်ရပ်တွင် ပါရှိသော အခွင့်အာဏာ များအရ အဆိုပါ ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်ခဲ့လျှင် ထိုသို့အမိန့် ချမှတ်သည့်နေ့ သို့မဟုတ်

စာချုပ်စာတမ်းတွင် ပါရှိသော အခွင့်အာဏာအရ ခန့်အပ်သည့်နေ့မှ (၂၈) ရက်အတွင်း အဆိုပါအချက်အလက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားမှုကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တို့နှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတွင် ထိုအချက်အလက်များကို ဖြည့်သွင်း ရေးသားရမည်။

**၂၄၁။** ပုဒ်မ ၂၄၀ တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သူ တစ်ဦးဦးစီသည် ပြစ်ဒဏ် ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၄၂။ ပစ္စည်းလက်ခံထိန်းသိမ်းသူများ၏ ငွေစာရင်းများကို တင်ပြရခြင်း**

(က) စာချုပ်စာတမ်းတစ်ရပ်ရပ်တွင် ပါရှိသော အခွင့်အာဏာအရ ခန့်အပ်ထားသည့် ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းရသူအားလုံးသည် အဆိုပါ ပစ္စည်းများကို ရယူခဲ့ပြီး ထိုဆောင်ရွက်နေသည့် ကာလ တစ်လျောက် (၆)လလျှင် တစ်ကြိမ်နှင့် ပစ္စည်းလက်ခံ ထိန်းသိမ်းသူအဖြစ် ဆောင်ရွက် ခြင်းမှရပ်စဲခဲ့လျှင် သက်ဆိုင်ရာကာလ အတွင်း ၎င်းအနေဖြင့် လက်ခံရရှိခဲ့သည်များနှင့် ပေးချေခဲ့ရသည်များကို သတ်မှတ် ဖော်ပြထားသည့်ပုံစံဖြင့် ကောက်နုတ်ချက် တစ်စောင်အား ပြုစု၍ မှတ်ပုံတင် အရာရှိထံ တင်ပြရမည်။ ထို့အပြင် လက်ခံ ထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှ ရပ်စဲခဲ့လျှင် အဆိုပါ ကိစ္စရပ်အတွက် အကြောင်းကြားမှုကို မှတ်ပုံတင် အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင် အရာရှိသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းတွင် ထိုအကြောင်း ကြားမှုကို ဖြည့်သွင်းရေးသားရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်သည့်အခါ ကုမ္ပဏီ၏ အမည်ပါရှိသော စာရွက်စာတမ်းဖြစ်သော ကုန်ပို့လွှာများ၊ ကုန်အမှာစာများ၊ သို့မဟုတ် ကုမ္ပဏီကဖြစ်စေ ကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ ပစ္စည်း လက်ခံ ထိန်းသိမ်းသူကဖြစ်စေ ထုတ်ဝေသည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် စာများတွင် ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်ပြီးဖြစ်ကြောင်းပါရှိသည့် ရေးသား ဖော်ပြချက်အား ထည့်သွင်းဖော်ပြရမည်။

**၂၄၃။** ပုဒ်မ၂၄၂ တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅)ခု ထက် မပိုသောဒဏ်ငွေကို ပေးဆောင် ရမည်။

**၂၄၄။ ပေါင်နှံခြင်းနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်း၏အမှားကို ပြင်ဆင်ခြင်း**

(က) တရားရုံးသည် ပုဒ်မ ၂၂၉ အရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း၊ သို့မဟုတ် ထိုပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အချက်အလက် တစ်ရပ်ရပ် ချန်လှပ်ခဲ့ကြောင်း သို့မဟုတ် မှားယွင်း ဖော်ပြထားကြောင်း၊ သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အား ပြုလုပ်ခြင်း အတွက် ကြွေးမြီတစ်ရပ်ပေးရန်ရှိသည့် အကြောင်းအား မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြ အကြောင်းကြားရန် ပျက်ကွက်ခြင်းတို့မှာ မတော်တဆ ကြောင့် ဖြစ်ကြောင်း၊ သို့မဟုတ် တမင်ရည်ရွယ်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း၊ သို့မဟုတ် အခြား လုံလောက်သော အကြောင်းပြချက်များကြောင့် ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင်များ

သို့မဟုတ် အစုရှယ်ယာပိုင်ရှင်များကို ထိခိုက်နိုင်သည့် အခြေအနေမရှိကြောင်း၊ သို့မဟုတ် သက်သာခွင့်ပေးရန် သင့်တော်မျှတသည့် အခြားသော အခြေခံ အကြောင်း များ ရှိကြောင်း ကျေနပ်လက်ခံခဲ့လျှင် ကုမ္ပဏီ သို့မဟုတ် အခြား သက်ဆိုင်သူ တစ်ဦးဦး က လျှောက်ထား လာပါက တရားရုံးက သင့်တော်မျှတသည့် စည်းကမ်းချက်များကို သတ်မှတ်၍ မှတ်ပုံတင်ရမည့်အချိန် ကာလကို တိုးမြှင့်ပေးနိုင် သည်၊ သို့မဟုတ် ချန်လှပ်မှု သို့မဟုတ် မှားယွင်း ဖော်ပြမှုများကို ပြင်ဆင်စေနိုင်သည့် အပြင် တရားရုံး အနေဖြင့် သင့်သည် ထင်မြင်ပါက လျှောက်ထားမှုအတွက် ကုန်ကျစရိတ်များ နှင့် စပ်လျဉ်းသည့် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ခ) တရားရုံးက ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အား မှတ်ပုံတင် ခြင်းအတွက် အချိန်တိုးမြှင့်သတ်မှတ်ပေးသည့်အခါ အဆိုပါ အမိန့်သည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အား မှတ်ပုံတင်ရမည့် အချိန်ကာလ မတိုင်မီက သက်ဆိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ရရှိသော အခွင့်အရေး တစ်စုံတစ်ရာ ကို ထိခိုက်စေခြင်း မရှိစေရ။

**၂၄၅။ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများကို မှတ်ပုံတင်ခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်ကို ငွေပေးချေမှု သို့မဟုတ် လိုက်နာ ဆောင်ရွက်မှု ကို အပြည့်အဝပြုလုပ်ပြီးသည့်နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိ ထံသို့ တင်ပြရန် တာဝန်ရှိသည်။ ထို့ပြင် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိ ခြင်းကို ရရှိသူသည် ငွေပေးချေမှု သို့မဟုတ် လိုက်နာ ဆောင်ရွက်ရမှုများကို မှတ်တမ်း တင်နိုင်ကြောင်း စာဖြင့် ရေးသားတင်ပြရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိ သည် အကြောင်းပြချက်တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း မရှိပါက ထိုသို့ လိုက်နာ ဆောင်ရွက်ရမည့်ကိစ္စများနှင့် သက်ဆိုင်သည့် မှတ်တမ်းတစ်စောင်ကို မှတ်ပုံတင်စာရင်း တွင် ဖြည့်သွင်း ဖော်ပြရမည်ဖြစ်ပြီး လိုအပ်ပါက ယင်း၏ မိတ္တူတစ်စောင်ကို ကုမ္ပဏီသို့ ပေးအပ်ရမည်။

**၂၄၆။ ပြစ်မှုပြစ်ဒဏ်များ**

(က) ကုမ္ပဏီတစ်ခုခုသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အချက်အလက်များအား မှတ်ပုံတင်နိုင်ရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန် ပျက်ကွက်မှု တစ်စုံတစ်ရာ ရှိခဲ့ပါက -

(၁) ကုမ္ပဏီက ပြုလုပ်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊

(၂) ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၀ အရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ကြွေးမြီ ပေးချေပြီးခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်ပြီးခြင်းတို့ လည်းကောင်း၊

(၃) ဤဥပဒေပါ အထက်တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင် အရာရှိထံတွင် မှတ်ပုံတင်ရန် လိုအပ်သော အစဉ်လိုက် ဒီဘင်ချာများ ထုတ်ဝေ ခြင်း နှင့် စပ်လျဉ်း၍လည်းကောင်း၊

မှတ်ပုံတင်ခြင်းသည် အခြားသူတစ်ဦးဦး၏ လျှောက်ထားမှုအရ ဆောင်ရွက် ရခြင်း မဟုတ်လျှင်ကုမ္ပဏီနှင့်ယင်း၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ၊ သို့မဟုတ် ပျက်ကွက်မှုတွင်သိလျက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများတစ်ဦးဦး စီသည် ပြစ်ဒဏ် ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

(ခ) အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီတစ်ခုခုသည် ယင်းက ပြုလုပ်ထားသောပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင် အရာရှိထံတွင် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သော ဤဥပဒေပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီနှင့်ထိုပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့် ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် အခြား သောတာဝန်ရှိမှုများကို ထိခိုက်စေခြင်း မရှိစေဘဲ ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

(ဂ) ဤဥပဒေပါ အထက်တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင် အရာရှိထံတွင် မှတ်ပုံတင်ရန် လိုအပ်သော ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာစတော့ (Debenture Stock) အထောက်အထားလက်မှတ်တစ်ရပ်ရပ်ကို ယင်းတို့အပေါ် ထပ်မံထောက်ခံအတည်ပြုထားသည့် မှတ်ပုံတင်အထောက်အထား လက်မှတ်မိတ္တူ တစ်စောင် မပါရှိဘဲပေးပို့ရန်တစ်ဦးဦးစီမှ သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့လျှင် ထိုသူသည် အခြားသော တာဝန်ရှိမှုများကို ထိခိုက်စေခြင်း မရှိစေဘဲပြစ်ဒဏ်ပမာဏ (၅)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၄၇။ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏မှတ်ပုံတင်စာရင်း**

မည်သည့် ကုမ္ပဏီမဆို ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အတွက် မှတ်ပုံတင်စာရင်း တစ်ခုကို ပြုစုထားရှိရမည်ဖြစ်ပြီး ယင်းမှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ပစ္စည်းများနှင့် သက်ဆိုင်သည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း တို့ အားလုံး၊ ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ် နှင့်စပ်လျဉ်းသည့် အပြောင်းအလဲရှိသော ကြွေးမြီတာဝန် တင်ရှိခြင်း (floating charge) အားလုံး၊ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်း ပြုလုပ်ထားသော ပစ္စည်းများနှင့် သက်ဆိုင်သည့် အကျဉ်းချုပ်ဖော်ပြချက်၊ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်း ပြုလုပ်ထားသည့် ငွေပမာဏနှင့် အပေါင်ခံသူများ သို့မဟုတ် ၎င်းတို့နှင့် သက်ဆိုင်သူများ၏ အမည်များကို ရေးသွင်း ဖော်ပြရမည်။

**၂၄၈။** ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် ပုဒ်မ ၂၄၇ အရ ပြုလုပ်ရန် လိုအပ်သော ရေးသွင်းဖော်ပြချက်တစ်ရပ်ရပ်ကို ဖြည့်သွင်းဖော်ပြရန် ပျက်ကွက်ခြင်းအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့ လျှင် ပြစ်ဒဏ်ပမာဏ (၅)ခု ထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၄၉။ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ ပြုလုပ်သည့် စာချုပ်စာတမ်း မိတ္တူများ၊ ပေါင်နှံမှု နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း တို့နှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းများအား စစ်ဆေး ကြည့်ရှုနိုင်ခွင့်ရှိခြင်း**

ပုဒ်မ ၂၃၉ အရ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် သိမ်းဆည်းထားရှိရမည့် မှတ်ပုံတင် အရာရှိထံသို့ ဤဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း အား ပြုလုပ်သော စာချုပ်စာတမ်းများ၏ မိတ္တူများနှင့် ပုဒ်မ ၂၄၇ နှင့် အညီ ထိန်းသိမ်းထားရှိသည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း တို့ဆိုင်ရာ မှတ်ပုံတင် စာရင်း တို့အား ကုမ္ပဏီ၏ မည်သည့် မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးကို သင့်လျော်သော အချိန်တိုင်းတွင် အခမဲ့ စစ်ဆေး ကြည့်ရှုခွင့်ပြုရမည်ဖြစ်ပြီး ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန် တင်ရှိခြင်း တို့ဆိုင်ရာ မှတ်ပုံတင်စာရင်းအား ကုမ္ပဏီက သတ်မှတ်ထားသည့် အခကြေးငွေ

တစ်ရပ်ကို ပေးသွင်းစေလျက် အခြားသူတစ်ဦးဦးကို စစ်ဆေးကြည့်ရှုခွင့်ပြုရမည်။

၂၅၀။ ပုဒ်မ ၂၄၉အရ မိတ္တူများ သို့မဟုတ် မှတ်ပုံတင်စာရင်းများကို စစ်ဆေးကြည့်ရှုခြင်းအား ငြင်းပယ်ခဲ့လျှင်ကုမ္ပဏီသည်ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင် ရမည်ဖြစ်ပြီး ထိုသို့ငြင်းပယ်မှုကိုသိလျက်ဖြင့် ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည်တူညီသောပြစ်ဒဏ်ကိုကျခံစေရမည်။ ထိုပြစ်ဒဏ်များအပြင် တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ အဆိုပါ မိတ္တူများ သို့မဟုတ် မှတ်ပုံတင်စာရင်းများကို ချက်ချင်း စစ်ဆေးကြည့်ရှုခွင့်ပြုစေနိုင်သည်။

**၂၅၁။ ဒီဘင်ချာ ပိုင်ဆိုင်သူများနှင့်သက်ဆိုင်သည့်မှတ်ပုံတင် စာရင်းအား စစ်ဆေးကြည့်ရှုနိုင်ခွင့် နှင့်ယုံကြည်အပ်နှံရေး စာချုပ်များ၏ မိတ္တူများကို ရယူနိုင်ခွင့်ရှိခြင်း**

(က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားသည့် ကာလ သို့ရာတွင် မည်သည့်ခုနှစ်တွင်မဆို စုစုပေါင်း (၃၀) ရက်ထက် ကျော်လွန်ခြင်းမရှိသည့် ကာလများမှ အပကျန်ကာလများတွင် ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာ ပိုင်ဆိုင်သူ များနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းအားလုံးကို အဆိုပါ ဒီဘင်ချာများအား တရားဝင်ပိုင်ဆိုင် ထားသူ သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာ ပိုင်ရှင်တစ်ဦးဦးက စစ်ဆေးကြည့်ရှုခြင်းကို ခွင့်ပြုရမည်။ သို့သော် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်နိုင်သည့် သင့်လျော်မှုရှိသော ကန့်သတ်ချက်များကို လိုက်နာရမည် ဖြစ်ပြီး စစ်ဆေးကြည့်ရှုခွင့် ပြုထားသည့်နေ့တစ်နေ့စီအတွက် အနည်းဆုံး (၂)နာရီ ခွင့်ပြုနိုင်စေရန်အလို့ငှာ အဆိုပါ ပိုင်ဆိုင်သူအားလုံးသည် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော အခကြေးငွေကိုပေးသွင်းလျက် ဖော်ပြပါ မှတ်ပုံတင်စာရင်း သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသကိုမိတ္တူတစ်စောင် တောင်းယူနိုင်သည်။

(ခ) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံရန် ချုပ်ဆိုထားသည့် ယုံကြည်အပ်နှံမှုစာချုပ်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို အဆိုပါ ဒီဘင်ချာများကို ပိုင်ဆိုင်သူ တစ်ဦးဦးကတောင်းဆိုလာလျှင် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော အခကြေး ငွေကိုပေးသွင်းစေလျက် ဖော်ပြပါ ပိုင်ဆိုင်သူများထံသို့ ပေးအပ်ရမည်။

၂၅၂။ ပုဒ်မ ၂၅၁ အရ စစ်ဆေးကြည့်ရှုခွင့်အား ငြင်းပယ်လျှင်၊ သို့မဟုတ် မိတ္တူတစ်စောင်အားပေးအပ်ရန် ငြင်းပယ်လျှင် သို့မဟုတ် ပေးပို့ခြင်းမပြုလျှင် ကုမ္ပဏီသည် ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ငြင်းပယ်မှုကို သိလျက်ဖြင့် ခွင့်ပြုခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် တူညီသော ပြစ်ဒဏ်ကိုကျခံစေရမည်။ ထို့အပြင် တရားရုံးသည် အမိန့်တစ်ရပ် ထုတ်ပြန်၍ အဆိုပါ မှတ်ပုံတင်စာရင်းများကို ချက်ချင်း စစ်ဆေး ကြည့်ရှုခွင့်ပြုစေနိုင်သည်။

**၂၅၃။ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းအရ ဦးစားပေးတောင်းဆိုမှုများတွင် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) နှင့်သက်ဆိုင်သည့် အခြေပစ္စည်းများမှ အချို့ ကြွေးမြီများကို ပေးချေရခြင်း**

(က) အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) တစ်ရပ်ဖြင့် အာမခံထားရှိသော ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာ တစ်ရပ်ရပ်ကို ပိုင်ဆိုင်ထားသူများ၏ ကိုယ်စား ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးကို ခန့်အပ်ထားလျှင် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တို့တွင် ပါဝင်သော သို့မဟုတ် သက်ဆိုင်သောပစ္စည်းတစ်ရပ်ရပ်၏ ဖော်ပြပါ ဒီဘင်ချာပိုင်ရှင်ကဖြစ်စေ၊ ယင်း၏ကိုယ်စားဖြစ်စေ ပိုင်ဆိုင်မှုကို ရယူထားလျှင်

ကုမ္ပဏီသည် စာရင်း ရှင်းလင်း ဖျက်သိမ်းခြင်း မရှိသည့်ကာလ တွင်ဖြစ်ပါက အပိုင်း(၅)ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ် အားလုံးတွင် အခြားသော ကြွေးမြီများထက် ဦးစွာပေးချေရမည့် ဦးစားပေး ငွေပေးချေမှုများအား ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် ပိုင်ဆိုင်ရယူထားသူများ လက်ဝယ်သို့ ရောက်ရှိလာမည့် အခြေပစ္စည်း တစ်ရပ်ရပ်မှ ပေးချေရမည် ဖြစ်ပြီး ဒီဘင်ချာများနှင့် သက်ဆိုင်သည့် မူလ ငွေရင်း သို့မဟုတ် အတိုးအတွက် တောင်းဆိုမှု တစ်ရပ်ရပ်ထက် ဦးစားပေး ငွေပေးချေရမည်။

(ခ) အပိုင်း(၅)၏ အဆိုပါ ပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသော အချိန်ကာလ သတ်မှတ်ချက် ကို ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်သည့်နေ့ရက် သို့မဟုတ် အထက်ဖော်ပြပါ အတိုင်း ပိုင်ဆိုင်ရယူသည့်နေ့ရက်မှ စတင်၍ ရေတွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် ငွေပေးချေမှုများအားလုံးကို မြီရှင်များ၏ ပေးချေမှုအတွက် ထားရှိသော ကုမ္ပဏီ၏အခြေပစ္စည်းများမှ ဖြစ်နိုင်သမျှ ပေးချေရမည်။

**အခန်း (၂၃) ပစ္စည်းလက်ခံထိန်းသိမ်းသူများကို ခန့်အပ်ခြင်း၊ စာရင်းစာအုပ်များကို ပြုစုခြင်း၊ ပြင်ပ ကော်ပိုရေးရှင်းများက ဆောင်ရွက်သော ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ကို မှတ်ပုံတင်ခြင်း**

**၂၅၄။ ပြည်ပကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသည့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ကို မှတ်ပုံ တင်ခြင်း**

ပုဒ်မ ၂၂၈ မှ ပုဒ်မ ၂၃၉ အထိ နှင့် ပုဒ်မ ၂၄၄ မှ ပုဒ်မ ၂၅၂ အထိတို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက် များသည် ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော် အတွင်း စီးပွားရေးလုပ်ငန်းနေရာ တစ်ရပ်ထားရှိသည့် နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်း တည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခုက ရရှိပိုင်ဆိုင်ထားသော နိုင်ငံတော်အတွင်းရှိ ပစ္စည်းများအပေါ် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ပြုလုပ်ခြင်းများ သော်လည်းကောင်း၊ ကြွေးမြီ တာဝန် တင်ရှိခြင်းများ ရှိသည့် နိုင်ငံတော်အတွင်းရှိ ပစ္စည်းများကို ရယူပိုင်ဆိုင်ခြင်းများ သော်လည်းကောင်း သက်ဆိုင်စေရမည်။

**၂၅၅။ ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်မှုကို အကြောင်းကြားခြင်း**

ပုဒ်မ ၂၄၀ မှ ပုဒ်မ ၂၄၃ အထိ ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပ ကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေး လုပ်ငန်း နေရာတစ်ရပ် ထားရှိသည့် နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းအားလုံးနှင့် လိုအပ်သလို သက်ဆိုင်စေ ရမည်။

**၂၅၆။ စာရင်းစာအုပ်များနှင့် မှတ်တမ်းများကိုထိန်းသိမ်းထားရှိခြင်း**

ပုဒ်မ ၂၅၈ တွင်ဖော်ပြပါရှိသည့်ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်း တစ်ခု အဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်း နေရာထားရှိသည့် နိုင်ငံတော် ပြင်ပတွင် ဖွဲ့စည်းထားသည့် ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သော ငွေကြေးများ၊ ပြုလုပ်ခဲ့သော ရောင်းချမှုများနှင့် ဝယ်ယူမှုများ၊ အခြေ ပစ္စည်းများနှင့် တာဝန်ရှိမှု များနှင့် သက်ဆိုင်သော အဆိုပါပုဒ်မအရ လိုအပ်သည့် ဘဏ္ဍာရေး ဆိုင်ရာ အစီရင်ခံစာများကိုနိုင်ငံတော်အတွင်းရှိ အဓိကစီးပွားရေးလုပ်ငန်း နေရာတွင် ထိန်းသိမ်း ထားရှိရမည်ဖြစ်ပြီး ယင်းကော်ပိုရေးရှင်းများနှင့် သက်ဆိုင် စေရမည်။

**အခန်း (၂၄) ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများ နှင့် စာရင်းစစ်ဆေးခြင်းများအကြောင်း**

**၂၅၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာရခြင်း**

(က) အောက်ပါကိစ္စရပ်များအတွက် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေနှင့်အခြားသော သက်ဆိုင်ရာဥပဒေများပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းတို့အရ ပြုလုပ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်-

(၁) ထိန်းသိမ်းထားရှိရမည့် စာရင်းစာအုပ်များ၊

(၂) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ တင်ပြရမည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့် အစီရင်ခံစာများ၊

(၃) အဆိုပါ စာရင်းစာအုပ်များနှင့် အစီရင်ခံစာများအား ပြုစုထိန်းသိမ်းရာတွင် လိုက်နာရမည့် စာရင်းများထားရှိခြင်းဆိုင်ရာစံနှုန်းများ နှင့်

(၄) အဆိုပါ စာရင်းများအား စစ်ဆေးရာတွင် လိုက်နာရမည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာစံနှုန်းများ။

(ခ) ဤအခန်းပါ သတ်မှတ်ချက်များ သို့မဟုတ် ဤအခန်းအရပြုလုပ်သည့် သတ်မှတ်ချက်များနှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းဥပဒေအရ ပြုလုပ်သည့် သတ်မှတ်ချက်များအကြား ကွဲလွဲမှုတစ်စုံတစ်ရာရှိခဲ့လျှင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းဥပဒေအရ ပြုလုပ်သည့် သတ်မှတ်ချက်များက လွှမ်းမိုးသည်။

(ဂ) အောက်ပါအကြောင်းအချက်များ မရှိလျှင် ပုဒ်မ ၂၆ဝ မှ ၂၆၈ အထိ နှင့် ၂၇၉ ပုဒ်မခွဲ (င) တို့သည် အသေးစား ကုမ္ပဏီများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည်အဆိုပါပြဋ္ဌာန်းချက်များကို လိုက်နာခြင်း သို့မဟုတ် အလားတူသတ်မှတ်ချက်များကို ဖော်ပြထားခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူများသည် သာမန်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ အဆိုပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ဆုံးဖြတ်ခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိကအဆိုပါပြဋ္ဌာန်းချက်များကိုလိုက်နာသင့်သည်ဟု ဆုံးဖြတ်ခြင်း။

**ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၊ စာရင်းစာအုပ်များ နှင့် ငွေစာရင်းများ**

**၂၅၈။ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ပြုစုရန်အတွက် ကုမ္ပဏီတွင် ထားရှိရမည့် မှတ်တမ်းများနှင့် သင့်တော်သည့်မှတ်တမ်းများကို ထားရှိခြင်း**

(က) ကုမ္ပဏီအားလုံးသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ စာရင်းများ ထားရှိခြင်းဆိုင်ရာ သက်ဆိုင်သောစံနှုန်းများနှင့်အညီ မြန်မာဘာသာဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများပြုစု ဆောင်ရွက်နိုင်ရန်အတွက် စာဖြင့်ရေးသား ထားသည့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည် -

(၁) ကုမ္ပဏီကလက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သော ငွေကြေးစုစုပေါင်းနှင့် လက်ခံ ရရှိခဲ့သောသို့မဟုတ်သုံးစွဲကုန်ကျခဲ့သောငွေကြေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ၊

(၂) ကုမ္ပဏီမှ ကုန်ပစ္စည်းရောင်းချခြင်း သို့မဟုတ် ကုန်ပစ္စည်းဝယ်ယူခြင်း၊

(၃) ကုမ္ပဏီ၏ အခြေပစ္စည်းများနှင့် တာဝန်ရှိမှုများ နှင့်

(၄) ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေကြေးဆိုင်ရာ အခြားကိစ္စရပ်များ။

(ခ) မှတ်တမ်းများကိုကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် သို့မဟုတ် ဒါရိုက်တာများမှ သင့်သည်ထင်မြင်သည့် အခြားနေရာတွင် ထိန်းသိမ်း ထားရှိရမည် ဖြစ်ပြီး ရုံးလုပ်ငန်းချိန် အတွင်း ဒါရိုက်တာများက စစ်ဆေး ကြည့်ရှုခွင့် ရှိစေရမည်။

**၂၅၉။** ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးသည် ၎င်းတို့၏ တမင်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ပုဒ်မ ၂၅၈ ပါသတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရာတွင်ကုမ္ပဏီ ၏ ပျက်ကွက်မှုကို ဖြစ်ပေါ်စေခဲ့လျှင် အဆိုပါပြစ်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့သည် ပြစ်ဒဏ်ပမာဏ (၁၅) ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၆၀။ နှစ်စဉ် လက်ကျန်ရှင်းတမ်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံး၏ ဒါရိုက်တာများသည် ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှ (၁၈)လအတွင်း ကျင်းပရမည် ဖြစ်ပြီး ယင်းနောက်ပိုင်း၌ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် သတ်မှတ်၍ ဤဥပဒေ အရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ လိုအပ်သော ဘဏ္ဍာရေး ဆိုင်ရာ ရှင်းတမ်းများကို ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြ ရမည်။ ယင်းသို့ တင်ပြရာတွင် လက်ကျန်ရှင်းတမ်း (balance sheet)၊ အရှုံးအမြတ် စာရင်း၊ သို့မဟုတ် အကျိုးအမြတ် အတွက် ကုန်သွယ်ရောင်းဝယ်ခြင်း မပြုသော ကုမ္ပဏီ ဖြစ်လျှင် သက်ဆိုင်ရာကာလ အတွက် ဝင်ငွေနှင့် အသုံးစရိတ်စာရင်း၊ ကုမ္ပဏီအား စတင်ဖွဲ့စည်း တည်ထောင်ပြီးနောက် ပထမဦးဆုံး စာရင်းဖြစ်စေ၊ စာရင်းတစ်ခုအား ပြုစုပြီးနောက် ဖြစ်စေ အစည်းအဝေး ကျင်းပသည့် နေ့ရက်မတိုင်မီ (၉)လထက် မစောသောနေ့ရက်အထိပြုစုထားသောစာရင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသော သို့မဟုတ် နိုင်ငံတော်၏ ပြင်ပတွင် အကျိုးခံစားခွင့်များ ရရှိသော ကုမ္ပဏီတစ်ခု ဖြစ်ပါက (၁၂)လထက် မပိုသောကာလတွင် ပြုစုထားသည့် စာရင်းများ ပါရှိရမည်။ သို့ရာတွင် မှတ်ပုံတင်အရာရှိသည် အထူးအကြောင်းပြချက် ရှိကြောင်း တွေ့ရှိ လျှင် (၃)လ ထက် မပိုသော ကာလတစ်ရပ်ဖြင့် အဆိုပါကာလအား တိုးမြှင့်ပေးနိုင်သည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ဤအခန်း၏ နောက်ပိုင်းတွင် ဖော်ပြ ပါရှိသည့် အတိုင်း ကုမ္ပဏီ၏စာရင်းစစ်က စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ် အစီရင်ခံစာ ကိုယင်းရှင်းတမ်းနှင့်အတူပူးတွဲတင်ပြရမည် သို့မဟုတ် အစီရင်ခံစာပါ ရည်ညွှန်းချက်များ ကိုဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း၏ အောက်ခြေတွင် ထည့်သွင်းဖော်ပြရမည်။ ထိုအစီရင်ခံ စာအား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ကုမ္ပဏီ တွင် ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန် အတွက်ထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် စာရင်းစစ်ဆေး ထားပြီးဖြစ်သော အဆိုပါ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏ မိတ္တူတစ်စောင်ကို စာရင်းစစ် အစီရင်ခံစာမိတ္တူတစ်စောင်နှင့်အတူ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင် ထားသော လိပ်စာများသို့ အစည်းအဝေးဖိတ်ကြားစာဖြင့် ပူးတွဲလျက် ပေးပို့ရမည်။

ထို့အပြင် ယင်းတို့ ၏ မိတ္တူတစ်စောင်ကို အစည်းအဝေး စတင်ကျင်းပခြင်းမပြုမီ အနည်းဆုံး (၂၁)ရက် ကြိုတင်၍ ကုမ္ပဏီတွင် ပါဝင်သူများက စစ်ဆေးကြည့်ရှု နိုင်စေရန်အတွက် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် ထားရှိရမည်။ ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေများကို ထိခိုက်ခြင်းမရှိစေဘဲ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤပုဒ်မအရ ကုမ္ပဏီတွင် ပါဝင်သူများသို့ ငွေကြေးဆိုင်ရာ

ရှင်းတမ်းများကို အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့နိုင်ကြောင်း သတ်မှတ်နိုင်သည်။

**၂၆၁။ ဒါရိုက်တာများ၏ အစီရင်ခံစာ**

(က) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဒါရိုက်တာများသည် ဘဏ္ဍာ ရေးဆိုင်ရာရှင်းတမ်းနှင့် အတူကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ၊ အမြတ်ဝေစု အဖြစ် ပေးသင့် သည်ဟုထောက်ခံတင်ပြမည့် ပမာဏ ရှိခဲ့လျှင် ယင်းပမာဏ၊ လက်ကျန် ရှင်းတမ်း (balance sheet) တွင် သီးခြားဖော်ပြ ထားသည့်သီးသန့်ရန်ပုံငွေ၊ အထွေထွေ ရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်းတို့တွင် ထားရှိသင့်သည့်ငွေ ရှိခဲ့လျှင် ယင်းငွေ ပမာဏ သို့မဟုတ် နောက်ဆက်တွဲ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့် အတူ တင်ပြထား သော နောက်ဆက်တွဲ လက်ကျန် ရှင်းတမ်း (balance sheet) တစ်ရပ်ရပ်တွင် သီးခြား ဖော်ပြထားသည့် သီးသန့် ရန်ပုံငွေ၊ အထွေထွေ ရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်း တို့တွင် ထားရှိသင့်သည့်ငွေ ရှိခဲ့လျှင် ယင်းငွေပမာဏ တို့နှင့် စပ်လျဉ်းသော အစီရင်ခံစာ တစ်စောင်ကို ပြုစုရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ရည်ညွှန်းဖော်ပြပါရှိသည့် အစီရင်ခံစာတွင် ကုမ္ပဏီ၏ မူလ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဖော်ပြချက်၊ အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီ၏ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာသုံးသပ်ဖော်ပြချက်၊ ကုမ္ပဏီတွင်ကြုံတွေ့နေရသည့် အခက်အခဲများ နှင့် မသေချာသောကိစ္စရပ်များဆိုင်ရာ ဖော်ပြချက်နှင့် အခြား သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များ အပါအဝင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း ဆိုင်ရာ လျော်ကန်မျှတသည့် သုံးသပ်တင်ပြချက်တစ်ရပ် ပါရှိရမည်။ အစီရင်ခံစာကို ဒါရိုက်တာများက ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းထားလျှင် ဒါရိုက်တာများ၏ကိုယ်စားအဖြစ် ဥက္ကဋ္ဌက လက်မှတ် ရေးထိုးနိုင်သည်။

(ဂ) ပုဒ်မ ၂၅၉ တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် သိလျက်ဖြင့် တမင်ပျက်ကွက်မှုကြောင့် အပြစ်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးနှင့် သက်ဆိုင်စေရမည်။

**၂၆၂။ လက်ကျန်ရှင်းတမ်းတွင် ပါရှိရမည့် အကြောင်းအရာများ**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သော လက်ကျန်ရှင်းတမ်း (balance sheet)တွင် ကုမ္ပဏီ၏ ပစ္စည်းများ၊ အခြေပစ္စည်းများ၊ မတည်ငွေရင်းနှင့် တာဝန်ရှိမှုများ အကျဉ်းချုပ်ကို ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ တာဝန်ရှိမှုများနှင့် အခြေပစ္စည်းများ၏ ယေဘုယျအခြေအနေ၊ ပုံသေ သတ်မှတ်ထားသည့် အခြေပစ္စည်းများ၏ တန်ဖိုးကို မည်သို့တွက်ချက်ထားသည် ဟူသော ထုတ်ဖော် တင်ပြရမည့် အချက်အလက်များ ပါရှိရမည်။

(ခ) လက်ကျန်ရှင်းတမ်း (balance sheet)ကို စာရင်းအင်းစံနှုန်းများအရ ကျင့်သုံးရသည့်ပုံစံ သို့မဟုတ် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်သည့် အခြား ပုံစံဖြင့် ပြုစု ဆောင်ရွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သော အရှုံးအမြတ်စာရင်းတွင် ဒါရိုက်တာများသို့ ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအတွက် အခကြေးငွေအဖြစ် ဝန်ဆောင်ခများ၊ ရာခိုင်နှုန်း များ သို့မဟုတ် အခြားနည်း တစ်ရပ်ရပ် အနေဖြင့် ပေးချေခဲ့သည့် ငွေပမာဏ စုစုပေါင်း အား ဖော်ပြသည့် အချက်အလက်များ၊ ကုမ္ပဏီတွင် ပါဝင်သူများက ချမှတ်သည့်

အထူးဆုံးဖြတ်ချက်ဖြင့် လိုအပ်လျှင် အခြားအရာရှိတစ်ဦးဦးသို့ ပေးချေသည့် အခကြေး ငွေများနှင့် ပစ္စည်းတန်ဖိုး လျှော့တွက်ငွေအတွက် ပယ်ဖျက်သည့် တန်ဖိုး စုစုပေါင်းတို့ကို ထည့်သွင်း ဖော်ပြရမည်။ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီက အခြားကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ခန့်ထားရန် အဆိုပြုချက်အရ ဆောင်ရွက်ခြင်းဖြစ်လျှင် အဆိုပါ ဒါရိုက်တာအဖြစ်သော် လည်းကောင်း၊ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ အခြားနည်း တစ်ရပ်ရပ်ဖြင့် လည်းကောင်း ၎င်းကိုယ်ပိုင် အသုံးပြုမှုအတွက် ၎င်းမှရရှိသော အခကြေးငွေ သို့မဟုတ် အခြားလစာနှင့် စရိတ်များကို စာရင်း၏အောက်ခြေတွင် သို့မဟုတ် ပူးတွဲ တင်ပြသည့် ရှင်းတမ်းတွင် မှတ်ချက်ဖြင့် ဖော်ပြပါရှိရမည်။

**၂၆၃။ လက်အောက်ခံကုမ္ပဏီများနှင့် သက်ဆိုင်သောအချက်အလက်များကို လက်ကျန်ရှင်းတမ်းတွင် ထည့်သွင်းဖော်ပြရခြင်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီတစ်ခုဖြစ်သည့်အခါ အဆိုပါကုမ္ပဏီ၏ လက်ကျန် ရှင်းတမ်း (balance sheet) တွင် လက်အောက်ခံကုမ္ပဏီများ၏ ဤဥပဒေအရ ဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေအရဖြစ်စေ ပြုစုတင်ပြရန် လိုအပ်သည့် နောက်ဆုံး စာရင်းစစ်ဆေးထားသည့် လက်ကျန်ရှင်းတမ်း(balance sheet)၊ အရှုံးအမြတ် စာရင်းနှင့် စာရင်းစစ် အစီရင်ခံစာများ၊ ပုဒ်မ ၂၆၄ အရ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ လက်ကျန် ရှင်းတမ်း (balance sheet) ကို လက်မှတ်ရေးထိုးရမည့်ပုဂ္ဂိုလ်က လက်မှတ် ရေးထိုးထားသော ထုတ်ပြန်ချက်ကို အဆိုပါ လက်ကျန်ရှင်းတမ်း (balance sheet)တွင် ပူးတွဲ ဖော်ပြရမည်။ ထို ထုတ်ပြန်ချက် တွင် လက်အောက်ခံကုမ္ပဏီ၏ အရှုံးအမြတ်များကို မည်သို့ဖော်ပြထားသည်၊ သို့မဟုတ် လက်အောက်ခံကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုမို၍ရှိခဲ့လျှင် ထိုကုမ္ပဏီ များ၏ စုစုပေါင်း အရှုံးအမြတ်များကို အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီ၏ စာရင်းများတွင် မည်သို့ဆက်စပ်ကြောင်း ထည့်သွင်းဖော်ပြရမည် ဖြစ်ပြီး အောက်ပါကိစ္စရပ်များအတွက် မည်သို့၊ မည်မျှ ဆက်စပ်သည် စသည်တို့ ဖော်ပြပါရှိ ရမည် -

(၁) လက်အောက်ခံကုမ္ပဏီတစ်ခု၏ ဆုံးရှုံးမှုများအတွက် အဆိုပါ ကုမ္ပဏီ၏ စာရင်းတွင် သို့မဟုတ် ထိုကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီ နှစ်ရပ်လုံး၏ စာရင်းတွင် ဖြည့်စွက်မှုများ ပြုလုပ်ခြင်း နှင့်

(၂) လက်အောက်ခံကုမ္ပဏီတစ်ခု၏ ဆုံးရှုံးမှုများအား အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ အရှုံးအမြတ်စာရင်း၌ ဒါရိုက်တာများက ထည့်သွင်းတွက်ချက် ထားခြင်း၊ သို့ရာတွင် လက်အောက်ခံ ကုမ္ပဏီတစ်ခုခု၏ အမှန်တကယ် ရရှိသည့် အမြတ် သို့မဟုတ် အရှုံးပမာဏကို ဖြစ်စေ၊ အဆိုပါ အမြတ် သို့မဟုတ် အရှုံးများမှ တစ်စိတ် တစ်ဒေသဖြစ်သော ပမာဏဖြစ်စေ အဆိုပါရှင်းတမ်းတွင် ရှင်းလင်းဖော်ပြရန် မလိုအပ်။ သို့သော်လည်း ဤပုဒ်မပါ ကိစ္စရပ်များ အလို့ငှာ အစုရှယ်ယာများ၊ စတော့ ရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များကို အမိက စီးပွားရေး လုပ်ငန်းအဖြစ်ရယူ သို့မဟုတ် ပိုင်ဆိုင်သည့်

ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကုမ္ပဏီ တစ်ခုအား ယင်း၏အခြေပစ္စည်းတွင် အခြား ကုမ္ပဏီ၏ အစုရှယ်ယာ ၅၁ % သို့မဟုတ် ထိုပမာဏထက် ပိုများသော အစုရှယ်ယာများ ပါဝင်နေသော အကြောင်းမှုဖြင့် အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီ တစ်ရပ် ဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေအရဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ ပြုစုရန် လိုအပ်သည့် လက်အောက်ခံကုမ္ပဏီတစ်ခု နှင့်စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်းနှင့် သက်ဆိုင်သည့် စာရင်းစစ်အစီရင်ခံစာ၌ စာရင်းစစ်များ လိုအပ်သော သတင်းအချက် အလက်များနှင့် ရှင်းလင်းဖော်ပြချက်များ အားလုံး ရရှိကြောင်း၊ စာရင်းစစ်များရရှိသည့် သတင်းအချက်အလက်နှင့် ရှင်းလင်းဖော်ပြ ချက်များ၊ ကုမ္ပဏီ၏ စာရင်းစာအုပ်များတွင် ဖော်ပြချက်များအရ ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို မှန်ကန်စွာဖော်ပြနိုင်ရန် လက်ကျန်ရှင်းတမ်း (balance sheet)ကို ပြုစုထားကြောင်း ဖော်ပြချက်များ မရှိလျှင် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet)တွင် ပူးတွဲတင်ပြမည့် ထုတ်ပြန်ချက်တွင် အစီရင်ခံစာအား အသိအမှတ်မပြုနိုင်သည့် အကြောင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်စေ ရမည်။

(ဂ) ဤပုဒ်မပါ ကိစ္စရပ်များအလို့ငှာ လက်အောက်ခံကုမ္ပဏီတစ်ခု၏ အရှုံး သို့မဟုတ် အမြတ် ဆိုသည်မှာ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ စာရင်းများနှင့်သက်ဆိုင်သည့် ကာလ အတွင်း နေ့ရက်တစ်ရက်ရက်အထိ ပြုစုထားသော လက်အောက်ခံကုမ္ပဏီ၏ စာရင်း တစ်ရပ်ရပ် တွင် ဖော်ပြထားသည့် အရှုံး သို့မဟုတ် အမြတ်ကို ဆိုလိုသည် သို့မဟုတ် အစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီ၏ စာရင်းများကို ပြုစုသည့်အချိန်တွင် လက်အောက်ခံ ကုမ္ပဏီ၏ အဆိုပါစာရင်းများကို မရရှိပါက အဆိုပါကာလအတွင်း ရရှိနိုင်သည့် လက်အောက်ခံ ကုမ္ပဏီ၏ ယခင်နောက်ဆုံးစာရင်းများတွင် ဖော်ပြထားသောအရှုံး သို့မဟုတ် အမြတ်များ ကို ဆိုသည်။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ ဒါရိုက်တာများသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ထုတ်ပြန်ချက်အား ပြုစုရာတွင် လိုအပ်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ခြင်း မရှိပါက လက်ကျန်ရှင်းတမ်း (balance sheet)ကို လက်မှတ်ရေးထိုးသော ဒါရိုက်တာများသည် အဆိုပါကိစ္စရပ်အား စာဖြင့်ရေးသား တင်ပြရမည် ဖြစ်ပြီး ၎င်းတို့၏ အစီရင်ခံစာကို အဆိုပါထုတ်ပြန်ချက်အစား လက်ကျန် ရှင်းတမ်း (balance sheet) တွင် ပူးတွဲ ဖော်ပြရမည်။

(င) အစုများပိုင်ဆိုင်သည့်ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်လျက် လက်အောက်ခံ ကုမ္ပဏီတစ်ခုခုက ပုဒ်မ ၂၅၈ နှင့်အညီ ထိန်းသိမ်းထားရှိသော ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုရန်အတွက် ဆုံးဖြတ်ချက်တွင် အမည်ဖော်ပြပါရှိသော ကိုယ်စားလှယ်များကို ကြည့်ရှုခွင့်ပေးနိုင်သည်။ ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ဘဏ္ဍာရေး ဆိုင်ရာမှတ်တမ်းများကို ရုံးလုပ်ငန်းချိန်အတွင်း မည်သည့်အချိန်တွင် မဆို ထိုကိုယ်စားလှယ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

(စ) ကုမ္ပဏီတွင် ပါဝင်သူများအား ပုဒ်မ ၂၆၈ အရ အပ်နှင်းထားသည့် အခွင့် အရေးများကို အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတွင် ပါဝင်သူများက လက်အောက်ခံကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်း၍ ၎င်းတို့သည် အဆိုပါ လက်အောက်ခံကုမ္ပဏီတွင် ပါဝင်သူများ ဖြစ်သကဲ့သို့

ကျင့်သုံး ဆောင်ရွက်နိုင်သည်။

**၂၆၄။ လက်ကျန်ရှင်းတမ်း၏ အစစ်အမှန်ဖြစ်မှု**

ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရန် လိုအပ်သော ဘဏ္ဍာရေး ဆိုင်ရာ ရှင်းတမ်းများကို ဒါရိုက်တာနှစ်ဦးက လက်မှတ်ရေးထိုးရမည် သို့မဟုတ် ဒါရိုက်တာ နှစ်ဦး အောက်နည်းသည့် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ တစ်ဦးတည်း သော ဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

**၂၆၅။** ဤအခန်းအရ လိုအပ်သော လက်ကျန်ရှင်းတမ်း (balance sheet)ကို ကုမ္ပဏီထံ ရှင်းလင်း တင်ပြရာတွင်လည်းကောင်း၊ ထိုရှင်းတမ်းကို ထုတ်ဝေရာတွင်လည်းကောင်း ပျက်ကွက်မှု တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက၊ သို့မဟုတ် ဘဏ္ဍာရေးရှင်းတမ်း၊ အရှုံးအမြတ်စာရင်း၊ သို့မဟုတ် ဝင်ငွေနှင့်အသုံးစရိတ် စာရင်းသို့မဟုတ် အခြားဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ပုဒ်မ ၂၆၀၊ ၂၆၂၊ ၂၆၃ နှင့် ၂၆၄ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်ထားသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိဘဲ ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင် ပါဝင်ဆောင်ရွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးစီသည် ပြစ်ဒဏ်ငွေ (၁၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၆၆။ မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏မိတ္တူ**

(က) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းအား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ ရှင်းလင်း တင်ပြ ပြီးသည့်အခါ ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး တစ်ဦးဦးက လက်မှတ် ရေးထိုးထားသောယင်း၏မိတ္တူတစ်စုံကိုပုဒ်မ ၉၇ တွင်ဖော်ပြပါရှိသော သတ်မှတ်ချက်များ နှင့်အညီပြုစုထားသည့် နှစ်စဉ် ကုမ္ပဏီတွင် ပါဝင်သူများ၏ စာရင်းနှင့် အကျဉ်းချုပ်တို့၏ မိတ္တူများ တင်ပြသည့် အချိန်ကာလတွင် မှတ်ပုံတင်အရာရှိ ထံသို့ တင်ပြရမည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအား တင်ပြသည့် အထွေထွေအစည်းအဝေးသည် ယင်းဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများအား အတည်မပြုခဲ့လျှင် ထိုသို့အတည်မပြုသည့် အချက်အလက်နှင့် အကြောင်းပြချက်များအတွက် ရေးသားဖော်ပြချက်တစ်ခုကို ဘဏ္ဍာ ရေးဆိုင်ရာ ရှင်းတမ်းများတွင် ပူးတွဲ ထားရှိရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိထံ တင်ပြရမည့် စာရွက်စာတမ်းမိတ္တူ တွင်လည်း ပူးတွဲထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

**၂၆၇။** ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၆၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက် လျှင် အဆိုပါကုမ္ပဏီနှင့် ပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြား အရာရှိများ တစ်ဦးဦးစီ သည် ပြစ်ဒဏ်ပမာဏ (၅)ခုထက် မပိုသော ပြစ်ဒဏ်ကို ပေးဆောင်ရမည်။

**၂၆၈။ ကုမ္ပဏီတွင် ပါဝင်သူများက ဘဏ္ဍာရေးရှင်းတမ်း နှင့် စာရင်းစစ်အစီရင်ခံစာများ၏ မိတ္တူများကို ရယူပိုင်ခွင့်ရှိခြင်း**

ဤဥပဒေတွင် ပါရှိသော အခြားပြဋ္ဌာန်းချက်များ မှတစ်ပါး ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီက ပြုစုရသည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏ မိတ္တူများကို ရယူခွင့်ရှိသည်။

**မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးခြင်း**

**၂၆၉။ မှတ်ပုံတင်အရာရှိက သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်း ဖော်ပြချက်များကို တောင်းခံခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၎င်းထံသို့ ကုမ္ပဏီ တစ်ခုက တင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများကို စိစစ်ပြီးနောက် အဆိုပါ စာရွက်စာတမ်းများတွင် သက်ဆိုင်သည့်ကိစ္စရပ်များ အတွက် အချက်အလက်များ ပြည့်စုံမှုရှိစေရန် အလို့ငှာ သတင်းအချက် အလက်များ သို့မဟုတ် ရှင်းလင်း ဖော်ပြချက်များ လိုအပ်နေသည်ဟု ထင်မြင်ယူဆပါက မှတ်ပုံတင်အရာရှိသည် စာဖြင့် ရေးသားထားသော အကြောင်းကြားစာ တစ်ရပ်ကို ထုတ်ပြန်၍ ထိုအကြောင်းကြားစာတွင် သတ်မှတ်ပေးထားသည့် အချိန်ကာလ အတွင်း ဖော်ပြပါ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းဖော်ပြချက်ကို ကုမ္ပဏီက စာဖြင့်ရေးသား၍ တင်ပြစေရန် တောင်းဆိုနိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာတစ်ရပ်ကို လက်ခံရရှိသည့်အခါ ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများ ဖြစ်သည့် သို့မဟုတ် ဖြစ်ခဲ့သည့် ပုဂ္ဂိုလ်များသည် အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်း ဖော်ပြချက်များကို အကောင်းဆုံး ပြုစု၍ ပေးပို့တင်ပြရန် တာဝန်ရှိသည်။

(ဂ) အဆိုပါသတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် ၎င်းထံသို့ တင်ပြထားသော မူလစာရွက်စာတမ်းများတွင် ယင်းတို့အား ပူးတွဲထားနိုင်သည်။ မှတ်ပုံတင် အရာရှိက ပူးတွဲ ထားရှိသော နောက်ဆက်တွဲ စာရွက်စာတမ်း တစ်ရပ်ရပ်ကို စစ်ဆေးဆောင်ရွက်ခြင်း၊ မိတ္တူများ ကူးယူခြင်း တို့တွင် မူလစာရွက်စာတမ်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ကဲ့သို့ပင် လိုက်နာဆောင်ရွက်ရမည်။

(ဃ) အဆိုပါသတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို သတ်မှတ်ကာလအတွင်း ပြုစုတင်ပြနိုင်ခြင်းမရှိခဲ့လျှင် သို့မဟုတ် မှတ်ပုံတင် အရာရှိက အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်း ဖော်ပြချက်များကို ဖတ်ရှုပြီးနောက် မေးမြန်းထားသည့် စာရွက်စာတမ်းတွင် သိလိုသော အကြောင်းအရာများကို ပြုစုတင်ပြမှုမှာ ကျေနပ်လက်ခံနိုင်ဖွယ်မရှိကြောင်း၊ သက်ဆိုင်သည့်ကိစ္စရပ်အပေါ် ပြည့်စုံမှန်ကန်သည့် ဖော်ပြချက်များ မပါရှိကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါအခြေအနေများကို စာဖြင့်ရေးသား၍ ပြည်ထောင်စုဝန်ကြီးထံ အစီရင်ခံ တင်ပြရမည်။

(င) ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြှီရှင်တစ်ဦးဦးက မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားသော ကိစ္စရပ်များ၌ ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းကို မြှီရှင်များ အပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မဟုတ် ကုမ္ပဏီ နှင့် ဆက်သွယ် လုပ်ကိုင်နေသူများအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မဟုတ် လိမ်လည် လှည့်ဖြားလိုသောသဘောဖြင့် ဆောင်ရွက်လျက် ရှိကြောင်း တင်ပြလာလျှင် မှတ်ပုံတင်အရာရှိသည် စာဖြင့်ရေးသားထားသော အကြောင်းကြားစာဖြင့် ကုမ္ပဏီသို့ ကြားနာဆောင်ရွက်ရန် အခွင့်အရေးပေးပြီးနောက် အကြောင်းကြားစာတွင် သတ်မှတ် ဖော်ပြထားသည့် အချိန်ကာလအတွင်း အကြောင်းကြားစာတွင် သတ်မှတ်ပါရှိသည့် ကိစ္စရပ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ သို့မဟုတ်

ရှင်းလင်းတင်ပြ ချက်များ အတွက် ကုမ္ပဏီအား ခေါ်ယူမေးမြန်းနိုင်သည်။ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် ပုဒ်မ ၂၇၀ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် အဆိုပါအမိန့် နှင့် သက်ဆိုင်စေရမည်။ မှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးမှုပြုပြီးနောက် ဤပုဒ်မခွဲအရ အရေးယူ ဆောင်ရွက်ခဲ့သည့် တင်ပြချက် တစ်ရပ်ရပ်သည် အရေး မယူလောက်သောကိစ္စ ဖြစ်သည် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေသော ကိစ္စ ဖြစ်သည် ဟု တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါ သတင်းပေး တင်ပြသူ၏ အချက်အလက်များကို ကုမ္ပဏီသို့ အသိပေးရမည်။

(စ) ဤပုဒ်မတွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ဤဥပဒေအရ တင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများနှင့်လည်း အလားတူ သက်ဆိုင်စေရမည်။

၂၇၀။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မ ၂၆၉ အရ တောင်းဆိုသည့် သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်း ဖော်ပြချက်များကို ပြုစုပေးပို့ရန် ငြင်းဆိုလျှင် သို့မဟုတ် ပျက်ကွက်လျှင် ပြစ်မှုတစ်ရပ်စီ အတွက် ပြစ်ဒဏ်ငွေ (၁၀၀) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည့် အပြင် တရားရုံးသည် မှတ်ပုံတင်အရာရှိက တင်ပြလျှောက်ထားပါက ကုမ္ပဏီသို့ အကြောင်း ကြားပြီးနောက် အဆိုပါ စာရွက်စာတမ်းများအား ပြုစုတင်ပြရန်အတွက် ကုမ္ပဏီအပေါ် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးရန် လိုအပ်သည်ဟု တရားရုံးအနေဖြင့် ထင်မြင်ပါက လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် အရာရှိ အား စုံစမ်းစစ်ဆေးခြင်းကို ခွင့်ပြုနိုင်သည်။

**စစ်ဆေးဆောင်ရွက်ခြင်းများ**

**၂၇၁။ စုံစမ်းစစ်ဆေးသူများက ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေး ဆောင်ရွက်ခြင်း**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးသည် အောက်ပါ အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်လာပါက ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို စုံစမ်း စစ်ဆေး ရန်နှင့် ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားသည့် နည်းလမ်းများအတိုင်း စုံစမ်း စစ်ဆေးမှု အား တင်ပြရန်အတွက် အရည်အချင်းပြည့်ဝသော စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုသောသူများကို ခန့်အပ်နိုင်သည်-

(၁) အစုရှယ်ယာမတည်ငွေရင်းပါရှိသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ထုတ်ဝေထားသော အစုရှယ်ယာများ၏ တစ်ဆယ်ပုံ တစ်ပုံ ထက် မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသည့် ကုမ္ပဏီ တွင် ပါဝင်သူများက လျှောက်ထားခြင်း၊

(၂) အစုရှယ်ယာမတည်ငွေရင်း မပါရှိသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသူ အရေအတွက်၏ ငါးပုံတစ်ပုံထက် မနည်းသောသူများက လျှောက်ထားခြင်း၊

(၃) မည်သည့်ကုမ္ပဏီတစ်ရပ်ရပ်နှင့်မဆိုစပ်လျဉ်းသည့်ကိစ္စရပ်တွင် ပုဒ်မ ၂၆၉ ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်အရာရှိက အစီရင်ခံတင်ပြခြင်း၊ သို့မဟုတ်

(၄) မည်သည့် ကုမ္ပဏီတစ်ရပ်ရပ်နှင့်မဆို စပ်လျဉ်းသည့် ကိစ္စရပ်တွင် အများပြည်သူ ၏ အကျိုးအလို့ငှာ ယင်းစုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရန် မှတ်ပုံတင်အရာရှိက အကျိုးအကြောင်းယုံကြည်စွာ တွေ့ရှိလျှင် မှတ်ပုံတင်အရာရှိက တောင်းဆိုခြင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ စုံစမ်းစစ်ဆေးသူတစ်ဦးကို ခန့်အပ်ခြင်းမပြုမီ ပြည်ထောင်စုဝန်ကြီးသည် အောက်ပါ အကြောင်းအချက်များကို ယုံကြည်လက်ခံပြီး ဖြစ်ရမည်-

(၁) ကုမ္ပဏီ သို့မဟုတ် ယင်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးစီသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ ပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်နိုင်ဖွယ်ရှိခြင်း နှင့်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ် (၁) သို့မဟုတ် (၂)တို့တွင် ဖော်ပြပါရှိသော လျှောက်ထားမှု တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ပြုလုပ်ပြီး ကျိုးကြောင်းညီညွတ်မှုရှိခြင်း။

**၂၇၂။ စုံစမ်းစစ်ဆေးဆောင်ရွက်ရန် လမ်းညွှန်နိုင်သည့် ပြည်ထောင်စုဝန်ကြီး၏ အခွင့်အာဏာ**

ပြည်ထောင်စုဝန်ကြီးသည် မည်သည့်အချိန်တွင်မဆို အများပြည်သူအကျိုးငှာ ဤဥပဒေအရ ခန့်အပ်သော အရည်အချင်းပြည့်ဝသည့် စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော သူများဖြင့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

**၂၇၃။ စုံစမ်းစစ်ဆေးမှုအတွက် လျှောက်ထားခြင်းတွင် သက်သေအထောက် အထားများ တင်ပြရခြင်း**

ပုဒ်မ ၂၇၁ အရ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက လျှောက်ထားတင်ပြမှု တွင် ကုမ္ပဏီ သို့မဟုတ် ယင်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်နိုင်ဖွယ်ရှိကြောင်း၊ စုံစမ်းစစ်ဆေးမှု အတွက် လျှောက်ထားမှု တစ်ရပ်ရပ်ကို ခိုင်မာသော အကျိုးအကြောင်းရှိကြောင်း၊ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ထိခိုက်နစ်နာ စေလိုသောအကြောင်းဖြင့် တိုက်တွန်းတင်ပြခြင်း မဟုတ်ကြောင်း တို့အား ဖော်ပြနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက လိုအပ်မည်ဟု ယူဆသော သက်သေ အထောက်အထားများကို တင်ပြရမည်။ ပြည်ထောင်စုဝန်ကြီးသည် စုံစမ်းစစ်ဆေးသူ တစ်ဦးအား ခန့်အပ်ခြင်းမပြုမီ လျှောက်ထားတင်ပြသူက စုံစမ်းစစ်ဆေးမှုအတွက် ကုန်ကျမည့် စရိတ်များ အား ပေးချေရန် အာမခံ ထားရှိစေနိုင်သည်။

**၂၇၄။ စာရင်းစာအုပ်များအား ကြည့်ရှုစစ်ဆေးခြင်းနှင့် အရာရှိများအား စစ်ဆေး မေးမြန်းခြင်း**

(က) ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများ ဖြစ်သည့် သို့မဟုတ် ဖြစ်ခဲ့သည့် ပုဂ္ဂိုလ်အားလုံးသည် ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံး သို့မဟုတ် ကုမ္ပဏီနှင့် စပ်လျဉ်းသည့် အခွင့်အာဏာများ အားလုံးကို စုံစမ်းစစ်ဆေးသူများထံသို့ ပေးအပ်ရန် တာဝန်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးသူသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောသူများကို စစ်ဆေးမေးမြန်းနိုင်သည်။

၂၇၅။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မ ၂၇၄ ပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏လုပ်ငန်း ကိစ္စများနှင့် စပ်လျဉ်း၍ တာဝန်ရှိသည်နှင့်အညီ စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်း တစ်ရပ်ရပ်ကို ပေးအပ်ရန် သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန်အတွက် ငြင်းဆိုလျှင် ပြစ်မှု တစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၁၀၀) ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၇၆။ စုံစမ်းစစ်ဆေးမှု၏ စစ်ဆေးတွေ့ရှိမှုနှင့် အစီရင်ခံ တင်ပြမှု**

(က) စုံစမ်းစစ်ဆေးမှု ပြီးစီးသည့်အခါ စုံစမ်းစစ်ဆေးသူများသည် ၎င်းတို့၏ လေ့လာသုံးသပ်ချက်များကို ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြအစီရင်ခံရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြသည့် အစီရင်ခံစာမိတ္တူတစ်စုံကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့် အပြင် အခြားမိတ္တူတစ်စုံကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ ပေးပို့ရမည်။ ထို့အပြင် အခြားမိတ္တူ တစ်စုံကိုလည်း စုံစမ်းစစ်ဆေးပေးရန် တင်ပြ

လျှောက်ထားသူက တောင်းခံလာလျှင် ၎င်းထံသို့ ပေးအပ်ရမည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များအားလုံးကို ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီမှ ကျခံစေရန် ညွှန်ကြားနိုင်ပြီးထိုသို့ ညွှန်ကြားမှုမရှိလျှင် လျှောက်ထားတင်ပြ သူများကပေးချေရမည်။ သို့ရာတွင် ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က) အပိုဒ်(၃) သို့မဟုတ် (၄)နှင့်အညီ ဆောင်ရွက်သော စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များကိုကုမ္ပဏီ၏အခြေပစ္စည်းများမှ ထုတ်နုတ် ကျခံရမည်ဖြစ်ပြီး အခွန်ကြွေးကျန် တစ်ရပ်ကဲ့သို့ ပြန်လည်တောင်းခံရယူရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ၎င်းက ထိန်းသိမ်းထားသည့် ကုမ္ပဏီ၏မှတ်တမ်းများနှင့်အတူ ၎င်းထံပေးပို့လာသော အစီရင်ခံစာမိတ္တူများကို ထိန်းသိမ်း ထားရှိရမည်။

## ၂၇၇။ တရားစွဲဆိုဆောင်ရွက်ခြင်း

(က) ပုဒ်မ ၂၇၁ သို့မဟုတ် ၂၇၂ အရ ပြုစုတင်ပြလာသော အစီရင်ခံစာတွင် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်အတွက် အပြစ်ရှိကြောင်း ကျိုးကြောင်းညီညွတ်မှု ရှိသည်ဟု ပြည်ထောင်စုဝန်ကြီးက တွေ့ရှိလျှင် ဝန်ကြီးဌာနသည် ထိုကိစ္စရပ်အား ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိထံသို့ လွှဲပြောင်းပေး ရမည်။

(ခ) အဆိုပါကိစ္စရပ်အား လွှဲပြောင်းလက်ခံရရှိသူသည် တရားစွဲဆို ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စဖြစ်သည်ဟု ယူဆပါက ထိုသူသည် တရားစွဲဆိုဆောင်ရွက်ခြင်းကို ပြုလုပ်ရမည်။ တရားစွဲဆိုမှုတွင် စွပ်စွဲခံရသူမှအပ ယခင်ကဖြစ်စေ၊ ယခုလက်ရှိတွင် ဖြစ်စေ တာဝန်ထမ်းဆောင်နေကြသော ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အရာရှိများနှင့် ကိုယ်စားလှယ်များအားလုံးသည် တရားစွဲဆိုဆောင်ရွက်မှုနှင့်သက်ဆိုင်သော လိုအပ် သည့် အကူအညီများအားလုံးကို လွှဲပြောင်းလက်ခံရရှိသူသည် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များအတွက် ကုမ္ပဏီနှင့် စပ်လျဉ်း၍ "ကိုယ်စားလှယ်များ" ဟူသော စကားရပ်တွင် ဘဏ်လုပ်ငန်းရှင်များနှင့် ကုမ္ပဏီ၏ ဥပဒေအကြံပေးများ၊ စာရင်းစစ်များအဖြစ် ကုမ္ပဏီမှ ခန့်အပ်ထားသူများပါဝင်ရမည်ဖြစ်ပြီး ၎င်းတို့မှာ ကုမ္ပဏီ ၏ အရာရှိများ ဖြစ်သည် ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ပါဝင်သည်။

(ဃ) ဤပုဒ်မအရ တရားစွဲဆိုဆောင်ရွက်ခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးအား တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်နေ့မှ (၅)နှစ်ကာလအတွင်း မည်သည့်ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုတွင်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မည်သည့် နည်းလမ်းဖြင့်ပါဝင်ခြင်း သို့မဟုတ် ဒါရိုက်တာ တစ်ဦးအဖြစ် တာဝန် ပေးအပ်ခြင်း မပြုရ။

## ၂၇၈။ စုံစမ်းစစ်ဆေးသူများ၏ အစီရင်ခံစာကို သက်သေခံအဖြစ် မှတ်ယူရခြင်း

ဤဥပဒေအရ ခန့်အပ်သော စုံစမ်းစစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာမိတ္တူ တစ်စုံကို စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုမ္ပဏီ၏ ရုံးတံဆိပ်ခတ်နိုင်၍ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးက ဖြစ်စေ အစစ်အမှန် ဖြစ်ကြောင်း အတည်ပြုထားလျှင် အစီရင်ခံစာတွင် ပါဝင်သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးသူများ၏ ထင်မြင်ချက်များကို သက်သေခံအဖြစ် မည်သည့် တရားစွဲဆိုဆောင်ရွက်မှု များတွင်မဆို လက်ခံရမည်။

## စာရင်းစစ်များ

## ၂၇၉။ စာရင်းစစ်များ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် ၎င်းတို့အား ခန့်အပ်ခြင်း

(က) သက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ အခွင့်အာဏာ အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က ပေးအပ်သော ကုမ္ပဏီ၏ စာရင်းစစ်တစ်ဦးအဖြစ် ဆောင်ရွက်ရန်ခွင့်ပြုသည့် လုပ်ကိုင်ခွင့်လက်မှတ်ကို ကိုင်ဆောင်ထားခြင်း မရှိလျှင် မည်သူတစ်ဦး တစ်ယောက်ကိုမျှ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၊ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီ တစ်ခုခုတို့တွင် စာရင်းစစ်တစ်ဦးအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း မပြုရ။သို့ရာတွင် အဆိုပါ လုပ်ကိုင်ခွင့်လက်မှတ်များကို ကိုင်ဆောင်ထားပြီး နိုင်ငံတော်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေသော ဖက်စပ် လုပ်ကိုင်သူများ ပါဝင်သည့် လုပ်ငန်းစုတစ်ရပ်အား ယင်းလုပ်ငန်းစုအမည်ဖြင့် ကုမ္ပဏီ တစ်ခု၏ စာရင်းစစ်အဖြစ်ခန့်အပ်နိုင်ပြီး ယင်းလုပ်ငန်းစုအမည်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် နှစ်စဉ်အထွေထွေအစည်းအဝေးတစ်ရပ်စီ၌ နောက်တစ်ကြိမ်ကျင်းပမည့် အထွေထွေအစည်းအဝေးမတိုင်မီအထိ စာရင်းစစ်တစ်ဦး သို့မဟုတ် စာရင်းစစ်များကို ခန့်အပ်ရမည်။

(ဂ) စာရင်းစစ်တစ်ဦးအား ခန့်အပ်ရန်လိုအပ်ပြီး ထိုသို့ခန့်အပ်မှုကိုနှစ်စဉ် အထွေထွေအစည်းအဝေး၌ပြုလုပ်ခဲ့ခြင်းမရှိလျှင် ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ လျှောက်ထားမှု အရ လက်ရှိနှစ်အတွက် ကုမ္ပဏီ၏စာရင်းစစ်တစ်ဦးကို ခန့်ထားနိုင်ပြီး အဆိုပါစာရင်းစစ်၏ လုပ်အားအတွက် ကုမ္ပဏီကပေးချေရမည့် အခကြေးငွေကို သတ်မှတ် ပေးနိုင်သည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များအား ကုမ္ပဏီ၏ စာရင်းစစ်များအဖြစ် ခန့်အပ်ခြင်းမပြုရ-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦး၊

(၂) အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိ၏ ဖက်စပ်လုပ်ကိုင်သူတစ်ဦးဦး၊

(၃) အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီ တစ်ခုခုတွင် အဆိုပါဒါရိုက်တာ သို့မဟုတ် အရာရှိက ခန့်အပ်ထားသူတစ်ဦးဦး နှင့်

(၄) ကုမ္ပဏီသို့ အကြွေးတင်ရှိနေသူတစ်ဦးဦး။

ပုဂ္ဂိုလ်တစ်ဦးဦးသည် စာရင်းစစ်အဖြစ် ခန့်အပ်ပြီးနောက် ကုမ္ပဏီတွင် အကြွေးတင်ရှိလာပါက ယင်း၏ခန့်အပ်မှုကို ထိုအချိန်မှစ၍ ရပ်စဲရမည်။

(င) နှစ်စဉ်အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာများကို ကုမ္ပဏီ တွင်ပါဝင်သူများထံသို့ ပေးပို့သည့်နေ့ မတိုင်မီ (၁၄) ရက်ထက်နောက်မကျ စေဘဲ စာရင်းစစ်ရာထူးနေရာတွင် အငြိမ်းစားယူထားသော စာရင်းစစ်မှအပ အခြားသူတစ်ဦးဦးကို ခန့်ထားရန်ရည်ရွယ်ထားကြောင်း အကြောင်းကြားစာ ကို ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက ကုမ္ပဏီသို့ ပေးပို့ထားခြင်းမရှိလျှင်၊ ထိုသူကိုနှစ်စဉ် အထွေထွေအစည်းအဝေး၌ စာရင်းစစ်အဖြစ် ခန့်ထားခွင့်မရှိစေရ။ ကုမ္ပဏီသည် အငြိမ်းစားယူထားသော စာရင်းစစ်ထံသို့ အဆိုပါ အကြောင်းကြားစာမိတ္တူတစ်စောင်အား ပေးပို့ရမည့်အပြင် အဆိုပါ အကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ပေးပို့ရမည်။ ထို့အပြင်အကြောင်းကြားစာအား ကြေညာတွင် ထည့်သွင်းဖော်ပြ၍ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းက ခွင့်ပြုသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။သို့ရာတွင် စာရင်းစစ်တစ်ဦးအား ခန့်ထားရန်

ရည်ရွယ်ထားကြောင်း အကြောင်းကြားစာကို ကုမ္ပဏီသို့ ပေးပို့ပြီးနောက် နှစ်စဉ် အထွေထွေ အစည်းအဝေးအတွက် အကြောင်းကြားစာကို အဆိုပါအကြောင်းကြားစာ ပေးပို့ပြီးနောက် (၁၄)ရက် သို့မဟုတ် ထိုကာလထက်နည်းသည့် ကာလ အတွင်း ပေးပို့ခဲ့ လျှင် စာရင်းစစ်တစ်ဦးအား ခန့်ထားရန်ရည်ရွယ်ထားကြောင်း အကြောင်းကြား စာ အတွက် အချိန်ကာလသတ်မှတ်ချက်နှင့် စပ်လျဉ်းသည့် ဤပုဒ်မပါ သတ်မှတ် ချက်များ ကို လိုက်နာသည်ဟု မှတ်ယူရမည်ဖြစ်ပြီး အဆိုပါအကြောင်းကြားစာ ကို နှစ်စဉ် အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာပေးပို့သည့် အချိန်ကာလ အတိုင်း ပေးပို့ရမည်။

(စ) ဥပဒေအရ လိုက်နာ ကျင့်ပရသည့် ကုမ္ပဏီအစည်းအဝေး မတိုင်မီ ကုမ္ပဏီ၏ပထမဦးဆုံး စာရင်းစစ်များကို ကုမ္ပဏီ၏ ဒါရိုက်တာများက ခန့်အပ်နိုင်သည်။ ထိုသို့ခန့်အပ်ရာတွင် ကုမ္ပဏီတွင်ပါဝင်သူများက အထွေထွေအစည်းအဝေး၌ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဖယ်ရှားခြင်းမပြုခဲ့လျှင် ပထမအကြိမ် နှစ်စဉ် အထွေထွေ အစည်းအဝေးအထိ စာရင်းစစ်ရာထူးနေရာတွင် ခန့်အပ်ထား၍ ၎င်းအစည်းအဝေး မတိုင်မီ ဖယ်ရှားခဲ့လျှင် ကုမ္ပဏီ တွင် ပါဝင်သူများက စာရင်းစစ်များကို ခန့်အပ် နိုင်သည်။

(ဆ) ဒါရိုက်တာများသည် ရုတ်တရက် လစ်လပ်သွားသော စာရင်းစစ်ရာထူး နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ သို့သော် အဆိုပါလစ်လပ်မှုသည် ဆက်လက်ဖြစ်ပေါ် နေခဲ့ လျှင် ဆက်လက်ဆောင်ရွက်နေသော စာရင်းစစ် သို့မဟုတ် စာရင်းစစ်များ ရှိခဲ့လျှင် ၎င်းတို့က လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(ဇ) ကုမ္ပဏီစာရင်းစစ်များ၏ အခကြေးငွေကို အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီက သတ်မှတ်ပေးရမည်။ သို့သော် ဥပဒေအရ လိုက်နာကျင့်ပရသည့် ကုမ္ပဏီအစည်းအဝေး မတိုင်မီက ခန့်အပ်ထားသော စာရင်းစစ်များ၏ အခကြေးငွေ သို့မဟုတ် ရုတ်တရက် လစ်လပ်သွားသောနေရာတစ်ခုခုတွင် ဖြည့်စွက်ခန့်ထားသည့် စာရင်းစစ်များ၏ အခကြေး ငွေကို ဒါရိုက်တာများက သတ်မှတ်ပေးနိုင်သည်။

(ဈ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော သတ်မှတ်ချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ လိုက်နာ ကျင့်သုံးရမည်။

**၂၈၀။ စာရင်းစစ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) ကုမ္ပဏီတစ်ခု၏ စာရင်းစစ်အားလုံးသည်ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများ၊ စာရင်း စာအုပ်များ၊ ငွေစာရင်းများ၊ ပြေစာများကို မည်သည့်အချိန်တွင်မဆို ရယူနိုင်ခွင့် ရှိပြီးကုမ္ပဏီ ၏ ဒါရိုက်တာများနှင့် အရာရှိများထံမှ စာရင်းစစ်တာဝန်များကို ဆောင်ရွက် နိုင်ရန်အလို့ငှာ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်း ဖော်ပြချက်များ ကို ရယူခွင့်ရှိသည်။

(ခ) စာရင်းစစ်များသည် ၎င်းတို့စစ်ဆေးဆောင်ရွက်ခဲ့သည့် စာရင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ၎င်းတို့၏ ရာထူးသက်တမ်းကာလအတွင်း အထွေထွေအစည်းအဝေး တွင် ကုမ္ပဏီထံသို့ တင်ပြလာသည့် ဘဏ္ဍာရေး ဆိုင်ရာရှင်းတမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစီရင်ခံစာ တင်ပြရမည်။ ထိုအစီရင်ခံစာ တွင် အောက်ပါတို့ကို ဖော်ပြပါရှိရမည် -

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များ ရရှိခြင်းရှိ

မရှိ၊

(၂) ၎င်းတို့၏ ထင်မြင်ချက်တွင် အစီရင်ခံစာ၌ ဖော်ပြပါရှိသော ဘဏ္ဍာရေး ဆိုင်ရာ ရှင်းတမ်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ပြုစုထားခြင်း ရှိ မရှိ၊

(၃) ကုမ္ပဏီ၏ စာရင်းစာအုပ်များတွင် ဖော်ပြပါရှိပြီး စာရင်းစစ်များထံပေး အပ်သော ပြည့်စုံသည့် သတင်းအချက်အလက်များ၊ ရှင်းလင်း ဖော်ပြချက် များနှင့်အညီ ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်း တွင် မှန်ကန် ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ မရှိ နှင့်

(၄) ၎င်းတို့၏ ထင်မြင်ချက်တွင် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ဤအခန်း တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီက ထိန်းသိမ်းထားရှိခြင်း ရှိ မရှိ။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)တွင် ဖော်ပြပါရှိသော ကိစ္စရပ်တစ်ရပ်ရပ်ကို ပြုလုပ်ဆောင်ရွက် ထားခြင်းမရှိကြောင်း သို့မဟုတ် အပြည့်အဝမပြုလုပ်ထားကြောင်း ဖြေဆိုလျှင် အစီရင်ခံစာ၌ ဖြေဆိုချက်များအတွက် အကြောင်းပြချက်များကို ဖော်ပြရမည်။

(ဃ) စာရင်းစစ်များသည် စစ်ဆေးအစီရင်ခံထားသော စာရင်းတစ်ရပ်ရပ်ကို ကုမ္ပဏီထံ တင်ပြရန်အတွက် ကုမ္ပဏီ၏အထွေထွေ အစည်းအဝေး ကျင်းပရန် အကြောင်းကြားစာ ကို လက်ခံရရှိခွင့်ရှိသည့်အပြင် ထိုအစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည်။ ထို့အပြင် စာရင်းများနှင့်စပ်လျဉ်း၍ ရေးသားဖော်ပြချက် သို့မဟုတ် ရှင်းလင်းချက် တစ်စုံတစ်ရာ ပြုလုပ်နိုင်သည်။

(င) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီစာရင်းစစ်တစ်ဦး နုတ်ထွက်လျှင် သို့မဟုတ် အစားထိုးခန့်အပ်ခဲ့လျှင် နုတ်ထွက်သည့် သို့မဟုတ် အစားထိုးခန့်အပ်ခံရသည့် စာရင်းစစ်သည် ၎င်း၏ တာဝန်များ၊ ကဝ္ပမ်းကျင်ပညာရှင်၏ တာဝန်ဝတ္တရားများ နှင့် ညီညွတ်စွာ သဘောရိုးဖြင့် သင့်လျော်စွာဆောင်ရွက်၍ ကုမ္ပဏီ၏ ငွေရေးကြေးရေး လုပ်ငန်းများနှင့် သက်ဆိုင်သောရေးသား ဖော်ပြချက် သို့မဟုတ် အစီရင်ခံစာကို လိုအပ်သည်ဟု ထင်မြင်လျှင်ပြုလုပ်နိုင်သည်။ ဒါရိုက်တာများသည် အဆိုပါ အစီရင်ခံစာကို လက်ခံရရှိသည့်နေ့မှ (၂၈) ရက်အတွင်း ကုမ္ပဏီတွင် ပါဝင်သူများထံသို့ ပေးပို့ရမည့်အပြင် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ ဒါရိုက်တာ များသည် လိုအပ် သည်ဟုထင်မြင်ပါက စာရင်းစစ်ကတင်ပြလာသည့် အစီရင်ခံစာ အပေါ်တွင် သဘောထား မှတ်ချက် ရေးသားဖော်ပြနိုင်သည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော သတ်မှတ်ချက်များကို ကန့်သတ် တားမြစ်ခြင်းမရှိစေဘဲ လိုက်နာ ကျင့်သုံးရမည်။

**၂၈၁။** စာရင်းစစ်အစီရင်ခံစာတစ်ရပ်ရပ်အား ပုဒ်မ ၂၈၀ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း မရှိဘဲ ပြုလုပ်ခဲ့လျှင် ထိုသို့ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင် ပါဝင်သော စာရင်းစစ် တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၀၀)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၈၂။ အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာများပါဝင်သောကုမ္ပဏီများနှင့် သက်ဆိုင်ခြင်း**

(က) အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ် ပါဝင်သော ကုမ္ပဏီနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၂၆၀၊ ၂၇၉၊ နှင့် ၂၈၀ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေဘဲ လိုက်နာဆောင်ရွက် ရမည်။

(ခ) အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ် ပါဝင်သော ကုမ္ပဏီ၏ စာရင်းစစ်အား

ပြည်ထောင်စုဝန်ကြီး၏ အကြံပြုချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်က ခန့်အပ်နိုင်သည် သို့မဟုတ် ပြန်လည်ခန့်အပ်နိုင်သည်။

(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ်တွင် အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ခန့်အပ်ထားသော စာရင်းစစ်က ကုမ္ပဏီ၏ စာရင်းများကို စစ်ဆေးရမည့် နည်းလမ်းများအား ညွှန်ကြားရန်နှင့် စာရင်းစစ်၏ အဆိုပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဆိုပါစာရင်းစစ်ထံသို့ ညွှန်ကြားချက်များ ပေးရန်၊

(၂) ကုမ္ပဏီ၏ စာရင်းများကို ထပ်မံစစ်ဆေးခြင်း သို့မဟုတ် စမ်းသပ် စစ်ဆေးခြင်း တစ်ရပ်ရပ် ပြုလုပ်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ အခွင့် အာဏာ အပ်နှင်းထားပြီး အဆိုပါစာရင်းစစ်ဆေးမှုအတွက် မည်သူ့ကိုမဆို မည်သည့် ပုံစံဖြင့် အခွင့်အာဏာအပ်နှင်းခြင်း ခံရသူထံသို့ အဆိုပါကိစ္စရပ် နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ သို့မဟုတ် အခြားအချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်က အထွေထွေ သို့မဟုတ် အထူးအမိန့်တစ်ရပ်ဖြင့် ညွှန်ကြားသည့်အတိုင်း ပေးအပ်စေရန်နှင့်

(၃) ပြည်ထောင်စုစာရင်းစစ်ချုပ်က သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကုမ္ပဏီ ၏ စာရင်း များကိုစစ်ဆေးရန် သို့မဟုတ် ထပ်မံစစ်ဆေးရန် သို့မဟုတ် စမ်းသပ် စစ်ဆေးရန် အတွက် ကုမ္ပဏီ၏လက်ဝယ်ရှိ သို့မဟုတ် ကုမ္ပဏီ၏ စီမံမှုအောက်ရှိ မှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကို ကုမ္ပဏီက ၎င်းထံသို့တင်ပြရန်၊

(ဃ) ကုမ္ပဏီက သတင်းအချက်အလက်များ၊ မှတ်တမ်းများ သို့မဟုတ် စာရွက် စာတမ်းများ

ကို ပေးအပ်ရန် သို့မဟုတ် ပြုစုပေးရန် ချမှတ်သည့် အမိန့်တစ်ရပ်ကို ယခင်က ဖြစ်စေ၊ ယခု ဖြစ်စေ ကုမ္ပဏီတွင် အရာရှိ သို့မဟုတ် ဝန်ထမ်း တစ်ဦးဦးအဖြစ် တာဝန်ရှိသူထံသို့ လိပ်မူ ပေးပို့နိုင်သည်။ ဤပုဒ်မတွင် ပါရှိသော ပြဋ္ဌာန်းချက်များ အားလုံးသည် ကုမ္ပဏီနှင့် သက်ဆိုင်သကဲ့သို့ အဆိုပါ ပုဂ္ဂိုလ်များနှင့်လည်း သက်ဆိုင် စေရမည်။

(င) အထက်ဖော်ပြပါ စာရင်းစစ်သည် ၎င်း၏ စာရင်းစစ်အစီရင်ခံစာမိတ္တူတစ်စုံကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ တင်ပြရမည် ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က သင့်သည် ထင်မြင်သည့် နည်းလမ်းများဖြင့် မှတ်ချက် ပေးနိုင်ခွင့် သို့မဟုတ် ဖြည့်စွက်ခွင့် ရှိရမည်။

**၂၈၃။ လွှဲအပ်ခြင်း**

ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆောင်ရွက်ရမည်ဖြစ်သော ပုဒ်မ ၂၈၂ ပါ ကိစ္စရပ်များကို အထွေထွေအားဖြင့် သော်လည်းကောင်း၊ အထူးအားဖြင့်သော်လည်းကောင်း ယင်း၏ အခွင့် အာဏာ အပ်နှင်းခြင်း ခံရသူ တစ်ဦးဦးက ဆောင်ရွက်နိုင်သည်။

**၂၈၄။ ပြစ်မှုပြစ်ဒဏ်**

အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ် ပါဝင်သော ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၂ အရ ပြုလုပ်သော အမိန့်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် ကုမ္ပဏီ နှင့် ပျက်ကွက်မှု တွင် ပါဝင်သည့် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အခြားအရာရှိများ သို့မဟုတ် ဝန်ထမ်းများ အားလုံးသည် (၂)နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ပြစ်ဒဏ် ပမာဏ (၁၀၀) ခုထက်မပိုသော ငွေဒဏ်တို့ကို ကျခံ စေရမည်။

**၂၈၅။ မှတ်တမ်းများကို ရရှိခွင့် နှင့် စစ်ဆေးကြည့်ရှုခွင့် စသည်တို့နှင့်စပ်လျဉ်းသည့် ဦးစားပေး အစုရှယ်ယာ**

**ပိုင်ရှင်များ၏ အခွင့်အရေးများ**

ကုမ္ပဏီတစ်ခု၏ ဦးစားပေးအစုရှယ်ယာများ နှင့် ဒီဘင်ချာများကို ပိုင်ဆိုင်သူများသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၊ စာရင်းစစ်များ၏ အစီရင်ခံစာများ နှင့် ကုမ္ပဏီ၏ သာမန် အစုရှယ်ယာပိုင်ရှင်များက ရရှိသည့် အခြားအစီရင်ခံစာများကို ရရှိခွင့် နှင့် စစ်ဆေးကြည့်ရှုခွင့် ရှိသည်။

**အခန်း (၂၅) အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ မြီရှင်များနှင့် ကုမ္ပဏီတွင် ပါဝင်သူများအကြား ညှိနှိုင်းသဘောတူ ခြင်းနှင့် အစုရှယ်ယာများ ဝယ်ယူနိုင်သည့် အခွင့်အရေး**

**၂၈၆။ အငြင်းပွားမှုကိစ္စရပ်များကို ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရန်အတွက် တင်ပြ နိုင်သည့် ကုမ္ပဏီ၏ အခွင့်အာဏာ**

အငြင်းပွားမှုတစ်ရပ်ရပ်ကို ဖြေရှင်းရန်အတွက် ကုမ္ပဏီက ဆောင်ရွက်နိုင်သည့် အခြား နည်းလမ်း တစ်ရပ်ရပ်ကိုကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် စာဖြင့်ရေးသားထားသော သဘောတူညီချက်ဖြင့် ကုမ္ပဏီနှင့် အခြားကုမ္ပဏီ သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးဦးတို့အကြား ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း ဖြစ်ပေါ်လာမည့် အငြင်းပွားမှု တစ်ရပ်ရပ်ကို အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေနှင့်အညီ ခုံသမာဓိဖြင့် စီရင် ဆုံးဖြတ်ရန်အတွက် တင်ပြနိုင်သည်။

**၂၈၇။ မြီရှင်များနှင့် ကုမ္ပဏီတွင်ပါဝင်သူများအကြား စေ့စပ်ပြေငြိမ်းနိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီတစ်ခုနှင့် ယင်း၏မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင် ပါရှိသော မြီရှင်များအကြား တွင်ဖြစ်စေ၊ ကုမ္ပဏီနှင့် ယင်းတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစား တစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများအကြားတွင်ဖြစ်စေ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်အား အဆိုပြုတင်ပြသည့် အခါ တရားရုံးသည် ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကုမ္ပဏီတွင်

ပါဝင်သူများကဖြစ်စေ၊ ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖြစ်စေ အကျဉ်းချုပ်ဖော်ပြချက်ဖြင့် လျှောက်ထား တင်ပြလာလျှင် တရားရုံးက ညွှန်ကြားသည့် နည်းလမ်းအတိုင်း မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေး တစ်ရပ်ကို ခေါ်ယူကျင်းပဆောင်ရွက်စေရန် အမိန့်ချမှတ် နိုင် သည်။

(ခ) အစည်းအဝေး၌ ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ တက်ရောက် သော မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသောမြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများတွင်တန်ဖိုးလေးပုံသုံးပုံရှိသည့်အပြင် အရေအတွက်အများစုဖြင့် စေ့စပ် ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်အား သဘော တူညီခဲ့လျှင် ထိုစေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်သည် တရားရုံးက ခွင့်ပြုခဲ့လျှင် မြီရှင်များသို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီ တွင် ပါဝင်သူများအားလုံး နှင့် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ ကုမ္ပဏီအား စာရင်း ရှင်းလင်း ဖျက်သိမ်းရန် ဆောင်ရွက်နေလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိနှင့် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူတစ်ဦး အပေါ်တွင် တရားဝင် စည်းနှောင်မှု ရှိစေရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ ချမှတ်သည့်အမိန့်သည် ယင်းအမိန့်၏ တရားဝင်အတည်ပြု

ထားသည့် မိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြခြင်းမရှိလျှင် အကျိုးသက်ရောက်မှု မရှိစေရ။ အဆိုပါ အမိန့်အားလုံး၏ မိတ္တူတစ်စုံကို ထိုအမိန့်အား ချမှတ်ပြီးနောက်တွင် ထုတ်ဝေသော ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းမိတ္တူတွင် ပူးတွဲထားရမည်။

(ဃ) တရားရုံးသည် ဤပုဒ်မအရ လျှောက်ထားမှုတစ်ခုခုကို လက်ခံရရှိပြီးနောက် မည်သည့် အချိန်တွင်မဆို လျှောက်ထားမှုအား အပြီးသတ်စီရင်ဆုံးဖြတ်ခြင်း မပြုမီအထိ တရားရုံး မှသင့်လျော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှု တစ်ရပ်ရပ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် တရားစီရင်ဆောင်ရွက်မှု တစ်ရပ်ရပ်အား ဆက်လက်ဆောင်ရွက် ခြင်းကို ဆိုင်းငံ့ထားနိုင်သည်။

(င) ဤပုဒ်မတွင် ဖော်ပြပါရှိသော "ကုမ္ပဏီ" ဆိုသည်မှာ ဤဥပဒေအရ စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်သော ကုမ္ပဏီတစ်ရပ်ရပ်ကို ဆိုလိုသည်။ ဤပုဒ်မပါ ကိစ္စရပ်များ အတွက် တရားစွဲဆိုထားသော သို့မဟုတ် အမိန့်ဒီဂရီ တစ်ရပ်ရပ် လက်ခံရရှိ ထားသော အာမခံအကျိုးခံစားခွင့်မရရှိသောမြီရှင်များ (unsecured creditors) ကို အခြားသော အာမခံအကျိုးခံစားခွင့်မရရှိသော မြီရှင်များကဲ့သို့အမျိုးအစားတစ်ရပ်တည်း ဖြစ်သည်ဟု မှတ်ယူရမည်။

(စ) တရားရုံး၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုများအား ကြားနာရန် အခွင့် အာဏာ အပ်နှင်းထားသော အာဏာပိုင်အဖွဲ့အစည်းသို့ ဤပုဒ်မအရ မူလ စီရင်ပိုင်ခွင့်ကို ကျင့်သုံး ခွင့်ရှိသော တရားရုံးက ချမှတ်သည့်အမိန့်တစ်ရပ်ရပ် အပေါ် အယူခံ တင်ပြနိုင်သည်။

**၂၈၈။** ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၇ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုကို သိလျက်ဖြင့် တမင် ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အခြား အရာရှိများတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၃) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၈၉။ စီစဉ်ဆောင်ရွက်မှုများနှင့် စေ့စပ်ပြေငြိမ်းမှုများအား လွယ်ကူစွာ ဆောင်ရွက်နိုင်စေရန်အတွက် ပြဋ္ဌာန်းချက်များ**

(က) ပုဒ်မ ၂၈၇ တွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီ နှင့် ပုဂ္ဂိုလ်တစ်ဦးဦး အကြား အဆိုပြု ထားသော စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်ကို ခွင့်ပြုနိုင်ရန် အတွက် အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်အား တင်ပြလာသည့်အခါ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းရန် သို့မဟုတ် ကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခု ထက်ပိုသော ကုမ္ပဏီများကို ပေါင်းစည်းရန် ရည်ရွယ်သည့် စီမံချက် တစ်ရပ်အတွက် သို့မဟုတ် ယင်းစီမံချက်နှင့်စပ်လျဉ်း၍ အဆိုပြုခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံချက်အရ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့် ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် စီမံချက်နှင့် သက်ဆိုင်သော ကုမ္ပဏီ တစ်ခုခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကို ဖြစ်စေ ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ လွှဲပြောင်း ပေးကြောင်း တရားရုံးက တွေ့ရှိလျှင် တရားရုံး သည် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ခွင့်ပြုသည့် အမိန့်ဖြင့်သော် လည်းကောင်း၊ နောက်ဆက်တွဲ

အမိန့်တစ်ရပ်ဖြင့် သော်လည်းကောင်း အောက်ပါ ကိစ္စရပ် အားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ် အတွက်ဖြစ်စေ စည်းကမ်းချက်များ ပြုလုပ် သတ်မှတ်နိုင်သည် -

(၁) လွှဲပြောင်းပေးသည့်ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများ နှင့် ပစ္စည်း သို့မဟုတ် တာဝန်ရှိမှု အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်း လက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းပေးခြင်း၊

(၂) လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက အခြားသူတစ်ဦးဦးသို့ သို့မဟုတ် အခြား သူတစ်ဦးဦးအတွက် ခွဲဝေသတ်မှတ်သည့် သို့မဟုတ် လျာထားဆောင်ရွက် သည့် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ပြုလုပ်မည့် အဆိုပါကုမ္ပဏီရှိ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အခြား အလားတူ အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ခွဲဝေ သတ်မှတ်ခြင်း သို့မဟုတ် လျာထား ဆောင်ရွက်ခြင်း၊

(၃) လွှဲပြောင်းပေးသည့် ကုမ္ပဏီကသော်လည်းကောင်း၊ လွှဲပြောင်းပေးသည့် ကုမ္ပဏီ အပေါ်တွင်လည်းကောင်း ဆိုင်းငံ့ထားသော တရားစွဲဆိုမှုတစ်ရပ်ရပ် ကို လွှဲပြောင်း လက်ခံသည့် ကုမ္ပဏီကသော်လည်းကောင်း၊ လွှဲပြောင်း လက်ခံသည့် ကုမ္ပဏီ အပေါ်တွင်လည်းကောင်း ဆက်လက်စွဲဆို ဆောင်ရွက်ခြင်း၊

(၄) လွှဲပြောင်းပေးသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မပြုဘဲ ဖျက်သိမ်းခြင်း၊

(၅) တရားရုံးကသတ်မှတ်သည့်အချိန်အတွင်းထိုသို့သတ်မှတ်ပေးသည့်နည်းလမ် အတိုင်း စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား သဘော တူညီခြင်း မရှိသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် ပြဋ္ဌာန်းချက်များ ပြုလုပ်ခြင်း၊

(၆) ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ပေါင်းစည်းခြင်းအား ပြည့်စုံ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နောက်ဆက်တွဲ သို့မဟုတ် ဆက်စပ်သည့် ကိစ္စရပ်များ ချမှတ်ခြင်း။

(ခ) ဤပုဒ်မအရ ချမှတ်သည့်အမိန့်တစ်ရပ်သည် ပစ္စည်း သို့မဟုတ် တာဝန်ရှိမှု များကို လွှဲပြောင်းခြင်းနှင့်သက်ဆိုင်လျှင် အဆိုပါအမိန့်အရ ထိုပစ္စည်းကို လွှဲပြောင်းလက်ခံ သည့်ကုမ္ပဏီသို့ လွှဲပြောင်း အပ်နှင်းရမည်ဖြစ်ပြီး ယင်း၏ပစ္စည်းများဖြစ်လာစေရမည်။ အလားတူ အဆိုပါ အမိန့်အရ ထိုတာဝန်ရှိမှုများကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်း ပေးရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီ၏ တာဝန်ရှိမှုများ ဖြစ်လာစေရမည်။ပစ္စည်းများနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် အမိန့်တွင် ညွှန်ကြားချက် တစ်စုံတစ်ရာပါရှိခဲ့လျှင် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအရ အကျိုး သက်ရောက်မှု ရပ်စဲစေရန် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်မှ ကင်းလွတ်စေရ မည်။

(ဂ) ဤပုဒ်မအရ အမိန့်တစ်ရပ်အား ချမှတ်သည့်အခါ အဆိုပါအမိန့်နှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် အဆိုပါ အမိန့်၏ မူရင်းမိတ္တူမှန် တစ်စောင်အား အမိန့်ချမှတ် သည့် နေ့မှ(၁၄)ရက် အတွင်း မှတ်ပုံတင်နိုင် ရန် အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(ဃ) ဤပုဒ်မတွင် ပါရှိသော "ပစ္စည်း" ဟူသောစကားရပ်တွင် ပစ္စည်း၊ အခွင့် အရေး နှင့် အခွင့်အာဏာ အားလုံး ပါဝင်ပြီး "တာဝန်ရှိမှု" ဟူသော စကားရပ်တွင် တာဝန်များ လည်း ပါဝင်သည်။

(င) ပုဒ်မ ၂၈၇ ၏ ပုဒ်မခွဲ(င) ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေဘဲ ဤပုဒ်မပါ "ကုမ္ပဏီ" ဟူသောစကားရပ်တွင် ဤဥပဒေ၏ အဓိပ္ပါယ် ဖော်ပြချက်တွင် ပါရှိသော ကုမ္ပဏီမှအပ အခြားကုမ္ပဏီတစ်ခုခု ပါဝင်ခြင်းမရှိ။

**၂၉၀။** ပုဒ်မ ၂၈၉(ဂ)အား လိုက်နာ ရန် ပျက်ကွက်ပါက ကုမ္ပဏီ နှင့် ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင် ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပြစ်ဒဏ် ပမာဏ (၃)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၂၉၁။ အများစုဖြင့်အတည်ပြုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်နှင့် သဘောကွဲလွဲသော အစုရှယ်ယာ ရှင်များက အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာများ ဝယ်ယူနိုင်သည့် အခွင့်အရေး**

(က) အခြားဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ် တားမြစ်ထားခြင်း မရှိစေဘဲ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့် ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ တစ်ခုရှိ အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအမျိုးအစား တစ်ရပ်ရပ်ကို ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြား ကုမ္ပဏီသို့ ပဋိညာဉ်စာချုပ်အရ လွှဲပြောင်းခြင်းကို လက်ခံသည့် ကုမ္ပဏီက အဆိုပါ ကိစ္စရပ်အတွက် ကမ်းလှမ်းမှုကို ပြုလုပ်ပြီးနောက် (၄)လအတွင်း သက်ဆိုင်သော အစုရှယ်ယာများ၏ တန်ဖိုး လေးပုံ သုံးပုံ ထက်မနည်းသော ပိုင်ရှင်များက အတည်ပြု သည့်အခါ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသည် အဆိုပါ(၄)လ ကုန်ဆုံးပြီး နောက် (၂)လအတွင်း မည်သည့် အချိန်တွင်မဆို သတ်မှတ်ထားသည့် နည်းလမ်းဖြင့် သဘောကွဲလွဲသော အစုရှယ်ယာရှင်တစ်ဦးဦးထံသို့ အကြောင်းကြားစာပေးပို့၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ၎င်း၏အစုရှယ်ယာများကို ရယူလိုကြောင်း ဖော်ပြ အကြောင်းကြား နိုင်သည်။ ထိုအကြောင်းကြားစာပေးပို့ ပြီးသည့်နေ့ရက်မှ ၂၈ရက် အတွင်း သဘောကွဲလွဲသည့်အစုရှယ်ယာရှင်က တရားရုံးသို့ တင်ပြ လျှောက်ထားလာ သည့်အပေါ် တရားရုံးကအခြားနည်း တစ်စုံတစ်ရာကို အမိန့်ချမှတ် ခဲ့ခြင်း မရှိလျှင် လွှဲပြောင်း လက်ခံသည့်ကုမ္ပဏီသည် ၎င်းထံသို့ လွှဲပြောင်းပေး ရန် အတည်ပြုထားသော အစုရှယ်ယာရှင်များ၏ အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်အရ စည်းကမ်းချက်များဖြင့် အဆိုပါအစုရှယ်ယာများကို ရရှိပိုင်ခွင့်ရှိပြီး ရယူရမည်ဖြစ်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက အကြောင်း ကြားစာ တစ်စောင်အား ပေးပို့ခဲ့ပြီး တရားရုံးက သဘောကွဲလွဲသည့် အစုရှယ်ယာရှင်၏ တင်ပြ လျှောက်ထားချက်အပေါ် ဆန့်ကျင်ကွဲလွဲ သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခဲ့ခြင်း မရှိလျှင် အကြောင်းကြားစာပေးပို့သည့် နေ့မှစ၍ ၂၈ရက် ကုန်ဆုံးသည့်အခါ သို့မဟုတ် သဘော ကွဲလွဲသည့် အစုရှယ်ယာရှင်က တရားရုံးသို့ တင်ပြလျှောက်ထားပြီး ထိုသို့တင်ပြ လျှောက်ထားမှုအား ဆိုင်းငံ့ထားခြင်းခံ ရသည့်အခါ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသည် အကြောင်း ကြားစာ မိတ္တူတစ်စောင်ကို လွှဲပြောင်းပေးသည့် ကုမ္ပဏီသို့ပေးပို့ရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ရရှိထိုက်ခွင့်ရှိသည့် အစုရှယ်ယာများအတွက် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီမှ ပေးချေ ရမည့် တန်ဖိုး ပမာဏ သို့မဟုတ်

ယင်းအတွက် အဖိုးစားနားတစ်ရပ်ရပ်ကို လွှဲပြောင်းပေး သည့် ကုမ္ပဏီသို့ ပေးချေရမည် သို့မဟုတ် လွှဲပြောင်းပေးရမည်။ ယင်းသို့ဆောင်ရွက် ပြီးနောက် လွှဲပြောင်း ပေးသည့်ကုမ္ပဏီသည် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီအား အဆိုပါ အစုရှယ်ယာ များ၏ ပိုင်ရှင်အဖြစ် မှတ်ပုံတင် စာရင်း ရေးသွင်းဖော်ပြရမည်။

(ဂ) ဤပုဒ်မအရ လွှဲပြောင်းပေးသည့်ကုမ္ပဏီက လက်ခံရရှိသော ငွေကြေးများကို သီးခြား ဘဏ်ငွေစာရင်းတစ်ခုသို့ ပေးသွင်းရမည်ဖြစ်ပြီး ထိုသို့လက်ခံရရှိသော ငွေပမာဏ နှင့် အခြားအဖိုးစားနားများကို ၎င်းတို့နှင့်စပ်လျဉ်းသည့် အစုရှယ်ယာရှင်အသီးသီးအတွက် ယုံကြည်အပ်နှံမှုအဖြစ် အဆိုပါ လွှဲပြောင်းပေးသည့်ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော "သဘောကွဲလွဲသည့်အစုရှယ်ယာရှင်" ဆိုသည်တွင် ပဋိညာဉ်စာချုပ်အား သဘောတူညီခြင်းမရှိသည့် အစုရှယ်ယာရှင်နှင့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့်အညီ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ ၎င်း၏အစုရှယ်ယာများကို လွှဲပြောင်းပေးရန် ပျက်ကွက်သော သို့မဟုတ် ငြင်းဆန်သော အစုရှယ်ယာရှင် တစ်ဦးဦးတို့ ပါဝင်သည်။

# အပိုင်း (၅)
# ဖျက်သိမ်းခြင်း

## အခန်း (၂၆) ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း

## နိဒါန်း

**၂၉၂။ ကုမ္ပဏီဖျက်သိမ်းခြင်းဆိုင်ရာ နည်းလမ်းများ**

(က) ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည် -

(၁) တရားရုံးကဖြစ်စေ၊

(၂) ဆန္ဒအလျောက်ဖြစ်စေ၊

(၃) တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ။

(ခ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖော်ပြပါ နည်းလမ်း တစ်ရပ်ရပ်အရ ကုမ္ပဏီ တစ်ခုအား ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

## ကြွေးမြီပေးဆပ်ရသူများ (Contributories)

**၂၉၃။ လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ ကြွေးမြီ ပေးဆပ်ရသူများအဖြစ် တာဝန်ရှိမှု**

(က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင် ပါဝင်သူများအားလုံးသည် ဤပုဒ်မပါ ပြဋ္ဌာန်း ချက်များနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ စာရင်းရှင်းလင်း ဖျက်သိမ်း ခြင်းနှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန် အတွက် အောက်ပါသတ်မှတ်ချက်များကို လိုက်နာစေလျက် ကျသင့်သည့် ကုန်ကျ စရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအား ပေးချေရာတွင် ငွေကြေးလုံ လောက်မှု ရှိစေရေးအတွက် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ထည့်ဝင်ပေးဆပ်ရန် တာဝန်ရှိစေရမည်။

(၁) ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်း မပြုမီလွန်ခဲ့သော တစ်နှစ် သို့မဟုတ် ထိုထက်ပိုသော ကာလ ကတည်းကပင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ခြင်းဖြစ်လျှင် ကြွေးမြီ ပေးဆပ်ရေးအတွက် တာဝန် မရှိစေရ။

(၂) ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးအဖြစ်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီကချုပ်ဆိုထားသော ပဋိညာဉ် စာချုပ်အရ ဖြစ်ပေါ်လာသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီ ပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၃) ဤဥပဒေအရ ကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ပေးဆပ်ရန် ဖြစ်သော ကြွေးမြီတာဝန်ကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်း တရားရုံးကတွေ့ရှိခဲ့လျှင်မှအပ ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန် မရှိစေရ။

(၄) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် လက်ရှိ ပါဝင်နေသူ သို့မဟုတ် ယခင်က ပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့် အစုရှယ်ယာများ အတွက် ပေးချေရခြင်း မရှိသေးသော ငွေပမာဏ (ရှိခဲ့လျှင်) ထက်ပိုမိုသော

ငွေပမာဏကို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက်

ရယူခြင်းမရှိစေရ။

(၅) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီ၏ အခြေပစ္စည်းများသို့ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့် ပမာဏထက်ပိုမို၍ ၎င်းထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်း မရှိစေရ။

(၆) ဤဥပဒေတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အာမခံပေါ်လစီ (policy of insurance) သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်အရ ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးချင်းစီ၏ တာဝန်ရှိမှုကို ကန့်သတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ် ကိုဖြစ်စေ၊ ကုမ္ပဏီ၏ ဘဏ္ဍာငွေများဖြင့်သာလျှင် အဆိုပါ ပေါ်လစီ သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်အရ တာဝန်ရှိမှုများကို ဖြစ်စေ တရားမဝင်ခြင်း မဖြစ်စေရ။

(၇) အမြတ်ဝေစုများ၊ အကျိုးအမြတ်များ သို့မဟုတ် အခြားနည်းတစ် ရပ်ရပ်ဖြင့် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးကို ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ပေးရန် ရှိသည့် ငွေပမာဏ တစ်ရပ်ကို ၎င်းနှင့် ကုမ္ပဏီ တွင်ပါဝင်သူတစ်ဦး မဟုတ်သော မြီရှင်တို့အကြား မည်သူ့ထံသို့ ပေးချေရမည်ဟု ဖြစ်ပေါ် လာသည့်ကိစ္စရပ်၌ အဆိုပါ ကုမ္ပဏီတွင် ပါဝင်သူထံသို့ ကုမ္ပဏီကပေးချေရမည့် ကြွေးမြီတစ်ရပ် အဖြစ် မှတ်ယူခြင်း မရှိစေရ။ သို့သော်အဆိုပါ ငွေပမာဏကို ယင်းတို့အကြား ကြွေးမြီ ပေးဆပ်ရ သူများ၏ အခွင့်အရေးအား အပြီးသတ် ညှိနှိုင်းသတ်မှတ်ရာ တွင် ထည့်သွင်း စဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာမတည်ငွေရင်း ပါရှိသော ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်း သည့်အခါတွင် ထိုကုမ္ပဏီတွင်ပါဝင်သူအားလုံး သည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ ၎င်းကထည့်ဝင်ရန် တာဝန်ယူထားသော ပမာဏအတွက် တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသော အစုရှယ်ယာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေးချေရခြင်း မရှိသေးသော ငွေပမာဏ တစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန် တာဝန်ရှိသည်။

**၂၉၄။ တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာများ၏ တာဝန်**

တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါတွင် ဤဥပဒေ အရ သို့မဟုတ်ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တာဝန်ကန့်သတ်ထား ခြင်း မရှိသော ယခင်ကသော်လည်းကောင်း၊ ယခုသော်လည်းကောင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ကြသည့် ဒါရိုက်တာ တစ်ဦးဦးသည် ကုမ္ပဏီ၏သာမန်ပါဝင်သူတစ်ဦးအဖြစ် ငွေကြေးထည့်ဝင်ရန်တာဝန် ရှိခဲ့လျှင် ၎င်းတာဝန်အပြင် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့် အချိန်တွင် တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦးဖြစ်သကဲ့သို့ ငွေကြေး ထည့်ဝင်မှုများကို ထပ်မံ ပြုလုပ်ရန် တာဝန်ရှိသည်။

သို့ရာတွင် -

(က) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း စတင်သည့်နေ့မတိုင်မီ တစ်နှစ် သို့မဟုတ် ထိုထက်ပိုသောကာလကပင် တာဝန်မှ ရပ်စဲခဲ့ပြီးဖြစ်လျှင် ၎င်းအနေဖြင့် ဖော်ပြပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြု လုပ်ရန် တာဝန်မရှိစေရ။

(ခ) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် အဆိုပါတာဝန်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီက ပဋိညာဉ်ပြုလုပ်ထားသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်း သည့်ကိစ္စရပ်အတွက် ကုန်ကျစရိတ်များ၊ အခ ကြေးငွေများနှင့် အသုံးစရိတ်များအတွက် ကျခံနိုင်ရန်အလို့ငှာ အဆိုပါ ငွေကြေးထည့် ဝင်မှု ပြုလုပ်ရန် လိုအပ်ကြောင်း တရားရုံးက ယူဆခြင်းမရှိလျှင် ဒါရိုက်တာ တစ်ဦးသည် အဆိုပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

## ၂၉၅။ ကြွေးမြီပေးဆပ်ရသူ၏ တာဝန်များ

ကြွေးမြီပေးဆပ်ရသူတစ်ဦး၏ တာဝန်ရှိမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်းအပေါ် သတ်မှတ်သည့် ငွေကြေး ထည့်ဝင်ရန် တောင်းခံမှုများတွင် သတ်မှတ်ပါရှိသောအချိန်ကာလ၌ ပေးချေရမည့် ကြွေးမြီတစ်ရပ်ကို အကြွေးအဖြစ် သတ်မှတ်ရမည်။

## ၂၉၆။ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သေဆုံးသည့်ကိစ္စရပ်

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်း ဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်း ဖော်ပြပြီးနောက်တွင်ဖြစ်စေ သေဆုံးသွားခဲ့ လျှင် ၎င်း၏တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်း၏တာဝန် များကိုဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက်ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ နည်းလမ်း တကျ ထည့်ဝင်ရန် တာဝန်ရှိပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်လာစေရမည်။

(ခ) တရားဝင်ကိုယ်စားလှယ်များ နှင့် အမွေဆက်ခံသူများသည် ၎င်းတို့က ပေးသွင်းရမည့် ငွေကြေးတစ်ရပ်ရပ်ကိုပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် ပေးချေရန်တာဝန်ရှိသည့် ငွေကြေး များကို အတင်းအကြပ်ပြု ပေးချေစေရန်အလို့ငှာ သေဆုံးသွားသော ကြွေးမြီ ပေးဆပ်ရသူ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဖြစ်စေ စီမံခန့်ခွဲမှုပြုနိုင်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

## ၂၉၇။ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး လူမွဲဖြစ်သည့်ကိစ္စရပ်

ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်း ဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်း ဖော်ပြပြီးနောက်တွင်ဖြစ်စေ လူမွဲဖြစ်ကြောင်း သတ်မှတ်ခံရလျှင် -

(က) ၎င်း၏ လွှဲအပ်ခြင်းခံရသူများသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များ အားလုံး တွင် ၎င်း၏ကိုယ်စား ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ် လာစေရမည်။ ၎င်းတို့အား လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် အထောက် အထားများ တင်ပြစေနိုင်သည်၊ သို့မဟုတ် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ထည့်ဝင်ရ မည့် ၎င်း၏တာဝန်နှင့် စပ်လျဉ်း၍ လူမွဲအဖြစ်ခံယူသူက ပေးချေရန်တာဝန်ရှိသည့် ငွေကြေး တစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ ၎င်း၏ပိုင်ဆိုင်ပစ္စည်းများမှ ပေးချေစေရန် ခွင့်ပြုနိုင်သည်၊ ၎င်းအပြင်

(ခ) လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် နောင်တွင်တောင်းဆိုမည့် သို့မဟုတ် တောင်းဆိုပြီးဖြစ်သည့် ၎င်းအနေဖြင့် တာဝန်ရှိမည့် ခန့်မှန်းချေ ငွေပမာဏအား သတ်မှတ် နိုင်သည်။

### တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းခြင်း

**၂၉၈။ တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည့် အခြေအနေများ**

တရားရုံးသည် အောက်ပါအခြေအနေတစ်ခုခု ဖြစ်ပေါ်လာလျှင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းနိုင်သည်-

(က) ကုမ္ပဏီကို တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းနိုင်သည်ဟု ကုမ္ပဏီက အထူး ဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်လျှင်၊

(ခ) ဥပဒေအရလိုက်နာဆောင်ရွက်ရသောအစီရင်ခံစာများ တင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသောအစည်းအဝေးများကိုကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့လျှင်၊

(ဂ) ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သည့်အချိန်မှစ၍ တစ်နှစ်အတွင်း ယင်း၏ စီးပွားရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မှုမရှိလျှင်၊ သို့မဟုတ် ထိုကာလ တစ်နှစ်လုံး အတွက် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆိုင်းငံ့ထားလျှင်၊

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများ၏ အရေအတွက်ကို တစ်ဦးအောက်အထိ လျှော့ချခဲ့လျှင်၊

(င) ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်း မပြုနိုင်ခဲ့လျှင်၊

(စ) ကုမ္ပဏီကိုဖျက်သိမ်းခြင်းမှာသင့်လျော်မှန်ကန်၍တရားမျှတသည်ဟုတရားရုံးမှထင်မြင် လျှင်။

**၂၉၉။ ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်း မပြုနိုင်ဟု ယူဆရန်အကြောင်းများ**

(က) ဤအခန်းပါကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်ခဲ့လျှင် ကုမ္ပဏီ တစ်ခုသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်း မပြုနိုင်ဟု မှတ်ယူရမည် -

(၁) လွှဲအပ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း ကုမ္ပဏီက ပြစ်ဒဏ် ပမာဏ (၅) ခုထက်ပိုမိုသော ငွေပမာဏအား ကြွေးမြီ ပေးချေ ရန် တင်ရှိနေသော မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ မှတ်ပုံတင်စာ ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အကြောင်းကြား စာပေး ပို့၍ ကုမ္ပဏီက ပေးရန်ရှိသည့် ငွေပမာဏကို ၎င်းထံပေးချေစေရန် တောင်းဆိုခဲ့ပြီး၊ ကုမ္ပဏီသည် ထိုသို့တောင်းဆိုငွေကို ပေးချေရန် သို့မဟုတ် ကြွေးမြီအတွက် မြီရှင်က ကျေနပ်လက်ခံနိုင်လောက်သောအာမခံမှုတစ်ရပ်ရပ်ပြုလုပ်ရန်ထိုသို့ အကြောင်းကြား သည့်နေ့မှ (၃) ပတ်အထိ ပျက်ကွက်နေခဲ့လျှင်၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ မြီရှင်ကို အနိုင်ပေးသည့် တရားရုံးတစ်ရုံးရုံး၏ ဒီကရီ သို့မဟုတ် အမိန့်တစ်ရပ်အား အတည်ပြုခြင်း သို့မဟုတ် ယင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန် ဆောင်ရွက်မှုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ဒေသဖြစ်စေဆောင်ရွက်နိုင်မှုမရှိခဲ့လျှ င်၊ သို့မဟုတ်

(၃) ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများအား ပေးဆပ်နိုင်ခြင်း မရှိကြောင်း တရားရုံးမှ ကျေနပ်လက်ခံနိုင်လျှင်ကုမ္ပဏီမှာ ယင်း၏ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း ရှိ မရှိ ဟူသည့် ကိစ္စရပ်ကို ဆုံးဖြတ်သည့်အခါတွင် တရားရုံးသည် ကုမ္ပဏီ၏ ဖြစ်ပေါ်လာဖွယ်ရှိသည့် တာဝန်ရှိမှုများကို ထည့်သွင်း သုံးသပ်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အပိုဒ်(၁)တွင် ဖော်ပြပါရှိသည့် တောင်းဆိုချက်ကို မြီရှင်၏ ကိုယ်စား တရားဝင်အခွင့်အာဏာအပ်နှင်းခြင်းခံရသော ကိုယ်စားလှယ် သို့မဟုတ် ဥပဒေ အကြံပေး တစ်ဦးက လက်မှတ် ရေးထိုးခဲ့လျှင်၊ သို့မဟုတ် လုပ်ငန်းစုတစ်ရပ် ဖြစ်သည့် အခါတွင် ထိုလုပ်ငန်းစု၏ကိုယ်စားအဖြစ် ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် လုပ်ငန်းစု၏အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးခဲ့လျှင်

မြီရှင် ကိုယ်တိုင် တရားဝင် ပေးအပ် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

**၃၀၀။ လက်အောက်ခံတရားရုံးသို့ လွှဲအပ်ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖျက်သိမ်းခြင်းများအကြောင်း**

တရားရုံးသည် ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းရန်အတွက် ဤဥပဒေအရ အမိန့်တစ်ရပ် ချမှတ်သည့်အခါ ယင်းက သင့်သည် ထင်မြင်သည့်အတိုင်း လက်အောက်ခံ တရားရုံး တစ်ခုခုတွင် ဆက်လက် စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။ ထိုသို့လက်ခံ ဆောင်ရွက်ရသည့် လက်အောက်ခံ တရားရုံးကို ကုမ္ပဏီ ဖျက်သိမ်းရန်ကိစ္စရပ်အတွက် ဤဥပဒေတွင် ဖော်ပြထားသော "တရားရုံး" ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီ ဖျက်သိမ်းရန် ကိစ္စရပ်အတွက် တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် အခွင့်အာဏာများ ရရှိစေရမည်။

**၃၀၁။ ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို တရားရုံးတစ်ခုမှ အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းခြင်း**

တရားရုံးတစ်ခုခုတွင် ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်တစ်ခုကို ဆောင်ရွက်နေသည့်ကာလအတွင်း ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို စစ်ဆေးစီရင်ခွင့်ရှိသော အခြားတရားရုံးတစ်ခုခုတွင် တရားစွဲဆို စစ်ဆေးခြင်းသည် ပိုမို၍ အဆင်ပြေလွယ်ကူစေမည် ဖြစ်ကြောင်း **တရားရုံးက** တွေ့ရှိလျှင် ယင်းသည် အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းပေးနိုင်ပြီး ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို အဆိုပါ လွှဲပြောင်း လက်ခံရရှိသည့် တရားရုံး၌ ဆက်လက် ဆောင်ရွက်ရမည်။

**၃၀၂။ ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်ကို ဤပုဒ်မပါ ပြဋ္ဌာန်း ချက်များနှင့်အညီ ကုမ္ပဏီကဖြစ်စေ၊ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့် မြီရှင် သို့မဟုတ် မြီရှင်များ အပါအဝင် မြီရှင်တစ်ဦး သို့မဟုတ် မြီရှင်များက ဖြစ်စေ၊ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများကဖြစ်စေ၊ ယင်းတို့အားလုံး သို့မဟုတ် တစ်ဦးဦးကဖြစ်စေ စုပေါင်း၍သော်လည်းကောင်း၊ သီးခြားစီဖြင့်သော်လည်းကောင်း သို့မဟုတ် မှတ်ပုံတင်အရာရှိက ဖြစ်စေ လျှောက်လွှာဖြင့် တင်ပြ ဆောင်ရွက်ရမည်။

သို့ရာတွင် -

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းနှင့် သက်ဆိုင်သည့် အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအချို့ကို ကုမ္ပဏီအားဖျက်သိမ်းမှု စတင်ခြင်းမပြုမီ (၁၈)လအတွင်း အနည်းဆုံး (၆)လအထိ ၎င်းထံသို့ မူလကပင် ထုတ်ဝေထားပြီးဖြစ်ခြင်း သို့မဟုတ် ၎င်းက ပိုင်ဆိုင်ထားပြီးဖြစ်ခြင်း၊ ၎င်းအမည်ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ခြင်း သို့မဟုတ် ယခင်ပိုင်ရှင် သေဆုံးခဲ့သဖြင့် ၎င်းထံသို့ လွှဲပြောင်းပေးခြင်း မရှိခဲ့လျှင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန် အတွက် လျှောက်လွှာ တင်ပြခွင့် မရှိစေရ၊

(ခ) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ တစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာ တင်ပြခွင့် မရှိစေရ -

(၁) ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet)တွင် သို့မဟုတ် ပုဒ်မ ၂၇၁ အရ ခန့်အပ်ထားသည့် စစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာတွင် ထုတ်ဖော် တင်ပြထားသည့် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေအရ ၎င်း၏ ကြွေးမြီများကို ပေးဆပ် နိုင်ခြင်း မရှိဟု ပေါ်ပေါက်လျှင်၊ ၎င်းပြင်

(၂) လျှောက်လွှာတင်ပြရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ကို ရယူထားလျှင်၊

သို့ရာတွင် ကုမ္ပဏီသည် ကြားနာသည့်အခွင့် အရေးကိုဦးစွာ မရရှိခဲ့လျှင် အဆိုပါ ခွင့်ပြုချက်ကို ပေးအပ်ခြင်းမပြုရ။

(ဂ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများ တင်ပြရာတွင်ဖြစ်စေ၊

ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှု ရှိခဲ့သည့် အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာ တင်ပြခြင်းကို အစည်းအဝေး ကျင်းပရမည့် နောက်ဆုံးနေ့ရက်မှ (၁၄)ရက်ထက် ကျော်လွန်ပြီး အစုရှယ်ယာရှင်က တင်ပြ ခြင်းမှတစ်ပါး အခြားသူ တစ်ဦးဦးက တင်ပြ ခြင်း မပြုရ။

(ဃ) တရားရုံးသည် ယင်းက သင့်သည်ထင်မြင်သည့်အတိုင်း အမှုအတွက် ကုန်ကျစရိတ် အပေါ် အာမခံတင်သွင်းသည့်ကာလအထိ၊သို့မဟုတ်ကုမ္ပဏီဖျက်သိမ်းရန်အတွက် စွဲချက်တင်နိုင်လောက်အောင် မြင်သာသော အထောက်အထားရှိသည့် အမှုဖြစ်ကြောင်း တရားရုံး အနေဖြင့် လက်ခံနိုင်သည့်ကာလအထိ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလား အလာရှိသည့် မြီရှင်က တင်ပြသော ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုကို ကြားနာခြင်း မပြုရ။

**၃၀၃။ ကုမ္ပဏီဖျက်သိမ်းရန်အမိန့်၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်သည် မြီရှင်တစ်ဦးဦးနှင့် ကြွေးမြီ ပေးဆပ်ရသူ တစ်ဦးဦးတို့က ပူးတွဲတင်ပြသည့် လျှောက်လွှာအပေါ်တွင် ချမှတ်သည့်အမိန့် တစ်ရပ်အဖြစ် မြီရှင်များ အားလုံးနှင့် ကြွေးမြီပေးဆပ်ရသူများ အားလုံးတို့အတွက် အကျိုး သက်ရောက်စေရမည်။

**၃၀၄။ တရားရုံးက ကုမ္ပဏီဖျက်သိမ်းခြင်း စတင်သည့်အချိန်**

တရားရုံးက ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းခြင်းသည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာ တင်ပြသည့်အချိန်မှ စတင်သည်ဟု မှတ်ယူရမည်။

**၃၀၅။ တရားရုံးက တားမြစ်သည့်အမိန့်များ ထုတ်ဆင့်နိုင်ခြင်း**

ဤဥပဒေအရ ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ သို့မဟုတ်ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးက လျှောက်ထား တင်ပြလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ထပ်မံစစ်ဆေး ဆောင်ရွက်မှု များကို ရပ်ဆိုင်းထား နိုင်သည်။

**၃၀၆။ လျှောက်ထားမှုကို ကြားနာခြင်းနှင့် စပ်လျဉ်းသည့် တရားရုံး၏ အခွင့်အာဏာ**

(က) လျှောက်ထားမှုကို ကြားနာသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်လျှင် စရိတ်နှင့် ဖြစ်စေ၊ စရိတ်မပါဘဲဖြစ်စေ အဆိုပါ လျှောက်လွှာအား ပလပ်နိုင်သည်၊ သို့မဟုတ် ခြွင်း ချက်ဖြင့်ဖြစ်စေ၊ ခြွင်းချက်မပါရှိဘဲလျက်ဖြင့်ဖြစ်စေ ကြားနာခြင်းကို ရွှေ့ဆိုင်းနိုင်သည်၊ သို့မဟုတ် ကြားဖြတ်အမိန့်တစ်ရပ်ရပ် သို့မဟုတ် အခြားအမိန့်တစ်ရပ်ရပ်ကို တရားရုံးက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ချမှတ်နိုင်သည်။ သို့သော် ကုမ္ပဏီ၏ အခြေပစ္စည်းများနှင့် ညီမျှသော သို့မဟုတ် ပိုမိုသော ပမာဏအထိ ထိုအခြေပစ္စည်းများ ကို ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီ တွင် အခြေပစ္စည်းများ မရှိဟူသော အကြောင်း မျှဖြင့် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ရန် အတွက် ငြင်းပယ်ခြင်း မပြုရ။

(ခ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများ တင်ပြရာတွင်ဖြစ်စေ၊ ဥပဒေ အရလိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေပျက်ကွက်မှု

ရှိခဲ့သည့်အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာ တင်ပြလာခြင်းဖြစ်လျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း ပျက်ကွက်မှုနှင့်သက်ဆိုင်သော တာဝန်ရှိသူများက ပေးချေရမည့် ကုန်ကျစရိတ်များအတွက် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအားတစ်ပြိုင်တည်းခန့်အပ်ခြင်းမှအပအဆိုပါ အမိန့်ကို တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူထံသို့ ပေးပို့ရမည်။

**၃၀၇။ ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်နှင့်စပ်လျဉ်း၍ ဆိုင်းငံ့ထားသည့် အမှုများ**

ကုမ္ပဏီ ဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါတွင် သို့မဟုတ် ယာယီ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်ပြီးသည့်အခါတွင် တရားရုံးက သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ တရားရုံး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီ အပေါ် တရားစွဲဆိုမှု သို့မဟုတ် တရားစွဲဆိုဆောင်ရွက်မှုတို့ကို ဆက်လက် ဆောင်ရွက်ခြင်း သို့မဟုတ် စတင်စွဲဆိုခြင်း မပြုလုပ်ရ။

**၃၀၈။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လစ်လပ်ခြင်း**

(က) ဤဥပဒေတွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များအတွက် တရားရုံးကကုမ္ပဏီများကို ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်အခါ "တရားဝင် ခန့်အပ်ထားသည့်ပစ္စည်း လက်ခံထိန်းသိမ်းသူ" ဆိုသည်မှာ တရားရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသည့် တရားဝင် ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူကို ဆိုလိုသည်၊ သို့မဟုတ် အဆိုပါ တရားဝင် ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ မရှိခဲ့လျှင် ပြည်ထောင်စုဝန်ကြီးက ဤကိစ္စရပ်အတွက် နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ဖြင့် ထည့်သွင်း ဖော်ပြ၍ ခန့်အပ် ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုလိုသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါတွင် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် ကုမ္ပဏီ၏တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်စေရမည့်အပြင် တရားရုံး၏ အမိန့်တစ်ရပ်ရပ်ဖြင့် ရပ်စဲခြင်းမပြုသည်အထိစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ဆက်လက် ဆောင်ရွက်ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးအဖြစ် ကုမ္ပဏီ၏ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် အခြေပစ္စည်းများအားလုံးကို ထိန်းသိမ်းထားရှိရမည် ဖြစ်ပြီး အဆိုပါ ထိန်းသိမ်းထားရှိသည့် ပစ္စည်းများအားလုံးကို ကြီးကြပ်ဆောင်ရွက်ခွင့် ရှိသည်။

(ဃ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားရုံးက သတ်မှတ်ပေးသည့် အခကြေးငွေကို ခံစားခွင့်ရှိသည်။

**၃၀၉။ ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်၏ မိတ္တူကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါတွင် ကုမ္ပဏီဖျက်သိမ်းပေးရန် တရားစွဲဆိုသည့်အမှုမှ လျှောက်ထားသူနှင့် ကုမ္ပဏီတို့သည်အဆိုပါ အမိန့်အား ချမှတ်သည့်နေ့ရက်မှ (၁)လအတွင်း ထိုအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင် အရာရှိထံသို့ တင်ပြရန် တာဝန်ရှိသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်၏မိတ္တူတစ်စောင်ကို တင်ပြသည့်အခါတွင် မှတ်ပုံတင်

အရာရှိသည် ကုမ္ပဏီနှင့်သက်ဆိုင်သည့် စာရင်းစာအုပ်တွင် အဆိုပါအချက်အလက်အား မှတ်တမ်းတင်ထားရှိရမည့်အပြင် အဆိုပါအမိန့်အား ချမှတ်ခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်အခါမှတစ်ပါး အဆိုပါအမိန့်သည်ကုမ္ပဏီ၏ ဝန်ထမ်းများသို့ပေးပို့သည့်အကြောင်းကြားစာအဖြစ်မှတ်ယူရမည်။

**၃၁၀။ ကုမ္ပဏီဖျက်သိမ်းခြင်းကို ဆိုင်းငံ့ထားနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် စစ်ဆေးဆောင်ရွက်မှုများအားလုံးကို ဆိုင်းငံ့ထား သင့်ကြောင်းမြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် သို့မဟုတ် ထိုသို့ဆိုင်းငံ့ထားသင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံနိုင်သည့် အထောက်အထားများရှိလျှင် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် အားလုံးကိုဖြစ်စေ သို့မဟုတ် သတ်မှတ် ကာလတစ်ရပ်ရပ်အတွက် ဖြစ်စေ တရားစွဲဆိုဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

**၃၁၁။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို တရားရုံးက လက်ခံပေးနိုင်ခြင်း**

တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်အားလုံးတွင် လုံလောက်သည့် အထောက်အထားတစ်ရပ်ရပ်ဖြင့် ၎င်းထံတင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒများကို ထည့်သွင်းစဉ်းစားနိုင်သည်။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

**၃၁၂။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်ရန် အတွက်လည်းကောင်း၊ တရားရုံးက ချမှတ်မည့် တာဝန်များကို ထမ်းဆောင်ရန် အတွက်လည်းကောင်း၊ တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူမှအပ အခြားသူတစ်ဦးဦး သို့မဟုတ် အခြားသူများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦး သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအဖြစ် ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် တင်ပြလျှောက်ထားမှုတစ်ရပ်ရပ်ကို လက်ခံရရှိပြီးနောက် ကုမ္ပဏီ ဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ခြင်း မပြုရသေးမီ မည်သည့်အချိန်တွင်မဆို အဆိုပါ ခန့်အပ်မှုကို ယာယီအားဖြင့် သတ်မှတ်နိုင်သည်။ သို့သော် တရားရုံးသည် အကြောင်းကြားစာ မပေးပို့သင့်ကြောင်း မှတ်တမ်းတင်ထားနိုင်သည့် အကြောင်းအချက်များ မရှိမှသာအဆိုပါ ခန့်အပ်မှုအား မပြုလုပ်မီ ကုမ္ပဏီသို့ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား တစ်ဦးထက် ပိုမို၍ ခန့်ထားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ဤဥပဒေအရ ဆောင်ရွက်မှု တစ်စုံတစ်ရာကို ပြုလုပ်ရန် လိုအပ်ခြင်း သို့မဟုတ် ပြုလုပ်ရန် အခွင့်အာဏာ အပ်နှင်းထားခြင်းတို့ကို အဆိုပါ ပုဂ္ဂိုလ်အားလုံးကဖြစ်စေ၊ တစ်ဦးဦးကဖြစ်စေ၊ အချို့ကဖြစ်စေ မည်သူက ပြုလုပ်ရမည်ဖြစ်ကြောင်း တရားရုံးက ကြေညာရမည်။

(ဃ) တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးဦး က ၎င်းအား ခန့်အပ်မှုနှင့်စပ်လျဉ်း၍ အာမခံချက်တစ်ရပ်ရပ် ထားရှိရန် လို

မလို နှင့် မည်သည့် အာမခံချက်ကို ထားရှိရမည်တို့ကို ဆုံးဖြတ်နိုင်သည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ပြီး နောက်ပိုင်းတွင် ထိုသို့ခန့်အပ်မှု နှင့် စပ်လျဉ်းသည့် ချို့ယွင်းချက်တစ်ရပ်ရပ်အား တွေ့ရှိစေကာမူ ၎င်း၏ ပြုလုပ်ဆောင်ရွက် ချက်များသည် တရားဝင် စေရမည်။ သို့ရာတွင် ဤပုဒ်မခွဲတွင် ဖော်ပြပါရှိသော မည်သည့် ပြဋ္ဌာန်း ချက်ကမျှ ၎င်းအား ခန့်အပ်မှုသည် တရားဝင်ခြင်း မရှိကြောင်း ဖော်ပြပြီးနောက်ပိုင်း၌ အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ပြုလုပ် ဆောင်ရွက်ချက်များ သည် တရားဝင်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(စ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက်ဝယ်ရှိ အခြေ ပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးကို ခန့်အပ်ခြင်းမပြုရ။

**၃၁၃။ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ လစ်လပ်နေရာများအား ဖြည့်စွက်ခန့်ထားခြင်းနှင့် လျော်ကြေးပေးခြင်း**

(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးသည် နုတ်ထွက်ခွင့် ရှိသည်၊ သို့မဟုတ် ခိုင်လုံသည့် အကြောင်းအချက်များ တင်ပြနိုင်လျှင် တရားရုံးက ၎င်းကို ထုတ်ပယ်နိုင်သည်။

(ခ) တရားရုံးက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦး လစ်လပ်သွားသည့်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ လစ်လပ်သည့်နေရာတွင် ထိုသို့ ဖြည့်စွက်ခန့်ထားသည့် ကာလအထိ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံ ထိန်းသိမ်း သူသည်တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ဆောင်ရွက် ရမည်။

(ဂ) တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အခြား နည်းလမ်း တစ်ရပ်ရပ်ဖြင့်လည်းကောင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိသို့ လစာ သို့မဟုတ် အခကြေးငွေ ပေးရန်ညွှန်ကြားရမည်။ စာရင်းရှင်း လင်းဖျက် သိမ်းရေးအရာရှိတစ်ဦးထက် ပိုမိုခန့်ထားခဲ့လျှင် တရားရုံးက ညွှန်ကြားသည့် အမျိုးအစား ပမာဏအတိုင်း အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများထံသို့ အခကြေးငွေကို ခွဲဝေပေးရမည်။

**၃၁၄။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ၎င်းအား ခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်သာ ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏ ကိုယ်ပိုင်အမည်ဖြင့် ဖော်ပြခြင်း မပြုရ။

**၃၁၅။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို တင်ပြရခြင်း**

(က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ၊ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကို ယာယီအားဖြင့် ခန့်အပ်ပြီးသည့်အခါ တရားရုံးက အခြားအမိန့်တစ်စုံတစ်ရာကို ချမှတ်ရန် လိုအပ်သည် ဟုမယူဆလျှင် အောက်ပါအချက်အလက်များပါဝင်ပြီး ကျမ်းကျိန်ချက်ဖြင့် အတည်ပြု ထားသော ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ရေးသားဖော်ပြချက်တစ်စောင်ကို တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ပြုစုတင်ပြရမည်-

(၁) လက်ဝယ်ရှိ ငွေသားလက်ကျန်ရှင်းတမ်းနှင့် ဘဏ်ရှိ ငွေသားစာရင်းများ ရှိခဲ့လျှင် ၎င်းငွေသားစာရင်းများကို သီးခြားစီ ဖော်ပြလျက် ကုမ္ပဏီ၏ အခြေပစ္စည်းများ၊

(၂) ကြွေးမြီများ နှင့် တာဝန်ရှိမှုများ၊

(၃) အာမခံထားရှိသော ကြွေးမြီများနှင့် အာမခံထားရှိခြင်း မရှိသောကြွေးမြီများ၏ ပမာဏကိုသီးခြားစီ ဖော်ပြလျက် မြီရှင်များ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် အလုပ်အကိုင်များ၊ အာမခံထားရှိသော ကြွေးမြီများဖြစ်လျှင် ငွေချေးသက်သေခံ လက်မှတ်များ၏အချက်အလက်များ ယင်းတို့၏တန်ဖိုးနှင့် ယင်းတို့အား ထုတ်ဝေခဲ့သည့် နေ့စွဲများ နှင့်

(၄) ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် အလုပ်အကိုင်များ၊ ထိုသို့ ပေးဆပ်နိုင်မည့် ပမာဏ။

(ခ) ထိုရေးသားဖော်ပြချက်အား သက်ဆိုင်သည့်နေ့ရက်၌ တာဝန်ထမ်းဆောင်လျက်ရှိသူ ဒါရိုက်တာ တစ်ဦး သို့မဟုတ် ဒါရိုက်တာများက သော်လည်းကောင်း၊ ကုမ္ပဏီ၏ အတွင်းရေးမှူးကသော် လည်းကောင်း၊ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိအဖြစ် အောက်ပါပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသူများက သော်လည်းကောင်း တရားရုံး၏ ညွှန်ကြားချက်နှင့်အညီ မှန်ကန်ကြောင်း အတည်ပြု၍ တင်ပြရမည့်အပြင် အောက်ပါပုဂ္ဂိုလ်များကိုလည်း ရေးသားဖော်ပြချက်အား မှန်ကန်ကြောင်း အတည်ပြု၍ တင်ပြစေနိုင်သည် -

(၁) ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများအဖြစ် ဆောင်ရွက်သူများ သို့မဟုတ် ဆောင်ရွက်ခဲ့သူများ၊ သို့မဟုတ်

(၂) သက်ဆိုင်သည့်နေ့ရက်မှ (၁) နှစ်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှုတွင် ပါဝင်ခဲ့သူများ၊ သို့မဟုတ်

(၃) အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ သို့မဟုတ် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့် တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်သည့် သတင်းအချက်အလက်များကို ပေးနိုင်သူဟု ယူဆသည့်ပုဂ္ဂိုလ်များ။

(ဂ) ထိုရေးသားဖော်ပြချက်ကို သက်ဆိုင်သည့်နေ့ရက်မှ (၂၁) ရက်အတွင်း သို့မဟုတ် အထူး အကြောင်းရှိခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ဖြစ်စေ၊ တရားရုံးကဖြစ်စေ တိုးမြှင့်သတ်မှတ်ပေးသည့်ကာလအတွင်း တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော ရေးသားဖော်ပြချက် နှင့် ကျမ်းကျိန်လွှာ တို့ကို ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် သဘောတူညီသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ယာယီ ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကုမ္ပဏီ၏အခြေပစ္စည်းများမှ ပြင်ဆင်ပြုလုပ် ဆောင်ရွက်ရာတွင် ကုန်ကျသည့်စရိတ်များကို သင့်လျော်သည့် ကုန်ကျ စရိတ်များဖြစ်သည်ဟု သတ်မှတ်ခွင့်ပြု၍ ပေးချေနိုင်သည်။ ထိုကိစ္စရပ်တွင် တရားရုံးသို့ အယူခံဝင်ရောက် နိုင်သည်။

(င) ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း ကိုယ်တိုင်စာဖြင့် ရေးသားဖော်ပြသူတစ်ဦးဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သင့် လျော်သည့်အချိန်တိုင်းတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေ ကို ပေးသွင်းလျက် ဤပုဒ်မအရ တင်ပြသည့် ရေးသားဖော်ပြချက်ကို စစ်ဆေးကြည့်ရှုခြင်း

နှင့် အဆိုပါ ရေးသားဖော်ပြချက်၏ မိတ္တူကိုဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေ ရယူခွင့်ရှိသည်။

(စ) ဤပုဒ်မပါ **"သက်ဆိုင်သည့်နေ့ရက်"** ဆိုသည်မှာ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကို ယာယီခန့်အပ်ထားသည့်ကိစ္စရပ်တွင် ထိုသို့ခန့်အပ်သည့်နေ့ရက်နှင့် ထိုသို့ ခန့်အပ်ခြင်း မပြုသည့် ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့် နေ့ရက် တို့ကိုဆိုသည်။

၃၁၆။ မည်သူမဆို သင့်လျော်သည့်အကြောင်းအချက်မရှိဘဲ ပုဒ်မ ၃၁၅ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် သိလျက်ဖြင့် တမင် ပျက်ကွက်လျှင် ပြစ်ဒဏ်ငွေပမာဏ (၂၀)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၁၇။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း မမှန်မကန် ကိုယ်တိုင်စာဖြင့် ရေးသား ဖော်ပြသူတစ်ဦးဦးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ အရ ပြစ်မှုမြောက်ပြီး စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူက ဖြစ်စေ လျှောက်ထားတင်ပြလာလျှင် အဆိုပါပြစ်မှုဖြင့် ပြစ်ဒဏ် ထိုက်သင့်စေရမည်။

၃၁၈။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရေးသားဖော်ပြချက်**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့်အခါ တရားဝင်ခန့်အပ်ထားသည့် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၁၅ အရ တင်ပြသည့် ရေးသားဖော်ပြချက် အား လက်ခံရရှိပြီးနောက် အဆိုပါအမိန့်ကို ချမှတ်သည့်နေ့မှ (၄)လထက် နောက်မကျစေဘဲ သို့မဟုတ် တရားရုံးက ခွင့်ပြုလျှင် (၆)လထက် နောက်မကျစေဘဲ သို့မဟုတ် ရေးသား ဖော်ပြချက် တင်ပြရန် လိုအပ်ခြင်းမရှိကြောင်း တရားရုံးက အမိန့်ချမှတ်သည့် ကိစ္စရပ်တွင် အမိန့်ချမှတ်သည့်နေ့ရက်မှ အောက်ပါအချက် အလက်များ ပါဝင်သော ကနဦးအစီရင်ခံစာ တစ်စောင်ကို တရားရုံးသို့ ဆောလျင်စွာ တင်ပြရမည် -

(၁) အောက်ပါခေါင်းစဉ်များအလိုက် သီးခြားစီ ဖော်ပြပါရှိသော ထုတ်ဝေထားသည့် မတည်ငွေရင်း ပမာဏ၊ ထည့်ဝင်ထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ပြီး မတည်ငွေရင်းပမာဏ၊ အခြေပစ္စည်းများနှင့် တာဝန်ရှိမှုများအတွက် ခန့်မှန်း တွက်ချက်မှုပမာဏ၊

(ကက) ငွေသားနှင့်လွှဲပြောင်းနိုင်သောငွေချေးသက်သေခံလက်မှတ်များ၊

(ခခ) ကြွေးမြီပေးဆပ်ရသူများထံမှ ရရှိမည့် ကြွေးမြီများ၊

(ဂဂ) ကုမ္ပဏီကရရှိမည့် ကြွေးမြီများနှင့် ကြွေးမြီပေးချေရန်အာမခံချက်များ ရှိခဲ့လျှင်၊

(ဃဃ) ကုမ္ပဏီ ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်း နိုင်သောပစ္စည်းများ နှင့်

(ငင) ငွေပေးချေခြင်း မပြုရသေးသော ထည့်ဝင်ရမည့်မတည်ငွေရင်း၊

(၂) ကုမ္ပဏီက လုပ်ငန်းအောင်မြင်မှုမရှိခဲ့လျှင် ထိုသို့ ဖြစ်ရသည့်အကြောင်းများ နှင့်

(၃) ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်း ပြုလုပ်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းအောင်မြင်မှုမရှိခြင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ ထင်မြင်ချက်အရ ထပ်မံစိစစ်ရန် လိုအပ်ခြင်း ရှိ မရှိ။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်လျှင် ကုမ္ပဏီအား ဖွဲ့စည်း တည်ထောင်ခဲ့သည့်အခြေအနေ၊ ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်း ပြုလုပ်ခြင်း၊ သို့မဟုတ် ဖွဲ့စည်းခြင်းတွင် ပါဝင်သူတစ်ဦးဦး၊ ကုမ္ပဏီ အား ဖွဲ့စည်းတည်ထောင်ပြီးနောက် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အရာရှိတစ်ဦးဦးက လိမ်လည်မှု တစ်ရပ်ရပ်ကို ကျူးလွန်ထားသည်ဟု ထင်မြင်ချက်နှင့် တရားရုံးကသိရှိရန် လိုအပ်သည်ဟု ထင်မြင်သော အခြား အကြောင်းအရာများကို ဖော်ပြထားသည့် အခြားအစီရင်ခံစာ တစ်စောင် သို့မဟုတ် အစီရင်ခံစာများ ကိုလည်း တင်ပြနိုင်သည်။

**၃၁၉။ ကုမ္ပဏီ၏ပစ္စည်းများကို ထိန်းသိမ်းထားရှိခြင်း**

(က) ယာယီအားဖြင့် ခန့်အပ်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသည့် ပစ္စည်းများ၊ ပိုင်ဆိုင်မှုများနှင့် တောင်းခံခွင့်ရှိသည်များ အားလုံးကို ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်တွင် ထားရှိရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများနှင့် ပိုင်ဆိုင်မှုများအားလုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်အား ချမှတ်သည့်နေ့ရက်မှ စတင်၍ တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိသည်ဟု မှတ်ယူရမည်။

**၃၂၀။ စည်းမျဉ်းအရ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော စစ်ဆေးရေးကော်မတီ**

(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိနှင့်အတူ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးကော်မတီတစ်ရပ် ကို ခန့်အပ်မည်၊ မခန့်အပ်မည်ကိုလည်းကောင်း၊ ခန့်အပ်ခဲ့ပါက မည်သူများကို ကော်မတီ ၏ အဖွဲ့ဝင်များအဖြစ် ခန့်အပ်မည်ကိုသော်လည်းကောင်း ဆုံးဖြတ်နိုင်ရန် အလို့ငှာ ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများတွင် သတ်မှတ် ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီ၏ မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ကုမ္ပဏီ ဖျက်သိမ်းသည့် အမိန့်အား ချမှတ်သည့် နေ့ရက်မှ (၁)လ အတွင်း ခေါ်ယူကျင်းပရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ၏ ဆုံးဖြတ်ချက်များကို စဉ်းစားသုံးသပ်ရန်နှင့် အဆိုပါဆုံးဖြတ်ချက်များကို ပြင်ဆင်ချက်ဖြင့် လက်ခံရန် သို့မဟုတ် ပြင်ဆင်ချက်မပြုလုပ်ဘဲ လက်ခံရန်တို့အတွက် ကြွေးမြီ ပေးဆပ်ရ သူများ၏ အစည်းအဝေးတစ်ရပ်ကို မြီရှင်များ၏အစည်းအဝေးအား ကျင်းပသည့် နေ့ရက်မှ (၇)ရက်အတွင်း ခေါ်ယူကျင်းပရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို အပြည့်အဝလက်ခံနိုင်ခြင်း မရှိပါက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စစ်ဆေးရေး ကော်မတီတစ်ရပ်ကို ခန့်အပ်ရန် လိုအပ်ခြင်း ရှိ မရှိ၊ လိုအပ်ခြင်းရှိပါက ထိုကော်မတီကို မည်သို့ဖွဲ့စည်းမည်နှင့် ထိုကော်မတီတွင် မည်သူများက အဖွဲ့ဝင်များ အဖြစ် ပါဝင်ကြမည် တို့အပေါ် လမ်းညွှန်မှု ပြုနိုင်ရန်အတွက် တရားရုံးသို့ လျှောက်ထား ရန် တာဝန်ရှိသည်။

(ဃ) ဤပုဒ်မအရ ခန့်အပ်သည့် စစ်ဆေးရေးကော်မတီတွင် ကုမ္ပဏီ၏ မြီရှင်များ နှင့် ကြွေးမြီ ပေးဆပ်ရသူများ၊ သို့မဟုတ် မြီရှင်များ နှင့် ကြွေးမြီပေးဆပ်ရသူများထံမှ အထွေထွေ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာများ ကိုင်ဆောင်ထားသည့်ပုဂ္ဂိုလ်များ ပါဝင်သော

အဖွဲ့ဝင် (၁၂) ဦးထက် မပိုသောသူများဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်ဦးရေတွင် မြီရှင် များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးများ၌ သဘောတူညီထားသော အချိုးအစားဖြင့် ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသို့ သဘောတူညီထားခြင်း မရှိပါက တရားရုံးက ဆုံးဖြတ်နိုင်သည်။

(င) စစ်ဆေးရေးကော်မတီသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ စာရင်းများကို သင့်လျော်သည့် အချိန်တိုင်းတွင် စစ်ဆေးခွင့်ရှိသည်။

(စ) ကော်မတီသည် အခါအားလျော်စွာ သတ်မှတ်ထားသည့် အချိန်များတွင် တွေ့ဆုံကျင်းပ ရမည်ဖြစ်ပြီး ထိုသို့ သတ်မှတ်ထားသည့် အချိန်ကာလ မရှိပါက တစ်လလျှင် အနည်းဆုံး တစ်ကြိမ် တွေ့ဆုံကျင်းပရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဦးကလည်း လိုအပ်သည်ဟု ထင်မြင်သည့်အခါ ကော်မတီအစည်း အဝေးတစ်ရပ် ခေါ်ယူကျင်းပပေးရန် တင်ပြတောင်းဆို နိုင်သည်။

(ဆ) ကော်မတီသည် အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင် အများစုဖြင့် ဆုံးဖြတ်ဆောင် ရွက်ရမည်ဖြစ်ပြီး ကော်မတီ၏ အဖွဲ့ဝင်အများစု မတက်ရောက်ခဲ့ပါက ထိုသို့ဆုံးဖြတ် ဆောင်ရွက်ခြင်း မပြုရ။

(ဇ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် ၎င်းကိုယ်တိုင် စာဖြင့်ရေးသား လက်မှတ်ရေးထိုးထား သည့် အကြောင်းကြားစာကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးပို့၍ နှုတ်ထွက်နိုင် သည်။

(ဈ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် လူမွဲအဖြစ် ခံယူရခြင်း၊ သို့မဟုတ် ၎င်း၏မြီရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း သို့မဟုတ် အစီအစဉ် တစ်ရပ်ရပ် ပြုလုပ်ရခြင်း၊ သို့မဟုတ် ၎င်းနှင့်အတူ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုသည့် ကော်မတီ အဖွဲ့ဝင်များ၏ ခွင့်ပြုချက်မရရှိဘဲ ကော်မတီ အစည်းအဝေးများကို တက်ရောက်ရန် (၅) ကြိမ် ဆက်တိုက် ပျက်ကွက်ခြင်းတို့ ရှိခဲ့လျှင် ထိုကော်မတီအဖွဲ့ဝင် သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည်ဟု သတ်မှတ်ရမည်။

(ည) ကော်မတီအဖွဲ့ဝင်တစ်ဦးသည် မြီရှင်များအား ကိုယ်စားပြုလျှင် မြီရှင်များ၏ အစည်း အဝေး၌လည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုလျှင် ကြွေးမြီပေးဆပ် ရသူများ၏ အစည်းအဝေး၌လည်းကောင်း သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ၎င်းကို ထုတ်ပယ်နိုင်သည်။ အဆိုပါ အစည်းအဝေးအတွက် ကျင်းပရသည့် ရည်ရွယ်ချက်အား ဖော်ပြပါရှိသည့် အကြောင်းကြားစာကို အနည်းဆုံး (၇) ရက်ကြိုတင်ပေးပို့၍ ဆောင်ရွက်ရမည်။

(ဋ) ကော်မတီတွင် လစ်လပ်နေရာ ဖြစ်ပေါ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါ လစ်လပ်နေရာတွင် ဖြည့်စွက် ခန့်ထားနိုင်ရေးအတွက် မြီရှင်များ၏ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အစည်း အဝေးတွင် ဆုံးဖြတ်ချက်ချမှတ်၍ လစ်လပ်နေရာအား ဖြည့်စွက်ရန်အတွက် မူလ ကော်မတီ အဖွဲ့ဝင်ကို ပြန်လည်ခန့်အပ်နိုင်သည်၊ သို့မဟုတ် အခြားမြီရှင် သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူ တစ်ဦးဦးကို ခန့်အပ်နိုင်သည်။

(ဌ) ကော်မတီတွင် လစ်လပ်နေရာ တစ်ခုခုရှိနေစေကာမူ ကော်မတီ၏ အဖွဲ့ဝင်များက နှစ်ဦးထက် မနည်းရှိပါက ဆက်လက် ဆောင်ရွက်နိုင်သည်။

**၃၂၁။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များ**

တရားရုံး၏ ခွင့်ပြုချက်ဖြင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့် ရှိသည် -

(က) ကုမ္ပဏီ၏အမည်ဖြင့်သော် လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော် လည်းကောင်း တရားမမှု သို့မဟုတ် ပြစ်မှုဆိုင်ရာအမှုများနှင့် စပ်လျဉ်းသည့် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုများတွင် စွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ခုခံချေပခြင်း၊

(ခ) ကုမ္ပဏီကို အကျိုးရှိသည့် နည်းလမ်းဖြင့် ဖျက်သိမ်းရန် လိုအပ်သည့်အတိုင်းအတာအထိ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) လေလံဖြင့်ဖြစ်စေ၊ သီးခြား ပဋိညာဉ် စာချုပ်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီ၏ မရွေ့ မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ ထိုပစ္စည်းများကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊ သို့မဟုတ် ထိုပစ္စည်းများ ကို ပိုင်းခြား၍ ရောင်းချခြင်း၊

(ဃ) စာချုပ်စာတမ်းများ၊ လက်ခံပြေစာများနှင့် အခြားစာရွက်စာတမ်းများတွင် ကုမ္ပဏီ၏ အမည်နှင့် ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ခြင်း နှင့် လက်မှတ်ရေးထိုးချုပ်ဆိုခြင်း၊ ထို ကိစ္စ ရပ်များအတွက် လိုအပ်ပါက ကုမ္ပဏီ၏ ရုံးတံဆိပ်ကို အသုံးပြုခြင်း၊

(င) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လူမွဲခံယူသည့်ကိစ္စရပ်တွင် ထိုသူ၏ပစ္စည်းများအပေါ် စာရင်းရှင်းလင်းဆောင်ရွက်ရန်အတွက် အတည်ပြုခြင်း၊ ရှင်းလင်းခြင်း နှင့် တောင်းဆို ခြင်း၊ အမြတ်ဝေစုများ ခွဲဝေခြင်းကို လက်ခံခြင်း၊ အဆိုပါ စာရင်းရှင်းတမ်းနှင့် စပ်လျဉ်း၍ လူမွဲခံယူသူထံမှ ရရန်ရှိသည့် သီးခြားကြွေးမြီများအဖြစ် အခြားမြီရှင်များနှင့် အချိုးကျ ရယူဆောင်ရွက်ခြင်း၊

(စ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအနေဖြင့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ်ကိုကုမ္ပဏီအနေဖြင့်ဖြစ်စေ၊ကုမ္ပဏီ၏ကိုယ်စားအနေဖြင့်ဖြစ်စေထုတ်ယူခြင်း လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်းတို့ကို ကုမ္ပဏီ၏ တာဝန်ရှိမှုများနှင့် စပ်လျဉ်း၍ အလားတူအကျိုးသက်ရောက်မှုရှိ၍ ဆောင်ရွက် သကဲ့သို့ ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ် တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ ကိုယ်စား ထုတ်ယူခြင်း၊ လက်ခံခြင်း၊

ပြုလုပ်ခြင်း နှင့် အတည်ပြုထောက်ခံခြင်း၊

(ဆ) ကုမ္ပဏီ၏ အခြေပစ္စည်းများအပေါ် အာမခံထားရှိ၍ ငွေကြေးလိုအပ်ချက်တစ်ရပ်ရပ်ကို မြှင့်တင်ခြင်း၊

(ဇ) ကွယ်လွန်သွားသော ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိက ၎င်း၏ အမည်ဖြင့် စီမံခန့်ခွဲခြင်းဆိုင်ရာစာကို ထုတ်ယူခြင်း၊ ယင်း၏အမည်ဖြင့် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦး သို့မဟုတ် ၎င်း၏အမွေဆက်ခံသူထံမှ ရရန်ရှိသည့် ငွေကြေးများ ပေးချေမှုကို ရယူခြင်း သို့မဟုတ် ကုမ္ပဏီ၏အမည်ဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်း မရှိသော ပစ္စည်းများကို ရယူခြင်းများအတွက် လိုအပ်သော ဆောင်ရွက်မှုများကို ပြုလုပ်ခြင်း၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက စီမံခန့်ခွဲခြင်းဆိုင်ရာ စာကို ထုတ်ယူရာတွင်လည်းကောင်း၊ ဖယ်ရှား ဆောင်ရွက်ရာတွင် လည်းကောင်း၊ ငွေကြေးများကို ပြန်လည်ရယူရာတွင် လည်းကောင်း၊ အဆိုပါ ကိစ္စရပ်များတွင် ပေးချေရမည့်ငွေကြေးကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ထံသို့ ပေးချေရမည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤပုဒ်မတွင်ပါရှိသည့် မည်သည့် ပြဋ္ဌာန်းချက်ကမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အခွင့်အရေးများ၊ တာဝန်များနှင့်

အကျိုးခံစားခွင့်များကို မထိခိုက်စေရ။

(ဈ) ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လိုအပ်သော ကုမ္ပဏီ၏ကိစ္စရပ်များ၊ ယင်း၏ အခြေပစ္စည်း များကိုခွဲဝေပေးခြင်းများအတွက်အခြားလိုအပ်သည့် ကိစ္စရပ်များအားလုံး ကို ဆောင်ရွက်ခြင်း။

**၃၂၂။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ချင့်ချိန်ဆောင်ရွက်နိုင်မှု နှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ဥပဒေဆိုင်ရာ အကူအညီများ ပေးရေးအတွက် ပြဋ္ဌာန်းချက်**

(က) တရားရုံးသည် အမိန့်တစ်ရပ် ထုတ်ပြန်၍ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအား တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် ကြားဝင်ဆောင်ရွက်မှု မပါရှိ ဘဲအထက်ဖော်ပြပါ လုပ်ပိုင်ခွင့်များတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေနိုင် သည်။ တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီ ခန့်အပ်ထားသည့် ကိစ္စရပ်တွင် ၎င်းအား ခန့်အပ်သည့်အမိန့်ဖြင့် ၎င်း၏လုပ်ပိုင်ခွင့်များကို ကန့်သတ် တားမြစ် နိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏တာဝန် များကို ထမ်းဆောင်ရာတွင် အကူအညီရရှိရန်အတွက် တရားရုံးများတွင် လိုက်ပါ ဆောင်ရွက်ခွင့် ရှိသော ရှေ့နေတစ်ဦးကို တရားရုံး၏ခွင့်ပြုချက်ဖြင့် ခန့်ထားနိုင်သည်။ သို့ရာတွင် တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ရှေ့နေတစ်ဦး ဖြစ်ပါက ယင်း၏ တွဲဖက်လုပ်ကိုင်သူက အခကြေးငွေမယူဘဲ ဆောင်ရွက် ပေးရန် သဘောတူညီခြင်း မရှိလျှင် အဆိုပါတွဲဖက်လုပ်ကိုင်သူကိုခန့်အပ်ခြင်းမပြုရ။

**၃၂၃။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးဆောင်ရွက်မှုများ ပါရှိသော စာရင်းစာအုပ် များကို ထိန်းသိမ်းထားရှိရခြင်းနှင့် ၎င်း၏ လက်ခံရရှိထားသောစာရင်းများကို တရားရုံးသို့ တင်ပြရခြင်း**

(က) တရားရုံးက ဖျက်သိမ်းမည့် ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ အစည်း အဝေး ဆောင်ရွက်မှုဆိုင်ရာ စာရင်းရေးသွင်းမှုများ သို့မဟုတ် အစည်းအဝေး မှတ်တမ်း များနှင့် အခြား သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များကို ပြုစုထားရှိရန် သင့်လျော်သည့် စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။ မြီရှင် သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူ တစ်ဦးဦးသည် တရားရုံး၏ ကြီးကြပ်မှုဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဖြင့်သော် လည်းကောင်း အဆိုပါ စာရင်းစာအုပ်များကို စစ်ဆေး ကြည့်ရှုနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအားလုံးသည် ၎င်းတို့ ၏ သက်တမ်းကာလအတွင်း နှစ်စဉ် နှစ်ကြိမ် ထက်မနည်းသော သတ်မှတ် ဖော်ပြထားသည့် အချိန်ကာလများ၌ ၎င်းတို့အနေဖြင့် လက်ခံရရှိထားသော စာရင်းနှင့် ငွေပေးချေမှုများကို တရားရုံးသို့ တင်ပြရမည်။

(ဂ) စာရင်းကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပြုစု၍ မူရင်းကွဲများထားရှိရမည့်အပြင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်း နှင့်အညီ ကြေညာချက်တစ်စောင်ဖြင့် အတည်ပြု ရမည်။

(ဃ) တရားရုံးသည် သင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် စာရင်းအား စစ်ဆေးပြုစုရမည်။ စာရင်း စစ်ဆေးရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် တရားရုံးက

လိုအပ် မည်ဖြစ်သည့် ဘောက်ချာများ နှင့် သတင်းအချက်အလက်များကို တရားရုံးသို့ တင်ပြရ မည်ဖြစ်ပြီး တရားရုံးသည် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းစာအုပ်များနှင့် စာရင်းများကို ပြုစုတင်ပြစေ နိုင်သည့်အပြင် စစ်ဆေးကြည့်ရှုနိုင်သည်။

(င) စာရင်းအား စစ်ဆေးပြီးသည့်အခါ ယင်း၏ မိတ္တူတစ်စောင်ကို တရားရုံးတွင် မှတ်တမ်းပြုစု ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အခြား မိတ္တူတစ်စောင်ကို မှတ်တမ်းပြုစု ထားရှိရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထိုမိတ္တူတစ်စောင်စီကို မြီရှင်များ သို့မဟုတ် သက်ဆိုင်သည့်ပုဂ္ဂိုလ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

**၃၂၄။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း နှင့် ကြီးကြပ်ခြင်း**

(က) ဤဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးက ဖျက်သိမ်းမည့် ကုမ္ပဏီ တစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ အခြေပစ္စည်းများကို စီမံခန့်ခွဲခြင်း နှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်း တို့တွင် အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ သို့မဟုတ် စစ်ဆေးရေး ကော်မတီက မြီရှင်များ သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူများ၏ ဆုံးဖြတ်ချက်ဖြင့် ချမှတ်ထားသည့် ညွှန်ကြားချက်များကို ထည့်သွင်းစဉ်းစားရမည်။ အထွေထွေအစည်း အဝေးတစ်ရပ်ရပ်၌ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ချမှတ်ထားသည့် ညွှန်ကြားချက် တစ်ရပ်ရပ်သည် စစ်ဆေးရေးကော်မတီက ချမှတ်သည့် ညွှန်ကြားချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် စစ်ဆေးရေးကော်မတီ၏ ညွှန်ကြားချက်အပေါ် လွှမ်းမိုးသည်ဟု မှတ်ယူရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ရယူရန်အတွက် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အထွေထွေအစည်းအဝေးများကို ခေါ်ယူနိုင် သည်။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ဆုံးဖြတ်ချက် ချမှတ်၍ ညွှန်ကြားလာလျှင် လည်းကောင်း၊ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆယ်ပုံတစ်ပုံရှိသူများက စာဖြင့်ရေးသား၍ တောင်းဆိုလာလျှင်လည်းကောင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ သည် အစည်းအဝေးများကို ခေါ်ယူပေးရန် တာဝန်ရှိသည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီဖျက် သိမ်းသည့်ကိစ္စရပ်တွင် ပေါ်ပေါက်လာသည့် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှုများ ရယူနိုင်ရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများဖြင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဃ) ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ အခြေပစ္စည်းများကို စီမံခန့်ခွဲခြင်း နှင့် ယင်း ပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် ၎င်းတို့၏ ကိုယ်ပိုင်ချင့်ချိန် ဆောင်ရွက်နိုင်မှုတို့ကို အသုံးပြုရမည်။

(င) တစ်ဦးတစ်ယောက်သည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်မှုကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည်

တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး တရားရုံးသည် တင်ပြတိုင်တန်းလာသည့် ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည့်အပြင် အဆိုပါအခြေအနေများနှင့် သင့်လျော်မည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ် နိုင်သည်။

**တရားရုံး၏ သာမန် အခွင့်အာဏာများ**

**၃၂၅။ ကြွေးမြီပေးဆပ်ရသူများ၏စာရင်း နှင့် အခြေပစ္စည်းဆိုင်ရာ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ တရားရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှားယွင်းမှုများကို ပြင်ဆင်ရန် လိုအပ်သောကိစ္စရပ်များအား လုံးတွင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်နိုင်သည့် အခွင့်အာဏာဖြင့် ကြွေးမြီပေးဆပ်ရသူများ၏စာရင်းကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရမည်။ ထို့အပြင် ကုမ္ပဏီ၏ အခြေပစ္စည်းများကို လက်ခံရယူခြင်းနှင့် ကုမ္ပဏီ၏ တာဝန်ရှိမှုများကို ရှင်းလင်းဆောင်ရွက်ခြင်းများကို ဆောလျင်စွာ ပြုလုပ်ရမည်။

(ခ) ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ဖြေရှင်းဆောင်ရွက်ရာတွင် တရားရုံးသည် ကိုယ်တိုင်အခွင့်အရေးရှိကြသည့် ကြွေးမြီပေးဆပ်ရသူများနှင့် အခြားသူ များ ၏ကြွေးမြီ အတွက် ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်သော သို့မဟုတ် တာဝန်ရှိသော ကြွေးမြီ ပေးဆပ်ရသူများ အကြား ခွဲခြားသတ်မှတ် ဆောင်ရွက်ရမည်။

**၃၂၆။ ပစ္စည်းများကို ပေးအပ်စေနိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို သို့မဟုတ် တရားရုံးက ညွှန်ကြားသည့် အချိန်ကာလအတွင်း ကြွေးမြီပေးဆပ်ရသူများစာရင်းရှိ ကြွေးမြီပေးဆပ်ရသူများ၊ ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယုံကြည်အပ်နှံခြင်းခံရသူများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများ၊ ကိုယ်စားလှယ်များ သို့မဟုတ် အရာရှိများကို တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ကုမ္ပဏီက ရရှိခွင့်ရှိကြောင်း သေချာပြီးဖြစ်သည့် ယင်းလက်ဝယ်ရှိ ငွေကြေးများ၊ ပစ္စည်းများ သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ချက်ချင်းပေးချေစေနိုင်သည်၊ ပေးအပ်စေနိုင်သည်၊ လက်လွှတ် စေနိုင်သည် သို့မဟုတ် လွှဲပြောင်းပေးစေနိုင်သည်။

**၃၂၇။ ကြွေးမြီပေးဆပ်ရသူများက ကြွေးမြီများပေးချေစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအား အမိန့်တွင် သတ်မှတ်ပါရှိသည့် နည်းလမ်းနှင့်အညီ ကြွေးမြီပေးဆပ်ရသူထံမှဖြစ်စေ၊ ကြွေးမြီပေးဆပ်ရန် ကိုယ်စားလှယ်ကို ခန့်အပ်ထားသည့်သူ၏ ပိုင်ဆိုင် ပစ္စည်းများမှ ဖြစ်စေ၊ ကုမ္ပဏီသို့ပေးချေရမည့် ငွေကြေးများကို ပေးချေစေရန် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။ သို့ရာတွင် ဤဥပဒေနှင့်အညီ တောင်းခံထားသည့် ငွေကြေး ထည့်ဝင်မှုများ အပါဝင်စေရ။

(ခ) တရားရုံးသည် အဆိုပါအမိန့်ကို ချမှတ်ရာတွင် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ ဖြစ် ပါက ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို ခုနှိမ်ခြင်းဖြင့်ဖြစ် စေ၊ ကုမ္ပဏီနှင့်သီးခြားဆောင်ရွက်ထားရှိမှု သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့်

စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရသူက ကိုယ်စားပြုသည့် ကုမ္ပဏီမှ ပစ္စည်းများအတွက် ပေးချေရမည့် ငွေကြေးမှခုနှိမ်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုနိုင်သည်။ သို့သော် အမြတ်ဝေစု သို့မဟုတ် အကျိုးအမြတ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးအဖြစ် ကြွေးမြီ ပေးဆပ်ရသူသို့ ပေးချေရမည့်ငွေကြေးတစ်ရပ်ရပ် မဖြစ်စေရမည့် အပြင် တာဝန် ကန့်သတ် ထားသည့် ကုမ္ပဏီဖြစ်ပါက တာဝန် ကန့်သတ် မထားသည့် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဒါရိုက်တာ၏ ပစ္စည်းများအတွက် အလားတူ ဆောင်ရွက် နိုင်သည်။သို့ရာတွင် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီဖြစ်စေ၊ တာဝန်ကန့်သတ် မထားသည့် ကုမ္ပဏီဖြစ်စေ မြီရှင်များအားလုံးထံသို့ ငွေအပြည့်အဝပေးချေပြီးဖြစ်လျှင် ကုမ္ပဏီမှ ကြွေးမြီ ပေးဆပ်ရသူ တစ်ဦးဦးနှင့် သက်ဆိုင်သည့်စာရင်းအရ ပေးချေရမည့် ငွေကြေး တစ်ရပ်ရပ်ကို နောင်တွင် တောင်းခံမည့် ငွေကြေးထည့်ဝင်မှုတစ်ရပ်ရပ်ထံမှ ခုနှိမ်ခြင်းဖြင့် ကြွေးမြီ ပေးဆပ်ရသူထံ ပေးချေ ဆောင်ရွက်နိုင်သည်။

**၃၂၈။ ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အားချမှတ်ပြီးနောက် မည်သည့် အချိန်တွင်မဆို ကုမ္ပဏီ၏အခြေပစ္စည်းများ ပြည့်စုံလုံလောက်မှုကို သေချာစေရန် ဆောင်ရွက်ခြင်းမပြုမီဖြစ်စေ၊ ဆောင်ရွက်ပြီးနောက်တွင်ဖြစ်စေ ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိကြွေးမြီပေးဆပ်ရသူအားလုံး သို့မဟုတ် တစ်ဦးဦးက ၎င်းတို့တာဝန်ရှိကြသည် အထိ ကုမ္ပဏီ၏ကြွေးမြီများနှင့် တာဝန်ရှိမှုများအတွက် တရားရုံးကသတ်မှတ်သည့် ငွေပမာဏ တစ်ရပ်ရပ်ကိုလည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် ကျသင့်သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကိုလည်းကောင်း၊ ကြွေးမြီ ပေးဆပ်ရသူများအကြား အခွင့်အရေးများကို စာရင်းညှိနှိုင်း ဆောင်ရွက်ရန်အတွက် ကျသင့်သည့်ငွေကြေးများကို လည်းကောင်း ပေးချေရန်အတွက် ငွေကြေးထည့်ဝင် စေနိုင်သည့်အပြင် ၎င်းတို့ကို ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်ရာ၌ ကြွေးမြီပေးဆပ်ရသူအချို့မှာ ထိုသို့ငွေကြေး ထည့်ဝင်စေရာတွင် တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ထည့်ဝင်ပေးချေရန် ပျက်ကွက်နိုင်သည့်အခြေအနေရှိနိုင်သည်ကို တရားရုံးက ထည့်သွင်းသုံးသပ်နိုင်သည်။

**၃၂၉။ ဘဏ်သို့ ငွေများပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် ကြွေးမြီပေးဆပ်ရသူ၊ ကုမ္ပဏီသို့ ငွေပေးချေရမည့်သူ သို့မဟုတ် ငွေပေးချေ ရမည့် အခြားသူတစ်ဦးဦးကို ၎င်းတို့ ပေးချေရမည့်ငွေများအား တရားဝင်ခန့်အပ်ထားသည့် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးသွင်းရမည့်အစား သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုရှိ တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ငွေစာရင်းသို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ငွေပေးချေရန် ညွှန်ကြားသည့်နည်းလမ်းများအတိုင်း အဆိုပါအမိန့်ကို အတည်ပြု ဆောင်ရွက်နိုင်သည်။

**၃၃၀။ ငွေစာရင်းနှင့်စပ်လျဉ်း၍ တရားရုံးနှင့်သက်ဆိုင်သည့် စည်းကမ်းချက်**

ကုမ္ပဏီကို တရားရုံးဖြင့် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ဖွင့်လှစ်ထားသော ငွေစာရင်းရှိသည့် ဘဏ်သို့ ပေးသွင်း၊ လွှဲပြောင်းသည့် ငွေကြေးများ၊ ကျသင့်ငွေများ၊ ငွေလွှဲမှုများ၊ ငွေပေးချေရန် ကတိများနှင့် အခြား ငွေချေးသက်သေခံ လက်မှတ်များအားလုံးကို တရားရုံး၏ အမိန့်များနှင့်အညီ ဆောင်ရွက်ရ

မည်။

၃၃၁။ **ကြွေးမြီပေးဆပ်ရသူနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်သည် ပြည့်စုံနိုင်လုံသည့် သက်သေခံချက်ဖြစ်ခြင်း**

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်သည် ငွေကြေးနှင့်သက်ဆိုင်ပါက ကြွေးမြီပေးဆပ်ရသူ၏အပယူခံဝင်နိုင်သည့် အခွင့်အရေးကို မထိခိုက်စေဘဲ ငွေကြေးပေးချေရန် ပေါ်ပေါက်ကြောင်း၊ သို့မဟုတ် အမိန့်ချမှတ်၍ ပေးချေရမည့် အကြောင်းနှင့်စပ်လျဉ်း၍ ပေးချေရမည်ဟု ယင်းအမိန့်ကပြည့်စုံနိုင်လုံသည့် သက်သေခံချက် ဖြစ်စေရမည်။

(ခ) တရားရုံးအမိန့်တွင် ဖော်ပြပါရှိသည့် အခြားသော သက်ဆိုင်ရာကိစ္စရပ်များအားလုံးသည် စစ်ဆေးဆောင်ရွက်နေသည့် မှုခင်းများနှင့် ပုဂ္ဂိုလ်များအားလုံး အပေါ်တွင် မှန်ကန်စွာ ရေးသား ဖော်ပြထားသည်ဟု သတ်မှတ်ရမည်။

၃၃၂။ **အချိန်မီ သက်သေထင်ရှား မတင်ပြနိုင်သည့် မြီရှင်များကို နှုတ်ပယ်နိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် မြီရှင်များက ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများအတွက် သက်သေ ထင်ရှား တင်ပြစေရန်၊ သို့မဟုတ် ထိုကြွေးမြီအတွက် သက်သေထင်ရှားတင်ပြခြင်း မပြုမီက ပြုလုပ်ခဲ့သော အကျိုးအမြတ်ခွဲဝေမှု တစ်စုံတစ်ရာကို ရယူခြင်းမှ နှုတ်ပယ်ရန် အချိန်ကာလတစ်ရပ် သို့မဟုတ် အချိန်ကာလများ သတ်မှတ်ပေးနိုင်သည်။

၃၃၃။ **ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ခြင်း**

တရားရုံးသည် ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို စာရင်း ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး အပိုအလျှံရှိပါကထပ်မံ အကျိုးခံစားခွင့် ရရှိသူများကို ခွဲဝေပေးရမည်။

၃၃၄။ **ကုန်ကျစရိတ်များအတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

အခြေပစ္စည်းများသည် တာဝန်ရှိမှုများအတွက် ကျေနပ်နိုင်ဖွယ်ဖြစ်အောင် ပြည့်စုံလုံလောက်ခြင်း မရှိသည့်ကိစ္စရပ်တွင် တရားရုံးသည် သင့်သည်ထင်မြင်သည့် ဦးစားပေးအစီအစဉ်ဖြင့် ကုမ္ပဏီဖျက် သိမ်းသည့်ကိစ္စရပ်တွင် ကျသင့်ခဲ့သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကို အခြေပစ္စည်းများမှ ပေးချေစေရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

၃၃၅။ **ကုမ္ပဏီအား တရားဝင်ဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီတစ်ခု၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည့်အခါ တရားရုံး သည် အမိန့်တစ်ရပ်ကို ချမှတ်၍ အဆိုပါအမိန့်အား ချမှတ်သည့်နေ့ရက်မှစ၍ ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ထိုကုမ္ပဏီကို အဆိုပါအမိန့်အရ တရားဝင်ဖျက်သိမ်းပြီးဖြစ်စေရမည်။

(ခ) အဆိုပါအမိန့်ကို ချမှတ်သည့်နေ့ရက်မှ (၁၅) ရက်အတွင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံသို့ အဆိုပါအမိန့်ကို ပေးပို့ရ မည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ၎င်း၏ စာရင်းစာအုပ်များတွင် ကုမ္ပဏီကို တရားဝင် ဖျက်သိမ်းပြီးဖြစ်ကြောင်း မှတ်တမ်းပြုစုထားရှိရမည်။

၃၃၆။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၃၅ ပါ သတ်မှတ် ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၈)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**တရားရုံး၏ အထူးအာဏာများ**

၃၃၇။ **ကုမ္ပဏီ၏ပစ္စည်းများကို ရယူထားသည်ဟု ယူဆရသူများကို ဆင့်ခေါ်နိုင်သည့်အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် ကုမ္ပဏီက ရရန်ရှိသည်ဟု ယူဆရသည့်ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသည့် သို့မဟုတ် လက်ဝယ်ထားရှိသည်ဟု ယူဆရသည့် ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီနှင့်ကုန်သွယ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ကိစ္စရပ်များ၊ သို့မဟုတ် ပစ္စည်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် များကို တင်ပြနိုင်သည်ဟု တရားရုံးက မှတ်ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ တရားရုံးသို့ လာရောက်စေရန် ဆင့်ခေါ်နိုင်သည်။

(ခ) တရားရုံးသည် ၎င်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆိုပါပုဂ္ဂိုလ်များကို ကျမ်းကျိန်စေ၍ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ စစ်မေးနိုင်သည်။ အဆိုပါပုဂ္ဂိုလ်များ၏ ဖြေဆိုချက်များကို စာဖြင့်ရေးသား၍ ၎င်းတို့အား လက်မှတ်ရေးထိုးစေနိုင်သည်။

(ဂ) တရားရုံးသည် အဆိုပါပုဂ္ဂိုလ်များ၏ ထိန်းသိမ်းမှု သို့မဟုတ် လုပ်ပိုင်ခွင့်များအောက်တွင် ရှိသော ကုမ္ပဏီနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်စေရန် တောင်းဆိုနိုင်သည်။ သို့သော် ၎င်းတို့ပေးအပ်သည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးက လက်ဝယ်ထားပိုင်ခွင့် ရှိခဲ့လျှင် ထိုသို့ပေးအပ်ရခြင်းသည် အဆိုပါ လက်ဝယ်ထားပိုင်ခွင့်ကို ထိခိုက်စေခြင်း မရှိစေရ။ ထို့အပြင် တရားရုံးသည် ကုမ္ပဏီကို စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် အဆိုပါလက်ဝယ်ထားပိုင်ခွင့်နှင့် စပ်လျဉ်းသော ကိစ္စရပ်များ အားလုံးကို ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာ ရှိစေရမည်။

(ဃ) တရားရုံး၏ ဆင့်ခေါ်ခြင်းခံရသူ တစ်ဦးဦးသည် ၎င်းတို့၏ ထိုက်သင့်သော ကုန်ကျစရိတ်များကို ပေးချေရန်အဆိုပြုပြီးနောက် ချိန်းဆိုထားသည့်အချိန်၌ ဥပဒေအရ လက်ခံနိုင်သည့် အကြောင်းအချက်ကိုကြိုတင် အကြောင်းကြားထားသည်မှအပ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်လျှင် တရားရုံးသည် စစ်ဆေး ဆောင်ရွက်မှု ပြုရန်အတွက် ထိုသူကိုဖမ်းဆီး၍ တရားရုံးသို့ ခေါ်ဆောင်စေနိုင်သည်။

၃၃၈။ **ကမကထပြုသူများ၊ ဒါရိုက်တာများ စသည်တို့ကို အများပြည်သူရှေ့၌ စစ်ဆေးရန်အတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

(က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးသည့်အခါ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီကို ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းတို့တွင် ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ပြီးသည်အချိန်မှစ၍ ကုမ္ပဏီနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ တစ်ဦးဦးကဖြစ်စေ၊ လိမ်လည်မှု တစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယူဆ၍ တရားရုံးသို့ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် လျှောက်ထားမှုအား လက်ခံ သုံးသပ်ပြီးနောက် ၎င်းတို့အား အဆိုပါကိစ္စရပ်အတွက် တရားရုံးက ချိန်းဆိုထားသည့် နေ့ရက်၌ တရားရုံးသို့လာ ရောက်စေရန် ညွှန်ကြားနိုင်သည်။ ထို့အပြင် ကုမ္ပဏီကို ကမကထ ပြုလုပ်ခြင်း၊ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ပုဂ္ဂိုလ်တစ်ဦးဦး၏ အပြုအမူ၊ ဆက်သွယ် ဆောင်ရွက်မှုတို့နှင့်

စပ်လျဉ်း၍ အများပြည်သူရှေ့၌ စစ်ဆေးရန် ညွှန်ကြား နိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စစ်ဆေးမေးမြန်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အဆိုပါ ကိစ္စရပ်အတွက် တရားရုံးကိုယ်စားဆောင်ရွက်ရန် တရားရုံးက အခွင့်အာဏာအပ်နှင်းထားလျှင် တရားရုံးက ခွင့်ပြုနိုင်သည့် ဥပဒေဆိုင်ရာ အကူအညီပေးသူများကို ခန့်ထားနိုင်သည်။

(ဂ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည်လည်း တရားရုံးတွင် စစ်ဆေးမေးမြန်းရာတွင် ကိုယ်တိုင်ဖြစ်စေ၊ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူဖြင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်။

(ဃ) တရားရုံးသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့်မေးခွန်းများကို စစ်ဆေးမေးမြန်းခံရသူအပေါ် မေးမြန်းနိုင်သည်။

(င) စစ်ဆေးမေးမြန်းခံရသူသည် ကျမ်းကျိန်၍ စစ်ဆေးခံရမည်ဖြစ်ပြီး တရားရုံးက မေးမြန်းသည့် သို့မဟုတ် မေးမြန်းရန် ခွင့်ပြုသည့် မေးခွန်းများအားလုံးကို ဖြေဆိုရမည်။

(စ) ဤပုဒ်မအရ စစ်ဆေးမေးမြန်းမှုခံယူရန် အမိန့်ချမှတ်ခြင်းခံရသူတစ်ဦးသည် တရားရုံးသို့ တက်ရောက်ခွင့်ရှိသူတစ်ဦးဦးကို မိမိ၏စရိတ်ဖြင့် ခန့်အပ်နိုင်သည်။ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူသည် စစ်ဆေးမေးမြန်းခံရသူ၏ ဖြေကြားမှုများအား ရှင်းလင်းရန် သို့မဟုတ် ထင်ရှားစေရန်အတွက် တရားရုံးက လျော်ကန်သည်ဟုထင်မြင်သည့် မေးခွန်း များကို လွတ်လပ်စွာ မေးမြန်းခွင့်ရှိသည်။ သို့ရာတွင် ထိုသို့စစ်ဆေး မေးမြန်းခံရသူသည် ၎င်းအပေါ် စွဲဆိုသည့်ပြစ်မှုများအတွက် အပြစ်မရှိကြောင်း ထင်ရှားပေါ်ပေါက်သည်ဟု တရားရုံးက တွေ့ရှိလျှင် တရားရုံးသည် ၎င်းအား သင့်သည် ထင်မြင်သည့် ကုန်ကျစရိတ်များကို ခံစားခွင့်ပြုနိုင်သည်။

(ဆ) စစ်ဆေးမှုမှတ်တမ်းများကို စာဖြင့် ရေးသားမှတ်တမ်းတင်ထားရမည့်အပြင် အဆိုပါ စစ်ဆေးမှု မှတ်တမ်းများကို စစ်ဆေးမေးမြန်း ခံရသူသို့သော်လည်းကောင်း၊ စစ်ဆေးမေးမြန်း ခံရသူကသော်လည်းကောင်း ဖတ်ကြား၍ လက်မှတ်ရေးထိုးစေရမည်။ အဆိုပါ စစ်ဆေး မှုမှတ်တမ်းအား တရားမမှုစွဲဆိုဆောင်ရွက်ရာတွင် ထိုပုဂ္ဂိုလ်အပေါ် သက်သေခံအဖြစ် အသုံးပြုနိုင်ပြီး မည်သည့် အချိန်တွင်မဆို မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ စစ်ဆေးဆောင်ရွက်မှုများအတွက်လည်း လက်ခံရမည်။

(ဇ) တရားရုံးသည် သင့်သည်ဟုထင်မြင်ပါက စစ်ဆေးမေးမြန်းခြင်းအား အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည်။

(ဈ) ဤပုဒ်မအရ ပြုလုပ်သည့်စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ်ကို တရားရုံးက ညွှန်ကြားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် ခုံလူကြီး၊ အကြီးအမှူး၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် ဒုတိယ မှတ်ပုံတင်အရာရှိတစ်ဦးအဖြစ် ဆောင်ရွက်သော တရားရုံး၏ တရားသူကြီး တစ်ဦးဦး ရှေ့တွင် ဖြစ်စေ၊ အရာရှိတစ်ဦးဦးရှေ့တွင်ဖြစ်စေ ဤကိစ္စရပ်အလို့ငှာ ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်သည်။ စစ်ဆေးမေးမြန်းမှုနှင့်စပ်လျဉ်းသည့် ဤပုဒ်မအရ တရားရုံး၏ အခွင့်အာဏာများကို ကုန်ကျစရိတ်များနှင့် သက်ဆိုင်သည့် ကိစ္စမှတစ်ပါး စစ်ဆေးမေးမြန်းမှုအား ပြုလုပ်သည့်ပုဂ္ဂိုလ်က ကျင့်သုံးဆောင်ရွက်နိုင်သည်။

**၃၃၉။ တိမ်းရှောင်နေသော ကြွေးမြီပေးဆပ်ရသူအား ဖမ်းဆီးနိုင်သည့် အခွင့်အာဏာ**

တရားရုံးသည်ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အားချမှတ်ခြင်းမပြုမီတွင်ဖြစ်စေ၊ချမှတ်ပြီးေ

နောက်တွင်ဖြစ်စေ မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် နိုင်ငံတော်မှ ထွက်ပြေး တိမ်းရှောင်ရန်ရှိကြောင်း၊ သို့မဟုတ် တနည်းနည်းဖြင့် တိမ်းရှောင် ရန်ရှိကြောင်း၊ သို့မဟုတ် ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ တောင်းခံထားသည့် ငွေပေးချေမှုများမှ ရှောင်လွှဲရန် သို့မဟုတ် စစ်ဆေးမေးမြန်းမှုများမှ ရှောင်ရှားရန် ရည်ရွယ်၍ ၎င်း၏ပစ္စည်းတစ်ရပ်ရပ်ကိုဖယ်ရှားရန် သို့မဟုတ် ကွယ်ဝှက်ရန်ရှိကြောင်း ယုံကြည်လောက်သော အကြောင်းများ ပေါ်ပေါက်ခဲ့လျှင် ထိုကြွေးမြီ ပေးဆပ်ရသူကို ဖမ်းဆီးနိုင်သည့်အပြင် ၎င်း၏စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုသိမ်းဆည်းနိုင်သည်။ ကြွေးမြီပေးဆပ်ရသူနှင့် အဆိုပါစာရွက်စာတမ်း၊ ပစ္စည်းများကို တရားရုံးက အမိန့်ချမှတ်ထားသည့်ကာလအထိ ထိန်းသိမ်းထားနိုင်သည်။

၃၄၀။ **အခြား စွဲဆိုဆောင်ရွက်သည့်မှုခင်းများကို မထိခိုက်စေခြင်း**

ဤဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်သည် ငွေကြေးထည့်ဝင်ရန် တောင်းခံမှု သို့မဟုတ် အခြားငွေကြေးတစ်ရပ်ရပ်အတွက် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီစားတစ်ဦးဦးအပေါ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပစ္စည်းတစ်ရပ်ရပ်အပေါ်တွင်ဖြစ်စေ စွဲဆို ဆောင်ရွက်သည့်မှုခင်းများနှင့် စပ်လျဉ်း၍ အပ်နှင်းထားသည့် တည်ဆဲအခွင့်အာဏာ တစ်ရပ်ရပ်ကို ကန့်သတ်ခြင်း မရှိစေဘဲ ထပ်ဆင့်၍ ကျင့်သုံးခွင့်ရှိသည့် အခွင့်အာဏာများ ဖြစ်စေရမည်။

## အမိန့်များကို အတည်ပြုခြင်း နှင့် အယူခံခြင်း

၃၄၁။ **အမိန့်များကို အတည်ပြုနိုင်သည့် အခွင့်အာဏာ**

ဤဥပဒေအရ တရားရုံးတစ်ရုံးရုံးက ချမှတ်နိုင်သည့် အမိန့်အားလုံးကို အဆိုပါတရားရုံးတွင် ပြုလုပ်သော တရားစွဲဆိုမှုတစ်ရပ်ရပ်၌ အမိန့်ဒီဂရီများကို အတည်ပြုနိုင်သည့် နည်းလမ်းများ အတိုင်း အတည်ပြု ဆောင်ရွက်နိုင်သည်။

၃၄၂။ **တရားရုံးတစ်ခုခုတွင် ချမှတ်သည့်အမိန့်ကို အခြားတရားရုံးများတွင် အတည်ပြုခြင်း**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ တရားရုံးတစ်ခုကချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို နိုင်ငံတော် အတွင်းရှိ မည်သည့်နေရာတွင်မဆို အတည်ပြုနိုင်သည်။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်း တည်နေရာသည် အခြားနေရာတစ်ခုတွင်ရှိခဲ့လျှင် အမိန့် ချမှတ်သည့် တရားရုံးတည်ရှိသည့် နေရာမှအပ အဆိုပါကုမ္ပဏီနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးကမိမိရုံးတွင် ချမှတ်သည့်အမိန့်တစ်ရပ်အား အတည်ပြု ဆောင်ရွက်သကဲ့သို့ သက်ဆိုင်သည့် နည်းလမ်းများနှင့် အညီ အတည်ပြုဆောင်ရွက်ရမည်။

၃၄၃။ **အခြား တရားရုံးများက အမိန့်ကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် လိုက်နာရမည့်အချက်များ**

တရားရုံးတစ်ရုံးကချမှတ်သည့် အမိန့်တစ်ရပ်ကို အခြားတရားရုံးတစ်ရုံး၌ အတည်ပြုရန် ဆောင်ရွက် သည့်အခါ အဆိုပါတရားရုံးအမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို ထိုအမိန့်အား အတည်ပြု ဆောင်ရွက်မည့် တရားရုံးရှိ သက်ဆိုင်ရာအရာရှိထံသို့ တင်ပြရမည် ဖြစ်ပြီး ထိုသို့ အမိန့်မူရင်းမိတ္တူ မှန်အား တင်ပြခြင်းသည် ထိုအမိန့်ကို ချမှတ်ပြီးဖြစ်ကြောင်း လုံလောက်သည့် သက်သေခံချက် ဖြစ်စေရမည်။ ထိုတင်ပြချက်အပေါ်တွင် အတည်ပြုဆောင်ရွက်ရမည့် တရားရုံးသည် အမိန့်အား အတည်ပြုဆောင်ရွက်နိုင်ရေး အတွက်လိုအပ်သည်များကို မိမိရုံး၏ အမိန့်အား အတည်ပြုဆောင် ရွက်သကဲ့သို့ အလားတူနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

၃၄၄။ **အမိန့်များအပေါ် အယူခံဝင်ရောက်ခြင်း**

ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ် အပေါ် ပြန်လည်ကြားနာစေရန် သို့မဟုတ် အယူခံ ဝင်ရောက်ရန်အတွက် ဆောင်ရွက်မှုများကို အဆိုပါတရားရုံး၏ သာမန်စီရင် ပိုင်ခွင့်အာဏာ အတွင်းရှိ မှုခင်းများတွင် ချမှတ် သည့် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ် အယူခံ ဝင်ရောက်နိုင်သည့် နည်းလမ်းများ၊ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်ရမည်။

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

၃၄၅။ **ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်မည့် အခြေအနေများ**

အောက်ပါအခြေအနေများတွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည် -

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီ၏ သက်တမ်းအတွက် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးလျှင်၊ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီကို ဖျက်သိမ်း နိုင်သည်ဟု ဖော်ပြထားသည့်အခြေအနေများ ဖြစ်ပေါ်ခဲ့လျှင်၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည် ဖြစ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့လျှင်၊ သို့မဟုတ်

(ခ) ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင်၊ သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ တာဝန်ရှိမှုများကြောင့် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှု မပြုနိုင်ခြင်းနှင့် ကုမ္ပဏီကို ဖျက်သိမ်းရန် တင်ပြခြင်းများကြောင့် ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင်။

ဤအပိုင်းတွင် သုံးစွဲဖော်ပြထားသည့် "ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်" ဆိုသည်မှာ ဤပုဒ်မ၏ အပိုဒ် (က) သို့မဟုတ် အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တို့အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ဆိုလိုသည်။

၃၄၆။ **ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမှု စတင်ခြင်း**

ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမှုသည် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန် အတွက် ဆုံးဖြတ်ချက်အား ချမှတ် သည့်အချိန်မှ စတင်သည်ဟု မှတ်ယူရမည်။

၃၄၇။ **ကုမ္ပဏီ၏ ရပ်တည်မှုအပေါ်တွင် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းသည့်အခါ ကုမ္ပဏီအား ဖျက်သိမ်းသည့်နေ့ရက်မှ စတင်၍ ကုမ္ပဏီ၏ အကျိုးအတွက် ဖျက်သိမ်းရာတွင် လိုအပ်သည့်ကိစ္စရပ်မှအပ ယင်း၏ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းမှ ရပ်စဲစေရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ကုမ္ပဏီဆိုင်ရာ ရပ်တည်မှု နှင့် လုပ်ပိုင်ခွင့်များသည် ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကန့်သတ်ချက် တစ်စုံတစ်ရာ ရှိစေကာမူယင်းအား ဖျက်သိမ်းသည်အထိ ဆက်လက် တည်ရှိစေရမည်။

၃၄၈။ **ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ကို အကြောင်းကြားခြင်း**

ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ အကြောင်းကြားစာကို ထိုဆုံးဖြတ်ချက်အား ချမှတ်သည့် နေ့ရက်မှ (၁၀)ရက် အတွင်း နိုင်ငံတော် ပြန်တမ်းနှင့် နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် တို့တွင် ကုမ္ပဏီက ထည့်သွင်းကြေညာ၍ အကြောင်းကြားရမည်။

၃၄၉။ ကုမ္ပဏီသည် ပုဒ်မ ၃၄၈ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်

ပြစ်ဒဏ်ပမာဏ (၅)ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြား အရာရှိတစ်ဦးဦးစီသည်လည်း အလားတူပြစ်ဒဏ် ထိုက်သင့်စေရမည်။

**၃၅၀။ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာခြင်း**

(က) ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆောင်ရွက်ခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာနှစ်ဦးထက် ပိုမိုပါရှိသောကုမ္ပဏီဖြစ်လျှင် ဒါရိုက်တာ အများစုသည်လည်းကောင်း၊ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာသည်လည်းကောင်း ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက် ချမှတ်မည့်အစည်းအဝေးအတွက် အကြောင်းကြားစာများ ပေးပို့သည့် နေ့ရက် မတိုင်မီ ကျင်းပပြုလုပ်သည့် ဒါရိုက်တာများ အစည်းအဝေး၌ ကုမ္ပဏီ၏ ကိစ္စရပ်များ ကို အပြည့်အဝ စစ်ဆေးဆောင်ရွက်မှု ပြုလုပ်ပြီးကြောင်း၊ ထိုသို့ပြုလုပ်ပြီး နောက် ကုမ္ပဏီ အား ဖျက်သိမ်းရန် စတင်သည့်နေ့ရက်မှ (၃)နှစ်ထက် မပိုသောကာလ တစ်ရပ်အတွင်း ကုမ္ပဏီသည် ကြွေးမြီများကို အပြည့်အဝ ပေးချေနိုင်မည်ဟု ယူဆကြောင်း ကျမ်းကျိန်လွှာ တစ်ရပ်ဖြင့် အတည်ပြုထားသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင် သည်။

(ခ) အဆိုပါကြေညာချက်ကို ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီစာရင်းစစ်များ၏ အစီရင်ခံစာ တစ်စောင်ဖြင့် ထောက်ခံတင်ပြ ရမည်ဖြစ်ပြီး ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့်နေ့ရက်မတိုင်မီ မှတ်ပုံတင်ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြခြင်း မပြုခဲ့လျှင် အဆိုပါ ကြေညာချက်သည် ဤဥပဒေပါ ကိစ္စရပ်များအတွက် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်း မရှိစေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ် ပါရှိသော ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင် "ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း" ဟု ဖြစ်သည်။ အထက်ဖော်ပြပါအတိုင်း ပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ် ပါရှိခြင်း မရှိသော ကုမ္ပဏီ ဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင် "မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း"ဟု ဖြစ်သည်။

**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

**၃၅၁။ ကုမ္ပဏီတွင်ပါဝင်သူများကကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၅၂ မှ ၃၅၇ အထိ ယင်းပုဒ်မများအပါအဝင်တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ တွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်။

**၃၅၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအား ခန့်အပ်ခြင်း နှင့် ယင်းတို့၏ အခကြေးငွေများကို သတ်မှတ်ခြင်းတို့အတွက် ကုမ္ပဏီ၏လုပ်ပိုင်ခွင့်**

(က) အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီသည် ယင်း၏ကိစ္စရပ်များအား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏အခြေပစ္စည်းများအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ခန့်အပ်ရ မည်ဖြစ်ပြီး အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိများသို့ ပေးရမည့် အခကြေးငွေများကို သတ်မှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးသည့်အခါ ဒါရိုက်တာများ၏

လုပ်ပိုင် ခွင့်များအားလုံးသည် အထွေထွေ အစည်းအဝေးတွင် ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်မှ တစ်ပါး ရပ်စဲသွားမည် ဖြစ်သည်။

**၃၅၃။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီမှ ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြား အကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာ လစ်လပ်သွားလျှင် ကုမ္ပဏီသည် အထွေထွေအစည်းအဝေးတွင် မြီရှင်များ၏ စီမံ ဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့်အညီ ထိုလစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည်။

(ခ) အဆိုပါကိစ္စရပ်အတွက် အထွေထွေအစည်းအဝေးတစ်ရပ်ကို ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးကဖြစ်စေ၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးထက် ပိုမိုပါရှိသည့် ကိစ္စရပ်ဖြစ်လျှင် ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိများကဖြစ်စေ ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကို ဤဥပဒေအရဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ သတ်မှတ်ထားသည့် နည်းလမ်း၊ သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူတစ်ဦးဦးကသော်လည်းကောင်း၊ ဆက်လက် တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက သော် လည်းကောင်း လျှောက်ထားသဖြင့် တရားရုံးက သတ်မှတ်ပေးသည့် နည်းလမ်းဖြင့် ကျင်းပရမည်။

**၃၅၄။ ကုမ္ပဏီ၏ ပစ္စည်းများကို ရောင်းချခြင်းအတွက် အဖိုးစားနားအဖြစ် အစုရှယ်ယာ စသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လက်ခံနိုင်သည့် လုပ်ပိုင်ခွင့်**

(က) ကုမ္ပဏီတစ်ခုသည် ဆန္ဒအလျောက် ဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် ဆောင်ရွက်ရာတွင် ယင်း၏စီးပွားရေးလုပ်ငန်း သို့မဟုတ် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဤဥပဒေအရ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဤပုဒ်မ တွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ခေါ်တွင်မည့် အခြားကုမ္ပဏီ တစ်ခုခုသို့ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချရန် ရည်ရွယ်လျက် ဆောင်ရွက်ခဲ့လျှင် ဤပုဒ်မတွင် "လွှဲပြောင်းပေးအပ် သည့်ကုမ္ပဏီ" ဟု ခေါ်တွင်မည့် လွှဲပြောင်း ရောင်းချမည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ နှင့် သက်ဆိုင်သည့် သာမန်လုပ်ပိုင်ခွင့်ကိုဖြစ်စေ၊ သီးခြားစီစဉ် ဆောင်ရွက်မှုနှင့် သက်ဆိုင် သည့် လုပ်ပိုင်ခွင့် တစ်ရပ်ကိုဖြစ်စေ အပ်နှင်းသည့် အဆိုပါ ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက် တစ်ရပ် အရ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်း၊ အစုရှယ်ယာများ၊ အာမခံ ပေါ်လစီများ၊ သို့မဟုတ် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီရှိ အခြား အလားတူအကျိုး ခံစားခွင့်များ အတွက်လည်းကောင်း၊ လွှဲပြောင်း ပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူများသို့ ခွဲဝေပေးရန်အတွက်လည်းကောင်း လျော်ကြေး သို့မဟုတ် လျော်ကြေးတစ်စိတ်တစ်ဒေသကို လက်ခံနိုင်သည်၊ သို့မဟုတ် လွှဲပြောင်း ပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူများက ငွေကြေး၊ အစုရှယ်ယာ၊ အာမခံ ပေါ်လစီ၊ သို့မဟုတ် အခြား အလားတူ အကျိုးခံစားခွင့်၊ သို့မဟုတ် အခြားအရာများကို လက်ခံခြင်းအစား လွှဲပြောင်း လက်ခံသည့်ကုမ္ပဏီ၏ အကျိုးအမြတ်များကို ရယူ ဆောင်ရွက်ခြင်း သို့မဟုတ် အခြား အကျိုးခံစားခွင့်များကို လက်ခံခြင်းတို့ကို

ပြုလုပ်နိုင်သည့် အခြား စီစဉ် ဆောင်ရွက်မှု တစ်ရပ်ရပ်အား သဘောတူ လက်ခံနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သည့် ရောင်းချမှု သို့မဟုတ် စီစဉ်မှု တစ်ရပ်ရပ်သည် လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင်ပါဝင်သူများအပေါ် တရားဝင်ဖြစ်စေရမည်။

(ဂ) အထူးဆုံးဖြတ်ချက် ချမှတ်ရာတွင် ထောက်ခံမဲပေးခြင်း မပြုခဲ့သော လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ လိပ်မူ၍ ၎င်း၏သဘောထားကွဲလွဲမှုကို စာဖြင့်ရေးသား ဖော်ပြခဲ့ပြီး အဆိုပါ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် (၇) ရက်အတွင်း ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းမှ ပေးပို့ခဲ့လျှင် ၎င်းအနေဖြင့် ဆုံးဖြတ်ချက်အား အတည်ဖြစ်စေရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်ခြင်းမပြုစေရန်၊ သို့မဟုတ် ၎င်း၏ အကျိုးခံစားခွင့်များကို သဘောတူညီသည့် တန်ဖိုးဖြင့် သို့မဟုတ် အနညာတ စီရင်ဆုံးဖြတ်သည့် တန်ဖိုးဖြင့် ဝယ်ယူ ဆောင်ရွက်စေနိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူ၏ အကျိုးခံစားခွင့်များကို ဝယ်ယူရန် ဆုံးဖြတ်ပါက ဝယ်ယူ ပေးချေမည့်ငွေအား ကုမ္ပဏီဖျက်သိမ်းခြင်း မပြုမီ ပေးချေ ရမည်ဖြစ်ပြီး အထူးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်ရမည်။

(င) အထူးဆုံးဖြတ်ချက်တစ်ရပ်သည် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအား ခန့်အပ်ရန်အတွက် ချမှတ်သည့် ဆုံးဖြတ်ချက် မတိုင်မီကာလတွင် သို့မဟုတ် တစ်ပြိုင်တည်းအချိန်တွင် ချမှတ်သည့် အကြောင်းကြောင့် ဤပုဒ်မပါ ကိစ္စရပ်များအတွက် တရားမဝင်ဖြစ်ခြင်း မရှိစေရ။ သို့သော် ကုမ္ပဏီအား ဖျက်သိမ်းရန် အတွက် အမိန့်တစ်ရပ်ကို (၁) နှစ်အတွင်း ချမှတ်ခဲ့လျှင်ဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ဖျက်သိမ်းရန် ပြုလုပ်ခဲ့လျှင်ဖြစ်စေ အဆိုပါ အထူး ဆုံးဖြတ်ချက် သည် တရားရုံး၏ အတည်ပြုချက် မရှိလျှင် တရားဝင်ခြင်း မရှိစေရ။

(စ) အနညာတစီရင်ဆုံးဖြတ်ခြင်း ကိစ္စရပ်များအတွက် အနညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေတွင်ကန့်သတ်ထားသည်များမှအပ အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရ ဆောင်ရွက်သည့် အနညာတစီရင် ဆုံးဖြတ်ခြင်းများအားလုံးနှင့် သက်ဆိုင် စေရမည်။

**၃၅၅။ နှစ်စဉ် နှစ်ကုန်ဆုံးချိန်၌ အထွေထွေအစည်းအဝေးအား ခေါ်ယူကျင်းပစေရန် ဆောင်ရွက်ရမည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်**

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို (၁) နှစ်ကာလထက် ပိုမို၍ ဆက်လက်ဆောင်ရွက် ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပထမ(၁)နှစ် နှင့် နောက်နှစ် (၁)နှစ်စီ ကုန်ဆုံးချိန်၌၊ သို့မဟုတ် သက်ဆိုင်ရာ နှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်း (၉၀) အတွင်း သင့်လျော်သည့် အချိန်၌ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပရန် ဆင့်ဆိုနိုင်ပြီး အစည်းအဝေးတွင် ပြီးခဲ့သည့် နှစ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်း ရှင်းလင်း ဖျက်သိမ်းမှုအခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များ ပါဝင်သော သတ်မှတ်ဖော်ပြ ထားသည့် ပုံစံဖြင့် ပြုစုထားသည့် ရေးသား ဖော်ပြချက်တစ်ရပ်ကို ရှင်းလင်း တင်ပြရမည်။

**၃၅၆။** စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၅၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ

ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ် ပမာဏ (၁၀) ခုထက် မပိုသည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၅၇။ **အပြီးသတ် အစည်းအဝေး နှင့် ကုမ္ပဏီဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ပစ္စည်းများကို မည်သို့ စီမံခန့်ခွဲခဲ့သည်တို့ကို ဖော်ပြပါရှိစေရ မည်။ ယင်းနောက် အဆိုပါစာရင်းကို တင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်း ပြောဆိုရန် အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး တစ်ရပ်ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးကို အချိန်၊ နေရာနှင့် ရည်ရွယ်ချက်တို့အား ဖော်ပြကြေညာ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါ နည်းလမ်းအရ အကြောင်းကြားစာ တစ်စောင် အား ထုတ်ဝေခြင်းအတွက်သတ်မှတ်ပါရှိသည့်နည်းလမ်းများဖြင့် အစည်းအဝေးမကျင်းပမီ အနည်းဆုံး (၂၈) ရက် ကြိုတင်၍ ထုတ်ပြန်ရမည်။

(ဂ) အစည်းအဝေး ကျင်းပပြီးနောက် (၇) ရက် အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သည် စာရင်းမိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေး ကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ ပြန်ကြားရမည်။ အစည်းအဝေး၌ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့် ဦးရေ မပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင် ဆင့်ခေါ်ခဲ့ကြောင်း၊ထိုအစည်းအဝေးသို့ အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့် ဦးရေ အပြည့်အဝ မတက်ရောက်ခဲ့ ကြောင်း ဖော်ပြပါရှိ သည့် ပြန်ကြားချက် တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့်အခါ ပြန်ကြားချက် ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များ အရ ပြန်ကြားချက်ကို အဆိုပါ အတိုင်း လိုက်နာဆောင် ရွက်ပြီး ဖြစ်သကဲ့သို့ မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် စာရင်း သို့မဟုတ် ပုဒ်မခွဲ(ဂ) တွင် ဖော်ပြပါရှိသော ပြန်ကြားချက်တစ်ရပ်ရပ်ကို လက်ခံရရှိသည့်အခါ ယင်းတို့အား မှတ်ပုံတင်ရေးသွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍ (၃)လ ပြည့်မြောက်ပြီးသည့်အချိန်တွင် ကုမ္ပဏီအား ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင် ရောက်ရှိသူတစ်ဦးဦးကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် သင့်သည်ဟုထင်မြင်သည့်အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်စေ မည်ဟု သတ်မှတ်သောနေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၅၈။ ပုဒ်မ၃၅၇(ဂ)နှင့်အညီ စာရင်းမိတ္တူ ပေးပို့ခြင်း နှင့် ပြန်ကြားချက် ပြုလုပ်ခြင်းတို့ကို မဆောင် ရွက်ခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက် မပိုသည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၅၉။ ပုဒ်မ၃၅၇ ၏ ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့် တရားရုံး၏ အမိန့်တစ်ရပ်အပေါ် လျှောက်ထား သူသည် အဆိုပါ အမိန့်အား ချမှတ်သည့်နေ့မှ (၂၁) ရက် အတွင်း အဆိုပါအမိန့်အား မှတ်ပုံတင်ရန်အတွက် အမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ တင်ပြ ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူသည် ပြစ်ဒဏ်ပမာဏ (၃) ခု ထက် မပိုသည့် ဒဏ်ငွေကို

ပေးဆောင်ရမည်။

**မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၃၆၀။ **မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၆၁ မှ ၃၇၂ အထိ ယင်းပုဒ်မများအပါအဝင်တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များသည် မြီရှင်များ က ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်။

၃၆၁။ **မြီရှင်များ၏ အစည်းအဝေး**

(က) ကုမ္ပဏီသည် ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ရည်ရွယ်သည့် အစည်းအဝေးကို ကျင်းပရမည့် နေ့ရက် သို့မဟုတ် ထိုနေ့၏ နောက်တစ်နေ့တွင် ကုမ္ပဏီ၏ မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်

ဖြစ်ပြီး အဆိုပါ မြီရှင်များ၏ အစည်းအဝေးအတွက် အကြောင်းကြားစာများကို ကုမ္ပဏီ၏ ဖော်ပြပါ အစည်းအဝေး ကျင်းပ မည့် အကြောင်းကြားစာ ပေးပို့သည်နှင့် တပြိုင်နက် မြီရှင်များထံသို့ ပေးပို့ရမည်။

(ခ) ကုမ္ပဏီသည် မြီရှင်များ၏အစည်းအဝေးအတွက် အကြောင်းကြားစာကို ပုဒ်မ ၃၄၈ ပါ အကြောင်းကြားစာ တစ်စောင်အား ထုတ်ဝေခြင်းအတွက် ယင်းပုဒ်မတွင် သတ်မှတ်ပါရှိသည့် နည်းလမ်းများဖြင့် ကြေညာပေးရမည်။

(ဂ) ကုမ္ပဏီ၏ ဒါရိုက်တာများသည် -

(၁) ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေများအား ကုမ္ပဏီ၏ မြီရှင်များစာရင်း၊ မတိုင်မီ တင်ပြမည့် တောင်းဆိုမှုပမာဏ ခန့်မှန်းခြေစာရင်း တို့ကို ပူးတွဲပါ ရှိစေလျက် ပြည့်စုံသည့်ရေးသား ဖော်ပြချက်တစ်စောင်ကို အထက်တွင် ဖော်ပြပါရှိသည့် အတိုင်း ကျင်းပမည့် မြီရှင်များ အစည်းအဝေးတွင် တင်ပြရမည်၊ ၎င်းအပြင်

(၂) အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန်အတွက် ယင်းတို့အနက်မှ တစ်ဦးဦးကို ခန့်အပ်ရမည်။

(ဃ) မြီရှင်များ၏ အစည်းအဝေးတွင် သဘာပတိအဖြစ် ခန့်အပ်ခံရသော ဒါရိုက်တာသည် အစည်းအဝေးသို့ တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိသည်။

(င) ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ရည်ရွယ်သည့် ကုမ္ပဏီအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ပြီး ထိုသို့ရွှေ့ဆိုင်းခဲ့သည့် အစည်းအဝေး၌ ဆုံးဖြတ်ချက် အား ချမှတ်ခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ကျင်းပသည့် မြီရှင်များ၏ အစည်းအဝေး၌ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ချက်ချင်းချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် အကျိုးသက်ရောက် စေရမည်။

၃၆၂။ အကယ်၍ -

(က) ပုဒ်မ ၃၆၁ ၏ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကိုလိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီက ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(ခ) ပုဒ်မ ၃၆၁ ၏ ပုဒ်မခွဲ (ဂ)ကို လိုက်နာဆောင်ရွက်ရာတွင်ကုမ္ပဏီ၏ ဒါရိုက်တာများက ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(ဂ) ပုဒ်မ ၃၆၁ ၏ ပုဒ်မခွဲ (ဃ) ကို လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး က ပျက်ကွက်ခဲ့လျှင်၊

ကုမ္ပဏီ၊ ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာသည် ယင်းတို့ ပျက်ကွက်သည့် ကိစ္စရပ် အတွက် ပြစ်ဒဏ် ပမာဏ(၅)ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီက ပျက်ကွက်သည့် ကိစ္စရပ်တွင် ပျက်ကွက်မှု၌ ပါဝင်သည့် ကုမ္ပဏီ၏ အရာရှိများ အားလုံး သည် အလားတူ ပြစ်ဒဏ်ကို ထိုက်သင့်စေရမည်။

**၃၆၃။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း**

မြီရှင်များနှင့် ကုမ္ပဏီသည် ပုဒ်မ ၃၆၁ တွင် ဖော်ပြပါရှိသော ယင်းတို့၏ သက်ဆိုင်ရာ အစည်းအဝေးများ၌ ကုမ္ပဏီ၏ ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ အခြေပစ္စည်းများကို ခွဲဝေရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် အဆိုပြု တင်ပြနိုင်သည်။ မြီရှင်များနှင့် ကုမ္ပဏီသည် သီးခြားပုဂ္ဂိုလ်များကို အဆိုပြုတင်ပြခဲ့လျှင် မြီရှင်များက အဆိုပြုသည့် ပုဂ္ဂိုလ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ ဖြစ်စေရမည်။ မြီရှင်များက အဆိုပြုတင်ပြသည့် ပုဂ္ဂိုလ်မရှိခဲ့လျှင် ကုမ္ပဏီက အဆိုပြုတင်ပြသည့် ပုဂ္ဂိုလ်သည် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ဖြစ်စေရမည်။ သို့ရာတွင် သီးခြားပုဂ္ဂိုလ်များကို အဆိုပြု တင်ပြလာသည့် ကိစ္စရပ်၌ မြီရှင်များက အဆိုပြု တင်ပြသည့်နေ့ရက်မှ (၇)ရက်အတွင်း ကုမ္ပဏီ၏ ဒါရိုက်တာ၊ ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် မြီရှင်တစ်ဦးဦးသည် တရားရုံးသို့ တင်ပြ၍ မြီရှင်များက အဆိုပြုသည့် ပုဂ္ဂိုလ်အစား သို့မဟုတ် ယင်းပုဂ္ဂိုလ်နှင့်အတူ ကုမ္ပဏီက စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ အဖြစ် အဆိုပြု တင်ပြသည့် ပုဂ္ဂိုလ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ အဖြစ် သတ်မှတ် ပေးရန် သို့မဟုတ် မြီရှင်များက ခန့်အပ်သည့် ပုဂ္ဂိုလ်အစား အခြားသူ တစ်ဦးဦးကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပေးရန် အမိန့်တစ်ရပ်ရပ်ကို လျှောက်ထားနိုင်သည်။

**၃၆၄။ စစ်ဆေးရေးကော်မတီအား ခန့်အပ်ခြင်း**

(က) ပုဒ်မ ၃၆၁ အရ ကျင်းပသည့် အစည်းအဝေး၌ဖြစ်စေ၊ နောင်တွင်ပြုလုပ်သည့် အစည်း အဝေးတစ်ရပ်ရပ်၌ဖြစ်စေ မြီရှင်များသည် ၎င်းတို့သင့်သည်ဟု ထင်မြင်သည့်အတိုင်း (၅)ဦး ထက် မပိုသောသူများ ပါဝင်သည့် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ် နိုင် သည်။ အဆိုပါကော်မတီအား ခန့်အပ်ပြီးသည့်အခါ ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်း ရန် အတွက် ဆုံးဖြတ်ချက်ချမှတ်မည့် အစည်းအဝေး၌ဖြစ်စေ၊ နောင်တွင် ကျင်းပမည့် အထွေထွေ အစည်းအဝေးတစ်ရပ်ရပ်၌ဖြစ်စေ ကုမ္ပဏီသည် (၅)ဦးထက် မပိုသော ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရန် သင့်သည်ထင်မြင်သည့် ပုဂ္ဂိုလ်များကို ခန့်အပ်နိုင်သည်။

(ခ) သို့ရာတွင် မြီရှင်များသည် ၎င်းတို့သင့်သည်ထင်မြင်သည့်အတိုင်း ကုမ္ပဏီက ထိုသို့ ခန့်အပ်ထားသည့် ပုဂ္ဂိုလ်အားလုံးကိုဖြစ်စေ၊ တစ်ဦးဦးကိုဖြစ်စေ စစ်ဆေးရေးကော်မတီ ၏ အဖွဲ့ဝင်များ မဖြစ်သင့်ကြောင်း ဆုံးဖြတ်နိုင်သည်။ မြီရှင်များက ထိုသို့ ဆုံးဖြတ်ခဲ့လျှင် တရားရုံးက အခြားနည်း ညွှန်ကြားခြင်း မရှိပါက ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များသည် ကော်မတီ၏ အဖွဲ့ဝင်များ အဖြစ် ဆောင်ရွက်ရန် မပြုစေရ။ ဤပြဋ္ဌာန်းချက် အရ တရားရုံးသို့ တင်ပြလျှောက်ထားခဲ့လျှင် တရားရုံးသည် သင့်သည် ဟု ထင်မြင်သည့်အတိုင်း ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်အစား အဖွဲ့ဝင် အဖြစ် ဆောင်ရွက်နိုင်မည့် အခြားသူ တစ်ဦးဦးကို ခန့်အပ်နိုင်သည်။

**၃၆၅။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ၏ အခကြေးငွေကို သတ်မှတ်ခြင်းနှင့် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များကို ရပ်စဲခြင်း**

(က) စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီ မရှိခဲ့လျှင် မြီရှင်များသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများသို့ ပေးချေရမည့် အခကြေးငွေများကို သတ်မှတ်နိုင်ပြီး အခကြေးငွေကို သတ်မှတ်ထားခြင်း မရှိခဲ့လျှင် ထိုအခကြေးငွေကို တရားရုံးက သတ်မှတ်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များအားလုံးသည် စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီ မရှိခဲ့လျှင် မြီရှင်များက ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သည့်ကိစ္စရပ်မှအပ ရပ်စဲစေရမည်။

**၃၆၆။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့် အခွင့်အာဏာ**

တရားရုံးကသော်လည်းကောင်း၊ တရားရုံး၏ ညွှန်ကြားချက်ဖြင့်သော်လည်းကောင်း ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှအပ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးဦးသည် သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြား အကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာ၌ လစ်လပ်သွားလျှင် မြီရှင်များသည် ထိုလစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည်။

**၃၆၇။ မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်အား လိုက်နာ ရခြင်း**

ပုဒ်မ ၃၅၄ ပါပြဋ္ဌာန်းချက်များသည် မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ကုမ္ပဏီတွင်ပါဝင်သူများကကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကဲ့သို့ သက်ဆိုင်စေရမည်ဖြစ်ပြီး အဆိုပါပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ လုပ်ပိုင်ခွင့်များကို တရားရုံးကဖြစ်စေ၊ စစ်ဆေးရေးကော်မတီကဖြစ်စေ ခွင့်ပြုချက်ပါရှိမှအပ ကျင့်သုံးဆောင်ရွက်ခြင်း မပြုရ။

**၃၆၈။ နှစ်စဉ် နှစ်ကုန်ဆုံးချိန်၌ ကုမ္ပဏီ၏အစည်းအဝေးများနှင့် မြီရှင်များ၏အစည်းအဝေးများအား ခေါ်ယူ ကျင်းပစေရန် ဆောင်ရွက်ရမည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်**

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို (၁) နှစ်ကာလထက် ပိုမို၍ ဆက်လက်ဆောင်ရွက် ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပထမ(၁)နှစ် နှင့် နောက်နှစ် (၁)နှစ်စီ ကုန်ဆုံးချိန်၌၊ သို့မဟုတ် သင့်လျော်သည့် အချိန်၌ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး တစ်ရပ်နှင့် မြီရှင်များ၏ အစည်းအဝေးတစ်ရပ်ကို ကျင်းပရန် ဆင့်ဆိုနိုင်ပြီး အစည်းအဝေးများတွင် ပြီးခဲ့သည့်နှစ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အတွက် ၎င်း၏ ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းမှုအခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များ ပါဝင်သော သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပြုစုထား သည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

**၃၆၉။** စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၆၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ် ပမာဏ (၁၀) ခု ထက် မပိုသည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

**၃၇၀။ အပြီးသတ် အစည်းအဝေး နှင့် ကုမ္ပဏီဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ပစ္စည်းများကို မည်သို့စီမံခန့်ခွဲခဲ့သည်တို့ကို ဖော်ပြပါရှိ စေရမည်။ ယင်းနောက် အဆိုပါစာရင်းကို တင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်း ပြောဆိုရန် အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး တစ်ရပ်နှင့် မြီရှင်များ၏ အစည်းအဝေး တစ်ရပ်တို့ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးတစ်ရပ်စီကို အချိန်၊ နေရာ နှင့် ရည်ရွယ်ချက်တို့အား သတ်မှတ်ကြေညာ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါ အကြောင်းကြားစာ တစ်စောင်အား ထုတ်ဝေခြင်း အတွက် သတ်မှတ်ပါရှိသည့် နည်းလမ်းများဖြင့် အစည်းအဝေး မကျင်းပမီ အနည်းဆုံး (၂၈) ရက် ကြိုတင်၍ ထုတ်ပြန်ရမည်။

(ဂ) အစည်းအဝေးများကို ကျင်းပသည့်နေ့ရက်မှ (၇) ရက် အတွင်း၊ သို့မဟုတ် အစည်းအဝေးများအား အဆိုပါနေ့ရက်များ တွင် ကျင်းပနိုင်ခြင်း မရှိခဲ့လျှင် နောင်တွင် ကျင်းပသည့် နေ့ရက်မှ ရက်သတ္တ(၁)ပတ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းမိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေး ကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက် တို့ကို ၎င်းထံသို့ ပြန်ကြားရမည်။
အစည်းအဝေး၌ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့်ဦးရေ (ဤပုဒ်မပါ ကိစ္စရပ်များ အတွက် အစည်းအဝေးသို့ တက်ရောက်ရမည့် ပုဂ္ဂိုလ် (၂) ဦး ရှိရမည်) မပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့် ဦးရေ အပြည့်အဝ မတက်ရောက်ခဲ့ကြောင်း ဖော်ပြပါရှိသည့် ပြန်ကြားချက် တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့်အခါ ပြန်ကြားချက် ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်း လိုက်နာဆောင်ရွက်ပြီး ဖြစ်သကဲ့သို့ မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် စာရင်း သို့မဟုတ် ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြပါရှိသော အစည်း အဝေးတစ်ရပ်စီနှင့် စပ်လျဉ်းသည့် ပြန်ကြားချက်တစ်ရပ်ရပ်ကို လက်ခံရရှိသည့်အခါ ယင်းတို့အား မှတ်ပုံတင်ရေးသွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင် ပြီးသည့်အချိန်မှစ၍ (၃) လ ပြည့်မြောက် ပြီးသည့်အချိန်တွင် ကုမ္ပဏီအား ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။
သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင် ရောက်ရှိသူတစ်ဦးဦးက ဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် သင့်သည်ဟု ထင်မြင်သည့်အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုး သက်ရောက်စေမည်ဟု သတ်မှတ်သော နေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

၃၇၁။ ပုဒ်မ ၃၇၀ (ဂ) နှင့်အညီ စာရင်းမိတ္တူ ပေးပို့ခြင်း နှင့် ပြန်ကြားချက် ပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ခဲ့ လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပြစ်ဒဏ်ပမာဏ(၃) ခုထက် မပိုသည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၇၂။ ပုဒ်မ ၃၇၀၏ ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့် တရားရုံး၏ အမိန့်တစ်ရပ်အပေါ်

လျှောက်ထားသူသည် အဆိုပါ အမိန့်အား ချမှတ်သည့်နေ့မှ (၁၀) ရက်အတွင်း အဆိုပါအမိန့်အား မှတ်ပုံတင်ရန်အတွက် အမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြ ရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက် မပိုသည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

## ကုမ္ပဏီတွင်ပါဝင်သူများကဖြစ်စေ၊မြီရှင်များကဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**၃၇၃။ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၇၄ မှ ၃၈၂ အထိ ယင်းပုဒ်မများအပါအဝင်တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင် ပါဝင်သူများကဖြစ်စေ၊ မြီရှင်များကဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း ကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

**၃၇၄။ ကုမ္ပဏီ၏ ပစ္စည်းများကို ခွဲဝေဆောင်ရွက်ခြင်း**

ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဦးစားပေး ငွေပေးချေမှုများနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကုမ္ပဏီ၏ ပစ္စည်းများကို ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၌ အခြားနည်း ဖော်ပြထားခြင်း မရှိလျှင် ကုမ္ပဏီ၏တာဝန်ရှိမှုများအတွက် အချိုးကျ အသုံးပြုရမည်ဖြစ်ပြီး ကုမ္ပဏီရှိပါဝင်သူတို့၏အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များ အရ ကုမ္ပဏီတွင် ပါဝင်သူများအကြား ခွဲဝေဆောင်ရွက်ရမည်။

**၃၇၅။ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒလျောက် ဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ မြီရှင်များက ကုမ္ပဏီ ကို ဆန္ဒအလျောက် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားရုံး သို့မဟုတ် စစ်ဆေးရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း ကုမ္ပဏီကို ဖျက်သိမ်းသည့် ကိစ္စရပ်တွင် ပုဒ်မ ၃၂၁ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဇ) တို့အရ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိသို့ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့် အားလုံးကို ကျင့်သုံး ဆောင်ရွက်နိုင်သည်။ ဤအပိုဒ်အရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိက ကျင့်သုံး ဆောင်ရွက်ရာတွင် တရားရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည် ဖြစ်ပြီး မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးသည် ဤလုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံး ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍တရားရုံးသို့တင်ပြ လျှောက်ထား နိုင်သည်၊

(၂) အပိုဒ်(၁)တွင် ဖော်ပြပါရှိသော ခွင့်ပြုချက်မပါရှိဘဲ ကုမ္ပဏီကိုဖျက်သိမ်းသည့် ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ တရားရုံးက ပေးအပ်ထား သည့် ဤဥပဒေအရ အခြားသော လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံး ဆောင်ရွက် နိုင်သည်၊

(၃) ကြွေးမြီပေးဆပ်ရသူများစာရင်းကို ရှင်းလင်းဆောင်ရွက်ရာတွင် ဤဥပဒေအရ

ပေးအပ်ထားသည့် တရားရုံး၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ပြီး ကြွေးမြီပေးဆပ်ရသူများစာရင်းသည် ယင်းစာရင်းတွင် ကြွေးမြီပေးဆပ်ရသူများ အဖြစ်ပါရှိသူများ၏ တာဝန်ရှိမှုများအတွက် ခိုင်လုံသည့် သက်သေခံချက် ဖြစ်စေရ မည်၊

(၄) ငွေကြေးထည့်ဝင်ရန် တောင်းခံမှု ပြုလုပ်နိုင်သည့် တရားရုံး၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်၊ ၎င်းပြင်

(၅) အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ ခွင့်ပြုချက်ကိုရယူရန် သို့မဟုတ် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့် အခြားကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ ကြွေးမြီများကို ပေးချေရမည် ဖြစ်ပြီး ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို ချိန်ညှိဆောင်ရွက် ပေးရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများစွာအား ခန့်အပ်ထားခဲ့လျှင် ဤဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ၎င်းတို့အား ခန့်အပ်သည့်အချိန်၌ သတ်မှတ်ထားသည့်အတိုင်းတစ်ဦးကသော်လည်းကောင်း၊အများကသော်လည်းကောင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။ ထိုသို့သတ်မှတ်ထားခြင်း မရှိခဲ့လျှင် နှစ်ဦးထက်မနည်းသော စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ များက ကျင့်သုံးဆောင်ရွက်နိုင်သည်။

**၃၇၆။ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းများနှင့် သက်ဆိုင်သည့် တရားရုံး၏ အခွင့်အာဏာ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ခန့်အပ်မှုကို အကြောင်းကြားခြင်း**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက အကြောင်းတစ်စုံတစ်ရာကြောင့် မရှိသည့် ကိစ္စရပ်များတွင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် အကြောင်းတစ်စုံတစ်ရာ တင်ပြလာလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား ထုတ်ပယ်နိုင်ပြီး အခြားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအား ခန့်အပ်ပြီးနောက် (၂၁) ရက် အတွင်း မှတ်ပုံတင် ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ခန့်အပ်မှု အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

**၃၇၇။** စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၇၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၃) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၃၇၈။ မြီရှင်များအပေါ် တရားဝင်စည်းနှောင်မှုရှိသည့် စီစဉ်ဆောင်ရွက်မှုများ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်မည့် သို့မဟုတ် ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုနှင့် ယင်း၏မြီရှင်များအကြား ပြုလုပ်သည့် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို အထူးဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့လျှင် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ မြီရှင်များ၏ အရေအတွက်နှင့် တန်ဖိုးအရ လေးပုံသုံးပုံဖြင့် လက်ခံခဲ့လျှင် မြီရှင်များအပေါ်တွင်လည်းကောင်း တရားဝင်စည်းနှောင်မှုရှိသည်။ ယင်းကိစ္စရပ်အပေါ်တွင် ဤပုဒ်မအရ

အယူခံခွင့်ရှိသည်။

(ခ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စီစဉ်ဆောင်ရွက်မှုများ ပြီးစီးပြီး နောက် (၂၁) ရက် အတွင်း ယင်းကိစ္စအပေါ်တွင် တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။ ထိုအယူခံမှုအရ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စီစဉ်ဆောင်ရွက်မှုကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အတည်ပြုခြင်းများ ပြုလုပ်နိုင်သည်။

**၃၇၉။ ကိစ္စရပ်များကို ဆုံးဖြတ်နိုင်ရန်နှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည့် အခွင့်အာဏာ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင် တစ်ဦးဦးသည် ကုမ္ပဏီအား ဖျက်သိမ်းရာတွင် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးရန်၊ သို့မဟုတ် ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများအား အတည်ပြုခြင်း၊ တရားစွဲဆို ဆောင်ရွက်မှု ဆိုင်းငံ့ခြင်း သို့မဟုတ် အခြားကိစ္စရပ်များတို့နှင့် စပ်လျဉ်းပြီး ကုမ္ပဏီအား တရားရုံးဖြင့် ဖျက်သိမ်းဆောင်ရွက်သကဲ့သို့ တရားရုံးက ကျင့်သုံးနိုင်ခွင့်ရှိသည့် အခွင့် အာဏာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေရန် တရားရုံးသို့ တင်ပြ လျှောက်ထားနိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးသည် ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်မှု များအပေါ် တရားဝင်လျက်ရှိသည့် ဝရမ်းကပ်ခြင်း၊ ပစ္စည်းများသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းများကို ပယ်ဖျက်သည့်အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဂ) အဆိုပါ လျှောက်ထားမှုကို ကုမ္ပဏီ ဖျက်သိမ်းခြင်းအပေါ် စီရင်ဆုံးဖြတ်ခွင့်ရှိသည့် တရားရုံး သို့ တင်ပြရမည်။

(ဃ) တရားရုံးသည် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးခြင်း၊ လိုအပ်သော အခွင့် အာဏာကို ကျင့်သုံးခြင်း၊ သို့မဟုတ် လိုက်နာရမည့်အမိန့်တစ်ရပ်ကို ချမှတ်ခြင်း တို့သည် လျော်ကန်မှုတပြီး အကျိုးဖြစ်ထွန်းစေကြောင်း ကျေနပ်လက်ခံလျှင် ၎င်းသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် လျှောက်ထားမှု တစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ လက်ခံနိုင်သည် သို့မဟုတ် လျှောက်ထားမှု အပေါ် သင့်သည် ထင်မြင်သည့် အခြား အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**၃၈၀။ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ကျခံရသည့်စရိတ်များ**

ကုမ္ပဏီကိုဖျက်သိမ်းရာတွင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေ အပါအဝင် ကျခံရသော ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအားလုံးကို အာမခံအကျိုး ခံစားခွင့် ရရှိသောမြီရှင်များ (secured creditors) ၏ အခွင့်အရေးများ ရှိခဲ့လျှင် ယင်းတို့ကို မထိခိုက်စေဘဲ အခြားသော တောင်းခံတင်ပြမှုများထက် ဦးစားပေး၍ ကုမ္ပဏီ၏ အခြေပစ္စည်း များမှ ပေးချေရမည်။

**၃၈၁။ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကိုမထိခိုက်စေခြင်း**

ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းခြင်းသည် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းဆောင်ရွက်စေရန် အတွက် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦး၏ အခွင့်အရေးကို တားမြစ် ပိတ်ပင်ခြင်း မရှိစေရ။ သို့သော် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးက ကြွေးမြီပေးဆပ် ရသူများ၏ အခွင့်အရေးများသည် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကြောင့် ထိခိုက်စေမည်ဖြစ်သည်ဟု ကျေနပ်လက်ခံရမည်။

**၃၈၂။ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များအား သတ်မှတ်ပေး နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းဆောင်ရွက်ရာတွင် တရားရုံးက ကုမ္ပဏီ ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါအမိန့်တွင် ဖြစ်စေ၊ နောင်တွင်ချမှတ်သည့်အမိန့်တစ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ဆောင်ရွက် ရမည့်ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ သတ်မှတ်ပေးနိုင်သည်။

**တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်း**

၃၈၃။ **တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ဖြင့် ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်သည့်အခါ တရားရုံးသည် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအား မြီရှင်များ၊ ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် အခြားသူများက တရားရုံးသို့ လွတ်လပ်စွာ လျှောက်ထားတင်ပြနိုင်၍ တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များကို လိုက်နာလျက် ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ သို့သော် တရားရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြ၍ အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

၃၈၄။ **တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်း၏ အကျိုးသက်ရောက်မှု**

တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လျှောက်ထားမှု တစ်ရပ်ကို စွဲဆိုသည့်အမှုများအပေါ် တရားရုံးသို့ စီရင်ပိုင်ခွင့်ပေးရန် အတွက် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းရန် လျှောက်ထားခြင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

၃၈၅။ **မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို တရားရုံးက လက်ခံသုံးသပ်နိုင်ခြင်း**

တရားရုံးသည် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်း နှင့် တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းတို့အကြား ဆုံးဖြတ်ရာတွင်လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်ရာတွင်လည်းကောင်း၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင်လည်းကောင်း လုံလောက်သည့်အထောက်အထားတစ်ရပ်ရပ်ဖြင့် ၎င်းထံ တင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့်ကြွေးမြီပေးဆပ်ရသူများ၏သဘောဆန္ဒများကို လက်ခံသုံးသပ်နိုင်သည်။

၃၈၆။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း ပြုနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

(က) တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့်အခါ တရားရုံးသည် အဆိုပါအမိန့်ဖြင့်ဖြစ်စေ၊ နောင်တွင်ချမှတ်သည့် အမိန့်တစ်ရပ်ဖြင့်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးကို ထပ်မံခန့်ထားသည့် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ တရားရုံးက ခန့်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးသည် ကုမ္ပဏီက ခန့်အပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဲ့သို့ ကိစ္စရပ်များအားလုံး တွင် အလားတူ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ ရှိစေရမည်။

(ဂ) တရားရုံးသည် ယင်းက ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးဦး ကိုဖြစ်စေ၊ ကြီးကြပ်မှုအမိန့်အရ ဆက်လက်ခွင့်ပြုထားသည့်စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိတစ်ဦးဦးကို ဖြစ်စေထုတ်ပယ်နိုင်ပြီး ထုတ်ပယ်မှု၊သေဆုံးမှု သို့မဟုတ် နုတ်ထွက်မှုများ ကြောင့် လစ်လပ်သွားသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦး၏ နေရာတွင် ဖြည့်စွက် ခန့်ထားနိုင်သည်။

၃၈၇။ **ကြီးကြပ်မှုအမိန့်၏ အကျိုးသက်ရောက်မှု**

(က) တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့် အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံးက သတ်မှတ်ထားသည့် တားမြစ်ချက်များကို လိုက်နာလျက် တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် စွက်ဖက်မှု မပါရှိဘဲ မိမိ၏ လုပ်ပိုင်ခွင့်များအားလုံးကို ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်း ဆောင်ရွက်သကဲ့သို့ အလားတူ နည်းလမ်းများအတိုင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင် ဖော်ပြထားသည့်ကိစ္စရပ်နှင့် ပုဒ်မ ၃၃၈ တွင် ပါရှိသည့်ကိစ္စရပ် များမှအပ တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန် အတွက် တရားရုံးက ချမှတ် သည့် အမိန့်တစ်ရပ်ရပ်သည် တရားစွဲဆိုမှုများနှင့် အခြား ဆောင်ရွက်မှုများကို ဆိုင်းငံ့ခြင်း အပါအဝင် ကိစ္စရပ်များ အားလုံးတွင် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းအတွက် ချမှတ်သည့် အမိန့်တစ်ရပ် ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ပြီး ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခံမှုများ ပြုလုပ်ရန်၊ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက ပြုလုပ် ထားသည့် ငွေကြေးထည့်ဝင်ရန် အတွက် တောင်းခံမှုများကို အတည်ပြုရန်၊ သို့မဟုတ် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းခြင်း အတွက် အမိန့်တစ်ရပ်ချမှတ်သကဲ့သို့ ကျင့်သုံး ဆောင်ရွက်နိုင်ခွင့်ရှိ သည့် အခွင့်အာဏာများအားလုံးကို တရားရုံးသို့ အခွင့်အာဏာ အပြည့်အဝ အပ်နှင်းရ မည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ သို့မဟုတ် ၎င်း အတွက် ဆောင်ရွက်ပေးရမည့်ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို တရားရုံးက ညွှန်ကြား နိုင်ရန်အတွက် အခွင့်အာဏာ အပ်နှင်းထားသည့် ပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသော "တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ" ဆိုသည်မှာတရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် ဆောင်ရွက်သည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကို ဆိုလိုသည်ဟု မှတ်ယူရမည်။

၃၈၈။ **အလွတ်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကို တရားဝင်ခန့်အပ် ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအဖြစ် ခန့်အပ်ခြင်း**

တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်ပြီး ယင်းနောက် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းအတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် အဆိုပါ အမိန့်ဖြင့်ဖြစ်စေ၊ နောင်တွင်ချမှတ်သည့်အမိန့် တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ယာယီ သော်လည်းကောင်း၊ အမြဲတမ်း သော်လည်းကောင်း၊ အခြားသူများဖြင့် သော်လည်းကောင်း၊ အခြားသူများပါရှိခြင်း မရှိဘဲ နှင့်သော်လည်းကောင်း၊ အလွတ်ခန့်ထား သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ သို့မဟုတ် ယင်းတို့အနက်မှ တစ်ဦးဦးကို တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားဝင်ခန့်အပ်ထားသည့် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်နိုင်သည်။

**ဖြည့်စွက် ပြဋ္ဌာန်းချက်များ**

**၁၈၉။ ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် လွှဲပြောင်းခြင်းများ မပြုလုပ်ရခြင်း နှင့် ကြွေးမြီများ ပေါ်လွင်စွာ ဖော်ပြရခြင်း**

(က) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်၌ ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် ပြုလုပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သည့် လွှဲပြောင်းခြင်းမှအပ အစုရှယ်ယာများကို လွှဲပြောင်းခြင်းများ နှင့် ကုမ္ပဏီ တွင်ပါဝင်သူများ၏ ရပ်တည်မှု အခြေအနေကို ပြောင်းလဲခြင်းများ အားလုံးသည် ပျက်ပြယ်သည်။

(ခ) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီကို ဖျက်သိမ်းသည့် ကိစ္စရပ်၌ ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် အရေးယူ ဆောင်ရွက်နိုင်သည့် တင်ပြ တောင်းဆိုမှုများအပါအဝင် ကုမ္ပဏီ၏ ပစ္စည်းများကို ပေးအပ်ခြင်းများ၊ အစုရှယ်ယာ များကို လွှဲပြောင်းခြင်းများ၊ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ ရပ်တည်မှု အခြေအနေကို ပြောင်းလဲခြင်းများ အားလုံးသည် တရားရုံးက အခြားသောအမိန့် တစ်စုံ တစ်ရာ ချမှတ် ထားခြင်း မရှိလျှင် ပျက်ပြယ်သည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် သက်ဆိုင်၍ လူမွဲခံယူသည့် ကုမ္ပဏီများကိစ္စရပ်တွင် ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ်အားလုံး၌ ပေးရန် ရှိမည့် ကြွေးမြီများအားလုံးနှင့် ယခုသော်လည်းကောင်း၊ နောင်တွင် သော်လည်းကောင်း ဖြစ်ပေါ်မည့် သို့မဟုတ် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် ကုမ္ပဏီအပေါ် တင်ပြတောင်းဆိုမှုများ အားလုံးကို ကုမ္ပဏီအား ဆန့်ကျင်၍ သက်သေတင်ပြနိုင်သည်။ နောင်တွင် ဖြစ်ပေါ် လာနိုင်သည့် သို့မဟုတ် အခြားအကြောင်းကိစ္စရပ်အတွက် ကြွေးမြီများ သို့မဟုတ် တင်ပြ တောင်းဆိုမှုများ၏ တန်ဖိုးကို တိကျသေချာသော တန်ဖိုး တစ်ရပ်မဟုတ်လျှင် သင့်တင့် မျှတသည့် တန်ဖိုးဖြင့် သတ်မှတ်ရမည်။

**၁၉၀။ လူမွဲခံယူသည့်ကုမ္ပဏီများအား ဖျက်သိမ်းသည့်ကိစ္စရပ်တွင် လူမွဲခံယူခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်း များကို လိုက်နာရခြင်း**

လူမွဲခံယူသည့်ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရာတွင် အာမခံအကျိုး ခံစားခွင့်ရရှိသောမြီရှင်များ (secured creditors)နှင့် အာမခံအကျိုး ခံစားခွင့်မရရှိသောမြီရှင်များ (unsecured creditors) ၏ သက်ဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သက်သေထင်ရှား တင်ပြနိုင်သည့် ကြွေးမြီများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နှစ်စဉ်ထုတ်ယူနိုင်သည့် အာမခံတန်ဖိုးနှင့် နောင်တွင် ဖြစ်ပေါ်လာမည့် တာဝန်ရှိမှုများနှင့် စပ်လျဉ်း၍လည်းကောင်း လူမွဲဖြစ်သည်ဟု သတ်မှတ်ခံရသည့် ပုဂ္ဂိုလ်၏ ပိုင်ဆိုင်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အဆိုပါ အချိန် ကာလတွင် အတည်ဖြစ် လျက်ရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ အဆိုပါ ကိစ္စရပ်များတွင် သက်သေထင်ရှားတင်ပြရမည့်ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီ၏ အခြေပစ္စည်းများမှ အမြတ် ဝေစုများ ကိုလက်ခံ ရရှိမည့်ပုဂ္ဂိုလ်များအားလုံးသည် ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်၌ ပါဝင်လာမည် ဖြစ်ပြီး ဤပုဒ်မ အရ ရထိုက်ခွင့်ရှိသူများအဖြစ် ကုမ္ပဏီအပေါ် အဆိုပါတင်ပြ တောင်းဆိုမှုများ ကို ပြုလုပ်နိုင်သည်။

**၁၉၁။ ဦးစားပေး ငွေပေးချေမှုများ**

(က) ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ အခြားသော ကြွေးမြီများထက် အောက်ပါတို့ကို

ဦးစားပေး၍ ပေးချေမှုများ ပြုလုပ်ရမည် -

(၁) အစိုးရ သို့မဟုတ် ဒေသအာဏာပိုင်တစ်ရပ်ရပ်သို့ ကုမ္ပဏီက ပေးချေရမည့် ဤပုဒ်မ၏ ပုဒ်မခွဲ (င)တွင် ဖော်ပြထားသည့်နေ့ရက်၌ အဆိုပါနေ့ရက်မတိုင်မီ (၁၂) လ အတွင်း ပေးချေရန် ကျရောက်သည့် ဘဏ္ဍာငွေများ၊ အခွန်များ၊ စည်းကြပ်ခွန်များ၊ အခွန်အခများ အားလုံး၊

(၂) အထက်ဖော်ပြပါနေ့ရက်မတိုင်မီ (၂)လအတွင်း ကုမ္ပဏီသို့ဆောင်ရွက် ပေးထားသည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် စာရေး သို့မဟုတ် ဝန်ထမ်းတစ်ဦးစီ၏ လုပ်အားခများ သို့မဟုတ် လစာများအားလုံး၊

(၃) အထက်ဖော်ပြပါ နေ့ရက်မတိုင်မီ (၂) လအတွင်း ကုမ္ပဏီသို့ ဆောင်ရွက်ပေးထား သည့်ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အချိန်ပိုင်းအရသော်လည်းကောင်း၊ လုပ်ငန်းပိုင်းအလိုက် သော်လည်းကောင်း ပေးချေရမည့် အလုပ်သမား သို့မဟုတ် ကာယ လုပ်သား တစ်ဦးဦး၏ လုပ်ခများအားလုံး၊

(၄) ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦး သေဆုံးခြင်း သို့မဟုတ် မသန်မစွမ်း ဖြစ်ခြင်းတို့နှင့် စပ်လျဉ်း၍ အလုပ်သမား လျော်ကြေးအက်ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ပေးချေရမည့် လျော်ကြေးငွေများ၊

(၅) ကုမ္ပဏီက ခန့်အပ်ထားသည့် ဝန်ထမ်းများ၏ လူမှုဖူလုံရေးအတွက် အိုနာစာရန်ပုံငွေ၊ ပင်စင်ရန်ပုံငွေ၊ ဆုကြေးရန်ပုံငွေ၊ သို့မဟုတ် အခြားရန်ပုံငွေ တစ်ရပ်ရပ်မှ ဝန်ထမ်း တစ်ဦးဦးသို့ ပေးချေရမည့် ငွေပမာဏများအားလုံး၊ ၎င်းပြင်

(၆) ဤဥပဒေ၏ ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က) အပိုဒ်(၃) နှင့်အညီ ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတစ် ရပ်ရပ်အတွက် ကုန်ကျစရိတ်များ။

(ခ) အထက်ဖော်ပြပါ ကြွေးမြီများအားလုံးကို -

(၁) တန်းတူဦးစားပေးရမည်ဖြစ်ပြီး အခြေပစ္စည်းများ လုံလောက်မှုရှိလျှင် အပြည့်အဝ ပေးချေရမည်။ ထိုသို့ ပေးချေရန်အတွက် အခြေပစ္စည်းများ လုံလောက်မှု မရှိပါက ယင်းတို့အား အချိုးတူညီစွာဖြင့် လျှော့ချ ပေးချေရမည်၊ ၎င်းပြင်

(၂) သာမန်မြီရှင်များသို့ ငွေပေးချေရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများသည် လုံလောက်မှု မရှိသည့်အခါ အထက်ဖော်ပြပါကြွေးမြီများအားလုံးကို ကုမ္ပဏီက ပြုလုပ်ထားသည့် အခြေပစ္စည်းများအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန် တင်ရှိခြင်း (floating charge) တစ်ရပ်ရပ်အရ ငွေချေးလက်မှတ်များ အား ပိုင်ဆိုင် ထားသူ၏ တင်ပြတောင်းဆိုမှုထက် ဦးစားပေး၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါ အပြောင်းအလဲရှိသော ကြွေးမြီ တာဝန်တင်ရှိခြင်းတွင် ပါဝင်သော သို့မဟုတ် သက်ဆိုင်သော ပစ္စည်းတစ်ရပ်ရပ်မှ ပေးချေရမည်။

(ဂ) ကုမ္ပဏီဖျက်သိမ်းရန် ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များအတွက် လိုအပ်မည့်ငွေပမာဏကို ထိန်းသိမ်းထားရှိပြီး ဖော်ပြပါ ကြွေးမြီများကို အခြေပစ္စည်းများ လုံလောက်မှုရှိသည့်အတိုင်းအတာအထိ ချက်ချင်း ပေးချေရမည်။

(ဃ) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့် ချမှတ်သည့်နေ့ရက်မတိုင်မီ (၃)လအတွင်း ကုမ္ပဏီ၏

ကုန်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများကို မြေအဆောက်အအုံပိုင်ရှင် သို့မဟုတ် အခြားသူ တစ်ဦးဦးက ကြွေးမြီအတွက် ပစ္စည်းသိမ်းယူထားလျှင် သို့မဟုတ် ကြွေးမြီအတွက် ပစ္စည်းသိမ်းယူလျှင် ဤပုဒ်မအရ ဦးစားပေး၍ ပေးချေရမည့် ကြွေးမြီများ အားလုံးကို ထိုသို့ သိမ်းယူထားလျှင် ကုန်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများ အပေါ်တွင် လည်း ကောင်း၊ အဆိုပါပစ္စည်းများကို ရောင်းချရရှိသည့် ငွေကြေးများအပေါ်တွင် လည်းကောင်း ပထမဦးစွာ ပေးချေဆောင်ရွက်ရမည်။

သို့ရာတွင် ပေါင်းနှံမှုတစ်ရပ်ရပ်အရ ပေးချေရသည့် ငွေကြေး တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မြေအဆောက်အအုံပိုင်ရှင် သို့မဟုတ် အခြားသူတစ်ဦးသည် ငွေပေး ချေခြင်းကို လက်ခံရမည့်ပုဂ္ဂိုလ်ကဲ့သို့ အလားတူ ဦးစားပေးအခွင့်အရေးကို ရရှိစေရမည်။

(င) ဤပုဒ်မတွင် ရှေ့ပိုင်း၌ ရည်ညွှန်းဖော်ပြခဲ့သော ရက်စွဲသည် -

(၁) ယခင်က ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် စတင်ဆောင်ရွက်ခြင်း မပြုခဲ့သေးသော ဆန္ဒအလျောက်ဖျက်သိမ်းရန် အမိန့်ချမှတ်ခြင်းခံရသည့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သောကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန် အမိန့်ချမှတ်သည့်နေ့ရက်နှင့်

(၂) အခြားကိစ္စရပ်များတွင် ကုမ္ပဏီဖျက်သိမ်းရန် စတင်ဆောင်ရွက်သည့်နေ့။

**၃၄၂။ ပစ္စည်းများကို စွန့်လွှတ်ခြင်း**

(က) ဖျက်သိမ်းခံရသည့် ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်တွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် တာဝန်များပါရှိသော သက်တမ်းတစ်ရပ်ရပ် သတ်မှတ်ပါရှိသည့်မြေများ၊ ကုမ္ပဏီ၏ စတော့ ရှယ်ယာများ၊ အကျိုးအမြတ် မပါရှိသော ပဋိညာဉ်စာချုပ်များ၊ ရောင်းချခြင်း မပြုနိုင်သော အခြားပစ္စည်းများ၊ အလွယ်တကူ ရောင်းချနိုင်သည့်ပစ္စည်းများ ပါဝင်ခဲ့လျှင် တာဝန်ရှိသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်စေရန် သို့မဟုတ် ငွေကြေးတစ်ရပ်ရပ်ကို ပေးချေ စေရန်အတွက် အဆိုပါပစ္စည်းများကို လက်ဝယ် ထားရှိသူအပေါ် တရားဝင် စည်းနှောင်မှု ရှိသည်ဆိုသော အကြောင်းကြောင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိသည် ပစ္စည်းများကိုရောင်းချရန် သို့မဟုတ် ပိုင်ဆိုင်မှု အားရယူရန် ကြိုးပမ်းအားထုတ်ခြင်း၊ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးနေစေကာမူတရားရုံး၏ ခွင့်ပြုချက်အရလည်းကောင်း၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍လည်းကောင်း ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်အချိန်မှ (၁၂) လ အတွင်း သို့မဟုတ် တရားရုံးကခွင့်ပြုသည့် ထပ်မံတိုးမြှင့် ပေးသည့်ကာလအတွင်း မည်သည့်အချိန် တွင်မဆို ၎င်းက စာဖြင့် ရေးသား လက်မှတ်ရေးထိုး၍ ပစ္စည်းများကို စွန့်လွှတ်နိုင်သည်။

သို့ရာတွင် ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့် အချိန်မှ (၂၈)ရက် အတွင်း ပစ္စည်းတစ်ရပ်ရပ် အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက သိရှိထားခြင်း မရှိခဲ့လျှင် ပစ္စည်းများ စွန့် လွှတ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မအရ အခွင့်အာဏာကို ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ၎င်းအနေဖြင့် စတင်သိရှိသည့်အချိန်မှ (၁၂)လအတွင်း သို့မဟုတ် တရားရုံးကခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့် ကာလအတွင်း မည်သည့် အချိန်တွင်မဆို ကျင့်သုံးဆောင် ရွက်နိုင်သည်။

(ခ) စွန့်လွှတ်ခြင်းသည် ထိုသို့စွန့်လွှတ်သည့်နေ့မှစ၍ စွန့်လွှတ်သည့်ပစ္စည်းများရှိ သို့မဟုတ် ယင်းတို့နှင့် စပ်လျဉ်းသည့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များနှင့် ကုမ္ပဏီ၏

တာဝန်ရှိမှုများ၊ ကုမ္ပဏီ၏ ပစ္စည်းများကို ဆုံးဖြတ်ဆောင်ရွက်သည်ဟု ဖြစ်သည်။ သို့သော် စွန့်လွှတ်ခြင်းသည် တာဝန်ရှိမှုမှ ကုမ္ပဏီကို သော်လည်းကောင်း၊ ကုမ္ပဏီ၏ ပစ္စည်းများကို သော်လည်းကောင်း စွန့်လွှတ်ခွင့်ပြုရန်အတွက် လိုအပ်သည့် ကိစ္စရပ်မှအပ အခြားသူတစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) တရားရုံးသည် စွန့်လွှတ်ခွင့်မပြုမီတွင်ဖြစ်စေ၊ စွန့်လွှတ်ရန်ခွင့်ပြုသည့်အခါတွင်ဖြစ်စေ အကျိုး သက်ဆိုင်သည့်ပုဂ္ဂိုလ်များသို့ အကြောင်းကြားစာများကို ပေးပို့စေနိုင်ပြီး ဆောင်ရွက်ခွင့်ပြု မည့်စည်းကမ်းချက်များကို သတ်မှတ်နိုင်သည့်အပြင် တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း တရားမျှတသော အခြားအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းက စွန့်လွှတ်ခြင်း ပြုမည် မပြုမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်ဟု အကျိုးခံစားခွင့်ရှိသူတစ်ဦးဦးက ၎င်းထံ စာဖြင့် ရေးသား၍ တင်ပြ လျှောက်ထားလာလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါ လျှောက်ထားမှု အား လက်ခံရရှိပြီးနောက် (၂၈) ရက် အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုသည့် ထပ်မံ တိုးမြှင့်ပေးသည့် ကာလအတွင်း ၎င်းအနေဖြင့် စွန့်လွှတ်ခွင့် ရရှိရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားရန် ကြံရွယ်ကြောင်း လျှောက်ထားသူ သို့ အကြောင်းကြားစာ မပေးပို့ခဲ့ သည့်ကိစ္စတွင် ဤပုဒ်မအရ ပစ္စည်းတစ်ရပ်ရပ်ကို စွန့်လွှတ်ခွင့်မရှိစေရ။ ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ကို စွန့်လွှတ်သည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အထက်ဖော်ပြပါအတိုင်း လျှောက်ထားမှု အား ပြုလုပ်ပြီးနောက် ဖော်ပြပါကာလ သို့မဟုတ် ထပ်မံ တိုးမြှင့်ပေးသည့် ကာလ အတွင်း ထိုပဋိညာဉ်စာချုပ်ကို စွန့်လွှတ်ခြင်း မပြုခဲ့လျှင် ကုမ္ပဏီသည် ယင်းစာချုပ်အား လက်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဆန့်ကျင်၍ ကုမ္ပဏီနှင့် ပြုလုပ်ထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ တာဝန်ရှိသူ သို့မဟုတ် ယင်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်ကို ရခွင့်ရှိသူ တစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် ပဋိညာဉ်စာချုပ်ကို ပယ်ဖျက်သည့် အမိန့်တစ်ရပ်ရပ်ချမှတ်၍ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် တစ်ဖက်ဖက်ထံသို့ သို့မဟုတ် ၎င်းတို့ထံမှ ငွေပေးချေရန် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည့် သို့မဟုတ် တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း အခြားအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါ အမိန့်အရ ဖော်ပြပါ ပုဂ္ဂိုလ်သို့ ပေးချေရမည့် နစ်နာကြေး တစ်ရပ်ရပ်ကို ကုမ္ပဏီ ဖျက်သိမ်းသည့် အခါကြွေးမြီ တစ်ရပ် အဖြစ် ၎င်းကတင်ပြနိုင်သည်။

(စ) စွန့်လွှတ်မည့်ပစ္စည်းတစ်ရပ်တွင် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို တင်ပြတောင်းဆိုသူတစ် ဦးဦး သို့မဟုတ် စွန့်လွှတ်မည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ကင်းလွတ်ခြင်း မပြုရသေးသည့် တာဝန်ရှိမှုတစ်ရပ်အရ သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦးဦးက တင်ပြ လျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါပုဂ္ဂိုလ်ကို ကြားနာပြီး ပစ္စည်းများတွင် အကျိုးခံစား ခွင့်ရှိသူသို့ဖြစ်စေ၊ အထက်တွင် ဖော်ပြပါရှိ သည့် တာဝန်ရှိမှုအတွက် လျော်ကြေးတစ်ရပ်အဖြစ် ပစ္စည်းများအား ပေးအပ်သင့်သည် ဟု ယူဆသူသို့ဖြစ်စေ၊ ထိုသူများ၏ ယုံကြည်အပ်နှံခြင်း ခံရသူများသို့ဖြစ်စေ တရားရုံးက

သင့်သည်ထင်မြင်သည့် စည်းကမ်းချက် များ သတ်မှတ်၍ ပစ္စည်းများအား အပ်နှင်းရန် သို့မဟုတ် ပစ္စည်းများကို ပေးအပ်ရန်အတွက် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ထိုသို့ ပစ္စည်းအပ်နှင်းသည့်အမိန့်အား ချမှတ်ပြီးသည့်အခါ ယင်းတွင်ပါဝင်သောပစ္စည်းများကို ပစ္စည်းလွှဲပြောင်းမှုစာချုပ်တစ်ရပ်သို့မဟုတ် စည်းကမ်းချက် တစ်ရပ် မပါရှိဘဲ အမိန့်တွင် အမည်ဖော်ပြထားသည့်ပုဂ္ဂိုလ်သို့ အပ်နှင်းရမည်။

သို့ရာတွင် စွန့်လွှတ်သည့်ပစ္စည်းသည် ငှားရမ်းထားခြင်းဖြစ်ပါက တရားရုံးသည် အောက်ပါ အချက်များနှင့် ညီညွတ်မှုတစ်ပါး ထပ်ဆင့် အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအဖြစ် ကုမ္ပဏီတွင် တင်ပြတောင်းဆိုသူတစ်ဦးဦးအတွက် ပစ္စည်းအပ်နှင်းသည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းမပြုရ -

(၁) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်အချိန်၌ ပစ္စည်းနှင့်စပ်လျဉ်း၍ အငှားချထားမှု အရ ကုမ္ပဏီနှင့်သက်ဆိုင်သည့်တာဝန်ရှိမှုများကဲ့သို့အလားတူတာဝန်ရှိမှုများနှင့်သက်ဆိုင် လျှင်၊ သို့မဟုတ်

(၂) အဆိုပါနေ့ရက်တွင် ဖော်ပြပါပုဂ္ဂိုလ်သို့ အငှားချထားမှုအား လွှဲအပ်ထား သကဲ့သို့ လည်းကောင်း၊ ငှားရမ်းသည့်ပစ္စည်းတွင် ပစ္စည်းအပ်နှံသည့် အမိန့်တွင် ပါရှိသော ပစ္စည်းများသာ ပါဝင်သကဲ့သို့ လည်းကောင်း၊ ဖော်ပြပါ စည်းကမ်းချက်များဖြင့် ပစ္စည်းအပ်နှံသည့် အမိန့်ကို လက်ခံရန် ငြင်းပယ်သော အပေါင်ခံသူများ သို့မဟုတ်ထပ်ဆင့်အငှားချထားခြင်းခံရသူများသည်ပစ္စည်းများရှိ အကျိုးခံစားခွင့် နှင့် ပစ္စည်းများ အပေါ် ထားရှိသည့်အာမခံများအားလုံးမှ ဖယ်ရှားရမည်ဖြစ်ပြီး ဖော်ပြပါ စည်းကမ်း ချက်များဖြင့် အမိန့် တစ်ရပ်ကို လက်ခံရန်ဆန္ဒရှိပြီး ကုမ္ပဏီတွင် တင်ပြတောင်းခံမှုပြုသူ မရှိခဲ့လျှင် ကုမ္ပဏီမှ ပြုလုပ်ထားသည့် ပစ္စည်းများ၊ ကြွေးမြီ တာဝန်များ နှင့်အကျိုးခံစားခွင့်များမှလွတ်ကင်းသည့် ငှားရမ်းမှုအရ အငှားချထားခြင်းခံရသူ၏ သဘောတူညီချက်အား ဆောင်ရွက်ရန် တရားရုံးသည် ကုမ္ပဏီ၏ ပစ္စည်းများနှင့် ပစ္စည်းတွင်ပါရှိသော အကျိုးခံစားခွင့် များကို တာဝန်ရှိသူ တစ်ဦးဦးထံသို့ တစ်ဦးချင်း အရဖြစ်စေ၊ ကိုယ်စားလှယ် အရဖြစ်စေ၊ တစ်ဦးတည်းသော် လည်းကောင်း၊ ကုမ္ပဏီနှင့် တွဲဖက်၍ လည်းကောင်း အပ်နှင်းရန် အခွင့်အာဏာရှိသည်။

(ဆ) ဤပုဒ်မအရ စွန့်လွှတ်မှုတစ်ရပ်ကို ဆောင်ရွက်ခြင်းကြောင့် ထိခိုက်သည့် ပုဂ္ဂိုလ်တစ်ဦး ဦးသည် ထိခိုက်သည့်ပမာဏအတွက် ကုမ္ပဏီ၏ မြီရှင်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းသည့်အခါတွင် ကြွေးမြီတစ်ရပ်အဖြစ် ထိုပမာဏအား တင်ပြနိုင်သည်။

**၃၉၃။ လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှု**

(က) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်ဦးတစ်ယောက်အပေါ်တွင်ဖြစ်စေ ပြုလုပ်ခဲ့ပြီး ၎င်း၏ လူမွဲခံယူမှုတွင် လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှုဖြစ်သည်ဟု မှတ်ယူရ မည့် ပစ္စည်းများကို လွှဲပြောင်းခြင်း၊ ပေးပို့ခြင်း၊ ပစ္စည်းနှင့်စပ်လျဉ်း၍ ငွေပေးချေခြင်း၊ အတည်ပြု ဆောင်ရွက်ခြင်း သို့မဟုတ် အခြားဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း တို့ကို ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်၌ ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီအပေါ်တွင်ဖြစ်စေ ပြုလုပ်ခဲ့လျှင် ၎င်း၏မြီရှင်များသို့ လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှုတစ်ရပ် ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ချက်သည် တရားဝင်ခြင်းမရှိစေရ။

(ခ) ဤပုဒ်မပါ ကိစ္စရပ်များအတွက် တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ

ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို တင်ပြခြင်းနှင့် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ ဖျက်သိမ်းရန် အတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို တင်ပြခြင်းတို့ကိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် သက်ဆိုင်သည့် လူမွဲခံယူဆောင်ရွက်မှုနှင့် တူညီသည်ဟု မှတ်ယူရမည်။

(ဂ) ကုမ္ပဏီ၏ ပစ္စည်းများအားလုံးကို ကုမ္ပဏီက ၎င်း၏မြီရှင်များအားလုံး၏ အကျိုးခံစားခွင့်များ အတွက် ယုံကြည်အပ်နှံခြင်းခံရသူများသို့ လွှဲပြောင်းဆောင်ရွက်ခြင်းသည် ပျက်ပြယ်စေရ မည်။

**၃၉၄။ ဝရမ်းကပ်ခြင်း၊ အတည်ပြုဆောင်ရွက်ခြင်းများ စသည်တို့ကို မပြုရခြင်း**

(က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖျက်သိမ်းမှု စတင်ပြီးနောက် ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများအပေါ် တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ဝရမ်းကပ်ခြင်း၊ ပစ္စည်းများကို သိမ်းဆည်းခြင်းသို့မဟုတ် အခြား တရားဝင်အစီအစဉ်တစ်ရပ်ရပ်အရ အတည်ပြုဆောင်ရွက်ခြင်းများသို့မဟုတ် ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်းများသည် ပျက်ပြယ်စေရမည်။

(ခ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်မဆို အစိုးရက ဆောင်ရွက်သည့်ကိစ္စရပ်များ နှင့် သက်ဆိုင်ခြင်း မရှိစေရ။

**၃၉၅။ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) ၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖျက်သိမ်းသည့်နေ့မှစ၍ (၃)လအတွင်းပြုလုပ်ခဲ့ သောကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍ပြုလုပ်သည့် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) သည် အဆိုပါ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း ကို ပြုလုပ်ပြီးနောက် ကုမ္ပဏီသည် ချက်ချင်း လူမွဲခံယူရခြင်း မရှိခဲ့လျှင် အဆိုပါ ပမာဏအပေါ် တစ်နှစ် လျှင် (၅) % အတိုးနှုန်းဖြင့် အဆိုပါ ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်သည့်အချိန်တွင် သော်လည်းကောင်း၊ ထိုကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ပြီးနောက်တွင် သော်လည်းကောင်း ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် အဖိုးစားနားအဖြစ် ကုမ္ပဏီသို့ ပေးချေခဲ့သည့် ငွေသားပမာဏ မှအပ တရားဝင်ခြင်း မရှိစေရ။

**၃၉၆။ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် ယေဘုယျအစီအစဉ်များကို ခွင့်ပြုနိုင်ခြင်း**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံး၏ခွင့်ပြုချက်ဖြင့် ကုမ္ပဏီကိုဖျက်သိမ်းသည့်အခါ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ၊ ဆန္ဒအလျောက် ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့်ဖြစ်စေ အောက်ပါကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ ဆောင်ရွက်နိုင်သည် -

(၁) မြီရှင်အမျိုးအစားတစ်ရပ်ရပ်သို့ အပြည့်အဝငွေပေးချေခြင်း၊

(၂) မြီရှင်များနှင့်ဖြစ်စေ၊ မြီရှင်များဖြစ်သည်ဟု တောင်းဆိုနေသူများနှင့်ဖြစ်စေ၊ ကုမ္ပဏီ အနေဖြင့် ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း တာဝန်ရှိနိုင်သည့် တောင်းဆိုမှုတစ်ရပ်ရပ် ပြုလုပ်သူများနှင့်ဖြစ်စေ သဘောတူညီမှု သို့မဟုတ် စီစဉ် ဆောင်ရွက်မှုတစ်ရပ်ရပ် ပြုလုပ်ခြင်း၊

(၃) ကုမ္ပဏီ နှင့် ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများဟု

သတ်မှတခံရသူများ သို့မဟုတ် အခြားမြီစားများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် ကုမ္ပဏီသို့တာဝန်ရှိကြသူများအကြား ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများနှင့် ထိုတောင်းခံမှုများအတွက် တာဝန်ရှိမှုများ၊ ကြွေးမြီများနှင့် ကြွေးမြီများကြောင့် ဖြစ်ပေါ်လာသည့် တာဝန်ရှိမှုများ၊ ယခုသော်လည်းကောင်း၊ နောင်တွင် သော်လည်းကောင်း ဖြစ်ပေါ်မည် သို့မဟုတ် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် တင်ပြတောင်း ဆိုမှုများနှင့် ကုမ္ပဏီနှင့်လည်းကောင်း၊ ကုမ္ပဏီ၏ ပစ္စည်းများနှင့် လည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် လည်းကောင်း သက်ဆိုင်သည့်ကိစ္စရပ်များကို သဘောတူ ညီထားသည့် စည်းကမ်းချက်များဖြင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အဆိုပါတောင်းခံမှု များ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများ သို့မဟုတ် တင်ပြ တောင်းဆိုမှုများကို ဆောင်ရွက်ရန်အတွက် အာမခံတစ်ရပ်ရပ် ရယူခြင်းနှင့် ၎င်းတို့နှင့်စပ်လျဉ်း၍ ပြီးစီးအောင် ဆောင်ရွက်ခြင်း၊

(ခ) ဤပုဒ်မအရ အခွင့်အာဏာများကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျင့်သုံးဆောင်ရွက်ခြင်းသည် တရားရုံး၏ ကြီးကြပ်မှု နှင့်အညီ ဖြစ်စေရမည်။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် အဆိုပါ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

**၃၉၇။ ပြစ်မှုကျူးလွန်သည့် ဒါရိုက်တာများ စသည်တို့အပေါ် နစ်နာကြေးရယူရန် တရားရုံး၏ အခွင့်အာဏာ**

(က) ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီကို ကမကထပြုလုပ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဦး၊ သို့မဟုတ် ယခင်က ဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၊ သို့မဟုတ် ကုမ္ပဏီ၏ အရာရှိတစ်ဦးဦးသည် ကုမ္ပဏီ၏ ငွေကြေးများသို့မဟုတ် ပစ္စည်းများအတွက် အလွဲသုံးခဲ့ကြောင်း၊ ရယူခဲ့ကြောင်း၊ သို့မဟုတ် တာဝန်ရှိကြောင်း ပေါ်ပေါက်ခဲ့လျှင်၊ သို့မဟုတ် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အရှိန်အဝါအလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နံ့ရေးဖောက်ဖျက်မှုတို့အတွက် အပြစ်ရှိကြောင်း ပေါ်ပေါက်ခဲ့ကြောင်းတွေ့ရှိလျှင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးက ကုမ္ပဏီ ဖျက်သိမ်းခြင်းတွင် စာရင်းရှင်းလင်းဖျက်သိမ်း ရေးအရာရှိကို ပထမဆုံး ခန့်အပ်ခဲ့သည့်နေ့ရက်မှဖြစ်စေ၊ အလွဲအသုံးပြုခြင်း၊ ရယူခြင်း၊ အရှိန်အဝါအလွဲ သုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နံ့ရေးဖောက်ဖျက်မှုတို့ကို ပြုလုပ်ခဲ့ သည့်နေ့မှ (၃)နှစ်အတွင်း ဖြစ်စေ၊ ယင်းတို့အနက် ပိုမိုရှည်ကြာသည့် ကာလ အတွင်း ပြုလုပ်သည့် လျှောက်ထားသည့်အပေါ် ကမကထပြုသူများ၊ ဒါရိုက်တာများ၊ စာရင်းရှင်း လင်းဖျက်သိမ်းရေးအရာရှိ၊ သို့မဟုတ် အရာရှိများ၏ ပြုမူ ဆောင်ရွက်ချက်များကို စစ်ဆေးနိုင်ပြီး တရားရုံးက သင့်သည် ထင်မြင်သည့် အတိုးနှုန်းဖြင့် ငွေကြေး သို့ပမဟုတ် ပစ္စည်း သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့်ကိစ္စတစ်ရပ်ရပ်ကို ပြန်လည် ပေးချေရန် သို့မဟုတ် ပြန်လည်ထားရှိရန် အဆိုပါပုဂ္ဂိုလ်များအား အတင်းအကြပ်ဆောင် ရွက်စေ နိုင်သည်၊ သို့မဟုတ် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း အလွဲအသုံးပြုခြင်း၊ ရယူခြင်း၊ အရှိန်အဝါအလွဲ သုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နံ့ရေး ဖောက်ဖျက်မှုတို့နှင့်

စပ်လျဉ်း၍ လျော်ကြေးအဖြစ် ကုမ္ပဏီ၏အခြေပစ္စည်းများသို့ အဆိုပါငွေပမာဏများအား ထည့်ဝင်စေရန် အတင်းအကြပ် ဆောင်ရွက်စေနိုင်သည်။

(ခ) ပြစ်မှုကျူးလွန်သူမှာ ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ တာဝန်ရှိနိုင်မည့်ပြစ်မှုဖြစ်စေကာမူ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရမည်။

**၃၉၈။ စာရင်းစာအုပ်များကို လိမ်လည်အတုပြုခြင်း**

စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကုမ္ပဏီတစ်ခုခုမှ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ် များကိုဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ လိမ်လည် အတုပြုခြင်း၊ သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဝှက်သိမ်းထားခြင်းတို့ကို ပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် အခြားသူတစ်ဦးဦးအား လိမ်လည်လှည့်ဖြားရန် သို့မဟုတ် လှည့်ဖြားရန်အကြံဖြင့် မှတ်ပုံ တင်စာရင်း၊ ငွေစာရင်းစာအုပ် သို့မဟုတ် ကုမ္ပဏီပိုင်သည့် စာရွက်စာတမ်းများကို မှားယွင်း၍ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေရေးသွင်းဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုခြင်း တို့ကို ပြုလုပ်ခဲ့လျှင် အဆိုပါ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူသည် (၇)နှစ်အထိ ထောင်ဒဏ်ကျခံရမည့်အပြင် ငွေဒဏ်လည်း ကျခံရမည်။

**၃၉၉။ ပြစ်မှုကျူးလွန်သည့် ဒါရိုက်တာများကို တရားစွဲဆိုခြင်း**

(က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦးသည် ကုမ္ပဏီနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိ လျှင် ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့်ဖြစ်စေ၊ တရားရုံးကိုယ်တိုင် အရေးယူဆောင်ရွက်မှုဖြင့်ဖြစ်စေ တရားရုံးသည် ပြစ်မှုကျူးလွန်သူ အား တရားစွဲဆိုစေရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ညွှန်ကြားနိုင်သည် သို့မဟုတ် ထိုကိစ္စရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ တာဝန်ထမ်းဆဲဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာပြစ်ဒဏ် ထိုက်သင့်သောပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ထိုကိစ္စရပ်အား မှတ်ပုံတင် အရာရှိထံသို့ ချက်ချင်းအစီရင်ခံတင်ပြရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထို့အပြင် မှတ်ပုံတင်အရာရှိက လိုအပ်လျှင် ပေါ်ပေါက်လာသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက် ဝယ်တွင်ရှိသော သို့မဟုတ် ၎င်း၏ကြီးကြပ်မှုအောက်တွင်ရှိသော သတင်းအချက် အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုခွင့်နှင့် ထိုစာရွက် စာတမ်းများကို မိတ္တူရယူခွင့်များ ဆောင်ရွက် နိုင်ရေးအတွက် ဝင်ရောက်ခွင့် ပြုရမည်။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ အစီရင်ခံစာ တင်ပြပြီးသည့်အခါ မှတ်ပုံတင် အရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါ

ကိစ္စရပ်ကို ထပ်မံစုံ စမ်းစစ်ဆေးရန်အတွက် ပြည်ထောင်စုဝန်ကြီးထံ တင်ပြနိုင်သည်။ ထိုသို့ တင်ပြချက်အရ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကိစ္စရပ်ကို စုံစမ်းစစ်ဆေးနိုင်ပြီး သင့်သည်ထင်မြင်ပါက သက်ဆိုင်ရာ ကုမ္ပဏီနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ဤဥပဒေအရ အပ်နှင်းထားသည့်အတိုင်း ကုမ္ပဏီ၏ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာအားလုံးကို ထိုသူထံသို့ အပ်နှင်းသည့် အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ မှတ်ပုံ တင်အရာရှိက အရေးယူဆောင်ရွက်သင့်သည့် ကိစ္စရပ် မဟုတ်ကြောင်း တွေ့ရှိလျှင် မှတ်ပုံတင်အရာရှိသည် ထိုအကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြန် လည်အကြောင်းကြားရမည်။ထိုအခါ တရားရုံး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုဆောင် ရွက်နိုင်သည်။

(င) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်း အပြစ်ရှိကြောင်း တရားရုံးက တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ တင်ပြအစီရင်ခံခြင်း မရှိခဲ့လျှင်၊ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့်ဖြစ်စေ၊ မိမိကိုယ်တိုင်အရေးယူဆောင်ရွက်မှုဖြင့်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ထိုအစီရင်ခံစာကို တင်ပြစေရန် ညွှန်ကြားနိုင်သည်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တင်ပြသည့် အစီရင်ခံစာသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် အစီရင်ခံစာကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(စ) ဤပုဒ်မအရ ကိစ္စရပ်တစ်ခုခုအား မှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံတင်ပြသည့်အခါ သို့မဟုတ် လွှဲအပ်သည့်အခါ မှတ်ပုံတင် အရာရှိသည် တင်ပြလာသည့်ကိစ္စမှာ တရားစွဲဆိုသင့်ကြောင်း ဆုံးဖြတ်ပါက စာရွက်စာတမ်းများကို ရှေ့နေချုပ် သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိများထံသို့ တင်ပြရမည်။ တရားစွဲဆိုရန် အကြံပြုလာပါက ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန် ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ အရာရှိများနှင့်ကိုယ်စားလှယ်များအားလုံးသည် (တရားစွဲဆိုမှုတွင်ပါဝင်သည့် တရားခံမှ အပ) မှတ်ပုံတင်အရာရှိ၊ ရှေ့နေချုပ် နှင့်/သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိများထံသို့ တရားစွဲဆိုမှု နှင့် သက်ဆိုင်သည့် အကူအညီများအားလုံးကို ပေးအပ်ရမည်။ သို့ရာတွင် စွပ်စွဲခံရသူအား မှတ်ပုံတင်အရာရှိထံသို့ စာဖြင့်ရေးသား၍ ရှင်းလင်းဖော်ပြချက်ပြုလုပ်စေရန်နှင့် ယင်းတို့အား ကြားနာစေရန် အခွင့်အရေး ဦးစွာ ပေးအပ်ခြင်းမပြုဘဲ တရားစွဲဆို ခြင်း မပြုလုပ်ရ။ ဤပုဒ်မခွဲပါ ကိစ္စရပ်များအတွက် ကုမ္ပဏီနှင့် သက်ဆိုင်သည့် "ကိုယ်စားလှယ်" ဆိုသည် မှာကုမ္ပဏီ၏ အရာရှိဖြစ်သည် ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကုမ္ပဏီ၏ ဘဏ်လုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် ဥပဒေအကြံပေး တစ်ဦးဦး၊ စာရင်းစစ် အဖြစ် ကုမ္ပဏီက ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးပါဝင်သည်ဟု မှတ်ယူရမည်။

(ဆ) မည်သူမဆိုဤပုဒ်မ၏ ပုဒ်မခွဲ(စ) အရ လိုအပ်သည့် အကူအညီများကို ပေးအပ်ရန် ပျက်ကွက်လျှင် တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ အဆိုပါ ပုဂ္ဂိုလ်အား ဖော်ပြပါ ပုဒ်မခွဲ၏ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။ အဆိုပါ လျှောက်ထားမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် သက်ဆိုင်ပါက ထိုသို့ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပေါ့လျော့မှုသည် စာရင်းရှင်းလင်းဖျက် သိမ်းရေးအရာရှိထံတွင် ထိုသို့ လိုက်နာဆောင်ရွက်ရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများ လုံလောက်စွာမရှိခြင်းဖြစ်ကြောင်း မှတစ်ပါး ထိုသို့ လျှောက်ထားသည့် ကုန်ကျစရိတ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မိမိစရိတ်ဖြင့် ကျခံစေရန် ညွှန်ကြားနိုင်သည်။

**၄၀၀။ မှားယွင်းတင်ပြသည့် သက်သေခံချက်များအတွက် ပြစ်ဒဏ်**

ဤဥပဒေအရ ကျမ်းကျိမ်ဆောင်ရွက်သည့် စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရကုမ္ပဏီဖျက်သိမ်းခြင်းတွင်သို့မဟုတ်ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ကျမ်းကျိန်လွှာ၊ သက်သေခံချက်၊ သို့မဟုတ် ကတိသစ္စာပြုခြင်းတစ်ရပ်ရပ်၊ သို့မဟုတ် ဤဥပဒေအရ ပေါ်ပေါက်လာ သည့်ကိစ္စတစ်ရပ်ရပ်တွင် သို့မဟုတ် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မည်သူမဆို တမင်ကြံရွယ်၍ မှားယွင်း သည့် သက်သေခံချက်များကို တင်ပြခဲ့လျှင် ထိုသူသည် (၇)နှစ်အထိ ထောင်ဒဏ်ကျခံရမည့်အပြင် ငွေဒဏ်လည်း ကျခံရမည်။

**၄၀၁။ ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ**

(က) ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် စွပ်စွဲခံရသည့် ပြစ်မှုအား ကျူးလွန်သည့်အချိန်၌ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စ ရပ်တွင် လည်းကောင်း၊ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် လည်း ကောင်း သို့မဟုတ် စွပ်စွဲခံရသည့် ပြစ်မှုအား ကျူးလွန်ပြီးနောက်ကုမ္ပဏီကို ဆန္ဒ အလျောက်ဖျက်သိမ်းရန်အတွက်တရားရုံးကအမိန့်ချမှတ်သည့်အခါသို့မဟုတ် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သည့် အခါတွင်လည်းကောင်း -

(၁) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကိုသာမန်နည်းလမ်းဖြင့်ဆောင်ရွက်ခြင်းမှ တစ်ပါး ကုမ္ပဏီ၏အမှန်တည်ရှိနေသောပစ္စည်းများ၊ တစ်ဦးချင်းနှင့် ဆိုင်သော ပစ္စည်းများအားလုံးကိုလည်းကောင်း၊ယင်းတို့၏တစ်စိတ်တစ်ဒေသကိုမည်သို့၊ မည်သူ့ထံသို့မည်သည့်အဖိုးစားနားဖြင့်၊ မည်သည့်အချိန်တွင် စီမံ ဆောင်ရွက်ခဲ့သည်ကို လည်းကောင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံသို့ ပြည့်စုံမှန်ကန်စွာမိမိတို့သိရှိကြသည့် အလျောက် တင်ပြခဲ့ခြင်းမပြုလျှင်၊ သို့မဟုတ်

(၂) ဥပဒေအရ တင်ပြအပ်နှံရမည့်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီ၏ အမှန်တည်ရှိနေ သောပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သော ပစ္စည်းများအားလုံးကို စာရင်း ရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ညွှန်ကြားသည့်အတိုင်းဖြစ်စေ တင်ပြအပ်နှံမှု မပြုလျှင်၊ သို့မဟုတ်

(၃) ဥပဒေအရ တင်ပြအပ်နှံရမည့်ဖြစ်သောပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ ထိန်း သိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီနှင့် သက်ဆိုင်သော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံးကို စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံ သို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက

ညွှန်ကြားသည့် အတိုင်းဖြစ်စေ တင်ပြအပ်နှံမှု မပြုလျှင်၊ သို့မဟုတ်

(၄) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင် သို့မဟုတ် ကုမ္ပဏီသို့ဖြစ်စေ၊ ကုမ္ပဏီထံမှဖြစ်စေ ပေးရန်ရှိသည့် ကြွေးမြီတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင်၊ သို့မဟုတ်

(၅) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖယ်ရှားထားလျှင်၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ရေးသားဖော်ပြချက်တစ်ရပ်ရပ်တွင် အရေးကြီးသည့်အကြောင်းအရာများကို ချန်လှပ်ထားလျှင်၊ သို့မဟုတ်

(၇) ကုမ္ပဏီဖျက်သိမ်းသည့်အခါ တစ်ဦးတစ်ယောက်က မှားယွင်းသည့်ကြွေးမြီကို တင်ပြလာကြောင်း သိရှိ သို့မဟုတ် ယုံကြည်ပြီး ထိုအကြောင်းအရာအား စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ (၁)လအတွင်း တင်ပြရန် ပျက်ကွက်ခဲ့ လျှင်၊ သို့မဟုတ်

(၈) ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ ပစ္စည်းများသို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ပြုစုတင်ပြရန် တားမြစ်ထားလျှင်၊ သို့မဟုတ်

(၉) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ဝှက်သိမ်းထားခြင်း၊ ဖျက်ဆီးဖြင်း၊ ပုံသဏ္ဍာန်ပျက်ယွင်းစေခြင်း၊ လိမ်လည် အတုပြုခြင်းများ ပြုလုပ်လျှင် သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင်၊ သို့မဟုတ်

(၁၀) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်း များ သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများတွင် မှားယွင်းရေးသွင်းမှုများကို ပြုလုပ်လျှင်၊ သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင်၊ သို့မဟုတ်

(၁၁) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများတွင် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် တစ်စိတ်တစ်ဒေသအား ပြောင်းလဲပြင်ဆင်လျှင် သို့မဟုတ် ချန်လှပ်ထားခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင်၊ သို့မဟုတ်

(၁၂) ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း ကုမ္ပဏီ၏မြီရှင်များ အစည်းအဝေး၌ ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို အစစ်အမှန်မဟုတ်သော ဆုံးရှုံးမှုများ သို့မဟုတ် အသုံး စရိတ်များဖြင့် စာရင်း ပြုစုရန် ကြိုးစားလျှင်၊ သို့မဟုတ်

(၁၃) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်း နောက် မည်သည့်အချိန်တွင်မဆို မှားယွင်းတင်ပြ၍ ဖြစ်စေ၊ အခြားနည်း လိမ်လည်၍ဖြစ်စေ ကုမ္ပဏီအတွက် သော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော် လည်းကောင်း ကုမ္ပဏီက နောင်တွင် ပေးချေမည် မဟုတ်သည့် အကြွေးဖြင့် ပစ္စည်းတစ်ရပ်ရပ်ကို ရယူခဲ့လျှင်၊ သို့မဟုတ်

(၁၄) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်း နောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း မှားယွင်းဖော်ပြ၍ ကုမ္ပဏီအတွက်သော်လည်း ကောင်း၊ ကုမ္ပဏီ၏ကိုယ်စား သော်လည်းကောင်း ကြွေးမြီဖြင့် ကုမ္ပဏီက နောင်တွင် ပေးချေမည်မဟုတ်သည့် ပစ္စည်းတစ်ရပ်ရပ်ကိုရယူလျှင်၊ သို့မဟုတ်

(၁၅) ထိုသို့ပြုလုပ် ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို သာမန် နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလျှင်မှတစ်ပါး၊ ကုမ္ပဏီ ဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်း နောက် မည်သည့်အချိန် တွင်မဆို ကြွေးမြီဖြင့်ရယူထားပြီး ငွေပေးချေခြင်း မပြုရသေးသည့် ကုမ္ပဏီ၏ ပစ္စည်း တစ်ရပ်ရပ်ကို ငွေကြေးဖြင့်အလဲအလှယ် ပြုလုပ်လျှင်၊ ပေါင်နှံလျှင်၊ သို့မဟုတ် စီမံဆောင်ရွက်လျှင်၊ သို့မဟုတ်

(၁၆) ကုမ္ပဏီ၏ကိစ္စရပ်များအတွက်လည်းကောင်း၊ ကုမ္ပဏီကို ဖျက်သိမ်းရန် အတွက် လည်းကောင်း ကုမ္ပဏီ၏ မြီရှင်များ၊ သို့မဟုတ် ၎င်းတို့ တစ်ဦးဦးထံမှ သဘောတူညီချက် ရယူရန်အတွက် မှားယွင်းတင်ပြမှု သို့မဟုတ် အခြား လိမ်လည်မှုတစ်ရပ်ရပ်အရ အပြစ်ရှိလျှင်-

ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ် (၁၃)၊ (၁၄)၊ နှင့် (၁၅) တို့တွင် အသီးသီးဖော်ပြထား သော ပြစ်မှုများအား ကျူးလွန်သူသည် (၅) နှစ်ထက်မပိုသော ထောင်ဒဏ် တစ်ရပ်ရပ် ကို ကျခံရမည်ဖြစ်ပြီး အခြားပြစ်မှုများကို ကျူးလွန်သူသည် (၂)နှစ်ထက်မပိုသော ထောင်ဒဏ် တစ်ရပ်ရပ်ကို ကျခံရမည်။

သို့ရာတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၂)၊ (၃)၊ (၄)၊ (၆)၊ (၁၄)၊ နှင့် (၁၅) တို့အရ စွဲချက်တင်ခံရသော တရားခံသည် ၎င်းအနေဖြင့် လိမ်လည်ရန် ကြံရွယ်ခဲ့ခြင်း မရှိကြောင်း ကောင်းစွာ သက်သေထင်ရှား ပြသ၍ခုခံကာကွယ်နိုင်သည့်အပြင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၁)၊ (၈)၊ (၉) နှင့် (၁၀) တို့အရ စွဲချက်တင်ခံရသော တရားခံသည် ကုမ္ပဏီ၏ ကိစ္စရပ်များကို ကွယ်ဝှက်ရန် သို့မဟုတ် ဥပဒေအား ချိုးဖောက်ရန် ကြံရွယ်ခဲ့ခြင်းမရှိကြောင်း ကောင်းစွာသက်သေထင်ရှား ပြသ၍ ခုခံကာကွယ်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၁၅)အရ ပြစ်မှုတစ်ရပ် ဖြစ်ပေါ်စေနိုင်သည့် အခြေအနေတွင် တစ်ဦးတစ်ယောက်သည် ပစ္စည်းတစ်ရပ်ရပ်ကို ငွေကြေးဖြင့် အလဲအလှယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ သို့မဟုတ် စီမံဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါက ထိုသို့သောအခြေအနေတွင် ငွေကြေးဖြင့်အလဲအလှယ်ပြုလုပ်သည့်၊ ပေါင်နှံသည့် သို့မဟုတ် စီမံဆောင်ရွက်သည့် ပစ္စည်းကို သိလျက်ဖြင့် ပြုလုပ်ခဲ့လျှင် သို့မဟုတ် လက်ခံခဲ့လျှင် ထိုသူသည် (၃) နှစ် ထက် မပိုသော ထောင်ဒဏ်ကိုကျခံရမည်။

**၄၀၂။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို စိစစ်ရန် အစည်းအဝေးများ ကျင်းပခြင်း**

(က) ဤဥပဒေအရ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ သက်သေထင်ရှား

ပြသနိုင်သော မြီရှင်များနှင့် ကြွေးမြီ ပေးဆပ်ရသူများ၏ သဘောဆန္ဒကို ထည့်သွင်း သုံးသပ်ရန် အခွင့်အာဏာအပ်နှင်း ထားရာ ၎င်းတို့၏ သဘောဆန္ဒများကို စိစစ်ရန် အတွက် တရားရုံးသည် သင့်သည် ထင်မြင်သည့် အတိုင်း မြီရှင်များနှင့် ကြွေးမြီပေး ဆပ်ရသူများ၏ အစည်းအဝေးများကို တရားရုံးက ညွှန်ကြားသည့် နည်းလမ်းများဖြင့် ခေါ်ယူကျင်းပ ဆောင်ရွက်ရန် ညွှန်ကြား နိုင်သည့်အပြင် အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန်နှင့် ထိုအစည်းအဝေးမှ ရလဒ်များကို တရားရုံးသို့ တင်ပြစေရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်အပ် နိုင်သည်။

(ခ) မြီရှင်များနှင့်သက်ဆိုင်သည့်ကိစ္စရပ်တွင် မြီရှင်တစ်ဦးချင်းစီ၏ ကြွေးမြီတန်ဖိုးကို ထည့်သွင်း သုံးသပ်ရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် ဤဥပဒေ၊ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း သို့မဟုတ် ယင်းတို့၏အစုရှယ်ယာဆိုင်ရာ စည်းကမ်းချက်များအရ ကြွေးမြီ ပေးဆပ်ရသူ တစ်ဦးချင်းစီအပေါ် ခွင့်ပြုထားသည့် မဲပေးနိုင်သည့် အရေအတွက်ကို ထည့်သွင်းသုံးသပ်ရမည်။

**၄၀၃။ ကုမ္ပဏီ၏ စာရွက်စာတမ်းများကို သက်သေခံအဖြစ် လက်ခံရခြင်း**

ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို ကုမ္ပဏီကြွေးမြီပေးဆပ်ရသူများအကြားနှင့် သက်ဆိုင်သည့်ကိစ္စရပ်၌ အဆိုပါ စာရွက်စာတမ်းများတွင် မှတ်တမ်းတင်ထားသည့် ကိစ္စရပ်များအားလုံးသည်မှန်ကန်၍ ခိုင်လုံသည့်သက်သေခံချက်များ ဖြစ်စေရမည်။

**၄၀၄။ စာရွက်စာတမ်းများကို စစ်ဆေးခြင်း**

တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီ ဖျက်သိမ်းရန်အတွက် အမိန့် တစ်ရပ် ချမှတ်ပြီးသည့်အခါ တရားရုံးသည် ၎င်းသင့်သည် ထင်မြင်သည့်အတိုင်း ကုမ္ပဏီ၏ စာရွက်စာတမ်းများကို ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများက စစ်ဆေးနိုင်ရန် အတွက် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ ကုမ္ပဏီ၏ လက်ဝယ်တွင်ရှိသော မည်သည့် စာရွက် စာတမ်းကိုမဆို မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက အဆိုပါအမိန့်အရ စစ်ဆေး နိုင်သည်။သို့သော်ထပ်မံ၍သော်လည်းကောင်း၊အခြားနည်းဖြင့်သော်လည်းကောင်း စစ်ဆေးခြင်းမပြုရ။

**၄၀၅။ ကုမ္ပဏီ၏ စာရွက်စာတမ်းများကို ရှင်းလင်းဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းပြီး ဖျက်သိမ်းမည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို အောက်ပါအတိုင်း စီမံခန့်ခွဲ ဆောင်ရွက် နိုင်သည် -

(၁) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် တရားရုံးက ညွှန်ကြားသည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ရ မည်၊ သို့မဟုတ်

(၂) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် အထူးဆုံးဖြတ် ချက်ဖြင့် ကုမ္ပဏီက ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည်မှ (၃) နှစ်ကြာပြီးနောက်တွင် စာရွက်စာတမ်းများနှင့် သက်ဆိုင် သူက အဆိုပါစာရွက်စာတမ်းများမရရှိ သည်ဆိုသော အကြောင်းကြောင့် မည်သည့် တာဝန်ရှိမှုမျှ ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများ အပေါ်တွင် လည်းကောင်း၊ သို့မဟုတ် စာရွက်စာတမ်းများအား ထိန်းသိမ်းထားရသူ တစ်ဦးဦးအပေါ်တွင် လည်းကောင်း မရှိစေရ။

**၄၀၆။ ကုမ္ပဏီဖျက်သိမ်းမှု ပျက်ပြယ်ကြောင်း ကြေညာနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းပြီးသည့်အခါ ထိုသို့ဖျက်သိမ်းသည့်နေ့မှ (၂) နှစ်အတွင်း မည်သည့်အချိန်တွင်မဆိုကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားရုံးက အကျိုးသက်ဆိုင်သူဖြစ်သည်ဟုယူဆသော ပုဂ္ဂိုလ်တစ်ဦးဖြစ်စေ လျှောက်ထားလာလျှင် တရားရုံး သည် သင့်သည်ထင်မြင်သည့်စည်းကမ်းချက်များသတ်မှတ်၍ကုမ္ပဏီ ဖျက်သိမ်းမှု ပျက်ပြယ်ကြောင်း ကြေညာသည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ယင်းနောက် ကုမ္ပဏီကို ဖျက်သိမ်းခြင်း မပြုသကဲ့သို့ အမှုဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်ရမည်။

၄၀၇။ ပုဒ်မ ၄၀၆ ပါ အမိန့်ချမှတ်သည့် လျှောက်လွှာကို တင်ပြသူသည် ထိုအမိန့်အား ချမှတ်ပြီးနောက် (၂၁) ရက်အတွင်း အဆိုပါအမိန့်၏ မူရင်း မိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရ မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ပြစ်ဒဏ် ပမာဏ(၅)ခု ထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၀၈။ ဆိုင်းငံ့ထားသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ**

(က) ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းပြီးသည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းမှုသည် ယင်းအား စတင်ဆောင်ရွက်သည့်နေ့မှ (၁)နှစ်အတွင်း ပြီးစီးခြင်း မရှိခဲ့လျှင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင်တစ်ကြိမ်နှင့် (၁၂)လထက်မပိုသောကာလ အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းမှု ပြီးစီးသည်အထိ တရားရုံး သို့မဟုတ် မှတ်ပုံ တင်အရာရှိထံသို့ စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ ပြုလုပ်ဆောင်ရွက်မှုများ နှင့် စာရင်းရှင်းလင်း ဖျက်သိမ်းမှုအခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များ ပါဝင်သော သတ်မှတ် ဖော်ပြထားသည့် ပုံစံဖြင့် ပြုစုထားသည့် ရေးသား ဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

(ခ) ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း စာဖြင့် ရေးသား၍ ဖော်ပြသူတစ်ဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မည်သည့် အချိန်တွင်မဆို သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းလျက် ရေးသား ဖော်ပြချက်များကို စစ်ဆေးကြည့်ရှုခြင်း၊ ယင်းတို့၏ မိတ္တူကိုဖြစ်စေ၊ ကောက်နုတ် ချက်ကိုဖြစ်စေ ရယူနိုင်သည်။ သို့သော် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦး ဖြစ်သည်ဟု မမှန်မကန် ထုတ်ဖော်ခဲ့လျှင် ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၂ အရ ပြစ်မှုအတွက် အပြစ်ရှိပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထား လာလျှင် ထိုပြစ်မှုအရ ပြစ်ဒဏ် ကျခံစေရမည်။

(ဂ) တရားရုံးသို့ ရေးသားဖော်ပြချက်အား တင်ပြသည့်အခါ ယင်း၏မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့တစ်ချိန်တည်းတွင် တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ယင်းအား ကုမ္ပဏီ၏ အခြားမှတ်တမ်းများနှင့်အတူ သိမ်းဆည်းထားရမည်။

၄၀၉။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၄၀၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၁၀။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဘဏ်သို့ ငွေပေးချေမှုများ**

(က) တရားရုံးက ဖျက်သိမ်းသည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အားလုံးသည် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ သတ်မှတ်ဖော်ပြထား သည့် အချိန်ကာလ၌ ၎င်းမှ လက်ခံရရှိထားသည့် ငွေကြေးများကို သတ်မှတ် စီစဉ်ထားသည့် ဘဏ်သို့ ပေးသွင်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ စီးပွားရေး

လုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကြိုတင် ပေးငွေများကို လက်ခံရယူရန် သို့မဟုတ် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အကျိုးပါရှိသော အခြားအကြောင်းများကြောင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် အခြား ဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်သင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံလျှင် တရားရုံးသည် ယင်းကရွေးချယ်သည့် အခြားဘဏ် တစ်ခုခုတွင် ငွေပေးချေမှုများ ပြုလုပ်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ခွင့်ပြုနိုင်ပြီး အဆိုပါ ငွေပေးချေမှုများ ကို သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သည့်အချိန်တွင်မဆို ပြစ်ဒဏ် ပမာဏ(၅) ခု နှင့် ညီမျှသည့်ငွေပမာဏထက် ပိုမိုသည့် ငွေတစ်ရပ် သို့မဟုတ် သီးခြား ကိစ္စရပ်များတွင် တရားရုံးက ထိန်းသိမ်းရန် သတ်မှတ်ပေးထားသည့် ငွေပမာဏကို (၁၀) ရက်ထက် ကျော်လွန်၍ ထိန်းသိမ်းထားပြီး ထိုသို့ထိန်းသိမ်းထားရခြင်းအတွက် တရားရုံးက ကျေနပ် လက်ခံနိုင်သည့်အထိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက တင်ပြနိုင်ခြင်း မရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင် ၂၀% အတိုးနှုန်းဖြင့် ထိန်းသိမ်း ထားသည့် ငွေပမာဏအပေါ် အတိုးပေးရမည်။ တရားရုံးက သင့်သည်ထင်မြင် သည့်အတိုင်း အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေခံစားခွင့် မပြုဘဲထား နိုင်သည့်အပြင် ၎င်း၏တာဝန်မှ ထုတ်ပယ်နိုင်သည်။ ထို့အပြင်၎င်း၏ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များ ကို ပေးချေရမည်။

(ဂ) ဖျက်သိမ်းသည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးသည် သီးခြားဘဏ် ငွေစာရင်းတစ်ရပ်ကို ဖွင့်လှစ်ထားရမည်ဖြစ်ပြီး အဆိုပါငွေစာရင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်း ရေးအရာရှိအဖြစ် ၎င်းကလက်ခံရရှိသည့် ငွေပမာဏ အားလုံးကို ပေးသွင်းရမည်။

**၄၁၁။ ကျမ်းကျိန်လွှာ ပြုလုပ်နိုင်သည့် တရားရုံး သို့မဟုတ် ပုဂ္ဂိုလ်**

(က) ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ သို့မဟုတ် ကိစ္စရပ်များအတွက် လိုအပ်သော ကျမ်းကျိန်လွှာတစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း မည်သည့် နေရာတွင် မဆို တရားရုံးတစ်ခုခု၊ တရားသူကြီး သို့မဟုတ် ကျမ်းကျိန်လွှာများကို လက်ခံ ပြုလုပ် ပေးရန် တရားဝင် အခွင့်အာဏာအပ်နှင်းထားခြင်း ခံရသော ပုဂ္ဂိုလ်တစ်ဦးဦး ၏ရှေ့မှောက် တွင် လည်းကောင်း၊ နိုင်ငံတော် ပြင်ပတွင် နိုင်ငံတော်၏ ကောင်စစ်ဝန်၊ ဒုတိယ ကောင်စစ်ဝန် သို့မဟုတ် သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင် ကျမ်းကျိန်ဆိုနိုင် သည်။

(ခ) နိုင်ငံတော်အတွင်းရှိ တရားရုံးများ၊ တရားသူကြီးများ၊ တရားသူကြီးချုပ်များ၊ ကော်မရှင် အဖွဲ့ဝင်များ၊ တရားစီရင်ရေးတာဝန်များကို ဆောင်ရွက်နေရသူများ သည် ဤအပိုင်းတွင် ပါရှိ သော ကိစ္စရပ်များအတွက် အသုံးပြုမည့် ကျမ်းကျိန်လွှာများ၊ သို့မဟုတ် အခြား စာရွက် စာတမ်းများတွင် ပူးတွဲဖော်ပြထားသော အဆိုပါ တရားရုံး၊ တရားသူကြီး၊ ပုဂ္ဂိုလ်၊ ကောင်စစ်ဝန်၊ သို့မဟုတ် ဒုတိယကောင်စစ်ဝန်၊ သို့မဟုတ် သံအမတ်ကြီး တို့၏ တံဆိပ်၊ လက်မှတ်များတို့ပါရှိသော တရားစီရင် ရေးဆိုင်ရာ အကြောင်းကြားမှုကို လက်ခံရယူ ရမည်။

**၄၁၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည့် အခွင့်အာဏာ**

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယင်းနှင့် လက်အောက်ခံ တရားရုံးများတွင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန် အတွက်ဖြစ်စေ၊ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းရန် အတွက်ဖြစ်စေ (ကုမ္ပဏီတွင်ပါဝင်သူများ နှင့် မြီရှင်များက ဖျက်သိမ်းခြင်း နှစ်ရပ်လုံး)၊ ဤဥပဒေ၏ ပုဒ်မ ၂၈၇ အရ ဆောင်ရွက်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြီရှင်များနှင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေးများကို ကျင်းပရန်အတွက် ဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ တရားရုံးသို့ တင်ပြသည့် လျှောက်ထားမှုများ အတွက်ဖြစ်စေ ဆောင်ရွက်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် လည်းကောင်း၊ တရားမကျင့်ထုံး ဥပဒေနှင့် လည်းကောင်း လိုက်လျောညီထွေရှိသည့် နည်းဥပဒေများကို အခါအားလျော်စွာ ပြုလုပ်နိုင်သည့်အပြင် ဤဥပဒေအရ သတ်မှတ် ဖော်ပြထားသည့် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအားလုံး အတွက် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) အထက်တွင်ဖော်ပြပါရှိ သော အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေဘဲ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် အဆိုပါ နည်းဥပဒေများအရ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာနှင့် တာဝန်များဖြစ်သော တရားဝင်ခန့်အပ် ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ဖြစ်စေ ကျင့်သုံး ဆောင်ရွက်နိုင်သည့် ဤဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသော အခွင့်အာဏာများနှင့် တာဝန်များ အားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကို လည်းကောင်း ရယူ ဆောင်ရွက်နိုင်သည် -

(၁) မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ရရှိရန်အတွက် အစည်းအဝေးများ ခေါ် ယူကျင်းပခြင်း၊

(၂) ကြွေးမြီပေးဆပ်ရသူများ၏စာရင်းကို ရှင်းလင်းဆောင်ရွက်ခြင်း၊ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို လိုအပ်ပါက အတည်ပြုရခြင်း၊ အခြေ ပစ္စည်းများကို စုဆောင်းခြင်း နှင့် အသုံးပြုခြင်း၊

(၃) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပစ္စည်းသို့မဟုတ် စာရွက်စာတမ်း များ ကို ပေးပို့ရန်လိုအပ်ခြင်း၊

(၄) ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခေါ်မှုများ ပြုလုပ်ခြင်း၊

(၅) ကြွေးမြီများနှင့်တင်ပြတောင်းဆိုမှုများကိုသက်သေထင်ရှားပြသစေရန် အချိန်ကာလ သတ်မှတ်ပေးခြင်း။

သို့ရာတွင် တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်း လင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အတည်ပြုခြင်း မပြုရ။ ထို့အပြင် တရားရုံး၏ အထူး ခွင့်ပြုချက် မပါရှိဘဲ ငွေကြေးထည့်ဝင် ရန်အတွက် တောင်းခေါ်မှုများကို မပြုလုပ်ရ။

**အခန်း(၂၇) မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ**

**၄၁၃။ မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းခြင်း**

(က) ဤအခန်း(၂၇)တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် **"မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီ"** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီ မဟုတ်ဘဲအခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီ အဖွဲ့အစည်း တစ်ရပ်ရပ်လည်း

ပါဝင်သည်။

(ခ) ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်သည့် ဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဤဥပဒေအရ ဖျက်သိမ်းနိုင်သည်။ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အားလုံးသည် အောက်ပါခြွင်းချက်များ၊ ဖြည့်စွက်ချက်များနှင့်အတူ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုနှင့် သက်ဆိုင်စေရမည် -

(၁) နိုင်ငံတော်အတွင်း ကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် နေရာသည် ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်း ဖြစ်သည်ဟု မှတ်ယူရမည်၊

(၂) မှတ်ပုံတင်ထားခြင်းမရှိသည့် မည်သည့် ကုမ္ပဏီကိုမျှ ဤဥပဒေအရ ဆန္ဒအလျောက် ဖြစ်စေ၊ ကြီးကြပ်မှုဖြင့်ဖြစ်စေ ဖျက်သိမ်းခြင်း မပြုရ။

(၃) မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းနိုင်သည့် အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ဖျက်သိမ်းလျှင် သို့မဟုတ် ရပ်စဲခဲ့လျှင်၊ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရန် အတွက်သာလျှင် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျှင်၊ သို့မဟုတ်

(ခခ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း မရှိလျှင်၊ သို့မဟုတ်

(ဂဂ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းသည် သင့်လျော် မှန်ကန်သည်ဟု တရားရုံးက ထင်မြင်လျှင်၊ ၎င်းပြင်

(၄) မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီသည် ဤဥပဒေပါ ကိစ္စရပ်များအတွက် အောက်ပါ ကိစ္စရပ်တစ်ရပ်ရပ် ပေါ်ပေါက်ပါက ယင်း၏ ကြွေးမြီများကို ပေးချေနိုင်ခြင်းမရှိဟု မှတ်ယူရမည်-

(ကက) လွှဲအပ်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီက ပြစ်ဒဏ်ပမာဏ (၅)ခုနှင့်ညီမျှသည့် ငွေပမာဏထက် ပိုမိုသော ငွေတစ်ရပ်ကို ပေးချေရန်ရှိသည့် မြီရှင်တစ်ဦးက မှတ်ပုံတင်ထား ခြင်း မရှိသည့်ကုမ္ပဏီအပေါ်တွင် ထိုကုမ္ပဏီထံမှ ၎င်းက ရရှိမည့် ငွေများကို ပေးချေစေရန်အတွက် တောင်းဆိုချက်တစ်ရပ်ကို ထိုကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းနေရာသို့ ပေးပို့ခြင်းဖြင့် ဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ ပေးပို့၍ဖြစ်စေ၊ တရားရုံးက လက်ခံသော သို့မဟုတ် ညွှန်ကြားသော နည်းလမ်းတစ်ရပ် ရပ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင်၊ မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီသည် တောင်းဆိုချက်ကို လက်ခံ ရရှိပြီးနောက် (၂၁)ရက်အတွင်း ထိုငွေကို ပေးချေရန် ပျက်ကွက် ခဲ့လျှင်၊ သို့မဟုတ် မြီရှင်က ကျေနပ်လက်ခံစေမည့် အာမခံထား ရှိခြင်း သို့မဟုတ် အတိုး ပေးခြင်းများ ပြုလုပ်ရန် ပျက်ကွက် ခဲ့လျှင်၊

(ခခ) မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီတွင် ပါဝင်သူ အဖြစ် ရှိသူထံမှ ကြွေးမြီ သို့မဟုတ် တောင်းဆိုထားသည့် ငွေများ အတွက် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့လျှင်၊ အဆိုပါ တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ် အတွက် စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာကို မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီထံသို့ ထိုကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းနေရာသို့ ပေးပို့ခြင်းဖြင့် ဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ ပေးပို့၍ဖြစ်စေ၊ တရားရုံးက လက်ခံသော သို့မဟုတ် ညွှန်ကြားသော နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေပေးပို့ခဲ့လျှင်၊ မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီသည် အကြောင်းကြားစာအား လက်ခံ ရရှိပြီး နောက်(၁၀)ရက် အတွင်း အဆိုပါ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို ပေးချေခြင်း၊ အာမခံထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများ ပြုလုပ်ရန် ပျက်ကွက်လျှင်၊ သို့မဟုတ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေး ဆောင်ရွက်မှုကို ဆိုင်းငံ့ထားစေရန် မပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ထိုသို့ တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုအပေါ် တရားပြိုင်က ကျေနပ်လက်ခံနိုင်သည့် လျော်ကြေးကို ပေးချေမှု မပြုခဲ့လျှင်၊ အထက်ပါအတိုင်း ၎င်းကကျခံရမည့် ကုန်ကျစရိတ်များ၊ နစ်နာကြေးများနှင့် အသုံးစရိတ်များကို ပေးချေမှု မပြုခဲ့လျှင်၊

(ဂဂ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီတွင် ပါဝင်သူများ၊ သို့မဟုတ် ထိုကုမ္ပဏီ၏ကိုယ်စား အမည်ခံတရား ပြိုင်အဖြစ် တရားစွဲဆိုခံရန် သတ်မှတ်ခံရသူ တစ်ဦးဦးအား ဆန့်ကျင်၍ တရားရုံး တစ်ခုခုတွင် မြီရှင်အား အနိုင်ပေးသည့် ဒီကရီ သို့မဟုတ် အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ် အခြားကိစ္စများ ကို ဆောင်ရွက်ခြင်းသည် ကျေနပ်ဖွယ်ရာ မရှိခဲ့လျှင်၊

(ဃဃ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း မရှိကြောင်း တရားရုံးက လက်ခံနိုင်မည့် အခြား သော သက်သေခံတင်ပြချက်များ ရှိခဲ့လျှင်။

(ဂ) ဤအပိုင်းတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အခြားသက်ဆိုင်ရာဥပဒေ သို့မဟုတ် ဤဥပဒေအရ ဖျက်သိမ်းထားသည့် ဥပဒေတစ်ရပ်ရပ်အရ ကုမ္ပဏီ တစ်ခုအဖြစ် လည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုအဖြစ် လည်းကောင်း ဖျက်သိမ်းမည့်ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုအတွက် ဖော်ပြထားသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ထိခိုက်ခြင်း မရှိစေရ။ သို့သော် ဖျက်သိမ်းထားသည့် ပြဋ္ဌာန်းချက်များကို ရည်ညွှန်းထားသည့်ကိစ္စရပ်များကို ဤဥပဒေ၏ သက်ဆိုင် သည့် ပြဋ္ဌာန်းချက်များ (ရှိခဲ့လျှင်) ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

**၄၁၄။ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ကြွေးမြီပေးဆပ်ရသူများ**

(က) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်ကို ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူများအကြား အခွင့်အရေးများကို ညှိနှိုင်း ဆောင်ရွက်ရန်အတွက် ငွေကြေးတစ်ရပ်ရပ် ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း၊ မှတ်ပုံတင် ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းရာတွက် ကျသင့်သည့် ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များကို ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း တာဝန်ရှိသူများအားလုံးကို ကြွေးမြီပေးဆပ် ရသူများအဖြစ် မှတ်ယူရမည်ဖြစ်သည်။ ကြွေးမြီ ပေးဆပ်ရသူများ အားလုံးသည်ဖော်ပြပါ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းတို့ထံမှ ပေးချေရမည့် ငွေပမာဏအားလုံးကို မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီ၏ အခြေပစ္စည်းများသို့ ထည့်ဝင်ရန် တာဝန်ရှိ သည်။

(ခ) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် သေဆုံးခြင်း သို့မဟုတ် လူမွဲအဖြစ် သတ်မှတ် ခံရခြင်းများ ဖြစ်ပေါ်ခဲ့လျှင် သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူများ၏ တရားဝင် ကိုယ်စားလှယ် များနှင့် အမွေဆက်ခံသူများ၊ လူမွဲ အဖြစ်ခံယူရသော ကြွေးမြီ ပေးဆပ်ရသူများ၏ လွှဲအပ်ခြင်းခံရသူများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင် စေရမည်။

## ၄၁၅။ တရားစွဲဆိုစစ်ဆေးမှုများကို ဆိုင်းငံ့ရန် သို့မဟုတ် ရပ်နားထားရန် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ

ကုမ္ပဏီဖျက်သိမ်းရန် လျှောက်ထားတင်ပြပြီးနောက်၊ ကုမ္ပဏီဖျက်သိမ်းသည့်အမိန့် ချမှတ်ခြင်းမပြုမီ ကာလအတွင်း မည်သည့် အချိန်တွင်မဆို ကုမ္ပဏီအပေါ် တရားစွဲဆိုမှု နှင့် စစ်ဆေးဆောင်ရွက်မှု များကို ဆိုင်းငံ့ထားခြင်း၊ ရပ်နားထားခြင်း တို့နှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတွင် မြီရှင်က ထိုသို့ဆိုင်းငံ့ထားရန် သို့မဟုတ် ရပ်နားထားရန် လျှောက်ထားတင်ပြခဲ့လျှင် မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် စွဲဆိုသည့် မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရမည်။

## ၄၁၆။ ကုမ္ပဏီဖျက်သိမ်းရန်အမိန့်အား ဆိုင်းငံ့ထားစေရန် စွဲဆိုမှု

မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့်အခါ တရားရုံး၏ ခွင့်ပြုချက်နှင့် တရားရုံးက သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် ဆောင်ရွက်သည်မှ အပ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ ကြွေးမြီ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ထိုကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

## ၄၁၇။ အချို့သောကိစ္စများတွင် ပစ္စည်းများနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များ

မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတွင် ယင်း၏အမည်ဖြင့် တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆို ခံနိုင်ခြင်းအတွက် အခွင့်အာဏာမရှိခဲ့လျှင်၊ သို့မဟုတ် အကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်လာလျှင်၊ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်ဖြင့်ဖြစ်စေ၊ နောက်ထပ်အမိန့် တစ်ရပ်ရပ် ဖြင့်ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် ယင်းကုမ္ပဏီကိုယ်စား ယုံကြည်အပ်နှံ ခြင်းခံရသူများနှင့် သက်ဆိုင်သောရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင် သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်နှင့် အခွင့်အရေးများ၊ တာဝန်များ၊

တရားစွဲဆို တောင်းဆိုမှုများ အပါအဝင်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံသို့ ၎င်း၏အမည်ဖြင့် အပ်နှံရမည်။ ယင်းနောက် အမိန့်တွင် သတ်မှတ်ဖော်ပြထားသော အဆိုပါ ပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသကို ဖော်ပြပါအတိုင်း အပ်နှံရမည်။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် တရားရုံးက ညွှန်ကြားသည့်အတိုင်း လျော်ကြေးငွေများ (ရှိခဲ့လျှင်)ကို ပေးပြီးနောက် အဆိုပါပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်း၏အမည်ဖြင့် အမှုများကို စွဲဆို ဆောင်ရွက်ခြင်း သို့မဟုတ် စွဲဆိုသည့်မှုခင်းများနှင့် စစ်ဆေး ဆောင်ရွက်မှုများတွင် ခုခံချေပခြင်းတို့ကိုဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့် ထိုကုမ္ပဏီ၏ပစ္စည်းများကို ပြန်လည်ရယူခြင်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် အတွက် လိုအပ်သလို တရားစွဲ ဆိုခြင်း သို့မဟုတ် ခုခံချေပ ခြင်းများကို ပြုလုပ်ရမည်။

**၄၁၈။ ဤအပိုင်းတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို ဆက်စပ်အသုံးပြုရခြင်း**

မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့် စပ်လျဉ်း၍ ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ သည်တရားရုံးဖြင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော ဤဥပဒေ၏ ရှေ့ပိုင်းတွင် ဖော်ပြ ပါရှိသော ပြဋ္ဌာန်းချက်များအား ကန့်သတ်ထားခြင်း မရှိဘဲ ယင်းတို့နှင့် ဆက်စပ်အသုံးပြုရမည်။ တရားရုံးနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်း ရေးအရာရှိတို့သည် မှတ်ပုံတင် ထားခြင်းမရှိသည့်ကုမ္ပဏီနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် ဤဥပဒေအရ ဖွဲ့စည်းတည် ထောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ၎င်းတို့အနေဖြင့် ကျင့်သုံးဆောင်ရွက်နိုင်သည့် အခွင့်အာဏာ များကို ကျင့်သုံးနိုင်သည်။ သို့သော် မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီတစ်ခုသည် ယင်းအားဖျက်သိမ်းသည့် ကိစ္စရပ်မှတစ်ပါး ဤဥပဒေအရ ကုမ္ပဏီတစ်ခု ဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။ ဤအပိုင်းတွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များ အတွက်သာလျှင် ကုမ္ပဏီ ဖြစ်သည်ဟု မှတ်ယူရမည်။

# အပိုင်း (၆)

## မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်ရုံး၏ အခွင့်အာဏာများ

**အခန်း(၂၈) မှတ်ပုံတင်အရာရှိ၊ မှတ်ပုံတင်ရုံး၊ စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း၊ စစ်ဆေးကြည့်ရှုနိုင်သည့် အခွင့်အာဏာများ နှင့် အခကြေးငွေများ**

**၄၁၉။ မှတ်ပုံတင်အရာရှိ**

(က) ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သည်မှတ်ပုံတင် အရာရှိ၏ အခွင့်အာဏာများကို ရရှိပြီး ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် သို့မဟုတ် ထိုဥပဒေများအရ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခွင့်အာဏာများ နှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရမည့်အပြင် အဆိုပါ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရာတွင် သို့မဟုတ် ထိုသို့ကျင့်သုံးဆောင်ရွက် မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ ရှိသည်။

(ဂ) ပြည်ထောင်စုဝန်ကြီးသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကိုကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍မှတ်ပုံတင်အရာရှိအားညွှန်ကြားနိုင်သည်

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) မှ (ဂ)အထိ ပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ယေဘုယျ အခြေအနေတွင်သော်လည်းကောင်း၊ အထူးအခြေအနေတစ်ရပ်ရပ် တွင်သော်လည်းကောင်း လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည့် အခွင့်အာဏာရှိသည်။

(င) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သို့ မှတ်ပုံတင်အရာရှိ၏ တာဝန်များကို လွှဲအပ်ထားသည့် ကာလတစ်လျောက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ရာထူးနေရာ သို့မဟုတ် အလားတူ ရာထူးနေရာ အမည်ကို ရယူထားသောသူသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကို ကျင့်သုံးနိုင်ပြီး ၎င်း၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏ လုပ်ငန်းကို ဆက်ခံမည့်ဌာနအဖွဲ့အစည်းတစ်ရပ်ရပ်၏ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်း တစ်ဦးဦးသို့ ၎င်း၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို တာဝန်ခွဲဝေ အပ်နှင်းနိုင်သည့် အခွင့်အာဏာလည်း ပါဝင်သည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်အရာရှိအားခန့်အပ်နိုင်သည့် သို့မဟုတ် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကို အပ်နှင်းနိုင်သည့် အခြားနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်း မရှိစေရ။

**၄၂၀။ မှတ်ပုံတင်ရုံးများ**

(က) ဤဥပဒေအရ ကုမ္ပဏီများကို မှတ်ပုံတင် ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စုဝန်ကြီးက သင့်သည်ထင်မြင်သည့် နေရာများတွင် ရုံးများ ဖွင့်လှစ်ရမည် ဖြစ်ပြီး မည်သည့် ကုမ္ပဏီမျှ အဆိုပါ ဖွင့်လှစ်ထားသည့် ရုံးများအနက် ရုံးတစ်ရုံးတွင်မှ တစ်ပါး မှတ်ပုံတင်ခြင်း မပြုလုပ်ရ။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီများအား မှတ်ပုံတင်ခြင်းအတွက် သို့မဟုတ်

မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် လိုအပ်သော စာရွက်စာတမ်းများသည် အစစ်အမှန် ဖြစ်ကြောင်း ဖော်ပြနိုင်ရေးအတွက် ရုံးတံဆိပ် သို့မဟုတ် ရုံးတံဆိပ်များကို ပြုလုပ်ဆောင်ရွက်ထားရန် ညွှန်ကြားနိုင်သည်။

**၄၂၁။ မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်းနှင့် စစ်ဆေးကြည့်ရှုခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် ဤဥပဒေအရ ထိန်းသိမ်းထားရှိရန် လိုအပ်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် ဤဥပဒေအရ ၎င်းထံတင်ပြရသည့် မှတ်တမ်းများအားလုံးကို ပြုစု ထားရှိ ထိန်းသိမ်းရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်တမ်းများနှင့် မှတ်ပုံတင်စာရင်းများကို အီလက်ထရွန်နစ်နည်းဖြင့် ဆန်းသစ်ခြင်း၊ တင်ပြခြင်း၊စုစည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဤဥပဒေအရ မှတ်ပုံတင်ရမည့် အဖွဲ့အစည်းများအားလုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် ထိုစနစ်များနှင့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်းများ အပါအဝင်မှတ်ပုံတင်အရာရှိသို့ အပ်နှင်းထားသည့် တာဝန်များနှင့် ၎င်းကသင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့်တာဝန်များကို ထမ်းဆောင်ရမည်။ ဤပုဒ်မခွဲသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အဆိုပါ ကိစ္စရပ်များအတွက် ကြီးကြပ်နိုင်သည့် အခွင့်အာဏာများကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ သက်ဆိုင်စေရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဆ)ကို မဆန့်ကျင်စေဘဲ မှတ်ပုံတင်အရာရှိမှ စာရွက်စာတမ်းအား မှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းကို ခွင့်မပြုခြင်းသည် အဆိုပါ စာရွက်စာတမ်း၏ တရားဝင်မှု သို့မဟုတ် တရားမဝင်မှုကိုလည်းကောင်း၊ အဆိုပါစာရွက်စာတမ်းတွင် ပါရှိသည့် သတင်းအချက်အလက်၏မှန်ကန်မှုကိုဖြစ်စေ၊ အခြားတစ်စုံတစ်ရာကိုဖြစ်စေ သက်ရောက်စေခြင်း သို့မဟုတ် ဖြစ်ပေါ်စေခြင်း မရှိစေရ။

(ဃ) အခြားသက်ဆိုင်သော အခွင့်အာဏာများကို ထိခိုက်စေခြင်းမရှိစေဘဲ ပြည်ထောင်စုဝန်ကြီးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)တို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်များအား အကျိုး သက်ရောက်စေရန် လိုအပ်သည့် စည်းမျဉ်းများ၊ နည်းဥပဒေ၊အမိန့် သို့မဟုတ် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်သတ်မှတ်ဖော်ပြနိုင်သည်။ အထူးသဖြင့် ဤဥပဒေအရ မှတ်ပုံတင်ထားသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင်အရာရှိတို့အကြား အီလက်ထရွန်နစ်နည်းဖြင့် စာရွက်စာတမ်းများအား မှတ်ပုံတင်ခြင်း၊ အီလက်ထရွန်နစ်နည်းဖြင့် ဆက်သွယ် ဆောင်ရွက်ခြင်းများအတွက် လုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည်။ ဤကိစ္စရပ်များတွင် ဤဥပဒေအရ မှတ်ပုံတင်ထားသော အဖွဲ့အစည်း တစ်ခုခု၏ ပြန်လည်မှတ်ပုံတင်ခြင်းအတွက် လည်းကောင်း၊ ပေးချေရမည့် ငွေကြေးများ အတွက်လည်းကောင်း အီလက်ထရွန်နစ်နည်းပညာဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍လိုအပ်သည့်သတ်မှတ်ချက်များကို ထည့်သွင်း ဖော်ပြနိုင်သည်။ ထိုအခကြေးငွေသည် အီလက်ထရွန်နစ်နည်းပညာ မပါရှိသော နည်းဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် မှတ်ပုံတင်ခြင်းအတွက် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေနှင့်ခြားနားနိုင်မည်ဖြစ်သည်။

(င) မည်သူမဆို မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေလျက်စစ်ဆေးကြည့်ရှုနိုင်သည်။

(စ) မည်သူမဆို ကုမ္ပဏီတစ်ခု ဖွဲ့စည်းတည်ထောင်သည့် သက်သေခံလက်မှတ် သို့မဟုတ် မိတ္တူ သို့မဟုတ် ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရသည့် ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရှိရမည့် အခြားစာရွက်စာတမ်း၏ ကောက်နုတ်ချက် သို့မဟုတ် အခြား စာရွက်စာတမ်း၏ မည်သည့် အစိတ်အပိုင်းကို မဆို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်း၍ မှတ်ပုံတင်အရာရှိက မိတ္တူမှန်ကန်ကြောင်း အထောက်အထားပြုသည့် စာရွက်စာတမ်းမိတ္တူ သို့မဟုတ် ကောက်နုတ်ရယူလိုသည့် အချက်အလက်မိတ္တူကို ရယူနိုင်သည်။

(ဆ) သိသာထင်ရှားသော မှားယွင်းချက်မှလွဲ၍ ပုဒ်မ ၄၂၂နှင့် ၄၂၃ တို့တွင် မှားယွင်းမှုအား ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှားယွင်းသည့်အချက်ကို ဖော်ပြ၍ ဤပုဒ်မ၏ ပုဒ်မခွဲ(စ)အရ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ထုတ်ပေးသည့် စာရွက်စာတမ်းတစ်ရပ်ကို တရားစစ်ဆေးစီရင်ဆောင်ရွက်မှု တစ်ရပ်ရပ်တွင် မူလစာရွက်စာတမ်းကဲ့သို့ တရားဝင်သည့် သက်သေခံချက်အဖြစ် လက်ခံ ဆောင်ရွက်ရမည်။

**၄၂၂။ မှတ်ပုံတင်စာရင်း၏ မှားယွင်းမှုများကို ပြင်ဆင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် -

(၁) တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်စာရင်းတွင် အချက်အလက်တစ်ရပ်ရပ်ကို မှားယွင်း၍ ရေးသွင်းထားကြောင်း သို့မဟုတ် ချန်လှပ်ထားကြောင်းသိရှိလျှင် ဤဥပဒေအရ ၎င်းကထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းတစ်ခုကို ပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၂) ရုံးလုပ်ငန်း ဆောင်ရွက်ရာတွင် မှားယွင်းမှုကြောင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် အချက် အလက်တစ်ရပ်ရပ်ကို မမှန်မကန် ရေးသွင်းမိကြောင်း ၎င်းက သိရှိလျှင် ထိုအချက် အလက်များကို ပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၃) တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိက ကုမ္ပဏီနှင့် ဆွေးနွေးပြီးနောက် ကုမ္ပဏီ၏ ရုံးလုပ်ငန်းဆိုင်ရာ မှားယွင်းမှု ကြောင့် ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသော မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အချက် များသည် မှန်ကန်မှုမရှိကြောင်းနှင့် ထိုမှားယွင်းမှုကို ပြင်ဆင်ခြင်းသည် အခြားသူ တစ်ဦးဦးကို ထိခိုက်စေနိုင်မည် မဟုတ်ကြောင်း တွေ့ရှိရလျှင်၊ ကုမ္ပဏီက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းပါ ဖော်ပြချက်များကို မှန်ကန်စွာ ပြင်ဆင်စေရန် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၁) အရ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတစ်ရပ်ကို ပြင်ဆင်ခြင်း မပြုမီ မှတ်ပုံတင်အရာရှိသည် -

(၁) လျှောက်ထားချက်ကို အဆိုပါကုမ္ပဏီနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း အဆိုပါလျှောက်ထားချက်၏ အသေးစိတ် အချက်အလက်များကိုဖော်ပြ၍ကုမ္ပဏီသို့စာဖြင့်ရေးသားအကြောင်းကြားရမည်၊

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန် တင်ရှိခြင်း များကို မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက်အား ပြုလုပ်ခြင်းဖြစ်လျှင် ၎င်းတို့နှင့် စပ်လျဉ်း

သည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း အဆိုပါ လျှောက်ထားချက်၏ အသေးစိတ် အချက်အလက်များကို ဖော်ပြ၍ ပေါင်နှံခံသူ သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းအား လက်ခံသူသို့ စာဖြင့် ရေးသား အကြောင်းကြားရမည်၊ ၎င်းပြင်

(၃) အောက်ပါအချက်အလက်များပါရှိသော အများပြည်သူသိရှိရန် အကြောင်းကြားစာကို ထုတ်ပြန်ရမည် -

(ကက) လျှောက်ထားသူ၏အမည်၊

(ခခ) ကုမ္ပဏီ၏အမည်၊

(ဂဂ) မှတ်ပုံတင်စာရင်းတွင် ပြုလုပ်ဆောင်ရွက်ရမည့် အသေးစိတ် အချက်အလက်များနှင့် ပြင်ဆင်ချက်များအတွက် အကြောင်းပြချက်များ နှင့်

(ဃဃ) အဆိုပြုထားသည့် ပြင်ဆင်ချက်ကို စာဖြင့်ရေးသား ကန့်ကွက်နိုင်ကြောင်း သတ်မှတ်သည့် နေ့ရက်တစ်ရက်ကို မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုနေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့် နေ့မှ (၂၈)ရက်ထက် နောက်မကျသည့် နေ့ရက် တစ်ရက်ရက် ဖြစ်စေရမည်။

(ဂ) မည်သူမဆို အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့် ရေးသား ကန့်ကွက်ချက်တစ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ်(၃) အပိုဒ်ခွဲငယ်(ဃဃ)နှင့်အညီ သတ်မှတ်ထားသည့်နေ့ရက်ထက် နောက်မကျစေဘဲ ပေးပို့နိုင်ပြီး မှတ်ပုံတင်အရာရှိသည် အဆိုပါ ကန့်ကွက်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် လျှောက်ထားသူထံသို့ ပေးပို့ရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသည့် နေ့ရက်တွင် အဆိုပြုထားသည့် မှတ်ပုံတင် စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့် ရေးသား ကန့်ကွက်ချက်တစ်ရပ်ကို လက်ခံရရှိ ခဲ့ပြီး ထိုကန့်ကွက်ချက်ကို ပြန်လည် ရုပ်သိမ်းထားခြင်း မရှိကြောင်း တွေ့ရှိရလျှင် ဤပုဒ်မ၏ပုဒ်မခွဲ(က)အပိုဒ်(၁)အရ မှတ်ပုံတင်စာရင်းအား ပြင်ဆင်ခြင်း မပြုရ။

**၄၂၃။ တရားရုံး၏ အခွင့်အာဏာများ**

(က) မှတ်ပုံတင်အရာရှိသည် အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသား ကန့်ကွက်ချက်တစ်ရပ်ကို ပုဒ်မ ၄၂၂ ပုဒ်မခွဲ(ဂ)အရ လက်ခံရရှိခဲ့ပါက မှတ်ပုံတင် စာရင်းအား ပြင်ဆင်ရန်အတွက် လျှောက်ထားသူသည် အဆိုပါ ပြင်ဆင်လိုမှု အတွက် အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထား နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်အတွက် လျှောက်ထားမှုအား ပြုလုပ်ရာတွင် -

(၁) လျှောက်ထားသူသည် အဆိုပါ လျှောက်ထားမှုအား မှတ်ပုံတင်အရာရှိထံသို့ ဆောလျှင်စွာ အသိပေးအကြောင်းကြားရမည်၊ ၎င်းပြင်

(၂) မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားမှုနှင့်စပ်လျဉ်း၍ တရားရုံးသို့ တက်ရောက် ကြားနာနိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်အတွက် လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် အချက်အလက်တစ်ရပ်ရပ်ကို မှတ်ပုံတင်စာရင်းတွင် မှားယွင်း၍ ရေးသွင်းထားကြောင်းသို့မဟုတ် မှားယွင်း၍ ချန်လှပ်ထားကြောင်း တွေ့ရှိခဲ့လျှင် အဆိုပါ မှတ်ပုံတင်စာရင်းအား ပြင်ဆင်ဆောင်ရွက်ရန်အတွက် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

**၄၂၄။ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည့် စာရွက်စာတမ်းများအတွက် လျှောက်လွှာပုံစံ**

(က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံဖြင့် တင်ပြရန် လိုအပ်သည့် စာရွက်စာတမ်း တစ်ရပ်ရပ်သည်-

(၁) စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံကို ဤဥပဒေအရ ပြုလုပ်သည့် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်ဖြင့် သတ်မှတ် ဖော်ပြထားခဲ့လျှင်-

(ကက) အဆိုပါ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံအတိုင်း ဖြစ်စေရမည်၊

(ခခ) လျှောက်လွှာပုံစံတွင် လိုအပ်သော သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြား လိုအပ်သောကိစ္စရပ်များ ပါဝင်စေရမည်၊ ၎င်းပြင်

(ဂဂ) လျှောက်လွှာပုံစံတွင် လိုအပ်သော အခြားအချက်အလက်များကို ပူးတွဲ ပါရှိစေရမည်၊ သို့မဟုတ်

(၂) စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံကို စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်ဖြင့် သတ်မှတ်ဖော်ပြထားခြင်း မရှိခဲ့လျှင်၊ မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းအတွက် လျှောက်လွှာ ပုံစံတစ်ရပ်ကို အတည်ပြု သတ်မှတ်ထားပါက-

(ကက) အဆိုပါ အတည်ပြုထားသည့် လျှောက်လွှာပုံစံအတိုင်း ဖြစ်စေရ မည်၊

(ခခ) လျှောက်လွှာပုံစံတွင် လိုအပ်သော သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြား လိုအပ်သောကိစ္စရပ်များ ပါဝင်စေရမည်၊ ၎င်းပြင်

(ဂဂ) လျှောက်လွှာပုံစံတွင် လိုအပ်သော အခြားအချက်အလက်များကို ပူးတွဲ ပါရှိစေရမည်။

(ခ) ဤဥပဒေအရ တင်ပြလာသည့် စာရွက်စာတမ်းတစ်ရပ်ရပ်သည် ဤပုဒ်မ၏ ပုဒ်မခွဲ(က) နှင့် သက်ဆိုင်ရမည်ဖြစ်ပြီး ယင်းကို ဆန့်ကျင် ကွဲလွဲမှုတစ်စုံတစ်ရာ မရှိပါက သက်ဆိုင်သည့် လျှောက်လွှာပုံစံနှင့်အတူ တင်ပြလာသည့် စာရွက်စာတမ်းနှင့် အခြား အချက်အလက်များသည်လည်း ဤဥပဒေအရ တင်ပြသော စာရွက်စာတမ်း တစ်ရပ်ရပ်တွင် ပါဝင်သည်။

(ဂ) အကယ်၍ -

(၁) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည့်စာရွက်စာတမ်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံဖြင့် တင်ပြရန် လိုအပ်ခဲ့လျှင်၊ ၎င်းပြင်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်က စာရွက်စာတမ်းတွင် ပါဝင်ရမည့်

သို့မဟုတ် ထိုစာရွက်စာတမ်းနှင့်အတူ ပူးတွဲတင်ပြရမည့် အခြားအချက်အလက်များတွင် ပါဝင်ရမည့် သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားကိစ္စရပ်များကို သတ်မှတ်ဖော်ပြနိုင်ရန်အတွက် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာများကို သတ်မှတ် ထားလျှင် သို့မဟုတ် ပြုလုပ်ထားလျှင်၊

အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံ နှင့် စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်မှုများကို ထုတ်ပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မရှိစေရ၊ ၎င်းအပြင် ထိုသို့ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံသည် ယင်းတွင်ပါဝင်ရမည့် အချက်အလက်များနှင့် ယင်းနှင့်အတူ ပူးတွဲ ဖော်ပြရမည့် အချက်အလက်များကိုလည်း ပါရှိစေနိုင်သည်။

**၄၂၅။ စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းတစ်ခုတွင် ထည့်သွင်းဖော်ပြရန် အတွက် စာရွက်စာတမ်းတစ်ခုအား လက်ခံရရှိပါက မှတ်ပုံတင်အရာရှိသည် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) နှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် အဆိုပါ စာရွက် စာတမ်းကို မှတ်ပုံတင်စာရင်းရေးသွင်းရမည်၊ ၎င်းပြင်

(၂) စာရွက်စာတမ်းသည် နှစ်စဉ်အစီရင်ခံစာ မဟုတ်ပါက စာရွက်စာတမ်းကို ပေးအပ် သူထံသို့ မှတ်ပုံတင်ခြင်းပြုလုပ်ရန်စာဖြင့် ရေးသားအကြောင်းကြားရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်အရာရှိက လက်ခံရရှိခဲ့သည့် စာရွက် စာတမ်းတစ်ရပ်ရပ်သည်-

(၁) သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံ ရှိခဲ့ပါက ၎င်းပုံစံဖြင့် တင်ပြခဲ့ခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) ဤဥပဒေကိုလည်းကောင်း၊ ဤဥပဒေအရ ပြုလုပ်ထားသည့် စည်းမျဉ်း ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာများကိုလည်းကောင်း လိုက်နာ ဆောင်ရွက်ထားခြင်းမရှိလျှင်၊ သို့မဟုတ်

(၃) ပုံနှိပ်ထားခြင်း သို့မဟုတ် စက်ဖြင့်ရိုက်နှိပ်ရေးသားထားခြင်း မဟုတ်လျှင်၊ သို့မဟုတ်

(၄) မှတ်ပုံတင်စာရင်းအား အီလက်ထရွန်နစ်နည်းဖြင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ထိန်းသိမ်းထားခြင်းဖြစ်ပါက အီလက်ထရွန်နစ်နည်းဖြင့် တိုက်ရိုက်ဖြည့်သွင်းရေးသားနိုင်သည့် အချက်အလက်ပုံစံဖြင့် ဆောင်ရွက်ထား ခြင်း မဟုတ်လျှင်၊ သို့မဟုတ်

(၅) ပြီးပြည့်စုံစွာ ဆောင်ရွက်ထားခြင်း မရှိလျှင်၊ သို့မဟုတ်

(၆) ဖတ်ရှုနိုင်ရန်အတွက်ရှင်းလင်းမှုမရှိသည့် အချက်အလက်များ ပါဝင်နေလျှင်၊

မှတ်ပုံတင်အရာရှိသည် စာရွက်စာတမ်းကို မှတ်ပုံတင်ခြင်းအား ငြင်းဆိုနိုင်ပြီး အောက်ပါအတိုင်း တောင်းဆိုနိုင်သည်-

(កក) အဆိုပါ စာရွက်စာတမ်းကို လိုအပ်သလို ပြင်ဆင်ရန် သို့မဟုတ် ပြီးပြည့်စုံစွာ ဆောင်ရွက်ရန်နှင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံတင်ပြနိုင်ရန်၊ သို့မဟုတ်

(ခခ) ယင်းစာရွက်စာတမ်းအစား အခြားစာရွက်စာတမ်းအသစ်ကို ပြုစု

တင်ပြ စေရန်။

**၄၂၆။ စစ်ဆေးကြည့်ရှုရန်အတွက် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများ**

(က) သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင် အဖွဲ့တစ်ရပ်ရပ် သို့မဟုတ် အလားတူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ အစည်း တစ်ရပ်ရပ်သို့ ခွင့်ပြုထားသည့် အခွင့်အာဏာများကို တားမြစ် ကန့်သတ်ခြင်း မရှိစေဘဲ မှတ်ပုံတင်အရာရှိသည် -

(၁) အောက်ပါကိစ္စရပ်များအတွက် -

(ကက) ကုမ္ပဏီတစ်ခု သို့မဟုတ် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာတစ်ဦးဦးသည် ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန်၊ သို့မဟုတ်

(ခခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ အပ်နှင်းထားသော ယင်း၏ အခွင့်အရေးများ သို့မဟုတ် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံး ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန်၊ သို့မဟုတ်

(ဂဂ) ဤဥပဒေအား ချိုးဖောက်သည့် ပြစ်မှုများကို ရှာဖွေဖော်ထုတ်ရန် နှင့်

(၂) အများပြည်သူအကျိုးငှာ ထိုသို့ဆောင်ရွက်ရန် လိုအပ်သည်ဟု မှတ်ပုံတင် အရာရှိက ထင်မြင်လျှင် အောက်ပါတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည်-

(ကက) ပုဂ္ဂိုလ်တစ်ဦးဦး၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ကြီးကြပ်မှု အောက်တွင်ရှိသော သက်ဆိုင်သည့် စာရွက်စာတမ်းများကို စစ်ဆေး ကြည့်ရှုနိုင်ရန်အတွက် အဆိုပါ စာရွက်စာတမ်းများကို တင်ပြစေခြင်း၊

(ခခ) သက်ဆိုင်သည့် စာရွက်စာတမ်းများ၏ မိတ္တူများကို စစ်ဆေး ကြည့်ရှုခြင်း နှင့် ရယူခြင်း၊

(ဂဂ) မိတ္တူများ ရယူရန်အတွက် သက်ဆိုင်သည့်စာရွက်စာတမ်းများကို လက်ဝယ် ရယူခြင်းနှင့် ထိန်းသိမ်းထားသည့်နေရာမှ ၎င်းတို့အား ရွှေ့ပြောင်းခြင်း၊ သင့်တော်သည့်အချိန်ကာလအတွင်း သိမ်းဆည်း ထားခြင်း၊

(ဃဃ) ပြစ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်း သက်သေခံအထောက်အထားများ ရှိသည်ဟု ယုံကြည်ရသည့် သင့်လျော်သော အကြောင်းအချက်များ ရှိခဲ့လျှင် သင့်လျော်သည့် အခြေအနေအားလုံးတွင် ကာလတစ်ရပ် အထိ သက်ဆိုင်သည့် စာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်း၊

(ခ) အခွင့်အာဏာကိုကျင့်သုံး ဆောင်ရွက်ခြင်းသည် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ် အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှု အောက်တွင်ရှိသည့်

သတ်မှတ် စီစဉ်ထား သည့်ဘဏ် သို့မဟုတ် အခြားဘဏ်သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ရပ်ရပ် ဖြစ်သည့် ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍ ကျင့်သုံးရခြင်းဖြစ်လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးခြင်းမပြုမီ မှတ်ပုံတင်အရာရှိ သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံး ဆောင်ရွက်ရာတွင် မည်သူမျှ မှတ်ပုံတင်အရာရှိကို သို့မဟုတ် မှတ်ပုံတင် အရာရှိက အခွင့်အာဏာ အပ်နှင်းထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်နှေးစေခြင်း မပြုရ။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီးနောက် မှတ်ပုံတင်အရာရှိက တရားစွဲဆိုဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်လျှင်၊ မှတ်ပုံတင်အရာရှိသည် ၎င်းရရှိထားသည့် စာရွက်စာတမ်းများကို ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် အမှုလိုက်ဥပဒေ အရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး တရားစွဲဆိုဆောင်ရွက်သင့်ကြောင်း ထင်မြင်ပါက ၎င်းတို့မှ တရားစွဲဆို ဆောင်ရွက်ရမည်။ ဤပုဒ်မခွဲသည် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်အရာရှိအား အပ်နှင်းထားသည့် အခြားသော အခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်ခြင်းအား တားမြစ် ကန့်သတ်ထားခြင်း မရှိစေဘဲ ကျင့်သုံးရမည်။

၄၂၇။ မည်သူမဆို သိလျက်ဖြင့် တမင် -

(က) ပုဒ်မ ၄၂၆ ပုဒ်မခွဲ (က) အပိုဒ်(၂) အပိုဒ်ခွဲငယ်(ကက) အရ သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခဲ့ လျှင်၊ သို့မဟုတ်

(ခ) ပုဒ်မ ၄၂၆ ပုဒ်မခွဲ(ဂ) အား ဆန့်ကျင်သည့် ဆောင်ရွက်မှုများကို ပြုလုပ် ခဲ့လျှင်၊ ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက်မပိုသော ဒဏ်ငွေကို ပြစ်မှုတစ်ရပ်စီအတွက် ပေးဆောင် ရမည်။

၄၂၈။ **မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်ခြင်း**

(က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်တစ်ရပ်ကြောင့် နစ်နာသူတစ်ဦးဦးသည် ဆုံးဖြတ်ချက်အား အကြောင်းကြားသည့်နေ့ရက်မှ (၂၈) ရက်အတွင်း ပြည်ထောင်စု ဝန်ကြီးထံသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်အား လက်ခံနိုင်ခြင်းမရှိပါက ဆုံးဖြတ်ချက်အား အကြောင်းကြားသည့်နေ့ရက်မှ (၂၈)ရက်အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုနိုင်သည့် အချိန်ကာလအတွင်း တရားရုံးသို့ ဆက်လက် အယူခံဝင်ရောက်နိုင်သည်။

(ဂ) အယူခံအား ကြားနာသည့်အခါ တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ သို့မဟုတ် အမှုဖြစ်အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း ညွှန်ကြားချက်များ ပေးနိုင်သည် သို့မဟုတ် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။

၄၂၉။ **အခကြေးငွေများ**

(က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ အခကြေးငွေ ပေးချေရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခြားသော အခကြေးငွေများကို မှတ်ပုံတင် အရာရှိထံသို့ ပေးသွင်းရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရသည့် အခကြေးငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရမည်။

၄၃၀။ **မှတ်ပုံတင်အရာရှိထံသို့ စာရင်းများ နှင့် စာရွက်စာတမ်းများကို တင်ပြခြင်း**

(က) ကုမ္ပဏီတစ်ခုသည် စာရင်းများ၊ ငွေစာရင်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရန် သို့မဟုတ် အခြားကိစ္စတစ်ရပ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြား တင်ပြရန် တို့နှင့် စပ်လျဉ်းသည့် ဤဥပဒေအရ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက် ပြီးနောက် အဆိုပါ ပျက်ကွက်မှုကို ပြင်ဆင်ဆောင်ရွက်ရန် အကြောင်းကြား သည့်နေ့ရက်မှစ၍ (၂၁)ရက်အတွင်း အဆိုပါ ပျက်ကွက်မှုကို ကောင်းမွန်သည်အထိ ပြင်ဆင်ခြင်းမပြုလျှင် ကုမ္ပဏီတွင် ပါဝင်သူ

သို့မဟုတ် ကုမ္ပဏီ၏မြီရှင် တစ်ဦးဦးက ဖြစ်စေ၊ မှတ်ပုံတင် အရာရှိကဖြစ်စေ တရားရုံးသို့တင်ပြ လျှောက်ထားလာလျှင် တရားရုံးသည် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ အရာရှိများကို တရားရုံးက သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း ပျက်ကွက်မှုအား ပြင်ဆင်ရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အဆိုပါအမိန့်တစ်ရပ်ရပ်တွင် ပျက်ကွက်မှုအတွက် တာဝန်ရှိသော ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏အရာရှိများမှ လျှောက်ထားမှုနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ကျခံစေရန်အတွက် သတ်မှတ်ဖော်ပြနိုင်သည်။

(ဂ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အထက်တွင်ဖော်ပြထားသော ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည် ကုမ္ပဏီကိုဖြစ်စေ၊ ယင်းကုမ္ပဏီ၏ အရာရှိများ ကိုဖြစ်စေ ပြစ်ဒဏ်သတ်မှတ်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြား ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဆောင်ရွက်မှုကို ထိခိုက်ခြင်း မရှိစေရ၊ သို့မဟုတ် ဤဥပဒေ ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီမှ အခြားသူတစ်ဦးဦးနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ အရေးယူဆောင်ရွက်မှု တစ်ရပ်ရပ် ကို တားမြစ်ကန့်သတ်ထားခြင်း မရှိစေရ။

(ဃ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာ တင်ပြရန် ပျက်ကွက်လျှင်၊ သို့မဟုတ် မှတ်ပုံတင်အရာရှိထံ တင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထား ခြင်းများ ပြုလုပ်ထားလျှင် မှတ်ပုံတင်အရာရှိမှ ထိုကိစ္စနှင့် သက်ဆိုင်သည့် အချက် အလက်များသည် ကုမ္ပဏီ၊ ယင်း၏ မြီရှင် သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ကြီးမားစွာထိခိုက်စေကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီသို့ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ကုမ္ပဏီက ပေးချေရမည့် အခကြေးငွေများကို ပေးသွင်းခြင်းနှင့် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် ပေးဆောင်ခြင်း အပါအဝင် အကြောင်းကြားစာ ပေးပို့၍ ထိုပျက်ကွက်မှုကို (၂၈) ရက် အတွင်း ကောင်းမွန်သည်အထိ ပြင်ဆင်နိုင်ခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိသည် ဆိုင်းငံ့မှုကို ပြုလုပ်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ ပြုလုပ်သည့် ဆိုင်းငံ့မှုနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ လျှောက်ထားမှုအပေါ် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် တင်ပြရန်လိုအပ်သည့် နှစ်စဉ်အစီရင်ခံစာ၊ ယင်းအတွက် ပေးသွင်းရမည့် အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့် နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေးတို့နှင့်အတူ ပူးတွဲတင်ပြလျှင် နှစ်စဉ်အစီရင်ခံစာကို တင်ပြရန် ပျက်ကွက်ခြင်းအတွက် ဆိုင်းငံ့မှုကို ပြန်လည်ရုတ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏ စာရင်းတွင် ကုမ္ပဏီအား ပြန်လည်ထိန်းသိမ်းခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် စာရွက်စာတမ်း အမှား ပြင်ဆင်ထားခြင်းနှင့် မှတ်ပုံတင်အရာရှိမှ အကျိုး အကြောင်း ခိုင်လုံစွာ လက်ခံနိုင်သည့် တိကျမှန်ကန်သော သတင်းအချက်အလက်နှင့်အတူ ယင်းအတွက် ပေးသွင်းရမည့် အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့် နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေးတို့နှင့်အတူ ပူးတွဲတင်ပြလျှင် လိမ်လည် လှည့်ဖြားခြင်း သို့မဟုတ် မှားယွင်း ကြေညာချက်ပါရှိခြင်းကြောင့် ကုမ္ပဏီ၏ အကျိုးစီးပွားကို အဓိက

ထိခိုက် ပျက်ဆီးစေနိုင်သော သတင်းအချက်အလက် ပါရှိသော စာရွက်စာတမ်း တင်ပြမှု အတွက် ဆိုင်းငံ့မှုကို ဆိုင်းငံ့မှုကို ပြန်လည် ရုတ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏ စာရင်းတွင် ကုမ္ပဏီအား ပြန်လည် ထိန်းသိမ်းခြင်း၊

(စ) ဤပုဒ်မ၏ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ထား ခြင်းအား ဆိုင်းငံ့ထားသည့်နေ့မှ နောက်ထပ် (၆)လပြည့်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ဖော်ပြ ရမည်။ အဆိုပါအကြောင်းကြားစာအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ဖော်ပြပြီး သည့်အခါ ကုမ္ပဏီကို ဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာနှင့် ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ တာဝန်ရှိမှုများ ရှိခဲ့လျှင်ကုမ္ပဏီကို ဖျက်သိမ်းခြင်း မပြုသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်စေရမည်။

(ဆ) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟု ယူဆလျှင် ၎င်းတို့၏ လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်းခံရသည့်အချိန်က စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန် လည်ဖော်ပြရန် သင့်လျော်သည့် အခြားအကြောင်းများရှိကြောင်း တွေ့ရှိရလျှင် တရားရုံး သည် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့် တစ်ရပ် ချမှတ်နိုင်သည်။ ၎င်းနောက် ကုမ္ပဏီသည် ယင်း၏အမည်အား ပယ်ဖျက်ခြင်း မရှိသကဲ့ သို့ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏ အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့်မူလနေရာတွင် တာဝန်ရှိကြ သော အခြားသူများ အားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။

(ဇ) ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက်များကို ထိခိုက်စေခြင်းမရှိစေဘဲ မှတ်ပုံတင် အရာရှိမှ စာရွက်စာတမ်းများကို စစ်ဆေးနိုင်သည့် အခွင့်အာဏာများ၊ စုံစမ်းစစ်ဆေးမှု ကို ပြုလုပ်နိုင်သည့် အခွင့်အာဏာ၊ ဖျက်သိမ်းပြီး ကုမ္ပဏီများကိုစာရင်းမှပယ်ဖျက်ရန် ဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် တရားစွဲဆိုမှုများကို ဆောင်ရွက်ရန်ပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် မှတ်ပုံတင်ခြင်းမှ ပြန်လည် ပယ်ဖျက်ခြင်း အပါအဝင် ကုမ္ပဏီအပေါ် ချမှတ်သည့် အမိန့် များကို ဆောင်ရွက်ခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ချမှတ်သည့် အမိန့်များကို ဆောင်ရွက်ခြင်းတို့အတွက် အခွင့်အာဏာများ အပါအဝင် ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)နှင့် သက်ဆိုင်စေရမည်။

**၄၃၁။ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းမှအကျိုးသက်ဝင်မှုမရှိသော ကုမ္ပဏီများကို ပယ်ဖျက်ခြင်း**

(က) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိကြောင်း မှတ်ပုံတင် အရာရှိက ယုံကြည်ဖွယ်အကြောင်းရှိလျှင် မှတ်ပုံတင်အရာရှိက ထိုကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိမရှိ မေးမြန်းရန်နှင့် ပြန်လည် တင်ပြ ရန် အကြောင်းကြားစာတစ်စောင်ကို စာတိုက်မှ ဖြစ်စေ၊ အီးလက်ထရောနစ် နည်းတစ်ခုခု ဖြင့် ဖြစ်စေ၊ ကုမ္ပဏီသို့ အသိပေးနိုင်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့် ဖြစ်စေ အဆိုပါ ကုမ္ပဏီသို့ ပေးပို့ အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အဆိုပါ အကြောင်းကြားစာကို ပေးပို့ပြီးနောက် (၂၈)ရက် အတွင်း ဖြေကြားမှု တစ်စုံ တစ်ရာကို မရရှိခဲ့လျှင် အဆိုပါကာလကုန်ဆုံး ပြီးနောက် (၆၀) ရက်အတွင်း ပထမ အကြောင်းကြားစာကို ရည်ညွှန်းလျက် ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ ပေးပို့ရမည် ဖြစ်ပြီး ထိုအကြောင်း ကြားစာတွင် ဖြေကြားမှုတစ်စုံတစ်ရာ မရရှိခဲ့ကြောင်း ဖော်ပြပါရှိ စေရမည်။ ဒုတိယ အကြောင်းကြားစာ

ပေးပို့သည့်နေ့မှ (၂၈)ရက် အတွင်း ဒုတိယ အကြောင်းကြားစာအပေါ် ဖြေကြားမှု မရရှိခဲ့လျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်း တွင် ထည့်သွင်း ဖော်ပြရမည်။

(ဂ) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိကြောင်း ကုမ္ပဏီထံမှ ဖြေကြားချက်ကို လက်ခံရရှိခဲ့လျှင် သို့မဟုတ် ဒုတိယ အကြောင်းကြားစာကို ပေးပို့ပြီးနောက် (၂၈) ရက်အတွင်း ဖြေကြားမှုကို လက်ခံရရှိခြင်း မရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ (၃)လကုန်ဆုံး သည့် ကာလတွင် ကွဲလွဲသည့် အကြောင်း တစ်စုံတစ်ရာမရှိလျှင် ကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက် မည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီကို ဖျက်သိမ်းမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြား စာတစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံသို့လည်း ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ နည်းလမ်းများ အနက် နည်းလမ်းတစ်ခုခုဖြင့် ပေးပို့ရမည်။

(ဃ) ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ မှတ်ပုံတင်အရာရှိသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိက ဆောင်ရွက်နေခြင်း မရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ရန် အကြောင်း ရှိခဲ့လျှင် သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်း ဖျက်သိမ်းပြီး နောက်တစ်ဆက်တည်းဖြစ်သော (၆)လ ကာလအတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိက ပြုလုပ်ရန်လိုအပ်သည့် ပြန်ကြားချက်များကို မှတ်ပုံတင် အရာရှိက ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ဖြစ်စေ၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ နောက်ဆုံးလုပ်ငန်း တည်ရှိသည့် နေရာထံသို့ ဖြစ်စေ ပေးပို့ပေးရန် တောင်းဆိုသည့် အကြောင်းကြားစာ ပေးပို့ပြီးနောက် ထိုပြန်ကြားချက်များကို မပေးပို့ခဲ့လျှင်၊ မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြခဲ့သည့်အတိုင်း အကြောင်းကြားစာတစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံ သို့လည်း ပေးပို့ရမည်။

(င) အကြောင်းကြားစာတွင် ဖော်ပြပါရှိသည့် အချိန်ကာလ ကျော်လွန်ပြီးနောက် ကုမ္ပဏီက ကွဲလွဲမှုတစ်စုံတစ်ရာ တင်ပြလာခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည်ထို ကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါ အကြောင်းကြားစာအား နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်း ဖော်ပြပြီးသည့်အခါ ကုမ္ပဏီကို ဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာနှင့် ကုမ္ပဏီ တွင်ပါဝင်သူများအားလုံး၏ တာဝန်ရှိမှုများ ရှိခဲ့လျှင် ကုမ္ပဏီကို ဖျက်သိမ်းခြင်း မပြုသကဲ့သို့ ဆက်လက် အကျိုးသက်ရောက် စေရမည်။

(စ) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟု ယူဆလျှင် ၎င်းတို့၏ လျှောက် ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်းခံရသည့်အချိန်က စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့် အခြားအကြောင်းများ ရှိကြောင်း တွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ ၎င်းနောက် ကုမ္ပဏီသည် ယင်း၏

အမည်အား ပယ်ဖျက်ခြင်း မရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက် ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့် မူလနေရာတွင် တာဝန်ရှိကြသော အခြားသူများ အားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။

(ဆ) ဤပုဒ်မအရ ပြုလုပ်သည့် အကြောင်းကြားစာတစ်စောင်ကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းနေရာ သို့မဟုတ် ကုမ္ပဏီမှ မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားသည့် အီလက်ထရွန် နည်းအရ လိပ်မူပေးပို့ရမည် သို့မဟုတ် နိုင်ငံတော် တစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် အသိပေး ကြေငြာရမည် သို့မဟုတ် ကုမ္ပဏီ၏ ဒါရိုက်တာ၊ သို့မဟုတ် အရာရှိများထံသို့ ပေးပို့ရမည်။ ဒါရိုက်တာ သို့မဟုတ် အရာရှိများ၏ အမည်နှင့် လိပ်စာကို မှတ်ပုံတင် အရာရှိက သိရှိထားခြင်း မရှိပါက ကုမ္ပဏီဖွဲ့စည်း တည်ထောင်ရန်အတွက် တင်သွင်းသည့် လျှောက်လွှာတွင် ကုမ္ပဏီတွင် ပါဝင်သူများ အဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးစီထံသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း တွင် ဖော်ပြ ပါရှိသည့် လိပ်စာများအား အဆိုပါ အကြောင်းကြားစာကို လိပ်မူလျက်ပေးပို့နိုင်သည်။

(ဇ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၄၃၀ ပုဒ်မခွဲ (ဃ)အရ မှတ်ပုံတင်အရာရှိ၏ အခွင့် အာဏာများ သို့မဟုတ် ဤဥပဒေအရအပ်နှင်းထားသည့် အခြားသက်ဆိုင်သည့် အခွင့် အာဏာ များကို ထိခိုက်စေခြင်းမရှိစေဘဲကျင့်သုံး ဆောင်ရွက်ရမည်။

## အပိုင်း (၇)

## တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်း နှင့် ပြစ်မှုများ

### အခန်း(၂၉) တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ

**၄၃၂။ တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ**

(က) အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဤဥပဒေအရ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖြစ်သည်။ သို့ရာတွင် သက်ဆိုင်ရာ ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံး သို့မဟုတ် မြို့နယ်တရားရုံး သို့မဟုတ် အခြားတရားရုံးတစ်ခုခုသည် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဤဥပဒေတွင် တရားရုံးသို့ အပ်နှင်းထားသည့် စီရင်ပိုင်ခွင့် အားလုံး သို့မဟုတ် စီရင်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံး ဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ တရားစွဲဆိုဆောင်ရွက်ရမည့် တရားရုံးကို မှားယွင်း၍ အခြားတရားရုံးတွင် တရားစွဲဆိုဆောင်ရွက်ခဲ့သည့် အကြောင်း ကြောင့် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်အား တရားဝင်ခြင်းမရှိဟု မသတ်မှတ်ရ။

### တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ

**၄၃၃။ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်မရှိခြင်း**

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၌ ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် မည်သို့ပင် ဖော်ပြထား စေကာမူ ဤဥပဒေပါ ပြစ်မှုအားလုံးသည် အဆိုပါကျင့်ထုံးဥပဒေ၏ ကိစ္စရပ်များအတွက် ရဲအရေးယူပိုင်ခွင့် မရှိသော ပြစ်မှုများ ဖြစ်သည်ဟု မှတ်ယူရမည်။

**၄၃၄။ ဒဏ်ငွေများကို အသုံးပြုခြင်း**

ဤဥပဒေအရ ဒဏ်ငွေ ချမှတ်သည့် တရားရုံးသည် ဒဏ်ငွေတစ်ရပ်လုံးကိုဖြစ်စေ၊ ယင်း၏ တစ်စိတ် တစ်ဒေသကိုဖြစ်စေ တရားစွဲဆိုဆောင်ရွက်သည့် ကုန်ကျစရိတ်များ အတွက် ပေးချေရန် သို့မဟုတ် ဒဏ်ငွေများ ရရှိရန် သတင်းအချက်အလက်ပေးသော ပုဂ္ဂိုလ်သို့ ဆုကြေးငွေပေးရန်အတွက် အသုံးပြုနိုင်ကြောင်း ညွှန်ကြားနိုင်သည်။

**၄၃၅။ ကုန်ကျစရိတ်အတွက် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီသို့ အာမခံတင်သွင်းစေရန် ညွှန်ကြား နိုင်သည့် အခွင့်အာဏာ**

တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် တာဝန် ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် တရားလိုသော်လည်းကောင်း၊ လျှောက်ထားသူသော်လည်းကောင်း ဖြစ်ခဲ့လျှင် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးသည် တရားပြိုင်က ခုခံချေပမှုများ အောင်မြင်ခဲ့လျှင် ကုမ္ပဏီ ၏ တရားရုံးကုန်ကျစရိတ်များကို ကုမ္ပဏီအနေဖြင့် ပေးချေနိုင်မည် မဟုတ်ကြောင်း ယုံကြည်ပါက အဆိုပါကုန်ကျစရိတ်များအတွက် ကုမ္ပဏီကို လုံလောက်သည့် အာမခံတစ်ရပ် ထားရှိစေနိုင်ပြီး ထိုအာမခံကို တင်သွင်းပြီးသည့် အချိန်ကာလအထိ တရားစွဲဆိုစစ်ဆေး ဆောင်ရွက်မှုအားလုံးကို ဆိုင်းငံ့ထားနိုင်သည်။

**၄၃၆။ အချို့သောမှုခင်းကိစ္စများတွင် တရားရုံးက သက်သာခွင့် ပေးအပ်နိုင်သည့် အခွင့်အာဏာ**

(က) ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုများ၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်ခြင်း၊ သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်ခြင်းများအတွက် စွဲဆိုဆောင်ရွက်သည့် မှုခင်းကိစ္စရပ်များတွင် အဆိုပါကိစ္စရပ်များကို ကြားနာသည့်

တရားရုံး၌ ထိုပုဂ္ဂိုလ်သည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည် အပ်နှံခြင်းကိုချိုးဖောက်မှုများအတွက် တာဝန်ရှိကြောင်း သို့မဟုတ် တာဝန်ရှိနိုင်ကြောင်း၊ သို့သော်၎င်းအား ခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်အပါအဝင် မှုခင်းကိစ္စရပ်အားလုံးတွင် သဘောရိုးဖြင့် လျော်ကန်သည့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် ၎င်းအပေါ် မျှတစွာ စီရင်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား၎င်း၏ တာဝန်ရှိမှုမှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်သာခွင့် ပြုနိုင်သည်။

(ခ) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်ကိစ္စရပ် အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းအပေါ်တွင် စွဲဆို ဆောင်ရွက် လျက်ရှိသည့် မှုခင်းတစ်ရပ်ရပ်ကို ပြုလုပ်မည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်၊ ထိုသူသည်သက်သာခွင့်အတွက် တရားရုံးသို့ တင်ပြတောင်းခံနိုင်သည်။ အဆိုပါ လျှောက်ထားမှုအား လက်ခံ ရရှိသည့်အခါ တရားရုံးသည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် ထိုသူအပေါ် စွဲဆို ဆောင်ရွက်လျက်ရှိသည့် မှုခင်းကိစ္စရပ်များ တွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက် အရ ထိုသူအပေါ် သက်သာခွင့်ပြုနိုင်သည့်အတိုင်း အလားတူ ဆောင်ရွက်နိုင်သည့် အခွင့်အာဏာများ ရှိသည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာများ၊

(၂) ကုမ္ပဏီ၏အတွင်းရေးမှူးများ ရှိခဲ့လျှင် ၎င်းပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏အခြားအရာရှိများ နှင့်

(၄) ကုမ္ပဏီ၏ အရာရှိများ ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ စာရင်းစစ်များ အဖြစ် ကုမ္ပဏီ က ခန့်အပ်ထားသည့် ပုဂ္ဂိုလ်များ။

## ၄၃၇။ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို မည်သို့ ပြုလုပ်ရခြင်း

ဤဥပဒေနှင့်အညီ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆို စစ်ဆေးဆောင်ရွက် သည့် ကိစ္စတစ်ရပ်ရပ်တွင် သတင်းအချက်အလက်များ၊ စွဲချက်များ၊ တိုင်တန်းချက်များ သို့မဟုတ် လျှောက်ထားမှုများကို အောက်ပါပုဂ္ဂိုလ်များက ပြုလုပ်နိုင်သည် -

(က) ကိုယ်တိုင်တွေ့ရှိ ဆောင်ရွက်ခြင်း ဖြစ်စေ၊ လျှောက်ထားချက် သို့မဟုတ် တောင်းဆိုချက် တစ်ရပ်ရပ်အပေါ် ပြန်ကြားခြင်း ဖြစ်စေ ဆောင်ရွက်မည့် မှတ်ပုံတင်အရာရှိ၊ သို့မဟုတ်

(ခ) ပုဒ်မ ၄၃၆ တွင် ဖော်ပြပါရှိသော ဤဥပဒေကို ချိုးဖောက်မှုအတွက် ၎င်းအပေါ် တရားစွဲဆိုမှု ပြုလုပ်နိုင်မည့် ဖမ်းဆီးရန် အကြောင်းပြချက်ရှိသူ ဖြစ်သည့် ဤဥပဒေအရ သက်သာခွင့် အတွက် လျှောက်ထားခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦး ၊

သို့မဟုတ်

(ဂ) တရားစွဲဆိုဆောင်ရွက်မှု ပြုလုပ်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက စာဖြင့်ရေးသား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူတစ်ဦးဦး။

**၄၃၈။ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများတွင် ကြားဝင်ဆောင်ရွက်နိုင်သည့် မှတ်ပုံတင်အရာရှိ ၏ အခွင့်အာဏာ**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ပေါ်ပေါက်လာသည့်ကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်နိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိက ဤပုဒ်မ၏ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသည့် တရားစွဲဆို စစ်ဆေး ဆောင်ရွက်မှု တစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်ခဲ့ပါက မှတ်ပုံတင်အရာရှိသည် အဆိုပါ တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုတွင် အမှုသည်တစ်ဦးအဖြစ် ပါဝင်နိုင်ပြီး ဤဥပဒေနှင့်အညီ အမှုသည်တစ်ဦး၏ အခွင့်အရေးများ၊ တာဝန်များနှင့် တာဝန်ရှိမှုများ အားလုံးကို ရရှိသည်။

**၄၃၉။ ပြစ်မှုကြောင်းအရ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို ပြုလုပ်ရမည့်အချိန်ကာလ**

အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် အတွက် တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု စတင်သည့်နေ့မှ (၆)နှစ်အတွင်း တရားစွဲဆို ဆောင်ရွက် နိုင်သည်။

**၄၄၀။ ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အကြောင်းကြားခြင်း**

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု မှတ်ပုံတင် အရာရှိက ယုံကြည်ရန် အကြောင်းရှိလျှင် ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးပြစ်ဒဏ်ကို အတိအလင်းသတ်မှတ်ဖော်ပြထားပါကဤပုဒ်မတွင် "သတ်မှတ်ဖော်ပြထားသောပြစ်မှု" ဟု ခေါ်တွင်မည်။ မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ အဆိုပါ ပုဂ္ဂိုလ်ထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာတစ်စောင်အား ပေးပို့နိုင်သည် -

(၁) သတ်မှတ်ဖော်ပြထားသောပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခြင်းနှင့် ထိုပြစ်မှုနှင့် စပ်လျဉ်းသည့် သတ်မှတ်ဖော်ပြထားသည့် အချက်အလက်များကို ဖော်ပြခြင်း၊

(၂) သတ်မှတ်ဖော်ပြထားသောပြစ်မှု နှင့် ပတ်သက်၍ သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင် အရာရှိက သတ်မှတ်သော ပြစ်ဒဏ်ကို ဖော်ပြခြင်း နှင့်

(၃) အောက်ပါတို့ကို ဖော်ပြပါရှိစေခြင်း -

(കက) ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ် ကို ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် သတ်မှတ်ဖော်ပြထား သော ပြစ်မှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင်-

(၁) ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက် ရန် တာဝန်ရှိမှုသည် အကြောင်းကြားစာ ပေးပို့ခြင်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ်

သတ်မှတ် ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်ထားသော ပြစ်ဒဏ်အတွက် ငွေပေးချေခြင်း ပြုပြီးသော်လည်း တာဝန်ရှိမှုသည် ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အနည်းဆုံး (၂၁) ရက်ထက် ပိုသော ကာလတစ်ရပ်အတွင်း ထိုသူသည် သတ်မှတ် ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ် ဖော်ပြ ထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင် အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ် ဖော်ပြထားသည့် အာဏာပိုင် အဖွဲ့ထံသို့ ငွေပေးချေပြီး အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာ ဆောင်ရွက်ခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ် ဖော်ပြထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ ထပ်မံအရေးယူ ဆောင်ရွက်ခြင်း မပြုကြောင်း၊နှင့်

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလ ကုန်ဆုံးသည့်အထိ ထိုသူသည် သတ်မှတ် ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင် အရာရှိက သတ်မှတ်သော ပြစ်ဒဏ် အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထား သည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်း မပြုခဲ့လျှင် သို့မဟုတ် အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာ ဆောင်ရွက်ခြင်းမပြုခဲ့လျှင်၊ ၎င်းအပေါ် တရားစွဲဆို ဆောင်ရွက်မှု ကို ပြုလုပ်နိုင်ကြောင်း၊ သို့မဟုတ်

(ခ) ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ကို ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ် မဟုတ်သော သတ်မှတ်ဖော်ပြထားသည့် ပြစ်မှုတစ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အနည်းဆုံး (၂၁)ရက်ထက် ပိုသောကာလတစ်ရပ်အတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ် ဖော်ပြ ထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင် အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင် အဖွဲ့ထံသို့ ငွေပေးချေခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြ ထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ ထပ်မံ အရေးယူ ဆောင်ရွက်ခြင်း မပြုကြောင်းနှင့်

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလ ကုန်ဆုံးသည် အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်

ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံး သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်အထိ မှတ်ပုံတင် အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်း မပြုခဲ့လျှင် ၎င်းအပေါ် တရားစွဲဆိုဆောင်ရွက်မှုကို ပြုလုပ်နိုင်ကြောင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) သည် မှတ်ပုံတင်အရာရှိအား အောက်ပါတို့ကို ဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းခြင်း မရှိရ-

(၁) သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်အား ပုဂ္ဂိုလ်တစ်ဦးက ကျူးလွန်ခဲ့ကြောင်း စွပ်စွဲသည့်ကိစ္စအတွက် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာ တစ်စောင် ထက် ပိုမို၍ ထိုသူထံသို့ ပေးပို့ခြင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၄၇၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါပြစ်မှုအတွက် ပုဂ္ဂိုလ် တစ်ဦးဦး အပေါ် တရားစွဲဆို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် သတ်မှတ် ဖော်ပြထားသော ပြစ်မှုကို ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ၎င်းထံ အကြောင်းကြားစာ တစ်စောင် ပေးပို့ခြင်း။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ ဆောင်ရွက်သည့် အကြောင်းကြားစာကို လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့် ဖြစ်စေ လူပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့ နိုင်သည်။

(ဃ) သီးခြား ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း ကြောင့် စွဲဆိုခံရသည့် သတ်မှတ်ဖော်ပြထားသောပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးထံသို့ ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတစ်စောင် ပေးပို့သည့် အခါ -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံး သတ်မှတ် ဖော်ပြထား သည့်ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင် အဖွဲ့ထံသို့ ငွေပေး ချေပြီး အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်ခြင်းမပြုနိုင်၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူသည် သတ်မှတ် ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံး သတ်မှတ် ဖော်ပြထားသည့် ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင် အဖွဲ့ထံသို့ ငွေပေးချေသော်လည်း အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာ ဆောင်ရွက်ခဲ့ခြင်းမရှိလျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်ခြင်း မပြုနိုင်။ သို့သော် အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို ဆောင်ရွက်ရန် ဆက်လက်တာဝန်ရှိပြီး ထိုသို့ ဆောင်ရွက်ရန် ဆက်လက် ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၅၀ ပါ

ပြဋ္ဌာန်းချက်များကို သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် ပေးချေခဲ့သည့်နေ့ရက်တွင် အကျိုးသက်ရောက်၍ ထိုသူသည် အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်သည်။

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည့်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်း မပြုဘဲ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်နိုင်သည်၊ သို့မဟုတ်

(၄) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည့် အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေမှုမပြုခြင်း၊ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာ ဆောင်ရွက်မှု မပြုခြင်း၊ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာ ဆောင်ရွက်ရန် တာဝန် ဆက်လက်ဖြစ်ပေါ်လျက်ရှိခြင်းများ ပေါ်ပေါက်ခဲ့လျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်နိုင်သည်။

(င) သီးခြားပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ် မဟုတ်သော သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ အကြောင်းကြားစာ တစ်စောင်ကို ပေးပို့သည့်အခါ -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူ သည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ် ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်ကို အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ် ဖော်ပြထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်ခြင်း မပြုနိုင်၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည့် အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ် ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ် အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင် အဖွဲ့ထံ သို့ ငွေပေးချေမှု မပြုလျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော

ပြစ်မှုနှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်နိုင်သည်။

(စ) သတ်မှတ်ဖော်ပြထားသောပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့သည့် အကြောင်းကြားစာပါ ငွေပမာဏကို ထိုသူက ပေးချေခြင်းသည် သတ်မှတ် ဖော်ပြထားသောပြစ်မှုအား ကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ ထိုသူသည် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုရာရောက်သည့်အနေဖြင့် ဆောင်ရွက်ခြင်း မပြုရ။

(ဆ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ)အပိုဒ်(၁)၊ အပိုဒ်(၂) နှင့် ပုဒ်မခွဲ(င)အပိုဒ်(၁) တို့တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များမှအပ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါ ကိစ္စရပ်များအတွက် သတ်မှတ် ဖော်ပြထားသော ပြစ်မှုများနှင့်ပတ်သက်၍ တရားစွဲဆို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းအား ထိခိုက်စေခြင်း မရှိစေရ။

**၄၄၁။ တရားစွဲဆိုဆောင်ရွက်ခြင်းတွင် ကူညီဆောင်ရွက်မည့်သူများ**

(က) ဤပုဒ်မတွင် **တရားပြိုင်** ဟု ရည်ညွှန်းမည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်သည့်အခါ သို့မဟုတ် မှတ်ပုံတင် အရာရှိက ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်သင့် ကြောင်း ထင်မြင်ယူဆသည့်အခါ မှတ်ပုံတင်အရာရှိသည် အောက်ပါပုဂ္ဂိုလ်များကို တရားစွဲဆိုဆောင်ရွက်မှုတွင် ကူညီဆောင်ရွက်စေနိုင်သည်-

(၁) တရားပြိုင်သည် လူပုဂ္ဂိုလ်တစ်ဦးဦး ဖြစ်လျှင်၊ တရားပြိုင်၏ အစုစပ်ဝင်၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် ဖြစ်သော ပုဂ္ဂိုလ် တစ်ဦးဦး၊ သို့မဟုတ်

(၂) တရားပြိုင်သည် ကော်ပိုရေးရှင်းတစ်ခု ဖြစ်လျှင်၊ တရားပြိုင်၏ အရာရှိ၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးဖြစ်ခဲ့သော သို့မဟုတ် တစ်ဦးဦးဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး။

ထိုသို့ ဆောင်ရွက်မည့်သူသည် တရားစွဲဆို ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၎င်းက သင့်လျော်သည့် အကူအညီများ အားလုံးကို ဆောင်ရွက်ပေးရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများတွင် တရားပြိုင်တစ်ဦးအဖြစ် ဖြင့်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး၏ ရှေ့နေတစ်ဦးအဖြစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ရန်အကြောင်း ရှိသည်ဟု မှတ်ပုံတင်အရာရှိက ထင်မြင်ယူဆလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်ကို ပြုလုပ်ခြင်း မပြုရ။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ (က) အပိုဒ် (၁) သို့မဟုတ် အပိုဒ် (၂) တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင် သည့် ပုဂ္ဂိုလ် တစ်ဦးဦးသည် ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ လိုအပ်သည့် အကူအညီများကို ပံ့ပိုးပေးရန် ပျက်ကွက်လျှင်၊ ထိုသူသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင် ဆောင်ရွက်သည် ဖြစ်၍ ထိုသို့ ဆန့်ကျင် ဆောင်ရွက်မှုအတွက် ထိုသူအပေါ် ထိုက်သင့်သည့် ပြစ်ဒဏ်ကို ထိခိုက် စေခြင်းမရှိစေဘဲ တရားရုံးသည် မှတ်ပုံတင် အရာရှိ၏ လျှောက်ထားမှုအရ အဆိုပါ သတ်မှတ်ချက်များကို လိုက်နာစေရန် အမိန့်ချမှတ်နိုင်ပြီး ထိုအမိန့်တွင် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း သတ်မှတ် ထားသည့် နည်းလမ်းများဖြင့် ဆောင်ရွက်စေနိုင်သည်။

(ဃ) ဤပုဒ်မတွင် တရားပြိုင် နှင့်သက်ဆိုင်သည့် **ကိုယ်စားလှယ်** ဆိုသည့် စကားရပ်တွင်

တရားပြိုင်၏ ဝန်ထမ်း သို့မဟုတ် အရာရှိတစ်ဦး ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ တရားပြိုင်၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူ၊ တရားပြိုင်က စာရင်းစစ်အဖြစ် တာဝန်ပေးအပ်ထားသူ တစ်ဦးဦးလည်း ပါဝင်သည်။

**မြွက်ဟကြေညာခြင်းများ၊ အမိန့်များ နှင့် တားမြစ်မိန့်များ**

**၄၄၂။ တာဝန်များနှင့် စပ်လျဉ်း၍ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ကြောင်း ယုံကြည်လက်ခံနိုင်သော အကြောင်းရင်းများ ရှိသည်ဟု တရားရုံးက တွေ့ရှိလျှင် တရားရုံးသည် ပုဒ်မ ၁၉၀ အရ ချမှတ်နိုင်သော ပြစ်ဒဏ်တစ်ရပ်ရပ်အစား အောက်ပါအမိန့်ကိုချမှတ်နိုင်သည် -

(၁) ဤပုဒ်မအရ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာချက်တစ်ရပ်ကို ချမှတ်ခြင်း နှင့်

(၂) ပုဒ်မ ၄၄၃ အရ ပြစ်ဒဏ်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်း၊ သို့မဟုတ်

(၃) ပုဒ်မ ၄၄၄ အရ လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို ချမှတ်ခြင်း။

(ခ) မှတ်ပုံတင်အရာရှိသည် ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တင်ပြ လျှောက်ထားနိုင်သည်။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာသည့် အမိန့်တစ်ရပ်ကို ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိက ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ လျော်ကြေး ပေးရန် အမိန့်တစ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားခြင်း မပြုလုပ်ပါက ကုမ္ပဏီသည် အဆိုပါ လျော်ကြေးပေးရန်အမိန့်တစ်ရပ်အတွက် တင်ပြ လျှောက်ထားနိုင်သည်။

(ဃ) ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေး ပေးရန်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှု များကို ထိုသို့ ဆန့်ကျင်ဆောင်ရွက်သည့်အချိန်ကာလမှ (၆) နှစ်ထက်မပိုသော ကာလ အတွင်း စတင်တရားစွဲဆိုဆောင်ရွက်နိုင်သည်။

(င) တရားရုံးသည် သက်ဆိုင်ရာဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း ဆန့်ကျင် ဆောင်ရွက်မှု အား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများ ကို ကြားနာသည့်အခါ တရားမမှုခင်းများအတွက် သက်သေခံနှင့် လုပ်ထုံးလုပ်နည်း ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာ ဆောင်ရွက်ရမည်။

(စ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ပြုလုပ်မှုတစ်ရပ်ကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထိုပြုလုပ်မှုသည် ဆန့်ကျင်ဆောင်ရွက်သည့် ပြုလုပ်မှုနှင့် တစ်ထပ်တည်းတူညီနေလျှင် တရားရုံးသည် ထိုသူအပေါ်တွင် ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ် အမိန့် သို့မဟုတ် လျော်ကြေးပေးရန်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းမပြုရ။

**၄၄၃။ ပြစ်ဒဏ်အမိန့်များ**

(က) တရားရုံးသည် အောက်ပါအချက်များကို တွေ့ရှိရလျှင် ထိုသို့ပြုလုပ်ဆောင်ရွက်သူကို ပြစ်ဒဏ်ပမာဏ (၂၀၀) ခုအထိ ငွေဒဏ်တစ်ရပ်ရပ်အား ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ သို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်းကို ပုဒ်မ ၄၄၂ အရ ပြုလုပ်ခဲ့လျှင်၊ နှင့်

(၂) ဆန့်ကျင်ဆောင်ရွက်ခြင်းသည် -

(ကက) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ အကျိုးစီးပွားကို များစွာ ထိခိုက်စေလျှင်၊ သို့မဟုတ်

(ခခ) ကုမ္ပဏီ၏ မြီရှင်များသို့ ကုမ္ပဏီက ပေးချေရမည့် လုပ်ကိုင်ဆောင်ရွက်နိုင်မှုကို များစွာ ထိခိုက်စေလျှင်။

(ခ) တရားရုံးမှ ချမှတ်သော ပြစ်ဒဏ်သည် နိုင်ငံတော်၏ကိုယ်စား မှတ်ပုံတင်အရာရှိထံသို့ ပေးချေရမည့် တရားမ ကြွေးမြီတစ်ရပ် ဖြစ်သည်။ ထိုသူအပေါ်တင်ရှိနေသည့် ကြွေးမြီအား ရရှိနိုင်ရေးအတွက် ထိုသူအပေါ်တွင် တရားမမှုစွဲဆိုဆောင်ရွက်ပြီး အမိန့်တစ်ရပ် ချမှတ်ထားသကဲ့သို့ မှတ်ပုံတင်အရာရှိသည် ထိုအမိန့်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

**၄၄၄။ လျော်ကြေးပေးရန်အမိန့်များ**

(က) ပြစ်ဒဏ်အမိန့်တစ်ရပ်ကို ပုဒ်မ ၄၄၃ အရ လျှောက်ထားခဲ့ခြင်း သို့မဟုတ် ချမှတ်ခဲ့ခြင်း မရှိခဲ့လျှင်၊ တရားရုံးသည် အောက်ပါအချက်များကို တွေ့ရှိရပါက ကုမ္ပဏီအနေဖြင့် ထိခိုက် နစ်နာခဲ့သည်များအတွက် ပုဂ္ဂိုလ်တစ်ဦးက ကုမ္ပဏီသို့ လျော်ကြေးပေးစေရန် အမိန့် ချမှတ်နိုင်သည်-

(၁) ထိုသူ၏ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်းကို ပုဒ်မ ၄၄၂ အရ ပြုလုပ်ခဲ့လျှင်၊ နှင့်

(၂) ထိခိုက်နစ်နာမှုသည် ဆန့်ကျင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့လျှင်။

(ခ) အမိန့်တွင် လျော်ကြေးပေးရမည့် ပမာဏကို သတ်မှတ်ဖော်ပြရမည်။

(ဂ) လျော်ကြေးပေးရန်အမိန့်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ကုမ္ပဏီမှ ထိခိုက်နစ်နာခဲ့သည်များကို ဆုံးဖြတ်ရာတွင် တရားရုံးသည် ဆန့်ကျင်ဆောင်ရွက်မှု သို့မဟုတ် ပြစ်မှုကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်သည့် အကျိုးအမြတ်များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်နိုင်သည်။

(ဃ) လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို တရားရုံး၏ စီရင်ဆုံးဖြတ်ချက်တစ်ရပ်ကဲ့သို့ အတည်ပြု ဆောင်ရွက်နိုင်သည်။

**၄၄၅။ တားမြစ်အမိန့်များ**

(က) အောက်ပါကိစ္စရပ်များ ပေါ်ပေါက်လျှင်-

(၁) ဤဥပဒေအား ဆန့်ကျင်ဆောင်ရွက်မှု တစ်ရပ်ဖြစ်သည့် သို့မဟုတ် ဖြစ်နိုင်သည့် တစ်ဦးတစ်ယောက်၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်း စစ်ဆေးမှုတစ်ရပ်ကို ဤဥပဒေအရ ဆောင်ရွက်သည့်အခါ၊

(၂) ဤဥပဒေအား ဆန့်ကျင် ဆောင်ရွက်မှုတစ်ရပ်အတွက် တစ်ဦးတစ်ယောက်ကို တရားစွဲဆိုဆောင်ရွက်သည့်အခါ၊ သို့မဟုတ်

(၃) ဤဥပဒေအရ တစ်ဦးတစ်ယောက်ကို တရားမမှုခင်းတစ်ရပ် စစ်ဆေး

ဆောင်ရွက်သည့်အခါ၊

ဤပုဒ်မတွင် **သက်ဆိုင်သည့် ပုဂ္ဂိုလ်** ဟု ခေါ်တွင်မည့် ဤပုဒ်မ၏ အပိုဒ် (၁)၊အပိုဒ်(၂)၊ အပိုဒ်(၃)တို့တွင်ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦး က ကြွေးမြီနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လျော်ကြေး သို့မဟုတ် အခြားကိစ္စရပ်အတွက် ဖြစ်စေ ငွေပေးချေရန် သော်လည်းကောင်း၊ သို့မဟုတ် ပစ္စည်းအတွက် ပေးသွင်းရန်သော် လည်းကောင်း တာဝန်ရှိ သော သို့မဟုတ် တာဝန်ရှိမည် ဖြစ်သော ဤပုဒ်မတွင် **နစ်နာသောပုဂ္ဂိုလ်** ဟု ခေါ်တွင်မည့် အခြားပုဂ္ဂိုလ်တစ်ဦး၏ အကျိုးခံစားခွင့်များကို ကာကွယ် စောင့်ရှောက်ရန် အတွက် ထိုသို့ ဆောင်ရွက်ရန် လိုအပ်ကြောင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်စေလို ကြောင်း တရားရုံးက ဆုံးဖြတ်လျှင်၊ တရားရုံးသည် မှတ်ပုံတင်အရာရှိကဖြစ်စေ၊ နစ်နာသူ တစ်ဦးဦးကဖြစ်စေ တင်ပြလျှောက်ထားလာလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါ အမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကို ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့် စပ်လျဉ်း၍ တရားရုံးမှ အောက်ပါ အမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကို ချမှတ်နိုင်သည်-

(၁) ကြွေးမြီတင်ရှိနေသည့်ပုဂ္ဂိုလ်တစ်ဦးကို သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦးထံသို့ ကြွေးမြီအားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကို ဖြစ်စေ ပေးချေခြင်းမှလည်းကောင်း၊ ကြွေးမြီ တင်ရှိနေသည့် ပုဂ္ဂိုလ်၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့ ငွေပေးချေ ခြင်းမှလည်းကောင်း တားမြစ်သည့် အမိန့်၊

(၂) သက်ဆိုင်သည့်ပုဂ္ဂိုလ်၏ကိုယ်စား သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦး၏ ကိုယ်စားငွေကြေး သို့မဟုတ် အခြားပစ္စည်းများကို လက်ဝယ် ထားရှိသူ တစ်ဦးကို ငွေကြေး သို့မဟုတ် အခြားပစ္စည်းကို ကိုယ်စား လက်ဝယ် ထားရှိခွင့်ပြုသူ၏ ညွှန်ကြားချက် သို့မဟုတ် တောင်းဆိုချက်အရ အခြားပုဂ္ဂိုလ် တစ်ဦးဦးထံသို့ ငွေကြေး အားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ ပေးချေခြင်းမှ လည်းကောင်း၊ အခြားပစ္စည်းများကို လွှဲပြောင်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုကို ခွဲဝေပေးခြင်းမှ လည်းကောင်း တားမြစ်သည့်အမိန့်၊

(၃) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၏ ငွေကြေးများကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ ပြင်ပသို့ယူဆောင် ခြင်းကို ဖြစ်စေ၊ ပို့ဆောင်ခြင်းကိုဖြစ်စေ တားမြစ်သည့်အမိန့်၊

(၄) သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၏ ပစ္စည်းကို တစ်ဦးတစ်ယောက်က နိုင်ငံတော်၏ ပြည်တွင်း တစ်နေရာမှ နိုင်ငံတော်၏ ပြင်ပ တစ်နေရာသို့ ယူဆောင်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကို တားမြစ် သည့်အမိန့်၊

(၅) ခန့်အပ်သည့် အမိန့် -

(ကက) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ ထိုသူ၏ ပစ္စည်း သို့မဟုတ် ထိုသူ၏ ပစ္စည်းတစ်စိတ်တစ်ဒေသနှင့် စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်အရ အခွင့်အာဏာများ ရရှိသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူ အား ခန့်အပ်သည့်အမိန့်၊ သို့မဟုတ်

(ခခ) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် ကုမ္ပဏီ အပါအဝင် အဖွဲ့အစည်းတစ်ခု ဖြစ်လျှင်၊ ထိုသူ၏ ပစ္စည်း သို့မဟုတ် ထိုသူ၏ ပစ္စည်းတစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့်အရ အခွင့်အာဏာများ ရရှိသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်သည့် အမိန့်၊

(ဇ) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ တရားရုံးက သင့်သည် ထင်မြင်သည့် အတိုင်းထိုသူ၏ နိုင်ငံကူးလက်မှတ်နှင့် အခြားစာရွက် စာတမ်းများကို တရားရုံးသို့ တင်ပြစေရန် ချမှတ်သည့်အမိန့်၊ သို့မဟုတ်

(ဈ) သက်ဆိုင်သည့်ပုဂ္ဂိုလ်သည် လူပုဂ္ဂိုလ်ဖြစ်လျှင်၊ ထိုသူကို တရားရုံး၏ ခွင့်ပြုချက် မပါရှိဘဲ နိုင်ငံတော်အတွင်းမှ ထွက်ခွာခြင်းကို တားမြစ်သည့်အမိန့်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ ပြုမူဆောင်ရွက်မှုများကို တားမြစ်ရန် အပြည့်အဝဖြင့်သော်လည်းကောင်း၊ ခြွင်းချက်ဖြင့်သော် လည်းကောင်း အမိန့်ချမှတ်နိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် လျှောက်ထားမှုကို တရားရုံးသို့ တင်ပြရာတွင် တရားရုံးက ဆောင်ရွက်သင့်သည်ဟု ထင်မြင်ပါက လျှောက်ထားမှုကို ဆုံးဖြတ်ခြင်းမပြုမီ တရားရုံးသည် လျှောက်ထားမှုကို ဆုံးဖြတ်ရန် အချိန်ရွှေ့ဆိုင်းကြောင်း ဖော်ပြပါရှိစေမည့် ကြားဖြတ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ လျှောက်ထား တင်ပြလာသည့်အခါ တရားရုံးသည် လျှောက်ထားသူကို ဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မခွဲ(ဃ)အရ ကြားဖြတ်အမိန့်တစ်ရပ် ချမှတ်သည့် စည်းကမ်းချက်တစ်ရပ်အဖြစ် နစ်နာမှုများ နှင့်စပ်လျဉ်း၍ တာဝန်ယူမှု ပြုလုပ်စေခြင်း မရှိစေရ။

(င) တရားရုံးသည် တစ်ဦးတစ်ယောက်၏ လျှောက်ထားမှုအပေါ် ဤပုဒ်မအရ အမိန့်တစ်ရပ် ချမှတ်သည့်အခါ ထိုသူကဖြစ်စေ၊ ချမှတ်သည့်အမိန့်နှင့် သက်ဆိုင်သည့်သူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် ပထမချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်သည့် သို့မဟုတ် ပြင်ဆင်သည့် အမိန့်တစ်ရပ်အား ထပ်မံချမှတ်နိုင်သည်။

(စ) ဤပုဒ်မ၏ပုဒ်မခွဲ (က) သို့မဟုတ် (ဂ) တို့အရ ချမှတ်သည့် အမိန့်တစ်ရပ်တွင် သတ်မှတ် ဖော်ပြထားသည့် အချိန်ကာလတစ်ရပ်အထိ သို့မဟုတ် ဤပုဒ်မအရ အခြားအမိန့် တစ်ရပ်ဖြင့် ထိုအမိန့်အား ပယ်ဖျက်သည့် အချိန်ကာလအထိ အကျိုးသက်ရောက်ကြောင်း ဖော်ပြနိုင်သည်။

၄၄၆။ **တားမြစ်မိန့်များ ချမှတ်နိုင်သည့် အခွင့်အာဏာများ**

(က) တစ်ဦးတစ်ယောက်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်နေသည့် သို့မဟုတ် ကျူးလွန်မည့် အပြုအမူကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် ပြုလုပ်နေလျှင် သို့မဟုတ် ပြုလုပ်မည့်အခြေအနေရှိလျှင် မှတ်ပုံတင်အရာရှိ သို့မဟုတ် ထိုအပြုအမူကြောင့် အကျိုးခံစားခွင့် ထိခိုက်နစ်နာသူ သို့မဟုတ် နစ်နာမည့်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ တရားရုံးသည် သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ဖော်ပြပါပုဂ္ဂိုလ်က အဆိုပါအပြုအမူများကို

ဆောင်ရွက်ခြင်းမှ တားမြစ်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့်အပြင် တရားရုံးက ဆောင်ရွက်ရန် လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ထိုသူကို ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်သည်-

(၁) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(၃) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ကူညီခြင်း၊ အားပေးကူညီခြင်း၊ အကြံပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း၊

(၄) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍ဖြစ်စေ၊ ကတိပြု၍ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်၍ ဖြစ်စေ၊ သွေးဆောင်ခြင်း သို့မဟုတ် သွေးဆောင်ရန်အားထုတ်ခြင်း၊

(၅) ဤဥပဒေကို တစ်ဦးတစ်ယောက်က ဆန့်ကျင်ဆောင်ရွက်ရာတွင် တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အကြောင်း တစ်ရပ်ရပ်ဖြင့် ပါဝင်ပတ်သက်ခဲ့ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၆) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် အခြားသူများနှင့် ပူးပေါင်း ကြံစည်ခဲ့ခြင်း၊

(ခ) တစ်ဦးတစ်ယောက်သည် ဤဥပဒေအရ ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်ရန် ငြင်းဆိုခဲ့လျှင် သို့မဟုတ် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ ငြင်းဆိုနေလျှင် သို့မဟုတ် ပျက်ကွက်နေလျှင်ဖြစ်စေ၊ ငြင်းဆိုမည့် သို့မဟုတ် ပျက်ကွက်မည့် အခြေအနေ ရှိလျှင်ဖြစ်စေ၊ တရားရုံးသည် -

(၁) မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ၊ သို့မဟုတ်

(၂) အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းကြောင့် အကျိုးခံစားခွင့်များ ထိခိုက်နစ်နာသည့် သို့မဟုတ် ထိခိုက်နစ်နာ မည့် ပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားမှုအရ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်စေရန် တားမြစ် အမိန့်တစ်ရပ် ချမှတ်နိုင် သည်။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ(က) သို့မဟုတ် (ခ) တို့အရ တားမြစ်အမိန့်တစ်ရပ်ရပ် ချမှတ် ပေးနိုင်ရေးအတွက် လျှောက်ထားလာလျှင် တရားရုံးက ထိုသို့လျှောက်ထားမှုမှာ သင့်လျော်သည်ဟု ဆုံးဖြတ်ပါက အဆိုပါပုဒ်မခွဲပါ ပြဋ္ဌာန်းချက်ကို လိုက်နာ ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားရန် မလိုဘဲ စစ်ဆေးဆောင်ရွက်နေသည့် ကိစ္စရပ်မှ အမှုသည်များ၏ သဘောတူဆန္ဒဖြင့် တားမြစ် အမိန့်တစ်ရပ်အား ချမှတ် နိုင်သည်။

(ဃ) တရားရုံးသည် ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) တို့အရ ချမှတ်ထားသည့် တားမြစ်အမိန့် တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိက ဤပုဒ်မအရ တားမြစ်အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အခါ၊ တရားရုံးသည် လျှောက်ထားသူကို ဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ကြားဖြတ်အမိန့် တစ်ရပ်ချမှတ်သည့် စည်းကမ်းချက် တစ်ရပ်အဖြစ် နစ်နာမှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှု ပြုလုပ်စေခြင်း

မရှိ စေရ။

(စ) တစ်ဦးတစ်ယောက်ကို ဤပုဒ်မအရ တရားစွဲဆို စစ်ဆေးဆောင်ရွက်ရာတွင် တရားရုံးသည် ထိုသူနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၄၅ အရ အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ဆ) ဤပုဒ်မအရ တရားရုံးသည် တစ်ဦးတစ်ယောက်အား သီးခြားအပြုအမူတစ်ရပ်ကို ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း၊ သို့မဟုတ် သီးခြားပြုလုပ်မှုကိုဖြစ်စေ၊ ကိစ္စရပ်ကို ဖြစ်စေ ဆောင်ရွက်စေခြင်းတို့အတွက် တားမြစ်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့် အခွင့်အာဏာ ရှိရာ တရားရုံးသည် တားမြစ်အမိန့် ချမှတ်ရန်အတွက် ဖြည့်စွက်၍ လည်းကောင်း၊ အစားထိုး၍ လည်းကောင်း နစ်နာမှုများအတွက် ထိုသူက အခြားသူသို့ ငွေပေးချေစေရန် အမိန့် ချမှတ်နိုင်သည်။

**၄၄၇။ တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်ထားမှု မရှိခြင်း**

ဤအခန်းတွင် ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ဤအခန်းပါ အခွင့်အာဏာများ အပြင် တရားရုံးက ရရှိသည့် အခွင့်အာဏာများကို ထိခိုက်စေခြင်း မရှိစေရ။

**မှုခင်းများ စစ်ဆေးဆောင်ရွက်ရာတွင် စာရင်းစာအုပ်များကို အသုံးပြုခြင်း နှင့် စာရင်းစာအုပ် အမျိုးအစား**

**၄၄၈။ စာရင်းစာအုပ်များကို သက်သေခံအဖြစ် တင်ပြခွင့်ပြုခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များတစ်ရပ်ရပ်အရ ကုမ္ပဏီက ထိန်းသိမ်းပြုစုထားရှိရသော စာရင်းစာအုပ်မှုရင်းတစ်ခုခုကို မည်သည့် မှုခင်းစစ်ဆေးဆောင်ရွက်ခြင်းတွင်မဆို သက်သေခံ အဖြစ် တင်ပြခွင့်ရှိပြီး ယင်းစာရင်းစာအုပ်သည် ၎င်းတွင်ဖော်ပြထားသော သို့မဟုတ် မှတ်တမ်းတင်ထားသော ကိစ္စရပ်များအတွက် မြင်သာသော အထောက်အထားရှိပြီး ဖြစ်သည့် သက်သေခံချက်တစ်ရပ် ဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရမည့် မူရင်းစာရင်းစာအုပ်အဖြစ် ပြုလုပ်ထားသော စာရွက်စာတမ်းတစ်ရပ်ရပ်သည် ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာ မရှိခဲ့လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ထိန်းသိမ်းထားသော စာရင်းစာအုပ် တစ်အုပ် ဖြစ်သည်။

**၄၄၉။ စာရင်းစာအုပ်အမျိုးအစားများ နှင့် သက်သေခံအထောက်အထားတန်ဖိုး**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိရန် သို့မဟုတ် ပြုစုထားရှိရန် လိုအပ်သည့် စာရင်းစာအုပ်များကို အောက်ပါအတိုင်း ထိန်းသိမ်းထားရှိရမည် သို့မဟုတ် ပြုစုထားရှိရမည် -

(၁) ချုပ်ထားသောစာအုပ် သို့မဟုတ် ချုပ်၍မထားဘဲ စည်းနှောင်ထားသော စာအုပ် တွင် ရေးသွင်းမှုများ ပြုလုပ်ခြင်း၊ သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ် နည်းဖြင့် ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်း တင်ထားရှိခြင်း သို့မဟုတ် သိမ်းဆည်းထားခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြုစုထားခြင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါအတိုင်း ဆောင်ရွက် ထားခြင်း မရှိခဲ့လျှင်၊ စာရင်းစာအုပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ် နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ပြုစုထားရှိခြင်းကို ခွင့်မပြုရ-

(၁) မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော ကိစ္စရပ်များသည် မည်သည့်အချိန်တွင်မဆို စာဖြင့် ရေးသားပြုစုထားသည့်ပုံစံအနေဖြင့် ပြန်လည် ရယူနိုင်သည့် အခြေ အနေတွင်ရှိခြင်း၊ သို့မဟုတ်

(၂) အဆိုပါကိစ္စရပ်များကို မှတ်ပုံတင်အရာရှိက အတည်ပြုလက်ခံသော စာဖြင့် ရေးသားပြုစု ထားသည့်ပုံစံအနေဖြင့် ပြန်လည်ရယူထားခြင်း။

(ဂ) ကုမ္ပဏီတစ်ခုသည် ဤဥပဒေအရ ၎င်းအနေဖြင့် ထိန်းသိမ်းထားရှိရသော သို့မဟုတ် ပြုစုထားရှိရသော စာရင်းစာအုပ်တစ်ရပ်ရပ် သို့မဟုတ် စာရင်းစာအုပ်၏ တစ်စိတ်တစ်ဒေသကိုထိခိုက်ပျက်စီးမှု၊ ဖျက်ဆီးမှု၊ သို့မဟုတ် အချက်အလက်များ မှားယွင်းစေရန် ပြင်ဆင်မှုများ မဖြစ်ပေါ်စေရန်အတွက် သော်လည်းကောင်း၊ ယင်းစာရင်းစာအုပ်ရှိ အချက်အလက်မှားယွင်းမှုများကို ဖော်ထုတ်ရန်အတွက် သော်လည်းကောင်း သတ်မှတ် ဖော်ပြထားသည့် အတိုင်း ကြိုတင်ဆောင်ရွက်မှုများ ရှိခဲ့လျှင် အဆိုပါ ဆောင်ရွက်မှုများ အပါအဝင် ထိုက်သင့်သည့် ကြိုတင်ဆောင်ရွက်မှုများအားလုံးကို ပြုလုပ်ဆောင်ရွက်ထားရမည်။

(ဃ) ကုမ္ပဏီတစ်ခုသည်အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့်အခါ သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ အဆိုပါ အကြောင်းကိစ္စများပါဝင်သော စာရင်းစာအုပ်ကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် အဆိုပါအကြောင်းကိစ္စများ ပါဝင်သော စာရင်းစာအုပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မိတ္တူများ ကူးယူနိုင်စေရန် ဤဥပဒေအရ ဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ်ရပ်သည် စာဖြင့် ရေးသားထားသည့်ပုံစံဖြင့် ထားရှိသော အကြောင်းကိစ္စများကို စစ်ဆေးကြည့်ရှုနိုင်စေရန် သို့မဟုတ် ထိုအကြောင်း ကိစ္စတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စာဖြင့်ရေးသားထားပြီး ရှင်းလင်းကောင်းမွန်သည့် ပုံစံဖြင့် ရယူထားရှိသော စာရွက်စာတမ်းကို ပြုစုပေးနိုင်စေရန်အတွက် ပြုလုပ်ပေးရမည့် တာဝန်တစ်ရပ်အဖြစ် အဓိပ္ပါယ်ကောက်ယူရမည်။

(င) ဤပုဒ်မ၏ပုဒ်မခွဲ(ဃ) အရ ပြုစုထားရှိရမည့် စာရွက်စာတမ်းများတွင် ပါဝင်သော သတင်း အချက်အလက်များကို အချိန်နှင့်တပြေးညီဖြစ်စေရန် မည်သို့ပြင်ဆင် ပြုစုရမည်ဟူသော ညွှန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ထုတ်ပြန်နိုင်သည်။

(စ) အကယ်၍-

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် ဤဥပဒေအရ ထိန်းသိမ်းထားရှိရသည့် သို့မဟုတ် ပြုစုထားရှိရသည့် စာရင်းစာအုပ်သည် အကြောင်း ကိစ္စတစ်ရပ်ရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံအထောက်အထား ဖြစ်လျှင်၊ ၎င်းပြင်

(၂) အဆိုပါ စာရင်းစာအုပ် သို့မဟုတ် စာရင်းစာအုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည့် အကြောင်းကိစ္စရပ်များကို စက်ပစ္စည်းဖြင့် ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့် ဖြစ်စေ၊ အခြားပစ္စည်း တစ်မျိုးမျိုးဖြင့် ဖြစ်စေ ထိန်းသိမ်းထားရှိလျှင် သို့မဟုတ် မှတ်တမ်းတင်ထားရှိလျှင်။

ထိုသို့မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အကြောင်းကိစ္စများကို ထုတ်ယူရရှိသည့် စာဖြင့် ရေးသားထားသော စာရွက်စာတမ်းသည်

အဆိုပါကိစ္စရပ်အတွက် ထင်ရှားမြင်သာသော သက်သေခံ အထောက်အထား ဖြစ်သည်။

(ဆ) စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားရှိသည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့် အကြောင်းကိစ္စတစ်ခုကို စာဖြင့်ရေးသားထုတ်ယူခြင်းသည် ဆန့်ကျင်ကွဲလွဲမှုတစ်စုံ တစ်ရာ မရှိလျှင် အဆိုပါအကြောင်းကိစ္စ၏ စာဖြင့်မှတ်တမ်းတင်ထားရှိသည့် အကြောင်း ကိစ္စတစ်ရပ် ဖြစ်သည်ဟု သတ်မှတ်ရမည်။

**စာရွက်စာတမ်းများကို ပေးပို့ခြင်း နှင့် ၎င်းတို့သည် အစစ်အမှန်ဖြစ်ခြင်းအကြောင်း**

**၄၅၀။ ကုမ္ပဏီသို့ စာရွက်စာတမ်းများ ပေးပို့ခြင်း**

စာရွက်စာတမ်းများကို ပေးပို့ဆောင်ရွက်ရမည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ် တားမြစ်ထားခြင်း မရှိစေဘဲ စာရွက်စာတမ်းတစ်ရပ်ရပ်ကို ကုမ္ပဏီတစ်ခုသို့ အောက်ပါအတိုင်း ပေးပို့ဆောင်ရွက်နိုင်သည်-

(က) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းသို့ ကိုယ်တိုင်ပေးပို့ခြင်း သို့မဟုတ် စာတိုက်မှ တစ်ဆင့် ပေးပို့ခြင်း၊ သို့မဟုတ်

(ခ) ပုဒ်မ ၄၂၁ အရ မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားရှိရသည့် မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ ဒါရိုက်တာများအဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပေးပို့ခြင်း၊ သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သော အဓိကနေရပ်ရှိ ကုမ္ပဏီ၏ ဝန်ထမ်း တစ်ဦးဦး ထံသို့ ပေးပို့ခြင်း၊ သို့မဟုတ်

(ဃ) တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် စာပေးပို့ရန်အတွက် တရားရုံးက ညွှန်ကြား သည့်နည်းလမ်းများနှင့်အညီ ပေးပို့ခြင်း၊ သို့မဟုတ်

(င) ကုမ္ပဏီနှင့်ပြုလုပ်ထားသောသဘောတူညီချက်တစ်ရပ်ရပ်နှင့်အညီ ပေးပို့ခြင်း။

**၄၅၁။ မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ ပေးပို့ခြင်း**

စာရွက်စာတမ်းတစ်ခုခုကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ဆောင်ရွက်ရာတွင် ၎င်းထံသို့ စာတိုက်မှ တစ်ဆင့်သော်လည်းကောင်း၊ ကိုယ်တိုင်ပေးပို့ခြင်းဖြင့်သော်လည်းကောင်း၊ ၎င်း၏ ရုံးခန်းသို့ ပေးပို့ ခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

**၄၅၂။ စာရွက်စာတမ်းများ အစစ်အမှန်ဖြစ်ခြင်း**

စာရွက်စာတမ်း သို့မဟုတ် မူခင်းဆောင်ရွက်မှုတစ်ရပ်ရပ်သည် အစစ်အမှန်ဖြစ်သည်ဟု ကုမ္ပဏီက ဖော်ပြနိုင်သည့် အခြားသောနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ပုဒ်မ ၃၁ အရ ကုမ္ပဏီနှင့် ဆက်သွယ် ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည့် ယူဆချက်များကိုဖြစ်စေ ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ၊ ကုမ္ပဏီက အစစ်အမှန် ဖြစ်သည်ဟု ဖော်ပြရန် လိုအပ်သော စာရွက်စာတမ်း သို့မဟုတ် မူခင်းဆောင်ရွက်မှု တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဦး၊ အတွင်းရေးမှူး သို့မဟုတ် အခြားသော အခွင့်အာဏာ အပ်နှင်းခြင်းခံရသောအရာရှိတို့က လက်မှတ်ရေးထိုးနိုင်သည်။ ဤကိစ္စတွင် ရုံးတံဆိပ်ခတ်နှိပ်ရန် လိုအပ်ခြင်းမရှိ။

**အခန်း (၁၀) ပြစ်မှုများ နှင့် ခုခံချေပခြင်းအကြောင်း**

**သီးခြားပြစ်မှုများ**

**၄၅၃။ မှားယွင်းသည့် ရေးသားဖော်ပြချက်အတွက် ပြစ်ဒဏ်**

မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ ကိစ္စရပ်များအတွက် ပြုလုပ်ရန် လိုအပ်သည့် အရှုံးအမြတ်စာရင်း၊ အစီရင်ခံစာ၊ သက်သေခံလက်မှတ်၊ ငွေကြေးဆိုင်ရာ ရေးသားဖော်ပြချက်၊ သို့မဟုတ် အခြားစာရွက်စာတမ်းတစ်ရပ်ရပ်တွင် အရေးပါသော အချက်အလက်များနှင့် စပ်လျဉ်း၍ အဆိုပါအချက်အလက်များမှာ မှားယွင်းနေသည်ကို သိလျက်ဖြင့် မှားယွင်းဖော်ပြခြင်း၊ သို့မဟုတ် လွဲမှားစွာတင်ပြခြင်း တို့ကို တမင်ပြုလုပ်ခဲ့ လျှင်၊ သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင်၊ သို့မဟုတ် အဆိုပါ စာရွက်စာတမ်းများမှ အကြောင်းအရာ တစ်ရပ်ရပ်ကို ချန်လှပ်ထားခြင်းသည် စာရွက်စာတမ်းကို မှားယွင်းစေခြင်း သို့မဟုတ် လွဲမှားစွာတင်ပြခြင်း ဖြစ်စေကြောင်း သိလျက်ဖြင့် ထိုသို့ ချန်လှပ်ထားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့လျှင်၊ ထိုသူသည် ပုဒ်မ ၄၅၈၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၅၄။ ပစ္စည်းများကို မှားယွင်း၍ နှုတ်ပယ်ထားခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်**

ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်အား လက်ဝယ်ရှိခွင့်ကိုမှားယွင်း ရရှိထားသော၊ သို့မဟုတ် လက်ဝယ်ရရှိထားသည့် ထိုပစ္စည်းတစ်ရပ်ရပ်ကို မှားယွင်း၍ နှုတ်ပယ်ခြင်း သို့မဟုတ် ဤဥပဒေ သို့မဟုတ် ကုမ္ပဏီ၏ အခြေခံစည်းမျဉ်း ပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသော သို့မဟုတ် ညွှန်ကြားထားသော သို့မဟုတ် ခွင့်ပြုထားသော ကိစ္စရပ်မဟုတ်သော အခြားကိစ္စရပ် များအတွက် တမင်အသုံးပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ၊ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ် ရသူတစ်ဦးဦးက တင်ပြတိုင်တန်း ခဲ့ပါက ပုဒ်မ ၄၅၈၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ် သည့်ဒဏ်ငွေအတွက် ပြစ်ဒဏ်ထိုက်သင့်စေရမည်။ ၎င်းအပြင် တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း မဟုန်မကန် ရယူထားသော သို့မဟုတ် မှားယွင်း၍ နှုတ်ပယ်ထားသော သို့မဟုတ် တမင် လွဲမှားစွာ အသုံးပြုထားသော အဆိုပါပစ္စည်း များကို ပြန်လည် ပေးအပ်စေရန် သို့မဟုတ် ငွေကြေးပြန်လည်ပေးဆပ်စေရန် တရားရုံးက အမိန့် ချမှတ်နိုင်သည်။

**၄၅၅။ ဝန်ထမ်းများက အာမခံချက်များကို အလွဲအသုံးပြုခြင်းအတွက် ပြစ်ဒဏ်**

(က) ကုမ္ပဏီနှင့်ဆောင်ရွက်ထားသည့် တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ် စာချုပ် များအရ ကုမ္ပဏီ၏ဝန်ထမ်းများက ကုမ္ပဏီတွင် အပ်နှံထားရှိသည့် ငွေကြေး သို့မဟုတ် အာမခံချက်များအားလုံးကို သတ်မှတ်စီစဉ်ထားသည့်ဘဏ်တစ်ခုခုတွင် ထိုကိစ္စ အတွက် ကုမ္ပဏီက ဖွင့်လှစ်ထားသည့် သီးခြားငွေစာရင်း၌ ကုမ္ပဏီက သိမ်းဆည်း ထားရှိရမည် သို့မဟုတ် အပ်နှံထားရှိရမည်ဖြစ်ပြီး အဆိုပါငွေကြေး သို့မဟုတ် အာမခံချက်၏ မည်သည့်အစိတ်အပိုင်းကိုမျှ တာဝန်ဆောင်ရွက်ခြင်းဆိုင်ရာပဋိညာဉ် စာချုပ်တွင် သဘောတူညီထားသည့် ကိစ္စရပ်များအတွက်မှတစ်ပါး ကုမ္ပဏီက သုံးစွဲခြင်းမပြုရ။

(ခ) ကုမ္ပဏီ၏ဝန်ထမ်းများ သို့မဟုတ် ဝန်ထမ်း အမျိုးအစားတစ်ရပ်ရပ်အတွက် အိုနာစာရံပုံငွေ တစ်ရပ်ကို ကုမ္ပဏီက တည်ထောင်ထားရှိသည့်အခါ အဆိုပါရံပုံငွေသို့ ကုမ္ပဏီကဖြစ်စေ၊ ဝန်ထမ်းများကဖြစ်စေ ထည့်ဝင်ထားသည့် ငွေကြေးများအားလုံး သို့မဟုတ် အဆိုပါရံပုံငွေ သို့ အတိုး သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်အရ ရရှိသည့် ငွေကြေးများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရားဝင်လိုင်စင် ထုတ်ပေး ထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်း၌

အပ်နှံထားရှိ ရမည်၊ သို့မဟုတ် ယုံကြည်အပ်နှံရေးအက်ဥပဒေ ပုဒ်မ ၂၀ ၏ အပိုဒ် (က) မှ (င) အထိ တို့တွင် ဖော်ပြပါရှိသော သို့မဟုတ် ရည်ညွှန်းဖော်ပြထားသော ငွေချေးသက်သေခံ လက်မှတ်များအဖြစ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရမည် ဖြစ်ပြီး အခြား သက်ဆိုင်ရာ ဥပဒေများနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) နှင့် သက်ဆိုင်သည့် ရံပုံငွေတစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီနှင့် ယင်း၏ဝန်ထမ်းများအကြား ပြုလုပ်ထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ပါ ရန်ပုံငွေ တစ်ရပ်ရပ် နှင့် စပ်လျဉ်းသည့် စည်းမျဉ်းများနှင့် တစ်စုံတစ်ရာ ဆန့်ကျင်ခြင်း ရှိစေကာမူ မည်သည့် ဝန်ထမ်းကမျှ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါရံပုံငွေတွင် ၎င်းထည့်ဝင်ထားသည့် ငွေပမာဏ အချိုးကျအတိုင်း အဆိုပါ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် အတိုးနှုန်းထက်ပိုမိုသော နှုန်းထားတစ်ရပ်ဖြင့် အတိုးငွေ ကို လက်ခံရရှိခွင့် မရှိစေရ။

(ဃ) ဝန်ထမ်းတစ်ဦးသည် ကုမ္ပဏီသို့ တင်ပြတောင်းဆို၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ) တို့တွင် ရည်ညွှန်းဖော်ပြထားသည့် ငွေကြေးအတွက် ဘဏ်လက်ခံ ပြေစာများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်တစ်ရပ်ရပ် ပိုင်ဆိုင်မှု အထောက် အထားများကို ကြည့်ရှုခွင့် ရှိသည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို သိလျက်ဖြင့် ဆန့်ကျင်ဆောင်ရွက်သော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ရန် ခွင့်ပြုသော သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်စေသော ကုမ္ပဏီ၏ ဒါရိုက်တာသို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပုဒ်မ ၄၅၈၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၅၆။ "လီမိတက်" ဟူသော စကားရပ်ကို မလျော်မကန် သုံးစွဲမှုအတွက် ပြစ်ဒဏ်**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပုဂ္ဂိုလ်များသည် ကူးသန်းရောင်းဝယ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နောက်ဆုံးစာလုံးအဖြစ် "လီမိတက်" ဟူသော စကားရပ် ပါရှိသည့် အမည် သို့မဟုတ် ခေါင်းစဉ်တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခဲ့လျှင် တာဝန် ကန့်သတ်ပြီး တရားဝင် ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း မဟုတ်ပါက ထိုသူ သို့မဟုတ် ထိုသူများသည် ပုဒ်မ ၄၅၈၏ ပုဒ်မခွဲ(ဃ) အရ သတ်မှတ်သည့် ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၅၇။ စာရင်းစာအုပ်များ၏ အချက်အလက်များကို မှားယွင်းစေရန် ပြင်ဆင်မှုများအတွက် ပြစ်မှု**

(က) ကုမ္ပဏီတစ်ခု၏ အရာရှိ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ၊ ဝန်ထမ်း၊ ယခင် ကတာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း၊ ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးဦးသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ထုတ်ဝေသည့် ငွေချေးသက်သေခံ လက်မှတ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များနှင့် သက်ဆိုင်သည့် စာရင်းစာအုပ်တစ်ရပ်ရပ်၏ အချက်အလက်များကို ဖုံးကွယ်ခြင်း၊ ဖျက်ဆီးခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်မှု သည် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာရောက်ပြီး ဤဥပဒေအရ ပြစ်မှုမြောက်သည်။

(ခ) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့် သက်ဆိုင်သော စာရင်းစာအုပ်များကို ထိန်းသိမ်းထား ခြင်းနှင့် စပ်လျဉ်း၍ အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ထားသည့် ကိစ္စရပ်ကို စက်ပစ္စည်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်စက်ပစ္စည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖတ်ရှုရန် ခက်ခဲသည့်ပုံစံဖြင့် မှတ်တမ်းတင်ထားရှိ

သည့် သို့မဟုတ် ထိန်းသိမ်းထားရှိသည့်အခါ -

(၁) အရေးကြီးသည့်ကိစ္စရပ်များတွင် မှားယွင်းသည်ဟုလည်းကောင်း၊ သို့မဟုတ် လွဲမှား၍ တင်ပြထားသည်ဟုလည်းကောင်း သိရှိပြီး အဆိုပါ ပစ္စည်းများဖြင့် ထိုကိစ္စရပ်အား မှတ်တမ်းတင်ထားရှိသူ သို့မဟုတ် ထိန်းသိမ်းထားရှိသူ တစ်ဦးဦး၊

(၂) အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ကိစ္စရပ်များ၊ သို့မဟုတ် အဆိုပါပစ္စည်းဖြင့် မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့် အခြားကိစ္စရပ်များကို မှတ်တမ်းတင်ထား ရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ရည်ရွယ်၍ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ကို စုစည်း ဆောင်ရွက်ခြင်း သို့မဟုတ် ပြန်လည်ပြုစုခြင်းတို့တွင် အသုံးပြုရန် အတွက်ဖြစ်စေ ပြုစုဆောင်ရွက်သည့် ကိစ္စရပ်များတွင် ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် အချက် အလက်များကို မှားယွင်းစေရန် ပြင်ဆင်ခြင်းတို့ကို ဖြစ်စေသော အပြုအမူများကို ဆောင်ရွက်သူ တစ်ဦးဦး၊ သို့မဟုတ်

(၃) အဆိုပါပစ္စည်းဖြင့် အကြောင်းကိစ္စရပ်များကို မှတ်တမ်းတင်ထားရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် တာဝန်ရှိပြီး ထိုသို့လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ တစ်ဦးဦးသည် -

(ကက) ထိုသို့ မှတ်တမ်းတင်ထားရှိရမည့် သို့မဟုတ် ထိန်းသိမ်းထားရှိရမည့် အကြောင်းကိစ္စရပ်များမှ အချက်အလက် အားလုံးကို ဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ မှားယွင်းစေရန် ရည်ရွယ်၍ ရေးသွင်းချက်များကို ပြုလုပ်ခြင်း သို့မဟုတ် ပြုစုခြင်း၊ သို့မဟုတ်

(ခခ) အကြောင်းကိစ္စရပ်များကို ထိုသို့ မှတ်တမ်းတင်ထားရှိရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းသည် ထိုသို့ မှတ်တမ်းတင်ထား သည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အခြားသော သီးခြား အရေးကြီးသည့် အကြောင်းကိစ္စများတွင် မှားယွင်းစေမည် ဖြစ်ကြောင်း သို့မဟုတ် လွဲမှားစွာတင်ပြခြင်း ဖြစ်စေကြောင်း သိရှိခြင်းသည်

ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဆောင်ရွက်ရာ ရောက်သည်။

(ဂ) တရားပြိုင်သည် ပြစ်မှုမြောက်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု ဖြစ်ပေါ်စေသည့် အခြေအနေများအားလုံးကို သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အပြစ်မှ ကင်းလွတ် ခွင့်ပြုသင့်ကြောင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ) အရ ဖြစ်ပေါ်လာသည့် စွဲချက်တစ်ရပ်ရပ်ကို ခုခံချေပရာ ရောက်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၅၃ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည်။

**အထွေထွေ ပြစ်မှုများ**

**၄၅၈။ အထွေထွေ ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

(က) ကုမ္ပဏီအပါအဝင် တစ်ဦးတစ်ယောက်သည် -

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင်၊ သို့မဟုတ်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် လိုအပ်သည့် သို့မဟုတ် ညွှန်ကြားထားသည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုလျှင်၊ သို့မဟုတ်

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်းတစ်ရပ်ရပ်ဖြင့် ဆန့်ကျင်ဆောင်ရွက်လျှင်၊ အမျိုးအစားတစ်ရပ်တွင်ပါရှိသော

ဤဥပဒေပါ အဆိုပါ ပြဋ္ဌာန်းချက် သို့မဟုတ် အခြားသော ပြဋ္ဌာန်းချက်များက ထိုသူသည် အောက်ပါအတိုင်း ပေါ်ပေါက်ခဲ့ခြင်း မရှိလျှင် ဤပုဒ်မခွဲအရ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာ ရောက်သည် -

(ကက) ထိုသူသည် ပြစ်မှုတစ်ရပ်အရ အပြစ်ရှိကြောင်း၊ သို့မဟုတ်

(ခခ) ထိုသူသည် ပြစ်မှုတစ်ရပ်အရ အပြစ်မရှိကြောင်း။

(ခ) တစ်ဦးတစ်ယောက်သည် ဤပုဒ်မ၏ပုဒ်မခွဲ(က) အရဖြစ်စေ၊ အခြားပြဋ္ဌာန်းချက်များအရ ဖြစ်စေ ဤဥပဒေအရ ပြစ်မှုတစ်ရပ်နှင့်ပတ်သက်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုနှင့် သက်ဆိုင်သည့် ပြစ်ဒဏ်ထက်မပိုသော ပြစ်ဒဏ်တစ်ရပ်ကို ကျခံရမည်။

(ဂ) ဤဥပဒေပါ သီးခြား ပြဋ္ဌာန်းချက်တစ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်မှုအတွက် သက်ဆိုင်သော ပြစ်ဒဏ်ကို ဤပုဒ်မမှတစ်ပါး ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် သီးခြားပြစ်ဒဏ်၊ ငွေဒဏ် သို့မဟုတ် အခြားပြစ်ဒဏ်တစ်ရပ်အဖြစ် သတ်မှတ်ဖော်ပြထားလျှင် အဆိုပါ ဆန့်ကျင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြစ်မှုအတွက် သက်ဆိုင်သည့် ပြစ်ဒဏ်သည် သီးခြားသတ်မှတ်ဖော်ပြထားသော ပြစ်ဒဏ် ဖြစ်သည်။

(ဃ) ပြစ်ဒဏ်ကို ဤဥပဒေတွင် အတိအကျသတ်မှတ်ဖော်ပြထားခြင်း မရှိခဲ့လျှင် တရားရုံးသည် မှုခင်းအခြေအနေနှင့် သင့်လျော်မျှတသည်ဟု ထင်မြင်ယူဆသည့် ပြစ်ဒဏ်ကို ချမှတ်နိုင်ပြီး ဤဥပဒေပါ အခြားအလားတူပြစ်မှုများနှင့် သက်ဆိုင်ရာဥပဒေနှင့်အညီ ကိစ္စရပ်များ အားလုံးအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်များကိုလည်း ထည့်သွင်းသုံးသပ်ရမည်။

**၄၅၉။ စီရင်ပိုင်ခွင့်နယ်မြေအတွင်း အချို့တဝက် ကျူးလွန်ပြီး စီရင်ပိုင်ခွင့်နယ်မြေပြင်ပတွင် အချို့အဝက် ကျူးလွန်သော ပြစ်မှုများ**

အကယ်၍-

(က) တစ်ဦးတစ်ယောက်သည် တားမြစ်ထားသည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ ပြင်ပတွင် ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ဆောင်ရွက်ရမည့် ပြုလုပ်မှုတစ်ရပ်ကို နိုင်ငံတော်၏ ပြင်ပတွင် ပျက်ကွက်ခဲ့လျှင်၊

(ခ) အဆိုပါ ပြုလုပ်မှုအတိုင်း နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းတို့ဖြင့် ထိုသူသည် နိုင်ငံတော်အတွင်း ပြုလုပ်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့သကဲ့သို့ သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သကဲ့သို့ ဤဥပဒေနှင့် ဆန့်ကျင်သည့် ပြစ်မှုကို ကျူးလွန်လျှင်

ထိုသူသည် အဆိုပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ထိုက်သင့်သည်။

၄၆၀။ **ပြစ်မှုများကို ဆက်လက်ကျူးလွန်ခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အချိန်ကာလ အတွင်းတွင် ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန်ကာလမတိုင်မီတွင် ဖြစ်စေ ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ရန် လိုအပ်ပြီး အဆိုပါအချိန်ကာလအတွင်းတွင် ဖြစ်စေ၊ အဆိုပါအချိန်ကာလ မတိုင်မီတွင် ဖြစ်စေ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပြစ်မှု တစ်ရပ်ရပ် ဖြစ်လျှင်၊ အဆိုပါအချိန်ကာလအတွင်းတွင် ဖြစ်စေ၊ အဆိုပါအချိန်ကာလ မတိုင်မီတွင်ဖြစ်စေ ထိုပြုလုပ်မှုကို ဆောင်ရွက်ခြင်း မပြုလျှင် အောက်ပါအတိုင်း ဖြစ်ရမည်-

(၁) ပြုလုပ်မှုကို ဆောင်ရွက်ရမည့် တာဝန်ကို အဆိုပါအချိန်ကာလ ကုန်ဆုံးသွားပြီးနောက်တွင် သော်လည်းကောင်း၊ အဆိုပါ အချိန်ကျော်လွန်သွားသည့် အခါတွင် သော်လည်းကောင်း ထိုသို့ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ အဆိုပါ ပြုလုပ်မှုကို ဆောင်ရွက်ပြီးသည် အထိ ဆက်လက်ဆောင်ရွက်ရမည့်အပြင်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပြုလုပ်ရန် လိုအပ်သည့် ပြုလုပ်မှု တစ်ရပ်ကို ဆောင်ရွက်ရန်အတွက် အချိန်ကာလ သတ်မှတ်ထားခြင်း မရှိဘဲ ထိုပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် ပြစ်မှုမြောက်ပြီး ယင်းနှင့် စပ်လျဉ်း၍ ပြစ်မှု တစ်ရပ် ဖြင့် ပြစ်မှု ထင်ရှားစီရင်ခြင်းခံရသည့်အခါ အောက်ပါ အတိုင်း ဖြစ်ရမည် -

(၁) ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသော်လည်း ပြုလုပ်မှုကို ဆောင်ရွက်ရမည့် တာဝန်ကို အဆိုပါပြုလုပ်မှုကို ဆောင်ရွက်ပြီးသည်အထိ ဆက်လက် ဆောင်ရွက်ရမည့်အပြင်

(၂) ဤပုဒ်မ၏ပုဒ်မခွဲ(ဂ)ကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) သတ်မှတ်ထားသည့် အချိန်ကာလ၌ ပြုလုပ်မှုအား ဆောင်ရွက်ရန်ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် ပထမအကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီး၊ ထိုအချိန် ကာလပြီးဆုံးပြီးနောက် ပြုလုပ်မှုအား ဆောင်ရွက်ရန် ဆက်လက် ပျက်ကွက်နေလျှင် အောက်ပါအတိုင်း ဖြစ်စေရမည် -

(၁) ပြုလုပ်မှုအား ဆောင်ရွက်ရန်ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်သည့်ကာလ တစ်လျှောက် သို့မဟုတ် အဆိုပါ သတ်မှတ်ချိန်ကုန်ဆုံးပြီး နောက်ထပ်ပြစ်မှုနှင့် သက်ဆိုင်သည့် နေ့ရက် မတိုင်မီ ကာလတစ်လျှောက်အတွက် နောက်ထပ်ပြစ်မှု တစ်ရပ်ဖြင့် အပြစ်ရှိသည်၊ ၎င်းပြင်

(၂) ဤဥပဒေနှင့် အခြား သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ကိစ္စရပ်များအတွက် အဆိုပါ အချိန်ကာလအတွင်း ပြုလုပ်မှုကို ဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် နောက်ထပ် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာ ရောက်သည်။

(ဃ) တစ်ဦးတစ်ယောက်သည် သတ်မှတ်ကာလတစ်ရပ်အတွင်း သို့မဟုတ် ထိုအချိန်ကာလ ၏ အပိုင်းအခြားတစ်ရပ်အတွင်း ဤပုဒ်မ၏ပုဒ်မခွဲ(ဂ)အရ ပြစ်မှုတစ်ရပ်ဖြင့် အပြစ်ရှိလျှင် ထိုပြစ်မှုနှင့် သက်ဆိုင်သည့်ပြစ်ဒဏ်သည် အဆိုပါအချိန်ကာလ

သို့မဟုတ် အဆိုပါ အချိန်ကာလ၏ အပိုင်းအခြားတစ်ရပ်ရှိ နေ့ရက် အရေအတွက်နှင့် ပြစ်ဒဏ် ပမာဏ (၁)ခု၏ တစ်ဝက်ဖြင့် မြှောက်၍ ရရှိသော ပမာဏကို ဒဏ်ငွေအဖြစ် သတ်မှတ်ရမည်။

**ခုခံချေပခြင်း နှင့် သက်သာခွင့်**

**၄၆၁။ ဒါရိုက်တာ သို့မဟုတ် အရာရှိက ခုခံချေပခြင်း**

(က) ပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအတိုင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ကုမ္ပဏီ၏ ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့်တာဝန် သို့မဟုတ် ၎င်းတို့က ဆောင်ရွက်ရမည့်တာဝန် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထားသော ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်သည် -

(၁) ဘုတ်အဖွဲ့က ဆောင်ရွက်ရမည့်တာဝန်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဘုတ်အဖွဲ့သည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန် အတွက် သင့်လျော်သည့်ကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၂) ဘုတ်အဖွဲ့က ဆောင်ရွက်ရ မည့်တာဝန်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဘုတ်အဖွဲ့က ဤဥပဒေအရ သတ်မှတ် ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် သင့်လျော်သည့်ကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၃) ဒါရိုက်တာ သို့မဟုတ် အရာရှိက ဆောင်ရွက်ရမည့် တာဝန်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ သတ်မှတ် ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ်များ အားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၄) ဤကိစ္စရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ သတ်မှတ် ချက်များကို ၎င်းတို့ကိုယ်တိုင်း ဖြစ်စေ၊ ဘုတ်အဖွဲ့ကဖြစ်စေ လိုက်နာ ဆောင်ရွက်ရန် အတွက် သင့်လျော်သည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း။

(ခ) ပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအတိုင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ကုမ္ပဏီက ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုတစ်ရပ်ဖြင့် စွဲချက်တင်ထား သော ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်သည် -

(၁) ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန် အတွက် သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အရာရှိက ကုမ္ပဏီသည် ဤဥပဒေအရ သတ်မှတ်ချက် များကို လိုက်နာ ဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ်များ အားလုံး ကို ဆောင်ရွက်ထားကြောင်း၊ သို့မဟုတ်

(၃) ဤကိစ္စရပ်တွင် ဒါရိုက်တာ သို့မဟုတ် အရာရှိက ကုမ္ပဏီသည် ဤဥပဒေအရ

သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန်အတွက် သင့်လျော်သည့် ကိစ္စရပ် များကို ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း။

**၄၆၂။ ဆန့်ကျင်ဆောင်ရွက်ကြောင်း မြွက်ဟကြေညာပြီးနောက် တာဝန်ရှိမှုများမှ ကင်းလွတ်ခွင့် ပြုခြင်း**

(က) ပုဒ်မ ၄၃၆ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဤအပိုင်းအရ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုစစ်ဆေးမှုများအား ဆောင်ရွက်ခြင်းနှင့် တရားစွဲဆို စစ်ဆေးရာတွင် ထိုသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် ကိုဖြစ်စေ၊ သတ်မှတ် ဖော်ပြထား သည့် အခြားစည်းကမ်းချက်ကို ဖြစ်စေ ဆန့်ကျင် ဆောင်ရွက်ကြောင်း သို့မဟုတ် ဆန့်ကျင် ဆောင်ရွက်နိုင်ကြောင်း တရားရုံးက တွေ့ရှိသော်လည်း အောက်ပါကိစ္စရပ်များ ဖြစ်ပါက-

(၁) ထိုသူသည် သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့လျှင်၊ ၎င်းပြင်

(၂) ထိုသူက ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ အပါအဝင် အမှုတွင် ပါရှိသည့် အကြောင်း အရာ အားလုံးတို့တွင် ထိုသူသည် ဆန့်ကျင် ဆောင်ရွက် ခြင်းအတွက် ကင်းလွတ်ခွင့် ပြုသင့်ကြောင်း တွေ့ရှိခဲ့လျှင်

တရားရုံးသည် ဆန့်ကျင်ဆောင်ရွက်မှုအတွက် ထိုသူနှင့် သက်ဆိုင်မည့် သို့မဟုတ် အခြားနည်း တာဝန်ရှိနိုင်မည့် တာဝန်ရှိမှု တစ်ရပ်လုံးကိုဖြစ်စေ၊ ယင်း၏ တစ်စိတ် တစ်ဒေသကို ဖြစ်စေ ထိုသူအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) တစ်ဦးတစ်ယောက်ကဤဥပဒေပါပြဋ္ဌာန်းချက်များအား ဆန့်ကျင် ဆောင်ရွက်မှုနှင့် စပ်လျဉ်း ၍ ဤအပိုင်းပါပြဋ္ဌာန်းချက်များအရ တရားစွဲဆို ဆောင်ရွက်မှုများကို ပြုလုပ်မည်ဟု ထင်မြင် လျှင်ထိုသူသည် သက်သာခွင့်ရရှိရေးအတွက် တရားရုံးသို့ တင်ပြ လျှောက်ထား နိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ တင်ပြလျှောက်ထားလာလျှင်၊ တရားရုံးသည် တရားစွဲဆို ဆောင် ရွက်မှုကို ပြုလုပ်သကဲ့သို့ ဤပုဒ်မ၏ ပုဒ်မခွဲ (က)အရ သက်သာခွင့်ကို ပေးအပ် နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်သာခွင့် ပေးအပ်နိုင်သည့် တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေရ။

## အပိုင်း(၈)

## အထွေထွေ

### အခန်း(၃၁) အထွေထွေ ပြဋ္ဌာန်းချက်များ

**၄၆၃။ စည်းမျဉ်းများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာ**

(က) ဤဥပဒေအရဖြစ်စေ၊ အခြားသော သက်ဆိုင်ရာဥပဒေအရဖြစ်စေ ရရှိထားသည့် အခွင့်အာဏာ သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ -

(၁) ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြု ဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင် စေရန်အတွက် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ၎င်းအပြင်

(၂) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြု ဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်သော အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားများနှင့် ပုံစံများကို ထုတ်ပြန်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ပြုလုပ်သည့် စည်းမျဉ်း၊ နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက်အားလုံးကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည် ဖြစ်ပြီး ထိုသို့ ဖော်ပြပြီးသည့်အခါ ဤဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းပြီးဖြစ်သကဲ့သို့ အကျိုးသက်ရောက် စေရမည်။

**၄၆၄။ အထူးတရားရုံးများ၊ ခုံရုံးများ နှင့် ကော်မရှင်များ ဖွဲ့စည်းတည်ထောင်နိုင်သည့် အခွင့်အာဏာ**

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင် အထည်ဖော် စီမံဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေမည့် ခုံရုံးများ သို့မဟုတ် ကော်မရှင် များကို ဖွဲ့စည်း တည်ထောင်နိုင်ရန်အလို့ငှာ လိုအပ်သော စည်းမျဉ်းဥပဒေများ၊ နည်းဥပဒေ များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ အဆိုပါ စည်းမျဉ်းဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့် ကြော်ငြာစာများ၊ ညွှန်ကြား ချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိစေရ။ သို့ရာတွင် အောက်ပါတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်း ဖော်ပြနိုင်သည် -

(၁) ခုံရုံး သို့မဟုတ် ကော်မရှင်တို့က ထုတ်ပြန်နိုင်သော အမိန့်များ အပါအဝင် ခုံရုံး သို့မဟုတ် ကော်မရှင်တို့၏ အခွင့်အာဏာများ၊ တာဝန်များ၊ လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများ။ အဆိုပါဆောင်ရွက်မှုများသည် ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ တရားရုံးသို့ အပ်နှင်းထားသည့် အခွင့် အာဏာများ၊ တာဝန်များနှင့် လုပ်ငန်းများထက် ကျော်လွန်ခြင်း မရှိစေရ၊

(၂) ခုံရုံး သို့မဟုတ် ကော်မရှင်၏ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း ဆုံးဖြတ် ဆောင်ရွက်နိုင်သည့် အထွေထွေ သို့မဟုတ် အထူးကိစ္စရပ်များနှင့် ခုံရုံး သို့မဟုတ် ကော်မရှင်၏ ဆုံးဖြတ်ချက်များကို ပြင်ဆင်မှု သို့မဟုတ် အယူခံမှုများ တင်သွင်း

ဆောင်ရွက်ခြင်း အတွက် လုပ်ငန်းစဉ်များ၊

(၃) ခုံရုံး သို့မဟုတ် ကော်မရှင် အဖွဲ့ဝင်များ၏ အရေအတွက်နှင့် ၎င်းတို့၏ အရည်အချင်း သတ်မှတ်ချက်များ၊

(၄) ခုံရုံး သို့မဟုတ် ကော်မရှင် အဖွဲ့ဝင်များကို ခန့်အပ်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း နှင့် ၎င်းတို့၏ လစ်လပ်သောနေရာများကို အစားထိုး ခန့်ထားခြင်းများ နှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊

(၅) ခုံရုံး သို့မဟုတ် ကော်မရှင်၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းများနှင့် စပ်လျဉ်းသည့် အလုပ်ခန့်အပ်မှုဆိုင်ရာ စည်းကမ်းချက်များ၊

(၆) ယာယီ ဖွဲ့စည်းတည်ထောင်သော သို့မဟုတ် အမြဲတမ်း ဖွဲ့စည်း တည်ထောင်သော သို့မဟုတ် အထူးကိစ္စရပ်အတွက် ဖွဲ့စည်းတည်ထောင်သော ခုံရုံး သို့မဟုတ် ကော်မရှင်များ အပါအဝင် ခုံရုံး သို့မဟုတ် ကော်မရှင်၏ သက်တမ်း နှင့်

(၇) ခုံရုံး သို့မဟုတ် ကော်မရှင်၏ ဘဏ္ဍာငွေကိစ္စ နှင့် ခုံရုံး သို့မဟုတ် ကော်မရှင်က အခကြေးငွေ၊ ဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်များကို သတ်မှတ်ခြင်းနှင့် အခကြေးငွေ များ ကို ကောက်ခံခြင်းများအတွက် ဆောင်ရွက်နိုင်မှုများ။

(ခ) သက်ဆိုင်ရာဥပဒေများနှင့်အညီ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်အား ရယူပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပူးပေါင်း ဆောင်ရွက်၍ ဤဥပဒေအား အကောင်အထည်ဖော် စီမံဆောင်ရွက်ရန် အထောက်အကူ ဖြစ်စေမည့် အထူးတရားရုံး တစ်ရုံးရုံးကို တည်ထောင်နိုင်ရေးအတွက် အဆိုပြုတင်ပြနိုင်သည်။

## အခန်း (၃၂) အကျိုးသက်ရောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ နှင့် ကူးပြောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

### ၄၆၅။ ယခင်ဥပဒေနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ

(က) ယခင်ဥပဒေနှင့် ယင်းဥပဒေတွင် ပါဝင်သော နောက်ဆက်တွဲဇယားများသည် ဤဥပဒေစတင် အာဏာတည်သည့်နေ့တွင် ပယ်ဖျက်ပြီး ဖြစ်စေရမည်။

(ခ) ယခင်ဥပဒေအား ပယ်ဖျက်ပြီးနောက်ပိုင်းတွင် ထိုဥပဒေအရ ဆောင်ရွက်ပြီးသည့်ကိစ္စ ရပ်များ သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များသည် ဤအခန်းနှင့်အညီ လည်းကောင်း၊ ယင်း၏ ထပ်မံ ပြဋ္ဌာန်းချက်များအရလည်းကောင်း ဤဥပဒေအရ ဆောင်ရွက်ပြီး သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များ ဖြစ်သည်ဟု သတ်မှတ်ရမည်။

### ၄၆၆။ ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် တရားစွဲဆိုဆောင်ရွက်ခြင်းအား ဆိုင်းငံ့ထားခြင်း၏ အကျိုး သက်ရောက်မှု

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေ စတင် အာဏာတည်သည့် နေ့ရက်မတိုင်မီက စတင်ပြုလုပ်နေခဲ့သည့် ကုမ္ပဏီဖျက်သိမ်းခြင်းကို ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုခုနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့သော်ထို ကုမ္ပဏီ အားလုံး သည် ဤဥပဒေအား ပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့ ယခင်အလားတူ ကိစ္စရပ်များအတိုင်း အလားတူ နည်းလမ်းများဖြင့် ဖျက်သိမ်းဆောင်ရွက်ရမည်။

### ၄၆၇။ စာရွက်စာတမ်းများ၏ အကျိုးသက်ရောက်မှု

ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်မတိုင်မီက ဤဥပဒေဖြင့် ပယ်ဖျက်လိုက်သည့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ ပြုလုပ်ထားသော လွှဲပြောင်းထားသည့် စာရွက်စာတမ်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများအားလုံးသည် ဤဥပဒေအား ပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့ ယခင်အတိုင်း အကျိုးသက်ရောက်စေရမည်ဖြစ်ပြီး အဆိုပါစာရွက်စာတမ်းများပါ ကိစ္စရပ်များ

အတွက် ပယ်ဖျက်လိုက်သော ဥပဒေသည် ဆက်လက်အကျိုး သက်ရောက်နေ ဘိသကဲ့သို့ မှတ်ယူရမည်။

၄၆၈။ **မှတ်ပုံတင်ထားခြင်းနှင့် စပ်လျဉ်းသည့် ယခင်က ရုံးခန်းများ၊ မှတ်ပုံတင်စာရင်းများ နှင့် မှတ်ပုံတင် အရာရှိများသည် ဆက်လက် အကျိုးသက်ရောက်ခြင်း**

(က) ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်တွင် တည်ရှိဆဲ ကုမ္ပဏီ မှတ်ပုံတင်ရုံးများသည် ဤဥပဒေအရ တည်ထောင်ထားခြင်း ဖြစ်သကဲ့သို့ ဆက်လက် ဆောင်ရွက်ရမည်။

(ခ) အဆိုပါ တည်ရှိဆဲရုံးများတွင် ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းများသည် ဤဥပဒေအရ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီများအတွက် မှတ်ပုံတင်စာရင်းများ၏ အစိတ်အပိုင်းများကဲ့သို့ အသီးသီး မှတ်ယူရမည်။

(ဂ) လက်ရှိ မှတ်ပုံတင်အရာရှိ နှင့် ထိုမှတ်ပုံတင်ရုံးများရှိ အရာရှိများသည် ဆက်လက် တာဝန် ထမ်းဆောင်ရမည်။ သို့သော်၎င်းတို့၏တာဝန်များဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီး ၏ စည်းမျဉ်းများကို လိုက်နာရမည်။

၄၆၉။ **တည်ဆဲ မှတ်ပုံတင်ထားသည့်ကုမ္ပဏီများသည် ဆက်လက်မှတ်ပုံတင်ခြင်း**

(က) ပုဒ်မ(၄၂၁)၏ ပုဒ်မခွဲ(ဃ)နှင့်အညီ ကုမ္ပဏီတစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခုသည် ယခင်ဥပဒေအရ မှတ်ပုံတင် ထားခဲ့ပြီး ထိုသို့ မှတ်ပုံတင်ထားခြင်းသည် ဤဥပဒေ စတင်အာဏာတည်သည်နှင့် တပြိုင်နက် ဆက်လက်အကျိုးသက်ရောက်နေလျှင် ထိုကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ၏ မှတ်ပုံတင်ခြင်းသည် ဤဥပဒေ၏ အပိုင်း(၂)တို့အရ သက်ဆိုင်သည့် အမျိုးအစား အလိုက်ဖြစ်သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကို မှတ်ပုံတင်ခြင်းဖြစ်သကဲ့သို့ စတင်သည့်အချိန်မှစ၍ အကျိုးသက်ရောက်စေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က)နှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် ကူးပြောင်းကာလ အတွင်း နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦးကို ဒါရိုက်တာတစ်ဦး အဖြစ် ခန့်အပ်ရမည်။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ(က)နှင့် သက်ဆိုင်သော ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ကူးပြောင်း ကာလအတွင်း အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိတစ်ဦးကို ခန့်အပ်ရမည်။

၄၇၀။ **လျှောက်ထားမှုများကို ဆက်လက်ဆောင်ရွက်ရခြင်း**

(က) ယခင်ဥပဒေအရ ပြုလုပ်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်အား မှတ်ပုံတင်ခြင်းအတွက် လျှောက်ထားမှုသည် ဤဥပဒေ စတင်အာဏာတည်သည့် နေ့အထိ ပြီးပြတ်ခြင်း မရှိသေးပါက လျှောက်ထားသူက ပြန်လည်ရုပ်သိမ်းခြင်း မပြုလျှင် ဤဥပဒေအရ ပြုလုပ် သော လျှောက်ထားမှုတစ်ရပ်အဖြစ် သတ်မှတ်ရမည်။

(ခ) ဤဥပဒေအရ လျှောက်ထားမှုနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီ ပြည့်စုံ စေရန်အတွက် ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ရည်ညွှန်းဖော်ပြထားသော လျှောက်လွှာ တင်ခြင်းကို ပြင်ဆင်ရန်အတွက် လျှောက်ထားသူက တောင်းခံတင်ပြ နိုင်သည် သို့မဟုတ် မှတ်ပုံတင်အရာရှိက ဆောင်ရွက်စေနိုင်သည်။

၄၇၁။ **တည်ဆဲ စည်းမျဉ်းများအချို့ကို ပယ်ဖျက်ခြင်းနှင့် အခြားသော စည်းမျဉ်းများ ဆက်လက် အကျိုး သက်ရောက်ခြင်း**

(က) ဤဥပဒေ စတင်အာဏာတည်သည့်အခါတွင် ၁၉၄၀ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ နည်းဥပဒေ ၈ မှ ၃၀ အားလုံးအပါအဝင် နှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၏ နောက်ဆက်တွဲပုံစံများမှပုံစံ၁မှ၉ အားလုံးအပါအဝင် တို့သည်ပျက်ပြယ်စေရမည်။

(ခ) ၁၉၅၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ စည်းမျဉ်းသည် ဤဥပဒေစတင်အာဏာတည်သည့် နေ့တွင် ပျက်ပြယ်ပြီး ဖြစ်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များမှအပ လိုက်နာလျက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တူညီပြီး ဤဥပဒေ စတင်အာဏာတည်သည့် နေ့မတိုင်မီ နေ့ရက်အထိ အာဏာသက်ဝင်၍ အသုံးပြုလျက်ရှိသော ယခင်ဥပဒေပါ တူညီသော ပြဋ္ဌာန်းချက်များအတွက် ပြုလုပ်ထားသော စည်းမျဉ်းများသည် သက်ဆိုင်သမျှ ဤဥပဒေ စတင်အာဏာ တည်သည့်နောက်ပိုင်း လိုအပ်သော ပြင်ဆင်ချက်များ နှင့်အတူ အောက်ပါအတိုင်း ဆက်လက် အကျိုး သက်ရောက်စေရမည်-

(၁) ထိုစည်းမျဉ်းများသည် ဤဥပဒေ၏ ပုဒ်မ ၄၇၁ အရ အကျိုးသက်ရောက်သည့် စည်းမျဉ်းများ ဖြစ်သည်၊

(၂) ထိုစည်းမျဉ်းများသည် ဤဥပဒေပါ တူညီသော ပြဋ္ဌာန်းချက်များ၏ ကိစ္စရပ်များ အတွက် ပြုလုပ်ထားခြင်း ဖြစ်သည်။

**၄၇၂။ သက်ဆိုင်ရာပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ထားသည့်ကိစ္စရပ်များသည် ဆက်လက် အကျိုး သက်ရောက်ခြင်း**

ဤအခန်းပါ အခြားပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ၊ အကြောင်းကိစ္စ တစ်ရပ်ရပ်သည် -

(က) ဤဥပဒေ စတင်အာဏာတည်ခြင်း မရှိမီက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် တူညီသော ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ ကိစ္စရပ် များအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်လျှင်၊

(ခ) အဆိုပါ ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဤဥပဒေ စတင်အာဏာတည်သည့် နေ့အထိ ယခင်ဥပဒေပါ ကိစ္စရပ်များအတွက် အလို့ငှာ ဆက်လက် ဆောင်ရွက် နေလျှင်၊

ထိုအကြောင်းကိစ္စများသည် ဤဥပဒေ၏ တူညီသော ပြဋ္ဌာန်းချက်အရ သို့မဟုတ် အဆိုပါ ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဆောင်ရွက်ပြီး ဖြစ်သကဲ့သို့ ဤဥပဒေ စတင်အာဏာ တည်ပြီး နောက် အကျိုးသက်ရောက်စေရမည် သို့မဟုတ် သက်ဆိုင်စေရမည်။

**၄၇၃။ ရရှိထားသော အခွင့်အရေးများကို ဆက်လက်ခံစားခွင့်ရှိခြင်း**

ဤအခန်းပါ အခြားသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ၊ ဤဥပဒေ စတင်အာဏာတည်ခြင်း မရှိမီက တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် တူညီသော တရားရုံး၏ အမိန့်အရ ရရှိသည့်ကိစ္စရပ်မှအပ ယခင်ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် အရ အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ရရှိထားလျှင် အဆိုပါ အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုသည် ဤဥပဒေပါ တူညီသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ထိုပြဋ္ဌာန်းချက် သည် အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုကို ဖြစ်ပေါ်စေသော အပြုအမူ သို့မဟုတ် အခြေအနေ များနှင့် သက်ဆိုင်သကဲ့သို့ ဆက်လက်တည်ရှိသည်ဟု မှတ်ယူရမည်။

**၄၇၄။ စာရွက်စာတမ်းများတွင် ယခင်ဥပဒေကို ရည်ညွှန်းဖော်ပြချက်များအကြောင်း**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ယခင်ဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက်

ကို သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ် နှင့် သက်ဆိုင်သည့် ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ အခြား သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း ရည်ညွှန်း ဖော်ပြချက် တစ်ရပ်ရပ်သည် ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ဤဥပဒေကို ရည်ညွှန်း ဖော်ပြ သည် သို့မဟုတ် ဤဥပဒေပါ သက်ဆိုင်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက်ကို ရည်ညွှန်းဖော်ပြသည်ဟု သတ်မှတ်ရမည်။

(ခ) ဤဥပဒေအရ ပြုလုပ်သည့် စည်းမျဉ်းများတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) သည် သတ်မှတ် ဖော်ပြထားသည့် သက်ဆိုင်ရာဥပဒေများတွင် သက်မှတ်ဖော်ပြပါရှိသည့် ရည်ညွှန်း ဖော်ပြချက် များနှင့် စပ်လျဉ်း၍ သက်ဆိုင်ခြင်း မရှိစေရဟု ဖော်ပြရမည်။

**၄၇၅။ ကူးပြောင်းခြင်းဆိုင်ရာ စည်းမျဉ်းများ ပြုလုပ်ခြင်း**

(က) ဤဥပဒေအရ ပြုလုပ်သည့် စည်းမျဉ်းများသည် ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများမှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများအဖြစ်သို့ ကူးပြောင်းခြင်းနှင့် စပ်လျဉ်းသော အကျိုးသက်ရောက်မှုများ သို့မဟုတ် ကူးပြောင်းမှု အခြေအနေဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည်။ ထိုစည်းမျဉ်းများသည် ဤအခန်းတွင် အခြားနည်း ဖော်ပြထားစေကာမူ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ထိုစည်းမျဉ်းများသည် အောက်ပါနည်းလမ်းတစ်ရပ်ရပ်တွင် အားလုံးဖြစ်စေ၊ တစ်စိတ် တစ်ဒေသ ဖြစ်စေ သက်ဆိုင်သည့်အကြောင်းကိစ္စအတွက် ဖော်ပြနိုင်သည် -

(၁) ထိုအကြောင်းကိစ္စအပေါ် ပြင်ဆင်ချက်ဖြင့်ဖြစ်စေ၊ ပြင်ဆင်ချက် မပြု၍ ဖြစ်စေ အောက်ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်-

(ကက) ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်အထိ သို့မဟုတ် စောရာ အချိန်ကာလ တစ်ရပ်အထိ အကျိုးသက်ရောက်မှုရှိသည့် ယခင် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ်

(ခခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ်

(ဂဂ) အပိုဒ်ခွဲငယ် (ကက) နှင့် (ခခ) တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို ပေါင်းစပ်၍ လည်းကောင်း၊

(၂) ထိုအကြောင်းကိစ္စနှင့် သက်ဆိုင်သော အခြားနည်းဖြင့် သတ်မှတ်ထားသည့် နည်းဥပဒေ များအရလည်းကောင်း၊

(၃) ဤဥပဒေပါ ကိစ္စရပ်များအတွက် ထိုအကြောင်းကိစ္စနှင့် အကျိုးဆက်များ သို့မဟုတ် ထိုအကြောင်းကိစ္စ၏ ရလဒ်ကို သတ်မှတ်ဖော်ပြခြင်းဖြင့် လည်းကောင်း။

(ဂ) စည်းမျဉ်းများတွင် ဤအခန်းပါ အချို့သော ပြဋ္ဌာန်းချက်များသည် စည်းမျဉ်းများတွင် ဖော်ပြထားသည့်အတိုင်း ပြင်ဆင် သတ်မှတ်ကြောင်း ဖော်ပြနိုင်သည်။ အဆိုပါ ပြဋ္ဌာန်းချက်များသည် ထိုသို့ ပြင်ဆင်ထားသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**၄၇၆။ ၁၉၅၀ပြည့်နှစ်၊အထူးကုမ္ပဏီအက်ဥပဒေကိုပယ်ဖျက်ခြင်း**

(က) ဤဥပဒေစတင်အာဏာတည်သည့်နေ့တွင် ၁၉၅၀ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေ နှင့် ယင်းဥပဒေအရ ပြုလုပ်ခဲ့သည့် အမိန့်ကြော်ငြာစာများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ထပ်ဆင့် စာရွက်စာတမ်းများအားလုံးသည်ပျက်ပြယ်ပြီးဖြစ်စေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် ၁၉၅၀ပြည့်နှစ်၊ အထူးကုမ္ပဏီအက် ဥပဒေအရ "အထူးကုမ္ပဏီ"အဖြစ် တည်ထောင်ထားသည့် ကော်ပိုရေးရှင်းတစ်ရပ်ရပ်၏ တည်ရှိမှုကို ထိခိုက်စေခြင်းမရှိစေရ။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် ၁၉၅၀ပြည့်နှစ်၊ အထူးကုမ္ပဏီအက် ဥပဒေအရ တည်ထောင်ထားသည့် ကော်ပိုရေးရှင်းအား ဤဥပဒေအရ မှတ်ပုံတင်နိုင်ကြောင်း ဖော်ပြပါရှိသည့် ဤဥပဒေ၏ အခန်း(၉)ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်း မရှိစေရ။

၄၇၇။ **စီမံအုပ်ချုပ်သောကိုယ်စားလှယ်ဖြင့်လုပ်ကိုင်ဆောင်ရွက်မှုအားရပ်စဲခြင်း**

(က) ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ကုမ္ပဏီတစ်ခုသည် စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ကို ထပ်မံခန့်အပ်ခြင်းမပြုရ။ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ခန့်အပ်မည့် အစီအစဉ်တစ်ရပ်ရပ်သည် ဤဥပဒေ စတင် အာဏာတည်သည့်နေ့တွင် ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည့်အပြင် အဆိုပါ စီမံအုပ်ချုပ်သော ကိုယ်စားလှယ်ကိုထိုနေ့မှစ၍ ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦး အဖြစ် မှတ်ယူရမည်။

(ခ) ဤဥပဒေ စတင်အာဏာတည်သည့်အချိန်တွင် စီမံအုပ်ချုပ်သော ကိုယ်စားလှယ် တစ်ဦးရှိသည့် ကုမ္ပဏီတစ်ခုခု သို့မဟုတ် အဆိုပါစီမံအုပ်ချုပ်သော ကိုယ်စားလှယ် တစ်ဦးဦးသည် ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြ၍ စီမံအုပ်ချုပ်သော ကိုယ်စားလှယ် ဖြင့် ဆောင်ရွက်မှုကို ကူးပြောင်းကာလ ကုန်ဆုံးသည်အထိ ဆက်လက် ဆောင်ရွက် ခွင့်ပြုရန် ဤပုဒ်မ၏ ပုဒ်မခွဲ(က)မှ ယာယီ ကင်းလွတ်ခွင့် အတွက် လျှောက်ထား နိုင်သည်။ လျှောက်ထားမှုကို ဤဥပဒေစတင်အာဏာ တည်သည့်နေ့မှ (၂၈)ရက် အတွင်း ပြုလုပ်ရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ လျှောက်ထားလာသည့်အခါ ပြည်ထောင်စုဝန်ကြီးသည် ၎င်းသင့်သည်ထင်မြင်သည့်အတိုင်း ကုမ္ပဏီ၏ အကောင်းဆုံးအကျိုးခံစားခွင့်အတွက် ထိုသို့ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ မည်သည့်စီမံ အုပ်ချုပ်သော ကိုယ်စားလှယ်ကိုမျှ လျော်ကြေးပေးခြင်းမရှိစေရ။ သို့ရာတွင် ဤဥပဒေ စတင် အာဏာ တည်သည့်နေ့တွင် စီမံအုပ်ချုပ်သော ကိုယ်စားလှယ်သို့ ပေးရန် ကျန်ရှိသည့် ငွေကြေးများကိုဆက်လက်ပေးချေစေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်